www.burmeseclassic.com

# ငြိမ်းကျော်

## ခုတော့လည်းသုစိမ်းတွေလိုပါပဲလား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိုးလိုင် လာတော့မည် မထင်၍ အိမ်ပေါ်သို့ တက်လိုက်သည်။ စားပွဲအောက်ရှိ တင့်ကားနှင့် ဂျစ်ကားကို ဆွဲထုတ်လိုက်၏။ တင့်ကား သံပတ်ကို ပေးကြည့်သည်။ တထပ်ထပ်သာမြည်၏။ သံပတ်က တင်းမလာ။ လှူပ်ခါကြည့်သောအခါ သံပတ်စ ရိုက် ခတ်သံ ကြားရ၏။ ကောင်းလာစရာ မျှော်လင့်ချက် မရှိတော့ သဖြင့် စိတ်ပျက်သွား၏။ ဂျစ်ကား၏ နောက်ဘီးတစ်ဖက်က ပြုတ်ထွက်ချင်နေသည်။

'သား....အိမ်ပေါ် ပြန်ရောက်နေတာကိုး၊ မင်းသူငယ်ချင်း မလာဘူးလား'

အမေ့ကို မော့ကြည့်သည်။ ခေါင်းညိတ်ပြပြီး ကစားစရာ တွေကို စားပွဲအောက်သို့ ပြန်သွင်း၏။ တင်ပျဉ်ခွေ ထိုင်ရာမှ ထကာ အမေ့ လက်ဖဝါးကို လှမ်းဆွဲသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ထမင်းဆာပြီလား’

‘ဟင့်အင်း...မဆာသေးပါဘူး’

အမေက ပြုံး၍ ပြောလေသည်။

‘ဘယ်ဆာဦးမှာလဲ၊ မုန့်ဟင်းခါးတွေ စားထားတာကိုး’

သိပ်စားကောင်းတာပဲ၊ အမေ ထပ်ချက်ပါဦးဟု သူပြောမည်အပြုတွင် အမေက....

‘ဟော...ဟိုမှာ မင်းသူငယ်ချင်း လှိုင်လှိုင်’

ခြံဝသို့သူလှမ်းကြည့်သည်၊ သံဖြူခြင်းတောင်းကိုတံတောင်ဖြင့် ချိတ်၍ဖြည်းဖြည်းလျှောက်ကာ ဝင်လာသူမိလှိုင်ကိုမြင်၏၊

‘မိလှိုင်ဖို့ မုန့်ဟင်းခါးရှိသေးတယ် မဟုတ်လား အမေ’

အမေသည် ခေါင်းခါပြ၏။ နှုတ်ခမ်းက ပြုံးစေ့စေ့နှင့်ရှိသည်၊

‘မိလှိုင်ဖို့ ချန်ထားတယ်လို့ အမေပဲပြောပြီး’

အမေက ခပ်တိုးတိုးရယ်၏။ ထို့နောက်....

‘ဘယ်သူက ပြောလို့တုံး’

မော့ကြည့်သောအခါ အမေ့မျက်နှာသည် ပြုံးလက်စနှင့်ပင်။

‘အမေပဲ ပြောပြီးတော့၊ ရှိသေးတယ် မဟုတ်လား၊ သား မိလှိုင်ကို သွားခေါ်လိုက်မယ်’

အမေ့လက်ကို လွှတ်မည်ပြင်သည်။ အမေက သူ့လက်ကို ဆွဲထား၏။ သူရုန်း၏၊ အမေက ပွေ့ယူကာ ချီထားသည်။ အိမ်ရှေ့သို့ သူကြည့်သည်။ မိလှိုင်သည် ကစားနေကျ နွယ်ပင်သစ်ပင်တွေရှိရာ ခြံထောင့်သို့ ရောက်နေ၏။ သံဖြူခြင်းတောင်းကိုသစ်ကိုင်းတွင် ချိတ်ပြီး ကုန်းမှုထက်သို့ တက်၏။ နွယ်ကြိုး ကျနေရာသို့ မျက်နှာမူ၏။ အနီးသို့ရောက်သော် နောက်ပြန်လှည့်ကာ



ကပ်၏။ တင်ပါးနှင့် နွယ်နှင့် ထိသောအခါ လက်နှစ်ဖက်မြှောက်ကာ နွယ်ကို ကိုင်၏။ ထို့နောက် ခြေဖျားထောက်ပြီး ထိုင်သည်။ နေရာတကျ ပြင်၍ထိုင်သည်။ တစ်ချက် နှစ်ချက် လွှဲပြီးသောအခါတွင် မိလှိုင့်မျက်နှာသည် အိမ်ဘက်သို့ လှည့်လာ၏။

သူ့ကိုမြင်၍ ပြုံးပြသည်၊ အမေက သူ့ကိုချီကာ ဝရန်တာဘက်သို့ ထွက်၏။ မိလှိုင်ကို အမေ လှမ်းပြော၏၊

‘သမီးရေ...အိမ်ပေါ်ကို လာဦး’

အမေ ချီထားရာမှ လျှောဆင်းရင်းနှင့် သူ လှမ်းပြောလေသည်၊

‘အမေ မုန့်ဟင်းခါးတွေချက်ထားတယ်၊ အများကြီးပဲ’

ခြေဖဝါးနှင့် ကြမ်းတို့ထိသောအချိန်တွင် မိလှိုင်က နွယ်ပေါ်၌ပင် ရှိသေး၏၊ သူက ဝရန်တာ သစ်သားကွက်တွေကို တစ်ဆင့်တစ်ဆင့် နင်းကာ တက်၏။ ဝရန်တာဘောင်တွင် ချိုင်းညှပ်ထားသည်တွင် အမေက သူ့ပခုံးကို ထိန်းကိုင်လိုက်၏။

‘မိလှိုင်....ဆင်းခဲ့လေ၊ လာလေ....မုန့်ဟင်းခါးတွေ နင့်ဖို့ ချန်ထားတယ်’

ဒန်းနွယ်ကို ဆက်မလွှဲတော့သော်လည်း မိလှိုင့် ဖိနပ်နှင့် ခြေကြီးတို့ ကွာမြဲ ကွာလျက်ရှိ၏၊ သူတို့ သားအမိကို ပြုံး၍သာ ကြည့်နေ၏။ သူ ထပ်ခေါ်သည်၊

‘လာလေဟာ....နင်ကလဲ၊ ဘာလဲ.... နင် မုန့်ဟင်းခါး မကြိုက်ဘူးလား’

မိလှိုင် မဖြေ။ အမေ့ကို သူ မော့ကြည့်၏။ အမေက....

‘ရအောင်ခေါ်လေ’

www.burmeseclassic.com

www.burmeseclassic.com


မိလှိုင်က မျက်မှောင်ချီ၍ သူ့ကိုကြည့်သည်။ သူက တမာပင် တစ်ဖက်ကိုင်းကို ဖက်ထားရင်း ငုံ့ကြည့်နေ၏။

'နင်တာ သိပ်အငြင်းသန်တာပဲ'

'ငါ ငြင်းတာမှ မဟုတ်တာ'

'မြင့်တာကို မမြင့်ဘူးလို့ ပြောတာ ငြင်းတာပေါ့'

'သိပ်မမြင့်လို့ မမြင့်ဘူးလို့ ငါပြောတာပါ'

'အဲဒါ ငြင်းတာ မဟုတ်ဘူးလား'

'ဟင့်အင်း'

'ဒါဖြင့် ဘာလဲ၊ နင်ပြောစမ်းပါဦး'

'သိပ်မမြင့်လို့ မမြင့်ဘူးလို့ ပြောတာပေါ့'

'ကဲ...အဲဒါ ငြင်းတာမဟုတ်လို့ ဘာလဲ'

'ငါ ပြောတာ နင်မသိဘူး မိလှိုင်'

'ငါပြောတာကျတော့ကော နင်လဲ မသိပါဘူး'

ဇော်လတ် ရယ်လေသည်။ ရယ်ရင်းနှင့် အောက်သို့ တစ်လှမ်း ဆင်းသည်။ နွယ်တန်းပေါ်တွင် ထိုင်သည်။

'ဒီမှာ လာထိုင်ပါလား'

မိလှိုင် မေးငေါ့၍ပြသော နေရာမှာ အောက်ဆုံးသစ်ကိုင်း အဆင့်။ သူထိုင်နေရာနှင့် မျက်နှာချင်းဆိုင် လက်တစ်ကမ်း အကွာတွင် လာ၍ထိုင်ရန်ခေါ်သော မိလှိုင်ကို သူကြည့်သည်။

'သိပ်နိမ့်တယ်ဟ၊ ဒီပေါ်မှာလောက် လေမတိုက်ဘူး'

မိလှိုင်က မျက်လွှာလှန်၍ ကြည့်သည်၊ ထို့နောက်....

'တိုက်ပါတယ် ဒီမှာလဲ၊ ကြည့်ပါလား၊ လေတိုက်လို့ ငါ့ဘေးက သစ်ရွက်တွေ လှုပ်နေတာပေါ့'

ဇော်လတ်က နှာခေါင်းရှုံ့ပြ၏။

'ဟင်း....နည်းနည်းလေး'

'မနည်းပါဘူး၊ လှုပ်နေတဲ့ အရွက်တွေ အများကြီး'

'ဒီပေါ်မှာက အေးနေတာပဲ'

'ဒီမှာလဲ အေးနေတာပဲဟာ'

'ငါ ချွေးထွက်တယ်'

'နင်က တက်လိုက်ဆင်းလိုက် လုပ်နေတာကိုး၊ မျောက်ကျနေတာပဲ'

ဇော်လတ်က နွယ်မှတစ်ဆင့် လျှောလာသည်။ မိလှိုင် ပြရာ နွယ်ပေါ်သို့ လှမ်း၍ ဆင်း၏။ အခြေတကျ ထိုင်မိပြီးမှ....

'နင် မျောက်ကို တွေ့ဖူးလား'

မိလှိုင် ခေါင်းညိတ်သည်။

'တိရစ္ဆာန်ရုံမှာလား'

ဇော်လတ်အမေးကို အင်းဟု ဖြေ၏။

'ငါ သွားချင်တယ်'

'နင် မရောက်ဖူးဘူးလား'

'ရောက်ဖူးတာပေါ့ မိလှိုင်ရ၊ ငါ နှစ်ခါရောက်ဖူးတယ်၊ နင်ကော'

'ငါ သုံးခါရောက်ဖူးတယ်၊ တစ်ခါက နင့်ရယ် နင့်အဖေရယ် အမေရယ် ငါရယ် ငါ့တို့အဖေနဲ့အမေရယ် ပါတယ်လေ'

'ငါ မှတ်မိပါတယ်၊ နောက်ထပ်သွားရအောင်၊ နင်တို့ အမေကို ပြောလေ၊ ငါလဲ အမေ့ကို ပြောမယ်'

မိလှိုင်က ခေါင်းညိတ်သော်လည်း....

'ငါ့အဖေက အလုပ်က ပြန်မလာသေးဘူး၊ နောက်တစ်လ နေမှ လာမယ်တဲ့'

ဇော်လတ်က စိတ်ကူးပျက်သွားဟန်နှင့် ခဏမျှ ငွေ့လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

'ပြန်လာရင် ပြောပေါ့'

'အင်း....နင်က အရင်ပြောထားဦးနော်'

ဇော်လတ် ခေါင်းညိတ်သည်။ ထို့နောက် ထိုင်ရာမှထကာ အပေါ်သို့ တက်၏။ ခွဆုံထက်ရှိ နွယ်ခွေတွေပေါ်သို့ တွယ်၍ တက်သည်။ ခြေနှစ်ဖက်ချကာ ထိုင်သည်။ သစ်ကိုင်းတွင် ခြေနှစ်ဖက် တင်၏။ နွယ်နှစ်ချောင်းကို လှမ်းဆွဲကာ "ဘုရားကို.... ဘုရားကို လိုက်မလား၊ ဘုရားကို....ဘုရားကို' ဟု အော်၏။ ကိုယ်ကိုလှုပ်ရှားကာ နွယ်အုံကို လှုပ်ရှားစေ၏။ အခက်အလက်ပင်နွယ်တို့ ရှိုက်ခတ်သံတွေ မြည်လာ၏။ နောက်တစ်ခါ အော်ခေါ်၏။ မြင်းလှည်းမောင်းဟန် ပြုသည်။ မြင်းခေါက်သံ ပြုသည်။ ခေါင်းလောင်းမြည်သံအတိုင်း အသံပြု၏။ ကျာပွတ်အရှင်းနှင့် ဘီးတကူရင်း ခတ်သံ ပြု၏။ မြင်းခွာသံကို စိပ်လိုက်ကဲ့လိုက် မြည်သံပြု၏။ ထို့နောက်မြင်းဇက်ကြိုးဆွဲဟန်အတိုင်း နွယ်ကိုဆွဲ၏။ ထို့နောက် မိလှိုင်ကို လှည့်ကြည့်သည်။ မိလှိုင်သည် သူ့ကို ကြည့်နေသည်။

'မိလှိုင်....လာလေဟာ၊ ဘုရားကို ရောက်မယ်၊ တိရစ္ဆာန်ရုံကိုလဲ ရောက်မယ်၊ ဗာန်တော်ကြီးလဲ ရောက်မယ်'

မိလှိုင်က....

'ဟင့်အင်း....ငါ....အဲဒီကို မသွားချင်ဘူး'

သမင်လည်ပြန် ကြည့်ရင်းနှင့်ပင် သူ မေး၏။

'ဘယ်သွားမလဲ၊ ငါ လိုက်ပို့မယ်'

'ငါ့အမေဆီကို သွားမယ်'

'ပြောလေဟာ....ငါလိုက်ပို့မယ်၊ ရန်ကုန်လား'

'ဟင့်အင်း....မန္တလေး'

'ငါလိုက်ပို့မယ်၊ မြန်မြန်လာဟာ၊ ငါ့မြင်းက ဒုန်းစိုင်းချင်ပြီ'



မိလှိုင်က တရုတ်စံကားပင်မှ တမာပင်ကိုင်းဆီသို့ ကူး၏။ နွယ်တွေကြားမှ ခပ်ဖြည်းဖြည်း ကူးသွား၏။ ဇော်လတ်၏ နောက်တွင် ထိုင်သည်။

'မန္တလေးကို ဘယ်လောက်လဲ'

'ငါးမူး'

'များတယ်'

'ဘုရားကို တစ်မတ်ဟာ၊ မန္တလေးက ဘုရားဟိုဘက် ဝေးတယ်၊ ငါးမူး မများပါဘူး'

မိလှိုင်က ပိုက်ဆံပေးဟန် ပြု၏။ သူ ယူဟန် ပြု၏။ သစ်ကိုင်း သစ်ရွက် မြည်ခတ်သံတွေ ကြား၏။

*

(၄)

လက်သုတ်ပဝါကို မိလှိုင့်မေမေ့ထံ ပြန်ပေးလိုက်သည်။ လက်ဆေးပြီးစ မိလှိုင်အား ထိုလက်သုတ်ပဝါကို လှမ်းပေးရင်း သူ့ကိုကြည့်၏။

'သား....ထမင်းစားလို့ ဝရဲ့လား'

'ဟုတ်ကဲ့'

'သား....စားလို့ကော ကောင်းရဲ့လား'

'ဟုတ်ကဲ့'

'သားက ဖလံတောင်ဝှေးကြော်ကို ကြိုက်လား'

'ဟုတ်ကဲ့'

'ပုစွန်ငါးဆုပ်ကိုကော သား သဘောကျရဲ့လား'

'ဟုတ်ကဲ့'

မိလှိုင်၏ မေမေက ရယ်လေသည်။

'သားက ဟုတ်ကဲ့ချည်းပဲ'

www.burmeseclassic.com

www.burmeseclassic.com

မိလှိုင်က လက်သုတ်ပဝါဖြင့် နှုတ်ခမ်းပါးနားသုတ်ရင်း မှာယ်၏။ ထို့နောက်....

'သမီးတို့အိမ်မှာ ထမင်းစားလို့ သူ့မေမေဆူမှာ ကြောက်နေတယ် မေမေရဲ့'

ဇော်လတ် ပြုံး၏။ အမေက သူများအိမ်မှာ ထမင်းမစားရဘူးဟု ပြောတော့ ပြောခဲ့ဖူး၏။ အမေ တားမြစ်ထားသော သူများအိမ်ဟူသည့် စာရင်းတွင် မိလှိုင်တို့အိမ်မပါဟု အောက်မေ့၏။ မိလှိုင်တို့အိမ်တွင် တစ်ခါနှစ်ခါ ထမင်းစားခဲ့စဉ်က အမေ မဆူခဲ့။ သို့သော် ခဏ ခဏတော့ မစားရဘူး၊ သား မဆာလို့မပါ၊ သား စားပြီးလို့ပါလို့ ပြောရမယ်ဟု အမေ စည်းကမ်းပေး၏။ အမေ့ စကားကို မိလှိုင်နှင့် ကစားရင်း မြန်မြန်ပြောပြခဲ့သည်။ နင် ငါတို့အိမ်မှာ မစားရင် ငါလဲ နင်တို့အိမ်မှာ ဘာမှမစားဘူးဟု မိလှိုင်ပြောသည်။ ထိုအခါ ဘာဆိုင်လဲ၊ နင်လဲ စားနေကျ စားပေါ့၊ ငါလဲ နင်တို့အိမ်မှာ စားမယ်၊အမေ ပြောတာက လမ်းထိပ်က ခင်အေးတို့ အစိုးတို့ အိမ်တွေမှာ မစားရဘူးလို့ ပြောတာ၊သူတို့က တစိမ်းတွေတဲ့၊ ဘာမှ မတော်ဘူးတဲ့၊ နင့်မေမေနဲ့ ငါ့မေမေက သူငယ်ချင်း တော်တယ်တဲ့၊ နင်တို့အိမ်မှာ ငါစားမှာပေါ့။ အမေက နင်တို့အိမ်ဆို မဆူပါဘူးဟု ဇော်လတ် ပြောခဲ့သည်။

'ဟုတ်လား....သား၊ ဒေါ်ဒေါ်တို့ အိမ်မှာ ထမင်း စားရင် သားမေမေက ဆူလား'

သူ ခေါင်းခါသည်။

'သူများအိမ်မှာ စားရင် ဆူတာပါ'

မိလှိုင့်မေမေက ခေါင်းညိတ်သည်။



'ဟုတ်တယ်၊ သူများအိမ်မှာတော့ သား မစားနဲ့၊ မေ့ ဒေါ်နဲ့ မင်းမေမေနဲ့က သူများတွေ မဟုတ်ဘူး'

မိလှိုင့် မေမေက ပြုံး၍ကြည့်ကာ ပြောလေသည်။

***

ကျယ်ဝန်းလှစွာသော မြက်ခင်းပြင်ကို သူ လှမ်း၍ ကြည့်နေသည်။ သူ့ခြေအစုံကို တစ်ဖန် ငုံ့ကြည့်သည်။ သန့်ရှင်းသော မြက်ပင်တွေက ခြေဖမိုးကို ဖုံးနေ၏။ ခြေတစ်လှမ်းစာသို့ မျက်လုံးရွေ့ကြည့်၏။စိမ်းရင့်သော ရိုးတံတွေ အပင်တိုင်းတွင် ဝေလျက်ရှိသည်။ လေးငါးလှမ်းစာသို့ ကြည့်သည်။ မြက်ပွင့်တွေ တစ်ပြင်လုံး နှံ့နေ၏၊ ခေါင်းကို ဖြည်းဖြည်းမော့ကာ ကြည့်၏။ စိမ်းလန်းလှသော မြက်ပင်တွေ အပွင့်တွေ ရိုးတံတွေ နေရာမလပ်။ အရှေ့ဘက် ကုန်းမြင့်ထက်ရှိ သစ်ပင်တွေနှင့် တစ်ဆက်တည်း ဆက်လျက်ရှိသည်။

'နှံ့ကောင်အိမ် နင် ဆောက်တတ်သလား'

မြက်ပွင့်တံတွေ နုတ်နေသူ မိလှိုင်က မေးသည်။

'ဟင့်အင်း....ငါ့သူငယ်ချင်းတွေတော့ လုပ်တတ်တယ်'

'ငါ....တတ်တယ်'

'ပြလေ'

'မြက်ပင်ခူးတာကျတော့ [illegible]တော မကူဘဲနဲ့'

ဇော်လတ်က မိလှိုင်ရှိရာသို့ [illegible]လျှောက်လာသည်၊ မိလှိုင့် လက်ထဲရှိ မြက်ပွင့်တံတွေကို ကြည့်သည်၊ မလှမ်းမကမ်းတွင် ထိုင်ရင်း ပွင့်တံတွေကို နုတ်၏။

'နှံ့ကောင်က တကယ် လာနေလား'

မိလှိုင် ချက်ချင်းမဖြေ၊အဖြေပေးရန် ခက်သွားဟန် တူ၏။ သုံးလေးတံ နုတ်ပြီးမှ....

www.burmeseclassic.com

www.burmeseclassic.com



'တကယ် လာတာပေါ့'

ဇော်လတ်က ခေါင်းခါရင်း ပြော၏၊

'မဟုတ်ဘူး၊ နှံကောင် အိမ်ထဲမှာ နှံကောင်က တကယ် လာနေလားလို့ ငါပြောတာ'

မိလှိုင်က နှုတ်ခမ်းစုထားပြီး သူ့ကို ကြည့်၏။

'တကယ် လာနေတယ်၊ အဲဒီအိမ်ထဲမှာ သူစားဖို့ မီးသွေး ထည့်ထားရတယ်'

နုတ်နေသော ဇော်လတ်၏ လက်က ခဏ ရပ်သွားသည်၊

'နှံကောင်က မီးသွေးစားတယ်၊ ဟုတ်လား'

'ဟုတ်တယ်....နင် မသိဘူးလား'

'ဟင့်အင်း.... ငါ့သူငယ်ချင်းတွေက ကုက္ကိုရွက်တွေ ထည့် ထားရတယ်တဲ့'

'ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကုက္ကိုရွက်က ရွှေပိုးကောင် စားတာပါ'

ဇော်လတ်က ခူးပြီးသား ပွင့်တံတွေကို မိလှိုင်အား လှမ်း ပေးသည်၊ ပေးပြီးမှ....

'ငွေပိုးကောင်ကလဲ စားပါတယ်'

'အတူတူပေါ့ဟ၊ ရွှေပိုးကောင်နဲ့ ငွေပိုးကောင်'

'မတူပါဘူး၊ ရွှေပိုးကောင်က အနီရောင်၊ ငွေပိုးကောင်က အစိမ်းရောင်'

မိလှိုင်က ဇော်လတ်ကို မကြည့်၊ ဘယ်လက်ထဲရှိ ပွင့်တံ တွေကို မြက်ပင်ပေါ် ချထားရင်းနှင့်....

'ဒါ ငါ သိပါတယ်၊ ကုက္ကိုရွက်စားတာ အတူတူလို့ ပြော တာ'

'အော်....'



ဇော်လတ်က စကား တခြားစီ ဖြစ်သွား၍ ဆက်မပြော၊

***

မိုးမှုန်တွေ မကျဲတကျဲ ကျလာ၏။

မိလှိုင်က ကောင်းကင်သို့ မော့ကြည့်သည်။ မိုးမှုန်တွေက မျက်နှာပေါ်သို့ ကျလာသည်။ မြက်ပွင့်တွေကို လက်နှစ်ဖက် ဖြင့် စုကိုင်၏၊

'သွားကြရအောင်'

ဇော်လတ်က....

'နည်းနည်း ထပ်ခူးဦးမယ်'

'မိုးတွေ ရွာတော့မယ်'

'မရွာပါဘူး'

'ခုပဲ ရွာနေပြီ'

'အများကြီး ရွာမှာမှ မဟုတ်ဘဲ'

'ဟင့်အင်းဟာ....ပြန်မယ်၊ အမေ ဆူဦးမယ်'

'မြက်တွေ အများကြီး ရှိသေးတာပဲ'

'တော်ပြီ၊ နှံကောင်အိမ် လုပ်လို့ရပြီ'

ဇော်လတ်က ဒူးနှစ်ဖက်ထောက်ကာ မြက်ပွင့်တံတွေ ယူ လိုက်၏၊ မိလှိုင်က မတ်တတ်ရပ်သည်။ ဇော်လတ်က ခြေစုံ ရပ်ရင်း....

'တစ်ခုတည်းလား'

'အများကြီးပေါ့ဟ၊ ခုဟာတွေနဲ့ အများကြီး လုပ်လို့ရပြီ'

'မီးသွေးက ဘယ်ကရမလဲ မိလှိုင်'

'ငါတို့အိမ်မှာ အများကြီး ရှိတယ်'

'နှံကောင်အိမ် လုပ်တာ ငါ့ကိုလဲ ပြနော်၊ နှံတစ်ယောက် ထည်းလုပ်ရင် အကြာကြီးနေမယ်၊ ငါ ဝိုင်းကူမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင်က ခြေစလှမ်းကာ ခေါင်းညိတ်ပြသည်။

'ငါ ပြပါမယ်၊ လွယ်လွယ်လေးပါ'

မြက်ခင်းပြင်တွင် အတူ လျှောက်၍ ပြန်လာကြသည်။ ဇော်လတ်သည် နှံကောင်အိမ်ကို စိတ်ကူးကြည့်နေ၏။ အိမ်နှင့် တူမည်။ လူတွေနေသော အိမ်ကဲ့သို့ ပြတင်းပေါက်တွေ ဖောက်၍ ရလျှင် ကောင်းမည်။ တိုင်တွေတပ်၍ ရလျှင် အိမ်နှင့် ပို၍တူမည်။ လှေကားတွေ အိမ်ရှေ့တံခါးတွေရှိလျှင် လူနေအိမ်ကဲ့သို့ ကြည့်ကောင်းမည်ဟု တွေး၏။ နှံကောင်တွေက လူနေသော အိမ်မျိုးကို မနေချင်၍ သူတို့နေချင်သလို အိမ်ပြုလုပ်ပေးရခြင်း ဖြစ်မည်ဟု စဉ်းစားမိသည်။ မြက်အိမ်ထဲတွင် မီးသွေးခဲ ထည့်ပေးရသည်ကို သဘောမပေါက်။ မီးသွေးကို စဉ်းလျှင် မီးသွေးထားရာ နေရာတွင် နှံကောင်တွေကို တွေ့ရမည်။ မီးသွေးရှိရာတွင် နှံကောင်ကို တစ်ခါမျှ မတွေ့စဖူး။

'မိလှိုင်'

မိလှိုင်က ထူးလည်း မထူး။ သူ့ဘက်သို့ ကြည့်လည်း မကြည့်။ စာသင်ကျောင်းအနီးရှိ မြက်ခင်းအစပ်တွင် မြက်ခူးနေသူ မိန်းကလေးထံသို့ လှမ်းကြည့်နေ၏။

'နင် ဘာကြည့်နေတာလဲ ဟင်'

'ဟိုမှာ ခူးနေတာ ဝေမဟုတ်လား'

သူ သေသေချာချာ ကြည့်သည်။ ထို့နောက်....

'အင်း....နင်နဲ့ မခေါ်ဘူးလား'

မိလှိုင် ခေါင်းခါပြ၏။

'ငါနဲ့ သူနဲ့ သူငယ်ချင်းမှ မဖြစ်ဖူးတာ'

'ငါနဲ့လဲ မဖြစ်ဖူးပါဘူး၊ ကျောင်းမှာ သူနဲ့ ငါနဲ့ အခန်းချင်း မတူဘူး'



'ငါနဲ့လဲ တစ်ခန်းစီပါ၊ ပြီးတော့ သူက ငါနဲ့ တစ်လမ်းတည်းနေတော့ နေတာ၊ ငါ တစ်ခါ သူ့ကို ခေါ်ဖူးတယ်၊ သူက ငါ့ကို မခေါ်ဘူး၊ အပျိုကြီးကျနေတာပဲ၊ ငါလဲ မခေါ်တော့ဘူး၊ နင်နဲ့ကော ခေါ်လား'

'ဟင့်အင်း၊ သူ့မျက်နှာကြီးက တည်တည်ကြီး၊ မခေါ်ချင်ပါဘူး၊ နင့်လို မဟုတ်ဘူး၊ နင်က မျက်လုံးလဲ လှတယ်၊ နှာခေါင်းလဲ လှတယ်၊ ပါးစပ်လဲ လှတယ်'

မိလှိုင် ရယ်လေသည်။ရယ်သံကြောင့် သူ ဆက်မပြောတော့ အောင် ဖြစ်သွား၏။

'ဘာလို့ ရယ်တာလဲ'

'ငါ မလှပါဘူး'

'လှပါတယ်၊ ငါတို့ သူငယ်ချင်းတွေက နှစ်တန်းကျောင်းသားထဲမှာ အလှဆုံး ဘယ်သူလဲလို့ မေးပြီး ငြင်းကြတယ်၊ နင်နဲ့ အေးသွယ်သွယ်လေ၊ ငါက နင့်ဘက်က မှါတယ်'

မိလှိုင့် ရယ်သံက ပို၍ ကျယ်လာသည်။ ရယ်သံဖြင့်....

'အေးသွယ်သွယ်က ငါ့ထက် လှပါတယ်'

'မလှပါဘူး၊ မဲ့ခွက်ခွက်ကြီး၊ မျက်ခုံးပေါ်က မှဲ့ကြီးကလဲ အရုပ်ဆိုးတယ်'

မိလှိုင်က တစ်စုံတစ်ရာ ပြန်ပြောမည်ပြုသည်။ သို့သော် မိုးဖွဲတွေ အကျသည်းလာသောကြောင့် စကား မဆက်ဖြစ်။ မြန်မြန် လျှောက်ကြရသည်။

'ငါမပြောလား မိုးရွာလာပြီ၊ ပြေးရအောင်'

မိလှိုင်ပြေးရာ ဘေးမှ ပြေး၍ လိုက်၏။ မိုးစက်တွေ စိပ်လာလေ၏။

'မိလှိုင် နင် ဖိနပ်ချွတ်၊ ငါ ယူခဲ့မယ်'

www.burmeseclassic.com

www.burmeseclassic.com

ပြေးနေရင်းနှင့် ပြန်ပြောသည်။

'နေပေစေ၊ ငရဲကြီးမယ်ဟ'

'ဖိနပ်နဲ့ဆို နင် ချော်လဲလိမ့်မယ်၊ မြက်တွေ တစ်ဝက် လွင့်ပစ်ခဲ့မယ်၊ 'လောက်တယ်မို့ လား'

မိလှိုင်က အေးဟု ပြောကာ ခဏရပ်၍၊မချင့်ချင် ချွတ်ချင်နှင့် ဖိနပ် ချွတ်၏။ သူ ကောက်သည်။ သူ့ ဖိနပ်ကို ချွတ်၍ ကိုင်သည်။ လက်နှစ်ဖက်နှင့် ကိုင်စရာနှင့်မမျှ၍ မြက်တွေ လွင့်ပစ်ရင်း ပြေးသည်။ မြက်ပွင့်တံတွေ လွင့်ကျန်ခဲ့သည်၊

*

(၄)

မျက်လုံးဖွင့်လိုက်၏။ အလင်းရောင်သည် ဝါနေသည်ဟု ထင်သည်။ ညနေ အလင်းရောင်ပင် ဖြစ်သော်လည်း စူးသည်ဟု ခံစားရ၏။သံဇကာကွက်တွေကို ဖြတ်၍ မြင်နေရသော အိမ်ရှေ့ ဝန်းကျင် တစ်ခုလုံးသည် သစ်ရွက် ဝါးရွက် ပင်နွယ် ချုံမျှင်တို့ဖြင့် ပြည့်လျက် ရှိသည်။ နေရောင်ခြည်သည် ပြောက်တိ ကျိုးကျဲ တိုးဝင်နေ၏။

'ညကတော့ အဖျား နည်းနည်းရှိသေးတယ်၊ ခုတစ်မနက်လုံး တစားနေတာပဲ၊ မနက်က ကျောင်းသွားဦးမလို့၊ ရေမှ မချိုးရသေးတာ၊ မသွားပါနဲ့လို့ မနည်း တားယူရတယ်'

မိလှိုင်တို့ သားအမိ ထိုင်ရန် သင်ဖျူးဖျာ ခင်းပေးရင်း အမေ ပြောသည်။ သူက လှဲနေရာမှ ထိုင်သည်။ မိလှိုင်တို့ သားအမိက ဖျာပေါ်တွင် ထိုင်၏၊ အမေက သူ့ ဘေးတွင် ထိုင်သည်။

'တန်ဆောင်တိုင်ရက်အတွင်း ဖောက်လိုက်တဲ့ ဗျောက်အိုး၊



မီးပန်းကလဲ အညှော်မဟုတ်လား၊ ပွဲတော်လဲပြီးရော ဖျားလဲ ဖျားရော'

သူ ပြုံးနေလိုက်သည်။ မိလှိုင့်အမေက သူ့ နဖူးကို လက်ဖဝါးဖြင့် လာစမ်း၏။ လက် မရှုပ်မီ ပြော၏။

'ကိုယ်မပူတော့ပါဘူး၊ ကိုယ်ငွေ့လောက် ရှိတော့တာပါ'

မိလှိုင့်အမေ၏ စကားဆုံးသည်တွင် မိလှိုင်က မုန့်ထုပ်ကို သူ့ အား လှမ်းပေးသည်။ သူငေးနေ၏၊ မိလှိုင့်အမေက....

'သား ယူလိုက်လေ၊ မိလှိုင်က မင်းစားဖို့ မုန့်ဝယ်ပေးပါ ဆိုလို့ ဒေါ်ဒေါ် ဝယ်ပေးတာ၊ သား ယူလေကွာ'

သူကြိုက်သော အချိုညှပ်၊နှစ်ထပ် ဘီစကစ်။ သူ လှမ်းယူသောအခါ မိလှိုင်က ပြုံး၍ ကြည့်နေ၏။အမေက သူ့ ကိုကြည့်၏။ ပြုံး၍ ပြောသည်။

'ကျေးဇူးတင်ပါတယ်လို့ သား ပြန်ပြောဦးလေ'

ပြောရမည်ကို နှုတ်ရှုံ့နေ၏။ အတန်ကြာမှ....

'ကျေးဇူးတင်ပါတယ်'

မိလှိုင့်အမေ၏ ရယ်သံကို ကြားရ၏။ မိလှိုင်ထံသို့ ရောက်နေသော မျက်လုံးကို ရွှေ့လိုက်၏။ မိလှိုင့်အမေက သဘောတကျ ပြုံး၍ ကြည့်နေသည်။ ထိုစဉ် အမေက တစ်[illegible]ပြောလေသည်၊

'လှိုင်လှိုင်တို့ ပြောင်းတော့မယ် ဆိုတာနဲ့ သားကဝမ်းနည်းပြီး ဖျားတာနဲ့ တူပါတယ်'

သူ့ မျက်နှာ မထားတတ်။မိလှိုင်တို့ ပြောင်းဖို့ဘယ်လောက်လိုသေးလဲ အမေဟု သတိရတိုင်း မေးမိခဲ့ခြင်းမှာ မှားပြီဟု သူ အောက်မေ့သည်။ ထိုမေးခွန်းကို မကြာခဏ မေးမိခြင်းကြောင့် ယခုကဲ့သို့ အမေပြောရန် အကြောင်း ဖြစ်နေပြီဟု

www.burmeseclassic.com

www.burmeseclassic.com



တွေးမိလေသည်။ အမေ့အပြောကြောင့် ရှက်သကဲ့သို့ ခံစားရသည်။ မိလှိုင်က သူ့ကိုပြုံး၍ ကြည့်မြဲ ကြည့်နေသော်လည်း ထိုအပြုံးတွင် အနည်းငယ် အပြောင်းအလဲ ရှိနေသည်ဟု ထင်၏။ စိတ်မကောင်း ဖြစ်နေခြင်းပေလား၊ ရှက်တက်တက် ဖြစ်နေခြင်းပေလား သူ မခွဲခြားတတ်။

'ပြောင်းဖို့က အများကြီး လိုပါသေးတယ် သားရဲ၊ နွေကျောင်းပိတ်ပြီးမှပါ'

စိတ်ထဲကနေ တွက်ကြည့်သည်။ အခု တန်ဆောင်မုန်း၊ ပြီးရင် နတ်တော် ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ လေးလလား၊ ငါးလလားမသိ။ မိလှိုင့်အမေ၏ စကားအဆုံးတွင် အမေက မေး၏။

'အခါတွင်းတော့ ဒီမှာပဲ ရှိဦးမယ် မဟုတ်လား'

မိလှိုင်၏အမေ ခေါင်းညိတ်သည်။ ထိုနောက် ဖြေသည်။

'အခါ လွန်ပြီးတာတောင် တစ်ပတ်လောက် နှစ်ပတ်လောက်တော့ ကြာဦးမယ် ထင်တယ်'

အမေက ပြော၏။

'ရီရီတို့ပြောင်းသွားရင်တော့ ကျွန်မတို့ လည်စရာ ပတ်စရာ တစ်အိမ် လျော့သွားမှာပဲ၊ အထူးသဖြင့်တော့ သားပဲ'

မိလှိုင့် အမေက....

'ကျွန်မတို့ ပြောင်းသွားတော့ တစ်ခုကောင်းတယ်၊မသန်းမေတို့ မန္တလေးကို ခဏခဏ အလည်လာဖြစ်တာပေါ့၊မဟုတ်ဘူးလား'

'နွေကျောင်းပိတ်ရင် လာလည်နိုင်တာပဲ၊ ရောက်မှာပါ'

မန္တလေး ဟူသော မြို့၊ အလည်ရောက်မည် ဟူသော အမေ့စကားကြောင့် စိတ်ကူးဖြင့် ချက်ချင်းသွားကြည့်မိသည်၊အမေ့



စကားထဲက အခါတွင်း အခါလွန်အသုံးအနှုန်းကို နားမလည်ခြင်းက စိတ်ကူးခရီးတွင် ကန့်လန့်ပြုနေ၏၊ အမေတို့စကားအပြတ်တွင် မေးလိုက်သည်၊

'အခါတွင်း ဆိုတာ ဘာလဲ အမေ'

မိလှိုင့်အမေက ဝင်ဖြေ၏။

'သကြံန်တွင်းပေါ့ သားရဲ၊ အခါလွန်ရင်ဆိုတာ သကြံန်ပြီးမှလို့ ပြောတာ'

မည်သည့် အဓိပ္ပာယ်ဖြင့် သူမေးသည်ဟု မည်သူမျှ သိနိုင်မည် မထင်၊သိချင်သည်ကို သိရ၍တွက်ကြည့်သည်။ နတ်တော်လပြည့်မှာ တစ်လ၊ ပြာသိုလပြည့်၊ တပို့တွဲလပြည့်၊ တပေါင်းလပြည့်၊ တန်ခူးလပြည့်၊ ငါးလ။တန်ခူးလပြည့်မှာ သကြံန်ကျပြီဟု တွက်လိုက်၏။ အကြာကြီးပဲ။ငါးလ ခြောက်လ။သို့သော် သုံးတန်းရောက်သည့်အချိန်တွင်မူ မိလှိုင် သည်မှာ မရှိတော့ချင်းတကားဟု ကြို၍ သိနေသည်၊

'မိလှိုင်တို့ ပြောင်းသွားရင် သားနဲ့ကစားဖော် ညီမလေးတစ်ယောက် မွေးပေးပါတဲ့'

အမေက ပြောပြီး ရယ်နေ၏၊ မိလှိုင်၏ အမေက ရယ်လိုက်၏။

'ဒီက သမီးကလဲ ဘာပြောတယ် အောက်မေ့သလဲ၊မန္တလေးတို့ပြောင်းရင် ဇော်လတ်ကိုပါ တစ်ခါတည်း ခေါ်သွားပါတဲ့၊ ကျွန်မက ပြောရတယ်၊ သူ့ဖေဖေနဲ့ မေမေက ဘယ်ထည့်နိုင်မလဲလို့'

မိလှိုင်ကို ကြည့်၍ အမေ မေး၏။

'မန္တလေးကိုခေါ်ရင် သမီး သူငယ်ချင်းကို ဘယ်သူက ထမင်းကျွေးမှာလဲ'

www.burmeseclassic.com

မိလှိုင်က ဝိုင်းစက်သော မျက်လုံးဖြင့် သူ့ကိုကြည့်နေရာမှ မိခင်ကို မော့ကြည့်၏။

'အမေ့ကိုမကြည့်နဲ့၊ အမေတို့က သမီးတစ်ယောက်စာပဲ ကျွေးနိုင်တာ'

မိလှိုင်က ပြုံး၏။ အမေက ပြောသည်။

'ကဲ....ဘယ့်နှယ်လုပ်မလဲ၊ သမီး အမေက မကျွေးနိုင်ဘူး တဲ့'

မိလှိုင်၏ နီထွေးထွေး နှုတ်ခမ်းအစုံကို ဇော်လတ် လှမ်းကြည့်နေသည်။ နှုတ်ခမ်းအလှုပ်ကို ခဏစောင့်နေရ၏။

'သမီးစားတဲ့ အထဲက တစ်ဝက်ခွဲကျွေးမယ်'

မိခင်နှစ်ဦး၏ သံပြိုင်နီးပါး ရယ်သံက ခပ်လွင်လွင် ထွက်ပေါ်၏။

'ဇော်လတ်....အိမ်ပေါ်တက်လေ'

'ဟင့်အင်း....၊ ငါ ဒီက စောင့်နေမယ်'

တံခါးဝအထိ ပြေးဆင်းလာရင်း သူ့ကို ပြော၏။

'နှင်းတွေ အရမ်းကျနေတယ်၊ မချမ်းဘူးလား'

ဇော်လတ်က လွယ်အိတ်ကို ပခုံးပေါ်တွင် ပြင်ချိတ်ရင်း ခေါင်းခါပြ၏။

'နှင်းတွေကျနေတာ ငါ ကြည့်ချင်လို့'

'အိမ်ပေါ်က ကြည့်လဲ ရတာပဲ'

'ဟင့်အင်း....၊ ဒီကကြည့်ရတာ ပိုကောင်းတယ်ဟ၊ ငါ ဒီက စောင့်နေမယ်၊ နင်....ထမင်းမြန်မြန်စား'

မိလှိုင်က ကိုယ်ကို ရှေ့သို့ ယိုင်ကာ....

'ထမင်းစားပြီးပြီဟ'



'ဒါဖြင့် သွားမယ်လေ၊ ကျောင်းက တက်ခါနီးနေပြီ'

'အစောကြီး ရှိသေးတယ်'

'မစောပါဘူး၊ သွားရအောင်၊ ဘာလဲ....နင်....အီးမပါရ သေးလို့လား'

မိလှိုင်က ပြုံးသည်။ ထို့နောက်....

'သနပ်ခါး မလူးရသေးလို့'

'ဒါဖြင့် မြန်မြန်သွားလူးဟာ'

မိလှိုင်၏မျက်နှာကို ကြည့်လိုက်သည်။ ပြည့်ပြည့်တင်းတင်း ပါးနှစ်ဖက်ပေါ်တွင် ပါးကွက်နှစ်ဝိုင်းကို တွေ့ရ၏။ ကြည့်ပြီးမှ သူ ရယ်လေ၏။ ထိုအခါ မိလှိုင်က ရှေ့ရယ်၏။

***

မနက်ဖြန်မှစ၍ နွေရက်ရှည် ကျောင်းပိတ်ပြီ ဖြစ်ကြောင်း ဆရာမက ပြောသည်။ တစ်ဆက်တည်းပင် သင်္ကြန်ကျပြီးလျှင် အောင်စာရင်း ထွက်မည်ဟု ပြော၏။ နွေရာသီတွင် အစား အသောက် အရမ်းမစားရန်၊ နေပူထဲတွင် လျှောက်မလည်ရန်၊ မိဘကို ကူညီရန်၊ စာတွေ ပြန်ကြည့်ရန်၊ [illegible]လီတွေ မမေ့အောင် ကျက်ထားရန် မှာသည်။ ဆရာမ၏ စကားတွေကို နားထောင်ရင်း ပျော်လာ၏။ ပျော်ရွှင်ဖွယ် နွေရက်များကို တွေ့ရပြီဟု ကြည်နူးလာသည်။ ကြည်နူးရသော ခံစားမှုသည် သူ့တွင်သာ မက အားလုံးတွင်လည်း ဖြစ်ပေါ်နေလိမ့်မည်ဟု တွေးမိ၏။ အားလုံးနည်းတူ မိလှိုင်သည်လည်း ပျော်နေမည် ထင်၏။ မကြာမီ ကျောင်းလွှတ်တော့မည်၊ ထိုမကြာမီ အချိန်သည် ကြာရှည်လွန်းသည်ဟု အောက်မေ့၏။ ဆရာမ၏ စကားတွေ ကို မကြားတစ်ခွန်း ကြားတစ်ခွန်းနှင့် စိတ်ကူးတွေ ပေါ်ပါးစွာ ပြေးနေသည်။ ခေတ်ခဲ လေယာဉ်မျှ၊ သံပတ်စက်လှူ၊

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ကားတို့သည် မှန်ဗီရိုထဲမှ သူ့လက်တွင်းသို့ အမြဲ ဆင်းလာပေတော့မည်။ မိလှိုင် ပြုလုပ်တတ်သော သဲမုန့်၊ သဲထမင်း၊ သဲဟင်း၊ သစ်ရွက်စုံ စားသောက်စရာတို့သည် မျက်လုံးထဲတွင် မှုတ်မိသရွေ့ ပေါ်လာ၏။ လွင့်ပျံနေသော အတွေးတို့သည် မှတ်တတ်ရပ်သံများ၊ ခုံရွှေ့သံများကြောင့် ပျောက်ပျက်သွား၏။ လျှပ်စစ်ခေါင်းလောင်းသံက မရှေးမနှောင်း ရပ်သွား၏။ ဒုတိယ ခေါင်းလောင်းသံ ကြားရ၏။ လက်နှစ်ဖက်ကို ကိုယ်တွင် ကပ်ကာ ဆန့်ဆန့် ချထားလိုက်၏။ ကမ္ဘာ့မကျေသီချင်းဆို၍ အလေးပြုရန် အသင့်ပြင်ထားရသည်။ ဒုတိယ ခေါင်းလောင်းသံ မြည်ပြီး ခဏအကြာတွင် တတိယခေါင်းလောင်းသံ မြည်သည်နှင့် ကမ္ဘာမကျေကို ဆိုကြသည်။ သည်နေ့ ဆိုသံမှာ ခါတိုင်းနေ့ထက် ပို၍ ညီသည်၊ ကျယ်သည်ဟု ထင်၏။ သူပင်လျှင် အားပါးတရ အော်၍ ဆိုသည်။ သီချင်းအသံချအပြီးတွင် ဦးညွှတ်လိုက်ကြ၏။ ခေတ္တ အကြာတွင် ခေါင်းလောင်းသံ ကြားရ၏။ ဦးခေါင်း မော့နိုင်ပြီ။ မတ္တည်းတွေ လွယ်အိတ်တွေ ယူနိုင်ပြီ ဟူသော အထိမ်းအမှတ်။ လွယ်အိတ် လွယ်ပြီးသောအခါ လက်ပိုက်လိုက်ကြသည်။ ဆရာမကို သူ လှမ်းကြည့်သည်။ ရှေ့တန်းကို အရင် ထွက်ခိုင်းရင် ကောင်းမှာပဲဟု တောင့်တသည်။ မိလှိုင်တို့ အတန်းက အလျှင် လွှတ်ပြီးပြီဟု ထင်သည်။ ဆရာမက နောက်တန်းက အရင်ထွက်ဟု အတန်းလွှတ်ချင် လွှတ်တတ်သည်။ ထိုသို့လွှတ်လျှင် အခန်းထဲမှ နောက်အကျဆုံး ထွက်နေရပေမည်။ ဆရာမကို ကြည့်နေစဉ် သူ့ရင်တွေ တထိတ်ထိတ်ခုန်လျက် ရှိသည်။ အလိုလိုနေရင်း ပျော်နေသည်။ ရှေ့က ကျောင်းသားတွေ အရင်ထွက်ဟူသောအသံ ကြားရ၏။ သူ့ရင်တွေ ထိတ်ထိတ်ခုန်နေသည်ကို သူ သိနေ၏။ ပြေးထွက်သွားချင်သည်။ လက်ပိုက်ကာ ဖြည်းဖြည်း လျှောက်ရ၏။ ဆရာမ၏ရှေ့သို့ ရောက်သောအခါ ခေါင်းငုံ့ပြီး အရိုအသေ ပေးရ၏။ ဆရာမကို လွန်[illegible] ခေါင်းကို ပြန်မတ်ကာ တံခါးဝ ရောက်သည်အထိ လက်[illegible] ထားရသည်။

အပြင်သို့ ရောက်သည်တွင် [illegible] နေရာတွေကို ကြည့်၏။ သောက်ရေအိုးစင် အဆောက်[illegible] မိလှိုင်မရှိ။ စာကြည့်တိုက် အခန်းဝရှေ့။ [illegible]။ ခုံတန်းလျားရှည်တွေပေါ်။ မိလှိုင်ကို မမြင်[illegible] ကြည့်ရင်း ရှာရင်းဆက်လျှောက်လာ၏။ ပြန်နှင့်ပြီဟု [illegible]သည်။ စောင့်နေမည်ဟုလည်း တွေးပြန်သည်။ ထိုစဉ် [illegible] ကြား၏။ စကားသံတွေ အော်ခေါ်သံတွေနှင့် [illegible] မကြားပြား၊ နားစွင့်ခိုက် တစ်ခါကြားရ၏။ လှည့်ကြည့်သည်။ ခေါ်သံလာရာကို မျက်နှာ မမူမီ ငါ ဒီမှာ ဒီမှာ [illegible]သော မိလှိုင့်အသံက နီးလာ၏။ ညာဘက်သို့ မျက်နှာအလှည့်တွင် မိလှိုင်ကို တွေ့လေသည်။

'နင်....ပြန်သွားပြီ မှတ်လို့'

ပခုံးပေါ်တွင် ကျနေသော ဆံပင်တွေ လှုပ်ခါသွား၏။ ခေါင်းခါပြရင်း....

'စောင့်မယ်လို့ ငါပြောသားပဲ'

သူ ပြန်မပြော။ ကျောင်းသားတွေ ထွက်နေကြသော ဂိတ်တံခါးဝသို့ လျှောက်သွား၏။ မိလှိုင်က သူ့နောက်မှ လိုက်ပါလာ၏။ ဝင်းတံခါးကို လွန်သောအခါ မြေနီလမ်းပေါ်သို့ ရောက်၏။ လမ်းကူးနေချိန်တွင် သူမေးသည်။

www.burmeseclassic.com

'နင်တို့ အောင်စာရင်းတွေ ဘယ်တော့ထွက်မယ်လို့ နင်တို့ဆရာက ပြောသလဲ ဟင်....မိလှိုင်'

မိလှိုင် ချက်ချင်း မဖြေ။ လွယ်အိတ်ထဲတွင် တစ်စုံတစ်ရာ နှိုက်နေ၏။ ဆီးပြားထုပ် တစ်ထုပ် ပါလာ၏။ သူ့ကို အင့်ဟု ပြောကာ လှမ်းပေးသည်။ ထိုနောက်မှ....

'ဆယ့်ကြွန်ပြီးရင်လို့ ပြောတယ်၊ နင်တို့ကိုကော'

'အဲလိုပဲ ပြောတယ်၊ နင်တို့ မန္တလေးသွားမှာ အောင်စာရင်း ထွက်ပြီးမှ သွားမှာ မဟုတ်လား'

'အင်း'

ကျောင်းရှေ့ မြက်ခင်းပြင်တွင် ကျောင်းသားတွေဖြင့် ပြည့်နေ၏။ လိုက်တမ်းပြေးတမ်း ကစားသူတွေ၊ အော်ခေါ်သံတွေ၊ ငြင်းခုန်သံတွေ၊ စကားပြောသံတွေ။ သူက ခပ်ငေးငေး ကြည့်ကာ လျှောက်လာ၏။ မိလှိုင်က ပြောသည်။

'ဆီးပြား စားလေ'

'နင်ကော'

'ငါ့မှာ တစ်ထုပ် ရှိတယ်၊ အိမ်ကျမှ စားမယ်'

သူက ဆီးပြားထုပ်ကို လွယ်အိတ်ထဲ ထည့်ရင်း....

'ငါလဲ အိမ်ကျမှ စားမယ်'

ကတ္တရာလမ်းပေါ်သို့ ရောက်သောအခါ ကျောင်းသားတွေ တစ်စုတစ်စည်း မရှိကြတော့။ အုပ်စု ကွဲသွားသည်။ တစ်ယောက်ချင်း၊ နှစ်ယောက် တစ်တွဲ၊ သုံးယောက်တစ်စု၊ ခြေဦးတည်ရာချင်း မတူတော့။

'သုံးတန်းတက်တဲ့ အခါကျတော့ နင် မန္တလေး ရောက်နေပြီနော်'

ညီးငယ်ကြည့်ဖြင့် သူ့ကို တွေ့၍ ကြည့်လျက်ရှိသည်၊



(၃)

အရှေ့ကုန်းမြင့်နှင့် သစ်တောအုပ်တွင် မြူတွေ ဝေလျက်ရှိသည်။ မြက်ပင်တွေ သွေ့ခြောက်၍နေ၏။ တောတန်းဘက်တွင် သစ်ရွက်တွေ အရောင်ပြောင်းနေပေပြီ။ အစိမ်းရင့်ရင့်တွေ ကျဲနေသည်။ စိမ်းဝါနုနု၊ နီကျင်ကျင်၊ ပင်စည်၏ အဆင်းနှင့် မကွဲပြားသော ရွက်ဟောင်းတွေကို မြင်ရ၏။ ရွက်သစ်တချို့ ပင်ပီပီစိမ်းလာ၏။

'တောင်ကုန်းထိအောင်တော့ မသွားဘူးဟာ'

သူ ခြေစုံ ရပ်လိုက်သည်။

'ငါ ညောင်းတယ်'

မိလှိုင်က စကားအဆုံးတွင် ထိုင်သည်။

'ငါလဲ ညောင်းတယ်'

သူက မြက်ခင်းပေါ်တွင် ခြေပစ် လက်ပစ် ထိုင်သည်။ ထို့နောက် ပက်လက်လှန်လိုက်၏။ မိလှိုင်က လှမ်းပြောသည်။

'နင့် အဝတ်အစားတွေ ညစ်ပတ်ကုန်လိမ့်မယ်'

ကောင်းကင်ကို ကြည့်ရင်း ဖြေ၏။

'မြက်တွေမှာ ရွှံ့မှ မရှိတဲ့'

'သဲတွေတော့ ရှိပါတယ်ဟာ'

'သဲက ခါလိုက်ရင် စင်ပါတယ်'

'နင့်အင်္ကျီက အဖြူချည်းဟ၊ ငါ့လို အညိုဆိုရင် မထင်ဘူး'

'ဝတ်ထားတာ နှစ်ရက်ရှိပြီ၊ မနက်ဖြန် မဝတ်ရတော့ဘူး၊ အမေက ငါ့ကို ဆူမှာ မဟုတ်ပါဘူး'

မိလှိုင်သည် လက်နှစ်ဖက် နောက်ပြန်ထောက်ကာ အဝေးသို့ ကြည့်နေသည်။ မိလှိုင်ထံမှ စကားစမြည် မဆိုတော့၍ သူ့မျက်လုံးသည် ကောင်းကင်နှင့် တူရှု။ အပြာရောင် ကောင်း

www.burmeseclassic.com

ကင်ထဲတွင် တိမ်တိုက်အချို့ကို မြင်ရ၏။ မျက်တောင်မခတ် ကြည့်နေသည်။ အမြင်တွင် နီး၍လာ၏။ ကောင်းကင်ပြာသည် နှိမ့်ဆင်းလာသည် ထင်၏။ အမြင်တစ်ဝှမ်းလုံးမှာ ကြည်လင်သော ကောင်းကင်အပြာ။ သစ်တစ်ပင် အမြင့်မျှသာ ကွာတော့သည် မှတ်၏။ ကြည့်နေစဉ် မြောက်အရပ်သို့ ပျံသန်းသွားသော ငှက်တစ်အုပ်ကို အမှတ်မဲ့ မြင်ရ၏။ ငှက်တွေထံသို့ စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ မိုးပြာကောင်းကင်သည် သိသာစွာ ဝေးတက်သွားလေ၏။

'မနက်ဖြန် စာမေးပွဲ အောင်စာရင်း သွားကြည့်ရင် ငါ့ကို ဝင်ခေါ်မှာလား ဟင်'

'အေး'

'ဘယ်တော့ လာခေါ်မလဲ'

'မနက် အစောကြီးပေါ့'

'နှင်က မနက်မနက် အအိပ်ကြီးနေပြီး'

'ဟာ...မိလှိုင်ကလဲ၊ မနက် ငါ အစောကြီး အိပ်ရာ ထပါတယ်ဟ'

'မနက်က ငါလာတော့ ခုနစ်နာရီခွဲ ရေဒီယိုတောင် လာနေပြီ၊ နှင် အိပ်ရာက မထသေးလို့ ငါပြန်သွားရတာပဲ'

'အမယ်...တစ်ရက်တည်းပါ၊ အောင်စာရင်း ကြည့်ဖို့ကျတော့ ငါ အစောကြီး နိုးမှာပေါ့၊ ဘုန်းကြီးကျောင်း အုန်းမောင်းခေါက်ရင် ငါနိုးပြီ မှတ်'

'ဟင်း... ဖြီး'

သူ အသာထ၍ ထိုင်၏။ မိလှိုင်နှင့် မျက်နှာချင်းဆိုင် ထိုင်သည်။ ပါးပါးဝါဝါသော နေရောင်ခြည်သည် သူ့မျက်နှာပေါ်သို့ ရောက်လာ၏။



'ဘာပြောတယ်၊ ဖြီး ဟုတ်လား၊ မနက်ကျ ကြည့်သေးတာပေါ့'

'ကြည့်သေးတာပေါ့'

'ကြည့်ပေါ့၊ အုန်းမောင်းခေါက်သံကြားရင် နှင် အိမ်ရှေ့ထွက်ကြည့်၊ ငါရောက်နေတာ တွေ့ရမယ်'

မျက်ခုံးတွန့်ကာ မဲခတ္တမျှတွေ၍နေသူ မိလှိုင်ကို ကြည့်ကာ ပြုံးနေ၏။

'နှင် လာရဲလို့လား၊ မှောင်နေတဲ့ဟာကြီးများ'

သူ ခေါင်းခါ၏။

'ဘာလို့ မလာရဲရမှာလဲ၊ ဘာ ကြောက်စရာရှိလို့လဲ'

'နှင် သရဲ မကြောက်ဘူးလား'

သူ ထပ်မံ ခေါင်းခါသည်။

'သရဲဆိုတာ ပုတ်သင်ညိုကို ခေါ်တာ'

မိလှိုင် ရယ်သည်။

'ဘယ်ကလာ ဟုတ်ရမှာလဲ၊ သရဲဆိုတာ သရဲပဲ၊ အရပ်ကြီးက ထန်းပင်လောက် ရှိတယ်၊ ကိုယ်မှာ အမွေးတွေနဲ့၊ လျှာကြီးက တစ်လံလောက် ရှိတယ်၊ လူကို ခြောက်ပြီး ကုပ်ချိုးစားပစ်တတ်တယ်တဲ့'

'မဟုတ်ပါဘူး၊ နှင့် ဘယ်သူ ပြောလဲ'

'ငါတို့ အတန်းထဲက မစု ပြောတာ'

'အလကား ပြောတာ၊ သူ ပုံပြင်တွေ ဖတ်ပြီး ပြောတာပါဟာ'

'မဟုတ်ဘူး၊ သုံးတန်းက သူ့ အစ်ကိုသန်းနိုင်ဆိုင် မျက်စိနဲ့ မြင်တာတဲ့၊ တို့ကျောင်းက အိမ်သာမှာတဲ့'

သူက မျက်လုံးကို ပိ၍ ဝိုင်းကာ တစ်ချက် ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



‘ကျောင်းအိမ်သာမှာ ဘာမြင်တာလဲ၊ အီအီး တွေလား’

‘နင်ကလဲ၊ ကုလားမခြေလိမ်သရဲတဲ့၊ တစ်တောင်လောက်ပဲရှိတယ်တဲ့။ သူ့ ခြေထောက်ကြားထဲ ဝင်ပြီး ပတ်နေတယ်တဲ့၊ အဲဒါ လဲလိုက်ရင် အူနုတ် စားရောတဲ့၊ ဘာ အောက်မေ့လဲ’

‘ငါတို့အတန်းထဲက အောင်ဖေကလဲ အဲသလို ပြောတာပဲ၊ ခင်မောင်ကလဲ အဲသလို ပြောတာပဲ၊ သုံးတန်းသ မသိန်းကလဲ အဲသလို ပြောတာပဲ၊ သုံးတန်းက ဘညွန့်ကလဲ အဲသလိုပဲပြောတာ၊ ငါလဲ ပြောဖူးတယ်’

‘ဒါဖြင့် အဟုတ်ပေါ့နော်’

‘အလကားပြောတာ၊ ငါပြောတာ နင်မှ မယုံတာ၊ သရဲဆိုတာ ပုတ်သင်ညိုကို ခေါ်တာ၊ ညကျရင် ပုတ်သင်ညို နင်ရှာကြည့်၊ မတွေ့ရဘူး၊ ပျောက်နေတယ်၊ နေ့ကျမှ တွေ့ရတာ၊ လူကြီးတွေက ပုတ်သင်ညိုတွေကို ငါတို့ လေးခွနဲ့ မပစ်အောင်ပေါ့ဟာ၊ ခြောက်ပြီး ပြောတာတဲ့’

‘နင့်ကို ဘယ်သူ ပြောသလဲ’

‘အဖေ ပြောပြတာ၊ သရဲတို့ သဘက်တို့ကို ပုံပြင်တွေ၊ ကာတွန်းတွေ၊ ဝတ္ထုတွေက အလကား သက်သက် ရေးတာတဲ့၊ တကယ် မဟုတ်ဘူးတဲ့’

‘ဟုတ်ရဲ့လား’

‘ဟုတ်တာပေါ့ မိလှိုင်ရ’

‘သရဲဆိုတာ တကယ် မရှိဘူးပေါ့’

‘အင်း’

‘ဒါဖြင့် ဘီလူးရော’

‘ဒီလိုပဲ’

‘နဂါးရော’



‘အဲသလိုပဲ’

‘ဂဠုန်’

‘ပုံတွေမှာပဲ ရှိတဲ့ဟာပေါ့’

‘ရေသူမကရော’

‘အဲသလိုပဲပေါ့ဟ’

‘သိကြားမင်း’

‘တကယ် ဘယ်ဟုတ်မလဲ’

‘ဒါဖြင့် ဘုရားကော’

‘ရှိတာပေါ့ဟ၊ ကုလားပြည်မှာ တကယ်ရှိခဲ့တာ၊ အဖေ့စာအုပ်တွေမှာ ဓာတ်ပုံတွေ ငါ တွေ့ဖူးတယ်၊ နင့် ငါပြဦးမယ်၊ တကယ်ရှိလို့ ညအိပ်ခါနီးတိုင်း ငါ ရှိခိုးတာပေါ့’

‘ဘုရားက အခု ဘယ်မှာလဲ’

‘နိဗ္ဗာန်ရောက်သွားပြီတဲ့’

‘နိဗ္ဗာန်က ဘယ်နားမှာလဲ’

သူ ခေါင်းမော့၍ ကောင်းကင်သို့ ကြည့်၏။

‘ဟိုး....မိုးပေါ်မှာ’

‘နတ်ပြည်နားမှာလား’

‘ဘုရားက နတ်ထက် တန်ခိုးကြီးတယ် ဟ၊ နတ်ပြည်ရဲ့ အပေါ်မှာပေါ့’

‘ငါတို့ အမေက ပြောတယ်၊ ဘုရားရှိခိုးရင်တဲ့ ပိုက်ဆံတွေ အများကြီး ရမယ်၊ မုန့်တွေ အများကြီး စားရမယ်၊ နေမကောင်းလဲ မဖြစ်ဘူးတဲ့၊ ဘီလူးတွေကလဲ ဘုရားရှိခိုးတဲ့လူကို ကြောက်တယ်တဲ့၊ စာမေးပွဲလဲ အောင်တယ်တဲ့၊ ဟုတ်လား’

အနောက်ဘက်သို့ မျက်နှာမူထားသော သူ့ ကိုယ်ပေါ်တွင် နေရောင်ခြည်က မထင်တော့သည့်သို့ဆာ ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အစစ်ပေါ့ မိလှိုင်ရေ'

'ပြီးတော့ လိုချင်တဲ့ ဆုကို တောင်းရင် ရတယ်တဲ့'

'ရတာပေါ့၊ ငါ အခု စာမေးပွဲအောင်မှာကိုကြည့်ပါလား'

'ငါ့အတွက်ရော နင် ကူပြီး မတောင်းဘူးလား'

'တောင်းပေးတာပေါ့ဟ၊ နင်လဲ အောင်မှာပဲဟာ'

'အမယ်၊ ငါပြောမှ နင်လိုက်ပြောတာ'

'မဟုတ်ပါဘူး၊ ငါဆုတောင်းပြီး မရတာကျတော့ ဘယ့်နှယ်လုပ်မလဲ'

'ဘာလဲဟင်'

'နင်တို့ မန္တလေးကို မပြောင်းပါစေနဲ့ ဘုရားလို့ ငါ ညတိုင်း ဆုတောင်းတာပဲ၊ ဒါပေမယ့် နင်တို့ ပစ္စည်းတွေတောင် သိမ်းနေပြီလေ'

မိလှိုင်က ရုတ်တရက် မဖြေ။ စဉ်းစားနေဟန်နှင့် ရှိလေ၏။

'နင် ဆုတောင်းတာ နောက်ကျလို့ ဖြစ်မှာပေါ့'

'ဘာပြောတယ်'

'ငါ့တို့အမေက ငါ တစ်တန်းတည်းက မန္တလေးကို ပြောင်းပါရစေဆိုပြီး နေ့တိုင်း ဆုတောင်းခဲ့တာ ဇော်လတ်ရ၊ အဖေက အခုမှ မန္တလေးမှာ ရုံးထိုင်ရမှာ၊ ဒါနဲ့ တို့ပြောင်းရတာ၊ နင် ဆုတောင်းတာ အမေ့ထက် နောက်ကျလို့ပေါ့၊ မဟုတ်ဘူးလား'

သူ ပြန်မဖြေဖြစ်။ တွေးကြည့်လျက် သဘောမပေါက်။

'လူကြီးမို့လို့ ဘုရားက ဆုပေးလိုက်တာ ဖြစ်မှာပေါ့'

'မဟုတ်ဘူးဟ၊ အရင်ဆုတောင်းတဲ့လူကို အရင် ဆုပေးတာပါဟ'

စိတ်ကူးတစ်ခုရ၍ မိလှိုင်တို့ ပြောလိုက်၏။



'ဒါဖြင့် ငါ အခုတည်းက ဆုတောင်း[redacted]မယ်'

'ဘာကိုလဲ ဟင်'

'လေးတန်းတက်တဲ့နှစ် ကျရင် နင်တို့[redacted]ါစေလို့၊ မကောင်းဘူးလား'

မိလှိုင် ခေါင်းညိတ်၏။

'အေး....အဲဒါ ကောင်းတယ်၊ ငါလဲ[redacted] အဲသလို ဆုတောင်းမယ်'

သူ ပြုံးသည်။ မိလှိုင်သည် သူ ဆက်၍ ပြောမည့်စကားကို နားစွင့်နေ၏။ သို့သော် သူ တစ်ခွန်းမျှ မပြောတော့၊ နီဝါဝါ အနောက်ဘက် တိမ်တွေကို ငေးကြည့်လျက် ရှိလေသည်၊ အတန်ကြာသည်အထိ စကားမပြောမိကြ။

'မန္တလေးကို မလိုက်ဘဲ ငါတို့အိမ်မှာ နေခဲ့ပါလား'

ဝမ်းနည်းပြုံးဖြင့် ပြန်ပြောသည်။

'နေခဲ့ချင်တာပေါ့၊ အမေတို့က ဘယ်ထားမလဲ'

'တကယ်လို့ ထားရင်ကော'

'အဖေက ငါ့ကို သိပ်ချစ်တာ၊ ဘယ်ထားမလဲ ဇော်လတ်ရယ်'

'ငါ သိပါတယ်၊ ထားရင်လို့ ပြောတာပါ'

'ထားရင်တော့ နေမှာပေါ့၊ ငါ အကြံရတယ်'

'ဘာလဲ'

'နင် မန္တလေးကို လိုက်ပါလား'

သူ မဖြေနိုင်။ တွေးကြည့်ပြီးမှ....

'အမေတို့က ထည့်ရင်တော့ ကောင်းတာပေါ့ဟ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'နင်တို့ အမေ အဖေက လိုက်သွားဆိုရင် နင် တကယ် လိုက်မလား'

'လိုက်မှာပေါ့၊ ဒါပေမယ့် အမေက လွှတ်မယ် မဟုတ်ပါဘူး'

'လွှတ်ရင်လို့ ငါပြောတာပါ'

'လွှတ်ရင် ငါ တကယ်လိုက်မြမယ်၊ ဘာလဲ....ငါပြောတာ နင် မယုံဘူးလား'

မိလှိုင်၏ ရယ်သံသည် မြက်လွင်ပြင်ပေါ်တွင် ခရီးဆန့်သွားလေသည်။

***

နှုတ်ဆက် ထမင်းစားပွဲ အပြီးတွင် လူကြီးတွေက စကားဝိုင်းဖွဲ့ကြသည်။ မိလှိုင်၏အဖေ ဦးလွန်းခင်က ခရီးသွားအတွေ့အကြုံတွေ ပြောသည်၊ ရယ်မောစရာတွေ လေ့စရိုက်ဆန်းတွေ ကြားရသည်၊ သူ့ဖခင် ဦးဆိုင်က တစ်ခွန်းစနှစ်ခွန်းစ ဝင်၍ပြော၏။ လူကြီးတွေ၏ စကားတွေက အလုပ်ခွင်အကြောင်း၊ ရှုံးအကြောင်းသို့ တစ်စတစ်စ ရွေ့သွား၏။ ထိုအခါ နားငြီးငွေ့လာသည်။ သွားကစားရအောင်ဟု မိလှိုင်က ခေါ်သည်။ သူ ဆင်းလိုက်သွား၏။

'မာလကာသီးစားမလားဟင်....မိလှိုင်'

လှေကားအဆင်းတွင် သူ မေးသည်။

'ပွတာ ရှိလို့လား'

'ရှိမှာပေါ့'

အိမ်ခြေရင်းသို့ သူ ရှေ့မှ ပြေးထွက်သွား၏။ မိလှိုင်က ဖြည်းဖြည်း ပြေးလိုက်၏။ အပင်အောက်သို့ ရောက်တော့မှ ရပ်လိုက်သည်။ စိမ်းဖန့်ဖန့် ရွက်နုတွေ ဝေလျက်ရှိ၏။ ဝတ်ဆံ



ဝါ၊ ပွင့်ဖတ်ဖြူတွေနှင့်၊ အပွင့်တွေဝေနေ၏။ သီးကင်း လေးငါး ဆယ်လုံးကို မြင်ရ၏၊ သံပရာသီးအရွယ် သုံးလေးလုံးကို အိမ်အပေါ်ထပ် ပြတင်းအနီးတွင် လှမ်းတွေ့သည်၊

'ပွတဲ့အလုံးက မရှိဘူးဟ'

မိလှိုင်၏ စကားကြောင့် အခက်အရွက်တွေကြားသို့ ဖွေ့ဖွေ့ စပ်စပ် ရှာ၏။

'ရွက်ပုန်းသီးတော့ ရှိမယ်'

သူ့နည်းတူ မိလှိုင်၏မျက်လုံးက [illegible] ရှာနေသည်။

'ဒီမှာ....လာကြည့်စမ်း....မိလှိုင်'

သူခေါ်ရာသို့ မိလှိုင် လာ၏။ လက်တစ်ကမ်းအကွာတွင် ရပ်ကာ သူ လက်ညှိုးညွှန်ရာသို့ ကြည့်၏။ တွေ့ဟန် မတူ။

'မတွေ့ဘူးလား၊ ဒီနားက လာကြည့်'

မိလှိုင်က သူ့ပခုံးနှင့် ထိသည်၊ မော့ကြည့်သည်။

'တွေ့လား....'

သူ့အမေးကို မဖြေသေး။ ကြိုးစား၍ ကြည့်သော်လည်း မတွေ့။

'ငါ မတွေ့ဘူးဟ'

သူကြည့်ရာသို့ မိလှိုင် လိုက်ကြည့်သည်။ မိလှိုင်၏ ပခုံးကို သူဖက်ကာ အသာဆွဲ၏။ သူ့လက်ဝဲ နဖူးစွန်းနှင့် မိလှိုင်၏ လက်ယာ နဖူးစွန်းတို့ ထိနေသည်၊ သူ့ လက်ညှိုးအတိုင်း မိလှိုင် ကြည့်သည်။

'အပွင့်နှစ်ပွင့် ထွက်နေတဲ့ ကိုင်းကို တွေ့သား'

'အေး....'

'အဲဒီကိုင်းအပေါ်ကို တစ်ထွာလောက် ကြည့်'

'အင်း....'

www.burmeseclassic.com

www.burmeseclassic.com



'လိပ်နေတဲ့ အရွက်ကို တွေ့လား'

'တွေ့တယ်'

'အဲဒီအရွက် တည့်တည့် ကြည့်'

'အေး....အေး....၊ ဖယ်၊ ငါမြင်ရပြီ၊ နင့်နေရာက ငါ ကြည့်မယ်'

မိလှိုင်၏ နားရွက်နှင့် ဆံပင်တွေကြားသို့ ရောက်နေသော သူ့လက်ကို ရုပ်လိုက်သည်။ မိလှိုင်က ပို၍ မော့သည်၊ ဆံပင်တွေ သူ့မျက်လုံးနှင့် လာ၍ထိ၏။သူ့နှာဝတွင် ရစ်ဝဲသွား၏။ မွှေးပျံ့သော ရနံ့တစ်မျိုးကို ခံစားလိုက်ရသည်။အပင်ထက်သို့ ငေးမော့ကာ ကြည့်နေသူ မိလှိုင်ကို သူကြည့်လိုက်သည်။ နုနု ညက်ညက် နီရောင်သမ်းသော ပါးပြင်သည် ပြည့်တင်းတင်း၊ ဆေးရေးလက်ဲသို့ ပါးပါးတန်းနေသော မျက်ခုံး၊ဝိုင်းစက်နက် နက် လဲ့လဲ့ဖြစ်နေသော မျက်လုံးကို ကြည့်သည်။ နှာတံပေါ်ရှိ သနပ်ခါးက နှာသီးဖျားတွင် ချွေးစကြောင့် ပျက်နေ၏။

'အစိမ်းကြီးရှိသေးတယ်၊ မပွသေးပါဘူး၊ ပွတင်းပေါက် နားက အလုံးလောက်တောင် မကြီးသေးပါဘူး၊ နင် သေသေ ချာချာ ကြည့်လေ'

လှုပ်ရှားလျက်ရှိသော နှုတ်ခမ်းကို သူကြည့်၏။ နီထွေး စိုပြည်သော နှုတ်ခမ်းအလှုပ် ရပ်တော့မှ....

'နောက် ဘယ်နှစ်ရက်နေရင် နင်တို့ ပြောင်းမလဲ'

'သုံးရက်'

မိလှိုင်က သူနှင့် မျက်နှာချင်းဆိုင် လှည့်၏၊ သူ လက်ချိုး ကာ ရေသည်။

'မှနက်ဖြန်၊ သန်ဘက်ခါ၊ ဖိန်းနွဲခါ၊ ဖိန်းနွဲခါပေါ့'

'ဘာနဲ့သွားမလဲ၊ ကားနဲ့လား'



'ဟင့်အင်း....ရထားနဲ့'

'အကြာကြီး စီးရမှာပဲနော်'

'အင်း...အဖေပြောတော့ ဒီနေ့မနက် စီးရင် မနက်ဖြန် မနက် ရောက်တယ်ဘဲ့'

'အဲလိုဆို နင်တို့ ခဏခဏ လာလို့ ရတာပေါ့'

'အမေက ပြောတယ်၊ သီတင်းကျွတ် ကျောင်းပိတ်ရင် တစ်ခါလာမယ်၊ နွေကျောင်းပိတ်ရက် တစ်ခါလာမယ်တဲ့'

နွေ ကျောင်းပိတ်ရင် အကြာကြီးနေလို့ရဘာပေါ့'

အိမ်ရှေ့သို့ ခြေဦးတည်လိုက်ကြသည်။

'နင့်ကို ငါ လက်ဆောင်ပေးစရာ ရှိတယ်'

မိလှိုင်က သူ့ကို လှည့်ကြည့်ရင်း မေး၏။

'ဘာလဲဟင်....'

'အရုပ်၊ ရွှေရောင်လည်ဆံမွေးနဲ့ ခြင်္သေ့ရုပ်ကလေးလေ'

မိလှိုင် ခေါင်းညိတ်သည်။

'နင့်ကိုလဲ ငါလက်ဆောင်ပေးမယ်၊ယူမယ်မဟုတ်လားဟင်'

'ဘာပေးမှာမို့လဲ'

'ထိုင်နေတဲ့ ကောင်မလေးအရုပ်လေ'

'ဆံပင်အဖြူနဲ့ အရုပ်လေးလား'

'ဆံပင်အဖြူ မဟုတ်ပါဘူးဟာ၊ ငွေဆံပင်ပါ'

'အေး....အေး....ဟုတ်တယ်'

'ယူမယ် မဟုတ်လား'

'အင်း....နင် ဘာလို့ မေးတာလဲ'

'အရုပ်က မိန်းကလေးကစားတဲ့ အရုပ်မို့လို့'

'ငါ ကစားမပစ်ပါဘူး၊ သိမ်းထားမယ်'

'နင့် ခြင်္သေ့ရုပ်ကိုလဲ ငါ သိမ်းထားမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးကို မီလှိုင် ဖက်ကာ အိမ်ရှေ့သို့ ပြေး၏။ ပြေး၍ လိုက်ရင်း မေးလေသည်။

'နင့်ဆံပင်က ဘာလူးထားလဲ၊ အရမ်း မွှေးတာပဲ'

'အုန်းဆီပါ'

'အုန်းဆီထက် မွှေးပါတယ်'

'အမေက အုန်းဆီပုလင်းထဲမှာ ဒေါနပန်းတွေ စိမ်ထားလို့ မွှေးတာ'

နွယ်ချုံတွေဘက်သို့ ပြေးရင်း သူ ပြုံးလိုက်သည်။

***

အမေ့လက်ကို ဆွဲ၍ လျှောက်လိုက်လာရသည်။ ခြေတွေ လှမ်းရတာ မကောင်းဟု သိသည်၊ မနက်ဖြန်မနက် လင်းသည့်အခါ မီလှိုင်တို့ သည်မှာ မရှိကြတော့ဟု နားလည်နေသည်။ မီလှိုင်တို့ကို အမေက ဘူတာသို့ လိုက်ပို့ပေးနိုင်မည် မထင်ကြောင်း ပြောသည့် အချိန်၌ လိုက်ပို့ လိုက်စေချင်သည်၊ မီလှိုင်တို့ အိမ်တွင် ယခုထက် ညဥ့်နက်အောင် နေစေချင်သေးသည်။ ကိုးနာရီ ခွဲသောအခါ မနက်အတွက် ပြင်ဆင်ကြဦးဟု အမေက ပြော၏။ လမ်းတွင် စားသွားရန် စားစရာသောက်စရာ တကူးတက ချက်ပြုတ်ပြီး လာပေးသဖြင့် မီလှိုင်၏ အဖေနှင့် အမေက ကျေးဇူးတင်ကြောင်း ပြောကြ၏။ ပြန်ရန် ထသောအခါ လေးပင်နေသည်။ သူ မီလှိုင်ကို ကြည့်၏။ ငါ ပြန်တော့မယ် ဟုသာ ပြောနိုင်သည်။ မီလှိုင်လည်းလည်း သူ့နည်းတူ မျက်နှာမကောင်း။ အေးဟု တစ်ခွန်းသာ ပြော၏။

မီလှိုင်၏ ထိုအကြည့်နှင့် ထိုမျက်နှာသည် သူ့ရှေ့တွင် ကပ်လျက်သား ပါလာလေ၏။

***



စာကလေးတွေ ကျစ်ကျစ်မြည်သံက နားထဲသို့ ဝင်လာ၏။ မျက်လုံးကို ဖွင့်လိုက်သည်၊ အိပ်ရာမှ ထမည်အပြုတွင် မီလှိုင်ကို သတိရသည်၊ အရှိန်နှင့် ပြေးနေသော ရထားကြီးကို မြင်သည်။ ပြတင်းပေါက်တွင် လက်ထောက်၍ အပြင်သို့ ငေးနေသူ မီလှိုင်ကို မြင်ကြည့်သည်။ သေတိုက်သောကြောင့် လွင့်လျက်ရှိသော မီလှိုင့် ဆံပင်တွေကို မြင်ယောင်ယောင်ရှိ၏။ ရထားဘေးမှ အမီ ပြေး၍ လိုက်ရသကဲ့သို့ စိတ်မောလာ၏။

တစ်စုံတစ်ရာ ဟာ၍နေသကဲ့သို့ ရှိလေသည်။

*

(၆)

မုန့်စားဆင်း ခေါင်းလောင်းသံ ကြားရပြီးနောက် ကျောင်းသူကျောင်းသားတို့၏ စကားသံတွေ၊ ရယ်မောမေးမြန်းသံတွေ ထွက်ပေါ်လာသည်။ မုန့်တန်းဘက်က အသံတွေကို ပို၍ကြားရ၏။ အခန်းအပြင်သို့ သူ ထွက်သောအခါ ရွယ်တူ ကျောင်းသူနှစ်ယောက်က သူ့ကို လှမ်းမေးသည်။

'ရီရီလှိုင် ကျောင်းမတက်ဘူးလား ဟင်'

သူ အံ့အားသင့်သွား၏။ သူတို့နှစ်ယောက် သိကြဟန်မတူသေးပေ။

'သူ ပြောင်းသွားပြီ၊ နင်တို့ မသိဘူးလား'

ပြိုင်တူလိုလို ခေါင်းခါပြကြသည်။ သူက ဆက်၍ ပြောလိုက်၏။

'သူ့ အကြိန် ကျပြီးတော့ ပြောင်းသွားတာ၊ ဟိုမှာပဲ ကျောင်းနေမယ်'

'ဘယ်ကို ပြောင်းသွားတာလဲဟင်'

အရပ်ရှည်ရှည် ကျောင်းသူက မေး၏။

www.burmeseclassic.com

www.burmeseclassic.com



'မန္တလေးကို'

အရပ်ပုပု ကျောင်းသူက မေးသည်။

'သူ့လိပ်စာ နင် သိလား'

သူ ခေါင်းခါလိုက်၏။

'ငါ မေးပေးမယ်'

'ဘယ်သူ သိလဲ'

'ငါ့အမေတို့ သိတယ်၊ လိပ်စာ ဘာလုပ်မလို့လဲ၊ နင်တို့ သွားလည်မလို့လား'

နှစ်ယောက်စလုံးက ခေါင်းခါသည်။

'စာရေးမှာပေါ့'

ခေတ္တမျှ တွေ၍နေ၏။ ထိုနောက်....

'နင်တို့ မနက်ဖြန် လာလေ၊ ငါ ကူးလာခဲ့မယ်'

***

'ဟိုရောက်တော့ သူတို့ အမျိုးခတွဆီမှာ ခဏနေရဦးမယ်၊ ပြီးမှ အစိုးရပေးတဲ့ အိမ်မှာ သွားနေရမှာ သားရဲ့၊ လိပ်စာ ဘယ်ရ ဦးမလဲ'

တစ်စုံတစ်ခုကို သူ သတိရ၏။

'မိလှိုင် ကျောင်းထွက်လက်မှတ် အမေ ပို့လိုက်တဲ့ လိပ်စာ ကကော'

အမေက ခေါင်းတစ်ချက် ညိတ်ပြကာ....

'အဲဒါက လှိုင့်ဖေဖေ ရုံးလိပ်စာ၊ စစ်ကိုင်းက တစ်ဆင့် ထည့်ရတာ၊ မန္တလေးလိပ်စာမှ မဟုတ်ဘဲ'

'အဲဒီလိပ်စာပဲ ကူးပေးလိုက်လို့ မရဘူးလား'

'ခုလောက်ဆို သူ့ဖေဖေ မန္တလေးရုံးကို ရောက်နေလောက်ပြီပဲ သားရဲ့၊ သူတို့ အမေ့ဆီ စာရေးဦးမှာပါ၊ အဲဒီတော့မှ



ယူလို့ သား သူငယ်ချင်းတွေကို ပြောပြလိုက်ပေါ့ကွယ်၊မဟုတ်ဘူးလား'

သူ ခေါင်းညိတ်လိုက်ရသည်။ ရေးမည်ဟု စိတ်ကူးထား သမျှတို့သည် ဖရိုဖရဲ ဖြစ်ကုန်လေ၏။ မိလှိုင်၏ လိပ်စာကို သာတောင်းသူတို့ကို လိပ်စာပေးပြီး ထိုလိပ်စာအတိုင်း သူ လည်း စာရေးမည်ဟု တွေးထားခဲ့သည်။ လိပ်စာ မသိရသော အခါ ကျောင်းသူနှစ်ယောက်အတွက် ပြောရမည့် စကားမှာ မခက်ခဲ၊ အမေပြောသည့်အတိုင်း ပြန်ပြောလိုက်ရုံသာ ရှိလေ သည်။ထိုလိပ်စာကို ကိုယ်ကိုယ်တိုင်က သိလိုကာမှ မသိရသဖြင့် စိတ်ကူးပျက်ရချေ၏။ ကိုယ့်ကိုကိုယ် အပြစ်တင်မိ၏။ မိလှိုင် ရှိနေစဉ်က သူတို့ တည်းရမည့် အိမ်လိပ်စာကို မန္တလေး ရောက်ရောက်ချင်း စာရေးထည့်ဟု ပြောမိခဲ့ဖို့ ကောင်းသည်။ ယာယီလိပ်စာ ရလျှင်လည်း စာရေး၍ ဖြစ်ကြောင်း ထိုစဉ်က သိခဲ့ဖို့ကောင်းသည်။

ထို့အပြင် သူ့ထံသို့ စာရေးရန်၊ သူကလည်း ရေးမည့် အကြောင်း စကား ဟပင် မဟာမိခဲ့၊ ဘာကြောင့်များ အမေ့ ကြီး မေ့မိခဲ့လေသနည်းဟု ယခုမှ အပြစ်တင်သည်။ စိတ် သက် သာရာ တစ်ခုတော့ ရ၏။ မန္တလေးမှ လာမည့်စာကို စောင့် ရပေမည်။

*

(၇)

စာသင်ခန်းထဲသို့ လှမ်းဝင်လိုက်သည်။ ဆရာမ၏ စားပွဲတွင် လက်ဆွဲခြင်းကို တွေ့ရသည်။ သူ့ထိုင်ခုံသို့ လှမ်းကြည့်သည်။ သူ အံ့အားသင့်သွား၏။ သူ့ဘယ်ဘက်ဘေးတွင် ထိုင်နေကျ တေဇာအောင် မရှိ၊ကျောင်းသူတစ်ယောက် ရောက်နေသည်။

www.burmeseclassic.com



မြင်ဖူးနေကျ ဖြစ်သော်လည်း အမည်ကို စဉ်းစားမရ။ ထို ကျောင်းသူကို မြင်သောအခါ မိလှိုင်ကို ပြေး၍ သတိရ၏။ မိလှိုင်က နှုတ်ဆက်ပါလျက် ပြန်မနှုတ်ဆက်ဖူးသူဟု မှတ်မိ နေသည်။ မျက်နှာ တည်တည်ကြီး ထားသောကြောင့် သူ မခေါ်ချင်ဟု ပြောခဲ့ဖူးသော မိန်းကလေး။ သူ့ဘေးတွင် အေးသွယ်သွယ်။ ဘယ်ဘက် အစွန်ဆုံးတွင် ခင်အေး။ အေး သွယ်သွယ်က စာကူးနေ၍ သူ ဝင်လာသည်ကို မမြင်။ ခင်အေး က သူ့ကို လှမ်းကြည့်ပြီး ပြုံးသည်။ ထိုင်ခုံတန်းဘေးသို့ရောက် သောအခါ ခင်အေးက လှမ်းပြောသည်။

'တေဇာအောင်က ဟိုဘက် အနောက်အတန်းကို ရောက် သွားပြီကွ'

'သူ့ဟာသူ ရွှေ့သွားတာလား'

'ဆရာမက ရွှေ့လိုက်တာ၊ သူက တို့အတန်းကို စောစော က ပြောင်းလာတာ'

ကျောင်းသူက သူ့ကို ကြည့်သည်။ မြင်ကာစက ကဲ့သို့ အကြည့် မတင်းတော့။ ပြုံးယောင်ယောင်မျက်နှာနှင့် ရှိနေ၏။ စကားပြောသံကြောင့် အေးသွယ်သွယ်က စာကူးနေသည်မှ ခဏရပ်ကာ....

'သူက အဲဒီနေရာမှာ ထိုင်တာ၊ သူ့နာမည်က ဇော်လတ် တဲ့၊ သူက တို့အတန်းကို ခုပဲ ပြောင်းလာတာ၊ သူ့နာမည်က ဝေ တဲ့'

စဉ်းစားမရသောအမည်က ထင်းခနဲ ဖြစ်သွားသည်။ သူ တစ်ချက်ပြုံးကာ ထိုင်ခုံတွင် တင်ပါးလွှဲ ထိုင်၏။ လွယ်အိတ်ကို စလွယ် သိုင်းထားရာမှ ဖြုတ်သည်။ စားပွဲအောက် အံဆွဲထဲသို့ အသွင်းသည်။ ကိုယ်ကို တည့်တည့်ထားကာ ထိုင်သည်။ သူ ဝေ့



ကို လှည့်ကြည့်သည်။ ဝေက သင်ပုန်းကြီးကို လှမ်းကြည့်နေ သည်။ သူ့မျက်လုံးကို ခင်အေးထံ ရွှေ့မည်အပြုတွင်....

'နေရာချင်းလဲရင် ကောင်းမှာပဲ'

သူ့ကို ပြောမှန်း သိသော်လည်း မသိယောင် ဆောင်နေ လိုက်၏။ တေဇာအောင်ကို မတွေ့၍ ခင်အေးကို မေးကြည့် ရန် နှုတ်ခမ်းပြင်၏။ ထိုစဉ်....

'ငါ နှင့်နေရာမှာထိုင်ချင်တယ်၊နေရာချင်းလဲပါလားဟင်'

ဝေ၏ အမေးကြောင့် ခင်အေးကသူ့ကိုလှမ်းကြည့်သည်။ မျက်လုံး ဝိုင်းနေအောင် ပြုံးကာ တစ်ချက် မဲ့ပြ၏။အဓိပ္ပာယ် ကို နားမလည်။ မျက်ခုံးပင့်ပြကာ ဘာလဲဟု မေးမည် ပြင် သည်။ ဝေက မျက်တောင်မခတ် ကြည့်နေ၍ ခက်၏။ပြောင်း မပေးနဲ့ကွာဟူသော သဘောဖြင့် ခင်အေးက အမူအရာပြသည် ထင်၏။ ဝေခွဲမရ ရှိနေစဉ်တွင်ပင်....

'ဇော်လှ....၊ နင်....ဒီဘက် ပြောင်းပေးမလားဟင်'

အေးသွယ်သွယ်က စာအကူးရပ်ကာ ဝေကို ကြည့်၏။ အမည် အခေါ်မှားသောကြောင့် ပြုံးဟန် တူလေသည်။ ထို အပြုံးဖြင့် သူ့ကိုကြည့်သည်။ သူ ပြောလိုက်သည်။

'ငါ့နာမည်က ဇော်လှ မဟုတ်ဘူး၊ ဇော်လတ်၊ လတ်၊ လရေး တသတ် လတ်'

ရှက်ပြုံးကြောင့် ဖြစ်မည်။ ဝေ၏ပါးမှာ နီမြန်းမြန်း ဖြစ် သွား၏။ ချက်ချင်းပြုံးသည့် အပြုံးမှာ ထူးထူးခြားခြား တစ်ခု တွေ့လေ၏။ ညာဘက် ပါးပေါ်ရှိ ပါးချိုင့်ကလေး။ တစ်ခဏ သာ ကြာ၏။ ပါးချိုင့်ကလေး ပျောက်သွားသည်။

'အေးပါ၊ ဇော်လတ်ကို ဇော်လှလို့ ငါ ကြားမိလို့ပါ၊ ငါ ပြောတာ ဘယ့်နှယ်လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကိုလဲ'

'ဟင်....ငါ ခုန ပြောနေတာတွေ နင် မကြားဘူးပေါ့ ဟုတ်လား'

'ဟင့်အင်း....နင် တစ်ယောက်ယောက်နဲ့ လှမ်းပြီး စကားပြောနေတယ်လို့ အောက်မေ့လို့'

'ငါ့အနားမှာ နင်တစ်ယောက်တည်း ရှိနေတာ နင့်ကို မပြောလို့ ဘယ်သူ့ပြောရမှာလဲ'

သူ ခေါင်းခါသည်။

'ငါ့အနားမှာ နင်ရော ခင်အေးရော အေးသွယ်သွယ်ရော ရှိနေတာပဲ၊ နင် သူတို့ကိုများ ပြောသလားလို့လဲ ငါထင်လို့'

ခင်အေးထံမှ ခွိခနဲ ရယ်သံတစ်ချက် ကြားလေသည်။ အေးသွယ်သွယ်က မျက်နှာငုံ့လိုက်၏။ စာကူးရန် ခဲတံ ကောက်ယူ၏။ မျက်နှာက ပြုံးစွေစွေ ဖြစ်နေ၏။

'နင် တကယ် လျှာရှည်တယ်၊ ငါပြောတာကိုတော့ ပြန်မပြောဘူး'

'ဘာကို ပြောတာလဲ'

'နေရာချင်း လဲပါလားလို့ ငါပြောတာလေ'

'ဘယ်နေရာနဲ့ ဘယ်နေရာလဲ၊ တေဇာအောင့်နေရာကို ငါက သွားပြီး ဟေဇာအောင်က ငါ့နေရာကို ပြောင်းပေးဖို့လား၊ ဆရာမက နေရာပြောင်းတာ မကြိုက်ဘူး'

ဝေ့မျက်နှာမှာ အနည်းငယ် တင်းမာလာသည်။

'မဟုတ်ဘူး၊ ငါ့နေရာကို နင်လာ၊ နင့်နေရာကို ငါပြောင်းမယ်'

သူ နှုတ်ခမ်း မဟ။ သူ့အဖြေကို ဝေ စောင့်နေကြောင်း သူသိသည်။ ဖြေသင့်ချိန် လွန်လာသည်အထိ နှုတ်မလှုပ်။ တစ်



ဖက် ပြတင်းသို့ ငေးကြည့်နေလိုက်၏။ ဝေက သူ့ကို စိုက်၍ ကြည့်နေမှန်း မျက်လုံးထောင့်မှ မြင်၏။ ကြာမြင့်လာသည်တွင် သည်းမခံနိုင်သော အသံဖြင့် ဝေ မေး၏။

'ငါ့ကို ပြန်မပြောတော့ဘူးလား'

ခပ်ဆိုင်းဆိုင်းနှင့်....

'ပြန်ပြောမှာပေါ့၊ ပြန်ပြောဖို့ စဉ်းစားနေတာ'

'ဘာ....စဉ်းစားနေတာ ဟုတ်လား'

'အင်း....'

'လွယ်လွယ်ကလေးကိုများ'

'မလွယ်ဘူး၊ နေရာပြောင်းလို့ ဆရာမ ရိုက်ရင် ဘယ့်နှယ်လုပ်မလဲ'

'အဲသလိုဆို ငါ ဆရာမကို သွားပြောမယ်လေ၊ ပြောင်းဆိုရင် ပြောင်းမလား'

သူ အဖြေမပေး။ ဝေက ငဲ့၍ကြည့်ကာ....

'ငါက အစွန်ဆုံးမှာပဲ ထိုင်ချင်တာ'

ညည်းသံယောင်ယောင်နှင့် ပြောသည်။

'ငါတို့ဆရာမက စည်းကမ်း သိပ်ကြီးတယ်ဟ၊ ဟိုပြောင်း ဒီပြောင်း ပြောင်းတာ မကြိုက်ဘူး၊ ပြောင်းတဲ့လူဆို နှစ်ယောက်စလုံးကို ရိုက်တာ၊ နင်က လူသစ်၊ တို့အတန်းက ဆရာမအကြောင်းကို ဘယ်သိဦးမှာလဲ'

'နင်....ကတ်တာပါ'

'မဟုတ်ပါဘူး'

'မဟုတ်ရင် ငါဆရာမကို သွားပြောမယ်၊ နင့်ကိုမရိုက်စေရဘူး ပြောင်းဆိုမှ ပြောင်းမယ် ဆိုတော့လဲ နင်မပြောဘူး'

သူ နှုတ်ခမ်း စုထား၏။ စိတ်အကျဉ်းအကျပ် ကြုံနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



'သွားပြောလဲ အလကားပဲ၊ မရဘူး မှတ်'

'ရရင်ကော'

သူ မဖြေ။ အေးသွယ်သွယ်နှင့် ခင်အေးတို့ နှစ်ယောက်၏ ခိုးခိုးခစ်ခစ် ရယ်သံတွေကြားရလေသည်။ သူက ထိုနှစ်ယောက်ကို လှမ်းကြည့်သည်၊ ဝေကမူ တစ်ငွေ့မျှ လှည့်မကြည့်။

'မရပါဘူးဟာ'

'ရလိုက်တာမှ ဟိုဘက် တစ်ဘူဘာတောင်လှန်သွားဦးမယ် နှင် မဖယ်ပေးချင်လို့'

'မဖယ်ပေးချင်လို့ မဟုတ်ပါဘူး၊ နှင် သွားပြောလို့လဲ နှင့်ကို ချေးများတယ်လို့ ထင်သွားရင် မကောင်းဘူးလေ'

'မထင်သေးဘူး၊တစ်သက်လုံး မထင်သေးဘူး၊ငါ့အဒေါ်ပဲ ဟာ'

'အာပြောတယ်၊ ငါတို့ဆရာမက နှင့်အဒေါ် ဟုတ်လား'

ဝေက ခေါင်းကိုသာ ညိတ်ပြသည်။

*

(၈)

သီတင်းကျွတ် ကျောင်းပိတ်ရက်အတွင်း မိလှိုင်ကို သတိရနေသည်၊ ပွဲတော်ရက် အတွင်းက ပို၍ မျှော်သည်၊ ပွဲတော်ရက်လွန်သောအခါမှ လာမည်ထင်သည်ဟု တွေးရသည်၊ ကျောင်းပြန်ဖွင့်ရန် သုံးရက်သာ လိုတော့သော နေ့တွင် အမေ့ကို မေးမိသည်။

'မိလှိုင်တို့ မလာတော့ဘူး ထင်တယ်နော် အမေ'

အမေ ခေါင်းညိတ်၏။

'ကျောင်းပဲ ပြန်ဖွင့်ခါနီးနေပြီ သား၏၊ ဒီအချိန်မှတော့ ဘယ်လာနိုင်တော့မလဲ'



'ကျောင်းဖွင့်ရင် ကျွန်တော် စာရေးလိုက်မယ်'

'ကျောင်း ပိတ်ထားတုန်း ရေးပေါ့'

'စာတိုက်တွေလဲ ပိတ်ထားမှာပေါ့ အမေရဲ့'

အမေ ရယ်သေသည်။

'ကျောင်းတွေသာ ပိတ်တာပါကွယ့်၊ ရုံးတွေ ဘယ်ပိတ်မလဲ၊ မပိတ်လို့ မင်းဖေဖေ နေ့တိုင်း ရုံးသွားနေတာပေါ့'

စာရေးမည်ဟု ဆုံးဖြတ်လိုက်သည်။ ညစာ ထမင်းစားပြီးချိန်တွင် စာရေးရန် ပြင်ဆင်၏။ ကုလားထိုင် ဆွဲထုတ်ကာထိုင်သည်။ သို့....မိလှိုင် ဟု ခေါင်းစည်း တပ်မည်။ စားပွဲပေါ်တွင် တံတောင်စုံ ထောက်လိုက်၏။ သတိတရနဲ့ ငါ စာရေးလိုက်ပါသည်ဟု ဝါကျ စမည်၊ စာကြည့် မီးတိုင် ခလုတ်ကို လှမ်းဖွင့်သည်။ နှင် သီတင်းကျွတ် ကျောင်းပိတ်ရင် လာမည်ဆိုသောကြောင့် ငါမျှော်တယ်ဟု ဆက်ရေးမည်၊ ကျောင်းစာ မရေးရသေးသော ဗလာစာအုပ် တစ်အုပ်ကို အံဆွဲထဲမှ ထုတ်ယူ၏။ နှင် ဘာလို့ မလာတာလဲ၊ ကျောင်းကြီး ပိတ်ရင် ငါတို့ဆီ လာမှာလား၊ နှင် ကျောင်းတက်ရတာ ပျော်သလား၊ လေးတန်း တက်ရင် ပြန်ပြောင်းလာမှာလားဟု ရေးရမည်။ ဗလာစာအုပ် အလယ်ရွက် နှစ်ရွက်ကို ဆွဲဖြုတ်သည်၊ ပေတံနှင့် ခဲတံကို ယူကာ ဘေးမျဉ်း ဆွဲချလိုက်သည်၊ နှင့်ကို ငါ သတိရပါသည်။ နှင် ငါတို့ဆီ ပြန်ပြောင်းလာပါလား၊ ငါနှင့် ငါ့အဖေ အမေတို့က နှင်တို့ အိမ်သားတွေကို သတိရကြဘယ်။ နှင် စာရေးပါဦး။ ငါလဲ ရေးမယ်၊ နှင် သတိရ...။ စာတွေ ထပ်နေမည်ဟု သိသည်၊ စိတ်ထဲတွင် ရှိနေသရွေ့တို့ကာ စာလုံးတွေ ဖြစ်မလာကြ။ ရေးလိုသည်၏ ဆယ်ပုံ တစ်ပုံမျှ ရေး၍ မရ၊ ကစားတာတွေ ထည့်ရေးရင် ကောင်းမယ်။ ကျောင်း

www.burmeseclassic.com



အတူတူ ထက်တာ ရေးရရင် ရေးလို့ ရမယ် ထင်တယ်။ သူ ပေးခဲ့တဲ့ အရုပ်ကလေးကို မှန်ဗီရိုထဲ သေသေချာချာ ထည့်ပြီး သိမ်းထားတာလဲ ရေးရဦးမယ်။ ကျန်သေးတာပဲ။ သူ ပြောင်းသွားပြီး သူ့ အိမ်ရှေ့ကို ရောက်သွားတာ၊ အိမ်တံခါး ဝင်းတံခါး ပိတ်ထားတာ တွေ့လို့ ငါ ဝမ်းနည်းရတာတွေ ရေးလိုက်ရင် နှစ်မျက်နှာ ရှိမှာပေါ့ဟု တွက်သည်။

ထို့ကြောင့် စာရွက်ကို အလိုက်သင့် ချသည်။ ခဲတံကို ရေး၍ကောင်းအောင် ဆပြီး ကိုင်သည်။ စာရွက်နှင့် ခဲတံ ထိမည့် ခဏတွင် ရေးစရာတွေ ထပ်မံ ပေါ်လာ၏။

ငါ့ကို နင်ကျွေးတဲ့ ဆီးပြားတွေကို ငါ မမေ့ပါဘူး၊ နင် ကြိုက်တယ် ဆိုတဲ့ သစ်တော်သီးတွေကို ငါမြင်တော့ နင့်ဆီ ပို့လိုက်ချင်တယ်၊ ငါ တစ်ခု ပြောရဦးမယ်၊ အပျိုကြီးလို ဟန်လုပ်လို့ နင်မခေါ်တဲ့ ဝေ တို့အတန်း ပြောင်းလာတယ်၊ အခု ငါတို့နဲ့ တစ်ခုံတည်းမှာ ထိုင်တယ်၊ သူနှင့် ငါတို့ သူငယ်ချင်းတွေ ဖြစ်ပြီ။ နင့်ကို နှုတ်မဆက်တာ ငါပြောတော့ သူ မသိမိဘူးတဲ့။ သူ ဟန်ကြီးပန်ကြီးမို့လို့ ပြန်မခေါ်တာ မဟုတ်ပါဘူးတဲ့။ သူရယ်၊ အေးသွယ်လွယ်ရယ်၊ ခင်အေးရယ် ငါနဲ့ တစ်ခုံတည်း ထိုင်ကြသည်။ ဝေ သဘောကောင်းပါသည်။ နင့် သူငယ်ချင်းတွေကို နင့်လိပ်စာ ငါပေးပြီးပြီ။ သူတို့ စာထည့်ကြသလား၊ နင် သူငယ်ချင်းတွေ ရနေပြီလား။ စာရေးပါဦးဟု ရေးရန် စိတ်ကူးတွေ ရ၏။ စာအဆုံးတွင် ကျန်းမာပါစေ။ ကျန်းမာပါ၏ ထည့်ရေးရန် သတိရပြီး ဖြစ်လေသည်။

'မောင်သားက စာရွက်တွေ ဘာတွေ ပြင်လို့ ဘာရေးမလို့ လဲကွ'



ဆေးတံ ဆေးသိပ်ရင်း စားပွဲ အနီးသို့ လျှောက်လာသူ အဖေက မေး၏။ သူ့အဖြေက ခပ်ဆိုင်းဆိုင်း ဖြစ်နေသည်။

'မိလှိုင်တို့ဆီ စာထည့်မလို့ပါ အဖေရဲ့'

အဖေသည် ပြုံး၍ ခေါင်းညိတ်၏။

'ဪ... အေးအေး၊ ဒါဖြင့် အဖေတို့ကလဲ သတိရတယ် ဆိုတာ ထည့်ရေးလိုက်ပါကွာ'

သူ ခေါင်းညိတ်ပြလိုက်သည်၊ ထိုစဉ် အမေက စားပွဲရှေ့သို့ လာ၍ ရပ်၏။

'ဘာတွေများ ရေးထည့်ခိုင်းနေတာလဲ'

အဖေ့ကို လှမ်းမေး၏၊ အဖေက သူ့ထံသို့ မေးဖြင့် ညွှန်၏။

'မင့်သားက လှိုင်လှိုင့်ဆီ စာရေးမလို့တဲ့၊ အဲဒါကြောင့် တို့ကလဲ သတိရကြောင်း ရေးထည့်ဖို့ ပြောတာပါကွ'

အမေက ပြုံးစေ့စေ့နှင့် ကြည့်ကာ....

'မသိပါဘူး၊ သားတော်မောင်ကို ရည်းစားစာ ရေးနည်းများ ပြနေသလားလို့ပါ'

အမေက အဖေ့ကို နောက်ပြောင်သော စကားဟု သိသည်၊ သိပင် သိသော်လည်း အလိုလိုပင် မလုံမလဲ ဖြစ်လာ၏၊ ရှက်ရွံ့စိတ်က သူ့ကို မျိုလိုက်သကဲ့သို့ပင် ခံစားရ၏။ မိလှိုင်ထံသို့ ရေးသည့်စာကို ရည်းစားစာဟု စောင်းပြောလေသလားဟု အောက်မေ့သည်။ သူ စာရေးမည့် စားပွဲရှိရာသို့ အဖေ ရောက်လာခြင်းမှာ ရေးမည့်စာကို တစ်စေ့တစ်စောင်း လာ ကြည့်ခြင်းပေလားဟု အတွေးရ၏၊ အမေသည်လည်း ရေးမည့်စာကို အကဲလာခတ်သည်ဟု ထင်လာလေ၏။ မည်သည့် အခါကမျှ မဖြစ်စဖူးသော ဝေဒနာ တစ်မျိုးကို ခံစားရစ်သည်၊ မျက်နှာသည် အရှက်ကြောင့် ပူနွေးလာသည်ဟု သတိ

www.burmeseclassic.com

ပြုံးမိသည်၊ သူ့မျက်နှာ အမူအရာ ပြောင်းလဲသွားသည်ကို အဖေက ဦးစွာ ရိပ်မိဟန် တူ၏။

'ကဲ…မင်းတာ့မင်း စာရေးပါကွာ၊ မသန်းမေ…မင်းလဲ စားပွဲနားမှာ ရပ်မနေနဲ့၊ စာအရေးရ ခက်နေပါဦးမယ်'

မျက်လုံးကို စာရွက်ပေါ်သို့သာ ရွှေ့ထားပြီး စဉ်းစားနေဟန် ပြု၏။ ရေးစရာတွေ ပျောက်ကုန်ပေပြီ။ ရေးဖြစ်တော့မည် မဟုတ်ဟု ကိုယ့်ကိုကိုယ် သိလေသည်။

*

(၉)

ရှင်ထဲတွင် အေးခနဲ ဖြစ်သွား၏၊ ပျော်ရွှင်မှုကို ဖော်မပြတတ်။ ထို့ကြောင့် လှည့်၍ ကြည့်ရင်း နှစ်နှစ်ကာကာ ပြုံးပြလိုက်သည်။ အောင်စာရင်းတွင် သူ့အမည်နှင့် ဝေ၏အမည်။ ဝေ၏အကြည့်သည် ချမ်းမြေ့ဖွယ်ဖြစ်လေသည်။ အောင်စာရင်း ကပ်ထားသော သင်ပုန်းကြီး အနီးတွင် တစ်တန်းတည်းသားတွေ ဝိုင်းအုံနေကြ၏၊ သူတို့အမည်တွေကို ရှာကြည့်သည်။ အားလုံး အောင်ကြသည်။ ကြည့်နေရင်းနှင့် ကျောင်းသားတွေ များလာသည်။ စောစောကထက် အတိုးအဝှေ့ များလာ၏။ ဝေက စိတ်ညစ်ဟန်ဖြင့် ကြည့်ကာ 'သွားရအောင်' ဟု ခေါ်၏၊ 'အပြင်မှာ ခဏလေး စောင့်ဟာ၊ သူငယ်ချင်းတွေ နာမည်လျှောက်ကြည့်လိုက်ဦးမယ်' ဟုသူပြော၏၊ ဝေက တိုး၍ ထွက်သွားလေသည်၊ ဟေ့ကောင်၊ မင်း အောင်လား၊ အေး… မင်းကော၊ အောင်တယ်ကွ။ ငါ့နာမည် ကြည့်ပေးစမ်းပါဦး။ နင်တို့ ယောကျ်ားလေးတွေ တအား တိုးနေကြတာကိုးဟ။ အောင်ပါတယ်၊ ငါ နင့်နာမည် တွေ့လိုက်တယ်၊ ခင်မောင်ဝင်းကော အောင်လား၊ ဒီကောင်လဲ အောင်တယ်ကွ၊ မနီလွဲ



အောင်တယ်ကွ၊ အောင်ထွန်းကော၊ ကျတယ်ကွ၊ တင်ဦးကော အောင်တယ်ကွ။ ဟာ ငါ့နာမည်ကို စိုင်းရှာပေးကြပါကွ၊ ဟော့ကောင်…. တအား တွန်းတာကိုးကွ။ မတော်လို့ပါကွာ၊ မောင်ရှိန်လဲ အောင်တယ်ဟေ့။ တင်တင့်လဲ အောင်တယ် ဆရာ။ မောင်ရှုလဲ အောင်တယ်၊ ဟောဒီမှာ ဂုဏ်ထူးနှစ်ဘာသာ စပကြီးလဲ အောင်တယ်ဟေ့၊ မောင်ခရော၊ သူ့နာမည် မတွေ့သေးဘူး။ ဇော်လတ်၊ ဟေ…ဇော်လတ်။ သူ့ကို ခေါ်သံက အသံပေါင်းစုံကြားတွင် ထွက်လာ၏။ သူ ထူးလိုက်ပြီး သမင်လည်ပြန် လှည့်ကြည့်၏။ ခင်အေးက အုတ်ခုံပေါ်မှာ ရပ်ကာ လက်ကိုယမ်းပြသည်၊ သူ အော်ပြောလိုက်သည်။

'မင်း….အောင်တယ်'

'ငါ…သိပြီးပြီ၊ အစိုးအတွက် ကြည့်လိုက်စမ်းပါဦး၊ ငါ ကြည့်ဖို့ မေ့သွားလို့'

သူ ကြည့်လိုက်၏၊ တွေ့သည်။

'အောင်တယ်ကွ၊ အေးသွယ်သွယ်လဲ အောင်တယ်'

'လာတော့ကွာ'

ကျောင်းသူ ကျောင်းသားတွေကြားမှ တိုးဝှေ့ကာထွက်ယူရသည်။ အပြင်သို့ ရောက်သောအခါ သူ့ကိုယ်တွင် ချွေးတွေ စို့နေ၏။ ခင်အေးရှိရာသို့ လှမ်းလိုက်သည်၊ ခင်အေး၏ အနီးတွင် အေးသွယ်သွယ်နှင့် ဝေတို့ စကားပြောနေကြသည်။ သူ့ကိုမြင်သော် အေးသွယ်သွယ်က ပြုံးပြ၏။ အနားသို့ ရောက်မှ သူ ပြောသည်။

'တို့အခန်းက ဆယ်ယောက်လောက်ပဲ ကျတယ်၊ တခြား အခန်းကဆိုရင် ကျတဲ့သူတွေ အများကြီးပဲ'

www.burmeseclassic.com

www.burmeseclassic.com



အေးသွယ်သွယ်က အောင်စာရင်း ကြည့်နေသူဟှေထံသို့ တစ်ချက်ကြည့်ရင်း....

'အစိုးရစစ်ဆိုတော့ ခက်တာပေါ့၊ တို့နှစ်ကျမှ သိပ်ခက်တယ်လို့ ဆရာမတွေပြောတာ ကြားဘယ် မဟုတ်လား၊ မနှစ်က တို့အခန်းမှာနေသွားတဲ့လေးတန်းသားတွေဆိုရင် တစ်ယောက်ပဲ ကျတယ်တဲ့'

ဝေကာ အေးသွယ်သွယ့်စကားကို ခေါင်းညိတ်ပြီး ထောက်ခံသည်။

'အောင်စာရင်းကြည့်ဖို့ ဇော်လတ် လာခေါ်တော့ ငါ့ရင်တွေ အရမ်း ခုန်နေတာပဲ၊ နာမည် တွေ့မှပဲ စိတ်အေးရတော့တယ်'

ခင်အေးက အုတ်ခုံပေါ်မှ ဆင်းလာရင်း....

'ဤဖေကိုယ်က ကျမယ်လဲ မထင်ဘူး၊ ကျချင်လဲ ကျနိုင်တယ်လို့ တွက်တယ်ဟ၊ တကယ်လို့များ ကျများ ကျရင် ဘုန်းကြီးကျောင်းကို ပြေးပြီ'

အေးသွယ်သွယ်က နဘေးမလည်ဟန်ဖြင့် လှည့်ကြည့်သည်။ ထို့နောက် မေးသည်။

'ဘာလုပ်ဖို့ ဘုန်းကြီးကျောင်းကို ပြေးမှာလဲ'

ခင်အေးက သွားကျဲတွေပေါ်အောင် ပြုံးကာ....

'ဘကြီးဘုန်းကြီး ရှိတယ်လေ၊ ကိုရင် ဝတ်ပစ်လိုက်ဖို့ပေါ့၊ နို့မဟုတ်ရင် ငါ့အဖေက ကျောက်ခွဲအောင် ဗျောင်းတော့မှာဟ၊ ကျရင် အသေပဲမှတ်လို့ အဖေက တအား ကြိမ်းထားတာ၊ ကိုရင်ဝတ်နဲ့ဆိုတော့ ဘယ်တီးမလဲ၊ မဟုတ်ဘူးလား'

သူတို့အားလုံး ရယ်လိုက်ကြသည်။

*



(၁၀)

ချွန်ပြီးစ ခဲတံနှင့် ခဲဖျက်၏ရနံ့သည် မွှေးမွှေးပျံ့ပျံ့၊ ရောင်စုံခဲတံ သစ်သားနံ့က ပို၍သင်းသည် ထင်း[illegible]ပန်းစတ္တူကဲ့သို့ လိပ်နေသော ချွန်သားတွေကို ယူကာ မွှေး[illegible]၊ ရှုံ့[illegible]မျိုး ထုံထားသကဲ့သို့ ရှိနေသည်။ ကွန်ပါဘူး၊ စာအုပ်သစ်[illegible] သာနုနု လိမ်းထားသလား အောက်မေ့[illegible]ပြင် ကျောင်းခန်း၏ ကြည်နူးစရာကောင်းသည်ဟု ခံစားရသောအနံ့ [illegible] သစ်ကိုလည်း နှာဝတွင်ရလေသည်။ မူလတန်းကျောင်း[illegible] အဆများစွာ ကြီးမားသော တိုက်ကျောင်း[illegible] စာသင်ခန်းကို ကျေနပ်လျက်ရှိသည်။ အပေါ်ထပ်တွင် နေရသောကြောင့် ကျောင်းအရှေ့ဘက် မြင်ကွင်းများကိုဆီး၍ကြည့်နေရသည်နှင့် မခြား ရှိနေ၏။ စိမ်းညို့သော သစ်ပင် တောအုပ်များ၊ သွေ့ခြောက်သောမြက်ခင်းတောများ၊ ကွေ့ကောက်သောမြေသားလမ်း၊ လျှိုနှင့်ကုန်းမြင့်များ၊ အရှေ့ဘက်အစွန်ဆုံးတွင် ပျမျ မြင်ရသော ရိုးမကျော။ လတ်ဆတ်သောလေညင်းသည် ပြတင်းမှ အမြဲဝင်လျက်ရှိ၏။ ပြတင်းနှင့် ကပ်လျက်နေသော ခုံတွင် ထိုင်ရသောကြောင့် အလင်းရောင် ပြည့်ပြည့်ဝဝ ရသည်။ သည်နေရာမှာ ဆရာမက ထိုင်ခိုင်းစဉ်က မကြိုက်ချင်လှ၊ နေရောင်ထိုးမည်ဟု ထင်ခဲ့သည်။ နေပွင့်သော နေ့တွင် နေရောင် ဝင်မလာ။ ကျောင်း၏ အရှေ့အရပ်ရှိ ကုက္ကိုပင်တန်းက နေရောင် ကွယ်ထားသည်ကို တွေ့ရ၏။ အလွန်ဆုံးမှ နေခြည်ပြောက် တစ်ပြောက် နှစ်ပြောက် တစ်ခဏသာ လာ၏။

'တို့ အတန်းပိုင်ဆရာမ နာမည်က ဘယ်လို ခေါ်သလဲဟင်'

ခင်အေးက ထိုင်ခုံကို သူ့ဘက်သို့ ဆွဲလာရင်း မေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်သန်း'

'အင်္ဂလိပ်စာ ဆရာမကကော'

'ဒေါ်မြညွန့်'

'ရူပြဗေဒ ဆရာက ဦးဘဘ မဟုတ်လား'

'အင်း...ပထဝီသင်တဲ့ ဆရာမနဲ့ အထွေထွေသိပ္ပံ သင်တဲ့ ဆရာမ နာမည်တွေ ငါ ရောနေတယ်'

ခင်အေးက ကုလားထိုင်တွင် ထိုင်ပြီး...

'ပထဝီသင်တာက ဒေါ်စိန်ရီ၊ အထွေထွေသိပ္ပံသင်တာက ဒေါ်စိန်ကြည်'

'ဒေါ်စိန်ကြည် ဆိုတာ ဝဝဆရာ မဟုတ်လား'

ခင်အေး ခေါင်းညိတ်၏။ ထို့နောက်...

'လေးတန်းတုန်းကနဲ့တော့ တခြားစီပဲနော်'

အစစ အရာရာတွင် ကွာခြားလာသည်ကို ခင်အေးဆိုလိုပုံ ရ၏။ လေးတန်းတုန်းက ထိုင်ခုံရှည်တွင် လေးယောက် ငါးယောက် ထိုင်ရ၏။ အထက်တန်းကျောင်းတွင် ကိုယ့်ကုလားထိုင်နှင့် ကိုယ်၊ ကိုယ့်စာရေးစားပွဲနှင့်ကိုယ်။ လွယ်အိတ်ထားရသည်ကပင် သဘောကျစရာ ဖြစ်၏။ စားပွဲဖုံးကို မ,၍ ဖွင့်လိုက်ရုံသာ။ အချိန်စာရင်းအလိုက် သင်မည့် စာအုပ်တွေ၊ မှတ်စု စာအုပ်တွေ အသင့်ထည့်ထားရုံသာ၊ သင်သမျှ စာအုပ်တွေ အားလုံးကို နေ့တိုင်း ယူလာစရာမလိုတော့။ အချိန်စာရင်း အရ ဆိုင်ရာ စာအုပ်ကိုသာ ယူလာရ၏။ လွယ်အိတ်မဆံ့အောင် သယ်ယူခြင်း မပြုရတော့။ ကချင်လွယ်အိတ်မှာ ချောင်ချောင် ချိချိ ဖြစ်နေ၏။

'တစ်ချိန်နဲ့တစ်ချိန် ပြောင်းတာ ငါတော့ သိပ် သဘောကျတာပဲ'



လေးတန်းတွင် ကိုယ့်အတန်းပိုင် ဆရာတစ်ယောက်တည်းကသာ တောက်လျှောက် သင်သည်။ ယခုသော် ကိုယ့်အတန်းပိုင် ဆရာမက မြန်မာစာ သင်သည်။ ရောက်ရောက်ချင်း နာမည် ခေါ်ချင် ခေါ်သည်။ သို့မဟုတ်လျှင် နောက်တစ်ချိန် ကူးခါနီးတွင်မှ ခေါ်သည်။ တစ်ချိန်နှင့်တစ်ချိန် အကူးတွင် ခေါင်းလောင်းသံ တစ်ချက် ကြားရသည်။ ထိုခေါင်းလောင်းသံသည် မူလတန်းကျောင်းကကဲ့သို့ လျှပ်စစ်ခေါင်းလောင်းသံ မဟုတ်၊ ကားဘီးသံခွေကြီးကို ဆရာကြီး ရုံးခန်းရှေ့ စင်္ကြံတွင် ချိတ်ထားကာ သံချောင်းဖြင့် ခေါက်ခြင်းဖြစ်လေသည်၊ကျယ်လောင်လှသည်ကား တအားပင် ဖြစ်လေသည်၊ အခန်းကြီးမှ ပင် ကောင်းစွာ ကြားရ၏။ ပထမဆုံးတက်သည့်နေ့က အချိန်ပြောင်း စနစ်ကို မသိ၊ အတန်းပိုင်ဆရာမ၏ စကားကို အာရုံစိုက်နေစဉ် သံချောင်း ခေါက်သံကြီးကြောင့် အားလုံးသိလိုလို လန့်သွားကြ၏။ လှုပ်ခနဲ လန့်သွားသူတွေကို ကြည့်ကာ ဆရာမ ပြုံးသည်။ ဆရာမက ရှင်းပြမှ သဘောပေါက်ကြသည်။

'တစ်ယောက်ချင်း စာမေးနေတုန်း အချိန်ပြောင်းသွားရင် မဖြေရတော့ဘူးလား'

'အေးပေါ့ကွာ၊ စာမကျက်လာတဲ့အခါနဲ့ ကြုံရင် ဒါသဲ ထန်ကျတာပေါ့၊ အဲဒါထက် သဘောကျစရာကောင်းတာက မုန့်ခိုးစားလို့ ကောင်းတာမပေါ့ကွာ'

သူ ရယ်၏။

'ဟင်း....မင်းဟာကလဲကွာ၊ ဘာမျှားလဲလို့'

'အဟုတ်ပြောတာ၊ ကော်ပီစာအုပ် ယူသလိုလို ဖောင်တိန် အသလိုလိုနဲ့ စားပွဲဖုံးကို မ၊ မင်ကို ပါးစပ်ထဲ ထည့်၊ မြန်မြန်

www.burmeseclassic.com

www.burmeseclassic.com



ဝါးပြီး မျိုချပြီးရင် ခပ်တည်တည်နဲ့အဖုံးပြန်ချပြီး နေ၊ဆရာမ ဘယ်သိမလဲကွ'

'သုံးတန်းတုန်းက မင်း နွယ်ချို ခိုးငုံထားလို့ အရိုက်ခံရပြီး ပြို မမှတ်သေးဘူး'

ခင်အေးက ပြုံးစေ့စေ့နှင့် ပြန်ပြော၏။

'အခု တို့က ငါးတန်းကျောင်းသားပဲ၊ ဆရာ ဆရာမတွေက မရိုက်တော့ပါဘူး၊ ငါတော့ ငါးတန်းတက်ရတာ ဒီတစ်ချက် တည်းနဲ့ပဲ သိပ်သဘောကျတယ် သိလား၊ စာတွေက များ လွန်းတယ်ကွနော်၊ အင်္ဂလိပ်စာကလဲ ခက်တယ်'

သူ ခေါင်းညိတ်ပြလိုက်၏၊ ထိုစဉ် အခန်းတံခါးဝဘက်မှ ခေါ်သံကြားသောကြောင့် ကြည့်လိုက်သည်။ အေးသွယ် သွယ်၊ သူ့ဘေးတွင် ဝေ။ အေးသွယ်သွယ်က ခပ်ကျယ်ကျယ် ပြော၏။

'မုန့်စား အတူတူ ဆင်းမယ်ဆိုလို့ စောင့်နေလိုက်ရတာ၊ပြန် တောင် တက်ခါနီးနေပြီ'

ခင်အေးက အေးသွယ်သွယ်ကို လှမ်းပြော၏။

'မနက်ဖြန် မုန့်စားဆင်းချိန်ကို ပြောတာဟ'

ဝေနှင့် အေးသွယ်သွယ်တို့ နှစ်ယောက်က ပြုံးကြ၏၊ ပစ္စည်း ပစ္စယတွေကို သိမ်းဆည်းပြီး ထလိုက်၏၊

'မုန့်စား သွားရအောင်'

ခပ်အေးက အင်တင်တင် ဖြစ်နေ၏။ သူ ထပ်ပြောလိုက် သည်။

'ငါ့မှာ တစ်ကျပ်ခွဲ ကျော်ကျော် ပါလာတယ်၊ ထပါ ငါ ကျွေး[illegible]မယ်'

*



(၁၁)

အစိုး၏ အမေးကို ကြားရမှ ကိုယ့်ကိုယ်ကို အံ့အားသင့်သည်။ ရိရိလှိုင်တို့ အခု ဘယ်မှာ နေကြသလဲ ဇော်လတ် ဟူသော မေးခွန်း။ မန္တလေးမှာ နေကြတယ်ဟု သူဖြေခဲ့သည်။ သူ တစ်ခါမှ လာမလည်တော့ဘူးလားဟင် ဟု သူ့ကို မေး၏၊ ဟင့် အင်း ဟု အစိုးကို ဖြေခဲ့သည်။ ရိရိလှိုင်က မန္တလေးမှာပဲ ကျောင်းဆက်နေတာပေါ့ဟု အစိုးက မေး၏၊ အင်းဟု သူ ဖြေသည်။ အခုဆို သူလဲ တို့လို ခုနစ်တန်း ရောက်နေမှာပဲ ဟု သူ့ကို ထင်မြေကြေးပေး၏၊ သူ ဘာမျှ မပြော။ မင်းနဲ့ စာ အဆက်အသွယ်တောင် မရှိတော့ဘူးပေါ့ ဟု မေး၏၊ မရေး ဖြစ်ခဲ့ဘူးကွာ၊ သူ့လိပ်စာ ဘယ်ရောက်နေမှန်းတောင် မသိ တော့ဘူးဟု ဖြေသည်။အရင် သူတို့နေတဲ့ အိမ်ကကော ရောင်း သွားတာလား ဟု မေးသည်၊ ရောင်းတာတော့ ဟုတ်မယ် မထင်ဘူးကွ၊ မိလှိုင့် အဖေရဲ့ အမျိုးလို့ သိရတာပဲ။ တို့နဲ့လဲ မသိဘူးဟု သူ ဖြေသည်၊ နေပါဦးကွ၊ မင်းကလဲ ဘာ စိတ်ကူး ရပြီး မိလှိုင့်အကြောင်း ငါ့မေးနေတာပါလိမ့်ဟု သူမေးသည်၊ အစိုးက ပြုံးသည်။ ထို့နောက် 'မင်းက မိလှိုင့်အကြောင်းကို လေးတန်း ငါးတန်းတုန်းက ခဏ ခဏ ပြောတယ် မဟုတ် လား။ ခြောက်တန်းတုန်းကရော၊ အခုရော ပြောသံ မကြား ရလို့ ငါမေးတာပါ'ဟု အစိုး ဖြေ၏။ သူတို့နှစ်ယောက် မေး ဖြေ ပြောဆိုနေသည်ကို ခင်အေးက နားထောင်နေရာမှ တစ် ခွန်း ဝင်ပြောသည်၊ 'ဩော်....ဟော့ကောင် အစိုးရ၊ မင်းကလဲ ငါးစိမ်းမြင် ငါးကင်ပစ် ဆိုတာ မင်း မကြားဖူးဘူးလား'ဟု ရွှတ်နောက်နောက် စကားပြော၏၊ ဟာ....မဟုတ်တာကွာ ဟု ခင်အေးကို သူ ပြောသည်၊ အစိုးက ခင်အေးကို 'ဟေ....

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ ငါးစိမ်းက သေးသေးသွယ်သွယ်လေးလား၊ ဝေဝေဆာဆာလေးလား' ဟု အေးသွယ်သွယ်နှင့် ဝေတို့ကို ရည်ရွယ်ကာ အရွှန်းပြော၏။ ဘယ်ကလာ၊ သေးသေးသွယ်သွယ်လေး ဟုတ်ရမှာလဲ၊ ဝေဝေဆာဆာကလေးကွ ငါ့ကောင်ရဟု အသံပြကြီးနှင့် ရယ်မြော ပြော၏၊ ဒါဖြင့်ရင် မာမာအေးသီချင်းကို ဒီလိုဖျက်ပြီး ဆိုရမယ်ကွ၊ ငါးတွေ ဝေမှဖြင့်ကွယ် လို့၊ အစိုးက ပြက်လုံးထုတ်သည်။ ခင်အေးက ဘယ် အဲသလို ဟုတ်မလဲ၊ ငါးစိမ်းတွေ ဝေမှဖြင့်ကွယ် လို့ ဆိုရမှာပေါ့ဟု နောက်လေသည်။

တစ်ရက်နှစ်ရက်ခန့် ကြာလျှင် ထိုမေးခွန်း၊ ထိုအကျီစယ် စကားတို့နှင့် စပ်လျဉ်းရာ စပ်လျဉ်းကြောင်းတို့ ပျောက်သွားမည်ဟု ထင်ခဲ့၏။ လေး ငါးရက် ရှိလာသည်အထိ ထိုသို့ ထင်နေခဲ့သေးသည်၊ သို့သော် ထင်သည်နှင့် ဆန့်ကျင်ဘက် ဖြစ်နေ၏၊ မိလှိုင်ကို သတိရ၍နေသည်၊ မှတ်စုလိုက်မှတ်ရသည့် အချိန်၊ စာဖြေရသည့် အချိန်မှတစ်ပါး ကျန်အချိန်တိုင်းတွင် မိလှိုင်ထံသို့ စိတ်ရောက်နေ၏။ အိမ်အလုပ်တွေ ကူလုပ်ရချိန်နှင့် အလွတ်မရလျှင် မဖြစ်သော စာတွေကို ကျက်ရချိန်တွင်ပင် မိလှိုင်ကို အမှတ်တရ ဖြစ်နေ၏။

မိလှိုင်၏ အသံကို အာရုံ ထင်ရှား ကြားယောင်ယောင် နိမိတ် ထင်သည်၊ မိလှိုင့်မျက်နှာကို အာရုံပီပီ မြင်သည့်အမြင် ကြိုးစားကြည့်သည်၊ ဆင်းပြင်သဏ္ဌာန်သည် ဝါးဝါးထွေးထွေး ဖြစ်နေ၏။

***

ညစာထမင်းဝိုင်းတွင် မိလှိုင်နှင့်ပတ်သက်၍ အဖေ ထံမှ ကြားရသည်၊ မိလှိုင်၏ ဖခင်သည် ရန်ကုန်သို့ အလုပ်ကိစ္စဖြင့် ခေတ်



ဆင်းလာကြောင်း၊ အဖေနှင့် တွေ့ကြောင်း၊ မိသားစုအားလုံးကို မေးကြောင်း အဖေ ပြောပြ၏။ အမေက မေးသည်။ အဖေက ဖြေသည်။ အမေနှင့် အဖေတို့ မေးမြန်းပြောဆိုနေသမျှကို နားစွင့်ထားခဲ့သည်။

မိလှိုင် ခုနစ်တန်းသို့ ရောက်ပြီဟု သိရ၏။ ရန်ကုန် ရောက်လျှင် ဇော်သတ်၏ ဖခင်ရှိရာ ရုံးသို့ ဝင်ဖြစ်အောင် ဝင်ပါဟု မိလှိုင် မှာသည်၊ ဖြစ်နိုင်ပါက ဇော်လတ်တို့မြို့သို့ သွားစေလိုသည်ဟု မိလှိုင် မှာသည်၊ မန္တလေးသို့ အလည်အပတ် လာစေလိုကြောင်း၊ သူတို့လည်း ရွှေနှစ်ခါလောက်တွင် အလည်လာမည်ဖြစ်ကြောင်း စကားတွေကို ဖခင်မှတစ်ဆင့် စကားပါးလိုက်သည်။ ထမင်းဝိုင်း သိမ်းပြီးသောအခါ ထိုစကားစက မပြတ်သေးပေ။ မိလှိုင်တို့ အလည်အပတ် မလာကြခြင်းကို သူ မေးသည်။ ရန်ကုန်ရှိ ဆွေမျိုးအရင်းအချာ အချို့နှင့် အဆင်မပြေသည်မှ အစ မန္တလေးသို့ ပြောင်းသည်အထိ အမေက ပြန်ပြောပြသည်။ လှိုင်လှိုင်လဲ အပျိုပေါက်ကလေး ဖြစ်နေရောပေါ့ဟု အမေက ပြောသည်။ ကိုလွန်းခင်က ပြောတယ်၊ သမီးကို ခင်ဗျားတို့ မြင်ရင် မှတ်မိမှာ မဟုတ်ဘူးတဲ့ဟု အဖေ ပြောသည်။ စကားဝိုင်း သိမ်းသည့်နောက်တွင် သူ့ စိတ်သည် လှုပ်ရှားလျက် ရှိသည်၊ ထိုသို့ လှုပ်ရှားနေခြင်းကို အထူးတဆန်း ခံစား သိရှိလေသည်။

***

မေ့လျော့ခဲ့မိပါတကားဟု မကျေမနပ် ဖြစ်ရလေသည်၊ ကိုယ့်စကားကို ကိုယ် အမှတ်ရ၍ ပြုံးမိသည်။ လေးတန်းသို့ ရောက်သောအခါ မိလှိုင်တို့ ပြန်လာပါစေဘုရားဟု ငါးဆယ်ခါ ဆုတောင်းခဲ့သည်။ နောက်တော့ ဆုတောင်းရန် မေ့သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝါဆိုသင်္ကန်း ကပ်သော နေ့တွင်မူ သတိရသည်။ ထိုသော် သုံးတန်းနှစ် ဝါဆိုသင်္ကန်း ကပ်သောနေ့မှာ သတိရ သကဲ့သို့ကား မစူးနစ်လွန်းလှ။ သို့တစေ သချင်္ာတွေ၊ ဖတ်စာ တွေ၊ သမိုင်းတွေ အကြားတွင် မိလှိုင်သည် မှုန်ဝါး၍ သွား လေသည်။ ခင်အေး၏ အပြောင်အပြက် စကားတွေ၊ အစိုး၏ စကားကြီး စကားကျယ်တွေ အကြားတွင် မိလှိုင်သည် ကွယ် ပျောက်လာခဲ့သည်။ အေးသွယ်သွယ်၏ စကားထာတွေ၊ ဉာဏ် စမ်းပုစ္ဆာတွေကြားတွင် မိလှိုင်သည် တိမ်မြုပ်နေခဲ့သည်။ ဝေ၏ ပုံပြင်တွေ၊ ကျောင်းစာမေးသံတွေ ကြားတွင် မိလှိုင်သည် ဝေး၍ဝါး၍ ကျန်ရစ်ခဲ့လေသည်။ အဖေ့ထံမှ ကြားရသော စကားတွေအရ မိလှိုင် ငါ့ကို သတိတရ ရှိနေသားပဲဟု သိရ သည်။ မြင်လျှင် မမှတ်မိနိုင်အောင် ကြီးပြင်းခဲ့သည်ဟု ကြား ရသောအခါ မှန်းဆ၍ မြင်ကြည့်၏။

မိလှိုင့်အရပ်က သူ့အရပ်လောက် ရှိရော့မည်။ ယောကျ်ား ကလေးတစ်ယောက်သဖွယ် မမြင့်နှင့်ဦးတော့၊ ဝေ၏အရပ်နှင့် မတိမ်းမယိမ်း ရှိပေမည်၊ ဝေကဲ့သို့ ပြည့်ပြည့်ရှိလိမ့်မည်။ အသားအရေသည် ငယ်ငယ်တုန်းကနှယ် ဖွေးဖွေးဝင်းဝင်းပင်ရှိပေ လိမ့်မည်။ မျက်လုံးသည်လည်း ငယ်ငယ်ကလို ဝိုင်းဝိုင်းလှလှနှင့် ဖြစ်ပေလိမ့်မည်၊ နှာတံသည် ဝေ့ထက် ပေါ်လွင်လိမ့်မည်ဟု တွက်သည်။ နှုတ်ခမ်းသည်မူ ဝေ၏နှုတ်ခမ်းကဲ့သို့လှပမည်မထင်။ ဆံပင်သည် ငယ်စဉ်ကသို့ ရှိလေသလား၊ ဝေ၏ ဆံပင်ကဲ့သို့ အရှည်ထားသလား မှန်းမရ။ တွေ့မြင်လိုစိတ်သည် အဘယ် အရပ်မှ ရောက်လာသည်ကို မသိ။ အဘယ်အကြောင်းကြောင့် ထိုမျှ အရှည်အကြာ ကိန်းအောင်းနေသည်ကို အဖြေမတွေ့။ နေထိုင်ကောင်းကြောင်း၊ ကျန်းမာကြောင်း၊ သတိရကြောင်း



စာတွေရေးမည်ဟု စိတ်ကူးသည်။ လိပ်စာကိုရှာသည်။ ငါးနှစ်မျှ ရှိခဲ့ပြီဖြစ်သော ကာလသည် လိပ်စာ စာရွက်ကို ပျောက်ဖျက် ခဲ့ချေပြီ။ အမေ့ကို မမေးရဲ။ လိပ်ပြာ မလုံ။

*

(၁၂)

ကျောင်းရှေ့ရှိမန်ကျည်းပင်အောက်တွင်ဝေနှင့်အေးသွယ်သွယ် တို့ နှစ်ယောက်က ရပ်၍ စောင့်နေကြသည်။ ခင်အေးက သူ့ကိုစိတ်မရှည်တော့၍ ဝေတို့ထံ သွားနှင့်ပေပြီ။ ကျောင်း သား ကျောင်းသူတွေ ကြားမှ တိုး၍တွက်ခါနီးတွင် ခင်အေး က သူ့ကို ‘အောင်စာရင်းကို အေးအေးလူလူ ကြည့်သာ ကြည့်ပါ ဇော်လတ်၊ မင်းအတွက် အိပ်ရာလိပ် ငါပြန်ယူလိုက် ဦးမယ်’ဟု ပြောပြောသွားသည်။ ဤဘွင်မှ သူ အောင် စာရင်း စာရွက်များကပ်ထားရာ အုတ်ထရံအပေါ်မှ နောက် ဆုတ်သည်။ တစ်ခန်းတည်းသား ကျောင်းသူ နှစ်ယောက်၊ ကျောင်းသားတစ်ယောက်က လှမ်း၍ စကားပြောသဖြင့် အထိုက်အလိုက် နှစ်ခွန်းသုံးခွန်း ပြန်လည်ပြောရသေးသည်။ စကားစ ဖြတ်ပြီး ခင်အေးနောက်သို့ အမြန် လိုက်ရသည်။ ကျောင်းရှေ့ တစ်နေရာရာတွင် စောင့်နေမည်ဟု ဆိုကြသော အေးသွယ်သွယ်နှင့် ဝေတို့ နှုတ်ခမ်း စူနေကြလောက်ပြီ။

ကျောင်းစကြံမှ ဆင်းဆင်းချင်း ခင်အေးကို မြင်ရ၏။ ဝေတို့ရှေ့တွင် ရပ်၍ စကားပြောနေ၏။ အေးသွယ်သွယ် ရယ် လိုက်သည်ကို တစ်ချက် မြင်လိုက်သည်။ သူနှင့် စပ်လျဉ်း၍ မြက်လုံးထုတ်ကြ ရယ်ကြခြင်းဟု ဇော်လတ် နားလည်လိုက် သည်။ ခြေကို ပို၍ မြန်လိုက်သည်။ ဝါးတစ်ရိုက်ခန့်အလိုတွင် ကျောပေးနေသူ ဝေက လှည့်ကြည့်သည်။ ထိုနောက် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို နေမြဲအတိုင်း ပြန်၍ လှည့်သွား၏။ တစ်စုံတစ်ရာပြောဟန် တူသည်။ အေးသွယ်သွယ်၏ရယ်သံကို ကြားရသည်။ ခင်အေးက သူ့ဘက်သို့ ကိုယ်ကိုလှည့်ကာ ခြေစုံရပ်၏။ ခါးထောက်ရင်း အော်ပြောသည်။

'လေယာဉ်ပျံ စင်းလုံးငှားမှ ဖြစ်မယ်၊ သူတို့ကလဲ မင်းရဲ့ လက်ထောက်အဖြစ် လိုက်ချင်လို့တဲ့'

အဓိပ္ပာယ် မသိသော်လည်း သူ့ကို တစ်မျိုးတစ်ဖုံပြက်ရယ်ပြုလိုက်ခြင်းဟုကား သိလေသည်။ သုံးလေးလှမ်းစာသို့ရောက်သော် သူ ပြုံး၏။

'စောင့်ရတာ ကြာသွားပြီ ထင်တယ်'

ရပ်နေကြသော ခြေတွေ ရပ်မြဲရပ်လျက်။ သူ့ကို မကြည့်။ ပြုံးတေ့တေ့ မျက်နှာနှင့် ရှိကြသည်။ ခင်အေးကပြောသည်။

'ဟိုဟာပြော ဒီဟာပြော ပြောမနေစမ်းပါနဲ့၊ ငါမေးတာသာ မင်း အရင်ဖြေပါကွ၊ လေယာဉ်ပျံ စင်းလုံးငှားရမလားလို့'

ရယ်ချင်စိတ်ဖြင့် ပြန်မေးလိုက်သည်။

'ဘာလုပ်ဖို့ ငှားမှာတုံးကွ'

ခါးထောက်ထားရာမှ လက်ပိုက်ကာ ရှုံ့ချိုးဟန်ဖြင့် ခါးကိုင်းကိုင်း ပြုလေသည်။ ဝေနှင့် အေးသွယ်သွယ်တို့ကိုတစ်လှည့်စီကြည့်ပြီး သူ့ထံ မျက်နှာမူ၏။

'မြန်မာတစ်ပြည်လုံးက ကိုးတန်း အောင်စာရင်းတွေကို ဆရာ လျှောက်ကြည့်ဖို့ပါ ဆရာ၊ ဘယ်အခန်းက ဖြေသူ ဘယ်လောက်၊ အောင်သူ ဘယ်လောက်၊ အခန်းလိုက် အောင်ချက်ရာခိုင်နှုန်း ဘယ်လောက်၊ မိန်းကလေး၊ ယောကျ်ားလေးရာခိုင်နှုန်းက ဘယ်လောက်၊ ကျောင်းအလိုက်၊ ခရိုင်



အလိုက်၊ တိုင်းအလိုက် တွက်ချက်လို့ရအောင် ကျွန်တော်မျိုးတို့ ကျွန်ပျူတာထမ်းပြီး နောက်ကလိုက်ဖို့ပါ ဆရာ....ဟဲ....ဟဲ....

သူ ပြန်မပြောနိုင်တော့။ ရယ်၍သာနေ၏။ သူ ဟက်ဟက်ပက်ပက် ရယ်သောအခါ ဝေနှင့် အေးသွယ်သွယ်တို့ကပါ ရယ်လေ၏။ ရယ်သံတွေ အဆုံးတွင် အေးသွယ်သွယ်က....

'ဘာတွေများ ဒီလောက် လျှောက်ကြည့်နေရတာလဲ'

သူ ပြောမည်အပြု ခင်အေး၏ လက်ကာမြှသောအမူအရာကြောင့် မပြောဖြစ်။ ခင်အေးက....

'ရီရီလှိုင်ရဲ့ ခုံနံပါတ်ကို လိုက်ရှာနေတာလေ'

အေးသွယ်သွယ်က မျက်ခုံးပင့်ကာ....

'ဘယ်အခန်းကလဲ'

'မန္တလေးမှာ ဖြေတာ၊ အခန်းတော့ မသိဘူး'

အေးသွယ်သွယ်၏ ရယ်သံကိုသာ ကြားရသည်။ ဝေက လျှော့ပါးနေသောအပြုံးဖြင့် သူ့ကိုတစ်ငဲ့ကြည့်လိုက်၏။ တစ်စုံတစ်ခုကိုပြောကာ ထိုစကားစကို ဖျက်မည့် စိတ်ကူး၏။

'ရီရီလှိုင် ဆိုတာ ဘယ်သူလဲ'

အေးသွယ်သွယ်သည် ခင်အေးကို ကြည့်ကာ မေး၏။ ခင်အေးသည်ပိုက်ထားသော လက်နှစ်ဖက်ကို ဘယ်ညာအသာ ထမ်းရင်း သူ့ကိုမေးငေါ့ပြသည်။

'ဒီမေးခွန်းကို ဖြေရမှာက ကျုပ်ဖေကိုယ် မဟုတ်ပါဘူး၊ ဟော ဒီဂုရုလ် ကလေးပါ'

စိတ်ကျပ်တည်းလာလေသည်။

'ဇော်လတ် ဖြေလေဟာ၊ ရီရီလှိုင်ဆိုတာ ဘယ်သူလဲ ပြောပါ'

ဖြေမည့်သူ၏ နှုတ်ခမ်းကို ကြည့်နေကြသူများအနက် ဝေ၏ အကြည့်ကြောင့် မနေတတ်ချင်။

www.burmeseclassic.com

www.burmeseclassic.com

'နင်တို့ မမှတ်မိလို့ပါ၊ မူလတန်းကျောင်းမှာတုန်း က တို့ အတူတူပဲလေ၊ နှစ်တန်းအောင်တော့ သူမန္တလေး ပြောင်းသွားတယ်'

ဇဝေဇဝါ မျက်လုံးနှင့် အေးသွယ်သွယ် ကြည့်သည်။ မှတ်မိဟန်မတူ။ သူ သတိရ၍ ပြောလိုက်သည်။

'ဝေတော့ မှတ်မိမယ် ထင်တယ်၊ တို့ ငယ်ငယ်တုန်းက ကျောင်းနောက်ဘက်က မြက်တွေ နှုတ်ကြတုန်းက ဥစ္စာ၊ နွားကောင်အိမ်လုပ်တဲ့ မြက်တွေ မှတ်မိလား၊ အဲဒီတုန်းက နင်နဲ့ သူနဲ့ တွေ့ကြတာပဲ၊ နင့်ကိုတောင် သူ နှုတ်တစ်ခါ ဆက်ဖူးတယ်တဲ့၊ နင်က ပြန်ပြီး နှုတ်မဆက်ဘူးလို့တောင် သူပြောဖူးသေးတယ်၊ သူက အမေရိကန်ဆံတောက်ဇာလေးနဲ့ဟာ၊ ပြီးတော့ ကြိုးသိုင်းဖိနပ် အမြဲစီးတယ်၊ မှတ်မိပြီလား၊ သူတို့နေတဲ့ အိမ်က အခုအစိုးတို့ အဘွားရဲ့ခြံရဲ့ တောင်ဘက်က ခြံဟာ၊ အခုတော့တိုက်ခံအိမ် ဆောက်ထားတယ်၊ သူ့ အဒေါ်တွေ နေကြတယ်ဆိုလားပဲ'

မှတ်မိနေဟန် မျက်လုံး၊ ခေါင်းအညိတ် မတွေ့ရချင်း သူ ပြောပြနေသည်။ ခဏ နားလိုက်ပြီး မိလှိုင်၏ ရုပ်ရည်သဏ္ဌာန်၊ ဝတ်လေ့ရှိသော ဂါဝန်အရောင်တွေ ဆက်ပြောမည်ပြု၏။ သို့သော် နှုတ်ဆွံ့ သွားရ၏။

'ဟင့်အင်း၊ မသိပါဘူး၊ နွားကောင်အိမ်လုပ်ဖို့ မြက်တွေခူးတာ မြက်ပဲ မှတ်မိတယ်'

ခင်အေး၏ ရယ်သံသည် ဝါးလုံးကွဲ။

'ချောလား'

မဖြေတတ်စေသော မေးခွန်း ကို အေးသွယ်သွယ် က ပေးသည်။



'အဲဒီတည်းက မတွေ့ရတာ ခုထိပဲ၊ ချောမချော မသိပါဘူး'

အေးသွယ်သွယ်၏ နှုတ်ခမ်းအတွန့်ကို မြင်လိုက်ရသည်။ မယုံဟူသော သဘော။

'စာ အဆက်အသွယ်တော့ ရှိမှာပေါ့'

ခဝေ၏ စကားကြောင့် ဘု့ မျက်နှာ နီမြန်းစ ပြုလာလေသည်၊

'မရှိပါဘူး'

'ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် ဝေရာ'

'လိမ်ပြောလဲ ကိစ္စမရှိပါဘူး၊ ခဒေါ်ဒေါ်နဲ့တွေ့ရင် မေးကြည့်လိုက်ရုံပဲ'

ခင်အေး၏ အရယ်မျက်နှာသည် သူနှင့် နီးလာ၏။

'ငါ အာမခံပါတယ်၊ ဒီကောင် ရည်းစား မရှိမှန်း၊ ဒါထက် နေစမ်းပါဦး၊ နင်တို့နှစ်ယောက်က ဒီကောင့်မှာ ရည်းစား ရှိမရှိ ဘာပြုလို့ အရေးတကြီး စစ်ဆေးနေရတာလဲ'

အနက် အတာ ပြေးလွှန်းလှသော စကားကြောင့် နှစ်ယောက်စလုံး၏ မျက်နှာတွေ နီသွားလေသည်။ လက်မြန် ခြေမြန် အေးသွယ်သွယ်က ခင်အေး၏ ကျောကို ဖြန်းခနဲ မြည်အောင် လှမ်းရိုက်သည်။ ရှောင်ချိန်မရသောကြောင့် စုတ်သပ်ကာ မျက်နှာရှုံ့ရင်း 'အား....နာလိုက်တာ' ဟု ညည်း၏။

'မှတ်ထား၊ နောက် ဒါမျိုးပြောရင် ဒါ့ထက် နာနာရိုက်မယ်၊ ကျောကွဲပြီမှတ်'

ကျောကို လက်ခုံဖြင့် ပွတ်ရင်း....

'ဒါဖြင့်လဲ ခုပဲ ကျောကွဲအောင် ထပ်ရိုက်တော့ဟာ'

www.burmeseclassic.com

www.burmeseclassic.com



စေက ရယ်လိုက်သည်။ သူက ရော၍ ရယ်သော်လည်း မျက်နှာပူနေ၏။ အေးသွယ်သွယ်က လှမ်းမရိုက်သာအောင် နောက်ဆုတ်နေသူ ခင်အေးကို ပြုံးစေ့စေ့နှင့် အံကြိတ်ပြသည်။ ခင်အေးက သူ့ကိုပြောသည်။

'တွေ့လား၊ မင်းနဲ့မင်းရဲ့ ငယ်ကျွမ်းဆွေအတွက် ကာကွယ်ပေးရလို့ ငါ ကံကောင်းလို့ ကျောမပုပ်တော့ရုံ တမယ်ကျန်တာ'

*

(၁၃)

အိမ်ပေါ်သို့ လှမ်း၍ တက်တက်ချင်း အမေက လှမ်းပြော၏။

'ငါ့သားကလဲ နေစောင်းတော့မှပဲ ပြန်ရောက်လာတယ်၊ ဘယ်သွားနေတာလဲ'

ပြုံး၍သာ နေလိုက်၏။ဖိနပ်ချွတ်မှ အပေါ်သို့ ခြေအရှေ့တွင်....

'မနက်စာ ဘယ်မှာစားလဲ'

'အစိုးတို့ အိမ်မှာ'

'အစိုးတို့အိမ်ကနေ ဘယ် ခြေရှည်သေးလဲ'

အမေက ပြုံး၍ ပြောသည်။

'ခင်အေး လာလို့ ဘုန်းကြီးကျောင်းထဲ သွားပြီး စကားပြောနေကြတာပါ အမေရဲ့၊ အမေ အစိုးတို့အိမ် လိုက်လာလို့လား၊ ဒီကောင့် ညီမတွေ သိသားပဲ၊ ကျွန်တော်တို့ဘုန်းကြီးကျောင်း သွားတာ'

'သူ့အမေ တစ်ယောက်ပဲ အိမ်မှာ တွေ့တယ်၊ အဲဒီ သွားမှန်းသိရင် အမေလာတာပေါ့၊ ညော့သည်တွေက မင်းကိုတွေ့ချင်လို့ စောင့်နေလိုက်ကြတာ အကြာကြီး၊ ပဲခူးသွားမယ့်ကားမမီမှာစိုးလို့ မင်းပြန်လာတဲ့ အထိတော့ မစောင့်ကြဘူး'



'ဘယ်သူတွေလဲ အမေ'

'လှိုင်လှိုင်တို့ သားအမိပေါ့'

ဖြစ်ရလေဟု ကိုယ့်ကိုယ်ကို ကျိတ်၍ အပြစ် ဆိုမိသည်။ အံ့အားတသင့် ဝမ်းသာစိတ်သည် ရုတ်ခြည်းပင် ကျေပျက်ရချေသည်၊ တွေ့မြင်လိုစိတ်ဖြင့် မိမိကိုယ်မိမိ မကျေမနပ် ဖြစ်ရသည်၊

'ဘယ်အချိန်က ရောက်လာကြတာလဲ အမေ'

အမေက ကွမ်းသီးဖက် ဆေးလိပ်ကို မီးညှိရင်းဖွာသံနှင့်....

'တစ်ချက်ခွဲလောက်ကပဲ၊ သူတို့ အမျိုးအိမ်ကို ရောက်နေတာ ဆယ့်နှစ်နာရီ ကျော်လောက်က တဲ့၊ ရောက်ရောက်ချင်း မင်းကို တွေ့ချင်တယ်ဆိုလို့ အမေလိုက်ခေါ်တာပဲ'

အိမ်မှထွက်တော့ ဆယ့်နှစ်နာရီသာသာ ရှိပြီဟု မှတ်မိသည်၊ အစိုးတို့အိမ်တွင် ထမင်းဝိုင်းနှင့် တိုးနေ၍ ထမင်း ဝင်စားခိုင်း၍ စားလိုက်ရသည်။ ထမင်းစားနေစဉ် ခင်အေး ရောက်လာသည်။ ခင်အေးက ပျင်းသည်၊ လျှောက်လည်ရအောင်ဟု ခေါ်သည်။ တောင်ခြေရှိ ရွာများသို့ သွားရန် ခင်အေး အဖော်စပ်သည်။ အစိုးက ဝေးတယ်၊ ညောင်းတယ်ဟု ငြင်းသည်။ ညှိမရ၍ ဘုန်းကြီးကျောင်းထဲသို့ သွားရန် ဇော်လတ် ပြောလိုက်၏၊ ခင်အေးက သဘောမတူချင် တူချင်နှင့် တူရသည်။ ကျောင်းဝင်း အတွင်းသို့ ရောက်သောအခါ အရှေ့ဘက်ထောင့် နှင်းသီးပင်အောက် ကွပ်ပျစ်တွင် ထိုင်ပြီး စကားပြောကြသည်။ ငြိမ်းငွေ့လာသည့်တွင် ဆရာတော်ကြီးထံ သွား၍ ဝတ်ပြုသည်၊ စွန့်သော ငှက်ပျောသီးတွေ တစ်ဝ

www.burmeseclassic.com

www.burmeseclassic.com



စားသည်။ ထို့နောက် ကိုရင်ဝတ်စဉ်က ဥပဇ္ဈာယ်ဆရာတော်ထံ သွားကာ ဝတ်ပြုသည်၊ တစ်ခွန်းစ နှစ်ခွန်းစ စကားပြော၊ ကျောင်းတိုက်တစ်ပတ်ပြီး တစ်တိုက် ဝင်၊ နောက်ဆုံးတွင် ကိုရင်ကြီး၏ ဝါးကျောင်းသို့ သွားထိုင်ကာ စကားပြောကြသည်။ ကိုရင်ကြီးမှာ သူတို့နှင့် အခင်မင် အရင်းနှီးဆုံး ပုဂ္ဂိုလ်။ သက်တော် ငါးဆယ်ကျော်မျှ ရှိပြီထင်၏။ ခြေတစ်ဖက်မှာ လေ ဖြတ်၍ ခပ်ဆွဲဆွဲဖြစ်နေသော်လည်း လှုပ်ရှားပုံမှာ ဖျတ်ဖျတ် လတ်လတ်။ သူတို့ကိုတွေ့လျှင် ရေနွေးကြမ်းအိုး တည်ပေး၏။ ထန်းလျက်ကြာကာနှင့် အုန်းသီးစိပ် တစ်ပန်းကန် ချကျွေး သည်။ ရောက်တတ်ရာရာ စကားတွေပြောရင်း စားရင်းနှင့် နေ စောင်းသွား၏။ ပျင်း၍ ဖြုန်းလိုက်သောအချိန်တွေကို ယခုမှ နှမြောသည်။ ကျောင်းပိတ်ရက်များတွင် ဤသို့ပြုလေ့ရှိခဲ့သည် ကို ယခုမှ နှမြောရကောင်းမှန်း သိသည်။ နှမြောကောင်းသော အကြောင်းကသည်နေ့မှပေါ်ပေါက်ချေ၏။ အစိုးတို့အိမ်သွား မိသော် မိမိကိုယ်မိမိ အလိုမကျ ဖြစ်လေသည်။ ခင်အေးသာ လာမခေါ်လျှင် အိမ်ကို ပြန်ရန်မှတစ်ပါး အခြားမရှိ။ ထမင်း စားပြီး ခဏဘစ်မြုတ်နေ၊ ပြီးလျှင် အိမ်ပြန်။ ပြန်ဖြစ်ခဲ့လျှင် မိလှိုင်နှင့် မဆုံစရာ အကြောင်းမရှိပေ။ သူ ဟာသူ ဘယ် လောက်ခေါ်ခေါ် ငါမလိုက်ဘဲ အိမ်ပြန်ရင်လဲ တွေ့နိုင်သား ပဲ၊ ငါ့ကိုက မြဲမြဲပါလွန်းပါတယ်ဟု တစ်ဖန် စဉ်းစားမိ၏။ ကြိုတင်သိရရင်တော့ လွဲမှာ မဟုတ်ပါဘူး၊ မိလှိုင်က စာလေး ဘာလေး ကြိုရေးရောပေါ့။ ရုတ်တရက် ခရောက်လာရတာမျိုး မို့လို့ ထင်ပါရဲ့ဟု တွက်၏။

'လှိုင်လှိုင့်ကို အမေဖြင့် မှတ်တောင် မမှတ်မိဘူး၊ အရပ်က မြင့်နီးနီး၊ ထွားတော့ တော်တော်ထွားလာတာ၊ ဝ–အိနေ



တာတော့ မဟုတ်ဘူး၊ ကိုယ်လုံး ခပ်သွယ်သွယ်၊ အရပ် အမောင်းနဲ့ ကိုယ်လုံးက ကြည့်ကောင်းတယ်၊ ဆံပင်ကလဲ ကောင်းလိုက်တာမှ ဒူးဆစ် ကျော်နေတာပဲ၊ လှလဲ သိပ်လှ လာထယ်'

အမေ့စကားလုံးတွေဖြင့် မိလှိုင်၏ ရုပ်သွင်ကို ဖန်တီး မြင် ကြည့်နေမိ၏။

'ဝတ်စားထားတာလဲ ရိုးရိုးပဲ၊ နှုတ်ခမ်းနီ ပါးနီတောင် မဆိုးဘူး၊ သနပ်ခါးရေကျဲနဲ့၊ မအေ့လောက်တောင် ခေတ် မဆန်ဘူး'

မျက်နှာချင်းဆိုင် ကြိမ်ကုလားထိုင်တွင် သူထိုင်သည်။

'မင်းကို တွေ့ချင်လို့ တမင် လာကြတာ၊ အချိန်ချပြီး လာကြရတာ၊ ပဲခူးက တိုက်ကိစ္စ အခမ်းအနားဖြစ်တာ ဆိုလားပဲ၊ ကိုလွန်းခင်တော့ ပါမလာဘူးကွယ်၊ ကိုလွန်းခင်လဲ နောက် နှစ်နှစ် သုံးနှစ်ဆို ရန်ကုန် ပြောင်းရမယ်၊ လှိုင်လှိုင် ဆိုတာ တဖျစ်တောက်တောက်နဲ့ မင်း ဟို ခေတ်ပုံတော့ မြင်သွား ပါရဲ့၊ ဇော်လတ်က ငယ်ရွယ် သိပ်မပျောက်ဘူးတဲ့ မြင်ရင် သူမှတ်မိမှာပါပဲတဲ့'

ခန်းဆီးထောင့် အုတ်နံရံတွင် ချိတ်ထားသော သူ့ ဓာတ် ပုံကို လှမ်းကြည့်လိုက်သည်။ ကြည့်ရင်းနှင့် အမေ့ကို မေး၏။

'ဝေနဲ့ဆိုရင် ဘယ်သူက ဝသလဲ အမေ'

'ဒေါက ဝ တာပေါ့ သားရဲ့၊ ဝေလိုလဲ ခါးမတုတ်ဘူး၊ အချိုးအဆက်က ဝေလောက် မထွားဘူး၊ အရပ်ကတော့ ဝေ ထက် နည်းနည်း မြင့်ချင်တောင် မြင့်မယ်၊ အသားဖြူ တာချင်း တူပေမယ့် ဝေက လှိုင်လှိုင်လို အရောင်သမ်းဘူး၊ မျက်လုံး မျက်ခုံးနဲ့ နှုတ်ခမ်းက ငယ်ငယ်တုန်းက အတိုင်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အေးသွယ်သွယ် နှုတ်ခမ်းလိုပဲနီထွေးနေတယ်၊ အေးသွယ်သွယ် နှုတ်ခမ်းက လှိုင်လှိုင့် နှုတ်ခမ်းလို ကြည်မနေတာ တစ်ခုပဲ ကွာတယ်'

ငယ်စဉ်က မျက်လုံး မျက်ခုံးနှင့် နှုတ်ခမ်းကို မှန်းကြည့်သည်။ မျှားပြားလှစွာသော မျက်လုံးများ၊ မျက်ခုံးများနှင့် နှုတ်ခမ်းများက အာရုံတွင် ထွေးလျက် ရှိ၏။ တွေး၍ ကြည့် လေ၊ ဝါးလေလေ။

'သူကော ဆယ်တန်းပဲလား'

အမေက ခေါင်းညိတ်သည်။

'မင်း ဘယ်နှစ်တန်းလဲဆိုတာ သူလဲ မေးပါတယ်၊ သူ့ သူငယ်ချင်းတွေကိုလဲ မေးတယ်၊ တချို့တော့ အမေလဲ မမှတ် မိလို့ မမှတ်မိဘူးလို့ ပြောရတယ်၊ အစိုးတို့၊ မောင်ခင်အေးတို့ ကိုလဲ သူ သတိရလို့ မေးတယ်ကွယ့်၊ အေးသွယ်သွယ်ကိုတော့ သူမေးတယ်၊ ဝေကိုတော့ မသိဘူးထင်တယ်'

'မူလတန်းတုန်းက မြင်တော့ မြင်ဖူးကြတယ်၊ ဒါပေမယ့် တစ်တန်းတည်းသား မဟုတ်တော့ သိမှာ မဟုတ်ပါဘူး၊ မရင်မြတို့၊ မခင်ရီတို့၊ မခင်ရှိန်တို့ကိုရော သူမေးသေးလား'

ဆေးလိပ်ပြာခြွေရင်း အမေပြောသည်။

'မေးတယ်၊ မရင်မြက မုဒုံမှာ၊ မခင်ရီက ရန်ကုန်မှာ၊မခင် ရှိန်က သူ့ယောကျ်ားနဲ့ ဂျပန်ပြည် ရောက်နေကြတယ်လို့ အမေ ပြောပြလိုက်ပါတယ်၊ သူက ငယ်ငယ်ကလို ဒီမှာ ပြန် နေချင်တယ်တဲ့၊ သူငယ်ချင်းတွေ တကွဲတပြားစီ ဖြစ်ကုန်ကြ တော့မှ ပိုပြီး သတိရတယ်တဲ့'

တွေ့လိုက်ရရင် ကောင်းမှာပဲဟုသာ ကြိမ်ဖန်များစွာ တွေး နေမိသည်။ အမေ့စကားတွေကို စောင့်ရင်း မတွေ့ မမြင်ဖူး



သေးသော သဏ္ဍာန်တစ်ခုကို ကြန်အင်လက္ခဏာ အပိုင်းအစ တွေဖြင့် ဆက်စပ်ကြည့်နေ၏။

'ဒီနှစ် နွေကျောင်းပိတ်ရင် ဆင်းလာမယ်လို့တော့ ပြော တာပဲ'

'အမေ လိပ်စာ တောင်းထားလိုက်သေးလား'

'သူ ရေးပေးခဲ့တယ်'

လိပ်စာကို အာရုံတန်းမိလေသည်။

'မင်းစားပွဲပေါ်က ကော်ပီစာအုပ်ထဲမှာ မင်းအတွက် စာရေးခဲ့တယ်'

ကုလားထိုင်မှ ထလိုက်သည်။ထိုစကားကို ယခုမှ အမေ ပြောသည်။ ရောက်ကတည်းက ပြောခဲ့လျှင် ကောင်းမည်ဟု အောက်မေ့၏။ စာကြည့်စားပွဲပေါ်တွင် ကော်ပီစာအုပ်တွေ လေးငါးဆယ်အုပ်။ အဖုံးတွင် ဖောင်တိန် ညှပ်ထားသော စာအုပ် ဖြစ်ပေလိမ့်မည်။

***

ကိုဇော်လတ်

မိလှိုင်တို့ လာသည်ကြတယ်။ စောင့်ပါသေးတယ်။ အကြာကြီးပဲလေ။ကျောင်းပိတ်ထားလို့လျှောက်ချည်း လည်နေတယ် ထင်တယ်။ ကျောင်းဖွင့်တဲ့အခါလဲခုလိုပဲ လည်နေတာပဲလား၊ စာလဲ ကြိုးစားဦး။နွေ ကျောင်း ပိတ်ရင် ဒီကို လာလည်ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ကိုဇော်လတ် သိတင်းကျွတ် ကျောင်း ပိတ်ရက်မှာ မန္တလေးကို လာနိုင်ရင်လာပါ။ လာဖြစ်ရင် စာကြိုတင် ရေးပေါ့။ မိလှိုင် လာကြိုမယ်။

သူငယ်ချင်းတွေနဲ့ တွေ့ရင် ပြောလိုက်ပါ။ မိလှိုင်က

www.burmeseclassic.com

www.burmeseclassic.com



တော့ သတိရပါတယ်လို့၊ မိလှိုင် ထိပ်စာရေးပေးခဲ့ပါတယ်၊ စာရေးကြပါလို့၊ ကိုဇော်လတ်လဲ မိလှိုင်ဆီကို စာရေးပါ၊ မိလှိုင်လဲ ရေးပါ့မယ်။

အိမ်ရှေ့က နွယ်ပင်ကြီးတွေက ခုထိ အရင်အတိုင်းပဲနော်။ ကလေးဘဝတုန်းက ကစားခဲ့ကြတာတွေကို ပြန်ပြီး သတိရတယ်။ ပြီးတော့ ဥဩငှက်တွေရဲ့ အသံကြားရင် ကိုဇော်လတ် ဆိုပြတဲ့ ကဗျာလေးကိုသတိရတယ်။ မိလှိုင်ကတော့ ငယ်ငယ်တုန်းကအကြောင်းတွေ အကုန်လိုလို မှတ်မိနေပါတယ်၊

အချိန်မရတော့လို့ တွေ့အောင် မစောင့်နိုင်ခဲ့တာကို ခွင့်လွှတ်ပါ။

မိလှိုင်

ကော်ပီစာအုပ်ကို ပြန်ပိတ်လိုက်သည်၊ သူ့ကို ပြန်ပေး၏။ လှမ်းယူရင်းနှင့် ခင်အေးကို သူကြည့်ကာ တစ်ချက်ပြုံးသည်။ ခင်အေးသည် နှုတ်ခမ်းတစ်ဖက်သာတွန့်သောအပြုံးဖြင့် သူ့ကို ပြန်လည်ပြုံး၏။ ထို့နောက် ချောင်းဘက်သို့ မျက်နှာပြန်လှည့်သွားသည်။ ခင်အေးပြောမည့် စကားကို မျှော်လင့်နေသည်။ ဘေးတိုက် မြင်နေရသော ခင်အေးကို သူ ငေးကြည့်သည်။ ကားလွန်းသော မေးရိုးသည် မလှပ်မရှား၊ ပြည့်ဖောင်းသော ပါးသည် ငြိမ်သက်၍နေ၏။ မျက်တောင် တစ်ခတ်နှစ်ခတ် ခတ်သည်။ ထူထဲနက်မှောင်သော မျက်ခုံးသည် သိသာစွာ တွန့်နေ၏၊

'ဆိုပါဦး'

ခင်အေးက ကိုယ်ကို ရှုတ်တရက် လှည့်ကာ မေးသည်၊ သူ ဘာပြောရမှန်း မသိ၊



'ဘာကိုလဲကွ'

ခင်အေးမျက်လုံးတွေ ဖုတ်ခနဲ ဝိုင်းသွားသည်။

'ဘာကိုရမလဲကွ၊ ဒီစာနဲ့ပတ်သက်လို့ပေါ့'

'မင်းဖတ်ရအောင် ငါပေးဖတ်တာပါ'

'အေးလေ၊ ဖတ်ပြီးပြီလေ၊ အဲဒီတော့ ငါဘာပြောရမလဲ၊ ဒါမှမဟုတ် မင်း ဘာပြောချင်လို့လဲ'

'ဘာမှတော့ မပြောချင်ပါဘူး'

'ဟော...မပြောချင်မှဖြင့် ငါ့ဘာလို့ ပေးဖတာနေရသေးလဲ မင်းဥစ္စာက'

သူ ရှက်အမ်းအမ်း ဖြစ်သွားသည်။

'မဟုတ်ဘူးလေကွာ၊ သူ သတိရသလောက် ငါသတိမရခဲ့တာတွေ ပြောမလို့'

'ဩော်...ဒါကတော့ကွာ၊ တစ်ခါတလေ ဒီလိုပေါ့၊ တစ်ယောက်က သတိရတဲ့အချိန် တစ်ယောက်က သတိရချင်ရမယ်၊ မရချင် မရဘူး၊ ကိုယ့်ကိစ္စနဲ့ ကိုယ်ကိုးကွ၊ မင်းအခု သတိပြန်ရလိုက်ပေါ့၊ စာတွေဘာတွေ ရေး၊ ဓာတ်ပုံတွေ ဘာတွေတောင်း၊ မန္တလေးကိုလဲ သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ သွားလည်ပေါ့'

သူ တွေ၍နေ၏။ ထို့နောက်...

'အမေတို့က ငါ့ကိုမန္တလေးလွှတ်မယ်မထင်ဘူး၊ စိတ်ချမယ်မထင်ဘူးကွ'

ခင်အေးက ခပ်တိုးတိုး ရယ်လေသည်၊

'မင်းကို စိတ်မချရအောင် မင်းက ကလေးမှ မဟုတ်တော့တာ'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို သူ တစ်စုံတစ်ရာ ပြန်မပြော။ မေးလိုရာကိုသာ မေးသည်။

'မန္တလေးသွားရင် မင်း လိုက်မလား၊ မင်း ပါရင်တော့ လွတ်မှာပဲ'

ခင်အေး၏ ရယ်သံက စောစောကထက် ကျယ်လာသည်။ ထို့နောက်....

'သွားဝယ်ရအောင်'

သူ နားမလည်။ ထို့ကြောင့်....

'ဘာ သွားဝယ်ရမှာလဲ'

'မီးရထားလက်မှတ်၊ မန္တလေးသွားဖို့လေ'

သူ ရယ်လိုက်လေသည်။ ဝါးရုံတွင်း တစ်ခုလုံးပင် ရယ်သံတွေ စွဲသွားသည် ထင်ရ၏။

'အိမ်ရှေ့က နွယ်ပင်တွေက ခုထိ အရင်အတိုင်းပဲ ဆိုတဲ့ စကားကတော့ တော်တော် တာသွားတဲ့ စကားပဲ ဇော်လတ်'

သူ ဘာမျှပြန်မပြော၊ ခင်အေးကို ကြည့်၍နေလိုက်သည်။ နှုတ်ခမ်းမွေးရေးရေး ထင်လျက်ရှိသော ခင်အေး၏ နှုတ်ခမ်းသည် လှုပ်ရှားလာ၏။

'ခုလောက်ဆို မီလှိုင်မှာလဲ ချစ်သူတွေဘာတွေ ရှိရောပေါ့'

ရင်ထဲတွင် အမည်မသိ ဝေဒနာတစ်ရပ် ဖြတ်သန်းသွား၏။ ခင်အေး ထပ်မံပြုံးလိုက်ပြန်၏။

'မင်းမျက်နှာ တစ်မျိုးဖြစ်သွားတာ သိပ်သိသာ လွန်းတယ်ကွာ'

ရှက်ပြုံးမှတစ်ပါး သူ့တွင် အခြားမရှိ။ ခင်အေးထံမှ မျက်လုံးကို လွှဲလိုက်သည်။ အရောင်ရင့်၍နေသော ရိုးပြတ်တွေကို ငေးကြည့်နေ၏။



'မီလှိုင်နဲ့ တွေ့လိုက်ရရင် ဆေးဂါက ခုထက်ပြင်းဦးမယ်'

'ငါ သူနဲ့ သိပ်တွေ့ချင်တာတော့ အမှန်ပဲ ခင်အေး'

'ဘယ်ဟာကတော့ အမှန်မဟုတ်ဘူးလို့ မင်းပြောတာလဲ'

'ငါ့စိတ် သူ့အပေါ်ကို တစ်မျိုးတစ်မည် ဖြစ်နေတယ်လို့ မင်းဆိုတာလား'

'ဟင့်အင်း၊ ဘာရောဂါရယ်လို့ မခွဲခြားရသေးပါဘူးကွာ'

ပြောအပြီးတွင် ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။ သူကပါ ရော၍ ရယ်သည်။

'အကောင်း ပြောစမ်းပါကွာ၊ မင်းက နောက်နေတာ ချည်းပဲ'

'မနောက်ပါဘူး၊ ဒါပေမယ့် ငါရယ်ချင်နေတယ်၊ မီလှိုင် ဆိုတဲ့ နာမည်ကို မေ့သလောက်ရှိကာမှ ပြန်ပြီးတော့ ကြားရတာပဲ၊ ခြောက်တန်း ခုနစ်တန်းတုန်းက တစ်ခါ ဆက်တိုက် ကြားရတယ်၊ အခုကြားရတဲ့ အခါကျတော့ အဓိပ္ပါယ် တစ်မျိုး ဖြစ်နေတယ်လို့ ငါထင်တာပဲ'

ခင်အေးမျက်နှာသည် တည်လာ၏။

'သူ့စာကိုဖတ်ရတာ ငါ ခံစားရတယ်၊ ဘယ်လိုကြီးမှန်း တော့ မသိဘူး'

'အေး....တော်တော် ရှင်းပေတာပဲ ဇော်လတ်ရဲ့'

'မဟုတ်ဘူးလေကွာ၊ ငါ ပြောမှ မပြောတတ်တာ'

သူ့ကို ခင်အေး လှည့်ကြည့်သည်။ အံ့အံ့သြသြ အကြည့်။ ခင်အေးဘက်သို့ သူ့မျက်လုံး မမူသော်လည်း သူ့ကိုကြည့်နေမှန်း သိသည်။

'ငယ်သူငယ်ချင်းတစ်ယောက်ရဲ့စာကို ဖတ်ရလို့ ပျော်တာ မျိုး ငါ ပြောတာပါပဲ၊ ငါ တစ်ခု နောင်တရတယ်၊ သိလား'

www.burmeseclassic.com

www.burmeseclassic.com



'ဝေ့ကို ချစ်ရေးဆိုခဲ့မိတာလား'

သူ ခေါင်းယမ်းသည်။

'မဟုတ်ဘူး ခင်အေး၊ သူ့ဆီကို စာ တစ်စောင်တလေ မရေးမိခဲ့တဲ့အထိ မေ့ခဲ့တာတွေ၊ နို့မဟုတ်ရင်အဆက်အသွယ် ဒီလောက် မပြတ်ခဲ့ဘူးပေါ့ကွာ'

'အဆက်အသွယ် ပြတ်လက်စနဲ့ ပြတ်သွားတာ ပိုမကောင်းဘူးလား'

'သူရေးခဲ့တဲ့ စာရဲ့ နောက်ကျောမှာ သူ့လိပ်စာရေးမပေးခဲ့ရင် ပိုကောင်းမယ်'

'မရေးနဲ့ပေါ့ ဇော်လတ်ရ'

သူ ပြန်မပြော။ ခင်အေးက စကားဆက်၏။

'ဝေက အဖြေမပေးသေးဘဲ အိုက်တင်ခံနေတဲ့ အချိန်မှာမို့ မင်း စိတ်ကစားနေတာနဲ့ တူပါတယ်'

*

(၁၄)

ပထမစာတွင် နေထိုင်ကောင်းကြောင်း၊ လာလည်စဉ်က အေးအေးဆေးဆေးနေလျှင် စကားလက်ဆုံ မကုန်စရာတွေ ပြောနိုင်မည် ဖြစ်ကြောင်း၊ သတိတရရှိပါကြောင်း၊ ကျောင်းဖွင့်ရက် ရောက်မှ စာပြန်နိုင်သော နောက်ကျမှုကို ခွင့်လွှတ်စေလိုကြောင်း၊ သီတင်းကျွတ် ကျောင်းပိတ်ရက်တွင်မန္တလေးသို့ လာမည်မှာ သေချာသလောက် ရှိကြောင်းများ ရေးသားလိုက်သည်။ စာထည့်ပြီး တစ်ပတ် နှစ်ပတ်ကြာသောအခါ ပြန်စာ လာလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ တစ်လနှစ်လသာကြာမြင့်လာ၏။ မိလှိုင်ထံမှ စာပြန်မလာခဲ့။ ဒုတိယစာ ရေးမည်ဟု



စိတ်ကူးသည်။ လက်တွေ့တွင် မရေးဖြစ်ခဲ့ပေ။ ကျောင်းစာတွေက ပိလာသည်။

သီတင်းကျွတ်လဆန်းတွင် မိလှိုင်ထံမှ စာတစ်စောင်ရသည်။

တောင်းပန်သမှုအစပြုသော ဝါကျကို ဦးစွာ တွေ့ရသည်။ သူ့စာ ရကြောင်း၊ သုံးလကျော်ကာမှ စာပြန်တော့သည်ကို ခွင့်လွှတ်ရန်၊ စာကြိုးစားရန်၊ အချိန် မဖြုန်းစေလိုကြောင်း၊ နှစ်ချင်းပေါက်အောင်အောင် ကြိုးစားစေလိုကြောင်း၊ ထို့ပြင် သတိတရ ရှိပါကြောင်း၊ သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် ဆက်ဆက် အလည်လာစေလိုကြောင်း ကော်ပီ စာရွက် တစ်မျက်နှာသာသာ ရေးသား၏။ ထိုစာကို ခင်အေးအား ပေး၍ ဖတ်စေခဲ့သည်။ ရှင်းပါတယ်၊ သူက သဘောရိုးရိုးလေးပါပဲ၊ ငယ်သူငယ်ချင်းဆီ ရေးတဲ့စာပါပဲ၊ မင်းက ဘယ်နှယ် ဘယ့်နှယ်၊ ခုမှ စွဲစွဲလမ်းလမ်း ဖြစ်ချင်နေရတာလဲ။ ပေါက်ကရတွေ သွားမရေးနဲ့ဦး၊ မင့်အတိုးကြီး အဘွားကြီးဆီ လှမ်းတိုင်မှ အရှက်ကွဲနေဦးမယ်၊ သူ့မှာ ရည်းစားတွေ ဘာတွေ ရှိနေလောက်ရောပေါ့ကွာ၊ ငါပြောတာ မဖြစ်နိုင်ဘူးလား၊ ပြီးတော့ ဝေကလဲ ခုသီတင်းကျွတ်မှာ သူ့အစ်ကိုတွေ ယောက်မတွေနဲ့ ရန်ကုန်မီးပွဲ သွားရင် မင်းလိုက်ဖို့ ခေါ်နေတယ် မဟုတ်လား၊ ဒီလို ခေါ်တဲ့ သဘောကိုက မင်းကို အဖြေပေးနေတဲ့သဘော မဟုတ်ဘူးလား။ ကြည့်လုပ်ကွာ၊ ပြဿနာတွေ ရှုပ်လာရင် မကောင်းဘူး၊ မင်းသမီးတွေ အလက်ပေါင်း [illegible]နှာနဲ့ တွဲကနေတဲ့ ဇာတ်မင်းသားလို ကိုယ့်ကိုယ်ကို ထင်မနေနဲ့ဦးဟု ခပ်ဆဆ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ....ဇော်လတ်ရာ၊ မင်းဘာလို့ အဲသလို သွားရေး လိုက်ရတာလဲ'

အစိုးကပါ အပြစ်တင်လေသည်။

'ဒါလေး ရေးတာနဲ့ မင်းတို့အပြစ်တင်တာက များတောင် များနေပြီ'

သူက ရယ်၍ ပြော၏။ ခင်အေးက ခေါင်းကုတ်သည်။

'သီတင်းကျွတ်ကျောင်းအပိတ်မှာ မင်းတကယ် မိလ္လိုင်ဆီကို သွားမှာလား'

သူ နှုတ် ဟုတတ။ ခဏကြာမှ ဖြေသည်။

'ရောက်မယ်တော့ တယ်မထင်ဘူး'

'ဟေ....တယ်မထင်တဲ့ ဘာလို့ ကံသေကံမ လာမယ်လို့ ရေးရလဲကွာ'

အစိုးက ညည်းညည်း ညူညူ မေးပြော ပြော၏။

'ဝေတို့ ရန်ကုန်မီးပွဲ ဆင်းမယ်ဆိုတာ ခုထိ ဘာမှ ထပ် မပြောသေးဘူးလေကွာ၊ သွားဖြစ်ချင်မှ သွားဖြစ်မှာပါ။ မသွားဖြစ်ရင် မန္တလေးတက်မယ်လို့ ငါ စိတ်ကူးထားတယ် လေ'

ခင်အေးသည် သက်ပြင်းကို ဟင်းခနဲ အပန်းတကြီး ချ လေ၏။ ထိုနောက်....

'ထပ်မပြောလို့ ဟုတ်လား'

'အင်း'

'အရင်တစ်ခါ ပြောထားပြီးတဲ့နောက် သွားမယ် မသွား ဘူးလို့ ဝေက မင်းကို ထပ်မပြောလို့ပေါ့'

'အေးလေ၊ ငါပြောတာ အဲဒါပေါ့ ခင်အေးရ'

'ကျိန်းသေသွားဖြစ်လို့ ထပ်မပြောတာမဖြစ်နိုင်ဘူးလား'



သူ ပြန်မဖြေ။ အစိုးက ကုက္ကိုပင်အမြစ်ဆုံပေါ်တွင် ထိုင် ရင်း မေး၏။

'ဝေတို့ သွားဖြစ်လို့ ထလိုက်သွားတဲ့ အချိန်မှာ မိလ္လိုင်က ဘူတာဆင်းကြိုဖို့ စိတ်စောနေရင် မင်း ဘယ့်နှယ်လုပ်မလဲ'

သူ မဖြေနိုင်၊ ခင်အေးက ဝင်ဖြေ၏။

'ဘယ့်နှယ်လုပ်ရမလဲ အစိုးရာ၊ စိတ်စောချင်တဲ့ သူက စော၊ စောင့်ချင်တဲ့သူက စောင့်၊ ဒင်းက ရန်ကုန် မီးပွဲကို ကြော့နေအောင် ဆင်းလိုက်သွားပြီပဲ'

အစိုးက သဘောကျစွာဖြင့် တဟတ်ဟတ် တဟားဟား ရယ်လေသည်၊ ရယ်သံကြောင့် မလှမ်းမကမ်းမှ ဖြတ်သွားကြ သော ကျောင်းသူကျောင်းသားတချို့က လှည့်ကြည့်ကြလေ သည်၊ ရယ်သံစွက်ကာ အစိုးက မေး၏၊

'နေပါဦး၊ ခု မင်းဟာက ရည်းစား အပ္ပတပြင်း မထားရင် မဖြစ်တဲ့ ရောဂါလားကွ'

သူ ပြုံးသည်။

'မဟုတ်ပါဘူး အစိုးရာ၊ မိလ္လိုင်အပေါ် ငါ ဒီလို သဘော ထားပါဘူး'

ခင်အေးသည် ဟင်း မြည်သော နှာမှုတ်သံဖြင့် မဲ့ပြုံး ပြုံး ကြည့်၏။

'နည်းနည်းတော့ စိတ်လှုပ်ရှားတယ် မဟုတ်လား'

ကျောင်းဝင်းထောင့်ရှိ မုန့်တန်းဘက်သို့ ခပ်တွေတွေ ကြည့်ကာ သူနေ၏။ ခင်အေး၏ အမေးကို မတုံ့ပြန်၊ တစ်ခဏ —

'နည်းနည်းလောက်ပါ'

www.burmeseclassic.com



'အေး....အဲသလို ဝန်ခံစမ်းပါ ဇော်လတ်၊ ဒါဖြင့် တကယ် ချစ်ဘာကတော့ရော'

'ငွေကိုပါ'

အစိုးနှင့် ခင်အေးတို့က တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်ကြသည်။

'အေးပါကွာ၊ ငါ မိလှိုင်ဆီ စာမရေးတော့ပါဘူး'

ခင်အေး ခေါင်းခါသည်။

'မိလှိုင်ဆီကို စာမရေးရအူးလို့ ငါတို့ ကွပ်ညှပ်နေတာ မဟုတ်ဘူး ဇော်လတ်'

'မင်း စာရေးပါ၊ ဒါပေမယ့် ပြဿနာ ဇရာစကြောင်း သွယ်ဝိုက် ရေးတာမျိုးတို့ တိုက်ရိုက်ရေးတာမျိုးတို့ ဖြစ်မလာ ဖို့သာ သတိပေးတာပါ၊ ခုဟာလောက်ကတော့ ကိစ္စ သိ မရှိသေးဘူးပေါ့ကွာ၊ မသကာ မင်း လာမယ်ဆိုပြီး မလာ အမြစ်တင်စာ လာရုံအပြင် ဘာမှ မလာပါဘူး'

အစိုးက အမြစ်ဆုံပေါ်မှ ထသည်။ ဘောင်းဘီတင်ပါးမှ သဲစသဲနတွေကို ပုတ်ခါရင်း စကားဖြတ်သည်၊ ခင်အေးက...

'တော်တော့.... တော်တော့၊ ရပ်တော့၊ ဟိုမှာ ဝေ တို့ ဆီကို လာနေတယ်'

ခင်အေး မျက်နှာမူရာသို့ လှမ်းကြည့်လိုက်ကြ၏။ အရှေ့ ဆောင်နှင့် အားကစားရုံတို့ကြားမှ လျှောက်လာသော ဝေကို မြင်သည်။ ကျောင်းစိမ်း ထဘီ၊ အင်္ကျီ လက်စက အဖြူနှင့် ခြေလှမ်းမှန်မှန်နှင့် လျှောက်လာရင်း သူတို့ရှိရာသို့လှမ်းကြည့် သည်။ လက်ထဲတွင် အထုပ်တစ်ထုပ် ကိုင်ထားသည်။

'ဟော ... လမ်းလျှောက် တကယ်လှတာပဲ'



အစိုးက ထင်မြင်ချက် ပေးသည်။ ခင်အေးက မျက်မှောင် ချိုလိုက်ပြီး မေးသည်။

'ဟောကောင် အစိုး၊ ဒါ ပြစ်မှားတဲ့စကား မဟုတ်လား'

အစိုးက မျက်လုံးပြူး မျက်ဆန်ပြူး အမူအရာနှင့်....

'မဟုတ်ပါဘူးကွာ၊ ဒီကောင် မှန်လေးဘာလေး ကျွေး မလား မျှော်ကိုးပြီး ဖားတဲ့စကားကို အမှုကြီးအောင် မလုပ် လိုက်ပါနဲ့ ခင်အေးရာ'

အစိုးစကားကြောင့် ရယ်လိုက်ကြသည်။ အနီးသို့ ရောက် လာသော ဝေက သူတို့ ရယ်နေပုံကြောင့် ပြုံးစွေစွေနှင့်ရှိ၏၊

'စားမလား'

ဇော်လတ်က အထုပ်ကို လှမ်းကြည့်သည်။ ရှောက်ချိုသီး။ ငရုတ်မှုန့်နှင့် မဆလာတွေ ဖြူးထားသည်။ အစိုးက....

'တို့ကျတော့ ကျွေးမယ့်သူ မရှိပါကလားနော်'

အားလုံးအတွက် ဝယ်လာတာပါဟု ဝေက ရှက်ပြုံးနှင့် ပြောလေသည်။

*

(၁၅)

ပျော်ရွှင်စွာဖြင့် ရင်တွေ ခုန်လာသည်။ ချမ်းမြေ့စွာ ဖြင့် စိတ်တွေ လှုပ်ရှားလာသည်။ မီးထွန်းပွဲတော်၏ တစ်ိုယ်ခနေ့သည် အမှတ် တရနေ့ဟု အောက်မေ့သည်။ မိုးဖျက်၍ မလည်ပတ်ရတော့ သော်လည်း လည်ကာပတ်ကာ ပွဲကြည့်ရသည်ထက် ကျေနပ် မိသည်။

'ကျေနပ်ပြီလားဟင်'

ဝေက မရှုံ့ရဲ့သော ပြုံးနှုတ်ခမ်းကို စွေစွေထား၏။ သူ ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ပြော မပြတတ်အောင်ပါပဲ'

သံနေ့သံထားက စကားပြတ်သွားဖွယ် မရှိ။ ဝေဟု ခေါ်ရမည်ကို ဆွံ့ဆွံ့ထစ်ထစ် ဖြစ်နေသည်။ ဝေသည်လည်း သူ့နည်းတူ ဖြစ်နေဟန်တူသည်။ ဇော်လတ်ဟုလည်း မခေါ်။ ကိုဇော်လတ်ဟုလည်း မသုံး။ နှင်းငါတို့လည်း မြုပ်နေလေသည်။ နာမ်စားအခေါ်အဝေါ်တွေကို နှစ်ဦးစလုံးရှောင်ရှားနေကြသည်။ သူ့သဖွယ် ဝေ့တွင်လည်း အပြောအဆို ခက်နေပုံရ၏။ ဝေ ဟူသော အခေါ်ကို နှုတ်ခမ်းက မခေါ်တတ်သလို ဖြစ်နေသည်။ စိတ်ကို တင်းလိုက်သည်။ နှလုံးသွေးအခုန်မြန်သည်ထက် မြန်လာသည်။ သူ ခေါ်လိုက်သည်။

'ဝေ....'

ဝေ၏ မျက်နှာသည် တဖြည်းဖြည်း လှည့်လာသည်။ မျက်တောင်ကော့တို့သည် ငြိမ်သက်လျက် ရှိကြ၏။ မျက်လုံးအစုံ၏ ထူးသံကို ပီပီသသ ကြားရသည်။

'ကိုယ့်ကို ချစ်တယ်ပေါ့၊ ဟုတ်လား'

ခေါင်းကို လေးလေးပင်ပင် ညိတ်ပြသည်။

'တစ်သက်လုံးအတွက် ပြောတဲ့စကား မဟုတ်လား ဝေ'

နီရဲစိုပြည်သော နှုတ်ခမ်းအစုံကမူ ဟ,မလာ၊ ခေါင်းကိုသာ ထပ်မံ ညိတ်သည်။

'ဝေ့ကို ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ သိပါတယ်နော်'

ဝေ၏မျက်လုံးက သူ့နှုတ်ခမ်းသို့ရောက်လာသည်။ ခေါင်းကိုသာ တစ်ဖန် ညိတ်ပြလေသည်။ တတိယမြောက် ခေါ်ခဲ့သော 'ဝေ' သည့် ပို၍ အသံထင်ရှားလာ၏။

'ယူ....ရည်းစားမများသရွေ့တော့ သိနေမှာပါ'



သူ တိုးတိုးရယ်သည်။ အိမ်ရှေ့သို့ ငေးနေလိုက်၏။ အိမ်များတွင် ချိတ်ဆွဲထားသော ရောင်စုံမီးပုံးများ၊ လင်းချည်မှိတ်ချည် လျှပ်စစ်မီးလုံးများကို လှမ်းမြင်နေရ၏။ ဖွဲဖွဲကျနေသော မိုးစက်တွေက ဝရန်တာ လက်ရန်းတိုင်အောင် တစ်ချက် တစ်ဝေ့ ရောက်လာတတ်သည်။ အပေါ်မှစီး၍ မြင်နေရသော ကတ္တရာလမ်းမှာ စိုစွတ်လျက်ရှိ၏။ ရေအိုင်ရာတို့တွင် မိုးစက်ကြောင့် ဂယက်ဝိုင်းတွေရွေ့ကာ လှုပ်နေသည်။

'ယူဆိုတဲ့ အခေါ်က နှစ်ယောက်ကြားမှာ ယူဇနာတွေခြားထားသလိုပဲ'

'အဲသလောက် မခြားပါဘူး၊ တစ်လံကွာလောက်ပဲ ရှိပါတယ်'

'တစ်လံကွာရဲ့ အပုံတစ်ရာပုံ တစ်ပုံခလောက်ပဲခြားလို့ နေရမှာကိုတောင် ကိုယ့်အဖို့တော့ ဝေးလွန်းတယ်ထင်တယ်'

'လောကထဲမှာ ကိုယ်တစ်ယောက်တည်းနေတာမှ မဟုတ်တာ၊ ကြားတယ် မဟုတ်လား၊ အသံတွေ'

အိမ်ရှင် မိသားစုက အိမ်အပေါ်ထပ်သို့ တက်ရင်း စကားပြောလာသည်ကို ကြားရ၏။ တစ်စတစ်စနှင့် အသံတွေ နီးလာ၏။ ဝေ၏ အစ်ကို့အသံကို မကြားရသည့်အတွက် အနေရအနည်းငယ် သက်သာသည်။

'တစ်ယောက်တည်းနေတာ မဟုတ်တော့လို့ ကိုယ်ပြောတာပေါ့၊ ယူ....ယူ....ဆိုတာကြီး မခေါ်ပါနဲ့ ဝေရာ'

ရယ်သံလွင်လွင်ကို ဦးစွာ ကြားရပြီးမှ....

'ဘယ်လို ခေါ်ရမလဲ'

နှုတ်ခမ်းပြင်သည်တွင် ဝေ့အစ်ကို့အသံကို ကြားရသည်

www.burmeseclassic.com

www.burmeseclassic.com



ထင်၍ နှုတ်ခမ်းစေ့လိုက်သည်။ အောက်ထပ်မှ အသံဟု သဲကွဲတော့မှ ပြောမည့် ပြု၏။ ထိုအချိန်တွင် ဝေ မေးသည်။

'ပြောလေ'

ပြောမည် ပြင်သော်လည်း သူ မျက်နှာမထားတတ်။ စွန့်၍ ပြောလိုက်သည်။

'မောင်လို့....'

နားမရှင်းလေဟန် ပြုပြီး မေးသည်။

'အရာကြီးလို့၊ ဟုတ်လား'

သူ မျက်ခုံး တွန့်ပြကာ....

'မောင်လို့ပါ ဆိုမှ'

'ကုလားကြီး၊ ဟုတ်လား'

စိတ်မရှည်သော မျက်နှာနှင့် သူပြောသည်။

'ဟုတ်တယ်၊ အဲသလိုခေါ်ဖို့ ပြောတာ'

နားရှင်းသွားလေဟန်နှင့် သူ့ကို ခေါင်းညိတ်ပြကာ....

'မောင်လို့၊ ဟုတ်လား'

သူ ပြုံးသည်။

'ခေါ်မယ် မဟုတ်လား'

'ဟင့်အင်း၊ ရှက်တယ်'

'ဘာ ရှက်စရာလိုလဲ ဝေရယ်၊ အချင်းချင်းပဲဟာ၊ ပြီးတော့ ကျောင်းနေဖက် သူငယ်ချင်း အရင်းကြီး'

ဝေ၏ ကြည်လဲ့လဲ့ မျက်လုံးက တည့်တည့်တူရှူ။ မျက်လုံးအိမ်ထဲသို့ ရောင်စုံမီးရောင်တွေ ရောင်ပြန် လာထင်နေသည်။

'သူငယ်ချင်းချင်းမို့ ခေါ်မထွက်တာပေါ့'

သူက ရယ်လိုက်၏။ ထိုနောက် လေသံကို နှိမ့်၍....

'ချစ်ရင်တော့ မောင်လို့ ခေါ်ပေါ့ ဝေရယ်'



ဝေ၏ မှိုင်းမှိုင်းညို့ညို့ အကြည့်သည် သည်းပွတ်ထဲတွင် အနှံ့အစပ် ရောက်လျက်ရှိ၏။

*

(၁၆)

မောင့်မိဘတွေကို အသိပေးလိုက်တယ်ဆိုတော့ ဝေ အသွားရ အလာရ ကျပ်သွားတာပေါ့ဟု ဝေက ပြောသည်။ အဖေရော အမေရော နားလည်မှု ရှိကြပါတယ်ဟု သူ ပြောသည်။ ဝေ့မိဘတွေကိုတော့ ဝေ မပြောပြသေးဘူး။ ဖြည်းဖြည်းပေါ့။ ဒါပေမယ့် ယောက်မက ပြောပြလို့ သိနေမှာပါ။ မောင်နဲ့ သဘောမတူစရာ အကြောင်း မရှိပါဘူး။ ဒါ့ကြောင့်လဲ အဖေရော အမေရော မောင့်ကို အရင်အတိုင်း လှိုက်လှိုက်လှဲလှဲ ပြောဆို ဆက်ဆံကြတာ ဖြစ်မှာပေါ့၊ တစ်ခုတော့ ကောင်းတာပေါ့လေ။ မောင့် မိဘတွေအနေနဲ့ ဝေ့ကို မောင့်သူငယ်ချင်း တစ်ယောက်ပဲလို့ တွက်ထားပြီး သူတို့ သဘောကျတဲ့ ထမြားမိန်းကလေးနဲ့ မောင့်ကို ကမ်းလှမ်းထားတာမျိုး မလုပ်တော့ဘူးပေါ့။ ချွေးမလောင်းတစ်ယောက် ဖြစ်ကြောင်း မှတ်ပုံတင် ထုတ်ပေးပြီးသား ဖြစ်သွားရော၊ မဟုတ်ဘူးလားဟု နယ်မောကာ ပြောလေ၏။

ဝေ ပြောပြသည်တို့ကို အမေ့ကို ပြန်လည် ပြောပြသောအခါ အမေ ပြုံးကာ 'ဝေက မိန်းကလေးပီသတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ စိတ်ကောင်းနှလုံးကောင်း ရှိတာပဲ သားရဲ့အမေ သဘောမတူစရာ မရှိပါဘူး'ဟု ပြောလေသည်။ 'ဝေက ရည်ရည်မွန်မွန်ပဲ၊ တစ်နေ့ကျရင် မင်းတို့နှစ်ယောက် အဲသလို ဖြစ်လာမယ်လို့ မျှော်လင့်ထားပြီးသားပါ၊ တစ်ခုတော့ရှိတာ ခေါ်ကွာ၊ တက္ကသိုလ်ရောက်ပြီး ဘွဲ့ရတော့မှ ယူစေချင်တယ်၊

www.burmeseclassic.com

ဆယ်တန်း အောင်ရုံလေးနဲ့ ဘောင်မရောက် မြောက်မရောက် အချိန်မှာ ယူတာ ပြုတာ မဖြစ်စေချင်ဘူးလေ' ဟု အဖေက ပြုံးရယ်စွာ ပြောသည်၊

အမေနှင့် အဖေ့ သဘောထားတွေကို ဝေကြားသည်တွင် ကြည်နူးစွာသော နှုတ်ခမ်းဖြင့်....

'မိန်းကလေးတစ်ယောက်ရဲ့ စိတ်ကို မောင် သိမလား မဆိုနိုင်ဘူး'

'ဘာကို ဆိုလိုတာလဲ ဝေ'

'ဩော်....ချစ်သူထားရတယ် ဆိုတာ ရောမ စွန့်စားရတာမျိုးပါ၊ မောင့်ကို ချစ်တယ်လို့ အဖြေမပေးခင်မှာ စိတ်လေးရတာတွေ များလှတယ်၊ သိလား'

'ဘယ်လို စိတ်လေးတာလဲဟင်'

'အဖြေပေးပြီးတဲ့နောက် ကိုယ့်အပေါ် သစ္စာရှိပါ့မလား ဆိုတာ အရင်ဆုံး စိတ်လေးရတဲ့ အချက်ပဲ'

'ဟာ....ဝေကလဲ၊ မောင့်ကို အထင်သေးလိုက်တာ'

ဝေ ခေါင်းခါပြ၏။

'မောင့်ကို အထင်သေးလို့ ပြောတာ မဟုတ်ပါဘူး၊ ယောကျ်ားလေးတွေရဲ့ ဖြစ်တတ်တဲ့သဘောကြောင့် စဉ်းစားရတဲ့ အချက်ပါ၊ ထား၊ သစ္စာရှိတယ်လို့၊ နောက်တစ်ခုက ငါ့မိဘတွေ သဘောတူကြပါ့မလား ဆိုတာ၊ မိသားစုထဲက ခွဲထွက်ရေး မထွက်ရေး ပြဿနာကိုး၊ ထားပါတော့၊သဘောတူပြီ၊ နောက်တစ်ခုက ယောကျ်ားလေးဘက်က အဆင်ပြေရဲ့လားဆိုတာ စဉ်းစားရပြန်ရော၊ ကိုယ့်ချစ်သူကို ယုံရလို့ ကိုယ့်ဘက်မှာရှိတယ် ဆိုဦးတော့၊ နှစ်ဘက်လူကြီး အဆင်မပြေရင် စိတ်ညစ်ရဦးမယ်၊ မောင် စဉ်းစားကြည့်လေ၊ ကိုယ့်



ဘက်က သဘောမတူလို့ ခိုးရာလိုက်ပါပြီတဲ့၊ ယောကျ်ားလေးဘက်ကပါ သဘော မတူဘူး ဘာဘူးဆိုရင် တစ်ပြဿနာ၊ နှစ်ယောက် သူ့တို့ရှိရှိနဲ့ ကိုယ့်ဘဝကိုယ်တူထောင်မယ်၊ မဖြစ်ဘူးလား၊ ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ကိုယ့်ချစ်သူက ကိုယ့်ကို နားလည်ဦးမှ၊ အရေးအကြီးဆုံးက သစ္စာရှိပါမှဆိုတာ တစ်ပတ်ပြန်လည်လာပြီ၊ ဝေပြောတာ အဲဒါပါ'

လေးနက်လှစွာ သော်လည်းကောင်း၊ စီကာစဉ်ကာ သော်လည်းကောင်း ဝေ ပြောသည်မှာ သည်အကြိမ်သည် ပထမဦးဆုံး။

'မောင်နဲ့ ပတ်သက်လို့တော့ စိတ် မလေးရဘော့ဘူး မဟုတ်လား'

'ဒီနေ့အထိတော့ မလေးရသေးပါဘူး'

သူ ရယ်ချလိုက်၏။

'မောင် ဒီလောက် ပြောနေတာတောင် ဝေ မယုံဘူး'

'ယုံရတယ် မယုံရဘူးဆိုတာ စကားနဲ့ဆုံးဖြတ်လို့ ဖြစ်တာမှ မဟုတ်ဘဲ'

အသံတွင် ကျီစယ်ဟန် ပါ၏။ အဓိပ္ပာယ်တွင် ထိုသို့မဟုတ်ဟု ထင်၏။

'ဝေ....သိပ်စဉ်းစားတာပဲနော်'

ဝေ ပြုံး၏။

'တစ်သက်တာအတွက် ရည်စူးပြီး ချစ်သူထားတဲ့ မိန်းကလေးတိုင်းဟာ ဝေလိုပဲ စဉ်းစားကြမှာပါ၊ ပန်းဂေဒင်း အညွန့်ကျိုးဘဝ ဆိုတာ ချစ်သူဘဝကိုတင် ပြောတာမဟုတ်ဘူးလို့ ဝေ ထင်တယ်၊ အိမ်ထောင်သည်ဘဝအထိ ပြောတဲ့ စကားပဲလေ၊ ဟုတ်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ စကားဟာ မိန်းကလေးကို ရည်ရွယ်တဲ့ စကား သက်သက်လို့ မောင် မထင်ဘူး၊ ပန်းကောင်းအညွန့်ချိုးခံရတာ မိန်းကလေးတစ်ယောက်တည်းမှ မဟုတ်တာ၊ယောကျ်ား လေးနဲ့လဲ ဆိုင်တယ်'

ပြုံးလက်စ မျက်လုံးဖြင့် သူ့ကို ကြည့်နေသည်။

'မိန်းကလေးက အကြောင်းမဲ့ အပြစ်ရှာပြီး စွန့်သွားလို့ အဝမျက်တဲ့အထိ အလူးအလဲ ခံလိုက်ရတဲ့ ယောကျ်ားလေး တွေ မနည်းပါဘူး၊ ပြောစရာတော့ ရှိတာပေါ့၊ ယောကျ်ား ဖြစ်လျက်နဲ့ ဒီလောက် ပျော့ညံ့ရသလားလို့၊ ကြံ့ကြံ့ မခံနိုင်ရ ကောင်းလားလို့ အပြစ်ကတော့ တင်ရမှာပဲ၊ ဒါပေမယ့် ကတိတွေ သစ္စာတွေ ဖျက်သွားတဲ့ သူကိုလဲ အပြစ်မဆိုလို့ မဖြစ်ဘူး၊ မောင် ထင်တယ်လေ၊ မိန်းကလေးဆိုတာ ဖက်၊ ယောကျ်ားလေးက ဆူးဆိုတာ မဟုတ်ဘူး၊ နှစ်ဦးစလုံး ဖက်ရွက်လဲ ဖက်ရွက်၊ ဆူးလဲ ဆူး'

ဝေက သဘောတကျ ခေါင်းညိတ်ရင်း ရယ်၏။

'မောင်က ဝေ စိတ်ပူဖို့လဲ ချန်ထားပါဦး'

ဝေ့လက်ခုံကို တို့၍ ဖျစ်လိုက်၏။

'တအားမဖျစ်နဲ့လေ၊ ဗူးမိဦးမယ်'

ဝေ့ပါးတို့သည် နွေးထွေးလှပေ၏။

*

(၁၄)

အမေက ပဲမြစ်ပန်းကန်နှင့် လက်သုတ်ပဝါကို ယူလာ၏။ ဝေက ရေနွေးကြမ်းဗူးကို ယူကာ အမေ့နောက်မှ လိုက်လာ၏။ စားကြည့်စားပွဲနားသို့ ရောက်သောအခါ သူ ထသည်။ အမေ့လက်မှ ပန်းကန်ကို လှမ်းယူသည်။ ခေ့ထံမှ ဗူးကို ယူမည် ပြုသည်။ 'ရတယ် ကိုလတ်' ဟုပြောကာ ဝေက ဗန်းကို စားပွဲပေါ်တွင် ချသည်။ 'ဆီနဲ့ဆား ပန်းကန်လုံးရော' ဟု အမေက မေးလည်းမေး၊ကြည့်လည်း ကြည့်သည်။ ဝေ မဖြေမီ 'ကြော် ဗန်းထဲမှာကိုး' ဟုပြော၏။ 'ကဲ....စားကြ၊ အမေ ခဏ ဆေးလိုက်ဦးမယ်' ဟု ပြောသည်။ စားပွဲမှ ခွာကာနီးတွင် 'ခုမှ သတိရတယ်၊ မင်းတို့ မလာခင်ကလေး ဟိုဘက်လမ်းက ခေါ်ညီမအိမ်က ကလေးတစ်ယောက် လာပြီး စာပေးသွားတယ်၊မင်းအံဆွဲထဲမှာ' ဟု ပြော၏။ 'ဘယ်သူ့ စာလဲ အမေ' ဟု သူမေးသည်။ 'လှိုင်လှိုင်က လူကြုံနဲ့ စာပေးလိုက်တာ၊မှန့်တွေလဲ ပါလာတယ်တဲ့၊ ရီရီတို့ ပေးလိုက်တာ၊ ညနေကျမှ ဒီကိုလာပို့မယ်လို့ စာလာပေးတဲ့ ကလေးက ပြောသွားတယ်' ဟု ပြောသည်၊ အမေ့စကားအဆုံးတွင် အံဆွဲကို ဖွင့်ပြီးသား ဖြစ်သွားသည်။ စာကို ဆွဲယူလိုက်သည်။ စာအိတ်ကို စားပွဲပေါ်သို့ တင်လိုက်ချိန်တွင် အမေက အိမ်အတွင်းခန်းဘက်သို့ ထွက်သွားသည်။

'ဘယ်ကစာလဲ မောင်'

'မန္တလေးကပါ'

'ဘယ်သူ့ ဆီကလဲဟင်'

'ရီရီလှိုင့်ဆီက'

ဝေက ဆက်မမေး။မသိမသာ တွန့်ထားသော နှုတ်ခမ်းအရေးတွေ ပြေသွားသည်တွင်....

'ဒီနာမည်ကို ကြားဖူးပါတယ်'

သူ ချက်ချင်း ပြန်မပြော။

'မုလတန်းတုန်းက မောင်တို့နဲ့ အတူတူ နေဖူးတယ်လို့ ပြောဖူးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဝေသည် ခဏကြာမှ....

'သြော်....မနှစ်က ပြောဖူးတယ်၊ နှိုကောင်အိမ်ဆောက်ဖို့ မြက်တွေခူးတုန်းက တွေ့ဖူးတယ်ဆိုတာလား'

'အင်းလေ၊ သူပေါ့'

ပဲမြစ်ကို ယူကာ အခွံခွာရင်း သူ့ကို ဝေ ကြည့်နေသည်။ သူ ပြောလိုက်၏။

'သူ့ဆီလဲ စာရေးမယ်ရေးမယ်နဲ့ တစ်ခါမှ မရေးဖြစ်ခဲ့ဘူး'

ဝေက နှုတ်ဆိတ်၍နေသည်။ ဝေ့မျက်လုံးသည် စာအိတ်သို့ ရောက်သွား၏။

'တစ်စောင်တလေတော့ ရေးဖို့ကောင်းပါတယ်၊ မောင့်ကို သူ ခင်ရှာသားပဲ'

'အားမှမအားတာ ဝေရဲ့'

ပဲမြစ်ကို သူ့ အားပေးသည်။ လက်သုတ်ပဝါယူကာ သုတ်ရင်းနှင့် စာအိတ်ကို လှမ်းယူ၏။ အတွင်းရှိ စာခေါက်ကို ဆုတ်ရာ လွတ်အောင် လှုပ်ပြီး လက်သည်းဖြင့်ညှပ်ကာ ဆုတ်၏။ စာအိတ်ပွင့်သွားတော့မှ တစ်ချက်မှုတ်လိုက်သည်။ စာခေါက်ကို ဆွဲထုတ်လိုက်၏။ အပြာနုရောင် စာရေးစက္ကူခေါက်ကို စာအိတ်ပေါ်သို့ အခေါက်အတိုင်းတင်ကာ သူ့ရှေ့တွင် ချပေး၏။

'မောင် လက်မအားလို့ စာအိတ်ဖောက်ပေးတာပါ'

ပဲမြစ်တစ်ဖြတ် ဖဲ့ကာ စားသည်။ အမည်တပ်၍ မရသော ကြောင့်ကြမှု တစ်မျိုး ဝင်လာသည်ကို ခံစားရ၏။ တစ်ဦးနှင့် တစ်ဦး လျှို့ဝှက်စရာ မထားအပ်ဟု သူသိသည်။ စာထဲတွင် ဘာတွေ ရေးထားမည်ကို မမှန်းတတ်။ စာတစ်စောင်မှ မရေးမိခဲ့ပါဟု ဖုံးကွယ် ပြောမိခဲ့ခြင်းကို ပြင်ပြောချင်စိတ်



ပေါ်လာသည်။ ယခုမှ စကားပြင်ရလျှင် မကောင်းဟု တွေးမိသည်။

'ဝေ ဖတ်ပါ'

ဝေသည် ပြုံးလေ၏။

'မောင့်ဆီ ရေးတဲ့စာကို ဝေက အရင်ဖတ်လို့ ဘယ်ကောင်းပါ့မလဲ'

မောင်ဖတ်ပြီးမှ ဝေဖတ်ရတာက ကောင်းပါတယ်ဟူသော သဘောဟု အနက်ကောက်၍ ရ၏။ မောင့်ဆီကို ရေးတဲ့စာ ဝေ့မှာ ဖတ်ခွင့်တော့ရှိပါတယ် ဟူသော စကားရိပ်လည်း ရှိနေသည်။

'မောင် ပဲမြစ်စားနေတာ ပေကုန်လိမ့်မယ်'

ရင်ညွန့်နှင့် ပခုံးတစ်ဝိုက်သို့ ကျနေသော ဆံပင်တွေကို လက်နှစ်ဖက်ဖြင့် သပ်ကာ နောက်သို့ချပြီး ဝေပြုံး၏။ ဝေ တစ်ခွန်း ပြော၏။

'စာရွက်ကို ပေကျံကုန်မှာ နှမြောလို့ ဝေ့ကိုဖတ်ခိုင်းပြီး နားထောင်ပြခိုင်းတာနဲ့ တူပါတယ်'

မလုံလဲလှစွာသော မျက်လုံးအစုံကို ဝေမြင်သွားမည်စိုး၍ မျက်နှာ လွှဲလိုက်သည်။

'ပေကသဲကွာ'

သွားအသံ ဆုံးခါနီးတွင် ဝေသည် စာရွက်ကို လှမ်းယူ၏။ ဖြည်းဖြည်း ဖြန့်၏။ မိလိုင့်စာကို ဝေဖတ်စဉ် သူ သုံးလေးကြိမ်ခန့်တော လှမ်းကြည့်သည်။ ဝေ့မျက်လုံးသည် နဂိုအတိုင်း၊ နှုတ်ခမ်းသည် စောစောကအတိုင်း။ ပြောင်းလဲမှု မျက်နှာရိပ်ကြည့်တွင် စိုးစိုးစဉ်းစဉ်းပင် မဖြစ်။ အပြာနုရောင်စာရွက်ကို လှမ်းကြည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ ရေးထားလဲ ဝေ'

ဝေ မျက်လုံးအစုံသည် သူ့ထံသို့ ခပ်စွေစွေ ရောက်လာ၏။ ဖတ်၍ ပြီးဟန်မတူသော်လည်း ပထမစာရွက်ကို နောက်မှ ရှေ့သို့ ပြန်လည်လှန်လိုက်ရင်း...

'နားထောင်လေ၊ ဖတ်ပြမယ်'

ဝေ့ လေယူလေသိမ်းသည် အတန်မျှ ဆတ်နေသည်ဟု ထင်၏။

'နွေစွဲက နှစ်ဆယ့်ခုနစ်ရက်၊ ဆယ့်နှစ်လပိုင်း၊ ခုနှစ်မပါ။ ခေါင်းစဉ်က ကိုဇော်လတ်တဲ့၊ မိလှိုင် အခုမှ စာရေးနိုင်တော့တာ ခွင့်လွှတ်ပါ၊ ကိုဇော်လတ်စာတွေကို မိလှိုင် ရပါတယ်၊ တစ်လ နှစ်စောင်လောက် မိလှိုင် ဆီကို စာရေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မိလှိုင်က တစ်လတစ်ခါ ရေးဖို့တောင် မျက်ကွက်ခဲ့တာပဲ၊ ခု ဒေါ်လေးတို့ မန္တလေးကို လာတာနဲ့ စာရယ်၊ မုန့်တွေရယ် ပေးပို့လိုက်ပါတယ်၊ နွေကျောင်းပိတ်ရင် လာမယ်ဆိုတဲ့ ကိုဇော်လတ်စကားကို မိလှိုင် မယုံချင်တော့ဘူး၊ သီတင်းကျွတ်တုန်းကလဲ လာမယ်ဆိုပြီး မလာဘူး၊ မျှော်ရတဲ့လူ မောတယ်ရှင့်'

*

(၁၈)

သစ်ရာတော တောင်ခါးပန်း တစ်လျှောက်တွင် နေခြည်သည် စောင်း၍ ကျနေ၏။ ပင်နွယ် ပင်စောက်တို့၏အကြားသို့ ဖြူဆွတ်သော နေအလင်းက ဝင်နိုင်သရွေ့ ဝင်လာ၏။ တောင်ခိုးနှင့် မြူတို့သည် နေရောင်ကို အသွေးပြောင်းစေခဲ့သည်။ အမြင့်ဝေးတွင် ရှိနေသော ရွက်နုတို့ကို ပို၍ နုစေခဲ့၏။ ရွက်ရင့်တို့ကို ပို၍ ရင့်စေခဲ့သည်။ တစ်တောလုံးသည် ဆွတ်ပျံ့မွှယ်



အစိမ်းရောင်တွေနှင့် စိမ်းလျက် ရှိလေသည်။ တစ်တောင်လုံးတွင် တောပန်းတွေ ရောင်စုံပွင့်စ ပြုနေပေပြီ။

'မင်းမျက်နှာကြီးကို ငါမြင်လိုက်ချင်သကွာ ဟား....ဟား'

အစိုး၏ အားပါးတရ ရယ်သံသည် လျှိုအတွင်း၌ ဂယက်ထကာ ပဲ့တင် တစ်ဖန် ပျံ့လွင့်လာ၏။

'လိမ်လို့မှ စကားမဆုံးသေးဘူး၊ အသိမ် ပေါ်ရတယ်ဆိုတော့၊ ဟီး....ဟီး'

ခင်အေးသည် ဆေးပေါ့လိပ်ကို ခဲရင်း ဟက်ဟက်ပက်ပက် ရယ်နေ၏။ သူတို့နှစ်ယောက်၏ ရယ်သံနှင့်အတူ သူ ရော၍ ရယ်သည်။ ရယ်သံတွေကြားတွင် [illegible]

'စာတစ်စောင်မှ မရေးဖူးတဲ့လေနဲ့ အပြောနဲ့၊ ဟ[illegible]လား၊ ဘာလဲ ဖောက်ဖတ်ရော တစ်လ နှစ်[illegible]လောက် ရေးတဲ့အကြောင်းက ထင်းခနဲ ပေါ်ရော၊ အင်း....မင်းကို ဘယ်လိုပြောတယ်ကွ၊ လုပ်စမ်းပါဦး'

ဆေးလိပ် လက်ကြားညှပ်ကာ ကျောက်ဘုံးကို တင်ပါးဖြင့် ထိုင်သည်။ သူ စာတစ်ချက်ပြုံးမိလေသည်။ နှုတ်ခမ်းက ခပ်ဟဟ။

'မရှိရှိလှိုင်ဆီကို ဘယ်သူများ ကိုဇော်လတ် အယောင်ဆောင်ပြီး စာတွေရေးရေးနေသလဲ မသိဘူးနော်တဲ့ကွ၊ ငါ သိတာပေါ့၊ ငါကို ရိပ်မိပြီဆိုတာ'

အစိုးက ဟီးခနဲ ရယ်၏။

'ရိမှန်းတော့ သိသေးသကိုးကွ'

'ငါလဲ ဘာပြန်ပြောရမှန်းကို မသိအောင် ဖြစ်ရတော့တာပေါ့'

ခင်အေးသည် ဆေးလိပ်ဖွာရင်း နားထောင်နေ၏။

'သူ့ဆီကို ဝေတော့ စာရေးမှ ဖြစ်မယ်ထင်တယ်နော်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မောင်ကော စာမရေးဘူးလားတဲ့၊ အကျိုးအကြောင်းတော
စာရေးမှ ဖြစ်မယ်၊ နို့မဟုတ်ရင် မရီရီလှိုင်က မောင် စာတေ
ရေးတယ်လို့ပဲ ထင်နေဦးမယ်၊ တော်ကြာ ရှိုးရှိုးရေးနေရ
က ဆန်းဆန်းတွေ ရေးရင် ခက်ကုန်မှာ သေချာတယ်တဲ့
ကိုစိုးတို့ ကိုခင်အေးတို့များ ကြားက နောက်နေသလား မဆိ
နိုင်ဘူး၊ သူတို့နဲ့တွေ့ရင် မေးမြန်းကြည့်ရဦးမယ်တဲ့’

အစိုးက မျက်လုံးပြူးပြသည်။ ခင်အေးက....

‘အဲဒီစကားကတော့ မင်းကို ပြောင်ဖွင့်တိုက်ခိုက်လိုက်တာ
ပဲ ဇော်လတ်၊ လာလတ္တံ့သော အန္တရာယ်ကို ကြိုပြီးတားလိုက်
တာ သိလား၊ အင်း... ဆက်ပါဦး....ဆက်ပါဦး’

သူပြောမည့် စကားတွေကို ခင်အေးနှင့်အစိုးက စောင့်နေ
ကြသည်။ ထိုင်ရာအဆင်မပြေသော နေရာမှ ထကာ ခင်အေး
မှီနေသည့် ကျောက်စွန်းတစ်ဖက်သို့သွားသည်။ လက်နှစ်ဖက်
လှမ်းကာ ခုန်တက်ပြီး ထိုင်သည်။ ထိုင်သားကျအောင် ပြင်
ထိုင်သည်။ ထိုနောက်....

‘မိလှိုင် ရေးလိုက်တာတွေကို တစ်ကြောင်းချင်း ဖတ်ပြီး
သရုပ်ခွဲတော့တာပါပဲကွာ၊ မျှော်ရတဲ့သူ မောလှတယ်ဆိုတာ
ကစပြီး ခေတ်ခွဲသလို ခွဲတော့တာပေါ့၊ ငါက မိလှိုင်ဆီကို
ပညာရှာနေတုန်းမှာ ချစ်သူမရှာဖို့ ရေးခဲ့တယ်လေ၊ မိလှိုင်က
အဲဒီစကားကို သူ့ဆီ ဆုံးမတဲ့အနေ သက်သက်နဲ့ချည်း မရေး
ဖို့ရယ်၊ ငါကိုယ်တိုင်လဲ အဲဒီအတိုင်း ကျင့်သုံးဖို့ရယ် ပြန်ပြီး
ရေးတယ်လေ၊ ဝေက အဲဒီစာကြောင်းကို ဘာပြောတယ်
မှတ်လဲ၊ တစ်ယောက်ကို တစ်ယောက် ရည်းစားမရှိသေး
ကြောင်း ဝိနည်းရှောင်ပြီး ကြေညာကြတာတဲ့’

‘ဟုတ်လဲ ဟုတ်နေတာပဲ မဟုတ်လား’



အစိုးက ဒူးနှစ်ဖက်ပေါ်တွင် တံတောင်ဆန့်၍ တင်ရင်း
လှမ်းပြောသည်။ ခင်အေးက ‘စကားကို ဖြတ်ဖြတ် မပြော
လိုက်စမ်းပါနဲ့ အစိုးရ၊ တော်ကြာ ဒီကောင် မေ့ကုန်ပါဦး
မယ်’ ဟု ဟန့်၏။

‘မိလှိုင်ရေးတာက အစုံပဲ၊ သတိတရ ရှိတာတွေရော၊ ပညာ
ကြိုးစားဖို့ရော၊ ငယ်ငယ်က အတူတူ ကစားခဲ့တာတွေရော၊
ရာဇဝင်အူပေါက် မဟုတ်လား၊ ဝေက ဘာပြောတယ် မှတ်လဲ၊
မောင်နဲ့ပတ်သက်လို့ အရာရာဟာ သူ့ရင်ထဲ စွဲနေပုံပဲတဲ့၊
အဆိုးဆုံးကတော့ ‘ကိုဇော်လတ်ဟာ ငယ်က ရုပ်ရည်အတိုင်း
ပဲ ထင်တယ်၊ မိလှိုင်က မမြင်ရသေးတဲ့ သူငယ်ချင်းရဲ့ ပုံပန်း
သဏ္ဌာန်တွေကို စိတ်ထဲက အမြဲ မှန်းဆနေပါတယ်’ ဆိုတဲ့
စာကြောင်းပဲ၊ မရီရီလှိုင်ဟာ သူ့သူငယ်ချင်းကို အတော် တွေ့
မြင်နေချင်ပုံပဲတဲ့၊ သနားစရာပဲတဲ့၊ မောင့် ဓာတ်ပုံ ပို့ပေးဖို့
ကောင်းပါတယ်တဲ့၊ ကျန်တာတွေက အများကြီး၊ ငါ ပြန်
တောင် မပြောတတ်တော့ဘူး၊ သူမို့ ကတ်ကတ်သတ်သတ်
ရှိတယ်တယ်’

ခင်အေးသည် ခေါင်းကို တဆတ်ဆတ် ညိတ်သည်။

‘မင်းကို နာမည်ပြောင်းရင် ကောင်းမယ်’

သူ မမေးမီခင် အစိုး မေး၏။

‘ပြောစမ်းပါဦး၊ ဘယ်လို ပြောင်းမှာလဲ’

‘ကင်းခြေများလို့’

သူနှင့် အစိုးတို့ရယ်သည်။

‘ဟုတ်တယ်လေ၊ အကောင်းပြောတာ၊ မရယ်နဲ့၊ တကယ်
ခြေများတယ်၊ မိလှိုင်ဆီကို စာတွေ တိတ်တိတ်ရေးနေတာကို
သူတောင် မသိဘူး၊ တကယ့်ကောင်’

www.burmeseclassic.com

www.burmeseclassic.com



မလုံခြုံသောအပြုံးဖြင့် သက်သာရာရအောင်ပြုံး၍ ခင်အေးကို သူ ကြည့်သည်။

*

(၁၉)

အေးသွယ်သွယ်နှင့် ဝေတို့က ရေပုံး ဖြည့်ခပ်ကာ သူတို့ သုံး ယောက်ကို ကုပ်မှ လောင်းချသည်။ ခင်အေးက 'ကုန်ပါပြီ ဗျာ၊ အိတ်ထဲက ဆေးလိပ်တွေ အကုန်စိုပါပြီ' ဟု အော်သည်။ အစိုးက လုံချည်ရေစိုကို ညှစ်ရင်း 'ဆပ်ပြာလေး ဘာလေး တော့ ယူမပေးကြဘူး' ဟု နောက်၏။ အေးသွယ်သွယ်က ဇော်လတ်ကိုသာ တစ်ပုံးပြီးတစ်ပုံးလောင်းချနေသဖြင့် 'အေး သွယ်သွယ်က သူ့ လူကျတော့ ချန်ထားတယ်' ဟု ခင်အေးကို ရည်စူးပြီး ပြောသည်။ ဇော်လတ်၏ခေါင်းကို အေးသွယ်သွယ် က ဖျွန်းခနဲ ရိုက်သည်။ အစိုးက 'အမယ်လေး ရိုက်လိုက်တာ များ ဝေနဲ့တော့ ရန်ဖြစ်ကြတော့မှာပဲ' ဟု ခပ်ကျယ်ကျယ် အော်၏။ ခင်အေးက 'ဟေ့ကောင် အဲဒီစကား တိုးတိုးပြော ကွ' ဟု သတိပေးသည်။ ဇော်လတ်က အိမ်ဘက်သို့ လှည့်ကြည့် ၏။ ဝေ ညီမနှင့် ဝေ မိခင်က ပြုံး၍ ကြည့်နေသည်။ ဝေ အစ်ကိုက မကြားယောင်ပြုကာ မျက်နှာလွှဲနေသည်။ အေး သွယ်သွယ်က ပုံးတစ်ဝက်သာသာ ကျန်သေးသော ရေဖြင့် အစိုးကို ငုတ်တုတ်ထိုင်စေပြီးမှ လောင်းသည်။ ဇော်လတ်က 'တို့ လောင်းတုန်းက တစ်ဖလား နှစ်ဖလား၊ သူတို့ကျတော့ တွင်းလိုက်ပါ မပြီး လောင်းမလား အောက်မေ့ရတယ်' ဟု ပြော၏။ အေးသွယ်သွယ်က စည်ပိုင်းထဲမှ ရေကို ခြစ်၍ခပ် သည်။ ပုံးမပြည့်သောကြောင့် ရေတွင်းသို့ သွား၍ ချိတ်ထား



သော မောင်းတက်ကို ဖြုတ်ကာ ရေငင်၏။ မောင်းတက်ရှိ ဝါးလုံးသည် တွင်းထဲသို့ ခင်းသွား၏။ ဝေက ရေတွင်းသို့ ခပ်သုတ်သုတ် ပြေးသွား၏။

ခင်အေးက ပြောသည်။

'ဝါးလုံးထိပ်က ရေပုံးကို ဖြုတ်ပြီး တို့ သုံးယောက်ကို ဇောက်ထိုးချည်ပြီး တွင်းထဲမှာ စိမ်ထားပါလား'

အားလုံး၏ ရယ်သံက ဝါးခနဲ ထွက်လာသည်။

***

အင်္ကျီ လုံချည်နှင့် စွပ်ကျယ်တွေကို တန်းမှာ လှန်းနေစဉ် ခင်အေး တိုးတိုးပြော၏။

'ငါ့စိတ်ထဲတော့ မင်းတို့ မင်္ဂလာဆောင် လာရသလိုပဲ၊ အဘွားကြီးကလဲ ပြုံးပြုံး ပြုံးပြုံးနဲ့၊ မင်းယောက်ဖကြီးကတော့ မသိလိုက် မသိဘာသာနဲ့၊ ခယ်မလေးကတော့ အပြန်အလှန် ရေလောင်းနေတာကို တစ်ချိန်လုံး ရယ်နေတာပဲ၊ အဘိုးကြီး က ဘုန်းကြီးကျောင်းမှာလား'

သူ ခေါင်းညိတ်ပြသည်။

'ဥပုသ် သွားစောင့်တယ်နဲ့ တူတယ်'

'ကောင်းတာပေါ့ကွ'

သူတို့ ခပ်တိုးတိုး ပြောနေသည်ကို အစိုးက နားစွန်နား ဖျား ကြားဟန်တူ၏။

'ဘာတွေ ပြောနေတာလဲကွ၊ ပြောစမ်းပါဦး'

ခင်အေးက....

'ငါ့လခွီး....သန့်ခနဲဆို နန့်ခနဲပဲ၊ ဘာပြောပြော မင်းနဲ့ ဘာဆိုင်လဲ'

အစိုးသည် မျက်နှာကို ပြောင်စပ်စပ်ထားကာ....

www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့ကွာ၊ မင်းတို့က ခုအချိန်မှာ ကိုယ်စီကိုယ်ငှနဲ့ ဆိုတော့ ငါ့ကို ဟောက်အားရှိတာပေါ့၊ ငါက ခုအချိန်မှာ အထီးကျန် မဟုတ်လား'

ခင်အေးက....

'အထီးကျန် ဆိုတာ အမ ပြန်သွားလို့လား'

ခင်အေး ပြောသည်ကို ပြန်မပြော။ မရယ်၊ မပြုံး။

'ဒါထက် ဇော်လတ်၊ မင်းယောက်ဖရဲ့ မိန်းမရဲ့ ညီမ ဟို ညိုညိုလေးရဲ့ နာမည်က ဘယ်လိုခေါ်လဲဟင်'

သူ ပြုံး၍ နေလိုက်၏။

'ဘယ်သိမလဲ၊ ငါလဲ အခုမှ မြင်ဖူးတာ'

'ဖြီးဖြန်းမြို့၊ ရန်ကုန် မီးထွန်းပွဲတုန်းက သူပါ ပါတဲ့ဟာ များ၊ မင်းက ငါ့ကို တစ်ပတ်ရိုက်နေပြန်ပြီ ဇော်လတ်ရာ'

သူ ပြန်ပြောမည်ပြုစဉ် ခေါ်သံ ကြား၍ နှုတ်ခမ်းစေ့ လိုက်သည်။ သမင် လည်ပြန် ကြည့်လိုက်ကြသည်၊ ပြတင်း ပေါက် သံစကာများ၏ နောက်တွင် ဝွေကို မြင်ရသည်၊

'မှာင်းရည်တွေ အေးကုန်တော့မယ်၊ မြန်မြန်လာကြလေ၊ နွေးခပ်ပြီးတာ ကြာလှပြီ'

❋❋❋

'အောင်စာရင်းကို တွေးလိုက်ရင် ငါတော့ ရင်ထဲ တဒိတ် ဒိတ် ခုန်လာတယ်'

အစိုးက တို့စရာမြှုပ်ရင်း ပြောသည်။

'ငါကတော့ မေ့မေ့ပျောက်ပျောက်ပဲ ကိုယ့်လူ'

ခင်အေးက ထမင်းဝါးသံဖြင့် ပြော၏။

'ငါတို့အားလုံး အောင်လိမ့်မယ်လို့ ထင်နေတယ်၊အိပ်မက် မက်တော့လဲ ငါပြောသားပဲ၊ အကုန် အောင်ကြတယ်လို့'



ဇော်လတ် စကားကို ခင်အေးက....

'မင်း မက်တဲ့အတိုင်း ဆိုရင်တော့ ပျော်စရာကြီးပေါ့ ကွာ'

အစိုးက ဟင်းချိုဇွန်းကို ပြန်ထားရင်း....

'မင်းတို့နှစ်ယောက်ကတော့ ငါ့ထက် ပိုပျော်မှာပါ'

စကားအဆုံးတွင် အေးသွယ်သွယ်နှင့် ဝေတို့ကို တစ်စေ့ ကြည့်၏။ ထိုနှစ်ယောက်က နှုတ်ခမ်းစူပြကြသည်၊ ထိုစဉ် ဝေ့မိခင်က ထမင်းဝိုင်းဆီသို့ ရောက်နေသည်ကို တွေ့ကြ သည်၊ အစိုးက ရှက်အမ်းအမ်း မျက်နှာဖြင့်....

'ငါပြောတာက မင်းတို့ နှစ်ယောက်စလုံးက ငါ့ထက် စာမေးပွဲ ပိုဖြေနိုင်ကြတယ် မဟုတ်လား၊ မင်းတို့က ဆေး တက္ကသိုလ်တို့၊ စက်မှုတက္ကသိုလ်တို့ကို အိုင်အယ်အေ ကောင်း ကြီး ရောက်နိုင်တယ်၊ ငါကတော့ တက္ကသိုလ်ဝင်ခွင့် အမှတ် နည်းနေရင် ခွပ်လို့ ပြောတာပါကွ'

သူတို့ ရယ်လိုက်ကြသည်။ အစနှင့် အဆုံး စကား အဖွင့် အပိတ် ညီမှန်းသိ၍ ရယ်ကြသည်၊ ဝေ့မိခင်က မသိကျိုးကျွန် ပြုကာ....

'ဆယ်တန်းကို မင်းတို့အားလုံး အောင်တဲ့နေ့မှာ အဒေါ် က ထမင်းချက် ကျွေးဦးမယ်'

*

(၂၀)

နှပ်စီးနေရင်း အဖေ့ကို အမေ လှမ်းပြော၏၊

'ရေနွေးအိုးက ဆူကာနီးနေပြီနော်'

စာကြည့်စားပွဲပေါ်ရှိ ကြေးတိုင် စာအုပ်စာတမ်းတွေနှင့် အသုံးများနေသူ အဖေက ကိုယ်ကို အိမ်ရှေ့ဘက်သို့ လှည့်

www.burmeseclassic.com



၏၊ စာကြည့် မီးခလုတ်ကို ဘယ်လက်ဖြင့် လှမ်းပိတ်သည်။ ဖေါင်တိန် ထိုးထားသော ညာလက်မောင်းက ကုလားထိုင်နောက်မှီပေါ်သို့ ရောက်နေ၏။ ထမည်အပြုတွင် 'ရေနွေးအိုးတည်ထားတယ်၊ ဆူကာနီးပြီလို့ ပြောတာ'ဟု အမေ ထပ်ပြောသည်။ မျက်မှန်ကိုင်းကို ကျော်၍ ကြည့်ရင်း....

'ဪ....အေး အေး'ဟု အဖေ ပြောသည်။

အမေ့နောက်မှ လိုက်သွားလိုက်သည်။ အိမ်ထဲက မီးရောင်သည် ဝါးတစ်ပြန်သာသာအထိ ထွက်နေ၏။ ခြံဝဘက်သို့ နီးလာသည်နှင့်အမျှ လပြည့်ကျော် တစ်ရက်၏ လရောင်သည် ထင်သည်ထက် ထင်လာ၏။ လမ်းပေါ်တွင် ပို၍ အလင်းကျလျက် ရှိသည်။ လင်းတစ်လှည့် မလင်းတစ်လှည့် နီကြန်ကြန် လမ်းမီးတိုင်တို့သည် ယနေ့ညတွင် စုံးစုံး မှိတ်၍ နေ၏။

အိမ်ထဲတွင် အိုက်စပ်စပ် ဖြစ်နေသော်လည်း လမ်းပေါ်တွင် လေပြည်တိုက်နေသည်။ အပေါ်ဆုံး အင်္ကျီ ကြယ်သီးတစ်လုံး ဖြုတ်လိုက်၏။ အငွေ့ပူကင်းသော လေညင်းတွေ ဝေ့ဝေ့လာနေသည်။ ခြေလှမ်း လှမ်းလိုက်တိုင်း နုညက်သော လေ၏ အထိအခတ်ကို သိသာစွာ ခံစားရသည်။ လမ်းလျှောက်မြန်သော အမေက သူ့ရှေ့ အတော် လှမ်းလှမ်းသို့ ရောက်နေ၏။ အမေ ဘယ်ကို သွားနေမှန်း မသိ။

လမ်းကွေ့သို့ရောက်သောအခါ အမေသည် အရှေ့စူးစူးသို့ ခြေဦးတည်၏။ အရှေ့ ကောင်းကင်ဝရှိ လမင်းကို မြင်ရ၏။ နှစ်ခြံကျော်သော် တောင်ဘက်သို့ အမေ ချိုးသည်။ သူ့အရိပ်သည် လက်ယာဘက်သို့ ရောက်နေ၏။ အရှေ့ဘက်ရှိ သွေ့ခြောက်ခြောက် မြက်ခင်းပြင်နှင့် ကွင်းစပ်ရှိ တောင်ယာခြံ သုံးလေးခြံကို လရောင် အောက်တွင် မြင်ရလေသည်။



တောင်စွန်းရွာဘက်သို့ လှည့်ကြည့်သည်။ မြေငွေ့နှင့် တောင်မှိုးပျံ့နေ၍ ပီပီမမြင်ရ၊ မီးရောင်လက်လက်ကိုသာ မြင်သည်။

အမေကွေ့ရာသို့ ကွေ့လိုက်၏။ သူ့အရိပ်သည် သူ့ရှေ့သို့ ရောက်နေသည်။ လရောင်ကို ကျောခိုင်းလိုက်သည်တွင် စည်းရိုးဝါးဘောင်၊ သစ်ပင်တွေ၊ အိမ်တွေ၊ တဲတွေကို လင်းလင်းချင်းချင်း မြင်လေသည်။ ဝင်မည့် အိမ်၏ ခြံဝတွင် အမေ ရပ်၍ စောင့်သည်။ တစ်ခေါက်နှစ်ခေါက်သာ ရောက်ဖူးသော ထိုအိမ်သို့ အမေ ခေါ်၍ ယခု တစ်ကြိမ် ထပ်မံ ရောက်သည်။ မိလှိုင်တို့ အဒေါ်အိမ်၊ ခြံဝသို့ သူရောက်သည်။ အမေက ရှေ့မှ ဝင်သွားသည်။ အမေ့ရှေ့ကို ကျော်ကာ သူလှမ်းကြည့်သည်။ အိမ်ခေါင်းရင်းရှိ ထန်းပင်ခြေရင်း ကွပ်ပျစ်ပိုင်းတွင် အမျိုးသမီးကြီး နှစ်ယောက်ကို တွေ့၏။

'အိမ်ရှင်တို့....ခွေးကြည့်ဦးနော်'

အမေက ခပ်ကျယ်ကျယ် ပြောလိုက်၏။ ကွပ်ပျစ်ဆီမှ 'လာပါ...လာပါ၊ ခွေး ကြိုးချည်ထားတယ်'ဟု အမျိုးသမီးကြီး တစ်ယောက်က ပြော၏။ အသံကို ကျက်မိ၏။ မိလှိုင့်အဒေါ် အသံ ဖြစ်သည်။ အခြား အသံ တစ်သံကို ဆက်တိုက် ကြားရ၏။

'ဘယ်သူလဲ၊ ရှင်သန်းမေလား'

'ဟုတ်ပါ့၊ မိုးမချုပ်ခင်ကတည်းကဟာ ခုမှ လာဖြစ်တယ်၊ ဧည့်သည်တွေ ရောက်နေလို့'

အမေက ဝမ်းသာအားရ ပြောဖြေ ဖြေ၏။ ကွပ်ပျစ်ရှိရာသို့ အမေ လျှောက်သွား၏။ ကွပ်ပျစ်သို့ ရောက်ရောက်ချင်း....

'အိမ်ပေါ်မှာ လှောင်နေလို့၊ အိမ်ပေါ် သွားမလား မမသန်းမေ'

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင်၏ အဒေါ်က မေးသည်။ အမေက....

'ဒီမှာက အေးပါတယ်၊ သား ဒီမှာထိုင်'

အမေက ကွပ်ပျစ်ပေါ်တွင် ထိုင်သည်။ သူ မထိုင်သေး။ သူ မမြင်ဖူးသော အမျိုးသမီးကြီးက 'မောင်ဇော်လတ်လား ရှင်သန်းမေ'ဟု မေးသည်။ 'အင်းလေ'ဟု အမေ ဖြေ၏။ ထို အမျိုးသမီးကြီးက ထန်းလက် ပက်လက်ကုလားထိုင်ကို လက်ညှိုးညွှန်ကာ 'ထန်းဖလပ် ကုလားထိုင်မှာ ထိုင်လေ၊ တွားလာ လိုက်တာ'ဟု ပြော၏။ သူ ထိုင်လိုက်သည်။ အမေ့ကို ထို အမျိုးသမီးကြီးက 'ဟောဒီမယ် လမုန့်၊ စားဦး'ဟု ပြောကာ 'ညနေတည်းက မျှော်နေတာ'ဟု ဆို၏။ အမေ ပြန်မပြောမီ 'ညည်းတုမကို ခေါ်လိုက်စမ်းပါဦး'ဟု ပြော၏။ ခေါ်မည် အပြုတွင် အမျိုးသမီး တစ်ယောက်က ကွပ်ပျစ်ဆီသို့ ရောက်လာ၏။ အိမ်ရှေ့ဘက်ကို ကျောပေး၍ ထိုင်နေသောကြောင့် အိမ်ပေါ်မှ ဆင်းလာသည်ကို သူ မမြင်၊ သူ့ဘေးမှ ဖြတ်သွားချိန်အထိ သတိမပြုမိ။ ကွပ်ပျစ်တွင် ထိုင်တော့မှ လှမ်းကြည့်မိသည်။ ထိုအချိန်တွင် အမေနှင့် ထိုအမျိုးသမီးကြီးတို့ စကားကောင်းနေကြ၏။ ကျန်းမာရေး စကားတွေ၊ စီးပွားရေးစကားတွေ၊ ကုန်ဈေးနှုန်းကြီးတာတွေ၊ အိမ်စရိတ်အကုန်အကျများတာတွေ စုံနေ၏။ သွေးဆုံး ရောဂါ အကြောင်း၊ အဆစ်အမြစ် ကိုက်ခဲခြင်းများအကြောင်း၊ဆေးဆေးများအကြောင်းသို့ ရောက်ချင် ရောက်နေသည်၊ စကားချင်း တိုက်နေ၍ ရယ်သည့်အခါ ရယ်ကြသည်၊ အမေ့ကို ကြည့်လိုက်၊ ထိုအမျိုးသမီးကြီးကို ကြည့်လိုက်နှင့် ကြည့်နေရာမှ ရှယ်တူ အမျိုးသမီးကို တစ်ခါနှစ်ခါ ကြည့်မိသည်၊ရောက်ကာစက သစ်ကိုင်းရိပ်တွေ ကွယ်နေသော မျက်နှာသည် ထွက်လာသည်တွင် ထင်ရှား



လာ၏၊ လှလိုက်တာဟု စိတ်ထဲမှ ပြောမိသည်၊ သူ့ကို မကြာခဏ လှမ်းကြည့်တတ်သည်၊ ထိုအကြည့်ကြောင့် ရင်ထဲတွင် နွေးသွားသည်ကို ခံစားသိရှိသည်။

ခဏအကြာတွင် အမေတို့၏ စကားဝိုင်းသည် နွေးလာ၏၊ ပြော၍ အားရသွားကြဟန် တူသည်၊ စကားစ ပြတ်သွားသည်။ အမေက သူ့ကို ကြည့်သည်၊ ထို့နောက် အမျိုးသမီး ငယ်ထံသို့ တစ်ချက် ငဲ့၍ ကြည့်၏။ အမေ့ မိတ်ဆွေ အမျိုးသမီးကြီးက သူ့ဘေးရှိ အမျိုးသမီးကို လှည့်ပြီး ကြည့်၏။ ထို့နောက် သူ့ကို လှမ်းကြည့်သည်။ အမေနှင့် အမေ့မိတ်ဆွေ တို့သည် တစ်ဦးကိုတစ်ဦး ပြုံးကာ ကြည့်နေကြသည်။

အမေ့ မေးခွန်းကို ဦးစွာ ကြားရ၏။

'သား မမှတ်မိဘူးလား'

ဘာကို ရည်ရွယ်မှန်း မသိသောကြောင့် ငိုင်နေစဉ်....

'သမီး....အဲဒါ မောင်ဇော်လတ်လေ'

အမေ့ မိတ်ဆွေ အမျိုးသမီးကြီး၏ ပြောပြသံ အဆုံးတွင် အမေ ပြော၏။

'သား....သူ လှိုင်လှိုင်လေ'

အံ့ဩရလွန်း၍ ငေးကြည့်နေမိလေသည်။မိလှိုင်သည် ပြုံး၍ ကြည့်လျက် ရှိသည်။ အသက် တစ်အောင့် အကြာတွင်မှ သူ ပြန်လည် ပြုံးမိသည်။ စိတ်လှုပ်ရှားလှစွာဖြင့်....

'ကျွန်တော် မှတ်ကို မမှတ်မိဘူး၊ အဒေါ်ကိုလဲ ဘယ်သူ ပါလိမ့်လို့ တွေးမရဘူး၊ မိလှိုင်ကိုလဲ စဉ်းတော့ စဉ်းစားနေသား၊ ဒါပေမယ့် မထင်မိဘူး'

အမေတို့က ရယ်ကြ၏၊

'သမီးကတော့ သူ့ကို မှတ်မိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင်၏ အမေက 'သမီးက ဟိုတစ်ခေါက် လာတုန်းက မောင်ဇော်လတ် ခေတ်ပုံကို တွေ့ဖူးထားတာကိုး' ဟု ရယ်သံဖြင့် ပြောသည်။ မိလှိုင်က ပြုံးနေသည်။ ထို့နောက် လမုန့်ကို ပန်းကန်ထဲမှ ယူ၍၊ ဆီနစ်နေသည့် စက္ကူပတ်ကို ခွာပြီး သူ့ထံသို့ ကမ်း၏။ သူ လှမ်းယူသည်။

'ငယ်ငယ်က ရုပ်နဲ့ တခြားစီပဲ'

'ကြီးလာတော့ အရုပ်ဆိုးသွားတယ် ဆိုပါတော့'

သူကပါ အားလုံးနည်းတူ ရောနှောကာ ရယ်လိုက်ရသည်။ ရယ်ရင်းနှင့် ပြောစရာ စကားရှာသည်။ ရုတ်တရက် မတွေ့။ ထို့ကြောင့်....

'စာမေးပွဲ ဖြေနိုင်တယ် မဟုတ်လား'

မိလှိုင် ခေါင်းညိတ်သည်။

'ကိုဇော်လတ်ရော'

'ဖြေနိုင်ပါတယ်'

'အောင်ရင် တက္ကသိုလ်ကို ဆက်သွားမယ် မဟုတ်လား'

သူ ခေါင်းညိတ်သည်။ ထို့နောက် မေးသည်။

'မိလှိုင်ကော၊ ဘယ်လိုင်းရမယ်ထင်လဲ'

'ဆေးတို့ စက်မှုတို့တော့ ရမယ် မထင်ပါဘူး၊ ဝိဇ္ဇာ၊ သိပ္ပံ တစ်ခုခု ရရင်ပဲ ကျေနပ်ပါပြီ'

'မန္တလေးမှာပဲ တက်မှာလား၊ တကယ်လို့ စက်မှုတို့ ဘာတို့ မရရင်'

'ဖေဖေ ရန်ကုန် မပြောင်းရသေးရင်တော့ မန္တလေးမှာပဲ တက်ရမှာပေါ့၊ ခုပုံနဲ့ဆိုရင် နောက် သုံးလေးနှစ် နဲ့တောင် ဖေဖေ ရန်ကုန် ပြောင်းရဦးမယ် မထင်ဘူး'



သူ့ဖခင် ရန်ကုန်ပြောင်းရွှေ့ရေးနှင့် စပ်လျဉ်း၍ သူ့မိခင်က ပြောပြသည်။ အမှုထမ်းလောက၏ ခြေထိုးပုံများ၊ ညစ်ပတ်ပုံများကို ပြောသည်။ အမေက တစ်ခွန်းနှစ်ခွန်း ဝင်ပြောသည်။ သူက မုန့်စားရင်း၊ ရေနွေးကြမ်းသောက်ရင်း နားထောင်နေခဲ့၏။ လူကြီးတွေ စကားပြတ်တော့မှ....

'ဒီမှာ ဘယ်နှစ်ရက်နေမှာလဲဟင်'

'နေဦးမှာပါ၊ အနည်းဆုံး တစ်ပတ်ပဲ၊ မေမေ....'

သူ့ကို ဖြေရင်း မိခင်ကို ခေါ်သည်။ သူ့ကို လှည့်အကြည့်တွင်....

'သမီးတို့ တစ်ပတ်လောက်တော့ နေရမယ် ထင်တယ်နော်၊ ဦးလေးတို့ဆီက အဲသလောက်ဆို အဆင်ပြေမယ် ထင်တယ်'

ခေတ္တမျှ တွေ့၍နေပြီး 'အင်း...အနည်းဆုံး တစ်ပတ်ပေါ့၊ သောကာ ဆယ့်တစ်ရက် ဆယ့်နှစ်ရက်ထက်တော့ ပိုကြာမယ် မထင်ဘူး၊ ခု တစ်ပတ်လာရတာက ဒီလို ရှင်သန်းမေရော၊ ညီမ တစ်ယောက်က ပဲခူးတိုက် အမွေခွဲတုန်းက ငွေနှစ်သောင်း ကျန်မဆီက ခဏ လှည့်ထားတယ်လေ၊ အဲဒါ သူ့ဆီက ပြန်ယူတာ၊ မကြာခင် ကျောင်းပြန်ဖွင့်ရင် ငွေတာ လိုလာမယ် မဟုတ်လား၊ ပြီးတော့ သူ့အဖေက ပင်စင်ယူရင် နေဖို့ ကမာရွတ် ကင်ပွန်းခြံထဲမှာ မြေတစ်ဝိုင်း ဝယ်ထားတယ်၊ အဲဒါ မြေရှင်က ကျန်တဲ့ငွေ သုံးထောင့်ငါးရာ ပေးပါလို့ စာရေးလိုက်လို့၊ မြေးတွေကို ရှင်ပြုချင်လို့ဆိုတော့ အားချင်းပေးမှ ကောင်းမယ်လေ၊ အဲဒီကိစ္စအတွက် ခုတစ်ခေါက် ဆင်းလာရတာ' ဟု ပြောသည်။

www.burmeseclassic.com



'အရင်လို အမှုတာပြွင်း မဟုတ်တော့ အေးအေးဆေးဆေး စကားပြောရတာပေါ့'

အမေက ဆောက်လက်စ ကွမ်းသီးဖက်ကို မီးညှိပြီး တစ် ဖွာနှစ်ဖွာ ဖွာကာ ပြောသည်။

'ပြောလဲပြော၊ ထိုးမုန့်လဲ စားဦး၊ ကျွန်မ လေရှည်နေ တာနဲ့ အာမှ မစားရသေးဘူး'

***

ညဉ့်နက်သည်ထက် နက်လာသည်။

အိပ်၍ မရသေး၊ အိပ်ခန်းမီးကို မှိတ်လိုက်သည်။ အခန်း တစ်ခုလုံး မှောင်သွားသည်။ ခေါင်းအုံးပေါ် တွင်တင်နေသော ခြင်ထောင်စတွေကို ဖယ်သည်။ မွေ့ရာအောက်တွင် ခြင် ထောင်စများ ညှပ်လိုက်သည်။ ပက်လက်လှန်လိုက်၏။ ကိုယ် ကို တွန့်ကာ အောက်သို့ အသာ လျှောလိုက်သည်။ ခေါင်းအုံး နှင့် နောက်စေ့အကြားတွင် လက်ဝါး နှစ်ဖက်ထပ်ကာ ခုထားပြီး မျက်လုံးမှိတ်သည်။

မျက်လုံးအစုံထဲသို့ မိလှိုင် ရောက်မြဲရောက်နေသည်။ ကြိုး စားကာ ဖျောက်ကြည့်သည်။ မိလှိုင်၏ နာပျော်ဖွယ်စကားသံ တွေ နားထဲသို့ ရောက်လာသည်။ အစွမ်းကုန် ပယ်ကြည့်သည်။ မိလှိုင်၏ သဏ္ဍာန်တို့က ပိုမိုထင်းလာသည်။ မျက်လုံးဖွင့်လိုက် သည်။ သက်ပြင်းတစ်ချက် ချမိလေသည်။

ငါစိတ်ကူးခဲ့ဖူးတဲ့ ရုပ်ရည်ပါပဲ။ အံ့သြစရာပါလား။ တစ် ချိန်ကျလို့ ငါ ချစ်သူရှာခဲ့ရင် ငါ့ချစ်သူဟာ ဒီလိုရုပ်ရည်မျိုး ရှိရမယ်လို့ စိတ်ကူးခဲ့တယ်၊ ခု ဒီလို ရုပ်ရည်ရှိတဲ့သူဟာ မိလှိုင် ဖြစ်နေပါကလား။ အေးဆေးတည်ငြိမ်တဲ့ မျက်နှာ၊ သိမ် လေးနက်စူးရှတဲ့ မျက်လုံး၊ ဖြစ်မှဖြစ်ရလေ၊ ခုအချိန်ကျမှပြန်



ပြီးမျှား ဆုံရတယ်၊ ဝေ့ကို ချစ်ရ မိလှိုင် ပျော်ရွှင်နေမှန်း အချိန်ကျမှ တွေ့ရလေခြင်း။ တစ် အောင် လှတဲ့အလှမျိုး လှိုင့်ဆီမှာ ရှိနေ ငြင်းတာပဲနော်' အောက်မှာ လှလိုက်တာ၊ ကမ္ဘာပေါ်မှာ သူ့ တွေ အများကြီး ရှိနေတာပါပဲ။ ဒါပေမယ့် သူ့လောက်တော့ ငါ့မျက်စိထဲမှာ တင့်တယ်မှာ မဟုတ်ပါဘူး။ သူ့ ပြောပုံဆိုပုံ တွေ အားလုံးမှာ ဂုဏ်ခြွေတွေနဲ့။ သူ ငါ့ကို ပြောတာဆိုတာ တွေက ကလေးဘဝတုန်းကလိုတော့ မဟုတ်ဘူး။ အထိန်း အကွပ်တွေနဲ့။ တစ်ယောက်ကို တစ်ယောက် ခပ်ရှိန်းရှိန်းဖြစ် နေတာတော့အမှန်ပဲ။ သူရယ်လို့ ငါသိလိုက်တော့ ဝမ်းသာ လိုက်တာ။ သူလဲ ငါ့လိုနေမှာပါ။ ဒါတွေ ငါ မတွေးတော့ပါ ဘူး။ ဝေ့ကို တိတ်တိတ်ကလေး သစ္စာဖောက်ရာကျနေပြီထင် တယ်ဟု တွေးမိပြန်သည်။

*

(၂၁)

အနောက်ရိုးမှ ပြန်လာချိန်တွင် မိုးအုံ့နေသည်။ ကောင်းကင် ပြာတွင် မိုးသားတွေ တိမ်တောင်တစ်စစီ ပျံ့နေ၏။ မော့ကြည့် ပြီး သူ ပြောသည်။

'တစ်နေ့တာလုံးများ မိုးရွာဦးမလား မသိဘူး'

ကန်သင်းရိုးပေါ်တွင် လက်နှစ်ဖက်ကို စုံလွှဲရင်း တစ်ချက် မော့ကြည့်သည်။

'ရွာရင်ကောင်းတာပေါ့၊ မိလှိုင်တော့ မိုးရေထဲ ဒီအတိုင်း လျှောက်သွားမယ်'

မိလှိုင်ကို သူကြည့်လေသည်။ ရှင်လန်း ဖျတ်လတ်လျက် ရှိ

www.burmeseclassic.com

www.burmeseclassic.com



'အရင်လို အမှတ်မြင်း မ... ပြန်ကြတော့မယ်နော်'
...ကားပြောရတာပေါ့'

အမေက သောက်... အတန်မျှ နေ့းသွားသည်ဟု သူ ...တက် မလှမ်းမကမ်းတွင် အတူ လိုက်ပါလာသော သူ့ကို ခေါင်းငုံ့၍ ကြည့်သည်။

'ကိုဇော်လတ်က မပြန်စေချင်ဘူး ထင်တယ်၊ ဟုတ်လား'

နှုတ်ဖြင့် မဖြေ။ ခေါင်းညိတ်သည်။

'မွေ့နှစ်ခါ တစ်ခေါက် ရောက်ဦးမှာပဲ'

'ရှေ့နှစ်ခါဆိုတာ မနက်ဖြန်မှ မဟုတ်ဘဲ'

ချိုချိုလွင်လွင် ရယ်သံကို သူကြားသည်။

'သူများကိုသာ အဲသလို ပြောတာ၊ ကိုဇော်လတ်ကျတော့ ကော'

သူ ရယ်၏။

'လာမယ့် သီတင်းကျွတ်ကိုတော့ လာဖြစ်အောင် လာမှာပါ'

လှပသော မျက်စောင်းကို သူမြင်လေသည်။

'ပြောပြန်ပြီ'

'ဒီတစ်ခါ တကယ် ပြောတာပါ'

မိလှိုင်ထံမှ စကား မကြားရ။ ခေါင်းကို မော့၍ အသက် တစ်ဝ ရှူသည်။ သွယ်သော ကိုယ်လုံးသည် လှုပ်ရှား လျက် ရှိလေသည်၊ လက်စက အင်္ကျီအဝါနုသည် လက်မောင်းသား နှင့် အရောင် အဆင်ပြေနေသည်။

ကန်သင်းရိုးပေါ်တွင် လှမ်းနေသည့် ခြေသည် ကန်သင်း နိမ့်မြင့်နှင့် လျော်ညီစွာ ဖြစ်နေသည်။ ခုံအနည်းငယ် မြင့် သောကြောင့်လား၊ ကန်သင်း နိမ့်မြင့်ကို နင်းရသောကြောင့် လား မသိ ကိုယ်အလှ၏ လှုပ်ခါခြင်းကို အမှတ်ထား မိသည်။



...အားလာ လှုပ်ရှားဟန်ကို ကြည့်၍ မိလှိုင် ပျော်ရွှင်နေမှန်း ...သိသည်။

'ကလေးဘဝက တကယ် ပျော်စရာ ကောင်းတာပဲနော်'

'ဟုတ်တယ် မိလှိုင်၊ ကိုယ် အားလုံးကို သတိရနေပါတယ်၊ ...ခု မိလှိုင် လာလည်တော့မှ ပိုလို့ သတိရတယ်၊ မှတ်လဲ မှတ်မိ နေတယ်'

'နွေပေါက်လာရင် သဲအိမ် လုပ်တမ်း ကစားတာတွေကို မိလှိုင် သိပ်သဘောကျတာပဲ၊ တောင်စွန်းရွာတက်ကို ပျော်ပွဲ စားထွက်ရတာ တကယ် ပျော်စရာကောင်းတယ်၊ ဝါဆိုပန်း အခူးထွက်ရတာကို ဝါဆိုတိုင်း သတိရတယ်။ သီတင်းကျွတ် ဆိုလဲ နှစ်ကျိပ်ရှစ်ဆူ လှည့်တာ မျက်စိထဲ မြင်နေတယ်။ဒီမှာက ...တာရွာစရိုက် အပြည့်ရှိတဲ့ မြို့ကလေးကိုး၊ မိလှိုင် ဒီမှာနေရ ...တာ ပိုပြီး ပျော်တယ်'

ကန်သင်းကို သူ ခုန်ကူးပြီး....

'အရင်ကလို သိပ်ပျော်စရာ မကောင်းတော့ဘူး မိလှိုင်ရဲ့၊ ...သူတွေက စိတ်ဝမ်းကွဲလာကြတယ်၊ သူ့အုပ်စု ကိုယ့်အုပ်စု ...တွေနဲ့၊ ကိုယ်တို့ ငယ်ငယ်တုန်းက သကြန်ဆိုလဲ မြို့အလိုက်၊ ...ရပ်ကွက်အလိုက်၊ တစ်ခါတလေ လမ်းအလိုက် ရဟန်းခံရှင်ပြု ...သလိုဘာတို့ ဘာတို့နဲ့၊ ခု မလုပ်ကြတော့တာ လေးငါးနှစ်ရှိပြီ၊ ...ငွေကြေး ရှားပါးတာလဲ တစ်ကြောင်း၊ ရွာသားဘုရား သူကြီး ...ကောင်းမှု လုပ်ကြလို့ စိတ်ပျက် နောက်ဆုတ် ကုန်ကြတာလဲ ...ပါတယ်၊ ကဆုန် ညောင်ရေသွန်း ဆိုတာလဲ ...တောင် ...ကုန်ပြီ၊ ဆင်တူဝတ်ပြီး အကအခုန်နဲ့ လှည့်တယ် ဆိုတာလဲ ...ဘူး၊ ဘုန်းကြီးကျောင်းထဲက ဗောဓိညောင် ရေမသွန်းလို့

www.burmeseclassic.com



သာ သေရရင် ကြာလှပြီ၊ နှစ်ကျိပ်ရှစ်ဆူ လှည့်ပွဲလဲ သုံးလေးနှစ် ရှိပြီ၊ ပျက်ကုန်ပါပြီ’

မိလှိုင်က သူပြောနေသည့်ကြားတွင် ဩော်၊ အင်း ဟုတ်လား တို့ဖြင့် ထောက်သည်။

‘အင်းပေါ့လေ၊ အားလုံးဟာ တစ်နေ့ကျရင် ဒီလိုပဲ တဖြည်းဖြည်း ပြောင်းလဲသွားရမှာပေါ့လေ၊ ဟုတ်ဘူးလား’

မိလှိုင်၏ ထိုစကားကို တစ်စုံတစ်ရာ ထင်မြင်ချက် ပြန်မပေး၊ ဆက်၍သာ လျှောက်လိုက်လာသည်။

‘ကိုးတက်တဲ့ ပြောင်းလဲခြင်းမှ မဟုတ်တာ မိလှိုင်’

မိလှိုင်၏ ဦးခေါင်းသည် သူ့ဘက်သို့ ဆတ်ခနဲ လှည့်၍ ကြည့်ပြီး ပြုံးသည်။

‘ဘာလဲ မိလှိုင်၊ ဘာကို ပြုံးတာလဲ’

‘ကိုဇော်လတ် စကားက ကြီးလို့’

‘ဘယ်လို၊ ကြီးလို့ ဟုတ်လား’

‘ဟုတ်တယ်လေ၊ နားထဲ ဆန်းသွားတယ်၊ ကိုဇော်လတ် စကား အကြီးကြီးတွေ ပြောတတ်တာပဲ’

မည်သို့ ဆိုလိုသည်ကို နားမရှင်း။

‘ကိုယ်ပြောတာက ကိုယ်တို့ အဲသလို ပြောင်းလဲလာတာ ကောင်းတဲ့ဘက် သိပ်မရောက်သလို ဖြစ်နေတယ်၊ဘယ်လောက် အထိ ပြောင်းလဲနေတယ် ထင်လဲ’

မိလှိုင်က သူ့စကားနှင့် စပ်၍ မမေး။

‘ပြောင်းလဲမှာပေါ့၊ ပြောင်းလဲပါစေ ကိုဇော်လတ်ရယ်၊ ဘယ်အရာတွေ ဘယ်လောက်ပဲ မကောင်းတဲ့ ပြောင်းလဲမှုတွေနဲ့ ပြောင်းလဲ ပြောင်းလဲ၊ ကိုယ်ကိုယ်တိုင် မပြောင်းလဲဖို့ပဲ လိုပါတယ်’



‘ဟုတ်ပါတယ်၊ ကိုယ်တို့အားလုံး ဒီအတိုင်းပါပဲ’

‘ကိုယ်တို့ အားလုံး ဆိုတာ...’

‘ကိုယ်ရယ်၊ ခင်အေးရယ်၊ အစိုးရယ်’

မိလှိုင် ခေါင်းညိတ်သည်။

‘မိလှိုင် ကိုဇော်လတ်အိမ် လာလည်တဲ့ နေ့က သူတို့လဲ မိလှိုင်ကို မမှတ်မိကြဘူးနော်၊ ကိုဇော်လတ် ပြောပြမှ မှတ်မိကြတော့တယ်၊ မိလှိုင် အဲသလောက် ပြောင်းလဲသွားလား’

‘မတွေ့ကြတော့တာလဲ ခုနစ်နှစ် ရှစ်နှစ်ပဲဟာ၊ ဘယ်မှတ်မိနိုင်ပါမလဲ၊ ကိုယ် ကိုယ်တိုင်တောင်မှ မှတ်မှ မမှတ်မိတာပဲ ကြည့်’

‘အစိုးကို မိလှိုင် ရုပ်မဖမ်းမိပေမယ့် ကိုခင်အေးကိုတော့ ရေးရေး ဖမ်းမိတယ်၊ နှစ်ယောက်စလုံးက အရှတ်အနှောက် ဆိုင်ပြောတတ်တာပဲ၊ နောက်နေ့ သူတို့နဲ့တွေ့တော့ မိလှိုင်ကို ဘာပြောကြသေးလဲ’

‘ဘာကိုလဲ မိလှိုင်’

‘ဩော်....ဟန်ကြီး ပန်ကြီး လုပ်တယ် ဘာညာများ ပြောသေးလားလို့၊ ငယ်သူငယ်ချင်းတွေ ဆိုပေမယ့် ခုမှ ပြန်တွေ့တော့ အပြောအဆိုကအစ ခွကျနေတယ်၊ နင်နဲ့ ငါနဲ့ ပြောလို့လဲ မကောင်းဘူးလေ၊ ခင်အေး ခေါ်ရမလား၊ ကိုခင်အေး ခေါ်ရမလား၊ အစိုးလို့ပဲ ခေါ်ရမလား၊ ကိုစိုးလို့ပဲ ခေါ်ရမလား၊ ရုတ်တရက် စဉ်းစားမရဘူး၊ စကားကလဲ ဘာပြောလို့ ပြောရမှန်း မသိတော့ ငုတ်တုတ်ဖြစ်နေတယ်၊ အားလဲ အားနာတယ်၊ စကားလဲ ရှာမရဘူး၊ တစ်ယောက်ကို တစ်ယောက် ရှိန်းနေတာလဲ ပါတယ်’

www.burmeseclassic.com



'မပြောပါဘူး၊ သူတို့လဲ ရှိန်းတိန်းတိန်းဖြစ်နေတာ၊ဩော်တစ်ခွန်းတော့ ပြောတယ်၊ နှစ်ယောက်စလုံးက'

ခြေတစ်လှမ်းတုံ့ကာ လှည့်ကြည့်သည်။ ထိုအခိုက်အတန့်တွင် မျက်တောင်ကော့တို့ လှုပ်ခတ်ခြင်းမရှိ။ မျက်ခမ်းတို့သည် မျက်ဝန်းနက်ကို ပေါ်လွင်စေခဲ့သည်၊

'ဘာပြောလဲ ဟင်'

ရယ်ချင်စိတ်ကို မျိုသိပ်ကာ သူ ပြော၏။

'မိလှိုင် သိပ်လှတာပဲတဲ့'

ကြောစိမ်း ရေးရေးထင်သော ပါးပြင်ထက်တွင် နှင်းဆီနီခင်းတွေ ခဏရောက်လာ၏။

*

(၂၂)

အိမ်ရှေ့သို့ ရောက်သောအခါ ဘုန်းတော်ကြီး ကျောင်းဝင်းထိပ်သို့ပင် ချောင်းရေ ရောက်နေသည်တို့ တွေ့လေ၏။ အုတ်ခဲလမ်းအတိုင်း ဆက်၍သွားသည်။ ကျောင်းရှေ့ အုတ်ခုံစပ်တွင် ရေတင်စ ပြုပေပြီ။ကျောင်းလက်ဝဲဘက် စည်းရိုးတစ်လျှောက်ရှိ ချောင်းလက်တက်သည် ရေပြည့်လျက် ရှိသည်။ကွက်ကျားပေါက်နေသည့် ခနိုပင်တို့သည် ချောင်းကမ်းနှစ်ဖက်တွင်ရှိကြ၏။ မြောက်ဘက်ကမ်းပါး အနီးတစ်ပိုက်ရှိ ခြံ သုံးလေးခြံတွင် ရေဝင်နေသည်။အိမ်ရှေ့ တံတားအောက်၌ ရေဝပ်နေ၏။

ကျောင်းဝင်းတံခါး အပြင်သို့ ရောက်သော် သူ ဖိနပ်စီးသည်၊ မိလှိုင်က ဖိနပ်ကို မြေပေါ်သို့ ချကာ....

ခုလို ပြန်မြင်ရတော့ အားလုံး အထူးအဆန်းချည်းပဲ'

မိလှိုင် ဖိနပ်စီးနေစဉ်....



'ဟောဒီ ကျောင်းရှေ့ လမ်းတစ်လျှောက်က မန်ကျည်းပင်တန်းရယ်၊ ဟောဟို ချောင်းကူး ပေါင်းခုံး တံတားရယ်၊ ချောင်းဘေးနှစ်ဖက်က သစ်ပင်တွေ ချုံနွယ်တွေ ခနိုပင်တွေရယ်၊ သိပ် ကဗျာဆန်တာပဲနော်၊ ပန်းချီကား တစ်ချပ်လားအောက်မေ့ရတယ်၊ ချောင်းက တစ်ဖြောင့်တည်းဆို ဒီလောက်လှချင်မှ လှမယ်၊ ကွေ့ကောက်ပြီး စီးသွားတာကို ကိုယ် ဗိုးသဘောကျတယ်၊ ပြီးတော့ တံတားဟိုဘက်က တာလမ်းကရော၊ တစ်မျှော်တစ်ခေါ်ကြီး ဖြောင့်နေတာ မဟုတ်ဘူး၊အရှေ့ဘက်ကို ကွေ့ဝိုင်းသွားတယ်၊ တကယ်လို့ ကွင်းပြင်ကြီးဆိုလဲ မြင်ရတာ ဟာနေမှာပဲ၊ သစ်ပင်တွေ အုပ်ဆိုင်းနေတော့ကြည့်လို့ မျက်လုံး အေးတယ်'

'အရင်တစ်ခါလာတုန်းက ဒီနေရာကို မရောက်ခဲ့ဘူး၊ လာတာကလဲ ခဏကလေး မဟုတ်လား၊ မိလှိုင် ဒီနေရာကို ခဏခဏ သတိရတယ်၊ မေမေတို့ ဉပုသ်စောင့်ရင်း မိလှိုင် လိုက်လိုက်လာရတာကို အမှတ်ရလို့၊ ဒါပေမယ့် စဉ်းစားကြည့်ရတဲ့ မြင်ကွင်းက ခုလောက် မလှဘူး၊ ရေရေရာရာ မှတ်မိတာကလဲ ချောင်းကူး ခုံးတံတား'

'ကိုယ်ကတော့ အကုန် မှတ်မိတယ်၊ ဆိုပါတော့၊ မိလှိုင်ကို ကိုယ် လက်ဆောင်ပေးလိုက်တဲ့ ခြသေ့်ရုပ်ကလေးကို ခုထိ မျက်လုံးထဲက မထွက်သေးဘူး၊ မိလှိုင်ကသာ ကိုယ့်ကို ပေးတဲ့ အရုပ်ကို ရွှေရောင်ဆံပင်လား ငွေရောင်ဆံပင်လား မကွဲမပြားဖြစ်နေတာ မဟုတ်လား'

မိလှိုင် ရယ်သည်။ ပြုံးရိပ်မျက်နှာနှင့် သူ ကြည့်သည်။ ချောင်း ရေပြင်ထက်မှ တိုက်ခတ်လာသော လေတစ်ချက်တွင် မိလှိုင့် ဆံစတွေ လွင့်လွင့်လှုပ်၍ နေသည်။ ခုံးတံတားပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်သည့် အချိန်၌ လေသည် အဆီးအတားမရှိ၊ ခနီ လက်တို့ မြည်သံတွေကို ကြားရသည်။ မိလှိုင်သည် အနောက် ဘက်သို့ တစ်ခါ လှည့်ကြည့်ပြီး အရှေ့ဘက်သို့ အရှည်အကြာ မျက်နှာမူသည်။ ကိုယ်ကိုလှည့်ကာ တံတားလက်ရန်းကို ကိုင် ထား၏။

'ပန်းချီဆွဲဖို့ ကောင်းတယ်'

မိလှိုင်၏ ထင်မြင်ချက်ကို သူ မည်သို့မျှ မဆို။

'ကိုဇော်လတ် ပန်းချီဆွဲတတ်ရင် မိလှိုင် ဒီရှုခင်းကို ဆွဲခိုင်း မှာပဲ'

'ကိုယ်မှ မဆွဲတတ်တာ၊ ကဗျာနဲ့ ဖွဲ့ဆိုရင်တော့ ဖွဲ့လို့ ရချင် ရဦးမယ်'

'ဒါဖြင့် အခု စပ်ပြပါလား'

'အဲသလောက်လဲ တော်မှ မတော်သေးတာ'

'အဲသလိုဆိုလဲ ချပြန်လို့ အိမ်ရောက်ရင် စပ်ပေးပါ'

'ဒီလိုလဲ လွယ်မယ် မထင်သေးဘူး'

'မဆိုးပါဘူး၊ ဒီပုံနဲ့ဆို ကမ္ဘာကျော် ကဗျာဆရာကြီး ဖြစ် လာတော့မှာပဲ၊ မစပ်တာပဲ ကောင်းပါတယ်၊ ကိုဇော်လတ် ငယ်ငယ်က အကျင့်အတိုင်းဆိုရင် ချောင်းရေထဲက အီအီးတုံး တွေ ကဗျာထဲ ပါလာဦးမယ်၊ ကိုယ့်ကိုယ်ကိုရော မှတ်မိရဲ့လား၊ ကျောင်းအိမ်သာမှာ သရဲရှိတယ် ဆိုတုန်းကလဲ အီအီး၊ ဘာ ပြောပြော အီအီး ပါလာတာချည်းပဲ'

သူ မှတ်မိသည်၊ ခပ်တိုးတိုးရယ်လိုက်သည်။ သူနှင့်စပ်လျဉ်း ၍ မိလှိုင်သည် အလုံးစုံနီးပါး မှတ်သားထားခဲ့ကြောင်း သိ သည်။ အေးချမ်း နူးညံ့သော ခံစားမှုတစ်မျိုးကို ခံစားရလေ သည်။



'သွားကြရအောင်'

မိလှိုင်သည် အပြောနှင့်အတူ ခြေ စတင် လှမ်း၏။

❋❋❋

နွယ်ပင်တွေကို မိလှိုင်က မော့ကြည့်သည်။

'ခိုင်ပါတယ်၊ နွယ်တွေပေါ်မှာ မထိုင်တော့ဘူးလား'

သူ ပြုံးကာ မေးသည်။ မိလှိုင်က နွယ်တစ်ခွေကို လှမ်း ကိုင်ကာ အလေးဖက် ခံ မခံ ဆနေ၏။

'ခြံထဲကို အပြင်က မမြင်ရ [illegible] လား'

သူ့ကို မိလှိုင် လှည့်ကြည့်သည်။ [illegible] အပြုံးနှင့်...

'ဘာလို့ ရှက်ရမှာလဲ'

မိလှိုင်က နွယ်တွင် တင်ပါးကပ်သည်၊ ခြေဖျား တစ်ချက် ဆတ်ကာ လက်နှစ်ဖက်က နွယ်ပင်ကို ဆွဲ၏။ ထိုင်လိုက်ချိန်တွင် နွယ်က အတန်ငယ် အိ၍ ကျလာသည်၊ ဖိနပ်ဦးနှင့် မြေတို့ မထိတထိ ရှိသည်။ သူက တစ်လံအကွာရှိ တရုတ်စံကားပင် ခွကို လှမ်းကိုင်သည်။ သူ့တစ်ကိုယ်စာ အလေး ခံနိုင်မည်မထင်၊ ထို့ကြောင့် နောက်ပြန် တစ်လှမ်းဆုတ်သည်၊ တမာပင်စည်နှင့် ကပ်လျက် ကျနေသော နွယ်လိမ် နှစ်လိမ်ပေါ်တွင် ထိုင်လိုက် သည်။ သူ ခန္ဓာထိုင်လိုက်သည်တွင် သစ်ရွက် သစ်ကိုင်းချင်း ရိုက်ခတ်လှုပ်ရှားသံ ကြားရသည်။

'ကဲ...မောင်းပါဦး'

မိလှိုင် ပြောလိုက်သော အစိပ္ပာယ်ကို [illegible] သည်။

'ဘာပြောတာလဲ မိလှိုင်'

မိလှိုင်သည် ပါးချိုင့်နှစ်ဖက် ပေါ်သည်အထိ ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားကို၊ ကန်တော်ကြီးကို မြင်းလှည်းနဲ့ မောင်းပို့ဖို့ ပြောတာ'

သူ ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ထို့နောက်....

'ကလေးဘဝရဲ့ ပျော်ရွှင်မှုဆိုတာ ခုနေ ပြန်ကြည့်တော့ ရယ်စရာကြီးပဲနော်၊ ဒါပေမယ့် ဟိုတုန်းကတော့ ရယ်စရာလို့ မထင်ခဲ့ဘူး၊ အကန့်အသတ်မရှိတဲ့ စိတ်ကူးနဲ့ ပျော်စရာကောင်းခဲ့တာချည်းပဲ၊ စဉ်းစားတွေးခေါ်တတ်တဲ့ အရွယ် ရောက်လာလေလေ၊ အဲဒါတွေက တဖြည်းဖြည်း ပျောက်ပျောက်သွားလေလေပဲ၊ စိတ်ပင်ပန်းစရာတွေလဲ များများ လာတယ်'

'ဒါတော့ ကိုဇော်လတ်ရယ်၊ လူ့ဘဝ တစ်လျှောက်လုံးဒီလိုနဲ့ပဲ ကုန်ဆုံးသွားမှာပဲ မဟုတ်ဘူးလား'

'ကလေးဘဝတုန်းက စားချင်ရင် စားမယ်၊ မစားချင်ရင် မစားဘူး၊တစ်ခွန်းတည်းနဲ့လုံလောက်တယ်၊အခုတော့ အဲသလိုနဲ့ မရဘူး၊စားချင်ပါလျက်ကနဲ့မစားဘဲ နေချင် နေရတယ်၊ မစားချင်ပါလျက်ကနဲ့ ဟန်လုပ်ပြီး တစ်လုတ်တစ်ဆုပ် ဖြစ်ဖြစ် စားရတယ်၊ မပြောရဆိုရ နေရထိုင်ရတာကအစ သတိကြီးထားလို့၊ ချိန်ရ ဆရတာတွေလဲ များလာတာ၊ အဖေ စကားအရ အဲဒါတွေကို ခေါ်ရရင် လူမှုရေးပညာပေါ့၊ တော်တော်ခက်တဲ့ ပညာပဲ'

မြေကြီးကို ခြေဖျားဖြင့်တို့တာ အသာအယာ လှဲနေသူ မိလှိုင်က....

'မိလှိုင် မေမေ့ကို ပြောဖူးတယ်၊ လူကြီး ဖြစ်လာရတာ မကောင်းဘူး၊ ကလေးဘဝပဲ ကောင်းတယ်လို့၊ မေမေက ဒီလိုလဲ ဘယ်ဟုတ်ဦးမလဲတဲ့၊ လူကြီးဘဝမျိုးနဲ့ နေတတ်ရင် လူကြီး



ဘဝဟာ ပျော်စရာပါပဲတဲ့၊ မိလှိုင်မှန်းတာက ဟန်ဆောင်ရတာတွေပဲ'

သဘောထားချင်း တိုက်ဆိုင်နေသောကြောင့် 'ဟုတ်တယ်၊ အင်း....အင်း' ဟု သူ ပြောသည်။

'ကိုယ်လဲ အဲသလိုပဲ၊ ဒါပေမယ့်....လူ့လောကထဲမှာနေရတော့ အများထုံးစံဆိုတာကြီးကို နှာခေါင်းရှုံ့ပြီး လိုက်နာနေရတာပေါ့၊ အဲသလို လိုက်နာနေရတဲ့ ကိုယ့်ကိုယ်ကို မနှစ်မြို့ ဖြစ်ရသေးတယ်'

'ဖေဖေက မိလှိုင်ကို ပြောတယ် သိလား၊ ညည်းတို့အသက်ရောက်ရင် အခု ကလေးလို နေတာမျိုး နေလို့မရဘူးတဲ့၊လူကြီးလိုနေ လူကြီးလို တွေးရမယ်တဲ့၊ အစစ အရာရာ ရှေ့နောက်ချင့်ချိန်ရမယ်တဲ့၊ လူ့အကြောင်း ပတ်ဝန်းကျင်အကြောင်းတွေပြီး နားလည် လာလိမ့်မယ်တဲ့'

သူ ခေါင်းညိတ်ပြသည်၊ ထို့နောက်....

'ဖြစ်နိုင်ပါတယ်၊အလွှာစုံ လူစုံမဟုတ်လား၊တစ်ခု ရှိတယ်လေ၊ ဂုဏ်ပကာသန အပြိုင်အဆိုင်တွေကိုတော့ မိလှိုင် တွေ့ရမှာပဲ'

မိလှိုင်က မပြောမီ ခေါင်းကို အရင်ခါပြသည်။

'မိလှိုင် အဲဒါကို စိတ်မဝင်စားဆုံးပဲ၊ ကျောင်းစာ ဖတ်မယ်၊ အားရင် အပြင်စာတွေဖတ်မယ်၊ ကိုဇော်လတ်လဲ သတိထား'

'ဘာကိုလဲ'

'ယောကျ်ားလေးတွေဆိုတာ မိန်းကလေးထက်ပိုပြီး လွတ်လပ်တယ် မဟုတ်လား၊ အပေါင်းအသင်းတွေနဲ့ အတန်းဆက်ဘဲ လျှောက်လည်၊ အပျော်အပါးနောက်ချည်းရောက်

www.burmeseclassic.com

www.burmeseclassic.com



နေရင် ခက်မယ်၊အနည်းဆုံး ရည်းစားတွေ မှိုလိုပေါက်အောင်
ထား၊ ကျောင်းစာကိုတော့ ပစ္စလက္ခတ်နဲ့၊ အချိန်တန် စာ
မေးပွဲကျ၊ စိတ်လေ၊ ပျက်စီးသွားတတ်လို့'

သူ ခေါင်းခါရင်း....

'ကိုယ့်စိတ်ကို ကိုယ်နိုင်ပြီးသားပါ၊ ပြီးတော့ ရည်းစား
မှိုလိုပေါက်အောင် ထားဖို့ နေနေသာသာ တစ်ယောက်
တောင် ထားနိုင်မယ် မထင်ပါဘူး'

'ယုံလောက်ပါတယ်'

'အဲဟုတ် ပြောတာ'

'ဒါ့ကြောင့် ယုံပါတယ်လို့ မိလှိုင် ပြောတာပါ'

'သူများကိုချည်း ပြောမနေနဲ့ဦးနော်'

မိလှိုင်၏ ရယ်သံသွဲ့သွဲ့ ထွက်လာ၏။ သူက ရင်ခုန်လှစွာဖြ
ရယ်နေလိုက်သည်။ ရယ်သံတွေ မတိမ်ကောမီ ခြံထဲသို့ဝင်လာ
သော လူရိပ်ကို မြင်လိုက်၏။ မိလှိုင်သည် ခြေလှမ်းမှန်မှန်ဖြ
ဝင်လာသူကို မျက်တောင်မခတ် ကြည့်ရင်း အရယ်သိမ်းသည်
ရယ်လက်စ သူ့နှုတ်ခမ်းကို ဝင်လာသူက စေ့စေ့ ကြည့်သည်။
သူတို့နှစ်ယောက်ကို ကြည့်ပင် ကြည့်သော်လည်း ရယ်ပြုံးခြင်း
မရှိသော မျက်နှာ။လည်ပြန်တစ်ချက်၊ အကြည့်တစ်ချက်။ စူးရှ
သော အကြည့်ဟု နှစ်ဦးစလုံး သိသည်။ အိမ်ပေါ်သို့ လှမ်း
တက်ပြီး ပျောက်ကွယ်သွားတော့မှ....

'ဘယ်သူလဲ ကိုဇော်လတ်'

ဖြေရမည့် နှုတ်ခမ်းမှာ လေးလံနေ၏။

'သူငယ်ချင်းတစ်ယောက်ပါ'

ဖော့၍ ဖြေသော အဖြေ၊ မိလှိုင် သတိထားမိပါက လေယူ
လေသိမ်းတွေ ထိုင်းနေကြောင်း သိနိုင်မည် ထင်၏။ မိလှိုင်၏



မျက်လုံးနှင့် နှုတ်ခမ်းတွေကို သူ နားလည်၏။ စူးစမ်းစွာနှင့်
မိလှိုင်ထံမှ မေးခွန်းတစ်ခုတခုလေ ထပ်မံလာတော့မည်မှာ
ကေန်ဟု အလိုလို သိရှိနေသည်။ ထို့ကြောင့်....

'မိလှိုင် မှတ်မိလား၊ ဝေလေ'

ခေတ္တမျှ စဉ်းစားကြည့်နေဟန် ရှိ၏။

'ဝေ...,.ဟုတ်လား၊ ကြားဖူးသလိုလို မှတ်မိသလိုလိုပဲ'

'ကိုယ်တို့ မိလှိုင်တို့နဲ့ မူလတန်းကျောင်းမှာတုန်းက အတူတူ
နေခဲ့ကြတယ်လေ၊ တစ်ခန်းတည်းတော့ မဟုတ်ဘူး'

မိလှိုင်သည် အိမ်ဘက်သို့ တစ်ကြည့်ကြည့်သည်။ ထိုနောက်
အိမ်ရှေ့မှ ခွာလာသောမျက်လုံးသည် မျက်နှာချင်းဆိုင် ထိုင်
နေသော သူ့ထံသို့ မရောက်။ အိမ်ခေါင်းရင်း စည်းရိုးပင်တွေ
သို့ ငေးနေ၏။ ခပ်တွေတွေဟန်နှင့် ရှိသည်။ တွေးနေပုံ ရ၏။

'မမှတ်မိဘူး'

မိလှိုင်ငယ်ငယ်က သူ့ကို နှုတ်ဆက်တာ မှတ်မိလား။ အဲဒီ
တုန်းက ပြန်မနှုတ်ဆက်လို့ မိလှိုင် သူ့ကို မခေါ်ခဲ့ဘူးလေ၊
အဲဒီဝေပေါ့ဟု မှတ်မိစရာ ဖော်ပေးမည် စိတ်ကူးသည်။ သို့
သော် မသင့်ဟု တစ်ဖက်တစ်လမ်းမှ အတွေးရချေ၏။

'ကိုဇော်လတ် သွားလိုက်ဦးလေ'

'ကိစ္စမရှိပါဘူး၊ ရပါတယ်၊ အမေနဲ့ စကားသွားပြောတာ
ဖြစ်မှာပါ၊ အင်္ကျီစ ညှပ်ပုံညှပ်နည်း လာမေးတာနဲ့ တူပါ
တယ်၊ သူ့လက်ထဲမှာ စက္ကူအိတ်တစ်အိတ် တွေ့လိုက်တယ်
မဟုတ်လား'

အလျဉ်းသင့်ရာ ဖြေပြီးချိန်တွင် ရင်မှာ ထိတ်နေ၏။ မိလှိုင်
နှင့်အတူ တွေ့လိုက်၍ တစ်မျိုးတစ်မည် ထင်များ ထင်သွား
လေမလား။ ကြည့်သွားတဲ့ ပုံကတော့ မျက်ဘက်တတ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သန်ဘက်ခါကျမှ ရန်ကုန်က ပြန်လာမယ် ဆိုပြီး အခုပဲရောက်လာတာနဲ့ တူတယ်။ ရထားနဲ့ ပြန်လာရင် နေ့လယ်လောက်တည်းက ရောက်လာမှာ။ ညနေရထားနဲ့ ဆိုလဲ မိုးချုပ်မှ လာမှာ၊ ဧကန္တတော့ ကားနဲ့ ပြန်လာတာနဲ့ တူတယ်။ အမေ့ကို မေးမှ သေချာတယ်။ အမေကလဲ အဲဒါ မန္တလေးက လာတဲ့ ရီရီလှိုင်ပေါ့လို့ ဖြေမှာပဲ။ ပြဿနာပဲ။ မိလှိုင် ရောက်လာကတည်းက နေ့တိုင်း လျှောက်လည်နေတာတွေကို အမေက ပြောပြမယ်တော့ မထင် ဘူး။ ခင်အေးတို့ အစိုးတို့ကို စကားပိတ်ခိုင်းထားမှ ဖြစ်မယ်။ ဝေတို့အိမ်က ဒီနေ့ ရောက်ချင် ရောက်မယ်ဆိုတဲ့ စကားက အမှန်ပဲ။ အေးသွယ်သွယ်တို့အိမ်က အေးသွယ်သွယ်နဲ့ မဝေတို့ သန်ဘက်ခါ ပြန်ရောက်မယ်ဆိုတဲ့ စကားက မှန်မှ မမှန်တာ။ ဝေတို့ မိသားစု အားလုံးက ရန်ကုန်မှာ အရက်နှစ်ဆယ် အစိတ်တော့ နေမယ်ဆိုတာလဲ ဘယ်မှာနေလို့လဲ။ သူတို့ မိသားစု အားလုံးက ရန်ကုန်လိုက်ဖို့ ငါ့ကို ခေါ်တာ ငါမလိုက်တာ ပြောစရာ ဖြစ်တော့မှာပဲ။ အမေ ခြေဆစ်နာလို့ ငါမလိုက်တာကို မိလှိုင်လာမှာမို့လို့ တမင် မလိုက်တာလို့ စွပ်စွဲစရာ ဖြစ်တော့မယ်။ မိလှိုင်လာမှာ ငါ သိကို မသိပါဘူးလို့ ဘယ်လိုပြောပြော ယုံမယ် မထင်ပါဘူး၊ ခုလဲ ဝေကြည့်ပုံက တစ်မျိုးပဲလေဟု တွေးသည်။

'သွားပြီး စကားလေးဘာလေး ပြောလိုက်ပါဦး၊ မိလှိုင် ဒီမှာ ထိုင်နေမယ်'

မိလှိုင်၏ စကားက သူပါ အိမ်ပေါ် လိုက်မည်၊ မိတ်ဆက်ပေးပေါ့၊ အသိဖြစ်ရတာပေါ့ဟု မပြော။ နှုယ်ပင်ပေါ်တွင်



နေရစ်ခဲ့မည်ဟူသော စကားက သိစရာ မလို၊ မိတ်ဆက်ပေးရာမလိုဟု အဓိပ္ပာယ် ထွက်နေသည်။

'ဟင့်အင်း၊ ဒီလိုပဲ လာနေကျပါ'

ဝေ မည်သို့တွေးလိမ့်မည်ကို မှန်းသိပြီး ဖြစ်သည်။ ရက်တန်ကြာ မတွေ့လျက် နေကြသော ချစ်သူကို မသိသူနှယ် ကြည့်နေအားသည်ဟု အပြစ်ဆိုပေလိမ့်မည်၊ မထင်မှတ်စွာ င်ရသောကြောင့် အငိုင်သား ဖြစ်သွားရသည်ကိုကား ဝေ းလည်မည် မဟုတ်။ နှုတ်ဆက်စကား မဆိုလျက် နေစိမ့် သည်ဟု စကားနာ ထိုးပေလိမ့်မည်။ လိပ်ပြာမလုံသော နှုတ် ခမ်းဖြင့် ရှိနေခဲ့ရသည်ကိုမူ ဝေ သိမည် မထင်၊ သူ နောက်မှ လိုက်ပါလာခြင်း မရှိဟု ဝမ်းနည်းစကား ဆိုပေလိမ့်ဦးမည်။ ထိုစကားကို ဖြေရန် စကားအသင့်မရှိသေး။

'ကိုဇော်လတ် သူငယ်ချင်းက လှတယ်'

မျက်နှာမပျက်အောင် မနည်း ထားရ၏။

'မိန်းမလှ ပီသတဲ့ ခန္ဓာကိုယ် အချိုးအဆက်ပဲ၊ မျက်နှာ ထားက တည်လွန်းတော့ နည်းနည်းရင့်နေတယ်၊ မိလှိုင်ထက် တော့ ငယ်မယ် မထင်ဘူး'

စိတ်ငြိမ်သက်အောင် တင်းကာ....၊

'ရွယ်တူလောက် ရှိမှာပါ'

'မိလှိုင်က ပြီး ဆယ်ရက်နေ့က ဆယ့်ခုနစ်နှစ် ပြည့်တယ်။ သူက ဘယ်လလဲ'

'နိုဝင်ဘာ'

'ဘယ်နှစ်နှစ်လဲ'

'နိုဝင်ဘာတုန်းက ဆယ့်ရှစ်နှစ် ပြည့်သွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုဇော်လတ်က ဖေဖော်ဝါရီမှာ ဆယ့်ရှစ်နှစ် ပြည့်ခဲ့တာနော်'

မနေ့က မေးခဲ့၍ သူဖြေခဲ့သော သူ့မွေးနေ့ကို မိလှိုင် ရည်ရွယ် ပြောဟန် တူ၏။

'သူက နိုဝင်ဘာ ဘယ်နှစ်ရက်လဲ'

'နှစ်ဆယ့်ငါးရက်'

မိလှိုင်က စကားကို ရုတ်ခြည်း ဖြတ်လိုက်၏။ တစ်ဝက်တစ်ပျက် အပြုံးဖြင့် သူ့ကို စိုက်၍ ကြည့်၏။ ထိုအပြုံး မျက်လုံးကို မြင်မှ သူ နောင်တရသည်။ ဝေ့ မွေးသက္ကရာဇ်တွေကို ဖြေနေမိခြင်းသည် အမှားဟု သတိရ၏။

'သူက လှိုင့်ထက် ခြောက်လလောက် ကြီးတာပဲ'

မိလှိုင် အတွက်မှား၍ သူပြောသည်။

'ဘယ်ဟုတ်မလဲ၊ တစ်နှစ်နဲ့ ငါးလပေါ့'

မိလှိုင် ခေါင်းမညိတ်။ ပြုံး၍သာ နေ၏။ ဒုတိယ အမှားတစ်ခု ထပ်မံ မှားပြန်ပြီဟု သိလိုက်၏။ ဝေနဲ့ ပတ်သက်လို့တော်တော့်ကို သိထားတာကိုး ဟူသော အပြုံးမျိုး ပြုံးသည်ဟု ခံစားရ၏။ ရှိန်းထသော မျက်နှာကို မနိုင့်အနိုင် ဣန္ဒြေဆည်ထားရလေသည်။

'သူငယ်ချင်းတွေက တစ်ယောက်နဲ့ တစ်ယောက် မတိမ်း မယိမ်းတွေပဲနော်။ ကိုခင်အေးတို့ ကိုစိုးတို့ ဆိုလဲ အဲသလောက်ပဲ ရှိမှာပဲ'

အသက်ရှုရ အားမဝ ဖြစ်လာသည်။ ခင်အေးနှင့် အစိုးတို့၏ မွေးသက္ကရာဇ်ကို သူ မမှတ်မိ။ မေးပင် မမေးမိ။ မိလှိုင် မေးလျှင် မဖြေတတ်။ ထို့ပြင် ခင်အေးတို့ မွေးနေ့ကျတော့



မှတ်မိလားဟု မိလှိုင် သွယ်ဝိုက် သတိပေးလိုက်ခြင်းဟု ထင်သည်။ သူ ငြိမ်နေလိုက်၏။

'ဟော....ညှော်သည်က ပြန်တောင် ပြန်တော့မယ်'

ဖိနပ်စီးနေသော ဝေကို ကျောဘက်မှ မြင်ရ၏။ ဒိမ်ရှေ့သို့ ကိုယ်ကို လှည့်သည်။ ဝေ မျက်လွှာ ချထား၏။ ခေါင်းကို မငုံ့။ မျက်လုံးကို သူတို့နှစ်ယောက်ထံသို့ တစ်ရွေ့မျှ မရွှေ့။ လှေကားခုံပေါ်မှ တစ်လှမ်းချင်း လှမ်းကာ ဆင်းသည်။ ခြံဝသို့ သွားရာလမ်း အနေအထားသည် သူတို့နှစ်ယောက် ထံသို့ မည်သူ့ မျက်လုံးအစုံကို မဆို မကြည့်လျက်နှင့်ပင် ရောက်စေနိုင်၏။ သို့တစေ ဝေ မျက်လွှာချကာ မှန်မှန် လျှောက်သွားသည်။ သည်နေရာတွင် သူတို့ရှိသည်ကို မသိယောင် ပြုသွားသည်။ မမြင်ခဲ့လေဟန်ပြုကာ ခြံထဲမှ ထွက်သွားလေ၏။

'မိလှိုင်က သူ့လို မျက်ခုံးထူထူ ဆက်တက်တက်မျိုးကို သဘောကျတာ၊ နှာတံတော့ မပေါ်ဘူး၊ နှုတ်ခမ်းက ပြတ်သားမယ့် နှုတ်ခမ်းပဲ၊ မာနတော့ အတော်ကြီးမယ်'

သူ တစ်ခွန်းပြော၏။

'စိတ်သဘောထားက ကောင်းပါတယ်'

'စိတ်သဘော မကောင်းဘူးလို့ မိလှိုင်ပြောပြီတာ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ ဟို....ကိုယ်ပြောတာပါ'

'မိလှိုင်ပြောတာက မာနကြီးမယ် လို့ပါ၊ မာနကြီးပေမယ့် စိတ်သဘောကောင်းတဲ့သူတွေ အများကြီးပါ၊ သူ့ကို အပြစ်ပြောနေတာ မဟုတ်ပါဘူး ကိုဇော်လတ်ရယ်'

'ဟုတ်ပါတယ်၊ မိလှိုင် ပြောတာ ကိုယ်သဘောပေါက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မိလှိုင်ကို ထင်မှာပဲနော်'

'ဘာကို ထင်မှာလဲ မိလှိုင်'

နှုယ်ပင်ကူရာ အထက်သို့ မော့ကြည့်လျက်နှင့်....

'လူတစ်ယောက်ကို ချုမြင် ခုစွတ်ရွတ် ဝေဖန်တတ်တယ်လို့'

'ဟာ....မဟုတ်တာ၊ မီလှိုင်လဲ ငယ်သူငယ်ချင်း၊ သူလဲ ငယ်သူငယ်ချင်း၊ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းသွားရင် ဓဒတ်သိ ဖြစ်သွားမှာပါ၊ ကိုယ်က မေ့သွားတယ်၊ မိတ်ဆက်ပေးဖို့'

မိလှိုင် တစ်စုံတစ်ရာ ပြန်မပြောချေ။ ရှေ့နောက် အတော်ယိမ်းအောင် လွဲ၍သာ နေသည်။ မိလှိုင် ဘာတွေ တွေးနေသလဲဟု စဉ်းစားမိသည်။ မိလှိုင် တွေးနေသည်ကို ဘာကြောင့်သိချင်မှန်း ကိုယ့်ကိုယ်ကို ရုတ်တရက် နားမလည်။ ငွေနှင့် ပတ်သက်မည် ဖြစ်သော မိလှိုင်၏ အတွေးတွေကို အဘယ်ကြောင့်ကြောင့်ကြနေမိမှန်း ချက်ချင်း အမှန် မမြင်သေး။ ကိုယ်မည်သို့သော အတွေးတွေနှင့် ကိုယ်မည်သို့ တွေးနေမိကြောင်း ကိုယ့်ကိုယ်ကို မသိတတ်သေး၊

'ဟဲ့ သား မောင်ဇော်လတ်၊ သမီး လှိုင်လှိုင်'

ခပ်ကျယ်ကျယ်လှမ်းအော်သံကို ကြားရမှ အိမ်ဘက်သို့ ကြည့်သည်။

'မိလှိုင် အမေ ခေါ်နေတယ်'

မီလှိုင်က အမေ့ကို ဖျတ်ခနဲ ကြည့်သည်။ နှုယ်ပေါ်မှ လျှောဆင်းပြီး ဖြစ်နေသည်။ သူက နောက်မှ ခုန်ဆင်းလိုက်၏။ အမေက လှမ်းပြောသည်၊

'မင်းတို့ မောင်နှမ ဘာတွေများ စဉ်းစားနေကြတာလဲ၊



တစ်ခါနှစ်ခါ ခေါ်တာတောင် မကြားကြဘူး၊ ငယ်ငယ်တုန်းကလို စကားထာ ဖွက်နေကြတယ်နဲ့ တူတယ်'

ပြုံးရယ်ပြီး ပြောလိုက်သော အမေ့ကို မိလှိုင် လှမ်းကြည့်သည်။ မိလှိုင်ကို သူငဲ့၍ကြည့်၏။ မိလှိုင်၏ အပြုံးသည် ငွေ့ငွေ့သာ၊ မိလှိုင်သည် သူ့နည်းတူပင် အမေ့ကိုတစ်စုံတစ်ရာအဖြေပေးရမည်ကို မေ့နေဟန် တူ၏။ အိမ်ပေါ်သို့ ရောက်သော်....

'ဧည့်သည်ယူလာတဲ့ မုန့်နဲ့ ဧည့်သည်ကို ဧည့်ခံမလို့'

ဧည့်ခန်းစားပွဲဝိုင်းပေါ်တွင် မုန့်ပန်းကန်၊ ရေနွေးကြမ်းအိုး၊ အငွေ့ထွက်နေသော တရုတ်အကြမ်းပန်းကန်လုံးသုံးလုံး လက်သုတ်ပဝါ၊ မုန့်ပြင် ပန်းကန်ပြားတစ်ချပ်ထဲတွင် သကြားလုံးတွေ။ ကုလားထိုင်တွင် မရှေးမနှောင်းထိုင်ကြပြီးနောက်–

'လှိုင်လှိုင် စားလေ၊ ခုန လာတာ မတွေ့၊ မောင်ဇော်လတ် သူငယ်ချင်းလေ၊ ရန်ကုန်က အပြန် ရှာမိကိတ်နဲ့ သကြားလုံး လာပို့တာ'

မိလှိုင်က မုန့်နှင့် သကြားလုံးပန်းကန်ကို တစ်ချက် ကြည့်ပြီး....

'အင်္ကျီစညှပ်ဖို့ လာတာ အောက်မေ့လို့'

အမေ နားမလည်။ အမေ မေးခွန်းတစ်ခွန်း ထွက်လာပါသော ရှင်းမရအောင် ဖြစ်တော့မည်။

'ကျွန်တော်က သူ ရန်ကုန်က ပြန်လာတော့ အင်္ကျီစတွေ ဝယ်လာပြီး ဘယ်လိုချုပ်ရ ညှပ်ရမယ် ဆိုတာ အမေ့ကို လာမေးသလားလို့၊ အဲဒါထင်လို့ မိလှိုင်ကို အဲ့သလို ပြောလိုက်လို့ မိလှိုင်က ပြောတာ'

ရှုပ်ထွေးသောစကား ဖြစ်သော်လည်း အမေ ထပ်မမေး။

'မဟုတ်ဘူး၊ မုန့်လာပို့တာ'

www.burmeseclassic.com

www.burmeseclassic.com



အမေက သူ့ကို တစ်စိုက်အကြာ ကြည့်ပြီးမှ....

'ကဲ....စားလေ သမီး'

ဆုတ်ဆိုင်းဆိုင်း အမူအရာကြောင့် အခုမေက ကိတ်မုန့် တစ်ချပ် ယူထဲ့ မိလှိုင်အား ပေးသည်၊ ထိုနောက် 'မင်းကော စားလေ၊ မရှက်ပါနဲ့ ယူစားပါ'ဟု သူ့ကို ပြောသည်။အခုမေက မုန့်ယူစားသည်။ မိလှိုင်က လက်ထဲမှ မုန့်ကို သူ့ထံသို့ ကမ်း၏၊ စားလေဟု သူ ပြော၏။

'စားပါမယ်၊ ဒါကို ကိုဇော်လတ် စားပါ၊ ဟင်း....ဟင်း.... အလှူ့ လက်ဖက်နဲ့ မိလှိုင်က ထပ်ပြီး မျက်နှာလုပ်ပါရစေ'

အမေက ရယ်လိုက်သည်၊ မိလှိုင့်ရယ်သံနှင့် သူ့ ရယ်သံတို့သည် အနက်ကွဲမည်ဟု သူ သိလေသည်။ ရေနွေးကြမ်း သောက်လိုက်၊ မုန့်စားလိုက်၊ သကြားလုံး မြုံ့လိုက်ဖြင့် ရှိနေကြရာမှ....

'လှိုင်လှိုင်စိန့် ဝေနဲ့က တစ်ခါမှ မမြင်ဖူးကြသေးဘူးနော်'

ကျဉ်းကျပ်သော စကားဝေါင့်သို့ ပြန်လည် ရောက်လာပြန်ပြီဟု ရင်ထဲမှ ညည်းမိသည်။

'ခုန ဝင်လာတုန်းက မြင်ဖူးလိုက်တယ်'

အမေက ဆက်၍ တစ်စုံတစ်ခု ပြောမည် နှုတ်ခမ်းပြင်ပြီးမှ အိမ်ရှေ့သို့ ရုတ်တရက် လှမ်းကြည့်သည်၊ တစ်စုံ တစ်ယောက်ကို တွေ့မြင်ဟန်ဖြင့် ကြည့်သည်။ အဖေ အလုပ်မှ ပြန်လာပြီဟု သူ တွက်သည်။ ဖိနပ်ချွတ်သံ ကြားရချိန်တွင်....

'ရန်ကုန်ပြန်တွေကို ရန်ကုန်ပြန် မုန့်နဲ့ ကျွေးလွှတ်လိုက်ရဦးမယ်'

အိမ်ပေါ်သို့ တက်လာသူသည် အဖေမဟုတ်ဟု သိသည် လှည့်ကြည့်သည်။ အေးသွယ်သွယ်၊ အိမ်ရှေ့ခန်း အရောက်တွင် အေးသွယ်သွယ်က ပြောသည်။



'စားမှာပေါ့'

အေးသွယ်သွယ် နှစ်ယောက် ထိုင်ခုံတွင် ဝင်ထိုင်သည်၊ အမေက သူထိုင်သာအောင် တစ်ဖက်သို့ရွှေ့ရင်း'စားလေ'ဟု ပြော၏။ အေးသွယ်သွယ်က ခေါင်းကို အသာယမ်းသည်၊

'ဝနေပြီ ဒေါ်လေးရဲ့၊ မိဝေတို့အိမ် ခု ဝင်လာလို့ တစ်စိတ် စားခဲ့သေးတယ်'

စကားတစ်ဝက်တွင် အေးသွယ်သွယ်မျက်လုံးသည် မိလှိုင်ထံသို့ တစ်ဝေ့ ရောက်လာ၏၊ မိလှိုင်က ရေနွေးကြမ်းပန်းကန်လုံးကို နှုတ်ခမ်းတေ့ရင်း အေးသွယ်သွယ်ကို ကြည့်သည်၊

'မိဝေက သူ့စောစောလေးကပဲ ဒေါ်လေးတို့ဆီ ရောက်ခဲ့သေးတယ်တဲ့'

'အင်း၊ မုန့်တွေ လာပို့တာ၊ သိပ်မကြာပါဘူး၊ ခရီးပန်းလာလို့နဲ့ တူတယ်၊ သူ့ကြည့်ရတာ တော်တော် နွမ်းနေတယ်'

'ကျွန်မတို့က ကားနဲ့ ပြန်လာတာကိုး၊ ကားက ကျပ်ညပ်နေတာ တအားပဲ၊ ရထားနဲ့ဆို ဒီလောက် မပင်ပန်းဘူးပေါ့'

အေးသွယ်သွယ့် မျက်လုံးသည် မိလှိုင်ထံသို့သာ အရောက်များနေ၏၊ သူ ခဏ စဉ်းစားလိုက်သည်၊ ထိုနောက် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်....

'အေးသွယ်သွယ်၊ သူ့ကို မှတ်မိလား၊ သူ ရှိရှိလှိုင်'

❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

သူ့အောင်သည့်နည်းတူ ဇော်လတ်နှင့် တကွ သူငယ်ချင်းတေ့ အားလုံး စာမေးပွဲအောင်၍ ဝမ်းသာရကြောင်း အစချီ ရေ့ သားထားသည်။ သူ့ မန္တလေးတွင် ဆက်၍ တက်ရမည် ဖြစ် သည့် အကြောင်း၊ ဖခင်၏အလုပ် ရွှေ့ပြောင်းမှုမှာ မသေချာ သေးကြောင်း၊ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်သို့ မလာနိုင် တော့ကြောင်း၊ သတိတရ ရှိပါကြောင်းတို့ကို ရေးသည်၊ စာ မှာ တစ်မျက်နှာသာ ဖြစ်သည်။ ထိုစာကို ဝေ အား ပေးဖတ် သည်၊ ဝေက ဖတ်ပြီး စာရွက်ကို ပြန်ပေးရင်း....

'ငယ်ကျွမ်းဆွေချင်း နည်းနည်း ဝေးသွားတာပေါ့'

'ဟာ....ဝေကလဲကွာ'

'မဟုတ်ဘူးလား'

'မဟုတ်ပါဘူးဆိုတာ ဝေက ယုံမှ မယုံတာ'

အပြုံးမျက်စောင်းကို သူ ရင်ဆိုင်ရပြန်သည်။

'တကယ်ပဲ၊ အဲဒီနေ့က မြင်ကွင်းကို ဝေ တစ်သက် မမေ့ တော့ဘူး မှတ်'

'ရုပ်ဝေးက ညှော်သည်ကို ဂရုစိုက်ရတာ ဝေ သဘောမကျ ဘူး ဆိုပါတော့'

'မောင်က ရန်ကုန်မလိုက်ဘဲ ဒီမှာ နေခဲ့တာ သူ့အကြံနဲ့ သူကိုး'

'အမေ ခြေဆစ်ကိုက်လို့ မလိုက်တာ သိလျက်သားနဲ့'

'ရှိရှိသို့င် လာမယ်ဆိုတာ ကြိုသိနေတာနဲ့ ဆိုတော့ အသင့် ဖြစ်သွားတာပေါ့လေ'

'ဩော်....ဒုက္ခပါပဲ၊ ရှင်းလေ ရှုပ်ရှုပ်လာလေပါလား'

'တကတည်း ဝေ ခြံထဲဝင်လာတာ ခပ်တည်တည်ကြီး ကြည့်လို့၊ ဘယ်တုန်းက ပြန်ရောက်လာလဲ တစ်ခွန်းတောင်မှ မေးဖော်မရဘူး၊ သူများကဖြင့် ရန်ကုန် ရောက်ရောက်ချင်း စာလှမ်းထည့်ရတယ်၊ စာလဲ မပြန်ဘူး'

'တကယ်ပြောတာ ဝေရဲ့၊ ဘုရားစူး၊ ဇွေ စာကို မရတာ အမှန်ပါ၊ အမေက စာမရကြောင်း ထောက်ခံသွားတဲ့ မောင် လိမ်ပါ့မလား'

'စာပို့လုလင်တွေကို အပြစ်ပေးဖို့ တိုင်ကို တိုင်ရမယ်'

'တစ်ခါတလေ လမ်းမှာ ပျောက်တတ်တာပေါ့ ဝေရယ်'

ဝေက ခေါင်းကို ဆတ်ဆတ်ခါသည်။

'မန္တလေးက စာကျတော့ မပျောက်ပေါင်၊ တစ်ခါမှ မတစ်ခါ မပျောက်ဖူးပေါင်၊ မိဝေရေးတဲ့စာကျတော့ တစ်ခါ ရေး တစ်ခါပျောက်'

သူ ရယ်နေလိုက်၏။ ဝေက သုံးလေးခါမက ဆိုခဲ့ဖူးသည့် စကားအတိုင်း ပြန်လည် ဆို၏။

'နွယ်ပင်တွေပေါ်မှာ သူငယ် ပြန်နေလိုက်ကျဟာ၊ အင်း ပေါ့လေ.... အင်းပေါ့'

သူ အားပါးတရ ရယ်ပစ်လိုက်သည်။ ဝေက စိုးစဉ်းမျှ ပြုံးရယ်ခြင်း မရှိ။

'ကဲပါ ဝေရယ်၊ ဝေ မောင့်ကို ဒီလောက် မယုံမကြည် ဖြစ်နေမှတော့ ခင်အေးနဲ့ အေးသွယ်သွယ်လို့ ခိုးပြေးကြရင် မကောင်းဘူးလား၊ ဝါဝင်ဖို့ရက် တော်တော် လိုပါသေး တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မယုံလို့ ချက်ချင်း ယူခိုင်းဖို့တော့ တကယ် ဝေးပါသေးတယ်'

'ဒီစကားက ခုတစ်ခေါက် ရန်ကုန်က အပြန်မှာ ပထမဦးဆုံး ကြားရတဲ့ စကားပဲ'

'သူ့လိုမှတ်လို့'

'ဘယ်ပြောနိုင်ပါ့မလဲဗျာ၊ မခြိမ်းတဲ့ မိုးက ကောက်ပြီး ရွာချင် ရွာတတ်တာမျိုး မဟုတ်လား'

'ငွေ့ကို မခြိမ်းတဲ့မိုးလို့ ဆိုလိုတာပေါ့'

'အင်းလေ'

'ဒါဖြင့် မောင်ဇာတော့ ခြိမ်းနေတဲ့မိုးလို့ မောင့်ကိုယ်မောင် အတည်ပြုလိုက်တာပေါ့၊ ဟုတ်လား'

ကိုယ့်စကားဖြင့်ကိုယ် မရှုန်းနိုင်၍ ရယ်နေလိုက်၏။

'ဖြေလေ၊ ဘာလို့ ရယ်နေတာလဲ၊ လူကြီးရှက်တော့ ရယ်တယ်ဆိုတာ ဒါ ထင်ပါရဲ့'

သူ ရယ်မြဲ ရယ်နေလေ၏။

*

(၂၄)

ခင်အေးက လျှပ်စစ်မီးပူဖြင့် အနှီးတွေကို တိုက်သည်။လျှပ်ရှားကိုင်တွယ်ပုံမှာ လျင်နေသည်။

'မင်း တော်တော် အပိုးကျိုးနေပြီပဲ'

အေးသွယ်သွယ်က ဇော်လတ်အပြောကြောင့် ပြုံးလိုက်၏။ ခင်အေးသည် အေးသွယ်သွယ်ကို ကြည့်ကာ 'သွား မကျိုးအောင်ပေါ့ ဇော်လတ်ရာ' ဟု ပြောသည်။ မိန်းမရှိခိုး ဖွားသော စကား[illegible] ပြောသည်ဟု အားလုံး သဘောပေါက်၏။ အေးသွယ်သွယ်က ကလေး နို့တိုက်နေရင်း မျက်စောင်း တစ်ချက်



ထိုး၏။ 'ကလေးဖအေ ဖြစ်နေပြီပဲ၊ လူပျိုတုန်းကလို တော်ကြော့ နေလို့ကတော့ ဘယ်ရမလဲ' ဟု ခင်အေးကို ပြော၏။

'တွေ့လား ဇော်လတ်၊ မိန်းမဆိုတာ ဒီလိုပဲ၊ သမီးရည်းစားဘဝတုန်းက သူ့ကို ပြောင်းဖူး ခြွေပြီး ငါ ကျွေးတော့ ဘာပြောတယ် ထင်လဲ၊ အမလေး....မောင့် လက်သည်းထိပ်လေးတွေ နာကုန်ပါ့မယ်၊ သွယ့်ဘာသာသွယ် စားပါ့မယ့်တဲ့၊ ခုတော့ ကြည့်စမ်းပါဦး၊ ကြားတဲ့ အတိုင်းပဲ၊ ဟား....ဟား'

သူ့စကားကြောင့် ဝေက အသံထွက်အောင်ပင် ရယ်လေသည်။ အေးသွယ်သွယ်က သူ့ယောကျ်ားကို ပြုံးစွေစွေနှင့် ကြည့်နေသည်။ ဇော်လတ် နောက်သည်။

'မင်းကို အစကတည်းက ငါ မပြောဘူးလား၊ လူပျိုလို နေမိလို့ ကိုယ်ရှိတယ်လေး ဆိုတာလေ၊ ယောကျ်ားလေး ဘဝဟာ အိမ်ထောင်ကျပြီးပြီ ဆိုရင် မိန်းကလေးပြုသမျှ နေရတာပါလို့၊ ခုတော့ မှတ်ပြီလား'

ဝေက သူ့ကိုကြည့်၍ ရယ်လေသည်။

'ခုမနက် လျှော်ရတဲ့ အနှီးကချည်း အထည် ဆယ့်လေးငါးထည်၊ မိုးစိမ့်စိမ့်နဲ့ မခြောက်မှာစိုးလို့ မီးအုပ်ဆောင်းပေါ်တင်တန် တင်၊ မီးပူတိုက်တန် တိုက်၊ ထမင်းချက်၊ ဟင်းချက်၊ ဟင်းခါးအိုး တည်၊ ငါးခြောက်ဖုတ်၊ ဒါတောင် ယောက္ခမကြီးက ဟင်းနှစ်ရက်စာ ပို့လို့ တော်သေးတယ်၊ နို့မဟုတ်ရင် အား၊ ခင်အေး တစ်ယောက် လျှာကို လမ်းခင်းလို့တောင်ရမယ်'

ခင်အေးသည် ပြောပြီးတော့ ရယ်နေ၏။ အေးသွယ်သွယ်က ကလေးကို နို့မှချွတ်ကာ ပုခက်ထဲသို့ သွင်းသိပ်သည်။

ခင်အေးက လက်စသိမ်းပြီး မီးပူပလက် ဖြုတ်သည်။

www.burmeseclassic.com



'ဇော်လတ်၊ အစိုးက လာဦးမှာလား'

'ဒီကို လိုက်လာမယ် ပြောတာပဲ'

'နေစမ်းပါဦး၊ သူ့အမျိုးသမီးက ဘယ်ကလဲ'

'စီးပွားရေး တက္ကသိုလ်က နောက်ဆုံးနှစ်'

'ဒါဖြင့် ခု ကျောင်းပြန်ဖွင့်ရင် သူ့အမျိုးသမီးက ကျောင်း ပြီးသွားပြီပေါ့'

'အင်း....ဒါပေမယ့် သူ အိမ်ငှားနေတဲ့ အိမ်ရှင့်သမီးလေ'

'ဩြော်....အနေချင်းဝေးလိုက်တာကလဲ အတော်ကိုပဲကို'

ခင်အေးက သူတို့ နှစ်ယောက်နှင့် မျက်နှာချင်း ဆိုင်က သင်ဖျူးဖျာပေါ်တွင် လာထိုင်သည်။ အေးသွယ်သွယ်က စား ပေါ်ရှိ ခေါက်ဘူးကို သွားယူကာ လက်ဖက်ရည်ကြမ်း ထပ်ဖြည့်သည်။

'စားကြဦးလေ၊ လက်ဖက်တွေရော၊ စားကောင်းတယ်ဆို ထပ်ထုပ်ပေးထားတော့လဲ ဘိုကနန်း ဆိတ်ကနန်း၊ လွန် ပန်းကန်က အရာတောင် မယွင်းဘူး'

ခင်အေးက သူ့ကို ကြည့်ပြီး ပြောသည်။

'မင်း လက်ဖက်မစားနဲ့၊ ခေါက်ရိုက်တဲ့အနေနဲ့ လွန်ဆံ စ ပေး၊ ဒါမှ လွန်ဆန်ရဲလိမ့်မယ်၊ မဝေက လက်ဖက်စားငါ အစားမှားသွားတာ၊ မရွှေသွယ်က လွန်ဆန်လွန်ဆန် နေ ငါက သူ့လက်ကို ဖက်ဖက်ထားရတယ်'

ဝေက ရယ်သံဖြင့် ပြန်ပြောသည်။

'ဒီလိုဆိုရင် ဝေက လွန်ဆံစားမှ ဖြစ်မယ်၊ သူ စားလို့မ ဘူး၊ ခုတောင် လွန်ဆန်ချင်နေတာ၊ ခု ကျောင်းပိတ်ရက်



စိတ်မငြိမ်ဘူး ဖြစ်နေတယ်လေ၊ မျှော်သူကလဲ မလာ၊ သွားဖို့ ကာလဲ ဝေ့ကြောင့် မသွားဖြစ်၊ သိတယ် မဟုတ်လား'

❋

(၂၅)

သော့ဖွင့်နေစဉ် အစိုးက ဝရံတာသံစကာကို ကိုင်ကာ အပြင် သို့ ကြည့်နေ၏။ တံခါးရွက်နှစ်ခုကိုချိတ်ချိတ်ပြီး အခန်းထဲသို့ သူဝင်သည်။ ပြတင်းငယ် နှစ်ပေါက် စလုံးကို အတွင်းမှ ဖွင့် လိုက်ချိန်တွင် အစိုးသည် အခန်းတွင်းဝင်သည်။ စားပွဲအောက် သို့ သွင်းထားသော ကုလားထိုင်ကို [illegible] အစိုးက လွယ်အိတ်ကို ပခုံးမှဖြုတ်ပြီး စားပွဲပေါ် [illegible] စားပွဲပေါ် သို့ ငုံ့ကြည့်သည်။ လွတ်အိတ်အောက်တွင် ရှိနေသည် စီး၍ စာအိတ်ကို လှမ်းယူ၏။ စာအုပ်တွေပေါ် [illegible] ထားရန် ရွှေ့လိုက်သော အစိုး၏လက်ဆီသို့ သူ့လက်က မရှေးမနှောင်း ရောက်လာ၏။ စာအိတ်ကို ကိုင်လိုက်ချိန်တွင် အစိုးက လက် လွှတ်ပြီး သူ့ကို ကြည့်သည်။ မျက်မှန်အောက်က အစိုး၏မျက် လုံးသည် ပြုံးယောင်မယောင်နှင့့် အဓိပ္ပာယ်တစ်မျိုး လွှက်နေ ၏။ မဖောက်ရသေးသော စာအိတ်။ လိပ်စာဘက်မှ မြင်နေရ သည်။ ဇော်လတ်အမည်၊ အခန်းအမှတ်နှင့့် ရွှေဘိုဆောင် လက် ရေးကို ယူ မြင်မြင်ချင်း မိလှိုင့်လက်ရေးဖြစ်ကြောင်း သိပြီး သား။ စာအိတ် လက်ဝဲဘက်အောက် ထောင့်တွင် လှိုင်၊ မန္တလေးဟု အသေး ရေးထားသည်။

'နွေခင်းက ရောက်လာတာနဲ့တူတယ်၊ မိလှိုင်ဆီက စာ လေကွာ'

ခုတင်ပေါ်တွင်ထိုင်ရင်း အစိုးကို ပြောသည်။ အစိုးက ခေါင်းတစ်ချက်ဆတ်ကာ သိကြောင်း ပြ၏။ ဗိုဖူးနှင့် ရွှေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက် ကျလာသော ဆံပင်တွေကို လက်ငါးချောင်းဖြင့် ထိုး၍ တင်သည်။ ဆီမထိသည်မှာ ကြာဟန်တူ၏။ ဆံပင်တွေ သွေ့ကာ ဖွာနေ၏။ ခပ်လတ်လတ် အသားအရည်သည် အညိုဖက် လွန်းလျက် ရှိသည်။ တက္ကသိုလ် ရောက်သည့် နှစ်နှစ်မပြည့်တတ်သေးသော ကာလအတွင်း အစိုး၏ ပြောင်းလဲမှုတို့သည် နေ့ချင်းညချင်းဟု ဆိုရလောက်၏။ ပို့ချချက် တစ်ချိန်အပျက်မရှိ၊ နည်းပြတန်း မဖြေခဲ့မရှိ။ စာသင်ခန်း၊ ဌာန၊ စာကြည့်တိုက်၊ လက်ဖက်ရည်ဆိုင်၊ စာအုပ်ဆိုင်တို့သည် သူနေ့စဉ် ရှိရာ ရောက်ရာများ။ ကျောင်းသူ ကျောင်းသား အသိမိတ်ဆွေ ထက်၊ ဆရာ ဆရာမ အသိမိတ်ဆွေတွေကပို၍များသည်။ သူ ယူထားသော ဒဿနိကာ ဗေဒဆိုင်ရာ ဝေါဟာရတွေကို သူ့ထံမှ မကြာခဏ ကြားရသည်။ ပြောဟန်ဆိုဟန်တို့သည် အလွန်ရင့်ကျက်သူ၏ အသွင်မျိုး ရှိလေသည်။

'ထိုင်လေကွာ အစိုး'

အစိုးသည် လွယ်အိတ်ကို စားပွဲပေါ်တွင် ထားသည်။ ကုလားထိုင်ကို ခုတင်ဘက်သို့ ရွှေ့ပြီးထိုင်၏။ ဝရံတာဘက်သို့ မျက်နှာမူကာ ထိုင်ရင်း တိုက်ပုံအင်္ကျီ ချွတ်သည်။ တိုက်ပုံအင်္ကျီကို အုတ်နံရံ ပြက္ခဒိန်ချိတ်ရာ သံချောင်းတွင် ချိတ်၏။ ရှပ်အင်္ကျီ လက်နှစ်ဖက်ကို တံတောင်ဆစ်အထက် ရောက်အောင် ခေါက်တင်သည်။ တစ်စုံတစ်ရာ ပြောရန် နှုတ်ခမ်းပြင်ကာ သူ့ဘက်သို့ ဦးခေါင်းလှည့်၏။ သူ စာဖတ်နေ၍ စောင့်သည်။ ရှပ်အင်္ကျီအိတ်ထဲရှိ ဆေးပေါ့လိပ်ကို ယူကာ ဖွဖွကိုက်၏။ တိုက်ပုံအင်္ကျီ အိတ်ထဲက ယမ်းမီးခြစ်ဘူးကို လှမ်းယူသည်။ ဆေးလိပ် မီးညှိပြီး ဦးခေါင်းကို ငံ့၏။ သူ ဒုတိယ စာရွက်ကို ဖတ်နေသောကြောင့် စောင့်ရသည်။ ယမ်းမီးခြစ်ဆံ အဟောင်းကို ဘူးထဲသို့ ပြန်ထည့်သည်။ ထို့နောက် မီးခြစ်ကို တိုက်ပုံအင်္ကျီထဲသို့ ထည့်၏။ လွယ်အိတ်ထဲမှ အင်္ဂလိပ်စာအုပ် တစ်အုပ်ကို ထုတ်ယူသည်။ ဖတ်လိုက်၊ စဉ်းစားလိုက်၊ ဆေးလိပ်သောက်လိုက်နှင့်။ အဓိပ္ပာယ် မသိသော စကားလုံး သေးငါးလုံးနှင့် နားမလည်သော အခေါ်အဝေါ်များကြောင့် တစ်မျက်နှာကုန်အောင် ဖတ်ရသည်မှာ ပင်ပန်းလှသည်။ စားပွဲပေါ်သို့ လှမ်းကြည့်၏။ အဘိဓာန်စာအုပ် မရှိ။ နောက် တစ်မျက်နှာ မကူးတော့။ ပြန်ပိတ်ကာ လွယ်အိတ်ထဲသို့ ထည့်သည်။ ဆေးပေါ့လိပ် တစ်ဝက်သာသာ ကုန်နေပြီ။ သမံတလင်းပေါ်သို့ကြွေကျနေသောပြာတွေကို သတင်းစာဖောင်းဖြင့် လေခတ်ကာ အခန်းအပြင်သို့ ထုတ်သည်။ သတင်းစာကို စားပွဲပေါ်သို့ ပြန်တင်ရင်း သူ့ကို ကြည့်၏။ စာရွက်တွေကို အိတ်ထဲသို့ ထည့်ကာ ခဏမျှ တွေလျက် ရှိသည်။ ထို့နောက် စာအုပ်ကို ခေါင်းအုံးအောက်သို့ ထည့်ပြီး သူ့မျက်လုံးသည် အစိုးထံသို့ ရောက်၏။

'ပြဿနာတော့ စပြီ သူငယ်ချင်း'

စကားအဆုံး၌ သူ့သက်ပြင်းရှည်မှုတ်သံကို အစိုး ကြား၏။

'ဆိုစမ်းပါဦး'

ခပ်ဆိုင်းဆိုင်း ရှိနေသည်။

'မိလှိုင် ငါ့အပေါ် သိပ် သံယောဇဉ် ကြီးနေပြီ'

သူ့ကို အစိုးက ဖျတ်ခနဲ လှည့်ကြည့်သည်။ အံ့သြကြည့်တာ မဟုတ်ချေ။

'မင်းကတော့ကော'

သမံတလင်းကို ငုံ့ကြည့်ရင်း သူ ဖြေ၏။

'သူ့ထက် မပိုတောင်မှ သူ့ထက် မလျော့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



အစိုးက ပါးလွှန်းသော မျက်ခုံး နှစ်ဖက် ပင့်တင်လိုက်သည်၊ နဖူးအရေးအကြောင်းတွေ တစ်ခဏ ထွန့်လျက်ရှိသည်၊ ထူထဲသော နှာသီးဖျားကို တစ်ချက် ရှုံ့၏။ နှုတ်ခမ်းသည် ပကတိအတိုင်း ပြန်ဖြစ်သွားသည်။ ထိုနောက်....

'ဝေ့ကိုကော'

'ဝေ့ကို ငါတကယ်ချစ်လို့ ငါချစ်ရေးဆိုခဲ့တာပဲ အစိုးရာ'

နှုတ်ခမ်း မဖွင့်၊ ရင်ခေါင်းသံဖြင့် ဟင်းဟင်းမြည်သော ရယ်သံကို အစိုးထံမှ ကြားရ၏။ သူ ဆက်ပြီး ပြောသည်။

'မိလှိုင်ကျတော့ မိလှိုင်က ငါ့ကို ချစ်ရေးစဆိုခဲ့တာ'

'ဟာ....ဘာပြောတယ်၊ မိလှိုင်က မင်းကို....'

'ဟုတ်တယ်၊ တစ်ခုတော့ ပြောစရာ ရှိတယ်၊ ငါက သူ့ဆီ ရေးတဲ့ စာတွေမှာ ချစ် ဆိုတဲ့ စကားလုံး တစ်လုံးကို လွှဲပြီး အဓိပ္ပါယ်သဘော ရောက်စေမယ့် စာတွေ ရေးခဲ့တယ်၊ သူက ငါ့ဆီကို ဘာပြန်ရေးသလဲဆိုတော့ ကိုလတ်ရယ်၊ ပင်ပန်းလိုက်တာ၊ မိလှိုင် နားလည်နေတာ ကြာပါပြီ တဲ့၊ မိလှိုင်ကို ချစ်တယ်လို့ ရေးမယ့်ဟာ ရေးလိုက်ပါတော့လား တဲ့၊ မိလှိုင်ကတော့ ကိုလတ်ကို ချစ်တယ်လို့ မကွေ့မကောက်ဘဲ ပြန်ရေးလိုက်ပါပြီတဲ့၊ အဲဒါပဲ သူငယ်ချင်း၊ မိလှိုင်က ရှင်းတယ်'

'မိလှိုင်က ရှင်းတယ် ဆိုတော့ ရှုပ်တဲ့သူက မင်းပေါ့၊ ဟုတ်လား'

ပြောပြီးတော့ ခပ်တိုးတိုး ရယ်သည်၊ သူ မဖြေ။

'ဘယ်လောက် ကြာပြီလဲ'

'နို့ဝင်ဘာ နှစ်ဆယ့်ခုနစ်ရက်က'

'တစ်လကျော်ပြီပဲ'

'အင်း'



'မင်းက ဘာပြန်ရေးလိုက်သလဲ ဇော်လတ်'

'ငါပြောမယ့် စကားကို သူအရင် ပြောတာပါပဲလို့ ရေးလိုက်တယ်'

'အဓိပ္ပာယ်က သူ့ကို ချစ်တယ်ပဲပေါ့'

သူ ခေါင်းတစ်ချက် ညိတ်သည်။

'အင်း....ဆိုပါဦး၊ မင်း ခုန ပြောတဲ့ ပြဿနာ စပြီ ဆိုတာက'

အစိုးကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်လိုက်သည်။

'အင်းလေ....အဲဒါ ပြောတာပေါ့'

ခြေချိတ်ကာ ထိုင်ပြီး အပြင်သို့ ငေးကြည့်ရင်း ပြုံးနေသည်၊ သူက ခုတင်ပေါ်တွင် လှဲလိုက်၏။

'ဒါ ပြဿနာလားကွ၊ မင်းသား တစ်လက်နဲ့ မင်းသမီး နှစ်လက် ဇာတ်ထုပ်ကြီး၊ ရုပ်ရှင်တို့ ဝတ္ထုတို့ထဲ ဒါမျိုး တွေ့ရလို့ ရိုးနေပြီ၊ အီနေပြီ၊ မိလှိုင်ကိုရော ဝေ့ကိုရော ယူလိုက်ပေါ့ကွာ'

'ဟာ....မင်းဥစ္စာကလဲ'

အစိုးသည် သူ့ဘက်သို့ ကိုယ်ကို လှည့်၏။

'ဘာဖြစ်လို့လဲကွ၊ ဒီဇာတ်က ဒီသဘောရှိတာ၊ ဒီအတိုင်းပဲ လုပ်ပေါ့'

'မင်းကလဲ စကားအကောင်း ပြောစမ်းပါ'

'ဖြော်....အကောင်းပြောနေတဲ့ဟာ၊ အဲသလိုမှ မဟုတ်ရင် မင်းသမီး တစ်လက်လက်က ကျွန်ရစ်ဖြစ်၊ ဆွေးကျန်ခဲ့၊ မင်းသမီးတစ်လက်နဲ့ ပေါင်း၊ ဒါမှမဟုတ်လို့ အဆွေးနဲ့ သိမ်းချင်ရင် မင်းသမီး တစ်လက်လက် သေပေး၊ ကျန်တဲ့ မင်းသမီးနဲ့ မင်းသားနဲ့ ပေါင်း၊ ပြီးရောပေါ့၊ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စကားကိုယ် သဘောကျကာ ရယ်သည်။ သူ့တွင်မူ ယဲ့ယဲ့ပင် မပြုံးချင် ပြုံးချင်နှင့် ရှိလေသည်၊ စိတ်ပျက်သွားမှန်း သိသောကြောင့်....

'အလကား ပြောတာပါကွာ၊ ဘယ့်နှယ်လုပ်မလဲ သူငယ်ချင်း၊ ငါ ဘာပြောရမလဲ'

သူ ဆက်မပြော၊ အစိုးသည် သူ့နည်းတူ ရှုပ်ထွေးနေမည် ထင်၏။ သူ့တွင် ပြောစရာ စကားတွေ များစွာ ရှိသည်ဟု ထင်ခဲ့သည်၊ အစိုးကို တွေ့လျှင် ဖွင့်ပြောရမည်တို့မှာ အပြည့် အသိပ်ဟု အောက်မေ့ခဲ့သည်။ ပြောသောအခါ သည်မျှနှင့် ရပ်နေတော့၏။ ပြောစရာတွေ များစွာ ကျန်နေကြောင်း သိသည်၊ လေးလံလွန်းစွာ ကျဆင်းလာသော အတွေးများက စကားတို့ကို မထွက်စေနိုင်၊ ရယ်ရွှန်းစကားအဖြစ် အစိုး ပြောလိုက်သကဲ့သို့ လွယ်လွင့်တကူ ငြိမ်းငြိမ်းစရာ အကြောင်းတွေကို မမြင်။

'မင်း ပြဿနာက အကွေ့တစ်ထောင် အကောက် တစ်ထောင် ဝင်္ကပါတောင်ထဲ လမ်းပျောက်ရသလိုပဲ ဇော်လတ်'

မဲ့ပြုံးနှင့် သူ ပြန်ပြော၏။

'ဝင်္ကပါ တောင်စောင်းက မင်္ဂလာ အောင်မောင်းတော့ မဟုတ်ဘူး အစိုး၊ နင်ချော မျောက်လောင်း ဖြစ်နေပြီနဲ့ တူပါတယ်ကွာ'

အစိုးက တဟားဟား ရယ်သည်၊

'အေးလေ၊ မင်းမွေးတဲ့မီး မဟုတ်လား၊ ခြေသလုံးမွေး မကလို့ သူကြီးအိမ်ကို လောင်လောင်ကွာ၊ နောင်မှ ရောက်ရားပေါ့၊ လောလောဆယ်တော့ အဲသလို တွေးရတာမှ သက်သာမယ် မဟုတ်လား'



သူ အိပ်ရာပေါ်မှ ထထိုင်လိုက်၏။ ခုတင်ဘေးတွင် ခြေစုံ ချကာ ထိုင်သည်၊

'မင်း နှစ်ယောက်စလုံးကို လက်ထပ်လို့တော့ မဖြစ်မှန်းသိပါတယ်နော်'

သူ ပြုံးလိုက်သည်။

'ဖြေစရာ မလိုလောက်အောင် ရှင်းနေတာပဲကွာ'

'ဒါဖြင့် မင်း ဘယ်သူ့ကို လက်ထပ်မလဲ'

သူ မဖြေ။ ခဏကြာသော် အစိုးက ထပ်မေး၏၊

'ဖြေလေကွာ'

အပြင်ဘက်သို့ လှမ်းကြည့်နေသည်။ ဖြေရန် ခက်ခဲလှသည်။ ခက်ခဲ၍ စဉ်းစားရသည်။ စဉ်းစားသော်လည်း အဖြေရရန် ခဲယဉ်းနေ၏။ ထိုသို့ ခဲယဉ်းနေကြောင်း ထုတ်ဖော် ပြောပြရန် ဝင်လျှင် တစ်ဖန် ခက်ခဲနေပြန်၏။ တော်ပါတော့ကွာ၊ တခြားအကြောင်း ပြောကြတာပေါ့၊ လက်ဖက်ရည်ဆိုင် သွားရအောင်ဟု သူပြောမည် စိတ်ကူးစဉ် သံစကာတစ်ဖက် လမ်းပေါ်က လူရိပ်ကို တွေ့၏။ အခန်းနှင့် တည့်တည့် နေရာမှ ရပ်၍ ကြည့်နေသူ ဝေ။

*

(၂၆)

အပြစ်ရှိပြီဟု မိမိကိုယ်မိမိ နားလည်လိုက်သည်နှင့်တစ်ပြိုင်နက် ထိုအပြစ်သည် ကိုယ်နှင့်မကွာတော့။ အပြစ်မှ စင်ကြယ်အောင် မည်သို့ပြုရမည်ကို ဝေးလံစွာ မစဉ်းစားရ။ အလွယ်ကူဆုံးသော အဖြေ၊ သို့ရာတွင် အဖြေနှင့် မိမိ၏အကြားတွင် ခြေဖဝါးစံရ ရသည့် အသည်းနှစ်လုံးတစ်ခုစီကို မြင်လေသည်။ ဝေ၏သို့မဟုတ် လှိုင်၏၊ ထိုအခါ မိမိ၏ အသည်းနှလုံးကို စိတ်ကူးဖြင့် နှာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်စေကြည့်သည်။ ဝေသည် မိမိကဲ့သို့ ခံစားရမည်ဟု ယခုကပင် နားလည်၏။ မိမိနည်းတူ မိလှိုင်သည် ဝေဒနာဖိစီးခြင်းခံရချိမ့်မည်ဟု အမှန်းအဆဖြင့်ပင် သိလေ၏။

'မင်းမှားတယ် ဇော်လတ်၊ သိပ်ကို မှားခဲ့တယ်'

ဝန်ခံသဘောဖြင့် ငြိမ်သက်လျက် ရှိသည်။

'မိလှိုင်ကို ငါငယ်ငယ်ကတည်းက စိတ်ထဲမှာ စွဲလမ်း ခဲ့တယ်နဲ့တူတယ် ခင်အေး၊ တော်ကြာ သတိရလိုက်၊တော်ကြာ မေ့မေ့ပျောက်ပျောက် နေလိုက်နဲ့၊ ဆယ်တန်းဖြေပြီးလို့ တွေ့ရတာဟာ ပထမဆုံးအကြိမ်၊ မြင်လိုက်ရတဲ့ အချိန်မှာ ငါ နှောင်တတစ်ခု ရနေတယ် သိလား'

စကား ခဏရပ်လိုက်သည်။ ထို့နောက်....

'ငါ ဝေ့ကို ချစ်တယ်လို့ ပြောခဲ့မိတာ မှားပြီလို့'

ခင်အေးက အထိတ်တလန့်ကြည့်သည်။ နှုတ်ခမ်းမသိမသာဟသွားသည်။

'ပြောမိခဲ့တာ၊ ဟုတ်လား'

'ဟုတ်တယ် ခင်အေး၊ ဆယ်တန်းဖြေပြီးမှ ပြောမလို့ စိတ်ကူးခဲ့တာ အမှန်ပဲ၊ ဒါပေမယ့် လွှတ်ခနဲ ပြောခဲ့မိတာ သိပ်စောသွားတယ်'

'စောသွားတယ်ဆိုတာကို မိလှိုင်နဲ့တွေ့မှ စောမှန်းသိတယ်ဆိုပါတော့'

'အင်း....မိလှိုင်နဲ့ စောစောတွေ့ခဲ့မယ်ဆိုရင် မပြောဖြစ်ဘူးဆိုပါစို့ကွာ၊ ဒီစကားပြောလို့ ဝေ့ကို ငါမချစ်ဘူးလို့ ပြောတာမဟုတ်ဘူး ခင်အေး၊ ငါ ဝေ့ကို တကယ်ချစ်တာပါ'

ပို၍ အံ့ဩမျက်လုံးကို ခင်အေးတွင် တွေ့ရသည်။ ခင်အေးမေးသည်။



'မိလှိုင်ကိုလဲ ချစ်တယ်၊ ဒီလိုလား'

'သူ့ကိုချစ်တာကျတော့ တစ်မျိုး ခင်အေး၊ ကလေးအာဝမှာ အတူစား အတူကစားခဲ့ကြတဲ့ သံယောဇဉ်တွေက မိလှိုင်ဘက်ကို ပိုနေတယ်၊ ဒါပေမယ့် ဆယ်တန်း ဖြေပြီးတော့ပြန်ပြီး တွေ့တာမျိုး မရှိခဲ့ရင် ငါ ထင်ပါတယ်၊ တစ်လတစ်ခါနှစ်ခါ စာထည့်တာတွေ ရှိချင်မှ ရှိမှာ၊ အဲသလိုသာ အဆက်အသွယ် မမျှားခဲ့ရင် ငါက ရေလာမြောင်းပေးစကားတွေ ရေး။ ငါ အပြောခက်တယ်ထင်ပြီး မိလှိုင်က တည့်တိုးရေးတဲ့ အဆင့်အထိ ရောက် စရာ မရှိဘူးပေါ့ကွာ'

ရေလာမြောင်းပေးစကားဟု ခင်အေးက ရွတ်ကာ ခပ်တိုးတိုး ရယ်နေသည်။ ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ခုအချိန်မှာ ဒီပြဿနာကို ဘယ်လို ရှင်းမလဲ ဆိုတာထက် ဒီပြဿနာ ဘယ်လိုက ဘယ်လို ပေါ်လာရသလဲ ဆိုတာကို ငါအထပ်ထပ် စဉ်းစားနေမိတယ် ခင်အေး၊ သာမန်အားဖြင့် ကတော့ မိန်းကလေး နှစ်ယောက်ကို ယောကျ်ားလေး တစ်ယောက်က ရည်းစားထားတယ်ပေါ့ကွာ၊ ငါ့ရဲ့ နှစ်ကောင်ဖမ်းတာယ်ဆိုလဲ ပြီးတာပါပဲ၊ ငါကိုယ်ငါလဲ စဉ်းစားကြည့်ပါတယ်၊ ဟိုလဲ ချစ်၊ ဒီလဲ ချစ်၊ တစ်လောတုန်းက မင်းရယ် ငါရယ် အစိုးရယ် ဆုံတုန်းက အစိုး ပြောသလိုပေါ့ကွာ၊ အခွန်မဆောင်ရတိုင်း လျှောက်ပြီး ချစ်တယ် ချစ်တယ် ပြောမိတာမျိုးတော့ မဟုတ်ပါဘူး၊ငါ မိလှိုင်ကို ချစ်တယ်ဆိုတာ အဖြေရှာမရဘူး'

'မင်း ပြောတာ ငါ နားမလည်ဘူး၊ ဘာကို အဖြေရှာမရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ ဘာလို့ သူ့ကို ချစ်တယ်ဆိုတဲ့ သဘော အရိပ်နိမိတ်တွေ ပြခဲ့ရသလဲ ဆိုတာပဲ'

'အပြောရ လွယ်အောင် ကမ်းလှမ်းတယ်လို့ပဲ ပြောပါကွာ'

'သုံးပါ၊ အဲဒီ အသုံးအနှုန်းနဲ့ပဲ၊ ငါ့မှာ ဓဝ တစ်ယောက်လုံး ရှိနေတယ်ဆိုတာ ငါ အလေးအနက် သတိထားခဲ့ပါတယ်၊ မင်း မပြုံးနဲ့ သူငယ်ချင်း၊ ငါ မလိမ်ပါဘူး၊ သုံးတန်းကနေ ကိုးတန်းအထိ ဓဝနဲ့ သွားအတူ လာအတူ၊ အဲဒီ အချိန်မှာ ငါ မိလှိုင်ကို တစ်ခါတလေ သတိရနေတယ်၊ ခုထိ ကြည့်၊ အိမ်က မှန်ဗီရိုထဲမှာ သူ ပေးခဲ့တဲ့ အရုပ်ကလေး ဒီအတိုင်း လက်ရာမပျက် ရှိနေတယ်၊ အဲဒီအရုပ်ကို တစ်လနေလို့ တစ်ခါ မကြည့်ခဲ့ဘူး၊ ခြောက်လနေလို့ တစ်ခါ မကြည့်ခဲ့ဘူး၊ ကြည့်တဲ့ မြင်တဲ့အခါတော့ မိလှိုင်ကို အမှတ်တရ ရှိနေတာပဲ၊ အမှန်တော့ မမြင်မတွေ့ရလို့သာ မေ့တယ်လို့ ပြောချင် ပြောရမယ်၊ ငါ့စိတ်ထဲမှာတော့ မိလှိုင်ဟာ အမှတ်မထင် ရှိနေတယ်နဲ့ တူပါတယ်၊ ဆယ်တန်းဖြေပြီးလို့ ပထမဆုံး တွေ့ရတဲ့ နေ့ကို ငါ တစ်သက် မမေ့နိုင်ပါဘူး ခင်အေး'

'တစ်သက် မမေ့နိုင်ပါဘူး၊ ဟုတ်လား၊ စကားကုန် ပြောလိုက်တာပဲလား'

သူ ခေါင်းညိတ်သည်။

'ငါ ပြန်ပြောပြရမလား၊ မင်း နားထောင်မလား....'

ခင်အေးက ပြုံး၍ မေးတစ်ချက် ဆတ်ပြီး....

'ပြောပါ'

'သူနဲ့ငါနဲ့ တွေ့တဲ့နေ့က သူတို့သားအမိ ရောက်နေတာကို ငါ မသိဘူး၊ အမေတို့ကလဲ မပြောဘူး၊ ညဦးပိုင်းကျမှ



အမေက အမေသွားစရာရှိလို့ ဒီနား ခဏလိုက်ခဲ့လို့ခေါ်တယ်၊ ဟိုနား ဒီနားထင်လို့ ငါ ထလိုက်သွားတယ်၊ မိလှိုင်ရဲ့ ဒေါ်လေးတို့အိမ်ကို သွားတာ၊ အရင် အဲဒီအိမ်မှာ မိလှိုင်တို့ နေခဲ့ပါလား ဆိုတဲ့ အသိက ငါ့ခေါင်းထဲ လုံးလုံးမရောက်ခဲ့ဘူး၊ ခြံဝင်းထဲကျတော့ ခေါင်းရင်း ကွပ်ပျစ်မှာ ထိုင်ကြတယ်၊ စကားပြောနေရင်း မိလှိုင်ရောက်လာတယ်၊ ငါက မိလှိုင်မှန်း မသိဘူး မိလှိုင်ကတော့ ငါမှန်း သိတယ်၊ အမေတို့ စကားပြောတာ နားထောင်လိုက်၊ အလစ်မှာ သူ့ကို ကြည့်လိုက်နဲ့ပေါ့၊ အဲဒီနောက် မိလှိုင်နဲ့ငါ တွေ့နေတာပဲ၊ အဲဒီညက သူ့အလှမျိုး တွေ့ရဘူး၊ ဒါပေမယ့်....အဲဒီ ညတုန်းက မြင်ရတဲ့ အလှကို ဘယ်လိုမှ မေ့မရတာ ခုထိပဲ၊ သူ့ကိုယ်ပေါ် ကိုလရောင်ကျနေတာရယ်၊ သူ့ဆံပင်တွေ ဖြန့်ထားတာရယ်၊ သူ့ မျက်နှာရယ်၊ အကြည့်ရယ်၊ သူ့ ရယ်လို့ သိလဲသိလိုက်ရော ဝမ်းသာရတဲ့ သဘောကို ငါ ဒီဘဝ ပြန်ပြောတတ်မှာ မဟုတ်ဘူး၊ စာေ ဆာက မင်းပြောတဲ့ အပြောနဲ့ ပြောရရင် အပြုစားခံရတယ် ဆိုပါတော့၊ သတိလစ်နေသလိုကြီး၊ အဲဒါပဲ ခင်အေး'

ခင်အေး မျက်မှောင် ကြုတ်ထားသည်။ အတန်ကြာသည့် အထိ စကားမဆို။

'ကမ်းလှမ်းမိလိုက်တဲ့အထိ သတိ လစ်သွားရတယ်ပေါ့၊ ဟုတ်လား'

'အေးပေါ့ကွာ၊ အဲဒါကြောင့်လဲ ခုတော့ မရှုနိုင်မကယ်နိုင် ဖြစ်ရတော့တာပေါ့၊ မဟုတ်ဘူးလား၊ ပြီးတော့.... မိလှိုင်ဆီက စာတွေကို မင်းရော အစိုးရော ငါ ပေးဖတ်ခဲ့တယ် မဟုတ်ဘူး၊ သူ ရေးတာတွေ ကြည့်ရင် သူ့သဘောကို မင်းတို့လဲ သိနိုင်မှာပါ'

www.burmeseclassic.com



လေးနက်စွာ စဉ်းစားနေသည်။ ထို့နောက်မှ သူ့ကိုပြော သည်။

'မိလှိုင် မင်းကို နှစ်နှစ်ကာကာ ချစ်တာပါ'

ထိုစကားသည် လှန်ပူရစ်၍ ဝင်သကဲ့သို့ ရင်ထဲသို့ဝင်ရော ၏။ လတ်တစ်လော ဖြစ်ပေါ်နေသောအခြေအနေတွေကိုသာ မိလှိုင် သိပါက မည်သို့ရှိမည်ကို တွေးကြည့်၏။ ရင်ကွဲနာကျ သူ၏ မျက်နှာမျိုးဖြင့် မိလှိုင့်မျက်နှာကို မြင်ယောင်သည်။

'ဝေကလဲ မင်းကို မျိုမတတ်ချစ်တဲ့ မိန်းကလေး၊ မင်းတို့ ခုဆို သုံးနှစ်ကျော်ပြီ၊ မင်းကို စိတ်ဆင်းရဲအောင် သူ ဘာမှ မဖန်တီးခဲ့ဘူး၊ ငါတို့ အမြင် အသိ၊ ခက်တယ်ကွာ၊ နည်းနည်း ခက်တာ မဟုတ်ဘူး၊ ပြောစမ်းပါဦး၊ အိမ်မှာတုန်းက မင်း စတဲ့ စကား၊ ဝေတို့ဘက်က အစီအစဉ် ဆိုတာကို'

နှုတ် လေးနေသည်။

'လာမယ့် တနင်္ဂနွေနေ့ပဲ ခင်အေး၊ သူတို့ဘက်က လူကြီး တွေနဲ့ ငါ့မိဘနဲ့ တွေ့မယ်၊ ကြောင်းလမ်း ထားကြမယ်၊ ဒါပဲ၊ ငါတို့ စာမေးပွဲ မဖြေခင် သူ့ အမေရယ်၊ ငါ့အမေရယ် ရန်ကုန် ဆင်းရင်း ကျောင်းကို လိုက်လာတယ်၊ အဲသလို စီစဉ်ထား တာ လာပြောတာပဲ၊ ငါ ဘယ်လို ငြင်းလို့ရမလဲ၊ ငြင်းစရာ အကြောင်းရယ်လို့ ကျောင်းတစ်နှစ် ကျန်နေသေးတာကို ငါ ပြောခဲ့တယ်၊ နောက်ဆုံးနှစ် စာမေးပွဲအပြီး ဆိုရင် မကောင်းဘူးလားလို့ ငါ အကြံပေးတဲ့ သဘောနဲ့ ပြောခဲ့ တယ်၊ အမေက တစ်နှစ်လောက်နဲ့ ဘာမှမထူးဘူးတဲ့၊ပြီးတော့ နှစ်ယောက်စလုံး အဆောင်မှာ မနေနဲ့တဲ့၊ အိမ်တစ်လုံး သူတို့ ငှားပေးမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဝါမဝင်ခင် ရက်ပိုင်း



လေးမှာ ကြောင်းလမ်းထားမယ်၊ အောက်တိုဘာ နိုဝင်ဘာ လောက်ကျရင် လက်ထပ်ဖို့ အစီအစဉ်ဆွဲထားတယ်'

ခင်အေးက လက်ဆစ်တွေကို တဖျစ်ဖျစ်ချိုးရင်း....

'မိလှိုင် ရွှေလထဲမှာ ဒီကို အလည်လာမယ်ဆို'

'အင်း....ကျောင်းပြန်မဖွင့်ခင် ဆင်းလာမယ်လို့ ရေးလိုက် တာပဲ၊ လာဖြစ် မလာဖြစ်တော့ အထပ် မပြောနိုင်သေးဘူး'

'ဝေကကော လက်ထပ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ဘာပြောလဲ၊ ပြောမှာပါ'

'သူ့ အစီအစဉ်လို့တော့ ငါထင်တယ်၊ နောက်နှစ် စာ မေးပွဲ ဖြေပြီးမှ ကြောင်းလမ်းဖို့ လက်ထပ်ဖို့ကို သူ အင်တင် တင် လုပ်နေတယ်၊ မျက်နှာမကောင်းဘူးပေါ့၊ စကားနာ တော့ ထိုးတာပေါ့ ခင်အေးရာ၊ ချစ်သူတိုင်းဟာတဲ့ ချစ်မိပြီ ဆိုတဲ့ နေ့ကစပြီး ချက်ချင်း အတူတူ နေချင်ကြတာပဲတဲ့၊ အခြေအနေမပေးလို့ အချိန်ယူရင်း စောင့်နေရတာကို မပျော်နိုင်ကြဘူး တဲ့၊ မေခင်ကျတော့ တစ်မျိုးပဲတဲ့၊ အတူတူ နေရမှာကို ငြင်းချင်တယ်တဲ့၊ ဝေ့ကို လက်ထပ်ဖို့အထိ ရည် ရွယ်ပြီး ချစ်ခဲ့တာ မဟုတ်ရင် ကြိုက်သလို လုပ်ပါတဲ့၊ ကြောင်း လမ်းထားစရာလဲ မလိုဘူး၊ လက်ထပ်စရာလဲ မလိုဘူးတဲ့၊ ကျောင်းမပြီးသေးလို့ လက်ထပ်ရေးကို အဲသလို သဘောထား ရမယ် ဆိုရင် ကိုစိုးတို့ ဘယ့်နှယ်လုပ်မလဲတဲ့၊အစိုးတို့ လွန်ခဲ့တဲ့ လေးငါးခြောက်လက လက်ထပ်တာကို သူထောက်ပြတယ် ကွ၊ ငါက သူ့မှာ ကျောင်းတစ်ဖက်နဲ့ ချက်ရေး ပြုတ်ရေးနဲ့ ဒီအထဲ ကလေးတွေ ဘာတွေနဲ့ဆို ကသီမယ်လို့ ပြောတော့ ဒါ ငွေအပိုင်းပါတဲ့'

ခင်အေး တစ်ချက်ပြုံးသည်။

www.burmeseclassic.com



'မင်းက ဒီကိစ္စကို ဘာလို့ ရှေ့ချင်နေရတာလဲ ဇော်လတ်'

သူ မဖြေ၊ ခင်အေး မေးပြော ပြောသည်။

'မိလှိုင်ကြောင့် မဟုတ်လား'

သူ ခေါင်းကို လေးပင်စွာ ညိတ်၏။

'ခုအချိန်က အလေးအနက် ဆုံးဖြတ်ရမယ့် အချိန်ပဲ ဇော်လတ်'

'ဒါပေမယ့်....မိလှိုင်အတွက် မျှော်လင့်ချက် မရှိတော့ပါဘူး ခင်အေးရာ'

ခင်အေးက မော့၍ ကြည့်သည်။

'ဒါဖြင့် ကိစ္စက ယတိပြတ် ဖြစ်သွားပြီပဲ ဆိုပါတော့၊ ဟုတ်လား'

'မိလှိုင် သိရင်တော့ ရင်ကွဲမှာ သေချာတယ် ခင်အေး'

'မင်း ခွဲတာ ဇော်လတ်'

'ဒီလိုဆို ဝေ့ရင်ကို ငါ ခွဲရမလား ခင်အေး'

'အကောင်းဆုံးက မင်းကိုယ်မင်း ခွဲ၊ ဒါပဲ'

ခင်အေး၏အသံမှာ ဆတ်တောက်လှ၏။ လေသံပြတ်၏။

'အစောကြီးကတည်းက ငါ အသိပေးခဲ့တယ်၊ ဝေနဲ့မိလှိုင်မှာက အပြစ် တစ်စက်ကလေး မရှိဘူး၊ တစ်ယောက်ယောက်ကို စွန့်ပစ်ရအောင်ကလဲ ဘယ်သူ့မှာမှ အပြစ်မရှိဘူး၊ ရှိတာက မင်း၊ အပြစ်ရှိတဲ့သူက မင်းပဲ ဇော်လတ်'

'ဝေ့ကိုရင်ကွဲပက်လက် မဖြစ်စေဘဲနဲ့ ဒီကြိုးကိုဆပ်လို့ရရင် ငါ ဆပ်ချင်ပါတယ်၊ ငါ အမှန်အတိုင်း ပြောတာပါခင်အေး၊ မိလှိုင် ဘယ်လောက် ခံစားရလိမ့်မယ်ဆိုတာ ငါ သိတယ်၊ ဝေနဲ့ ငါ့ကိစ္စ အဖေနဲ့အမေက ငါ့ကို ပြောတဲ့နေ့မှာ ငါတကယ် တုန်လှုပ်ခဲ့တယ်၊ ခက်တာက ဝေနဲ့ ငါနဲ့ ချစ်နေတယ်ဆိုတာ



ငါ့ဘက်က သိတယ်၊ ဝေ့ဘက်က သိတယ်၊ ပတ်ဝန်းကျင်ကလဲ သိပြီးသား၊ မိလှိုင်နဲ့ငါနဲ့ကိစ္စကို ငါ့ဘက်ကလဲ မသိဘူး၊မိလှိုင်ဘက်ကလဲ မသိဘူး၊ သိတာ မင်းရယ်၊ အစိုးရယ်၊ ဒါပဲ'

'ငါ့မိန်းမ သိပါတယ်'

သူ ထိတ်လန့်သွားဟန်နှင့် ကြည့်ကာ....

'မင်း ပြောပြထားတယ်ပေါ့'

'ဟင့်အင်း၊ ငါ မပြောခဲ့ဘူး၊ မင်း ယုံ'

'အစိုး ပြောလို့လား'

'ဟင့်အင်း'

'ဒါဖြင့် တော်တော် အစဉ်းစားရကျပ်တာပဲ'

'မကျပ်ပါဘူး၊ ဝေ ပြောပြလို့'

ချောက်ချားသော သူ့ကို ခင်အေးက သာမန်ကာ လျှံကာ ကြည့်နေသည်။

'ဝေပြောလို့၊ မဖြစ်နိုင်ပါဘူး'

'ဖြစ်နိုင် မဖြစ်နိုင်တော့ မသိဘူး၊ မင်းမိသွယ်ကို မေးကြည့်ပေါ့၊ ဒါမှမဟုတ်လဲ ဝေ့ကို မေးကြည့်ပေါ့'

မတင်မကျစိတ်ဖြင့် သူ ငိုင်လျက်ရှိသည်။

'ဒီကအပြန် မင်းတို့အိမ် ငါလိုက်မယ်ကွာ၊ အေးသွယ်သွယ်ကို ငါ မေးကြည့်မယ်'

'မေးကွာ'

စိတ်ရှုပ်ထွေးလှစွာဖြင့် ထိုင်ရာမှ ထသည်။မြို့ပြင်တွင် တိုက်ခတ်နေသော လေပြည်သစ်ရနံ့ကို သတိမရ။ မိုးရွက်သစ်စိမ်းမြမြတွေကို အပြန်တွင် ဂရုမပြုမိတော့။

ပိုးသားတိမ်စိုင်တွေ ကောင်းကင်တွင် ဆိုင်းလျက်ရှိသည်။

*

www.burmeseclassic.com

www.burmeseclassic.com



(၂၃)

သမီးကြီးကို ဂါဝန်ကြယ်သီး တပ်ပေးပြီး 'ခြံထဲမှာပဲ ကစား နေ' ဟု ပြောသည်။ ထို့စဉ် ပုခက်တွင်းမှ အဲခနဲ ငိုသံကြား ၏။ စားပွဲပေါ်တွင် အသင့်တင်ထားသော နို့ဘူးကို ယူကာ တိုက်သည်။ ထို့နောက် ခင်အေး၏ ဘေးတွင် ကပ်လျက်ရှိသော ပက်လက်ကုလားထိုင်တွင် ထိုင်သည်။ ဇော်လတ်ကို ပြုံးစေ့စေ့ နှင့် ကြည့်ကာ....

'ဘယ်လို....ဘယ်လို....မီသွယ် နားမရှင်းဘူး'

'ကိုယ်နဲ့ မီလှိုင်နဲ့ ချစ်နေတဲ့ ကိစ္စကို ဝေ သိတယ်တဲ့၊ ဝေ က မီသွယ်ကို သူသိတဲ့အကြောင်း ပြောတယ်ဆို'

အေးသွယ်သွယ်၏ မျက်လုံးအစုံသည် ကြမ်းပြင်ဆီသို့ စူးစူး စိုက်စိုက် ကြည့်၍နေ၏။

'နေဦး၊ မီသွယ် မေးမယ်၊ ဝေ အဲသလို သိတဲ့အတိုင်းကော ဟုတ်သလား'

သူ မဖြေသေး။

'မီသွယ်ကို ဝေ ပြောတာလား၊ အစိုး ပြောတာလား ဒီကောင် ပြောတာလား'

အေးသွယ်သွယ် ရယ်သည်။ ခင်အေးကို တစ်ချက် ငဲ့ကြည့် ကာ မျက်စပစ်သည်။

'မေးတာတော့ မဖြေဘဲနဲ့၊ သူကချည်း မေးခနတယ်၊ ဒါ ဖြင့် ဝေသိသလို သူလဲ သိပြီးသား၊ ကိုစိုးလဲ သိပြီးသားကိုး ပေါ့'

သူ မေးချင်သည့် အမေးကိုသာ ထပ်၍ မေးသည်။

'ဝေက ပြောတယ်ဆိုတာ အမှန်ပဲလား'



ခင်အေးက အားရပါးရ ရယ်သည်၊ အေးသွယ်သွယ်က ခင်အေးကို မျက်စောင်း တစ်ချက် ထိုးကာ....

'သူငယ်ချင်းချင်း တကယ် နှုတ်လုံကြတယ်၊ လူလည်တွေ'

သူ သိလိုစိတ်ကို မျိုသိပ်မရ။

'ကိုယ် အကောင်းမေးတာပါ မီသွယ်၊ ဒီကိစ္စကို ဝေ သိ နေတယ်ဆိုတာ တကယ်ပဲလား၊ မီသွယ်ကို ပြောတယ်ဆိုတာ အဟုတ်ပဲလား'

'ခုမှ ဇော်လတ်က ဘာလို့ ဒီလောက်လန့်ဖျပ်နေရတာလဲ'

စိတ်ညစ်သော အမူအရာကိုသာ တွေ့ကြသည်။ ပက်လက် ကုလားထိုင် နောက်မှီတွင် ကိုယ်ကို မှီဝစ်လိုက်သည်။ သက်ပြင်း ရှည်တစ်ချက် ချသည်။

'မကောင်းဘူးလေ၊ ကြောင်းလမ်းမှာကိုရော လက်ထပ်မှာ ကိုရော ကိုယ် သဘောတူပြီးပြီလေ၊ ဒါပေမယ့် မီလှိုင် သိတာ တလဲ ရှိသေးတယ်၊ ဒီအကြောင်းကို ဝေ ဘယ်လိုလုပ်ပြီး သိ တယ်ဆိုတာ အံ့ဩစရာ ကောင်းလိုက်တာ၊ မတွေးတတ်တော့ ဘူး၊ ဝေ တစ်ခွန်းတစ်ပါဒ အရိပ်အယောင်တောင် စကား မသန်းဘူး၊ အရင်ကမှ မီလှိုင်နဲ့ ဘာညာလား ဆိုတာ စကား နာ ထိုးသေးတယ်၊ ခုကိစ္စမှာ လေသံတောင် မဟလပ်ဘူး'

အေးသွယ်သွယ်က သွားတွေပေါ်အောင် ရယ်ချလိုက်၏။

'ဘယ် သလပ်မလဲ၊ သိမှ မသိတာ'

သူ နားရှုပ်သွား၏။

'ဘယ်လို၊ ဝေ မသိဘူး ဟုတ်လား'

အေးသွယ်သွယ်က ရယ်သံဖြင့် ပြော၏။

'အင်းလေ၊ ဝေ သိဖို့ နေနေသာသာ၊ မီသွယ်တောင် ခု ဇော်လတ် ပြောပြတော့မှပဲ ဒီအကြောင်းတွေ သိရတာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက် ခြောက်လာ၏။ ခင်အေးကို ကြည့်သည်။ သူ တစ်ပတ်ရိုက်ခံရသည်ကို သဘောကျစွာဖြင့် ကြည့်ကာ ရယ် လျက် ရှိသည်။

'မောင်ကောင် ခင်အေး၊ မင်းကို မိသွယ်က ပြောတယ်၊ မိသွယ်ကို ဝေက ပြောပြလို့ ဆို၊ ခုတော့....မင်း ဘယ်လိုလဲ'

ရယ်သံက ပို၍ ကျယ်လာသည်။

'ဒီအကြောင်းကို ငါ ဘယ်သူမှ မပြောခဲ့ဘူး၊ ငါ့မိန်းမကို တောင် ငါ မပြောခဲ့ဘူး၊ ခု မိသွယ်ကိုပြောတာ ငါမဟုတ်ဘူး နော်၊ မင်းဟာသာ မင်း လာပြောတာ၊ငါ့တာဝန် ကင်းတယ်၊ ငါ တစ်ခွန်း မဟခဲ့တာ မင်းရှေ့တွင်'

❋

(၂၀)

ရန်ကုန်မှ ပြန်ရောက်လာသည့်နေ့က အမေ့မျက်နှာကို တစ်မျိုး ပြောင်းနေကြောင်း အကဲခတ်မိသည်။ နေထိုင်မကောင်းဖြစ်၍ လား၊ ခြေဆစ် ပြန်ကိုက်၍လားဟု မေးခဲ့သည်။ ဘာမှမဖြစ်ဟု အမေ ဖြေသည်။ ပြန်ရောက်သည့်နေ့က ခရီးပန်းသောကြောင့် အိပ်ပစ်လိုက်သည်။ နောက်နေ့ မနက်တွင် ခင်အေးတို့ အိမ် ဘက်သို့ စားစရာသောက်စရာလက်ဆောင်ပစ္စည်းအချို့ ယူကာ သွားသည်။အိမ်တွင် ခင်အေး မရှိ။ ဆီစက်မှ ပြန်မလာသေးဟု အေးသွယ်သွယ် ပြောသည်။ တစ်ဆက်တည်းပင် ပြောလိုက် သော အေးသွယ်သွယ့် စကားကြောင့် မျက်လုံးပြူးရ၏။ မိလှိုင် တစ်နေ့က ပြန်သွားပြီ ဟူသော သတင်းစကား။ မြို့မှာ နှစ်ရက်သာ ကြာခဲ့သည်။ သူ့အိမ်သို့ မိလှိုင် သွားသည် ဟူသော စကား။ သူ့အိမ်တွင် ခင်အေးနှင့် အတက်အဆင်း ဆုံသည်။ သူ ရန်ကုန် သွားသည်ဟု ခင်အေး ပြောပြသည်



သူ့ကို ဇော်လတ်၏ မိခင် ပြောပြ၍ သိကြောင်း မိလှိုင်ပြော သည်။ ထိုနေ့ ညနေတွင် ခင်အေးတို့အိမ်သို့ မိလှိုင် လိုက်လာ ကြောင်း၊ ခင်အေးနှင့် စကားစမြည် ပြောကြောင်း၊ အပြန်တွင် ခင်အေးထံသို့ စာတစ်စောင် ပေးထားခဲ့ကြောင်း၊ ထိုနေ့ည တွင် ရန်ကုန်သို့ ဆင်းသွားကြောင်း အေးသွယ်သွယ် ပြော လေသည်။

'အမေက ကိုယ့်ကို မိလှိုင် လာတဲ့အကြောင်း မပြောဘူး မိသွယ်'

'အဲဒါ စဉ်းစားစရာပဲ ဇော်လတ်'

'သိပ်ခင်မင်တဲ့ သူငယ်ချင်း တစ်ယောက် လာလည်တာကို အမေ ပြန်ပြောပြတာချည်းပဲ၊ အထူးသဖြင့် မိလှိုင် လာတာ မပြောဘဲထားဖို့ အကြောင်း မရှိပါဘူး၊ အမေ့ မျက်နှာတော့ သိပ်မကောင်းဘူး။ ကိုယ်နဲ့ ဝေနဲ့ ကြောင်းလမ်းတာတွေ ရန်ကုန်ကို အတူတူ အလည်အပတ် သွားတာတွေ မိလှိုင်ကို အမေ ပြောများ ပြောလိုက်လို့ မိလှိုင်က ဘာတွေ ပြောလို့ ဘယ်လို ဖြစ်ကုန်ပြီလဲ မသိဘူး၊ ခက်တာပဲ မိသွယ်'

'မိလှိုင်နဲ့အကြောင်းကို အဒေါ် သိလား'

'မသိဘူး'

'မသိရင်တော့ ပြောချင် ပြောလိုက်မှာ၊ ညည်းသူငယ်ချင်း တော့ ဒီလို ဒီလိုပဲလို့ ပြောချင် ပြောလိုက်မှာ'

ဦးခေါင်းထဲတွင် ဆူပွက်လာ၏။မျက်စိမျက်နှာ မကောင်း တော့သော သူ့ကို အေးသွယ်သွယ်က ငေးတိငေးကြောင်နှင့် ကြည့်လျက် ရှိသည်။

'ဒီအကြောင်းကို ခင်အေးရော မိသွယ်ရော မိလှိုင်ကိုမပြော လိုက်ကြပါဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....ဇော်လတ်ကလဲ၊ တို့ နားလည်ပါတယ်ဟ၊ မီသွယ်လေ သူ့ကို မြင်လိုက်ရတော့ ရှင်ထဲ တစ်မျိုးကြီးပဲ၊ သူ့ ခမျာ မသိရှာပါကလားလို့ ဝမ်းနည်းလာတယ်၊ တို့နဲ့ စကားပြောနေတော့ ပြုံးပြုံးရယ်ရယ်ပဲ၊ အဒေါ် တစ်ခုခု ပြောလိုက်တဲ့ လက္ခဏာတော့ မတွေ့ရဘူး'

'သူ ပေးခဲ့တဲ့ စာကော'

စဉ်းစားနေသည်။ ထိုနောက်....

'ကိုခင်အေး သိမ်းထားတယ်၊ ဘယ်မှာထားလဲ မသိဘူး၊ စောင့်ပါဦးလေ၊ အချိန် ရတယ် မဟုတ်လား၊ တော်ကြာဆို မြန်ရောက်မှာပါ'

ခေါင်းညိတ်ရင်း သူ မေးသည်။

'ဝေ ဘာမှမသိပါဘူးနော် မီသွယ်'

သူ့ကို အေးသွယ်သွယ် ပြုံး၍ကြည့်သည်။

'မသိပါဘူး'

'မသိတာပဲ ကောင်းပါတယ်'

'ဘာပြုလို့လဲ ဇော်လတ်'

'မဟုတ်ဘူးဟ၊ သူ ပြောပုံဆိုပုံ တစ်မျိုးပဲ၊ ကိုယ့်ကို တစ်ခုခု စိတ်ထစ်ထားပုံလို့ ကိုယ် ထင်တယ်၊ ကိုယ့်ဘာသာ ကိုယ် ထင်နေတာပဲလားတော့ မသိဘူး'

'ထင်လို့ ဖြစ်ပါလိမ့်မယ်၊ အပြစ်ရှိတဲ့သူဟာ အဲ့သလိုပဲ၊ နေရင်းထိုင်ရင်း အလိုလို မလုံဖြစ်စမြဲပဲလေ'

သူ ရယ်သည်။ ရယ်သံက ခြောက်နေ၏။

'ဒါထက် ကိုစိုးတို့ဆီကော ဇော်လတ်တို့ ရောက်ခဲ့သေးလား'

'ရောက်ခဲ့တယ်'



'လင်မယား နှစ်ယောက်စလုံး နေထိုင်ကောင်းကြတယ် မဟုတ်လား၊ မစန်းသင်က တော်တော် ပျော်ပျော်နေတတ်တဲ့ အမျိုးသမီးနော်၊ ကိုစိုးကို အတော်ချစ်ပုံရတယ်၊ ကလေးတွေ ဘာတွေ ရပြီလား'

ပြန်လည်ဖြေမည့်သာ ဖြေနေရသည်။ စိတ် မပါတာပါ။ မီလှိုင်၏ စာဆီသို့ အာရုံရောက်နေသည်။ အစိုးတို့ဇနီးမောင်နှံ နေထိုင်ကောင်းကြောင်း၊ မစန်းသင်က သတိတရ စကားပါး လိုက်ကြောင်း၊ ရန်ကုန်သို့ အလည်လာရန် မှာကြောင်း၊ သား သမီး မရသေးကြောင်း ဖြေရသည်။ နှုတ်က အေးသွယ်သွယ် ကို ဖြေနေရသေးသော်လည်း မျက်လုံးက လမ်းမသို့ ရောက်နေ၏။ မြင်းခွာသံ၊ မြင်းလှည်းခေါင်းလောင်းသံ ကြား တိုက်တိုင်း ခင်အေး ပြန်လာပြီအထင်နှင့် လှမ်းကြည့်သည်။ ဓာတ်ဘီးအရိပ်အယောင် လှမ်းမြင်ရသည့်အခါ ခင်အေး ပြန် ရောက်ပြီဟု အောက်မေ့သည်။

သူ စိတ်လှုပ်ရှားနေသည်ကို အေးသွယ်သွယ် သိသည်။ သူတစ်ပါး မသိအောင် ဟန်ဆောင် ဖုံးကွယ်၍ နေခြင်းငှာ ခွမ်းတော့သည်အထိ ဖြစ်ရ၏။ ဖုံးကွယ်သိုသိပ်ခြင်းဖြင့် ပိုမို ထင်ရှားမှုကို မခံစားနိုင်တော့။

'ဘယ်လိုလဲ၊ ကုလားထိုင်ကနေ တကြွကြွနဲ့၊ ကိုခင်အေးကို မျှော်ရလို့ လည်ပင်း ပဲလင်းမြွေသီးဖြစ်ချင်နေပြီလား၊ မရှိရင်လည်း ဒီကို သွားပြီး ရှာကြည့်ဦးမယ်'

ထိုစာကို ယခုမင်းဖတ်ရလျှင် ကောင်းမည်ဟု တောင်းသည်။ မီလှိုင် သိများ သိခဲ့ပြီးပြီလားဟု ထင့်သည်။ မီလှိုင်၏ အဒေါ်လေးဖြစ်သူသည် ဝေနှင့် သူ၏ ကြောင်းလမ်းသတင်းကို ကြားကောင်း ကြားနိုင်၏။ နှစ်ဘက်လူကြီးနှင့် နီးစပ်ရာ ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ႈအချိုး ကိုသာ ဖိတ်ခဲ့သော်လည်း တစ်ဆင့်စကား တစ်ဆင့် ကြားရဖွယ် ရှိ၏။ မိလှိုင် ဒေါ်လေး မိသားစု အသိုင်း အဝိုင်းနှင့် သူ၏ အသိုင်းအဝိုင်းသည်လည်းကောင်း၊ ဝေ၏ အသိုင်းအဝိုင်းသည် လည်းကောင်း၊ ကျွမ်းဝင် ရင်းနှီးခြင်း မရှိ။ ဤအတွက် တစ်နည်း စိတ်အေးရ၏။ သို့တစေ ကိုယ့် နေရာ ကိုယ့်မြို့၏ သဘာဝကို ပုံမှန် နားလည်ရန် ခက်သည်။ ရန်ကုန်ကဲ့သို့ တစ်ဦးအကြောင်း တစ်ဦးက စိတ်ဝင်စား ခဲ့ခြင်း မျိုး မရှိ၊ တစ်ခါတလေကျတော့လည်း မသိလိုက် မသိနေ မြို့ဟု ခေါ်ရသော်လည်း ဘောစရိုက်၊ ရွာစရိုက် ရှိသည့်အခါ ရှိသည်။ မြို့ဆန်လွန်းသည့်အခါ ရန်ကုန်ကပင် လိုက်၍မီမည် မထင်။ လူဦးရေနည်းသော်လည်း မြို့ကွက်မြို့ကွင်းက ဇယ ဝတီထက် ကျယ်ဝန်းသည်။ တစ်အိမ်၊တစ်ခြံ အနေ ခြားလွန်း သဖြင့် သတင်းတစ်ခု ပျံ့ရန်ခက်သည်။ ပျံ့မိလျှင် မြို့လုံးပတ် လည်။ ကိုယ့်အစု၊ သူ့အစု ကိုယ့်ဆွေ သူ့မျိုးဝန်းကျင်သာ အကြောင်းကိစ္စတစ်ခုက တည်ရှိပြီးစီးသွားလေ့ ရှိသည်။

'မိသွယ်ရှာတာ နှစ်နေပြီ၊ ဘယ်မှာ သိမ်းထားမှန်းကို အ ရှာမရဘူး'

အိမ်ရှေ့သို့ ပြန်ထွက်လာရင်း အေးသွယ်သွယ်ပြော၏။ကိ မရှိပါဘူး။ သူ ပြန်လာမှပဲ ဖတ်တော့တာပေါ့ဟု ပြောမည် စိတ်ကူး၏။ ထိုစဉ် အေးသွယ်သွယ်က အိမ်ရှေ့သို့ လက်ညှိုး ထိုးကာ....

'ပြန်လာပြီ၊ ပြန်လာပြီ၊ လူထားတာ သူမှ သိမယ်'

ရင် အနည်းငယ် တိုး၍ ခုန်လာသည်။

***



ခင်အေး ထမင်းစားနေ၍ အတန်ကြာ စောင့်နေရသည်။ အိမ် လိုက်မှာပဲ၊ အိမ်ကျမှ စားပေါ့ဟု သူက ပြောသည်။အိမ်ရှင်မ က စားစေချင်လို့ အပင်ပန်းခံပြီး ချက်ထားတာကို ငါမစား ရင် ငါ့မိန်းမက စိတ်မကောင်းဖြစ်မယ်။ မင်း တစ်ခါတည်း ဝင်စားရင် စား၊ မစားရင် ခဏလေးစောင့်ဟု ခင်အေးက ရယ်ကာ ပြောသည်။ အေးသွယ်သွယ်က အပိုတွေ အပိုတွေဟု ရယ်သံစွက်ကာ ပြောရင်း ထမင်းခူးပေးသည်။ ခင်အေးကို စောင့်နေစဉ် အိမ်ရှေ့ခန်းသို့ ထွက်ကာ ထိုင်နေလိုက်သည်။ ရေနွေးကြမ်းသောက်လိုက်၊ ဆေးလိပ်ဖွာလိုက်နှင့် နေသည်။ အတွေးထဲတွင် မိလှိုင့်စာသည် လှိုင်းခတ်နေပေသည်။

လာကွာ၊ သွားကြစို့ဟု ခင်အေးခေါ်သည့် အချိန်တွင် မိလှိုင်၏ငိုယောင်ယောင်မျက်နှာကိုစိုးရိမ်စွာ မြင်နေ၏။မိုးချုပ် ချင် ချုပ်မှာ မဟုတ်လား၊ လက်နှိပ်ဓာတ်မီး ယူသွား၊ မိုးက ရွာချင်ရွာမှာ၊ ထီးပါယူသွား၊ တိုက်ပုံအင်္ကျီ ဝတ်သွား၊ မိုးရွာ ရင် အအေးမိနေဦးမယ် ဟူသော အေးသွယ်သွယ်၏ စကား အတိုင်း ခင်အေးက တစ်ခုမကျန် ပြုလုပ်သည်။ အဲဒါလေး တွေကြောင့် ငါ့မိန်းမကို ပိုပြီး ချစ်ရတာ။သိပ် မိုးမချုပ်ပါဘူး မိသွယ်ရာဟု ခင်အေး ပြောသည်။လှေကားထစ်သို့ ရောက်မှ ဒီမယ် မိန်းမရေ၊ တော်ကြာလောက်ဆို မြေပဲကား ရောက် လာလိမ့်မယ်၊ မောင် ငွေချေးပြီးသား၊ သိလား။ ဒါပေမယ့်.... ကားဒရိုင်ဘာ သန်းစည်နဲ့ စပယ်ယာ မြင့်ဆွေတို့ကို လက်ဖက် ရည်ဖိုး ငါးကျပ်စီတော့ ပေးလိုက်နော်ဟု အလုပ်စကား ပြောသည်။ အေးသွယ်သွယ်ခေါင်းညိတ်သည်။ မြေပြင်ပေါ် သို့ ချေချအပြီးတွင် သမင်လည်ပြန် လှည့်ကြည့်ကာ ဪ.... ဒီမယ် မိသွယ်၊ ဆီချက် မောင်အပြန် ဝယ်ခဲ့ရမလား၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က ဝယ်ရမလဲ၊ အောင် ဆီချက်လား၊ အောင်ထူး ဆီချက်လား၊ ပွင့်သစ် ဆီချက်ဆိုင်ကလားဟု ခင်အေး မေးသည်။ ဆီချက် မစားချင်ဘူး။ စမူဆာဝယ်ရင် ဝယ်ခဲ့လေ။သာလွန် စမူဆာတော့ မဝယ်ခဲ့နဲ့၊ စပ်လွန်းတယ်။ ပါမောက္ခစမူဆာပဲ ဝယ်ခဲ့ဟု ပြောသည်။ ခင်အေး၏ ထူးခြားချက်ကို စိတ်ညစ်နေရသည့်ကြားက သတိပြုမိသည်။ လမ်းသို့ ရောက်သောအခါ ခင်အေးပြောသည်။

'ငါ ပလီနေတာတွေလို့ မင်း အမြင်ကတ်နေပြီနဲ့ တူတယ် ဟုတ်လား'

မေးပုံကို သဘောကျ၍ သူ ပြုံးနေလိုက်သည်။ ခင်အေးက ပြောသည်။

'ငါ ပြဿနာ တိုးနေလို့ကွ ဇော်လတ်'

'ဘာ ပြဿနာလဲ'

ပြုံးဖြီးဖြီး မျက်နှာနှင့် ခင်အေး ကြည့်သည်။

'အမျိုးသမီး တစ်ယောက်နဲ့ ပတ်သက်လို့ပါ'

'ဟင်....မင်းဥစ္စာကလဲ'

'ဒီပြင်လူတွေကတော့ နားလည်မယ်မထင်ဘူး ဇော်လတ်၊ မင်း[illegible]တော့ နားလည်မယ်၊ အမျိုးသမီးက ဆယ့်ရှစ်နှစ်လောက်ပဲ ရှိဦးမယ်၊ ဆယ်တန်း ကျောင်းသူ၊ ငါ့ ဆီစက်က အလုပ်သမား တစ်ယောက်ရဲ့ ဆွေရိပ်မကင်း မျိုးရိပ်မကင်း၊ နည်းနည်း နွမ်းပါးတယ်၊ ကျောင်းစရိတ် စာအုပ်ဖိုး ကူညီရာက ရင်းနှီးသွားတယ်၊ နောက်တော့ လိုအပ်တာတွေ ငါ ကူညီခဲ့တယ် ဆိုပါတော့ကွာ၊ ဒါနဲ့ပဲ သံယောဇဉ် ဖြစ်သွားကြတာပဲ'

'မိသွယ် သိလား'



'သေးဘီက ပြောတော့ ကြားတယ်နဲ့ တူပါတယ်၊ မြောင်းဖွင့်မေးတယ်၊ ငါက မငြင်းလို့ ဘယ်ဖြစ်မလဲ၊ ရိုးရိုးခင်တာပါ ဘာပါနဲ့ ဖြီးရတာပေါ့၊ ငါပြောတာကို ယုံတော့ ယုံဟန်ရဲ့၊ သက်ာတော့ မကင်းဘူးပေါ့ကွာ၊ ခုတစ်လော အနေအထိုင် နည်းနည်း ဆင်ခြင်နေရတယ်၊ ဖော်လံဖားနေရတယ်၊ ဟဲ... ဟဲ....'

ကိုယ်ရေးကိုယ်တာအပိုင်းတွင် တိုးတိုးပြောပြီး ရယ်စရာကို ခပ်ကျယ်ကျယ် ရယ်သည်။ လမ်းသွားလမ်းလာ တချို့က သူ့ကို လှမ်းကြည့်သည်။

'မင်းတို့ အဆင့်က ယူဖို့ပြုဖို့အဆင့် ရောက်နေပြီလား'

'မရောက်ခဲ့ပါဘူးကွာ၊ အိမ်ဖေကိုယ်က ဒီလောက်အထိတော့ သတိလက်လွတ် မဟုတ်သေးပါဘူး ဇော်လတ်ရ'

'အမျိုးသမီးက ဒီကပဲလား'

'အင်း...ဟော့ကောင်၊ ဒါ ထိပ်တန်းတကာ့ ထိပ်တန်း လျှို့ဝှက်ချက်နော်'

'ငါ သိပါတယ်၊ မင်းအလှည့်ကျတော့ ကြောက်တတ်တယ်နော်၊ ဒီမယ် ငါနဲ့ မိလှိုင်နဲ့ ကိစ္စကို မင်းမိန်းမက ဆွေကို ပြန်များ ပြောပြီးပြီလားကွာ'

'မပြောပါဘူး၊ ငါကလဲ သံမဏိစည်းကမ်းတစ်ရပ်အနေနဲ့ ဆွေကို ပြန်မပြောဖို့ ပိတ်ထားပါတယ်၊ စိတ်ချပါ၊ အင်း... ဒါထက် မိလှိုင် ဘာတွေ ရေးထားလဲ'

'ဒီလကုန်အထိ သူ ရန်ကုန်မှာ ရှိနေမယ်၊ လာဖြစ်အောင် လာဦး တွေ့ပါတဲ့၊ စာရဲ့အချုပ်ကတော့ ဒါပဲ'

ခင်အေး၏ မျက်နှာ တစ်စတစ်စ တည်လာသည်။ နှုတ်ခမ်းတွေ မသိမသာ အတွန့်ထနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်းလဲ ဒုက္ခပဲ'

'မိလှိုင့်ဒုက္ခကို ငါ ပိုပြီး နားလည်တယ် ခင်အေး'

'မခံထွေးနိုင် မမျိုနိုင် ဆိုတဲ့ ဒုက္ခကို ငါလဲ ခုမှ သဘော ပေါက်တော့တယ်'

'တရားခံက ငါပဲ၊ မိလှိုင် ငါလာမှာကို စောင့်နေ မျှော် နေမှာပဲ'

***

မနေ့ညက ခင်အေး ပြန်သွားသည့်အချိန်မှာ သန်းခေါင်ကျော် ပြီ၊ အိပ်ခန်းထဲတွင် နှစ်ယောက်ပြဿနာကို တိုးတိုးတိတ်တိတ် ပြောခဲ့ကြသည်။ ရှည်လျားသော စကားများ ပြောခဲ့ကြသော် လည်း အပြန်အလှန် ဆွေးနွေးခဲ့ကြခြင်းလည်း မဟုတ်၊ ပြဿနာ ရှင်းရာရှင်းကြောင်း အဖြေရှာခဲ့ကြခြင်းလည်း မဟုတ်၊ ဖွင့်ဟ ညည်းတွားခဲ့ကြခြင်းသာ ဖြစ်ကြောင်း သိနေသည်၊ သို့သော် ပြောနေရချိန်တွင် သက်သာရာ ရသည်ဟု ထင်သည်။ ခင်အေး ပြန်သွားပြီးနောက် အိပ်ရာထဲတွင် အတန်ကြာ စဉ်းစားခဲ့သည်၊ အတွေးများစွာဖြင့် အိပ်ပျော်ခဲ့၍လား မဆိုနိုင်။ အိပ်မက်ထဲ တွင် ဝေနှင့် မိလှိုင်ကို မြင်သည်။ နိုးသော် အကြောင်းအရာ တွေကို မမှတ်မိ၊ ဆွမ်းခံပြန်ချိန်လောက်တွင်မှ နိုးလာသည်။ အမေက အဆာပြေစားရန် ပဲပြုတ်နှင့် နံပြား အသင့်ထားပေး သည်၊ အမေနှင့်အတူ ထမင်းဟင်း ချက်ပေးရန် ကျွန်တော် ဘာလုပ်ပေးရမလဲ အမေဟု မေးသည်၊ အမေက မနက်စာ အတွက် အားလုံး စီစဉ်ပြီးပြီဟု ပြောသည်။ မီးဖိုဆောင် အတွင်းမှ မထွက်မီ အမေ့ကို မိလှိုင်နှင့် စပ်လျဉ်း၍ မေးမည် စိတ်ကူးသည်၊ စကားအစရ ခက်နေသည်၊ ပခုံးပေါ်မှ မျက်



ဘာသုတ်ပဝါကို အိပ်ခန်းထဲတွင် ပြန်လှန်းပြီး မီးဖိုဆောင် သို့ ဝင်သည်တွင်....

'အမေ ပြောစရာရှိလို့၊ ပြောမယ် ပြောမယ်နဲ့၊ သားတို့ ရန်ကုန်က, အပြန်ကတည်းက ပြောမလို့'

ရင်ထဲတွင် ထိတ်သွားလေသည်။

'ဘာပါလိမ့် အမေ'

အမေ့ ပြောဟန်ဆိုဟန်တွင် တစ်ခု ထူးခြားနေသည်၊ အစဉ် အဖြင့် ပြုံး၍ ပြောဆိုတတ်သော အမေ့တွင် အပြုံးအငွေ့မျှ မရှိ။

'သားနဲ့ လှိုင်လှိုင်နဲ့က ဘယ်လို အနေအထား ရှိကြတယ် ဆိုတာပါ'

လေသံမှာ ပေါ့လှသည်၊ တမင် ဖော့ထားသည် ထင်၏။ ဖြေရမည့်အဖြေမှာ မည်သို့မျှ ဖော့၍မရအောင် အလေးချိန် ဘာ စီးလွှန်းနေ၏။ ချက်ချင်း ပြန်မဖြေနိုင်၊

'ဘာဖြစ်လို့လဲ အမေ'

အမေ ပြောရမည်ကို ဆနေဟန်တူသည်။ တစ်အောင့်ကြာ သော့မှ....

'သားတို့ ရန်ကုန်သွားနေတုန်း လှိုင်လှိုင် ရောက်လာတယ်၊ ရောက်ရောက်ချင်း မင်းကို မေးတယ်၊ အမေက ရန်ကုန်သွား ကြတယ်၊ လှိုင်လှိုင့် သူငယ်ချင်းတော့ စွဲသွားပြီ၊ မကြာ သေးဘူး ထင်တယ်လို့ အမေ ပြောလိုက်တယ်၊ ပါးစပ် အဟောင်းသား ဖြစ်သွားတယ်၊ အကြာကြီး ငိုင်သွား တယ်၊ လူတစ်ယောက် ဒီလောက် မျက်နှာပျက်သွားတာ မျိုး အမေ့ တစ်သက်မှာ ဒီတစ်ကြိမ်ပဲ တွေ့ဖူးတယ်။ အခေါ်ကြီး ကို ကြာမှ တယ်သူနဲ့လဲတဲ့၊ အမေက ဝေနဲ့လို့ ပြောလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ မေးတဲ့အသံက ငိုသံပါနေတယ်၊ အမေ ပြန်တော့ မဖြေချင်ခဲ့ဘူး’

စကားလုံးတိုင်းတွင် ဆူးခက် အူးနွယ်တွေ ရစ်ပတ်ထား သကဲ့သို့ ခံစားရသည်။ အမေ့စကားလုံးတို့က ဖော်ပြနေ သော မိလှိုင်၏မျက်နှာကို မြင်သည်။ မိလှိုင်၏အသံသည် အိမ် ထဲတွင် ပဲ့တင်ဖြင့် ကျန်ရစ်ခဲ့သည့်အလား ကြားလေ၏။

‘ဒီသတင်းကို သူမကြားခဲ့ဘူးတဲ့၊ ဒီတစ်ခွန်းပဲ သူပြောတယ်၊ အမေ နည်းနည်း ရိပ်မိတယ်၊ ဒါနဲ့ စကားလွဲပြီး သူ့ အမေကို မေးတော့ ဒေါ်လေးတို့အိမ်မှာ ခရီးမန်းလို့ အိပ်ပြီး ကျန်ခဲ့ တယ်တဲ့၊ မနက်မှ ဒေါ်ဒေါ် ဆီ လာမယ်တဲ့၊ အမေနဲ့ စကား ပြောနေရတာကို သူ တော်တော် ကြိုးစားပြီး ပြောနေရပုံပဲ၊ ငိုသံမပါအောင် ထိန်းပြီး ပြောရလို့ မင်မန်းတကြီး ဖြစ်နေ ပုံပဲ သား’

အမေနှင့် မျက်နှာချင်းဆိုင်နေရ၍မျက်နှာမပျက်ရန် တင်း ထားရသည်။ သို့ရာတွင် နဂိုနေ မျက်နှာမဟုတ်တော့သည်ကို အမေ သိပေလိမ့်မည်။

‘ပြောပြီးတော့မှ ဩော် ငါနှယ်....ပြောမှ ပြောမိလေ ခြင်းဆိုပြီး နောင်တရမဆုံးဘူး၊ သူ့ ကြည့်ပြီး အမေ တော် တော် စိတ်မကောင်း ဖြစ်ရတယ်၊ သူ့ အမေ သူ့ အဖေ အကြောင်း၊ သူ့ ကျောင်းအကြောင်း စိတ်ကူးတည့်ရာ အမေ က ပြောနေပေမယ့် သိပ် အင်းအဲမလုပ်ဘူး၊ မကြာဘူး၊ ခဏ ပဲ၊ ပြန်သွားတယ်၊ နောက်နေ့မနက် ရီရီလာတော့ သူ လိုက် မလာဘူး၊ ငယ်ငယ်က ဆရာမဆီ သွားတယ်ပြောတာပဲ၊ ရီရီကို သူ ဘာမှ ပြန်မပြောဘူးနဲ့ တူပါတယ်၊ မင်းတို့ကိစ္စ အမေ ပြောမှရီရီသိတာယ်၊ ရီရီက သမီးလဲ ပြန်မပြောပြဘူးတဲ့၊ ညကလဲ



မပြောဘူး၊ မနက်ကလဲ မပြောဘူးတဲ့၊ မေ့နေလို့နဲ့ တူပါတယ် လို့ အမေ ပြောလိုက်တယ်၊ ရီရီက ဝမ်းသာအားရပဲ၊ မိန်းက လေးက ဘယ်ကလဲ ဘာလဲနဲ့၊ မင်းနဲ့ မိလှိုင်ကိစ္စကို ရီရီကမသိခဲ့ ဘူးနဲ့ တူတယ်’

အမေ့စကားတို့သည် သူ ငြိမ်သက်နေသည်နှင့်အမျှ တစ် ခွန်းပြီး တစ်ခွန်း အတည်ပြုလာလေသည်။

‘အမေ မိန်းကလေးချင်း ကိုယ်ချင်းစာလို့ နားလည်လိုက် ပါတယ်၊ အတော် ကြေကွဲနေပုံပဲ၊ ယောကျ်ားလေးဆိုတာ ယောကျ်ားကလေးပဲလို့ တွက်ပြီး ရည်းစား မှုကိုပေါက်တာ မကောင်းဘူးကွယ့်၊ နှုတ်လွယ် လျှာလွယ် ပြောလိုက်တဲ့စကား တစ်ခွန်းဟာတစ်ဖက်သားကို အဆင်မသင့်ရင် သေသွားစေနိုင် တယ်’

ပြောကာစကဲ့သို့ မပျော့ပျောင်းတော့။ မြည်တွန်ဆူပူခြင်း မဟုတ်သော်လည်း အပြစ်အိုးကို ကြမ်းကြမ်း လုပ်လိုက် သကဲ့ သို့ ခံစားရသည်။

‘သား လှိုင့်လှိုင့်ကို ဘယ်အထိ စကားတွေ လွန်ခဲ့တယ်ဆို တာ အမေ မသိဘူး၊ ဒါပေမယ့် လှိုင့်လှိုင့်အကြောင်းကို အမေ သိတယ်၊ တော်ရုံတန်ရုံလောက်ဆိုရင် မျိုသိမ်ထားနိုင်တဲ့ မိန်း ကလေး၊ ဣန္ဒြေ တော်တော်ကြီးတဲ့ ကလေးမ၊ အဲဒီနေ့က သူ ဟန်တောင်မဆောင်နိုင်ရှာဘူး၊ သူ့ကို အမေ နားလည် လိုက်သလို အမေ နားလည်လိုက်တယ် ဆိုတာကိုလဲ သူသိ သွားပါတယ်’

ငြိမ်သက်နေရာမှ သူ တစ်ခွန်း မေးလေ၏။

‘အမေ့ကို သူ ဖွင့်ပြောပြတယ်လား’

အမေ ခေါင်းခါ၏။

www.burmeseclassic.com

'သူကလဲ အဖေ့ကို မပြောဘူး၊ အမေကလဲ ကစ်ခွန်းမေး မကြည့်ခဲ့ပါဘူး၊ ဒါပေမယ့် အလိုလိုပဲ သိကြတယ်၊ အဖေ့ သဘောကတော့ သားကိုလဲ ခဏခဏ ပြောပြဖူးပါတယ်၊ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ဘာမဆို တည် တည်ကြည်ကြည် ပြုမူကျင့်သုံးရမယ်ဆိုတာ၊ လူရဲ့ ပထမသိက္ခာ ဟာ လျှာပဲသား၊ ဘယ်လို တောင်းပန် တောင်းပန်၊ ဘယ် လောက် တောင်းပန် တောင်းပန်၊ ဘယ်တော့မှ မပျောက် နိုင်တဲ့ အပြစ်တစ်ခုကို သား ပြုခဲ့ပြီနဲ့ တူတယ်၊ အမေ သမီး ချင်း စာနာမိလို့ ပြောတာ၊ မိန်းကလေးချင်းလဲ ကိုယ်ချင်း စာတယ်၊ ဝေလဲ သမီးလိုပဲ၊ လှိုင်လှိုင်လဲ ဒီလိုပဲ'

အဖေ့စိတ်ထဲတွင် ရှိကောင်းရှိမည့် အတွေးတစ်ခုကို ရှင်း စေရန် သူပြောသည်။

'သူ့ကိုစွန်းထင်းသွားခဲ့တဲ့အထိ ကျွန်တော် နစ်နာအောင် မပြုခဲ့ဘူးတာတော့ အမှန်ပါ'

ပြုံးသော အဖေ့နှုတ်ခမ်းတွင် ထိုစကားကို လက်ခံဟန်မရှိ။

'သူ့စိတ်ကိုတော့ တစ်နည်းတစ်ဖုံ စွန်းထင်းသွားအောင် လုပ်လိုက်တာနဲ့ ဘာခြားသလဲ၊ သား စဉ်းစားကြည့်လေ'

အသက်ရှုရန်ပင် တစ်ခဏ မေ့သွားစေသော စကား တစ် ခွန်းပေတကား။ အစဉ်တကျ မဟုတ်သော၊ ဖရိုဖရဲ ဖြစ်နေ သော အတွေးတွေကြားတွင် သူနစ်နေသည်။ တစ်စုံတစ်ရာ ပြန်ပြောရန် ပြင်သော သူ့နှုတ်ခမ်းကို အဟ,ရ ခက်နေသည်။ ခြောက်သယောင်းလာသော ရင်ထဲတွင် စကားလုံးတွေ အငွေ့ ပျံ့ကုန်ပြီဟု ထင်သည်။

'ကျွန်တော်....ကျွန်တော်....'



ရတာမျိုး ဘယ်သူ့ကိုမှ ထပ်ပြီး မခံစားစေနဲ့တော့၊ ဒါပဲ ပြောချင်တယ်'

*

(၃၀)

အမေတို့ အိမ်လိပ်စာကို လက်မှတ်အောက်တွင် ထည့်ပေးခဲ့ သည်။ မိလှိုင် သဘောပေါက်လိမ့်မည်။ ကျောင်းမဖွင့်မီ ဆယ့် ငါးရက် အလိုတွင် ရေးလိုက်သော စာကို ဖတ်သာ ဖတ်ခဲ့ သည်။ မိလှိုင် စာမပြန်။ စာကို ဖတ်ရသည့် အချိန်တွင် ရေး ချင်စိတ်ပင် မရှိတော့အောင် နာကျည်းနေမည် ထင်၏။ ဒုတိယ တောင်းပန်စာကို ရေးမည်ကြံသော်လည်း မရေးဖြစ်ခဲ့။ ကျောင်း ဖွင့်၍ ရန်ကုန်သို့ ဆင်းသည့်နောက်တွင် ဝေ၏အဒေါ် အိမ်မှာ နှစ်ယောက်စလုံး နေကြသည်။ တန်ဆောင်မုန်းလထဲတွင် လက်ထပ်ရန် နှစ်ဖက်လူကြီး သဘောတူ ရက်ရွေးပြီးပြီ။ အဆောင်တွင်နေရန် မလိုတော့သဖြင့် လူကြီးတွေစီစဉ်သည့် အတိုင်း လိုက်နာကာ နေကြသည်။ လက်ထပ်ခါနီးတွင် နှစ် ဖက်လူကြီးနှင့် ဆွေမျိုးတွေရန်ကုန်သို့ ဆင်းလာသည်။ ရန်ကုန်ရှိ ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် လက်ထပ် အခမ်း အနား ကျင်းပသည်။ လက်ထပ်သည့်နေ့ ညနေတွင် လူကြီး တွေ ငှားပေးထားသည့် ကျိုက်ဝိုင်းရှိ အိမ်သို့ ပြောင်းသည်။

နောက်နေ့ နေ့လယ်တွင် ဝေက....

'လက်ထပ်ပြီးကြောင်းသတင်း ကြေးမုံမှာထည့်ရအောင် နော်'

သည်,၏ ချက်ချင်း ပြန်မပြော။ ထို့ကြောင့်....

'မောင် ဘာငိုင်နေတာလဲ'

'မငိုင်ပါဘူး၊ ထည့်စရာ လိုလို့လား ဝေရဲ့'

www.burmeseclassic.com



'ငိုင်သာ မငိုင်တာ၊ စဉ်းစားနေတာ အကြာကြီးပဲ၊ သိပ်ခက်ခဲတဲ့ သင်္ချာတစ်ပုဒ်ကို တွက်ခိုင်းလို့ တွက်နေရတာ ကျနေတာပဲ'

ဝေဥမ္မာက အနှောင့်အသွားမလွှတ်။ သိပ်ခက်ခဲတဲ့ပုစ္ဆာတစ်ပုဒ်ဟု ပြောလျှင် ရသည်။ သင်္ချာ ဟူသော ဝေါဟာရကို တမင်ရွေး၍ ပြောသည်ဟု အောက်မေ့သည်။ မိလှိုင်၏ အဓိကဘာသာကို ရည်စူးသည်ဟု တွေးမိ၏။ မလိုတော့ပါဘူး ဝေရာ၊ သတင်းစာထဲ ထည့်မယ့် ကြော်ငြာခကို အိမ်သုံးပစ္စည်း ဝယ်လိုက်ရအောင်၊ ဒါမှမဟုတ် ဝေ အင်္ကျီဝယ်ချင်ဝယ်၊ တစ်ခုခု ဝယ်ပေါ့ဟု ပြောမည့် နှုတ်ခမ်းတွင်....

'ဝေ့ သဘောပဲလေ'

သူ့စကား အဆုံးတွင်....

'ဒီနေ့ မောင် ရေးထားလေ၊ မနက်ဖြန် နေ့လယ် နားချိန် သတင်းစာတိုက်ကို သွားမယ်၊ နည်းပြတန်းတွေတော့ လွှတ်လိုက်တာပေါ့၊ ဟုတ်လား'

သူ ခေါင်းညိတ်ရသည်။

'သတင်းစာတိုက်က ကြော်ငြာကို နှစ်နာရီလောက်ဆို ပိတ်တာ၊ စောစောမီအောင် သွားမှ၊ ပြီးတော့ လက်ထပ်စာချုပ်လဲ ပြမှ ကြော်ငြာထည့်ပေးတာ'

သတင်းစာ ကြော်ငြာနှင့် ပတ်သက်၍ ဝေ စုံစမ်းသိရှိပြီးဟန် တူ၏၊ သူ ခေါင်းညိတ်ပြလိုက်သည်။

'ကြော်ငြာပါပြီးရင်တော့ မောင် လူပျို မဟုတ်တော့မှန်း အားလုံး သိသွားကြမှာ၊ ဘယ့်နှယ်လဲ ဆရာကြီး'

သူ ရယ်၍ နေသည်၊ ဝေ ပြုံးကာ ကြည့်၏။

'ခုလဲ သိနေကြပါပြီ'



'ခုသိတယ် ဆိုတာက တောင်ငူဆောင် တစ်ဆောင်လောက်တွင်ပါ'

'ဝေက ဘယ် အဆောင်တွေအထိ သိသွားစေချင်လို့လဲ'

ဝေ ရယ်သည်၊ ရယ်သံနှင့်အတူ....

'ဩော်....တခြား ဘယ်မြို့ ဘယ်အဆောင်ကိုမှ ဝေ မရည်စူးပါဘူး မောင်ရဲ့၊ သိရိက ဝေ့ သူငယ်ချင်းတွေ သိသွားစေချင်လို့ပါ'

ပြောပြီးနောက် ရယ်သံကို မြှင့်သည်။ စကားကို လွှဲဖယ်ပစ်ကြောင်း သိသာစေသော ရယ်သံဟု သူ သိသည်၊ ဝေ့အကြည့်သည် ထိုအသိကို ပို၍ ခိုင်စေ၏။ ဝေ့စကားသည် မိလှိုင်နှင့် စပ်လျဉ်းရာ စပ်လျဉ်းကြောင်းဟု သိသော်လည်း သိသည့်ခဏ ...ပင် အာရုံလွှဲပစ်သည်။

'သတင်းစာကြော်ငြာမှာ နှစ်ဖက် ဘိုးဘေး ဘိဘင်တွေ ...ာတွေ ထည့်ဦးမလား၊ စကားပြေနဲ့ ရေးမလား၊ လင်္ကာနဲ့ ရေးမလား၊ လင်္ကာ စကားပြေ နှစ်ထွေရောနဲ့ ရေးမလား၊ ဝေ ပြောတဲ့အတိုင်း မောင် စာစီပါ့မယ်၊ ရွှေနှစ်ခါ မြန်မာစာနဲ့ ဘွဲ့ရတော့မှာပဲ၊ ဒါလောက်တော့ အသာကလေးပါ၊ ဒါပေမယ့်....ဝေလဲ ဝေ့ လက်စွမ်း ပြရအောင် တစ်ဝက်တော့ ...ရေးကွာ'

***

သတင်းစာထဲတွင် မင်္ဂလာသတင်း ပါလာသည့်နေ့က ဝေ ပြုံးသည် လှနေသည်၊ ဝေကဲ့သို့ ပြုံးနိုင်မည် မဟုတ်ရှာသူ မိလှိုင်ကို မြင်မိသည်၊ တစ်ခါတစ်ရံတွင် မိလှိုင်ထံသို့ ရောက်သွားတတ်သော စိတ်ကြောင့် တွေခနဲ ဖြစ်ဖြစ်သွားသည်။ ဝေ ...ခတ်မိပုံ မရ၊ အဆောင်နေ သူငယ်ချင်းတွေ၊ အတန်း

www.burmeseclassic.com



တက်ဖက် ဝေ့သူငယ်ချင်းတွေ၊ သူ့သူငယ်ချင်းတွေ အိမ်မှာ စုံနေသည်။ လက်သုပ် သုပ်စားရန် ပြင်နေကြသည်၊ ဝေ ကိုယ်တိုင် အလုပ်များနေသည်။ သူကိုယ်တိုင် ကြက်သွန်သင်၊ ပုစွန်ခြောက် ထောင်းရင်း အတွေးကို ဖုံးကွယ်ရသည်။ အစိုးတို့ လင်မယား ရောက်လာသောအခါ သူငယ်ချင်းတွေက ကူမလုပ်နိုင်တော့၊ ညှော်သွားခံချေဟု လှတ်သည်။ မစန်းသင်က မီးဖိုဆောင်သို့ ဝင်သည်။ သူနှင့် အစိုးက အိမ်ရှေ့ဆင့်တွင် ထိုင်ကာ စကားပြောသည်။ငရုတ်ကောင်းမှုန့် ဆင်းဝယ်သူ၊ ကြာဆံမှေ့ကျန်၍ သွားဝယ်သူနှင့် အတက်အဆင်း မပြတ်၊ တိုးတိုးပြောကြရသည့်အတွက် အလိုလို စိတ်မလုံ။ ဝေက ရောက်လာတတ်သေးသည်၊ အစိုးက အပြင် ခဏလျှောက်ရအောင်ကွာ၊ အပြင်မှာ သွားပြောတာပေါ့ဟု ပြောသည်၊ ဆေးလိပ်အသင့်ရေနွေးကြမ်းအသင့် ဖြစ်၍ ဆေးလိပ်ဝယ်ဟု အကြောင်းပြပြီး ထွက်လျှင် မသင့်၊ လက်ဖက်ရည်ဆိုင်ဟု ပြောလျှင်လည်း တခြားသူတွေ ရှိနေ၍ မခေါ် မကောင်း၊ ခေါ်၍ မဖြစ်။ လိုက်မည်ဆိုသူ ပေါ်လာပါက ပို၍ ခက်မည်။ သူ စိတ်ကူးရသည်၊ ထို့ကြောင့် ဒီလိုလုပ်....ကျိုက်ဝိုင်းဘုရား ခဏ သွားမလို့လို့ ပြောပြီး ထွက်ရအောင်ဟု သူ ပြောသည်။ အစိုးက လှမ်း၍ မြင်နေရသော ကျိုက်ဝိုင်းဘုရား တန်ဆောင်းဘက်သို့ ကြည့်ကာ ခေါင်းညိတ်၏။ပြောပြီးပြီးချင်း မီးဖိုဆောင်ဘက်သို့ ထသွားသည်။

'ဝေ....အစိုးက ဘုရားပေါ် တက်ချင်တယ်ဆိုလို့ မောင်ခဏ လိုက်ပို့လိုက်မယ်၊ ဒီမှာ ဖြစ်တယ် မဟုတ်လား'

မီးဖိုဆောင်ထဲရှိ သူငယ်ချင်းတွေက ရပါတယ်၊ ညှော်သည်ကိုသာ လိုက်ပို့လိုက်ပါ၊ စားခါနီး အချိန်မီ ပြန်မလာရင်



တော့ ကုန်ပြီမှတ်ဟု ရယ်မော ပြောကြသည်၊ ဝေက ပဲမှုန့်ထောင်းနေရာမှ ထလိုက်လာသည်၊ ဝေ့ကို တွေ့သောအခါ အစိုးက....

'ဘာမှ ကူမလုပ်ပေးရတော့ ပျင်းနေတယ်၊ ဒါကြောင့် ဘုရားပေါ် လိုက်ပို့ခိုင်းတာ'

ဝေက သူ့ဘေးတွင် ယှဉ်ရပ်ပြီး အစိုးကို ပြောသည်၊

'ခဏဆို စားလို့ရတော့မှာပါ၊ စားသောက်ပြီးမှ ဘုရားပေါ် အားလုံးတက်မလားလို့၊ မစန်းသင်လဲ လိုက်ချင်မှာပေါ့'

အစိုးက မဆိုင်းမတွ....

'ပြီးတော့ တစ်ခေါက်ထပ်တက်မယ်'

သူ့အစိုးကို ကြည့်သည်၊ ဝေ မည်သို့ပြောပြော၊ ဖြေစရာတွေ အသင့်ရှိနေသည်။ အစိုး စကားကို ဝေ မဖျက်သာတော့ ၊သို့သော်....

'ကိုစိုး အဲဒီဘုရားသမိုင်း ကြားဖူးလား'

'ဟင့်အင်း'

'ငမိုးရိပ် မိကျောင်းအတွက် လှမ်းစေတီလေ ၊ရေကင်းသူ မရွှေပွင့် မီးနေနေတဲ့ အချိန်မှာ သန့်လျှင်က ကြိမ်စကြာနဲ့ ရိုက်ခေါ်လို့ သန့်လျှင်ကို ပြေးသွားရတဲ့ ငမိုးရိပ်အတွက် မရွှေပွင့်က အမှတ်တရ တည်ထားတဲ့ ဘုရားတဲ့'

အစိုးက ဩော်....ဟုတ်လား၊ အင်း....စိတ်ဝင်စားစရာပဲ၊ မဝေပြောမှ ပိုပြီး စိတ်ဝင်စားလာတယ်ဟု ပြောရင်း ပြုံးပစ်သည်၊ အစိုးက အိမ်ပေါ်မှဆင်းလိုက်သည်၊ ခြံဝင်းအခါးဝသို့ ရောက်သောအခါ အစိုးက သူနှင့် ပခုံးချင်းထိအောင်

www.burmeseclassic.com

www.burmeseclassic.com



ကပ်သည်။ လေသံထက် မြင့်ရုံမျှသောအသံဖြင့်....

'မင်းကို တီးလိုက်တာ သိလား'

'အင်း'

'ပညာတော်တော်ပါတယ်၊ နေပါဦး....မင်းနဲ့ မိလှိုင်ကိုစွ သူသိလို့လား'

ဖြုတ်ထနေသည့် ကတ္တရာလမ်းကို ကူးလိုက်ပြီးမှ....

'သိစရာ လမ်းစတော့ မရှိဘူး၊ ခင်အေးတို့ လင်မယား ကလဲ မပြောပါဘူး၊ အမေတို့ကဆို သာဝေးတာပေါ့၊ ဒါပေမယ့် ပြောပုံ ဆိုပုံတွေကတော့ မင်းအကြာပဲ၊ သိနေတယ်လို့ ထင်ရတယ်'

ကတ္တရာလမ်းကို ကူးလိုက်ကြသည်။ မြက်စပ်စပ် သဲလမ်း အတိုင်း လျှောက်သွားကြသည်။ မုခ်ဝစောင့် ခြင်္သေ့ညီနောင်ရှေ့သို့ ရောက်လာ၏။ အစိုးက အုတ်ခုံပေါ်သို့ အလျင်တက်သည်၊ ဖိနပ်ချွတ်တာ သဲကြိုးထိပ်မှ စကိုင်သည်။ ဖိနပ်ချွတ်ကာ ကျန်ရစ်ခဲ့သော သူ့ကို လှည့်ကြည့်သည်၊ သူ့ရှေ့မှ လှေကား အတိုင်းတက်နှင့်သည်၊ စာသင်ကျောင်း၏ ခေါင်းရင်းဘက်သို့ ရောက်သောအခါ သူ့ကိုစောင့်၏။

'သာတော့ တော်တော်သာယာတဲ့ နေရာပဲ ဇော်လတ်'

'ဟုတ်တယ်ကွ၊ လူသွားလူလာ တော်တော် ရှင်းတယ်၊ ပွဲတော်ကျရင်တော့ သိပ်စည်တယ်တဲ့'

လှေကားက အထစ်စိပ်စိပ်မဟုတ်။ တစ်ဆင့်တက်ပြီးလျှင် သုံးလေးငါးလှမ်းစာ ပြင်ညီ။ နောက်တစ်ဆင့်မြင့်။ ထုံးခြောက် ရောင် အင်္ဂတေဟောင်းရောင်နှင့် ရေညှိစတွေ ထင်နေ၏။ လက်ရန်း၏ ဓာတ်ဖက်တစ်ချက်တွင် ပေါက်နေသော သစ်ပင်



တွေ ခပ်အုပ်အုပ်။ ဖွေးနေသော နေရောင်ခြည်သည် မှေးမှိန်သွား၏။ တိမ်ရိပ်ကျလာသောကြောင့် အလင်းပူ လျော့သွားသည်။

'မိလှိုင် ခုလောက်ဆို သတင်းစာ ကြော်ငြာ ဖတ်ရဦးမှာ မဟုတ်သေးဘူး၊ မနက်ဖြန်ဆိုရင်တော့ ဖတ်မိမှာပဲ'

အစိုး၏ လေသံသည် လေးလံလွန်းလှ၏။

'မတွေးချင်ဘူး အစိုးရာ၊ တွေးမိရင် ရင်မောသကွာ'

သူ ဝှူးခနဲ လေမှုတ်ထုတ်သည်။ အစိုးက မဲ့ပြုံး ပြုံးပြီး....

'လူတစ်ယောက်ရဲ့ ဘဝတစ်ခုမှာ မမေ့လောက်တဲ့ ဒဏ်ရာ အာချက်တစ်ခု မင်း ဖန်တီးပေးခဲ့ပြီ သူငယ်ချင်း'

မြောက်စူးစူးသို့ သူကြည့်သည်၊ စေတီ၏ ထီးတော်ကို မြင်လေသည်။ ထို့နောက် အရံစေတီငယ်များ၏ စိန်ဖူးတွေကို တွေ့လေသည်။

'ဟုတ်ပါတယ်ကွာ၊ မိလှိုင် ငါ့ကို တော်တော် နာသွားမှာ သေချာပါတယ်'

'သေချာတာပေါ့၊ မင်း ဝေနဲ့ စွေ့စပ်လိုက်တာကို တစ်ချိန်း အဖက်မလုပ်တာ ကြည့်ပါလား'

ရင်ပြင်ပေါ်သို့ ရောက်လာသည်။ အစိုး၏ စကားကို သူ ခေါင်းညိတ်သည်။

'စာတစ်စောင်လောက်တော့ လာမယ်ထင်တာ မလာဘူး၊ ရန်ကုန်ကနေ သူစောင့်နေတာကို သွားမတွေ့တာလဲ ဒေါသ ဖြစ်မှာပဲ'

အစိုးက သူ့ကို ဖျတ်ခနဲ လှည့်ကြည့်၏။ ထိုအကြည့် ကြောင့်....

'ဘာပြောမလို့လဲ ပြောလေ'

www.burmeseclassic.com

www.burmeseclassic.com



'တစ် နှစ် သုံး လေး ဂဏန်းထိုးပြီး မင်းအဖြစ်တွေ မင်းရေးထားပါလား၊ ငါ မိလှိုင်ဆီ အဲဒီစာရွက် ပို့ပေးမယ်၊ အောက်မှာလဲ မှန်ကန်ကြောင်း ထောက်ခံပါသည်။ လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။ ပုံ.... မောင်စိုးလို့ ငါ့မှတ်ချက်ပါ တစ်ခါတည်း ရေးပေးမယ်လေကွာ'

ညစ်သောစိတ်ကို အခိုက်အတန့်မျှ သက်သာစေသော အစိုး၏ ပြက်လုံး။ သူ ပြုံး၏။ အရယ်နှုတ်ခမ်း။ သို့သော် ရယ်သံ မထွက်။ အစိုးက လက်ယာဘက်သို့ ခြေဦး တည်ကာ လျှောက်၏။ သူ့ဘေးမှ လိုက်လာ၏။ အစိုး၏ မျက်လုံးသည် အဆူဆူသော စေတီတွေကို ကြည့်သည်၊ တံတိုင်းတွေကို လှမ်းကြည့်သည်။ အရှေ့တန်ဆောင်းကို ကြည့်ရင်း....

'ချွဲတော်အရတော့ မှန်နာမည်ပဲ၊ မှန် လက်ရာရယ်လို့တော့ မမြင်ရတော့ဘူး၊ တဖြည်းဖြည်း ပြုပြင်လာလို့ ဖြစ်လိမ့်မယ်'

ရေချမ်းစင်ရှေ့မှ ဖြတ်အသွားတွင်....

'ဘုရားသမိုင်းက တိုကြားဖူးတဲ့ ငမိုးရိပ်မိကျောင်းနဲ့ ဆက်နေတာကိုး'

'ငမိုးရိပ်ဆိုတာ မိကျောင်းလို ရေသိပ်ကျင်လည်တဲ့ လူကို ခေါ်တာ ထင်တယ်၊ တင်စားရာကနေ တကယ့်မိကျောင်းအဖြစ် ပါးစပ်ရာဇဝင်မှာ ပြောင်းလဲလာသလား မသိဘူး အစိုး'

'ဖြစ်နိုင်ပါတယ်၊ ရှေးဝတ္ထုတစ်ပုဒ်အနေနဲ့ တော်တော်စိတ်ဝင်စားစရာ ကောင်းတယ် ဇော်လတ်ရ၊ ငမိုးရိပ်မိကျောင်းက အပိုင်းနှစ်ပိုင်း စရိုက်နှစ်ခု၊ တစ်ခုက ကျွေးမွေးပြုစုတဲ့ကျေးဇူးရှင်ကို ကိုက်တဲ့ သစ္စာမဲ့ စရိုက်၊ နောက်တစ်ခုက ကြိမ်စကြာကို ကြောက်ရွံ့ရလို့ မင်းနန္ဒာဆီမှာ အသက်ဆုံးတဲ့အထိ အမှုထမ်းရတဲ့ စရိုက်၊ ကြိမ်စကြာအောက်မှာ ပြားပြားဝပ်ရတာကို ရေကင်းသူ မရွှေပွင့် မီးနေခန်းနဲ့ ဖော်ထားတယ်လေ၊ သနားစရာကောင်းအောင် ဇာတ်ကွက်ရိုက်ထားတာ၊ ဒါပေမယ့် ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ သူယုတ်မာအနေနဲ့ ပျိုးထားခဲ့တော့ သနားစရာ မကောင်းလှဘူး၊ လူ့စရိုက်ကို ငမိုးရိပ်မိကျောင်းနဲ့ ပြထားတယ်လို့ ထင်တယ်'

တံခွန်တိုင်အနီးသို့ ရောက်လာ၏။ အစိုး ခေါင်းညိတ်သည်၊ ထို့နောက်....

'ယူဆလို့ ရပါတယ်၊ ရှေးက အဲသလို ဇာတ်တွေကို အဲသလို ဝေဖန်ပြီး ရေးရ ချတ်ရရင် ကောင်းမယ်၊ ဒီဇာတ်မှာ သားသမီး အရင်းခေါက်ခေါက်ဖြစ်တာတောင် သုံသာန်မှာ မွေးလို့ နန်းထဲမှာ မနေစေရဘူး၊ အယူမင်္ဂလာ ဆိုတာကြီးက ဘယ်လောက် ကြောက်စရာ ကောင်းလဲ၊ ပဒေသရာဇ် ခေတ်ရဲ့ လူမှုရေး အယူအဆ၊ ဒီအယူအဆကြောင့် ကြေကွဲ လွမ်းဆွတ်စရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပေါ်လာရတယ်လို့ ဒီဇာတ်ထုပ်က ပြောနေတာပဲ'

အစိုးသည် စိတ်ဝင်စားစွာ ပြောသည်၊ တန်ဆောင်းရှေ့သို့ ရောက်လာ၏။ တန်ဆောင်းတွင်း၌ စံပယ်လျက် ရှိသော တင်ပျဉ်ခွေ ဆင်းတုတော်များကို စေ့စေ့စပ်စပ် ကြည့်ညိုသည်၊ သူက အရှေ့စောင်းတန်း ရေ့ကားထိပ်တွင် ရပ်နေသည်။ ဆိုစဉ် ဖြူလင်းသော နေရောင် ကျလာ၏။ သူ့ရိုတွင် ခရေနှစ်ပင်၏ အရိပ် ကျနေ၏။ အစိုးက သူ့ထံသို့ လျှောက်လာ၏။ အကားကိုပ်မှာ ရပ်တာ ကြည့်သည်၊ တံတိုင်းအခေ့ဆာစ်

www.burmeseclassic.com



လှေ့ာက်မှာ ဓမြနိမ့်ပိုင်း၊တံတိုင်းအခြေတွင် နှယ်ပင်တွေ၊ သစ်ပင်တွေ၊ အုတ်လှေကားအခြေတွင် မြေဝပ်ပင်၊မြက်ပင်၊ပေါင်းပင်တွေနှင့် သဲမြေ၊ယစ်သားကျောင်း၊တိုက်ကျောင်း တွေ့ရ၏။

'ဒီလိုနေရာမှာ လာထိုင်ပြီး စာဖတ်ရရင် ကောင်းမှာပဲ'

လှေကားကို တစ်ထစ်ချင်းနင်း၍ ဆင်းရင်း အစိုး ပြောလေသည်။ မြေသို့မရောက်မီ သုံးလေးထစ်အလိုတွင် သူ ရပ်သည်။ ဖိနပ်ကို ချထားပြီး လက်ရန်းတွင် ထိုင်၏။အစိုးက ဖိနပ်ကိုသာ ချထား၏။ မတ်တတ်ရပ်ကာ အင်္ကျီအိတ်ထဲသို့ လက်နှိုက်သည်။ ဆေးပေါ့လိပ်နှင့် မီးခြစ်ကို ထုတ်ယူ၏။

'ခုတော့ စာဖတ်ဖို့ထက် မင်းကိစ္စပြောဖို့ပေါ့ကွာ၊ မဟုတ်ဘူးလား'

ရေကန်ကို သူငေးကြည့်သည်။ကြာဖက်စိမ်းတွေ ကန်အပြည့်။

'ဘဝဆိုတာ တွက်သလိုဖြစ်မလာဘူး ဇော်လင်၊ဖြစ်လာတဲ့ ဘဝမှာပဲ အလျဉ်းသင့်သလို ကြည့်ပြီး စခန်းသွားရတာမျိုးလဲ ရှိတာကိုး၊ တစ်ယောက်ကိုပဲ စိတ်ဆင်းရဲအောင် ပြုမိတာ ပြုမိပါစေတော့ကွာ၊ အဲဒီတစ်ယောက်ကိုလဲ နှစ်ခါ စိတ်မဆင်းရဲစေနဲ့၊ နောက်တစ်ယောက် အဲသလို စိတ်ဆင်းရဲအောင်လဲ မလုပ်မိစေနဲ့ပေါ့'

အစိုး၏ စကားကို သူ သဘောပေါက်သည်။ သစ်ဝါးအပေါင်း အရိပ်ခသော ကျောင်းကန်၏ အေးချမ်းမှုသည် ရင်ထဲသို့ ရောက်မလာ၊တစ်သီးတခြားစီ ဖြစ်၍ နေသည်။

'မိလှိုင့်အတွက် စိတ်တော့ မကောင်းဘူးပေါ့ သူငယ်ချင်းရ'

'အေးလေ၊ ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ခုအနေအထားထဲမှ ဘာတတ်နိုင်တော့မလဲ ဇော်လင်ရ'



'အချစ်ဆိုတာ တော်တော်ဆန်းတဲ့ ဥစ္စာပဲနော်'

'ဟင်အင်း၊ မဆန်းပါဘူး'

'အင်း....မင်း စကားကမှ ဆန်းနေတာပဲ'

'မိဘ ညီအစ်ကို မောင်နှမ၊ သူငယ်ချင်း အချစ်က လွဲရင် ကျန်တဲ့ အချစ်မှန်သမျှက အရောင် ပြောင်းတတ်တာပဲ၊ ဒါက အဖြူရောင် အချစ်လေ၊ချစ်သူချင်း ချစ်တဲ့ အချစ်စစ် အချစ်မှန်ဆိုတာ ငါ လက်ခံပါတယ်၊ ရှားလှတာတော့ အမှန်ပဲ၊ ထမင်းတစ်လုတ်အတွက် အမှီအခိုပြုတဲ့ အချစ်ဆိုတာ အဝါရောင် အချစ် ဆိုပါတော့ အဲဒီအချစ်ကနေ အပြာရောင်အချစ်ဆိုတဲ့ အချစ်စစ် အချစ်မှန်ကို ကူးချင် ကူးနိုင်သပေါ့'

သူ အစိုး ပြောဟန်ကြောင့် ပြုံးသည်။

'နှစ်ယောက် လက်တွဲပြီး ဘဝကို ရင်ဆိုင်တဲ့ အချစ် ကျတော့ကော အစိုး'

'အနီရောင် အချစ်ပေါ့၊ တဏှာပေမ အချစ်က ခရမ်းရောင် အချစ်'

သူ တံခွန်းသီးသည်အထိ ရယ်လေသည်။

'ပေါက်ပေါက်ရှာရှာကို ပြောတတ်ပလေကွာ၊ကဲ....ဒါဖြင့် ဟိုဟာဟာကောကွာ၊ အရောင်းအဝယ် ဆိုရင်'

သူ့ကို ခေါင်းခါပြ၏။

'ဒါ အချစ်မှ မဟုတ်ပဲ၊ အဲ....ခေါ်ချင်ရင်လဲ အနက်ရောင် အချစ်လို့ ခေါ်ပေါ့'

'မဟုတ်ရာ အချစ်လို့ ကဗျာဆန်ဆန် ခေါ်ရင် ပိုကောင်းမယ်'

'တော်စမ်းပါကွာ၊ ခုတစ်လော အဲဒီ စကားလုံးက လူ တကာ နင်းထားတာ ခံရတဲ့ ဘိန်းမုန့်ဖြစ်နေပြီ၊ မီးသွေးရောင်

www.burmeseclassic.com

www.burmeseclassic.com



အချစ်၊ ကျပ်ခိုးရောင်အချစ်၊ ကတ္တရာ အချစ်လို့ ခေါ်တာကမှ ဟုတ်တုတ်တုတ်၊ ဒါမှမဟုတ်လဲ သပိတ်နက်အချစ်ပေါ့၊ ဟား ဟား...ဟား....ဟား'

ဆေးလိပ်မီးညှိပြီး အားပါးတရပြောကာ ဟားတိုက်လေသည်။ ထို့နောက် တောင်ဘက် လက်ရန်းတွင် တင်ပါးလွှဲထိုင်၏။

'နေပါဦး၊ မင်းနဲ့ မစန်းသင်ရဲ့ အချစ်က ဘာရောင်လဲကွ အစိုး'

'ကိန္နရာ ချိုးရောင်'

'ဘယ်လို အရောင်လဲကွ'

'ငါလဲ မမြင်ဖူးဘူး'

'ဟာ...မင်းကလဲ၊ ငါက အကောင်းမှတ်နေတာ၊ ငါ အီလည်လည် ဖြစ်နေပါတယ်ဆိုမှ လျှောက်ပြီး သောနေတော့တာပဲ'

မျက်နှာပိုး သတ်ကာ....

'ပြီးပြီလေကွာ၊ မင်းကို ပြောစရာ စကား ငါ့မှာမှ မရှိတော့တာ၊ တုတ်တစ်ချောင်းနဲ့ နွားကျောင်းသလို လိုက်ကျောင်းတဲ့ စကားမျိုး ပြောစရာ လိုမှ မလိုတာပဲ'

'ဘာလဲ၊ ဇေနိုကြီးရဲ့ စကားကို ထပ်ပြီး ကိုးကားဦးမလို့လား'

အစိုးကို ပြောပြီးနောက် အုတ်ရေတွင်းဘက်သို့ သူ လှည့်သည်။ရေစီးကြောင်းတစ်ရိုးတ်ရှိ မြက်ပင်နှင့် ပိန်းပင်ပေါက်တွေအကြား၌ ပျဉ်းမပွင့်ဖွေး ကြွေကျနေ၏။ ခရမ်းရောင် အပွင့်များ။



(၃၁)

မေ့လက်စနှင့် မေ့ပျောက် သွားခြင်းသည် အကောင်းဆုံးဟု သဘောထားခဲ့သည်။ ကျောင်းသား သက်သက်၏ ဘဝနှင့် အိမ်ထောင်သည် ကျောင်းသား ဘဝ၏ ကွာခြားချက်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်လာသည်။ ကျောင်းပြီးသွားသည်အထိ နှစ်ဖက်မိဘ အထောက်အပံ့ဖြင့် စားဝတ်နေရေး၊ ပညာရေးတွေ အဆင်ပြေခဲ့သည်။ ဘွဲ့ရသည်တွင် အလုပ်အကိုင် ပြဿနာနှင့် ဦးစွာ ရင်ဆိုင်ရသည်။ သူနှင့် ဇေတို့ နှစ်ဦးစလုံး နားလည်သည်။ မိဘထံမှ ယူငင်ခဲ့ကြသော အထောက်အပံ့များကို မဆက်လက်စေသင့်တော့။ နှစ်ဦးစလုံးကို မဟာဝိဇ္ဇာတန်းဆက်တက်လိုလျှင် တက်ဟု နှစ်ဖက်မိဘက အားပေးသည်။ သို့သော် ဝေ့ဖခင်မှာ ကောင်းစွာ မကျန်းမာ၊ ပင်စင်ယူရန် စီစဉ်ပြီးပြီ။ ပင်စင်လစာ နှစ်ရာကျော်နှင့် ဝေ့မိခင်၏ ကုန်စုံဆိုင် ဝင်ငွေထဲမှ ဖဲ့မယူအပ်ဟု နှစ်ဦးစလုံး သိသည်။ ဝေ့ဘက်တွင် အဆင်မပြေသည်မျှမက သူ့ဘက်တွင်လည်း ကျပ်တည်းလာသည်။ အမေ့ ကျန်းမာရေး ချူချာလာသည်။ အဖေကိုယ့်မြို့တွင် ကိုယ်ပြန်နေရသည်။ ကုန်သွယ်ရေး ဦးစီးအုပ်ချုပ်ရေးမှူး အဖြစ် ရာထူးတိုးကာ ပြောင်းလာရသော်လည်း နေထိုင်မကောင်း မကြာခဏ ဖြစ်တတ်သည်။ ဆေးဖိုးဝါးခ အကုန်အကျ များလာသည်။ အဖက်ဖက်က စရိတ်စကတွေ အဆမြင့်လာသည်။ ထို့ကြောင့် ရရာအလုပ်ကို လုပ်မည်ဟု ပိုင်းဖြတ်ကာ ရှာသည်။ သူ့အတွက် အလုပ် တစ်ခုရတိုရန်ကုန် ကုန်သွယ်ရေး ဌာန တစ်ခုတွင် ရနိုင်မည့် အခြေအနေပေါ်လာသည်။ ထိုအချိန်၌ တွဲဖက်ကျောင်းအုပ်က ငြိုတွင်ပေါ်လာပြန်သည်။ မြန်မာစာပြဆရာ တင်နေရာ ဝေက သူ

www.burmeseclassic.com



ဝင်မည် ဆို၏။ ရန်ကုန်ကအလုပ် အဆင်ပြေလျှင် မောင်သွားလုပ်ဟု ဆို၏။ ဝေ ကို ခေါင်းညိတ်လိုက်သည်။ ထိုအချိန်တွင် သမီး ဝေဝေလတ်မှာ ခုနစ်လသမီး။ သမီး ဆယ်လပြည့်ကာနီးတွင် ရန်ကုန်မှ အလုပ်ကို သူ ရသည်။ တကွဲတပြားစီ နေရသည်ကို သဘောမကျသော်လည်း မငြင်းနိုင်။ နေရေးထိုင်ရေးကို စီစဉ်ရသည်။ ဝေတို့ သားအမိက သူ့မိဘအိမ်တွင် လာနေနေသည်။ ကူညီရန်အတွက် ဝေ ညီမတစ်ယောက် လာနေသည်။ သူက ကမာရွတ် လှည်းတန်းရှိ ဝေ အဒေါ် အိမ်တွင် နေသည်။ စနေနေ့ဝက် ရုံးဆင်းလျှင် အဝေးပြေးကားဂိတ်သို့ တစ်နာရီခွဲအရောက် မီရန် သွားသည်။ ခြောက်နာရီခွဲ ကျော်ကျော်လောက်တွင် မြို့သို့ ရောက်သည်။ တနင်္လာနေ့ နံနက် သုံးနာရီသာသာတွင် အဝေးပြေးဂိတ်သို့ သွားကာ ရန်ကုန်ကားစောင့်ရသည်။ ရန်ကုန်သို့ ကိုးနာရီဝန်းကျင်တွင် ရောက်သည်။ မည်မျှပင် ရုံးအလုပ်များများ၊ ပြန်နေကျ ဝတ္တရားကို မပျက်စေခဲ့။

'မိလှိုင်နဲ့ မင်းနဲ့ တစ်ခါမှ မတွေ့ဘူးလား'

ခင်အေး၏ မေးခွန်းကို ခေါင်းညိတ်၍သာ အဖြေပေးသည်။

'မင်းကို ဘာမှ မရေးခဲ့တာတို့ တောက်ရင် တော်တော်စိတ်နာသွားမှာပဲ'

'ကောင်းပါတယ် ခင်အေးရာ၊ မဟုတ်ဘူးလား၊ မျက်နှာမကြည့်ချင်အောင်၊ အသံမကြားချင်အောင် နာကျည်းသွားလိုက်ပါတယ်၊ အမှန်တော့ သူ ပေးတဲ့ အပြစ်ကို ငါ ခံရပါတယ်၊ ဒါပေမယ့် သူ့ အနေနဲ့က အပြစ်ပေးချင်တဲ့အထိတောင် စိတ်မရှိတော့ဘူးနဲ့ တူတယ်၊ ငါတို့ လက်ဆပ်ပြီးစီးကြောင်း



ကြားမှုမှာ ကြော်ငြာထည့်ပြီး သူ စာရေးမှာပဲလို့ ငါ စောက်ခဲ့တယ်၊ ငါ လိပ်စာ သူ မသိပေမယ့် အမေတို့ အိမ်လိပ်စာနဲ့ စာထည့်မယ်လို့ တစ်ထစ်ချ တွက်ခဲ့တယ်ကွ၊ အမေ့ မေးကြည့်တော့ မလာပါဘူးတဲ့'

သူ စိတ်မောစွာ ပြန်လည် ပြောပြသည်။

'မင်း အဘွားကြီးကော အဘိုးကြီးကော မင်းကို တော်တော် စိတ်ဆိုးကြတယ်'

'ဟုတ်လား....မင်းကို ဘာပြောလို့လဲ'

'ကြာတော့ ကြာပါပြီကွာ၊မင်းတို့ ကြောင်းလမ်းပြီးတုန်းကပါ၊ မိလှိုင် လာတယ်လေ၊ ငါ့ဆီကို၊ အဒေါ်က မင်းသူငယ်ချင်းက မကောင်းဘူးကွယ်တဲ့၊ အဒေါ်တို့က မိလှိုင်နဲ့မှ သဘောတူတယ်၊ ဝေနဲ့မှ သဘောတူတယ်ဆိုတဲ့ စကားပြောစရာ အကြောင်း မရှိပါဘူးတဲ့၊ နှစ်ယောက်စလုံး အကျင့်သိက္ခာ ရှိကြသူတွေချည်း ပါပဲတဲ့၊ မင်းသူငယ်ချင်းက နှစ်ယောက်စလုံးကို ရည်းစား ထားထားတာကိုးတဲ့၊ ဝေက ကြောင်းလမ်းထားမယ် ဘာမယ်ဆိုတော့လဲ သိပ်ငြင်းငြင်းဆန်ဆန်ကြီးမဟုတ်ဘူးတဲ့၊ တကယ်လို့ လှိုင်လှိုင်ကသာ အရင်ဦးအောင် အဲသလိုပြောရင်လဲ ဝေက ကျန်ခဲ့မှာပဲတဲ့'

ခင်အေးက ပြော၍ စကားခဏနားသည့်တွင် ရယ်သည်။

'ဝေ ပြောတာကို ငါ ခါးခါးသီးသီး ဘယ်လိုလုပ်ငြင်းမလဲ၊ မင်း အမြင်အသိ၊ ဝေမှာ ပြောစရာအပြစ် မရှိဘူးလေကွာ၊ သစ်စိမ်းချိုး ချိုးသလို ဘယ်လို လုပ်ပြီး ချိုးလို့ရမလဲ'

'ဪ....မိလှိုင်ကိုတော့ ချိုးလို့ရခဲ့တယ်လို့ မင်းပြောတာလား ဇော်လတ်'

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းညင်းစွာ ခေါင်းခါပြသည်။

'မီလှိုင်က အရင်ပြောမိခဲ့ရင် ငါ မီလှိုင်ကိုရော ဘယ်နှယ် လုပ်ပြီး ဖြေရှင်းရမလဲ ခင်အေး၊ ဝေ့ကို ငါအခု မီလှိုင်ကိုရက်စက် မိတာမျိုး ဖြစ်ဦးမှာပဲ၊ စကားစပ်မိတိုင်း ငါပြောခဲ့ပါတယ် ကွာ၊ အသုံးမကျတဲ့ကောင်က ငါပါ၊ အင်းပေါ့လေ....ငါ့ ကိုယ်ငါ သတိရတိုင်း အပြစ်တင်မဆုံး ဖြစ်ရတယ် ဆိုတာရော၊ မီလှိုင်ကို စိတ်ထဲကနေ အမြဲတောင်းပန် နေတယ်ဆိုတာကို ရော မီလှိုင် ချင့်ကြည့်မယ်တောင် မထင်ပါဘူးကွာ'

'ဘယ်ထင်မလဲ ဇော်လတ်၊ မင်းလဲ စဉ်းစားကြည့်ပေါ့၊ မင်း ပြုလိုက်တဲ့အပြုအမူက သူ့တစ်သက်စာ ဖုလုံသွားပြီပဲကွ၊ ငါ့ ဆီ သူလာပြီး မင်းအတွက် စာတစ်စောင်ပေးခဲ့တုန်းက မျက်နှာ ကို ငါခုထိ မှတ်မိနေတယ်၊ ဘာမှ မသိတဲ့ သဏ္ဌာန်၊ ကြည် ကြည်လင်လင်၊ ငါတို့ လင်မယားနဲ့ နာရီဝက်လောက် ထိုင်ပြီး စကားပြောနေတာပဲ၊ ပြန်ခါနီးကျမှ လက်ကိုင်အိတ်ထဲက စာထုတ်ပြီး မင်းကို ပေးပေးဖို့ ပြောသွားတယ်၊ ငါက မင်းတို့ ဇာတ်ထုပ်ကို သိတယ် မဟုတ်လား၊ သူ့ ခမျာ မသိရှာပါဘူး လားလို့ စိတ်မကောင်းဖြစ်တာတော့ အမှန်ပဲ၊ ငါ့ဦးနှောက် ထဲမှာ မင်းကိစ္စက တော်တော့်ကို ဝင်နေတာ၊ နေမထိ ထိုင် မသာ ဖြစ်လာတယ်၊ နောက်တော့....နဖူးစာပဲလေ ဘာပဲ လေနဲ့ ဇာတ်ဖျောက်ပစ်ရတယ်၊ မင်း တော်တော် ကောင်းကျိုး မပေးတဲ့ သတ္တဝါ'

ဝေးကွာခဲ့ပြီးသော အကြောင်းအရာဟောင်းတွေ ပြန်လည် အသက်ဝင်လာသည်။

'မင်း ယုံ မယုံတော့ မသိဘူး ခင်အေး၊ ငါ အမှန်အတိုင်း ပြောမှာပါ၊ တကယ်ဆိုရင် ဒီအဖြစ်တွေက တဖြည်းဖြည်း



ပျောက်သွားစရာပဲ မဟုတ်လား၊ ငါအိမ်ထောင်ကျခဲ့တာ ဆိုပါတော့ကွာ....နှစ်နှစ်၊ ကလေးတစ်ယောက်ဖအဖြစ်နေပြီး ခုကျမှ မီလှိုင်နဲ့ ပက်သက်တဲ့ ငါ့အဖြစ်တွေကို ဖို့သထက် ဖို့ဖို့ပြီး မြင်လာတယ်၊ ငါရင်ထဲမှာ ရှိတာကို ပါးစပ်က မပြော တတ်ဘူးကွာ၊ ဆိုလိုတာက နောင်တရမဆုံး ဖြစ်နေတယ်၊ စိတ်ရောဂါကြီးတစ်ခုလို ခံစားနေရတယ်ကွာ၊ ဒီရောဂါကလဲ တစ်သက်လုံး ပျောက်သွားစရာ အကြောင်း မရှိတော့ဘူးလို့ ငါထင်တယ်၊ မင်းယုံလား'

စကား စတင်ကာစက သာမန်သာကြည့်နေသော ခင်အေး ၏ အကြည့်သည် စကားတစ်ဝက်တွင် လေးနက်လာသည်။ သူ့ အသံရပ်ဆိုင်းလိုက်သောအခါ မျက်တောင်မခတ်ကြည့်နေ၏။ ထို့နောက် သက်ပြင်းတစ်ချက် ချသည်။ ခင်အေးအတွင် ပြောစရာ စကားတွေ ရှာမတွေ့၍လား၊ များလွန်း၍လား မဆိုနိုင်။ ငြိမ်သက်စွာ ရှိနေ၏။ သူ တစ်ခွန်းပြောသည်။

'မီလှိုင် မိဘတွေများ ဒီအကြောင်းသိခဲ့ရင် ဘယ်လိုနေမလဲ ခင်အေး'

'အဲဒီကိစ္စကို မင်းအတိုးကြီးကလဲ မင်းလိုပဲ ပြောတယ်၊ လူကြီးချင်းပါ မျက်နှာပျက်စရာတဲ့'

သူပြောမည့်စကားကို ဟ,လုဟ,ခင် ဝေကို လှမ်းမြင်သော ကြောင့် နှုတ်ခမ်းပြန်စေ့လိုက်၏။ ဝေသည် သမီးကိုချီကာ ခြံထဲ သို့ ဝင်လာ၏။ ခင်အေးတို့၏ အဝေးပြေး ကုန်တင်ကားဘေးသို့ ရောက်သောအခါ သူထိုင်နေရာဘက်ကို ဝေမျက်လုံးဝေ့၏။ သူ ပြုံးသည်။ ဝေက သူရှိရာသို့ လက်ညှိုးညွှန်ကာ သမီးကို ပြောပြ ဖေဖေဟု ပြော၏။ သမီးက ကုန်တင်ကားဘက်သို့ လှမ်းကြည့် နေ၏။ မျက်စိသင့်ရာသို့ အကြည့်ရောက်နေသော သမီးကို ခေါင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ကြည့်ခိုင်းရင်း ဝေလျှောက်လာသည်။အုတ်ခုံပေါ် သို့ တက်လာချိန်တွင် အိမ်ရှေ့သို့ သူထသွားသည်။အောက်တစ်ဆင့်မှ ရပ်၍ လက်ကမ်းသည်။ ဝေက သမီးကို လှမ်းပေးသည်။ သူ သမီးကို ချီလိုက်စဉ်....

'မေမေ တော်တော်အောင့်လို့ မောင့်ကို လိုက်ခေါ်တာ'

သူ မျက်လုံး ဝိုင်းသွားသည်။ သူ့နောက်မှ လိုက်လာကာ အနီးတွင် ရပ်နေသူ ခင်အေးက 'ဘာ' ဟု မေးသည်။ သူ ပြောပြလိုက်သည်။ မင်းတို့ သွားနှင့်၊ ငါ ခဏကြာရင် လိုက်လာမယ်ဟု ခင်အေး ပြော၏။

*

(၃၂)

အမေ့အတွက် ပူပန်သောကဖြစ်ရ၍ ကိုယ့်ကိုယ်ကိုပင် သတိမရသလောက် ဖြစ်ရ၏။ ပင်ပန်းလွန်းသောအခါမှ မိမိကိုယ်မိမိ အမှတ်သညာ ရှိလေသည်။ ဆေးရုံတွင် အမေ့ကို စောင့်အိပ်ရသည်။ အမေ့ အလုပ်က ခွင့်ယူလွန်းလျှင် မဖြစ်။ ဝေ ခွင့်ယူလျှင် ကျောင်းသားတွေ စာသင်ပျက်မည်။ ထို့ကြောင့် သူ ခွင့်ယူရသည်။ ရန်ကုန်ရုံးသို့ သူကိုယ်တိုင် ခွင့်စာ ရေးပြီး ခင်အေးကို ပို့ခိုင်းရသည်။ အမေ ကိုယ်တိုင် ရုံးသို့ ဖုန်းဖြင့် လှမ်းပြောကာ ခွင့်ကိစ္စ ပြောပေးသည်။ တစ်ဖက်က အဆင်ပြေသွားသောကြောင့် အမေ့ကို စိတ်ဖြောင့်ဖြောင့် ဂရုစိုက်နိုင်သည်။ညဘက်တွင် မှေးမှေး မှေးမှေးသာ ရှိသည်။ ဆေးရုံတင်စ နှစ်ရက်က နေ့ရောညပါ အိပ်မရသောဒဏ်သည် ယခုတိုင် မပြေသေး။ နေ့ဘက်တွင် အိပ်သည် ဆိုသော်လည်း အိပ်ရေး[illegible] အအိပ်ပျက်၍ ခံတွင်းပါ ထိခိုက်သည်။ အမေ ဆေးရုံတွင် ခြောက်ရက်နေပြီး အိမ်သို့ဆင်းလာတော့မှ သက်



ပြင်း ချနိုင်သည်။ တံကောင်းထောက်မ၍ ခွဲစိတ်ခြင်း မပြုရသည်။ ထိုမျှနှင့် သက်သာရာရသော အစာအိမ်ရောဂါကို ကျေးဇူးပင် တင်ရသေးသည်။

'သား သန့်ဘက်ခါ ရုံးပြန်တက်မယ် မဟုတ်လား'

'ဟုတ်ကဲ့ အမေ'

'အမေ ဆေးရုံတက်ရလို့ သား တော်တော်ကို နွမ်းသွားတာပဲ၊ ပိန်လဲ ပိန်သွားတယ်၊ ထမင်းစားလို့ကော ကောင်းပြီလား'

'ကောင်းပါတယ်၊မနေ့ကစပြီး စားကောင်းပါပြီ အမေရဲ့'

'ဒါထက်....ဝေတို့ သားအမိရော၊ အသံမကြားပါလား'

'သူ့အမေအပြန် လိုက်သွားကြတယ်၊ အမေ့ဖို့ ဝူတင်းဖုတ်ထားတာ ခုလောက်မှ ကျက်မှာမို့ လိုက်ယူဖို့ ခေါ်သွားတယ်'

ရပ်နေရာမှ ခုတင်ဘေးရှိ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း မေးသည်။ အမေ စကား မဆက်။

ဝေ သိနေသည့် ပြဿနာတစ်ရပ်ကို တွေးနေသည်။ သားဖြစ်သူကို အသိ မပေးချင်သေး။ တွေးထင်ထားခြင်းပင် မရှိသော ပြဿနာတစ်ရပ်မှာ ဆေးရုံမှ မဆင်းမီ တစ်ရက်အလိုတွင် ပေါ်ပေါက်ခဲ့သည်။ ဆေးရုံတက်သည့် ဒုတိယနေ့ ညနေစာအတွက် စွပ်ပြုတ်နှင့် ပေါင်မုန့်ကို ဝေ သွားပို့သည်။ နောက်နေ့မှစ၍ နံနက်နှင့် ညနေတွင် အမေ့အတွက် အစားအသောက်နှင့် အဝတ်အစား အသုံးအဆောင်များကို ဝေ သွားပို့သည်။ အမေ့အင်္ကျီ၊ ထဘီ၊ မျက်နှာသုတ်ပဝါ၊ [illegible] ပဝါ စသည်တို့ကို အမေ့ အဝတ်သေတ္တာထဲမှ [illegible] ဖွပ် မီးပူတိုက်ပြီး သိမ်းခြင်းအလုပ်ကို ဝေ ပြုလုပ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



စတုတ္ထနေ့တွင် စာတစ်စောင်က သိုးမွေးဆွယ်တာထဲမှ ထွက်ကျလာသည်။ ပြန်ထည့်ရန် ကောက်ယူလိုက်စဉ် စာအိတ်ပေါ်ရှိ လိပ်စာ၊ တံဆိပ်ခေါင်း၊ စာတိုက် အမှတ်အသားများကို မြင်ရသည်။

ရီရီလှိုင် ဟူသော အမည် အောက်တွင် လိပ်စာကို တွေ့ရသည်။ ကိုဇော်လတ်ဟု လိပ်တပ်ထားသည်။ ငါးမူးတန်နှင့် ဆယ့်ငါးပြားတန် တံဆိပ်ခေါင်း နှစ်ခုပေါ်တွင် စာတိုက်တံဆိပ် နှိပ်ထားသည်။ မှတ်ပုံတင်အမှတ် အောက်တွင် နေ့စွဲက မင်နီဖြင့်၊ စာအိတ်ကို သေသေချာချာ ကြည့်နေမိသည်။ ဖောက်ဖတ်ထားခြင်း မရှိသေးသော စာတစ်စောင်။ ဝေ အံ့သြနေသည်။ နေ့စွဲကို ပြန်လည် တွက်လိုက်သည်။ ထိုစာ ရောက်သည့် အချိန်တွင် သူနှင့် ဇော်လတ်တို့ ကျိုက်ဝိုင်းသို့ ရောက်နေသည်။

ထိုစာကို ပေးရန် အမေ မေ့လျော့နေသည်ဟု ဝေ ထင်သည်။ ကျိုက်ဝိုင်းအိမ်သို့ အမေ မကြာခဏဆိုသလို ရောက်လာခဲ့သည်။ သူ့မိခင်သည်လည်း ရောက်လာခဲ့သည်။ အမေ ထိုစာကို ကိုယ်တိုင်ယူလာရန် မေ့ခဲ့ပါက လူကြုံနှင့် ပေးလိုက်လျှင် ဖြစ်သည်။ ထို့ပြင် အမေသည် မေ့တတ်လွန်းသူ မဟုတ်ပြန်။ တစ်လ နှစ်လ မေ့ကောင်း မေ့မည်။ ယခုသော် နှစ်နှစ်နီးပါး မေ့နေခဲ့သည်မှာ မစဉ်းစားတတ်အောင် ရှိသည်။ စာကိုယူကာ ဇော်လတ်ကို ပေးမည် စိတ်ကူးသည်။ အမေပင်လျှင် တမင်မပေးဘဲ ထားခဲ့တာလားဟု ဖျတ်ခနဲ သတိရသည်။ ထိုအခါ စာပါ အကြောင်းအရာတွေကို သိလိုစိတ်က တစ်ချက်လင်းလာ၏။ ဖောက်ဖတ်လိုက်ရကောင်းမလားဟု တွေးသေးသည်။ မသင့်ဟု တစ်ဖက်တစ်လမ်း တွေးမိပြန်ချေ၏။ အမေ



သိမ်းထားခဲ့ရိုးမှန်လျှင် အမေ အမြင်လွဲနေပေလိမ့်မည်။ တွေ့ရာ နေရာက အမေ့ အဝတ် သေတ္တာထဲမှ ဖြစ်နေသည်။ အမေ သိမ်းထားသော ပစ္စည်းတစ်ခု အနေနှင့် သဘောထားရမည်။ ထို့ကြောင့် အဝတ်သေတ္တာထဲတွင် ပြန်ထည့်ထားလိုက်သည်။ ဆေးရုံရောက်မှ အမေ့ အဝတ်သေတ္တာထဲမှာ ကိုဇော်လတ် အတွက် စာတစ်စောင် တွေ့ရတယ်။ သူ့ကို ပေးဖို့ အမေ မေ့နေသလား၊ ကိုဇော်လတ်ကိုတောင် သမီး ပြောမလို့၊ သူ အိပ်ရာက မနိုးသေးလို့ မပြောခဲ့ရဘူးဟု ပြောရန် စကား အစီအစဉ် ချလိုက်သည်။

အမေ စားသောက်ပြီး သိမ်းစရာများ သိမ်းကာ ခြင်းထဲသို့ ထည့်ရင်း ထိုစကားတွေ ပြောလိုက်သည်။ သူ့စကားကြောင့် အမေ မျက်နှာပျက်မသွားသော်လည်း ကြည်လင်သော သွင်ပြင် အတန်ငယ် လျော့သွား၏။

'မေ့နေတာတော့ မဟုတ်ဘူး သမီးရဲ့၊ အမေ တမင် မပေးတာ၊ သမီးတို့ မင်္ဂလာဆောင်ပြီး ဆယ်ရက်လောက်မှာ ရောက်လာတဲ့ စာ၊ မောင်ဇော်လတ်ကို အမေ မပေးခဲ့တာ သူမဖတ်စေချင်လို့၊ အမေလဲ မဖတ်ခဲ့ပါဘူး။ အမေ့ကို အထင်မမှားစေချင်ဘူး၊ သမီး ဖတ်ချင်ဖတ်၊ ပြီးရင် အဲဒီမှာပဲ ပြန်ထား၊ စာထဲမှာ ဘာရေးတယ်ဆိုတာ မောင်ဇော်လတ်ကို ပြန်မပြောနဲ့၊ အမေ ဆေးရုံဆင်းမှ သမီးကို ပြောစရာရှိတာ ပြောဦးမယ်၊ ပြောစရာဆိုလို့ ထူးထူးထွေထွေတော့ မဟုတ်ပါဘူး၊ ယောကျ်ား အကြောင်း ဆိုပါတော့၊ လှိုင်လှိုင့် စာကို ဖတ်ပြီးရင် မောင်ဇော်လတ် ရှေ့မှာ အမူအရာ မပျက်စေနဲ့ဦး၊ အမေ ပြောမဆုံး သမီးကို သင်တဲ့အချက်လို့ သမီး နားလည်ဦး'

www.burmeseclassic.com

www.burmeseclassic.com



အမေ့စကားကို ကြားရသည့် အချိန်တွင် ရင်တွေ ခုန်လာသည်။ အာပါလီမို့ဟူသော အမေးသည် ခေါင်းထဲတွင် ထပ်ပြန်တလဲလဲနှင့် ရှိနေ၏၊ မျက်တောင် တစ်ခတ်စာပင် မကြာသော အချိန်အတွင်း အိမ်သို့ ပြန်ရောက်ချင်သည်။ ရီရီလှိုင့်စာကို ချက်ချင်း ဖတ်လိုက်ချင်သည်။ သိချင်သည်။ အမေ့စကားတွေကို ဟုတ်ကဲ့ခဲ့သည်။

အိမ်သို့ရောက်သောအခါ ဇော်လတ် ရေခပ်နေသည်၊ သမီးက ခြံထဲတွင် ကစားနေသည်။ စာအိတ်ကို သွားယူကာ မီးဖိုဆောင်ထဲတွင် ဖောက်သည်။ စာခေါက်ကို ဖြန့်သည့် အချိန်တွင် လက်တွေ မသိမသာ တုန်နေသည်။ မောင်ရယ်ဟု ရေးထားသော စာကြောင်းကို ဦးစွာ တွေ့သည်။ မျက်လုံးတွေ ဝေသီလာ၏။ ရင်အခုန် မြန်လာချေ၏။ အိမ်ရှေ့မှ မောင့်အသံ ကြားရသည်။ သမီးနှင့် စကားပြောနေဟန် တူသည်။ ချော့မြူကျီစယ်သံက နီးလာသည်။ ထို့ကြောင့် စာကိုပြန်ခေါက်ကာ စာအိတ်ထဲသို့ ပြန်ထည့်သည်၊ အံဝင်ခွင်ကျ ထည့်မရ၊ ဖြစ်သလို တစ်ပိုင်းတန်းလန်းနှင့်၊ ဝှက်စရာနေရာ ရှာသည်။ ကျယ်ဝန်းသော မီးဖိုဆောင်၊ ကြောင်အိမ်၊ မှန်ဗီရို၊ စားပွဲ၊ အံဆွဲ၊ ခြင်း၊ အိုး၊ ခွက်၊ ဘူးတို့ကို မြင်သော်လည်း ထားစရာ ရှားနေ၏။ သမီးကို ချီကာ အိမ်ပေါ်သို့ တက်လာသော မောင့်ခြေသံက ကပ်၍လာသည်။ ဆန်ထည့်ရာ စဉ့်အိုးဖုံးကို အသံမကြားအောင် ဖွင့်ကာ စာကို ဆန်တွေထဲသို့ ထိုးနှစ်လိုက်ပြီး ပြန်ဖုံးသည်၊ လှိုက်မောစွာသော သက်ပြင်းကို တိတ်တဆိတ် ချလိုက်သည်။

'[illegible]တော်တော် ပင်ပန်းနေပြီနဲ့ တူတယ်၊ ကျောင်းမှာ စာသွားသင်လိုက်၊ ထမင်းဟင်း ချက်လိုက်၊ အမေ့ တာဝန်ကလဲ တစ်ဖက်၊ သွားလိုက် လာလိုက်ရတာ ဖတ်သီဖတ်သီနဲ့ ဝေ သိပ်မောနေမှာပါ'



ကုန္ဒြေဆည်ပြီးမှ ဝေ မျက်နှာလွှဲသည်။ ဝေ့ကို သူ ပြုံးသည်၊ ဝေ့အပြုံးသည် မပီတပီ၊ လက်တစ်ဖက်က သမီးကို ပခုံးမေးတင် ချီထားပြီး၊ လက်တစ်ဖက်က သူ့နဖူးကို အသာထိသည်။

'ချွေးတွေ စို့နေတယ်'

အမူအရာ မပျက်စေရပါဟု အမေ့ကို ကတိပေးခဲ့၍သာ၊ သို့မဟုတ်လျှင် ငိုပစ်မိလိမ့်မည်။

***

'ဒါ ဘယ်သူ့ လိပ်စာလဲ၊ အောက်က ဖုန်းနံပါတ်ကကော'

'မင်းကို ပေးလိုက်ပါ ဆိုလို့၊ အဲဒီ သူ ပေးထားတဲ့ ရုံး လိပ်စာ....'

'နေပါဦး ခင်အေးရဲ့၊ ဒါ ဘယ်သူက ငါ့အတွက် ပေးလိုက်တာလဲ ဆိုတာ ဖြေပါဦး'

ခင်အေးက တပ်ထားကာစ ရွှေသွား နှစ်ချောင်း ပေါ်အောင် ပြုံးသည်။

'မင်းရွှေသွားတွေ ရွှေစစ်ကြောင်း ပါးစပ်ကြီး ဟနေစမ်းပါနဲ့'

'ခွေးသူတောင်းစား၊ မင်းသိလျက်နဲ့'

'ဩော်ကွာ....မင်းကလဲ မသိလို့ မေးတဲ့ဥစ္စာ'

'ဟော့ကောင် ဇော်လတ်၊ မင်းနဲ့ငါ ငယ်ပေါင်းအူမကွဲနေ ချေးခါးအထိ သိပြီးသား၊ ငါ အရင်က မင်းနဲ့ မိ[illegible]နဲ့ စာ အဆက်အသွယ် ရှိသေးလား ဆိုတော့ ဟင့်အင်းတဲ့၊ လူချင်း

www.burmeseclassic.com

www.burmeseclassic.com



ကော တွေ့သေးလား ဆိုတော့လဲ မတွေ့ဘူးတဲ့၊မင်း လျှို့လွန်းတယ်'

'ဘာပြောတယ်၊ ဒါ မိလှိုင်နဲ့ ဘာပတ်သက်လို့လဲ'

'မိလှိုင် ရန်ကုန် ရောက်နေတာ သုံးလလောက်ရှိပြီဆိုတာ မင်း မသိဘဲ နေမလား၊ ရောက်စက ဌာနတစ်ခု၊ ငါနဲ့ တွေ့လို့ သူ ဌာနပြောင်းတဲ့ အကြောင်းနဲ့ ဒီလိပ်စာ မင်းကို ပေးလိုက်ပါဆိုတာ ငါ ဘယ်လို နားလည်ရမလဲ၊ မင်း အလုပ် လုပ်တဲ့ ရုံးကို ပြောပြီး ဇော်လတ် အဲဒီမှာ အလုပ်လုပ်နေတာ သိတယ် မဟုတ်လားဆိုတော့ မိလှိုင် ခေါင်းညိတ်တယ်'

အသက်ရှူ စောစောကထက် မြန်လာသည်။

'မင်းနဲ့ ဘယ်မှာ တွေ့တာလဲ'

'မင်းအတွက် ခွင့်စာသွားတင်ပြီး ပြန်အလာ လသာလမ်းထောင့်မှာ'

'ဒီလိပ်စာ သူ ပေးလိုက်တာလား'

ခင်အေးက မျက်မှောင်ချီကာ ကြည့်သည်။ စိတ်မရှည်သော အမူအရာဖြင့်....

'ငါ့လခွေး၊ ငါပြောတာ ရှင်းနေလျက်နဲ့ မရှုပ် ရှုပ်အောင် ကြံဖန် မေးတယ်၊ မင်း အချီးက ဒီအတိုင်းပဲ၊ ဒီလိပ်စာကို မရီရီလှိုင်က ငါ ခင်အေးကို ရန်ကုန်မြို့ လသာလမ်းထောင့်မှာ ညနေ လေးနာရီ မထိုးခင် မိနစ် အစော်အတန်မှာ ပေးတယ်၊ အဲဒီ လိပ်စာကို မင်း ဇော်လတ်ကို ပေးပေးဖို့၊ ပထမ ရန်ကုန် ရောက်ရောက်ချင်း အလုပ်ဝင်သော ဌာန၌ သူ မရှိကြောင်းနဲ့ ယခု ပြောင်းသွားပြီဖြစ်သော ဌာနလိပ်စာ ဖြစ်ကြောင်း၊ ငါ ခင်အေးကို သူ မရီရီလှိုင်က ပြော့ပြပါကြောင်း၊ ရှင်းပြီလား၊ ချီးမှုပဲ'



ခေတ္တမျှ သူ ငိုင်တွေတွေ ဖြစ်နေသည်။

'သြော်....သူ ရန်ကုန်ကို ရောက်နေတာကိုး'

'ဟော....မင်းက ငါ့ထက် သိပါတယ် ဇော်လတ်ရာ'

သူ ခေါင်းခါလိုက်လေသည်။

'ငါ တကယ် ပြောနေတာ ခင်အေး၊ ငါ သိပ်ကို အံ့လဲ အံ့သြနေတယ်၊ ပြီးတော့....'

စကားတစ်ဝက်နှင့် သူ ခဏ ဆိုင်းနေသည်။

'ပြီးတော့....ဘာဖြစ်လဲ၊ ဆက်ပါဦး မင်းစကားကို'

'ပြီးတော့လဲ ငါ သိပ် စိတ်လှုပ်ရှားနေတယ် သူငယ်ချင်း'

သည်တစ်ခွန်းတွင် ခင်အေး မျက်နှာမှာ အရယ်အပြက် လျော့လေသည်။ သူက လိပ်စာ စာရွက်ကို တိုက်ပုံအင်္ကျီ နာရီအိတ်ထဲသို့ အထပ်ထပ်ခေါက်ပြီး ထည့်သည်။ သူ့ကို ခင်အေး ကြည့်နေသည်။

'မင်းစကားကို ငါ ယုံရမလား ဇော်လတ်'

'ငါ ဘယ်တုန်းကမှ မလိမ်ခဲ့ပါဘူးကွာ၊ မင်း ခုနပြောသလို လျှို့တာလဲ မဟုတ်ပါဘူး၊ သူ ရောက်နေမှန်းလဲ မသိဘူး၊ ငါ အလုပ်ဝင်နေတာရယ်၊ ငါ့ဌာနကို သူ သိတယ်ဆိုတာရယ် ငါအံ့သြတယ်၊ သူ ဘယ်လိုလုပ် သိသလဲ မသိဘူး၊ အအံ့သြဆုံးက သူ့ လိပ်စာ ပေးလိုက်တာရယ်၊ ငါ့ကို သူ့ဆီ လာတွေ့ဖို့ မှာတာရယ်ကိုပဲ'

ခင်မအေး စဉ်းစားပြီး ပြောသည်။

'သူ့ ဒေါ်လေးဆီက သိတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါမှ မဟုတ် ဒီမှာ သူ့ ညီမဝမ်းကွဲတွေ ရှိနေသားပဲ၊ သူတို့ [illegible] အဆက်အသွယ်တို့ ဘာတို့ ရှိမှာပေါ့၊ သူတို့ပြောလို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ထင်တယ်၊ထားပါတော့ကွာ....အဲဒါက အရေးမဟုတ်ပါဘူး၊ မင်း သူနဲ့သွားတွေ့မယ် စိတ်ကူးလား'

မဖြေ။ တွေတွေဝေဝေနှင့်။ ခင်အေးကို မေးခွန်း တစ်ခွန်း မေးသည်။

'သူ ဘာဖြစ်လို့ ငါ့ကိုတွေ့ချင်တာလဲ ဟင်'

သူ့အမေးကို ခင်အေးဖြေရန် ဆုတ်ဆိုင်းဆိုင်း ဖြစ်နေပြီးမှ

'ရန်တွေ့ဖို့ ဖြစ်ချင်ဖြစ်မယ်'

ခင်အေး၏ အဖြေက မပြည့်စုံဟု အောက် မေ့သည်။ ထို့ကြောင့်....

'တခြား ဘာကော ဖြစ်နိုင်သေးလဲ'

'ငါ မှန်းမရဘူး ဇော်လတ်'

'နေပါဦး၊ မင်း ဒီလိပ်စာ စာရွက်ရယ် သူနဲ့တွေ့တာရယ်ကို ခုမှ ငါ့ကို ဘာဖြစ်လို့ ပြောရတာလဲ၊ ငါ့ကို အသိပေးသင့် မပေးသင့် မင်းမိန်းမနဲ့ တိုင်ပင်နေလို့လား'

ခင်အေးက ဟက်ဟက်ပက်ပက် ရယ်၏။ သူ ပြက်လုံး ထုတ်သည်ဟု ယူဆဟန် ရှိသည်။

'မေ့နေလို့ပါကွာ'

သူ ခေါင်းခါသည်။

'မင်းစကားကို ငါမယုံဘူး၊ ဒီလောက် ထူးထူးဆန်းဆန်း ကိစ္စကြီးကို၊ တခြား ငါနဲ့ မိုလှိုင့်အကြောင်းကို မသိသူ တစ်ယောက်ယောက် ပြောတာဆိုရင် ဖြစ်နိုင်တယ်၊ မင်း အဲသလို ပြောတာကို လက်ခံမယ်၊ အရေးကြီးတဲ့ ဒီကိစ္စကို လေးငါးရက် မေ့နေတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား ခင်အေးရာ၊ စဉ်းစားကြည့်ပါဦး'



'ငါ မေ့နေတာ အမှန်ပဲ ဇော်လတ်၊ ဘာဖြစ်လို့ဆိုတော့ မင်းထင်သလို မင်းအခုပြောသလို ကိစ္စကြီးလို့လဲ ငါမတွက်ဘူး၊ အရေးကြီးတဲ့ ကိစ္စလို့လဲ ငါ့ခေါင်းထဲမှာ ရှိမနေတာ အမှန်ပဲ၊ ဒါပဲလေကွာ'

ခင်အေးက သူ့ကို သူ့စကားဖြင့် တစ်ချက် ချည်နှောင်လိုက်မှန်း သူ သိလိုက်၏။ ခင်အေး၏ ပြုံးထေ့ထေ့ အကြည့်ကြောင့် သူ စိတ်ဖလို၍

'ကိစ္စကြီးလို့ ပြောတာက ဆန်းလို့ပါ၊ အရေးကြီးတဲ့ ကိစ္စဆိုတာလဲ အဲဒီသဘောပါ၊ တစ်ယောက်နဲ့ တစ်ယောက် တမ္ဘာခြားသွားခဲ့ပြီပဲ၊ ပြီးတော့ သူ ငါ့ကို တွေ့စရာ အကြောင်း ကုန်အောင် ငါ စိမ်းကားခဲ့တယ် မဟုတ်လား၊ တရားကိုယ်အတိုင်း ပြောရရင် ငါ့ကို အရေးလုပ်ပြီး တွေ့စရာ ဘာအကြောင်းရှိလဲ ခင်အေး၊ လူတူ နာမည်တူတောင် မြင်ချင် ကြားချင်စိတ် မရှိအောင် ငါက မိုက်ရိုင်းခဲ့တာမဲကွာ၊ အဲသလိုလူကို အခုလို လာတွေ့ဖို့ သူ တကူးတက မှာတယ်ဆိုတာ အံ့သြစရာ အထူးအဆန်းကြီး မဟုတ်ဘူးလား၊ ငါ ဒါကို ပြောတာပါ'

'မင်းကို သူတွေ့ချင်တာ အကြောင်းရှိလို့ ဖြစ်မှာပေါ့၊ အဲဒီအကြောင်းဆိုတာကလဲ ငါ ဉာဏ်မီသလောက် တွေးကြည့်တော့ ရန်တွေ့ဖို့ စကားနာထိုးဖို့ နေမှာပေါ့၊ ဒါမှမဟုတ်လဲ သူ လက်ဝါးယားလို့မှာတာ ဖြစ်မှာပေါ့၊ ဟား....ဟား'

သူ ပြုံးလိုက်သည်။ ထို့နောက်....

'ဒီအကြောင်းတွေသာ မိရွှေဝေ သိရင် ဘယ့်နှယ်နေမလဲ မသိဘူး၊ ပြဿနာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ပြဿနာဟိုဘက် တစ်ဘူတာတောင် လွန်မှာ သေချာတာ ပေါ့ ဇော်လတ်ရာ၊မင်းမိန်းမ စိတ်ဆတ်ပုံနဲ့တော့၊ငါ သွားပြီး နောက်လိုက်ရမလား'

သူ လက်ဝါးကာကာ တားလေသည်။

'သွားပြီး မနှောက်လိုက်ပါနဲ့ ခင်အေးရာ၊ ခုတောင် သူ ကြည့်ရတာ တစ်မျိုးဖြစ်နေတယ်လို့ ငါ အောက်မေ့တယ် အမေ နေမကောင်းလို့ ပြုစုရတာ တစ်ဖက်၊ အိမ်မှုကိစ္စနဲ့ ကျောင်းကတစ်ဖက်မို့ ပင်ပန်းပြီး မရှင်တာလားတော့ မသိ ဘူး၊ တစ်မျိုးပဲ'

စိုးရိမ်မကင်း သူ့ဟန်ကို ကြည့်ပြီး သဘောကျစွာ ရယ်နေ သည်။ သူမရယ်နိုင်ချေ။

❋❋❋

လိုက်မပို့နိုင်၊ အိပ်ရေးပျက်မည်ဟု ပြောသည်။ ကိစ္စမရှိပါဘူး ဝေကပြောသည်။မနက် သုံးနာရီခွဲ လေးနာရီဖြစ်နေလို့၊ ဝေ သွားရလာရ မသင့်ဟု သူပြောသည်။ ညကတည်းက သူ မောင် တစ်ယောက်ကို အိမ်မှာ လာအိပ်စေသည်။သူ ရန်ကု သွားရန် ကားဂိတ်သို့ လိုက်ပို့ရေးကို အရေးတကြီး အာ ထားနေသည်။ ကားဂိတ်သို့ ရောက်သောအခါ ရန်ကုန် ထွက်မည့် ကားကမထွက်သေး။ ကားဆရာတွေက လက်ဖက် ရည်သောက်၊ မုန့်စားနေသည်။ ထို့ကြောင့် ကားလက်မှတ် ဂိတ်တွင် ဝယ်ပြီး လက်ဖက်ရည်ဆိုင်တွင် သုံးယောက်သာ ထိုင်ကြသည်။ နံပြားနှင့် လက်ဖက်ရည် သောက်ပြီး စားပြီး သည်အထိ ကားဆရာတွေ ခရီးစရန် မပြင်ဆင်ကြသေး ခဲ့သည် လေးငါးယောက်စာ ထိုင်ခုံကျန်နေသေး၍လား



မသိ။ အချိန်ရ၍ ရေနွေးကြမ်း သောက်လိုက်၊ ရောက်တတ် ရာရာ စကားပြောလိုက်နှင့်နေရင်း ဝေ့ကို ပြန်ခိုင်းသည်။ ရပါ တယ်၊ မောင်လေး ပါသားပဲ၊ ကားထွက်မှ ပြန်မယ်ဟု ဝေ ပြော၏။ အစ်ကိုလေးတလဲဗျာ၊ ကိုယ့်မြို့ ကိုယ့်ရွာပဲ၊ ပူစရာ မရှိပါဘူး၊ ကားထွက်မှ ကျွန်တော်တို့ ပြန်မယ်ဟု ဝေ၏ မောင်လေးက ပြောသည်။ ကားဆရာတွေ လှုပ်ရှားသည်တွင် သူတို့ ကားဘက်သို့ လျှောက်သွား၏။ သူ လက်ဝဲဘက် ရှေ့ တစ်ခုံကျော် ပြတင်းနှင့်ကပ်လျက် ထိုင်၏။ ဝေက ကားဘေး တွင် လာရပ်၏။

'မောင် ဒီတစ်ပတ် ပြန်လာရင် မန္တလေးထိုးမုန့်နဲ့ လမုန့် ဝယ်လာခဲ့ပါလား၊ ဝေ စားချင်လို့၊ ရန်ကုန်မှာ ရမယ်ထင် တယ်၊ ဘာဖြစ်မှန်း မသိဘူး၊ သိပ်ကို စားချင်နေတယ်'

*

(၃၃)

တစ်ထစ် နှင်း၍ တက်လိုက်တိုင်း စိတ်လှုပ်ရှားမှုက ပိုလာ သည်။

အညိုရောင် ကျောက်လှေကားထစ်များကိုသာ ကြည့်၍ တစ်လှမ်းချင်း လှမ်းတက်နေမိသည်၊ နှေးကွေးသော ခြေ လှမ်းတို့နည်းတူ စိတ်တွေ မပေါ့ပါး။ပထမထပ် လှေကားကွေ့ အဆင့်သို့ ရောက်သော် ခြေအလိုလို တုံ့သွားသည်။ အပေါ်မှ ဆင်းလာသော ခြေသံများကို ကြားရသည်။ စကားပြောသံ နှင့် ရယ်သံတွေကို ခပ်ဝေးဝေး ကြားရသည်။ အာရုံမတတ် သေး။ လှမ်းကြည့်လိုက်သည်၊ အမှုထမ်း အမျိုးသမီး သုံး ယောက်နှင့် အမျိုးသားတစ်ယောက်။အုတ်နံရံဘောင်ဘက်သို့ ကပ်ကာ လမ်းဖယ်ပေးလိုက်သည်။ သူ့တို့ အားလုံးက

www.burmeseclassic.com



လှမ်းကြည့်သည်။ ရယ်မောသံနှင့် စကားသံတွေ အခိုက်အတံ့ မှုရပ်သွားသည်။ လှေကား လက်ရန်းဘက်မှ ကပ်ကာ ဆင်းသည်။ ရှေ့ဆုံးမှ ဆင်းလာသူ အမျိုးသားက ခပ်သုတ်သုတ်ဆင်းကာ သူ့အတွက် လမ်းပေး၏။ အမျိုးသမီး သုံးဦးကမူ ခြေလှမ်းမှန်မှန်နှင့်ပင် ဆင်းလာသည်။ မြင်လိုက်ကာစက ဒေါ်ရီရီလှိုင့်အခန်း ဘယ်မှာပါလဲဟု မေးမည် စိတ်ကူးသည်။ သုံးဦးစလုံးက ပြုံးစေ့စေ့နှင့် ကြည့်နေသောကြောင့် မေးရန် တွန့်သွားသည်။ သူ့အားမှ ဖြတ်သွားစဉ် ရှေ့ဆုံးက အမျိုးသမီးက ချောတယ်နော်ဟု မကြားတကြား ပြော၏။ နောက်ဆုံးက အမျိုးသမီးက သူ့ကို မျက်လုံးတစ်ဝေ့ကြည့်ကာ ရှေ့ဆုံးအမျိုးသမီးကို မေး၏။ ဘာချောတာလဲဟင်ဟု မေးသည်ကို အလယ်က အမျိုးသမီးက လှေကားတွေ ချောနေလို့ သတိထားပြီးဆင်းလို့ ပြောတာပါဟု ဖြေ၏။ ရှေ့ဆုံးက အမျိုးသမီး၏ ရယ်သံသဲ့သဲ့ ထွက်လာသည်။ ဟာ...နင်တို့ကလဲ ဟု အမျိုးသား၏ ဟန့်သံကို သူကြားသည်။ သူ မျက်နှာမထားတတ်၍ တစ်ထစ် တက်လိုက်သည်။ 'ချောတာ မဟုတ်ပါဘူး၊ ခံ ညားတာပါ' 'ကိုယ့်ဆီ လာတာတော့ ဟုတ်ဟန် မတူပါဘူး' 'စားသောက်ဆိုင်ကို တစ်ခါတည်း ခေါ်ရောပေါ့' 'တိုက်ပုံကလေးက လှတယ်နော်' 'လုံချည်အကွက်ကလေးက ရောင်ပြေးလေး' 'ကိုယ့်ကို သူက စိုက်ပြီးကြည့်....' နောက်ပြောင်သံတွေကြောင့် မျက်နှာမှာ ရှိန်းထသွားသည်။ ခြေလှမ်း မြန်မြန်ဖြင့် ဒုတိယထပ်သို့ တက်လိုက်သည်။

ဒုတိယထပ် အခန်းဝသို့ ကိုယ်ကို လှည့်လိုက်၏။ လေးငါးလှမ်း လျှောက်လိုက်သောအခါ အခန်းကျယ်ကြီး အတွင်း၌ အဆင်အပြင်တွေကို မြင်ရသည်၊ စားမွဲတွေ နှစ်ဆယ်ကျော်ရှိ



ရှိလိမ့်မည်၊ အချို့ စားပွဲပေါ်တွင် လက်နှိပ်စက်တွေ ရှိသည်၊ ဗီရိုများ၊ ဖိုင်စင်များ၊ စာချုပ်စာတမ်း တင်သည့် စင်များ၊ ကုလားထိုင်များ၊ စာအုပ်စင်များ ခန်းလုံးပြည့်နေ၏၊ အဝါနုရောင် နံရံဆေးကြောင့် အခန်းတွင်း၌ အလင်းရောင်ပြန် ရနေသည်၊ မှန်ပြတင်းခတွေ အားလုံး ပိတ်လျက် ရှိသည်၊ မျက်နှာကြက်ရှိ မီးချောင်းနှင့် ပန်ကာတွေ အားလုံး ဖွင့်ထားခြင်းမရှိ၊ နေ့လယ် စားသောက်ချိန် ဖြစ်သောကြောင့် အခန်းထဲတွင် အမှုထမ်း လေးငါးယောက်သာ ရှိသည်၊ စားပွဲတစ်လုံးတွင် ဝိုင်းဖွဲ့ထိုင်ကာ ထမင်းစားနေကြသည်၊

အခန်းဝသို့ မျက်နှာမူကာ ထိုင်နေသူ အမျိုးသားက သူ့ကို ကြည့်သည်။ အခန်းထဲသို့ သူဝင်လိုက်သည်၊ ရုံးအမှုထမ်းအမျိုးသားက ဇွန်းကို ထမင်းအုံးထဲသို့ ပြန်ချကာ ထိုင်ရာမှ ထသည်၊ ပျံ့ပျံ့ဟန်ရှိသော ထိုအမျိုးသားက ကုလားထိုင်ဘေးသို့ ခြေတစ်လှမ်း ထွက်သည်၊ ထမင်းစားနေသူ အမျိုးသားနှင့် အမျိုးသမီးလေးဦးက အခန်းဝဘက်သို့ လှည့်ကြည့်ကြသည်။ စားပွဲအနီးသို့ ရောက်နေသော သူက....

'ဒေါ်ရီရီလှိုင်နဲ့ တွေ့ချင်လို့ပါ'

သူ့ထံလျှောက်လာသူ အမျိုးသားက အနီးရှိ ကုလားထိုင်လွတ် တစ်ခုကို လှမ်းဆွဲပြီး....

'ထိုင်ပါခင်ဗျာ၊ ကျွန်တော် သွားကြည့်ပါဦးမယ်၊ သူ့အခန်းထဲမှာ ရှိမယ် ထင်ပါတယ်'

ဝဝ အသားဖြူဖြူ အမျိုးသမီးကြီးက ထမင်းဝါးသံဖြင့် ပြောသည်။

'ရှိတယ်၊ ရှိတယ်၊ ထမင်းစားနေတယ်နဲ့ တူတယ်၊ သူ့အခန်းထဲမှာ မရှိရင် ဒေါ်ခင်ဝင်းရီအခန်းထဲမှာ ရှိလိမ့်မယ်'

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူ မတ်တတ်ရပ်နေသည်၊ ပထမ အမျိုးသားကပင်....

'ကျွန်တော် သွားကြည့်လိုက်ပါ့မယ်၊ ဘယ်သူ့လို့ ပြောရ မှာလဲ ခင်ဗျာ'

'ဩော်...ကျွန်တော် မေ့လတ်ပါ'

'ဟုတ်ကဲ့၊ ထိုင်ပါဦး'

ရင်အခုန် မြန်လာသောကြောင့်လား၊ မျက်နှာစိမ်းတွေ ရှေ့ တွင် အနေရခက်သောကြောင့်လား မသိ၊ အထိုင်ရ ခက်နေ သည်။

ထိုအမျိုးသားက စားပွဲခုံတွေကြားမှ ဖြတ်ကာ လက်ဝဲဘက် သွားလမ်းသို့ ကူး၏၊ အရှေ့ဘက်သို့ ဆက်လျှောက်သွားသည်၊ လက်ဝဲဘက် တစ်လျှောက်ရှိ အခန်းများကို ယခုမှ သတိပြု မိသည်၊ အလုံပိတ် သစ်သားတံခါးတိုင်းတွင် အမည်စာလုံးတွေ ရေးကပ်ထားသည်၊ ခန်းမကြီး၏ လက်ဝဲထောင့် အခန်းတံခါး တွင် မိလှိုင်၏ အမည်ကို တွေ့ရသည်။ မိလှိုင်၏ အခန်းတံခါးကို ထိုအမျိုးသား ဖွင့်သည်၊ ခေါင်းကိုင်း၍ အတွင်းဘက်သို့ ကြည့် သည်၊ မသဲကွဲသော ပြောသံ ကြားရသည်၊ ခဏ ထိုင်စောင့်ပါ ရှင်ဟု အမျိုးသမီးတစ်ယောက်က ထမင်းဝိုင်းမှ လှည့်ပြော သည်။ သူထိုင်မည် အပြုတွင် ထိုအမျိုးသား၏ ခပ်ကျယ်ကျယ် လှမ်းပြောသံကို ကြားရ၏။ နားထဲတွင် အလိုလိုဆူကာ မြည် နေသည်၊ ကိုယ်ငွေ့ အပူရှိန် တက်နေသကဲ့သို့ ခံစားရသည်။ နှ စားပွဲအကြာတွင် ထိုအမျိုးသားက အခန်းထဲမှာ ရှိပါတယ် ကြွပါ ခင်ဗျာဟု ပြောသည်။ သူ ခြေလှမ်းလိုက်သည်၊ အခန်းကို လှမ်းကြည့်ကာ ဟုတ်ကဲ့၊ ကျေးဇူးပါပဲဟု ထိုအမျိုးသားကို ပြောသည်။ သွားလမ်းတွင် တစ်လှမ်းချင်း လှမ်းနေစဉ် ရင်ထဲ ထိတ်ထိတ် ခုန်နေသည်။ ထိုစဉ် မိလှိုင်၏ အခန်းတံခါးပွင့်ကာ



အမျိုးသမီးတစ်ယောက်ကို မြင်လိုက်သည်။ မိလှိုင်ဟု ထင်၍ ခြေအလှမ်း လျော့သွားသည်၊ အခြား အမျိုးသမီးတစ်ယောက် ဆက်ထဲတွင် ထမင်းချိုင့်၊ ဆေးကြောရန် ယူလာသော အသွင် နှင့် ရှိသည်။ သူနှင့် မျက်နှာချင်းဆိုင် လျှောက်လာသည်။ သူ့ကို သေသေချာချာ ကြည့်နေသည်။ ထိုနောက် မျက်လွှာ ကာ ဘေးမှ ဖြတ်သွား၏။

မိလှိုင်၏အခန်းတံခါးရှေ့တွင် ခြေစုံရပ်လိုက်သည်။ ဖိတ်ဖိတ် ဆက်နေသော နီကယ်ကိုင်းကို ခဏမျှ စိုက်၍ကြည့်သည်။ လှမ်း ကိုင်ပြီး တင်းနေအောင် တစ်ချက် ဆုပ်လိုက်သည်။ ကိုင်းကို အောက်သို့ အသာ နှိမ့်ချသည်။ ထိုနောက် အသာတွန်းကာ ဖွင့်လိုက်သည်။ လှုပ်ရှားလွန်းသော စိတ်ကြောင့် ခန္ဓာကိုယ်မှာ ပါ လှုပ်နေသည်ဟု ခံစားရ၏။

ပြာနုရောင် အခန်းနံရံကို ဦးစွာတွေ့သည်၊ ရှေ့တည့်တည့်သို့ ကြည့်လိုက်သည်၊ အစိမ်းရင့်ရောင် သံမဏိဗီရိုများ၊ အခန်းထဲသို့ ခြေစုံ ရောက်သည့်အခါ လက်ယာဘက်သို့ လှမ်းကြည့်လိုက်၏။ စိမ်းရောင် အင်္ဂလန် သံစာအုပ်စင်။ တံခါးရွက်နှင့် ကပ်နေ သော လက်ဝဲဘက်တွင် မိလှိုင်ရှိမည်ဟု တွက်သည်၊ တံခါးရွက် ကို ပြန်စေ့လိုက်သည်။ စားပွဲဘေးတွင် ရပ်လျက်သား ရှိနေ သော မိလှိုင်၊ ပိတ်သွားသော တံခါးကို ဘယ်လက်ဖဝါး ထောက်ထားရင်း သူ ရပ်၍ ကြည့်နေသည်။

လက်သုတ်ပဝါ ကိုင်ထားသော မိလှိုင်၏ လက်သည် စားပွဲ ထောင့်တွင် ထောက်လျက်၊ သူ့ဘက်သို့ လှည့်ထားသော မျက်နှာ သည်တိုင်သည် ငြိမ်လျက်၊ မျက်တောင်တစ်ချက် မခတ်ညိုးညိုး ငယ်အကြည့်သည် သူ့ထံသို့ အရှိန်ပြင်းစွာ ကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင်၏ မျက်လုံးသည် သူ့မျက်လုံးမှ တစ်ရွေ့ရွေ့မခွာ၊ မိလှိုင်၏ ကိုယ်သည် ထိုခဏတွင် ပန်းပုရုပ်တု၏ ငြိမ်သက်ခြင်းမျိုးဖြင့် ရှိချေသည်။ မြင်ရသူတွင် ကြေကွဲစေသော သဏ္ဌာန်။

မည်မျှ ကြာမြင့်စွာ သူ ငေးကြည့်နေသည် မသိ။

'ကိုလတ်....'

သက်ပြင်းရှည်တစ်ချက် ဖြည်းညင်းစွာ ချလိုက်သော သူ့ကို မိလှိုင် ပြုံးပြသည်။

'လာ....ကိုလတ်၊ ဒီမှာ ထိုင်လေ'

နှစ်များစွာ မကြားခဲ့ရသော မိလှိုင်အသံသည် ရှေးကနှယ် ကြည်လင်သည်၊ ချိုလွင်သည်။ သို့သော် သိသာစွာ တုန်ယ နေသည်။အလှမ်းရ ဆိုင်းနေသော သူ့ခြေကို တစ်လှမ်း ရွေ့ သည်။ မိလှိုင်သည် ကိုယ်ကို လှည့်သည်၊ လက်သုတ်ပဝါ ကိုင်ထားရင်း စားပွဲရှေ့ရှိကုလားထိုင်တစ်လုံးကို ဆွဲထုတ်သည် ဘေးတိုက်ထားသော ကုလားထိုင်တစ်လုံးကို တစ်ဆက်တည် ဆွဲယူကာ နေရာချသည်။

'လှိုင် နေကောင်းတယ်နော်'

နှုတ်သင့်ရာ မေးမိသည့် မေးခွန်း။ မိလှိုင်က ပြုံး၍ ခေါ ညိတ်သည်။ အနားသို့ သူ ရောက်သော အခါ မိလှို နောက်ဆုတ်ကာ....

'ထိုင်လေ'

သူတစ်ချက် ကြည့်သည်။ ဘေးချင်းယှဉ်လျက် ရှိသေ ကုလားထိုင်ကို နောက်မှီမှ ဆွဲယူကာ စားပွဲတစ်ဖက်စွန်းတ ထားသည်။ သူထိုင်ပြီးမှ မိလှိုင်က....

'ကိုခင်အေးနဲ့ လိပ်စာပေးလိုက်တာ ရတယ်မဟုတ်လား'



သူ ခေါင်းညိတ်သည်။ အကြည့်စူးလွန်းသည်ဟု ထင်ကာ သူ မျက်လုံး လွှဲသည်။ မိလှိုင်သည် နောက်မှီပေါ်တွင် လက် ဖဝါး နှစ်ဖက် တင်ထားရင်း....

'နေကောင်းကြတယ် မဟုတ်လား'

ကြဟူသော အသုံးက သူ့ကို ဆတ်ခနဲ လှုပ်နှိုးလေသည်။သူနှင့် သူ့ဖခင်၊ မိခင်တို့ကို ရည်စူးရာထက် သူ၊ သမီးနှင့် ဝေတို့ကို ရည်စူးသည်ဟု သိလိုက်သည်။

'ကလေးက တစ်ယောက်လား'

သူ ခေါင်းညိတ် အဖြေပေးသည်။

'သမီးဆို'

ခေါင်းကိုသာ သူညိတ်၏။

'ဘယ်အရွယ် ရှိပြီလဲ'

ခေါင်းညိတ်ခြင်းဖြင့် ဖြေမရသော မေးခွန်း။ထို့ကြောင့်....

'အခါလည် ကျော်ပြီ'

'ဝေရော နေကောင်းလား၊တွဲဖက်ကျောင်းဆရာမ ဝင်လုပ် နေတယ်ဆို'

စားပွဲခင်းမှန်နှင့် မှန်အောက်ရှိ ကိန်းဂဏန်းများသို့ ရွေ့ ထားသည့်မျက်လုံးကို မိလှိုင်ထံသို့ တဖြည်းဖြည်းပြောင်းသည်။ မိလှိုင်က သူ့ကို ကြည့်နှင့်နေဟန် ရှိသည်။ ဝမ်းနည်းပြုံးကို သူမြင် လိုက်ရ၏။ မိလှိုင်သည် ကြိမ်ကုလားထိုင် အောက်ဆင် တန်းတွင် ဖိနပ်ဦးစွန်း ထောက်ထား၏။ လက်တန်းသည် သူ့လက်ယာဘက်ကိုယ်နှင့် ထိနေသည်။

'အပြစ်တွေအားလုံးအတွက် ကိုယ်တောင်းပန်စကားပြော ဖို့ လာခဲ့တာပါလှိုင်'

www.burmeseclassic.com

www.burmeseclassic.com



နားထဲတွင် အသံမဲ့နေသောကာလမှာ ရှည်ကြာလှလေ၏။ မိလှိုင်၏နှုတ်ခမ်းသည် ရွေ့ရွေ့မျှမလှုပ်၊ လက်သုတ်ပဝါကို မသိမသာဆုပ်ကာ ဖျစ်ကာ နေသည်။ ပြတင်းသို့ ငေးကြည့်လျက်နှင့် ရှိုက်လေသည်၊ မိလှိုင် အသက်ရှူမြန်နေသည်။ အံကြိတ်ထားသည်ဟု သူ မကြည့်သော်လည်း သိသည်။ တိတ်လွန်းမက တိတ်သောကြောင့်ထင်သည်၊ သူ့နားထင် သွေးတိုးသံကိုပင် သူ ကြားရသည်ဟု အောက်မေ့မိ၏။

'မိလှိုင် ခွင့်လွှတ်နိုင်ခဲ့ပါပြီ ကိုလတ်ရယ်'

လေပြင်း၏ တွန်းဆောင့်သော အရှိန်ကို ထိတွေ့ရသကဲ့သို့ဟု သိမှတ်လိုက်ရသည်၊ မိလှိုင်ကို သူကြည့်သည်။ ပင့်သက်တစ်ချက် ရှိုက်ရင်း ကုလားထိုင်တွင် ထိုင်သည်။

'ကိုယ်လူဆိုးပါလှိုင်'

မိလှိုင် ပြုံးသော်လည်း အပြုံးမှာ ခွန်အားမရှိ။

'နာကျည်းစရာကောင်းတဲ့ ခွင့်လွှတ်စရာမရှိဘဲ့ အပြစ်တစ်ခုကို ကိုယ်ကျူးလွန်ခဲ့ပါတယ်၊ ကိုယ် သစ္စာဖောက်ပါ လှိုင်၊ ကြိုက်သလို အပြစ်ပေးပါ'

အသံမျှင်းမျှင်းဖြင့် ရယ်သည်၊ ရယ်ရင်း ခေါင်းခါသည်။

'မိလှိုင် ဘယ်လောက်ခံစားရမယ်ဆိုတာကိုတော့ ကိုလတ် မှန်းဆမိမှာပါ'

ချွေးပျံ့နေသော မျက်နှာကို လက်ကိုင်ပဝါဖြင့် ဖြန့်ကာ သုတ်သည်၊ ထို့နောက် သူ ပြောသည်။

'မှန်းဆတယ်ဆိုတဲ့ အဆင့်ထက် ပိုပြီး လေးလေးနက်နက် စာနာမိပါတယ် လှိုင်'

ဖိကပ်ထားသောနှုတ်ခမ်းကို သူ မြင်သည်၊ သူ့ လေယူလေသိမ်းတွေ သိပ်မထစ်တော့၊ သူ ဆက်ပြောသည်။



'ဝေက ကိုယ့်ဘဝမှာ လှိုင့်ထက်အများကြီး နောက်ကျပြီး ရောက်လာတဲ့ သူပါ'

'ဒါပေမယ့် ....စွန့်ပစ်ခြင်းခံရတဲ့သူက မိလှိုင်ပါ ကိုလတ်ရယ်'

မိလှိုင့်အသံသည် ခပ်တိမ်တိမ်။

'ကလေးပေါက်စ ကလေးဘဝကတည်းက ကိုယ့်ရင်ထဲမှာ ...ခဲ့တဲ့သူက ဝေတော့ မဟုတ်ပါဘူး လှိုင်၊ ကိုယ့်စာတွေထဲမှာ ...ရေးခဲ့ဖူးပါတယ်'

'မလှိုင်ဆီကို ရေးခဲ့တဲ့ ကိုလတ်ရဲ့ စာတွေထဲမှာ ဝေဆိုတဲ့ ...အမည် ယောင်လို့တောင် ပါမလာခဲ့ဖူးပါဘူး'

'အမှန်ကို ပြောရင် လှိုင် လက်ခံမလား'

မိလှိုင် ခေါင်းညိတ်ပြန် နှေးလွန်းလှသည်၊ နားထောင်...ည်ဟု ပြင်သော နားထဲသို့ ရောက်စေမည့် အကြောင်းအရာ...က မကောင်းလှဟု သိသည်။ မပြောချင်မဖြစ်။ ပြောမည့်...တ်ခမ်းသည် ထိုင်းမှိုင်းနေ၏၊ ဆယ်တန်းဖြေပြီးနောက် မိလှိုင်...သည်လာသည့်အချိန်မှစ၍ စကားဦးတည်သည်၊ ဝေနှင့်ချစ်...ဖြစ်နေသည့် အကြောင်းကို ထိုစကားတို့နောက်တွင်စကား...သည်။ ထို့နောက် မိလှိုင်ထံသို့ ချစ်ရိပ်လွှမ်းသော စာများ...ရေးခဲ့ခြင်းနှင့် ချစ်သူအဖြစ် အသိအမှတ်ပြုခြင်းကို ချုံ့၍ပြော...ည်။ ဝေ့မိဘက သူ့မိဘနှင့် လူကြီးချင်းစကားပြောကြပုံကို ...အေးစိတ် ပြောပြသည်၊ ဝေ့တွင် ပြောစရာအပြစ် မရှိသည်...ား၊ စကားတွေ လွန်နေပုံများကို ပြန်လည်ပြောပြသည်။ ... ငြင်းလိုက်လျှင် လူကြီးချင်း မျက်နှာပျက်ရတော့မည့်...အကြောင်း၊ မရှုန်းသာအောင် သူရှိခဲ့သည့်အကြောင်းများကို ...ကျဉ်းချုပ်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အနီးစပ်ဆုံး ဥပမာပြရရင်တော့ မျက်စိစုံမှိတ်ပြီး ဖြစ်ချင်ရာ ဖြစ်တော့လို့ နေလိုက်ရတာမျိုးပါပဲလှိုင်၊ အဲ့ဒီ အချိန်မှာ လှိုင်နဲ့ပတ်သက်လို့ ခံစားရတာကလဲ ရင်ကွဲမတတ်ပါပဲ၊ လှိုင် စိတ်သောက ရောက်အောင် ငါပြုမိပြီလို့ နောင်တရမဆုံး ဖြစ်ခဲ့ရတယ်၊ ခုထိပါပဲ'

ရှည်လျားသော စကားတွေကို တောက်လျှောက်ပြောပြီးသော် အခန်းနံရံကိုသာ မျက်နှာမူကာ သူ နေသည်။ မိလှိုင် စကား မဟ။ မိလှိုင် ရန်တွေ့လျှင် သူ အနေရ သက်သာမည် ထင်၏။ စကားနှာထိုးလျှင် ရင်ပေါ့မည် ထင်၏၊ငြိမ်သက်စွာ ရှိနေသော မိလှိုင်သည် ပကတိအားဖြင့် စိတ်နှလုံး အေးငြိမ်းစွာ ငြိမ်သက်နေခြင်း မဟုတ်မှန်း သိလေသည်၊အချစ်ဆုံးသော သူ၏ရင်၌ အဘယ်မှာလျှင် မလောင်မြိုက်လျက် ရှိချိမ့်မည်နည်း၊အလျှံအစွယ် ညီးညီးဖြင့် ရှိမနေတော့သည့်တိုင် မီးသင့်ထွေသည်မှု ရှိစမြဲမမှတာ၊ မိလှိုင်ကို မြင်ရသည်မှာ ရေခဲဖုံးနေသော မီးတောင်ရှင်ကို မြင်နေရသည်နှင့်မခြားဟု ခံစား သိရလေ၏။

'ဝေ့မိဘ မျက်နှာပျက်မှာစိုးလို့ ဆိုပါတော့'

သူ ခေါင်းညိတ်မည်ပြင်ပြီးမှ မညိတ်ဖြစ်။

'လူကြီးချင်း စကားတွေ လွန်ပြီးနေလို့ပဲ လှိုင်'

မိလှိုင် တစ်ချက်ပြုံးသည်။

'ကိုလတ်နဲ့ ဝေ့ကိစ္စကို ဝေ မိဘတွေသိလို့၊သိပြီးသား ဖြစ်နေလို့ ၊ဟုတ်လား'

'ဟုတ်တယ် လှိုင်'

'ကိုလတ်နဲ့ မိလှိုင်ကိစ္စကို မိလှိုင့် မိဘတွေ မသိဘူးလို့ ကိုလတ် တွက်မိတယ်ပေါ့'



သူ မျက်လုံး ဝိုင်းသွားသည်၊ ထိတ်လန့်ဖွယ် မေးခွန်း။

'လှိုင့်မိဘတွေ သိလား လှိုင်'

မိလှိုင်သည် ခေါင်းကို အသာညိတ်၏။ ပြီးမှ....

'မေမေ သိတယ်၊ ဖေဖေတော့ မသိဘူး'

'ဘာ....လှိုင့်မေမေသိတယ်၊ ဟုတ်လား လှိုင်'

'ဟုတ်တယ် ကိုလတ်၊ မိလှိုင် မေမေနဲ့ ဘယ်လိုမျက်နှာချင်းဆိုင်ခဲ့ရမယ်ဆိုတာ စဉ်းစားကြည့်ပေါ့လေ'

နောက်မှတွင် သူ ကျောကပ်လိုက်သည်။မိလှိုင်ကို မျက်နှာပူခြင်း၊ ကိုယ့်ကိုယ်ကို စိတ်ပျက်ခြင်းတို့ကြောင့် အင်အားဆုတ်ယုတ်သွားသကဲ့သို့ ရှိလေသည်။ မိမိကိုယ်မိမိ မှန်ပြတင်းမှ လွင့်စဉ်သွားအောင် ပစ်ပေါက်လိုက်ချင်သည်။ ကိုယ့်အပြစ်ကို ကိုယ်လုံးဝဥဿုံ သိမြင်ခြင်းရှိပြီဟူသော အဖြစ်ဆိုးကို တစ်ဖက်သူသည် အဘယ်မျှ နားလည်နိုင်ပါမည်နည်း။ နားလည်နိုင်သည် ဆိုဦး၊ နားလည်မှုပမာဏသည် ကိုယ်နှင့်ထပ်တူ ရှိနိုင်ပါမည်လော၊ ရှိနိုင် မရှိနိုင်ကိုပင် သိရန် ခက်ပေစွ၊ နှစ်ဦး၏ အကြား၌ ဤကွာဟချက်သည် ခွင့်လွှတ်ခြင်းအတိုင်းအတာကို ဖန်တီးလိမ့်မည်ဟု သူ တွေးသည်။

'ကိုလတ်တို့ စေ့စပ်ပြီးပြီဆိုတာ မိလှိုင်ကို ဒေါ်ဒေါ်က ပြောပြလို့ သိလိုက်ရတယ်၊ အဲဒီနေ့က မိလှိုင် နေစရာ ကမ္ဘာ ပျောက်သွားခဲ့ရသလိုပါပဲ၊ ခေါင်းစက်၊ လှံစက်တွေ ကြားထဲမှာ မိလှိုင်ကိုယ် မိလှိုင် ထည့်ပစ်လိုက်ချင်တယ်၊ အမြွှာမြွှာ ဖြစ်သွားအောင်လို့၊ သိမ်မှုပျက်နေတဲ့ မိလှိုင်ကို ဒေါ်ဒေါ် ရိုင်းမြို့ သွားပုံပါပဲ၊ ဒါနဲ့ ကိုလတ် ရန်ကုန် လိုက်လာဖို့ ကိုခင်အေး တို့အိမ် သွားပြီး စာပေးထားခဲ့ရတာ၊ မိလှိုင်ဆီကို ကိုလတ် လိုက်လာမှာပဲလို့ တစ်ထစ်ချ တွေးထားလို့ စောင့်ခဲ့ရတယ်

www.burmeseclassic.com



ကျောင်းဖွင့်တဲ့နေ့ကျမှ ရန်ကုန်က ပြန်တယ်၊အဲဒီရက်တွေဟာ ငရဲပါပဲ၊ ဆောက်တည်ရာမရ အဖြစ်ဆုံးက ကိုလတ်တို့ မင်္ဂလာသတင်းကို ဖတ်ရတဲ့နေ့၊ မေမေ့ကို အဲဒီနေ့ကမှ အဖြစ်မှန်တွေ မိလှိုင် ပြောပြလိုက်တာပါ၊ ရန်ကုန်မှာ ဘာဖြစ်လို့ ကိုလတ်ကို စောင့်ခဲ့တဲ့ ကိစ္စတွေ၊ မေမေက ကိုလတ်ကို အပြစ်မတင်ပါဘူး၊ ရေစက်ပေါ့ သမီးရယ်တဲ့'

မိလှိုင်၏အသံသည် တိုးသည်မျှမက တိမ်၍ ဝင်သွားသည်၊ ထိုစကား ထိုအသံတို့သည် သူ့ရင်ထဲတွင် အဆများစွာ ကျယ်လောင်နေသည်၊ ကြိမ်ဖန်များစွာ ထပ်ပြန် ဂယက်ရိုက်နေသည်၊ အနက်အဓိပ္ပာယ်ပေါင်းများစွာ ပွားနေသည်။

'စိတ်ထဲ ခံစားရသမျှ ဖွင့်ပြောဖို့က မေမေပဲရှိတာ၊ မေမေ့ကိုပဲ မြှောလဲ ပြောပြ၊ ပြီးတော့....အားရအောင် ငိုပစ်လိုက်တယ်၊ မေမေ့ကို ပြောပြခဲ့မိတာကို ကိုလတ်တို့ ခွစ်စပ်တယ်ဆိုတာ သိရတုန်းကတော့ နောင်တရသလို ဖြစ်မိတယ်၊ ဒါပေမယ့် မေမေ့ကို ရင်ဖွင့်လိုက်ရတော့မှ သက်သာသလိုလိုဖြစ်သွားမတော့ ပြောပြခဲ့တာ ကံကောင်းတာပဲလို့ အောက်မေ့တယ်၊ မေမေ့ကို ပြောပြနေတုန်းတော့ ရင်ထဲ ပေါ့သွားပါရဲ့၊ ပြီးတော့ ခံစားရမြဲ ခံစားရတာပဲ၊ ဒါနဲ့ ကိုလတ်ဆီ မိလှိုင် စာရေးခဲ့တာ၊ ကိုလတ် ဖတ်ပြီးတော့ စိတ်ဆင်းရဲမှာပဲ၊ ဝမ်းနည်းရတာတွေရော၊ ဒေါသ ဖြစ်ရတာတွေရော၊ ရှက်တာတွေရော ဆိုတော့ ကိုလတ် စိတ်ညစ်မှာပဲနော်၊ ရေးမိလေခြင်းလို့ မိလှိုင်ကိုယ် မိလှိုင် အပြစ်ဆိုမိတယ်၊ အဲဒီစာအတွက် မိလှိုင်ကို ခွင့်လွှတ်ပါ'

သူ ဦးခေါင်းမော့လာသည်၊ အံ့အားတသင့် ကြည့်သည်၊ နားမလည်၊



'နေပါဦး လှိုင်၊ ဘယ်စာကို ပြောတာလဲ ဟင်'

'အိမ်လိပ်စာနဲ့ မိလှိုင် ထည့်လိုက်တဲ့စာ'

'ဘယ်အိမ် လိပ်စာနဲ့လဲ၊ ကျိုက်ဝိုင်းအိမ် လိပ်စာနဲ့လား'

သူ မေးနေသည်ကို သဘောမပေါက်ဟန်နှင့် မိလှိုင် ကြည့်လေသည်၊

'ကိုလတ် မေမေ့အိမ် လိပ်စာနဲ့ ထည့်လိုက်တဲ့စာကို ပြောတာ'

သူ ရှင်းအောင် မေး၏။

'လှိုင် ဘယ်တုန်းက ရေးလိုက်တာလဲ'

'ကိုလတ်တို့ လက်ထပ်ပြီးစီးကြောင်း သတင်းပါပြီး သုံးရက်မြောက်နေ့မှာ မိလှိုင် စာတိုက်ကနေ မှတ်ပုံတင်ပြီး ထည့်လိုက်တဲ့ စာလေ'

သူ ခေါင်းကို ဖြည်းညင်းစွာ ယမ်းပြီး....

'ကနေ့အထိ ကိုယ် မရခဲ့ပါဘူး လှိုင်'

'မရခဲ့ဘူး ဟုတ်လား'

'ဟုတ်တယ် လှိုင်'

'မှတ်ပုံတင်ပြီး ပို့ခဲ့တာပဲ၊ လမ်းမှာ ပျောက်စရာ မရှိပါဘူး'

မိလှိုင် အံ့သြနေသည်။ နှုတ်ခမ်းအစုံ ဟ,တာ။ ဖြူဖွေးသော သွားတို့၏ အရိပ်ကို နှုတ်ခမ်းတွင် မြင်သည်၊ မျက်ခုံးနှစ်ဖက် တွန့်ယောင်ယောင် ရှိ၏။ ထိုစာကို မည်သူ ရခဲ့သနည်းဟု မိလှိုင် တွေးသကဲ့သို့ သူ တွေးသည်။ မိလှိုင်၏စာ ရောက်သည့်အချိန်တွင် သူနှင့်ဝေတို့ ကျိုက်ဝိုင်းမှာ ရောက်နေကြပြီ၊ အိမ်တွင် အမေတို့သာ ရှိကြသည်၊အကယ်၍ မိလှိုင့်စာ ရောက်ခဲ့ပါက အမေ သူ့ကို ပေးလိမ့်မည်။ ယခုသော် ထိုစာနှင့်

www.burmeseclassic.com



စပ်လျဉ်း၍ တစ်လုံးတစ်ပါဒမျှ မကြားသိခဲ့ရ၊ လမ်းမှာ ပျောက်ဆုံးခဲ့ခြင်းသာ ဖြစ်မည်ဟု သူတွက်သည်။ မိလှိုင်သည် လမ်းမှာ စာပျောက်သည်ဟု ယူဆဟန် မရှိ။

'ကိုလတ်ကို အဲဒီစာပေးဖို့ ဒေါ်ဒေါ် မေ့မျှား မေ့သွားသလား မဆိုနိုင်ဘူး'

'နှစ်နဲ့ချီးအောင်တော့ မေ့နေလိမ့်မယ် မထင်ပါဘူး လှိုင်'

စိတ်ဝင်စားစရာ အကြောင်းကို မမျှော်လင့်စွာ ရခဲ့သည်။ စကားဦးသည် ထိုအကြောင်းအရာတွင် ဆိုက်နေသောကြောင့် တစ်ယောက် မျက်နှာကို တစ်ယောက် အကြည့်ရ မခဲယဉ်းတော့။

'ထားလိုက်ပါတော့ ကိုလတ်ရယ်၊ ဒီစာအကြောင်း စဉ်းစားရတာ စိတ်ရှုပ်စရာကြီး'

မယောင်မှား ဆုပ်ကိုင်ထားသော လက်သုတ်ပဝါကို စားပွဲပေါ်တွင် တင်လိုက်ရင်း ပြောသည်။ ထိုအချိန်တွင် မွန်းကျပ်သော အရပ်မှ လွတ်မြောက်သကဲ့သို့ နှစ်ဦးစလုံး အနေသက်သာလာ၏။ သို့သော် စကားတွေ ရှားပါးမြဲ ရှားပါးနေလေသည်။ မိလှိုင်က တင်ပါးလွဲ ထိုင်နေရာမှ တည့်တည့် ထိုင်သည်။

'ထမင်း စားပြီးပြီလား'

'ပြီးပြီ'

'ဘယ်မှာ စားခဲ့လဲ'

'မနက်တည်းက အိမ်က တစ်ခါတည်း စားလာခဲ့တယ်။ ထမင်းဘူးတွေ ဘာတွေနဲ့ ဆိုတော့လဲ ဝေယျာဝစ္စက ရှုပ်တယ် မဟုတ်လား'



'ဆာမှာပေါ့'

'မဆာပါဘူး'

'လက်ဖက်ရည် သောက်ပါလား'

'နေပါစေ'

သူ ငြင်းသည်ကို ပြုံး၍ ကြည့်နေ၏။ ထို့နောက် —

'ခါတ်ဘူးထဲမှာ အဆင်သင့် ရှိပါတယ်'

'လှိုင် သောက်ပါ'

'အပိုပါပါတယ်၊ သုံးခွက်စာနီးနီး ဆံ့ပါတယ်၊ သောက်မယ် မဟုတ်လား ဟင်'

သူ ခေါင်းညိတ်သည်။ ထိုင်ရာမှ မထမီ မိလှိုင်က ပြုံးလက်စနှင့်ပင် တစူးတစိုက် ကြည့်ပြန်သည်။ ဝမ်းသာကြည်နူးပြုံးဟုခံစားရ၏။ သို့သော် မျက်လုံးအိမ်တွင် မျက်ရည်စတွေ ဝေ့လျက်သာ ရှိလေသည်။

✱

(၃၄)

စနေနေ့ ရုံးဆင်းရင် မိလှိုင်ဆီ လာမလား၊ အားမှ လာပါဟု မိလှိုင် ပြောသည်။ အားပါတယ်။ လာမယ်ဟု သူဖြေသည်။ မိလှိုင့်အပါးမှ ခွာလာသော အချိန်တွင် ပြောင်းလဲနေသော သူ့စိတ်ကို ကိုယ်သတိပြုမိလေသည်။ ခြောက်သွေ့သော စိတ်နှလုံးတို့သည် ပြန်လည် စိမ်းလန်းလာသည် ထင်၏။ နှစ်နှင့်လနှင့် ညစ်ညစ်ကျုကျု ရှိနေခဲ့သော ဦးခေါင်းသည် ယခုသော် ကြည်လင်လာ၏။ ထိုင်းမှိုင်းခြင်းမှ စင်ကြယ်စပြုလာသည်ကို သိလေသည်။

'မောင်ရင်းနှမတွေလို သဘောထားနိုင်ပါတယ် ကိုလတ်ရယ်၊ မဆုံဆည်းခဲ့ရတာကတော့ ဘဝ အကြောင်းပါပေါ့

www.burmeseclassic.com



မိလျှိုင် ခွင့်လွှတ်ပါတယ်၊ တစ်ယောက် အကြောင်းရှိ တစ်ယောက်က ကူညီဖို့ ရှိပါသေးတယ်၊ မဟုတ်ဘူးလား၊ ကိုလတ် အဝင်အထွက် မပြတ်စေချင်ဘူး၊မိလျှိုင်ဆီကို လာတွေ့ဖော်ရလို့ ဝမ်းသာပါတယ်’

နားထဲမှ မထွက်သော စကားများအနက် တစ်ခုအပါအဝင်၊သူ ခွင့်လွှတ်နိုင်ပါပေသည်။ငါသာ သူ့နေရာမှာနေရရင် သူ့လို သဘောထားနိုင်မယ်မဟုတ်ဘူး။ ခွင့်လွှတ်နိုင်ပေတယ် ဆိုပေမယ့် သူစိတ်ကောင်းမှာ မဟုတ်ပါဘူး။ သစ္စာဖောက် တစ်ယောက်ရဲ့ မျက်နှာကို ခွင့်လွှတ်ကြည့်ဖြူနိုင်တဲ့ သူပါလားဟု အံ့ဩရသည်။ဒီလောက် စိတ်သဘောထား ကောင်းတဲ့သူကို ငါရက်စက်ခဲ့တယ်။ အသည်းမှုတဲ့ သူကိုမှ ငါ စိမ်းကားမိလေခြင်းဟု အဆုံးမဲ့သော နောင်တ ရပြန်ချေ၏။

ငါ့ရင်ထဲမှာ အစိုင်အခဲဖြစ်နေတဲ့ အပြစ်တွေကို သူ ကြေပျက်သွားအောင် ခြေဖျက်ပေးရှာတယ်။ အလုံးစုံ ခွင့်လွှတ်တဲ့ အကြည့်ကို မြင်ရတာ ရင်နာလိုက်တာ။ မောင်ရင်းနှမတွေလို အခင်မပျက်ဖို့ သူပြောလိုက်တဲ့အချိန်မှာ ငါ မျက်နှာပျက်နေမှာပါ။ သူမြင်မှာပါပဲ။ ငါ အရင်ကလို ပြောရဲဆိုရဲအောင် စကားတွေ ခင်းခင်းပေးတယ်။ ကလေး ဘဝက ပျော်စရာ ကောင်းပုံတွေကို အစဖော်တယ်၊ ပြေးဆော့ ကစားခဲ့တဲ့ မြက်ခင်းပြင်ကြီးကို မြင်နေတဲ့အကြောင်းတွေ၊ခြံထဲက နွယ်ပင်တွေ၊ ဆောင်းမနက်မှာ ကျောင်းတက်သွားရတဲ့ ပျော်စရာတွေ သူ ပြန်ပြောတယ်။ ဒီစကားတွေနဲ့ ငါ့ရဲ့ မဝံ့မရဲစိတ်ကို လမ်းပျောက်အောင် ပြုခဲ့တာပါကလားဟု တွေးသိလေသည်။

သူမှာတဲ့နေ့ ကျရင် မသွားလို့ မဖြစ်ဘူး။ မဆိုစလောက် ဒီစကားလေးမှာတောင် ငါပျက်ကွက်ရဦးမယ် ဆိုရင် ငါ



မကောင်းတော့ဘူး။ ဒါပေမယ့် အင်း....ဒါပေမယ့်...ပြန်တွေ့ကြတဲ့အခါမှာ စကားတွေ အပုံတစ်ရာပုံ တစ်ပုံတောင် ပြောနိုင်မယ် မထင်တော့ နှစ်နာရီ သုံးနာရီမက ကြာချင်ကြာမယ်။ သုံးနာရီခွဲ ကားနဲ့မှ မလိုက်ရင် မြို့ကိုအဝင် သိပ်မိုးချုပ်မယ်။ ခုတစ်လောကလဲ စစ်ဟယ် ဆေးဟယ်နဲ့၊အမျိုးသားမှတ်ပုံတင် ကတ်ပြားနဲ့ ရုံးဝန်ထမ်းကတ်ပြားရှိပေတယ်လို့လဲ စကားပြောရတာကိုက မကောင်းပါဘူး၊ တခြား မြို့ဂိတ်တွေက ထွက်ခွင့်တားထားတာနဲ့ ကြုံရင် ပိုပြီး အဆင်မပြေ ဖြစ်နိုင်သေးတယ်။ ဒီတစ်ပတ်တော့ မပြန်ဘဲ နေလိုက်တာ ကောင်းမလား မသိဘူး။ တနင်္ဂနွေနေ့ မနက် သုံးနာရီနဲ့ ထသွားရင် မဆိုးပါဘူး။ ဒါပေမယ့် နောက်နေ့မနက် အစောကြီးတစ်ခါ ပြန်ဆင်းရမှာနဲ့၊ ရောက်ရုံလေးပဲ၊ ခရီးပန်းတာနဲ့၊ ရှုပ်ပါတယ်။ နောက်တစ်ပတ်မှပဲ ပြန်မယ်။ ခက်တာပဲ၊ဝေက ကတ်သီး ကတ်သတ် မန္တလေး ထိုးမုန့်နဲ့ လမုန့်၊ရိုးရိုးတန်းတန်း မှာတာ ဟုတ်မှ ဟုတ်မယ်၊ဝေက အရှိ အရှဲ တတ်ပါသနဲ့၊မိလျှိုင်နဲ့ ပတ်သက်ပြီး စကားထေ လိုက်တာ ဖြစ်မှာပါ။ မိလျှိုင် ရန်ကုန်ကို ရောက်နေတာ သိလို့ အဲသလို တမင် ပြောလိုက်တာများလား။ ခင်အေးက မိလျှိုင်လိပ်စာနဲ့ ပတ်သက်ပြီး ငါ့ကို မပြောခင် ဝေ့ကိုများ အရင်ပြောပြမိခဲ့လို့လား။ ပြောမယ် မထင်ပါဘူး။ ငါ့ကိုတောင် ရက်အတော်ကြာမှ ပြောတဲ့ဥစ္စာပဲ။နေစမ်းပါဦး။ ဒါတွေကို ငါဘာလို့ ဒီလောက် လျှောက်တွေး နေမိပါလိမ့်။ ငါ လိပ်ပြာသန့်ရဲ့လားဟု မေးမိသည်။မသန့်စရာ အကြောင်း မရှိဟု ချက်ချင်း အဖြေရသည်။

သို့ရာတွင် တွယ်တာနေသေးလားဟု တစ်ယောက်ယောက်က မေးလာလျှင် အဖြေရခက်မည်ထင်သည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တွင် အထူးအထည် ကြီးစွာ ခြားနေသော မဟာတံတိုင်းကို သူ အမှုန်ပင် မြင်လေသည်။ ရှိသင့် ရှိထိုက်သော ထိုအတားအဆီးကို အစဉ် သတိပြုရမည်ဟု နားလည်သည်။

***

ဘယ်လက် ညာလက် လှုပ်ရှားဟန်မှာ မနွေးလွန်း မမြန်လွန်း။ ညာခြေလှမ်းစအပြုတွင် ဘယ်လက် အလွှဲနှင့် ဘယ်ခြေလှမ်းစအပြုတွင် ညာလက်အလွှဲတို့မှာ တစ်ညီ တစ်ညွတ်တည်း လိုလို ရှိသည်။ သနပ်ခါး အရေးအစင်း ပါးပါးထင်သော လက်မောင်းသည် ပြည့်ပြည့်။ သို့သော် တုတ်ခိုင်မာကျောခြင်း မရှိ။ ပခုံးအကျ၏ ပြေပြစ်မှုနှင့် လိုက်ဖက်သော လက်ဆစ်နှင့် အသားအရေ၊ လက်တစ်ကမ်းမကွာ ယှဉ်၍ လျှောက်ရင်း...

'ကိုလတ် ထမင်းမစားခဲ့ဘူး မဟုတ်လား'

တိုက်ပုံအင်္ကျီ ရင်ဖုံးစအောက်တွင် ရောက်နေသော ရှပ်အင်္ကျီ ကော်လံဖျားကို ဆွဲထုတ်ပြီး...

'လှိုင်လဲ မစားခဲ့ရသေးဘူး မဟုတ်လား'

မိလှိုင်က မစားရသေးကြောင်း ပြောသည်၊ သူ့ဘက်သို့ မျက်နှာ လှည့်ကာ...

'ကိုလတ် ကျွေးမလား'

'ကျွေးမယ်'

လမ်းသွားလမ်းလာ စည်းကားလှသောကြောင့် ကွေ့ကာ ရှောင်ကာ လျှောက်နေရသည်။ ကားလမ်း ကူးသောအခါ မိလှိုင်၏ ခြင်းနှသည် သူ့ ခါးနှင့် မထိတထိ။ တစ်ဖက် လူသွားလမ်းပေါ်သို့ ရောက်သော် သူ့ကို တစ်စုံတစ်ရာပြောရန် မိလှိုင် နှုတ်ခမ်းပြင်သည်။ ပန်းတောင်း နှစ်ဖက်ဆိုင်းထမ်းနှင့် လာနေသူကိုလမ်းဖယ်ပေးရ၍ လူချင်း အလှမ်းဝေးသွားသည်။



နိုင်လွန်ကြိုးများ၊ စီးကရက်များ၊ တွယ်ချိတ်အပ်များ ရောင်းနေသူတို့ကို သူကွေ့ သွားရသည်။ မိလှိုင်သည် လူသွားလမ်းနှင့် ကားလမ်းအစပ်သို့ ဆင်းကာ လျှောက်နေရသည်။ ခြေလှမ်းတိုင်းတွင် ရှေ့မှလာသူ၊ နောက်မှ လိုက်လာသူတို့နှင့် ထိလုနီးပါး ဖြစ်နေ၏။ ဓာတ်မီးခြစ်၊ မီးခြစ်ကျောက်၊ ကြယ်သီး၊ လက်သည်းညှပ်၊ မိသားစု စီမံကိန်း ပစ္စည်းများ။ ဘောပင်၊ မင်ချောင်းနှင့် တိုလီမိုလီပစ္စည်းစုံ ရောင်းသူတို့၏ စျေးပန်းများ စသည့် နေရာတွင် သူရပ်၍ စောင့်သည်။ အနားသို့ ရောက်သည့်အချိန်၌ သူမေးသည်။

'ခုန လှိုင် ဘာပြောမလို့လဲ ဟင်'

ဇဝေဇဝါ ဖြစ်နေသည်။ စဉ်းစားပြီးမှ...

'သြော်...ကိုလတ်၊ အိမ်ကို အပတ်တိုင်း ပြန်တယ်မဟုတ်လား'

ခေါင်းညိတ် ပြုံးပြီးချင်း...

'ဒီတစ်ပတ် မပြန်ဘူးလို့ ပြောခဲ့တယ်၊ တစ်လောတုန်းက အမေနေမကောင်းလို့ ခွင့်တွေ ဆက်တိုက်ယူပြီး ပြုစုရလို့ နည်းနည်း ပင်ပန်းသွားတယ်၊ ကားစီးရတဲ့ အချိန်က ခြောက်နာရီ ခုနစ်နာရီ၊ ဒါနဲ့ ဒီတစ်ပတ် မပြန်ဘူးလို့ ပြောခဲ့တယ်လှိုင်၊ ဘာဖြစ်လို့လဲ'

'မလှိုင်နဲ့ လာတွေ့ရလို့ အိမ်မပြန်ဖြစ်တဲ့ နေမှာစိုးလို့'

'ဟင့်အင်း'

မှသားပြောမိခဲ့ပြီဟု သိသည်။ သို့သော် ထိုစကားမှ အစပါး ပြောစရာစကား ရှာမတွေ့ခဲ့။

'သွားရလာရ မသက်သာလိုက်တာ၊ ဝေတို့ သွားအိမ်ကို ရန်ကုန်မှာ ခေါ်ထားရင်ကောင်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရန်ကုန်မှာကျတော့ ပညာရေးဘွဲ့ ရခဲ့တာ မဟုတ်တော့ ဆရာမ ဝင်လုပ်ဖို့မလွယ်ဘူး'

'တခြား ဌာနတွေကော မဖြစ်ဘူးလား၊ မိလှိုင်တို့ ဌာနက သွဲ့ရှုတွေ မကြာခင် ခေါ်ဦးမယ်'

'ရန်ကုန်ပြောင်းနေတာက လွယ်ပါတယ်၊ ခက်တာက ကလေးကို ဘယ်လိုလုပ်မလဲ၊ ကလေးထိန်း အိမ်စောင့် လူ ငှားဖို့ဆိုတာ ခက်ပါတယ်၊ဒီခေတ်မှာက လူကောင်းရှားတယ်၊ အူ့ညီမတွေ ကြီးဒေါ်တွေ လာနေဖို့ ဆိုတာလဲ စိတ်ကူး သလောက် မလွယ်မှါဘူး၊ ခုလိုပဲ နေရမှာပေါ့'

မိလှိုင်သည် ညာဘက်မှခြင်းကို ဘယ်ဘက်သို့ ပြောင်းကာ ချိတ်၏။

'သမီးက စကားတော်တော် တတ်နေမှာပေါ့နော်'

'တစ်ခွန်းစ နှစ်ခွန်းစပေါ့၊ ရေရေလည်လည်တော့ မပြော သေးဘူး'

'ဘယ်သူနဲ့တူလဲ၊ ဖအေနဲ့တူရင် ညိုချော ချောမယ်'

ခပ်ဆိုင်းဆိုင်း လေသံဖြင့် သူမေးသည်။

'မအေနဲ့တူတယ်'

လမ်းထောင့်သို့ ရောက်လာသည်၊ မြောက်ဘက်သို့ ကွေ့ လိုက်သည်၊ဈေး ည်များ၊ဝယ်သူများ၊ဖြတ်သွားဖြတ်လာများ ကို တိမ်း၍ လျှောက်ရသည်။ မိလှိုင်၏ လက်ဖဝါးသည် ခါးကို ထိသည့်အခါ ထိ၏။ တံတောင်ချင်း ရံခါ တိုက်မိသ လည်းရှိသည်။ မိလှိုင့်လက်မောင်းသည် သူ့လက်ပြင်နှင့် ခါ တလေ ထိကပ်သည်။ လူရှင်းသောနေရာသို့ ရောက်ခို တွင်....

'ဂေကို မြင်ကြည့်တာ ကောင်းကောင်း မပီသတော့ဘူး'



ပြန် မပြော၊ ဝေဟာသောအမှည့်ကို မိလှိုင်နှုတ်မှ အထစ် အငေါ့မရှိ ထွက်လာနိုင်သည်ဟု သိ၏။ သူ့နှုတ်မှ ထုတ်ဖော် ရမည်ကို ဝန်လေးနေသည်။ ထိုအမည်ကို နှုတ်ဖျားတွင် တင် ဆောင်ရန် ခက်ခဲနေသည်၊ ထို့ပြင် မိလှိုင်ကို အားနာလျက် လည်း ရှိသည်။ ခြေလှမ်းပေါင်း သုံးလေးဆယ် မကအောင် နှုတ်ဆိတ်စွာဖြင့် သူ လျှောက်လာသည်။အထမ်းသမား တစ်ဦး နှင့် မျက်နှာချင်းဆိုင်မိ၍ သူ ရပ်ကာ လမ်းဖယ်ပေးသည်။ဆက် လျှောက်ရင်း မိလှိုင်ကို ကြည့်သည်။ သူ့ရှေ့ သုံးလေးလံအကွာ တွင် မိလှိုင်သည် ခြေလှမ်း မှန်မှန်နှင့်။

လှသော်လည်း ယဉ်ကျေးသော ခန္ဓာကိုယ်ကို တစ်ကြည့် ကြည့်ပြီး သူ မျက်လွှာချကာ လျှောက်လိုက်၏။ လက်သုံးသစ် ခန့် မြင့်သော ဖိနပ်ဖြူဖြူပေါ်ရှိ ဖနောင့်ကို မြင်သည်။မိလှိုင် ၏ ဘေးသို့ ရောက်လာသည်။

'မေးရဦးမယ်၊မိလှိုင် ဆယ်တန်းဖြေပြီးလို့ လာလည်တုန်းက အမျိုးသမီး တစ်ယောက်ကို မြင်မိတယ် အောက်မေ့တယ်၊ ကိုလက်နဲ့ နှယ်ပင်တွေပေါ်မှာ ထိုင်နေတုန်းက၊ မိလှိုင် အဲဒီ အမျိုးသမီးရဲ့ မွေးသက္ကရာဇ်တွေနဲ့ပတ်သက်ပြီး ကိုလတ်ကို ခပ်ထေ့ထေ့ လုပ်သေးတယ်၊ အဲဒါ ဝေမဟုတ်လား'

ယေးငါးခြောက်လှမ်း လှမ်းပြီးမှ သူ ခေါင်းညိတ်လေ သည်။

'အဲဒီအချိန်က သူနဲ့ ကိုလတ်နဲ့....'

စကား မပြည့်စုံ၊ သို့တစေ သူ နားလည်လိုက်သည် ချစ် သူသော စကားလုံးကို မိလှိုင် အပြောရ ခက်နေသလော၊ ပြောလို၍လောတော့ မခွဲခြားနိုင်။ မိလှိုင်ကဲ့သို့ပင် ထိုစကား

www.burmeseclassic.com

www.burmeseclassic.com



လုံးမပါသော အဖြေကို ခေါင်းညိတ်ခြင်းဖြင့်သာ သူ ပေးလေသည်။

'သူက မိလှိုင်ကို အဲဒီတုန်းက တော်တော် အကြည့်ရခက်သွားမှာပဲ၊ သူ့ချစ်သူနဲ့အတူ တွေ့လိုက်ရတာကိုး၊ အဲဒီတုန်းကတော့ ကိုလတ်ကို သူနဲ့နည်းနည်းမှမထင်ခဲ့ဘူး၊ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတာမျိုးလောက်တော့ ရှိမယ်လို့ မိလှိုင် ယူဆခဲ့တယ်'

နားမလည်သော မျက်လုံးအစုံကို မိလှိုင် မြင်၏။

'ဘယ်လိုကြောင့်လဲ မိလှိုင်'

မိလှိုင် ပြုံးသည်။

'ဝေက ကိုလတ်အိမ်ကို လာတာမဟုတ်လား၊ မိန်းကလေးတစ်ယောက်က ယောကျ်ားလေး တစ်ယောက် အိမ်ကို လာတယ်ဆိုတာ သာမန် အသိအဆင့် မဟုတ်ဘူးလေ၊ ရင်းနှီးတဲ့မိတ်ဆွေ၊ သူငယ်ချင်း၊ ဒါမှ မဟုတ်ရင် ချစ်သူ မဖြစ်တဖြစ်၊ ဒါမှမဟုတ်ရင် ချစ်သူ၊ ကိုလတ်နဲ့သူ ရင်းရင်းနှီးနှီး ရှိသူတွေဆိုတာ ရှင်းနေတယ်လေ၊ ဒါပေမယ့် ဝေနဲ့ မိလှိုင်ကို ကိုလတ် မိတ်ဆက်မပေးခဲ့ဘူး၊ သတိထားမိလား၊ အဲဒီတုန်းက မိလှိုင်နဲ့ ကိုလတ် ချစ်သူ မဖြစ်သေးဘူး၊ ခင်မင်တဲ့ သူငယ်ချင်းတွေ ဒါပေမယ့် ဝေဆိုတဲ့ မိန်းကလေးနဲ့ မိလှိုင်ဆိုတဲ့ မိန်းကလေး နှစ်ယောက် သိကျွမ်းသွားမှာစိုးပြီး မိတ်ဆက်ပေးသင့်တဲ့ ဝတ္တရားကို မသိချင်ယောင် ဆောင်နေခဲ့တယ်လေ၊ ဟုတ်လား မဟုတ်လား၊ ကိုလတ် စကား ကိုလတ် မှတ်မိလား၊ မိလှိုင်နဲ့ ဝေရော ငယ်သူငယ်ချင်းတွေပါတဲ့၊ တစ်ယောက်နဲ့တစ်ယောက် သိသွားရင် ခုတ်သိ ဖြစ်သွားမှာတဲ့၊ အဲဒီ နှစ်ယောက် သိကျွမ်းသွားမှာ ကိုလတ် စိုးရိမ်ခဲ့တာပဲလေ၊ မိလှိုင်နဲ့ ကိုလတ်



ကို ဝေကြည့်တဲ့အကြည့်က တစ်မျိုးပဲလို့ ထင်ခဲ့တယ်၊ ပြန်တော့အရေးလုပ်ပြီး တစ်ချက်မကြည့်ဘူး၊ နည်းနည်းတော့ စိတ်ထဲထင့်မိခဲ့တယ်၊ ကိုလတ်က ပိရိလွန်းတော့ မထင်မိပြန်ဘူး'

မကျေမချမ်းဖြစ်သံ ရေးရေးမျှ လွှမ်းနေသည်။ ထိုမျှမက ပြောခွင့်ရှိသည်ကို သဘောပေါက်သည်။ ရွှေတူရှုသို့သာ မျက်နှာမူကာ နေလိုက်သည်။ လှည့်ကြည့်လိုက်လျှင် တစ်မျိုးထင်ကောင်း ထင်ချိမ့်မည်။ နားမခံသာသော အကြည့်ဟု တွေးစရာ ဖြစ်သွားမည်။

'အဲဒီတုန်းက ဝေ ကြည့်ပုံတွေ အမူအရာတွေဟာ ဒီ့မက လွန်သင့်ပါတယ်'

နှုတ်ခမ်းစေ့ကာ သူ နေသည်။

'မိလှိုင်ကို သူ့ချစ်သူ လုမယ့်သူလို့ ထက်မှာပဲ'

ပင့်သက်ကို ဖြည်းညင်းစွာ မှုတ်ထုတ်ပြီး နားထောင်မြဲ နားထောင်နေလိုက်၏။

'ကိုလတ်ကို သူ ပိုင်ဆိုင်နေရပေမယ့် မိလှိုင်ကိုတော့ သူ မုန်းနေတုန်းပဲ ဖြစ်မှာပါ၊ ဝေ မိလှိုင်ကို ဘာပြောလဲ ကိုလတ်'

ကားမှတ်တိုင်ရှေ့ရှိ ကားစောင့်သူ လူစုလူဝေးကြားမှ ဖြတ်ထွက်ပြီး လွန်တော့မှ....

'ဝေ ဒီကိစ္စတွေကို မသိဘူး လှိုင်'

မယုံသော မျက်နှာသည် သူ့ဘက်သို့ တစ်လှည့် လှည့်လာ၏။ ထို့နောက်....

'ဟုတ်ရဲ့လား ကိုလတ်ရယ်'

'ဟုတ်တယ် လှိုင်၊ ဘာဖြစ်လို့လဲ ဟင်'

'ဒီကိစ္စကို ကိုခင်အေးရော ကိုစိုးရော သိကြတယ် မဟုတ်လား'

www.burmeseclassic.com



'သိတယ်လေ၊ သူတို့ ဝေ့ကို မပြောကြပါဘူး'

'မဟုတ်ဘူးလေ၊ မအေးသွယ်သွယ်တို့က ဝေ့ကိုမပြောဘဲ နေမလား'

'အေးသွယ်သွယ် မသိတာ သေချာပါတယ်၊ ပြီးတော့.... အစိုးမိန်းမ မစန်းသင်နဲ့ ဝေနဲ့က တစ်လ ကိုးသီတင်းနေလို့ တစ်ခါ မတွေ့ကြပါဘူး၊ ပြီးတော့....ကိုယ်တို့ သုံးယောက်က လွဲရင် ဘယ်သူမှ မသိကြပါဘူး လှိုင်'

မိလှိုင် ချက်ချင်း ပြန်မပြော။ လူသွားလမ်း အုတ်ပြား သုံးလေးချပ်ကို နင်းလာပြီးမှ....

'ကိုလတ်အတွက် စာကို ကိုခင်အေးတို့အိမ် သွားပေးတုန်းက မအေးသွယ်သွယ်နဲ့ တွေ့တယ်လေ၊ သူ စဉ်းစားမှာပေါ့၊ ကိုလတ် အမေတို့ အဖေတို့က တစ်ဆင့် စာပေးထားခဲ့လဲ ရလျက်သားနဲ့ သူ့ယောကျ်ားကမှ တစ်ဆင့် စာတစ်စောင် ပေးခိုင်းတယ်ဆိုတော့ ရှင်းနေပြီလေ၊ မအေးသွယ်သွယ့် မျက်လုံးကိုလဲ မိလှိုင် သတိထားမိခဲ့ပါတယ်၊ ဝေ့ကို ပြန်ပြောမှာပေါ့'

အမှန်စကားတွေဖြင့် ထိုသံသယကို ချေဖျက်ရန် စိတ်မလုံ။ မှန်သော စကားဖြင့် ထိုသံသယကို လျော့ပါးသွားစေရန်....

'ဝေ ဒီနေ့အထိ ဘာမှ မပြောခဲ့တာ အမှန်ပဲ လှိုင်'

'အင်းလေ၊ဆိုပြီး မပြောတာနဲ့ မသိလို့မပြောတာ ခွဲခြားဖို့ မလွယ်ပါဘူး ကိုလတ်ရယ်၊ သူ သိတော့ သိမှာပါ၊ ကိုလတ် စိတ်ဆင်းရဲသွားမှာစိုးလို့ မပြောဘဲ နေခဲ့တာ ဖြစ်ချင်ဖြစ်မယ်လေ၊ မဟုတ်ဘူးလား'

သူ့နှုတ်ဖျားတွေ မလှုပ်မယှက်။



'သူရှိနေမှန်း မသိလို့ မဝင်သင့်တဲ့ နယ်ကို မိလှိုင် ဝင်မိတာရယ်လို့တော့ သူသိမှာ မဟုတ်ပါဘူး၊ သိနေရင်တော့ ဒီစည်းကို မိလှိုင် ဘယ်လိုမှ ကျော်မိမှာမဟုတ်တာ သေချာပါတယ်၊ ဘာပဲဖြစ်ဖြစ်လေ....မိလှိုင်ကလဲ မိလှိုင်ပါ၊ မိလှိုင် အတွက်မှားခဲ့တာတွေကြောင့်လဲ စိတ်ဆင်းရဲစရာတွေ ကြုံခဲ့ရတာပဲ၊ ရိုမ်မ်း သံဖမ်း အခနအထားကနေ အတိအလင်းအဆင့် ရောက်အောင် ဖန်တီးလိုက်သူက မိလှိုင် မဟုတ်လား'

မိမိကိုယ်မိမိ အပြစ်ဖို့နေခြင်းဟု နားလည်အပ်သော်လည်း ထိုသို့ ဖြစ်စေခြင်း၌ သူ တာဝန်မကင်းကြောင်း မှတ်ယူခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် မိလှိုင်ကို ကြည့်သည်။

'ကိုယ် အလေးအနက် ထပ်ပြီး တောင်းပန်ပါတယ် လှိုင်'

သူ့ ဘက်သို့ မျက်နှာလှည့်မယောင် ပြု၏။ သို့သော် မလှည့်။ လမ်းတစ်လျှောက်သို့ လှမ်းကြည့်ကာ....

'ကိုလတ်ကို အပြစ်ပြောနေတယ်လို့ ထင်သွားတယ်နဲ့ တူတယ်'

'ဟင့်အင်း....မထင်ပါဘူး၊ လှိုင် အဲဒါတွေ ပြန်တွေးလေလေ ရင်ထဲမှာ တနုံ့နုံ့ ဖြစ်လေပေါ့၊ ကိုယ့်ကိုယ်ကို ရိုက်ပစ်လိုက် သတ်ပစ်လိုက်တာကမှ ပြီးသွားရင် ပျောက်ချင် ပျောက်မယ်၊ ပြန်တွေးနေသမျှတော့ အခံရခက်တဲ့ ဝေဒနာကို အပြန်အလဲလဲ ခံစားနေရမှာပဲ၊ လှိုင့် အတွက် မသက်သာလှန်းလို့ပါ'

သက်ပြင်းရှည် တစ်ချက်ကို မကွယ်မဝှက် ချလိုက်သည်။ ထို့နောက် နာကျင်သော အပြုံးဖြင့်....

'ခံစားခဲ့ရတာ ကြာပါပြီ ကိုလတ်ရယ်၊ သက်သာတယ် မသက်သာဘူးဆိုတာကိုတောင် သတိမထားမိခဲ့တဲ့အထိပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



စူးရှထက်မြက်လွန်းသော စကားတစ်ခွန်း။ နှလုံးသွေးတိုးကို မြန်စေသောအသံ။ ပြန်လည်ပြောရန် စကားကို စိုးစဉ်းမျှ ရှာ၍ မတွေ့စေနိုင်အောင် စွမ်းအင် ကြီးမားလှလေ၏။ ထွေးပတ်လျက်ရှိသည့် အတွေးများကို အတွေးများကပင် တစ်ဖန်ဆင့်ကဲစည်းကြပ်လာသည်။ ဖြေသိမ့်စကားတွေ ပြောရန် နှုတ်မဝံ့။ တရားပြခြင်းနှင့် ကိုယ့်အဖြစ်မှ ကိုယ်ဖော့ခြင်းတို့ကို ဤအမှုတွင် ခွဲခြားရခက်သည်။ ရှေးဘဝအကြောင်းကံ၊ ဘဝရေစက်၊ ဘဝေဘဝါက ပန်ဖူးသော ပန္နက်ဟူသော ဝေါဟာရတို့ကို မဟရဲ။ ချစ်သူကို စိမ်းကားစွာ ကျောခိုင်းခြင်း ဟူသော ရက်စက်မှုကို အပြစ်မှ လျှော့ပါရန် လျှောက်လဲသည့် ဆင်ခြေများဟု ထင်နိုင်ဖွယ် ရှိသည်။ သို့မဟုတ် အပြစ်မှ လွတ်ပါရန် အသနားခံလွှာတွင် အသုံးပြုရာ အကောင်းဆုံး ဝေါဟာရများဟု မိလှိုင် ယူဆသွားနိုင်သည်။ အသင့်လျော်ဆုံး နည်းလမ်းကို သူ ရွေးချယ်လိုက်သည်။ မနှစ်သိမ့်။ မတားမြစ်။

‘ကိုလတ်’

မျက်လုံးချင်း ဆုံသည်။

‘စိတ်ညစ်သွားတယ် မဟုတ်လား’

ပြုံးကာ ခေါင်းခါသည်။

‘ခေါင်းခါပေမယ့် ကိုလတ် မျက်နှာညိုးနေပါတယ်’

‘လှိုင် ထင်လို့ပါ၊ ကိုယ် ဘာမှ မဖြစ်ပါဘူး၊ လှိုင် ပြောတာတွေ နားထောင်နေတာပါ’

‘စိတ်ညစ်စရာတွေ မပြောတော့ဘူး၊ နှစ်ယောက်စလုံး စိတ်မချမ်းမသာ ထပ်ဖြစ်ရုံကလွဲလို့ အကျိုး မထူးတာတွေ ကိုလတ်ကို တစ်ခုခုလဲ လိုက်ကျွေးခိုင်းသေးတယ်၊ စိတ်ညစ်အောင်လဲ လုပ်တယ်လို့ မထင်ဘူးလား’



သူ ခပ်တိုးတိုး ရယ်လိုက်သည်။ ဟုတ်တယ်၊ ဒါအမှန်ပဲ၊ မထင်ပါဘူးဟု ပြောမည်ကြံသေးသည်။ တစ်စွန်းငြိနိုင်သည်ဟု ချိန်ဆမိ၍ မပြောဖြစ်။

‘ဘယ်မှာ ဘာသွားစားကြမလဲ ဟင် ကိုလတ်’

‘လှိုင့် သဘောပေါ့’

‘ဟင့်အင်း၊ ကိုလတ်ပဲ စဉ်းစား’

ပူပြင်းဆဲပင်ရှိသေးသော ဦးနှောက်သည် လောလောဆယ် မစဉ်းစားတတ်သေးချေ။

‘ပြောလေ ကိုလတ်’

မိလှိုင့်အသံသည် ကြည်လင်စ ပြုလာသည်။

‘ဝါးအိမ်စံ စားတော်ဆက်ကို သွားမလား’

‘သွားပေါ့’

‘မြန်မာထမင်းဟင်းပဲ စားမလား’

‘စားပေါ့’

‘ဒီကနေ တော်တော် လျှောက်ရဦးမှာနော်’

‘လျှောက်ပေါ့၊ ဘယ်အထိလဲ၊ စာရာမေရီ တောင်ထိပ်အထိလား၊ ခါကာဘိုရာဇီထိပ် အထိလား၊ မြောက်ဝင်ရိုးစွန်းအထိလား၊ အဲဒီမကတဲ့..........

*

(၃၅)

.......ပေါ့ ကိုလတ်ရယ်၊ မိလှိုင် တကယ်ဝမ်းသာတာပါ။ ငယ်ငယ်ကတည်းက အတူ ကစားဖော် ကစားဖက်၊ ကျောင်းသွားဖော် ကျောင်းသွားဖက် မောင်နှမအရင်းအချာတွေလိုပဲဆိုတဲ့ အသိဟာ မိလှိုင်မှာ အမြဲရှိပါတယ်၊ အဲဒီမေတ္တာက ပိုမိုကြီးမားပါတယ်၊ မိလှိုင်ကို မျက်နှာမပူပါနဲ့လေ၊ ဟုတ်လား၊ မိလှိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆီကို မကြာမကြာ လာပါ၊ လူကိုယ်တိုင် မလာဖြစ်တောင်မှ ဖုန်းတော့ ဆက်ပါ၊ မိလှိုင်က မိန်းကလေးဆိုတော့ ကိုလတ်ဆီ လာဖို့ မလွယ်ဘူး၊ ပြီးတော့ ကိုလတ် နေတဲ့အိမ်က ကိုလတ် အမျိုးအိမ်ဆို ကိစ္စမရှိဘူး၊ ဝေ့ဆွေမျိုးအိမ်ဆိုတော့ မကောင်းဘူးလေ၊ မိလှိုင် ဆင်ခြင်ရမယ်၊ ကိုလတ် ရုံးကို မလာနိုင်ရင် ရုံးအားရက် အိမ်မပြန်ဖြစ်တဲ့ရက်ဆိုရင် အိမ်ကိုလာပါ၊ မိလှိုင့် ဓမ်းကွဲ အစ်ကိုရော ယောင်းမရော သဘောကောင်းကြပါတယ်'

မိလှိုင့်စကားတွေက နားထဲတွင် အဖန်တလဲလဲ စီးဆင်းလျက်ရှိလေသည်။ အိမ်သို့ ပြန်ရောက်သောအခါ လေးနာရီခွဲပြီးချေပြီ၊ ရေမိုးချိုးပြီး ရုံးစာကြည့်တိုက်မှ ငှားလာသော စာအုပ်ကို ဖတ်သည်။ စာလုံးတွေအကြားတွင် မိလှိုင်၏နှုတ်ခမ်းသော ပါးမို့ကို မြင်နေသည်။ စာပိုဒ်တွေကြားတွင် မိလှိုင်၏ မျက်နက်ဝန်း ကြည်လဲ့လဲ့ကိုမြင်နေရသည်။ ဝတ္ထုဇာတ်လမ်းသည်အာရုံ၌မစွဲမြဲ၊ မိလှိုင်၏ ချိုလွင်လွင်ရယ်သံကို ကြားနေသည်၊ စာရွက်တွေကိုကျော်ကာ လှန်နေမိသည်။ မိလှိုင်၏ ပြေပြစ်သောလည်တိုင်နှင့် နုထွေးနီမြန်းမြန်း နှုတ်ခမ်းကို မြင်နေရသည်၊

ထိုနေ့က မိလှိုင်ကိုမြင်ရသည်မှာ စိတ်အနှောင့်အယှက်တွေ ထဲမှ ရုန်းထွက်လွတ်မြောက်လာဟန်နှင့် ရှိလေသည်၊ ထမင်းစားသောက်နေစဉ် လှုပ်ရှားနေပုံမှာ ငယ်စရိုက်ကို အောက်မေ့ဖွယ်၊ အပြစ်ကင်းစင်သော ကလေးတစ်ယောက်ကို မြင်နေရသကဲ့သို့ ဖြစ်လေသည်၊ ထိုသို့မြင်ရသည်တွင် မိလှိုင်အတွက် ဝမ်းနည်း၏။ တစ်ချိန်တစ်ခါက ချစ်သူရယ်လို့ ဖြစ်ခဲ့ရပေမယ့်စာအဆက်အသွယ်နဲ့သူ့ ခမျာကြည်နူးခဲ့ရ ရှာတယ်။ချစ်သူ



ဘဝနဲ့ သွားရလာရတယ်ဆိုလို့ တစ်ဖဝါးစာတောင် မရှိခဲ့ဘူး။ ချစ်သူဘဝမှာ ချစ်သူအကြည့်တောင် မမြင်ခဲ့ရရှာဘူး။ ပြန်လည် တွေ့ကြတယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်သူ မဟုတ်ကြတော့၊ ဘဝကခြားနေပြီ၊ မောင်နှမသဖွယ် ဆက်ဆံရေးနဲ့ ပြန်လည် ထူထောင်ကြရတဲ့ဘဝ။ အေးလေ၊ ဒီဘဝ ဒီအခြေအနေမှာ သူ စိတ်ချမ်းသာအောင် ငါ အစွမ်းကုန် ကြင်နာမယ်၊ ဂရုစိုက်မယ်။ ဖြူစင်သန့်ရှင်းတဲ့ ဒီမေတ္တာကိုသာ အပြန်အလှန် ပေးစွမ်းနိုင်တော့တာကိုး။ သူ့ အဖို့ ပြောစရာ ဆိုလို့ ဒီတစ်လမ်း ရှိတော့တာပဲ။ သူ စိတ်တော့ ကောင်းနိုင်မယ် မထင်ဘူး၊ ကြာတော့လည်း နေသား ထိုင်သား ကျလာမှာပါ။ ဒဏ်ရာဟောင်းကို ဆွရာကျမယ့် စကားတွေ ယောင်မှား မပြောမိအောင် ငါ ဆင်ခြင်ရမယ်၊ ငါ သတိကြီးရမယ် ဟု သူ တွေးဆည်။

***

ဝေ့ကိုယ်မှ သနပ်ခါးနံ့သည် သင်းသင်းပျံ့ပျံ့။

'ပေးလေ ဈေးခြင်းတောင်း'

'ရပါတယ် မောင်ရဲ့၊ အိမ်ပဲရောက်ခါနီးနေပြီ'

ဝေ့ လက်တောင်မှ သူဖြုတ်ယူသည်၊ ဝေက ဈေးခြင်းပေးရင်း....

'မနေ့က ပြန်မလာတော့ ပြန်မလာဖြစ်ဘူးထင်တာ၊ တနင်္ဂနွေနေ့ကြီးကျမှတော့ မောင်လာမယ် မထင်ဘူး'

'မနေ့က ညနေ ငါးနာရီအထိ အချိန်ပို ဆင်းပေးရတယ် ဝေရဲ့'

ဝေသည် ပြုံး၍ ခေါင်းတစ်ချက်ဆတ်၏၊ ရှုသုံးငွေစာရင်း ရှင်းတမ်းအတွက်စာရင်းတွေ ခုတည်းကလုပ်ထားရတယ်လေ

www.burmeseclassic.com



ဝန်ကြီးက စာရင်းနဲ့ ခုနှစ်စီမံကိန်းတွေလိုချင်တယ်ဆိုလို့ အားချင်းပဲ အချိန်ပိုဆင်းရတာ။ ရောဝတီတိုင်း စပါးထွက်နှုန်းကို အပေါ်ကတောင်းလို့ ချက်ချင်း စာရင်းပြုစုကြတာ စသည်ဖြင့် နှုတ်အလျဉ်းသင့်ရာ ဆက်ပြောမည် ကြံသေးသည်။ စကားများများပြောလျှင် လွဲချော်သွားနိုင်သည်။ အကြားအမြင် အဖတ်အရှု မနည်းလှသော ဝေ့ကို စကားပြောရာတွင် သတိထားမှ ဖြစ်မည်။ ထိုစကားတစ်ခွန်းနှင့်ပင် လုံလောက်သွားပြီဟု ထင်၍ အလိမ် တစ်ဆင့် မတက်တော့။

'ကားပေါ်က ဆင်းဆင်းချင်း ဈေးထိပ်က ထွက်လာတဲ့ ဝေ့ကို မောင် လှမ်းမြင်တာ'

'ကိုယ့်စိတ်ကူးနဲ့ကိုယ် ပြန်လာတာဆိုတော့ မောင် နှစ်ခွန်း သုံးခွန်းခေါ်တာ ဝေ မကြားဘူး'

'ဘာတွေ စဉ်းစားလာလို့လဲ ဝေ'

'အိမ်က ထွက်လာတုန်းက ချက်ဖို့ ပြုတ်ဖို့ ဘာဝယ်မယ်လို့ စိတ်ကူးခဲ့တာ၊ ဒီကျတော့ ဈေးနဲ့ မကိုက်၊ ဈေးတွေကလဲ အတက်ချည်းပဲ၊ ဟင်းချိုချက်ဖို့ ချဉ်ပေါင်က တစ်စည်း တစ်မတ်၊ တွေလား၊ ငါးပိကြော် ကြော်မလို့၊ ပုစွန်ခြောက်ဈေးက ခေါင်ရောက်နေလို့ မကြော်ဖြစ်တော့ဘူး၊ အဲဒါတွေလဲ စဉ်းစား၊ ပြီတော့ မောင် မနေ့ကမလာလို့ စိတ်တွေပူပြီး ဟိုတွေး ဒီတွေး တွေးမိနေလို့'

သူ ရယ်သည်။ ဆွဲထားသော ခြင်းအဖြူကို ငုံ့ကြည့်သည်။ ပဲတောင့်ရှည် နှစ်စည်း၊ ချဉ်ပေါင်နှစ်စည်း၊ ကြက်ခြေထောက် တစ်ချောင်းက ခြင်းအောက်တွင်။ ငါးပိ တို့စရာအထုပ်များကို မြင်ရသည်။ စပါးလင်နှင့် ချင်းတက်တို့ကို မြင်သည်။ ဆင်



ဆက်ထုပ်၊ ဗန့်ဗွေးထုပ်၊ စက္ကူထုပ် လေးငါးထုပ်သည် ခြင်းထောင့်တွင် ရှိနေသည်။

'မောင့် အတွက် မပူပါနဲ့ ဝေရာ၊ မောင် ကလေးမှ မဟုတ်ဘဲ'

ဝေက လမ်းဘေးသို့ ဆင်းသည်။ သူ လိုက်၍ ဆင်း၏။ မြင်းလှည်း တစ်စီး ဖြတ်ကျော်သွားမှ ကတ္တရာလမ်းပေါ်သို့ ပြန်တက်ကြသည်။ ဝေသည် လမ်းပေါ်သို့ တက်ရင်း သူ့ကို မော့ကြည့်ကာ ပြုံး၏။

'မောင်က ကလေးဆိုရင်တော့ ဘယ်လာပူပါ့မလဲ၊ စဉ်းစားကြည့်လေ၊ ကလေး တစ်ယောက် ဖအေ ဖြစ်နေလို့ မောင့်အတွက် ဝေ ပူပန်နေရတာပေါ့'

သဘောပေါက်သောကြောင့် သူ ရယ်လေသည်။ ပြုံးထေ့ထေ့ နှုတ်ခမ်းဖြင့် ဝေက ဆက်၍ ပြော၏။

'ခုနေပုံအတိုင်းဆိုရင် လှေကားအထစ်တစ်ရာ နင်းဆင်းပြီးတောင် လူပျိုလို့ ထင်စရာပဲ၊ ရုံးမှာကော လူပျိုလို့ပဲ ပြောထားတယ် မဟုတ်လား'

'မပြောပါဘူး'

'ဪ....ဟုတ်တာပေါ့၊ ပြောထားစရာ မလိုဘူးလေ၊ အိမ်က မိန်းမအကြောင်း သမီးအကြောင်း ရေငုံနှုတ်ပိတ်ထားရင် ပြီးတာပဲ၊ မဟုတ်ဘူးလား၊ သားမယားနဲ့ ပတ်သက်တဲ့စကားဆို ကြမ်းကြား လေကြား မဟလပ်ဘဲ နေလိုက်ရင် အိမ်ထောင်သည် မဟုတ်ကြောင်း အထင်ရောက်စေတာပဲ ဟုတ်လားပဲ'

ပြုံးရယ်စွာဖြင့် သူ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမရယ်....ဒီနေ့လို ကမန်းကတန်းလာ ကမန်းကတန်း ပြန်ရဦးတော့၊ မောင် လာတွေ့တာ ထည့်မတွက်တော့ဘူး လား၊ ပြီးတော့ မောင် အပတ်တိုင်း ပြန်လာတာပဲ ဝေရဲ့'

သူ့ ဘယ်လက်မောင်းကို ဝေ ကိုင်ကာ တစ်ချက် ဖျစ် သည်။

'တော်ပါ၊ ချွဲလိုက်တာ'

'ဒါဆို ဘယ်ကောင်းတော့မလဲ'

'ဟင်းနေဘ်....ဘာပြောတာလဲ'

'ဩော်....မောင်က အကောင်း အတည်ပြောတာကို ချွဲ တယ်လို့ထင်တော့ ဘယ်ကောင်းတော့မှာလဲလို့ ပြောတာပါ'

ဝေက ရယ်သည်။ သူ့ လက်မောင်းကို တင်းကျပ်စွာ ဆုပ် ထားသည်။ လူချင်း ပို၍ ကပ်နေ၏။ ထိုစဉ် မျက်နှာချင်းဆိုင် လျှောက်လာသော သူ့ မိတ်ဆွေက ဈေးပြန်လားဟု နှုတ်ဆက် သည်။ ဟုတ်ကဲ့၊ ဘယ်သွားမလို့လဲဟု သူ ပြန်လည် နှုတ်ဆက် သည်။ ဒီနားတင်ပဲဟု မိတ်ဆွေကပြောရင်း သူတို့နှစ်ယောက် ကို ပြုံးကြည့်သွား၏။

'အချစ်နှာလိုဆနေတယ်လို့ ဟိုလူက ထင်သွားမှာပဲ ဝေ'

နှစ်ခြိုက်စွာ ဝေ ပြုံး၏။

'ထင်ထင်ပေါ့၊ ကိုယ့်ယောကျ်ားနဲ့ကိုယ် အဲသလိုနေတာ ဝေ အရေးမစိုက်ပေါင်၊ သူများ ယောကျ်ားနဲ့ သွားတာ မဟုတ်တာ'

ရယ်ပင် ရယ်လိုက်ရသော်လည်း အာရုံက လှိုင့်ထံသို့ ရှ ချည်း ရောက်သွားလေ၏။ ကိုယ်ချင်း မကြာခဏ ထိစွာ အ လျှောက်ခဲ့သော မနေ့ကအဖြစ်ကို သတိရလိုက်၏။ ဝေ့စကာ သည် ထိုအနေအထားတွေကို စောင်းသလားဟု တွေးသည်



ဝေ မည်သည့်နည်းနှင့်မျှ သိစရာ အကြောင်းမရှိဟု ကောက်သိ သည်။ တိုက်ဆိုင်ခြင်းဟုသာ အောက်မေ့လိုက်သည်။

'မဟုတ်ဘူးလား၊ ဝေ ပြောတာ'

'ဟုတ်တာပေါ့'

ပြက်လုံးဆံဖြင့် ထောက်ခံသောကြောင့် ဝေ မျက်စောင်း ချိတ်သည်။ ထိုနောက် တစ်စုံတစ်ခု သတိရဟန်နှင့်....

'ဝေမှာတာ မောင် ဝယ်မလာဘူး မဟုတ်လား'

သိသော်လည်း မသိယောင်ပြုကာ....

'ဘာလဲ ဝေ'

'ဝေ မှာတာဆိုရင် မောင် မေ့တယ်'

တကယ်မသိသော အမူအရာထားကာ....

'အဟုတ် ပြောတာ'

'မန္တလေး ထိုးမုန့်နဲ့ လမုန့်လေ'

မှတ်မိသော သဘောနှင့် ခေါင်းညိတ်သည်။

'ရန်ကုန် ဘယ်နားမှာရောင်းမှန်း မောင် မစုံစမ်းရသေးဘူး ဝေရဲ့၊ ရောင်းတော့ ရောင်းမှာပါ၊ ဗိုလ်ချုပ်ဈေးတို့ သိမ်ကြီး ဈေးတို့မှာ ရမလား မသိဘူး'

ဝေ နှုတ်ခမ်း စူတူတူ ပြုပြီး....

'ရန်ကုန်မှာ မရလဲ ရတဲ့ဆီ သွားဝယ်ပေးပေါ့၊ မသွားနိုင် လဲ မှာပေးပေါ့'

ရည်ရွယ်ချက်ကို သူ နားလည်သည်။ အပြုံးရခက် တည်တည် နေရခက် စကား။

***

စာကိစ္စ မေးမည်ဟု စိတ်ကူးသည်။ ဝေက အအားတွင် ရှိနေ သည်။ မမေးဖြစ်။ ညနေပိုင်းတွင်အမေက အမျိုးအိမ်တစ်အိမ်

www.burmeseclassic.com

သို့ လှနာသတင်းသွားမေးသည်။ အဖေကာပါ အမေနှင့် အတူ လိုက်သွားသည်။ စာကို ရှာမည်ပြင်သောအခါ မရှာဖြစ်။ သမီးက သူ့ပေါင်ပေါ်တွင် လာထိုင်ခနေသည်။ ဝေက သမီး အတွက်ချင်နေသည်။

'သမီးက မှန်ဗီရိုထဲက ဟိုအရုပ်ကို တောင်းနေတယ် မောင်ရဲ့'

အမြင့်က တစ်မိုက်သာသာ။ မိတ်ကပ်အရောင်နုနု အသား အရေနှင့် မိန်းကလေးရုပ်။ ကျုံ့ကျုံ့ထိုင်နေသော သဏ္ဌာန် နှင့်။ ဘီကီနီရေကူးဝတ်စုံ အဝါဆင်လျက်ရှိသည်။ ငွေရောင် ဆံပင်သည် ရင်ညွန့်ပေခုံးနှင့် နောက်ကျောဘက်တွင် ကျနေ သည်။ နှုတ်ခမ်းနီစွေးစွေး၊ မျက်ခုံးစိမ်းပြာပြာ၊ မျက်တောင် ကော့ကော့၊ မျက်လုံးပြာ၊နားနှစ်ဖက်ရှိ ငွေရောင် နားကွင်း နှစ်ဖက်သည် သံလိုက်ကြောင့်တုန်တုန်ခါခါနှင့် အစဉ် ရှိနေ ၏။ မိလိုင် အမှတ်တရပေးခဲ့သော အရုပ်ကို ဗီရိုထဲက ထုတ်ရ မှာ နှမြောနေသည်။

'အရုပ်က အလှထားတဲ့ အရုပ်မဟုတ်လား၊ သမီးက ငယ်သေးတော့ ဆွဲဆက် ဖျက်ချင် ဖျက်ပစ်မှာ၊ ဒီတစ်ခေါက် မောင် အရုပ်တွေ ဝယ်လာခဲ့ပါ့မယ်၊ ဒီအရုပ်က မောင် ငယ် ငယ်က ကစားခဲ့တာ၊ သမီးကြီးတော့ ပေးမှာပေါ့ ဝေ'

ဝေ သဘောပေါက်ဟန် တူသည်။

'ဟုတ်တယ်၊ နားကွင်းလှုပ်နေတာ သူ ဘယ်ကြည့်တတ်ဦး မလဲ'

အရုပ်ကိုကြည့်ပြီး ဝေပြုံး၏။

'မောင် ငယ်ငယ်က ကစားတဲ့ အရုပ်ကလဲ မိန်းကလေး ရုပ်၊ မေမေ့ကို မေးကြည့်ရဦးမယ်၊ ခမဲပေးထားတဲ့အရုပ်လား



လို့၊ အရုပ်က ထားယှဉ့်လှထက်တောင် လှနေတယ်၊အမြဲ့ အစုံ၊ အိနေတာပဲ'

ဝေ စကားကြောင့် သူ ပြုံးမိသည်။ စိတ်က ပျောက်ဆုံး နေသော စာတစ်စောင်ဆီသို့ ရောက်နေ၏။ သမီးကို ရေချိုး၊ သနပ်ခါးလူးပေးသည့် အချိန်တွင် အိမ်ရှေ့သို့ ထွက်ကာ အဝတ်ဗီရို၊ အံဆွဲကိုများတွင် ရှာသည်။ စာကြည့်စားပွဲ အံဆွဲ များကို ဖွင့်ရှာသည်။ မတွေ့။ မှန်တင်ခုံတွင် ရှာမည်ဟုစိတ်ကူး ရ၏။ မှန်တင်ခုံရှေ့တွင် ဝေတို့သားအမိ ရှိနေသည်။

'အမေတို့ပြန်လာရင် ဝေ ဝေ အမေအိမ် သွားဦးမလား'

ဝေ ခေါင်းညိတ်သည်။ ဝေတို့ သားအမိ ညနေတိုင်း သွား နေကျ။ ထိုအချိန်တွင် ကြက်ရှာသကဲ့သို့ ရှာမည်။အမေတို့ ပြန် ရောက်ရင် အမေ့ကို မေးကြည့်မယ်၊ အမေ့ အလစ်မှာ မေး မှ ဖြစ်မယ်၊ အဖေသိရင် ဆူတာ ပေါက်တာတွေ ဖြစ်ချင်ဖြစ် လာမယ်ဟု တွေးသည်။

'မောင်လဲ လိုက်ခဲ့၊ မေမေတလဲ မောင့်ကို မေးတယ်၊ တို့ အိမ်ကို မောင်ဇော်လတ် မလာတာ ကြာပြီတဲ့၊ ညီမလေးတွေ ကလဲ မေးတယ်'

*

(၃၆)

ဆောင်းရန့်ကို သွဲ့သွဲ့မျှ ရပေပြီ။

မိုးကာလ တစ်လျှောက်လုံးတွင် မြေဆီရေနှစ် ကောင်းစွာ ရခဲ့သောကြောင့် ဖြစ်မည်။ စိမ်းလန်းဝေဆာသော နှယ်မြက် သစ်ပင်တွေ လှလှလှင့်လျက်ရှိလေ၏။ လမ်းအစပ်သို့အခရှေ့က တွင် ပျံ့ကျပင်တွေ တစ်စတစ်စ ပါးလာ၏။ အဝါရောင် ဝါး ပင်တန်းကို ဦးစွာမြင်ရသည်။ မျက်လုံးကို ရှေ့သို့လွှတ်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ လမ်းနှစ်ဖက်ရှိ ခရေပင်တန်းကို ဝေးစွာ မြင်ရသည်။ လမ်း၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ပေါက်ရောက်နေကြသော်လည်း၊ ကိုင်းဖျား အခက်အလက်ချင်း ရောယှက်နေ၏။ နေမှန်းတည့်ချိန်၌ အလင်းတစ်ပြောက် ကျမည်ဟု မထင်ရလောက်အောင် အရွက်တွေ စိပ်လှသည်။ အုပ်ဆိုင်းသော ပင်စည်ပင်လက်တို့ကြောင့် အလင်းရောင် ဝင်အားမသာချေ။ ခရေပင်တန်းနှင့် နီးလာသည်နှင့် အမျှ အအေးပိုလာသည်ဟု ထင်ရ၏။ မှောင်ရီသန်းလာသည်ဟုလည်း ခံစားရ၏။

'မနက်ဖြန် အိမ်ကို အလည် လာမလား'

မိလှိုင့် အမေးကို 'အင်း' ဖြင့် စဖြေကာ....

'ဘယ်အချိန်လောက် လာရမလဲ'

'မနက်စာ အမီပေါ့၊ စားစရာ တစ်ခုခု စီစဉ်ထားမယ်'

'နေပါစေ၊ အားနာစရာကြီး'

'အမယ်....ဟန်လုပ်နေပြန်ပါပြီ၊ ညနေစာအတွက်ပါစီစဉ်မထားလို့လား'

'သိပ် မှန်တဲ့ စကားပေါ့'

မိလှိုင်၏ရယ်သံသည် အချိုလွင်ဆုံး ခေါင်းလောင်းသံထက် ချိုလွင်သည်ဟု ထင်၏။ အသာယာဆုံး ဆည်းလည်းသံထက် သာယာသည်ဟု ထင်လေသည်။ သူ စကားစကို ပြန်ကောက်၏။

'ဆိုပါဦး၊ မဟာသိပ္ပံကို ဘာလို့ တစ်ဝက်တစ်ပျက် တက်ပြီး ထွက်လိုက်ရတာလဲ'

မျက်လွှာ ချထားကာ ကတ္တရာလမ်းကို ကြည့်ရင်းနှင့် ဖြေသည်။

'မသိချင်ပါနဲ့ ကိုလတ်ရယ်'



တိတ်ဆိတ် ငြိမ်သက်သော ဝန်းကျင်တွင် သစ်ရွက်တွေကြားမှ လေတိုးသံကိုပင် ကြားနေရ၏။

'ဘာဖြစ်လို့လဲ လှိုင်'

ညှိုးငယ်သောအပြုံးကို ဂျစ်ခနဲ မြင်လိုက်ရပြီး....

'မဟာသိပ္ပံကို ရန်ကုန်တက္ကသိုလ်မှာ လာတက်ဖို့ စိတ်ကူးထားတာ၊ တက်ထားတုန်းက ဒီအချိန်မှာ ဖေဖေ ရန်ကုန် ပြောင်းရပြီဆိုတာလဲ တွက်ထားတယ်၊ ပြီးတော့...'

ရပ်သွားသောစကားကို သူ ထောက်သည်။

'ပြီးတော့....ဆက်ပါဦး'

'ပြီးတော့... ကိုလတ်နဲ့ လက်ထပ်မယ် ဆိုတာလဲ မိလှိုင် တွက်ထားတယ်၊ ဘာတစ်ခုမှ ဖြစ်မလာတော့.... မန္တလေးမှာ နှစ်ဝက် ကျော်တက်ပြီး နုတ်ထွက်ပစ်လိုက်တယ်၊ အလုပ်ဝင်မယ်ဆိုပြီး စိတ်ကူးပေါက်ရာ လုပ်ပစ်လိုက်တာပဲလေ'

တစ်ဦးတစ် ယောက်၏ စိတ်ကူးလောကကို သည်မျှဖျက်ဆီးမိခဲ့သူပါလားဟု သူ ကြေကွဲရချေ၏။ ဆက်၍ မေးစရာသော်လည်းကောင်း၊ ပြောစရာသော်လည်းကောင်း ထိုအခိုက်အတန့်တွင် ပျောက်ကွယ်နေပေသည်။ ခရေပန်းတန်း အစသို့ ရောက်ပင် ရောက်လာသည်။ စကားမဆိုတော့သူကို မိလှိုင် ငဲ့၍ ကြည့်သည်။ ထို့နောက် ခရေပင်တွေကို မော့ကြည့်သည်။

'ဘာမှ မပြောတော့ဘူးလား ကိုလတ်ရဲ့'

လေးလံသော ဖကြည့်ကို မိလှိုင် တွေ့ပေမည်။

'အပြစ်တွေ သိမ်မျှားတဲ့ လူရဲ့ နှုတ်ခမ်းက မဟာ အကောင်းဆုံးပါပဲ လှိုင်'

မိလှိုင် ခြေတွေ တုံ့သွား၏။ သူ့ ခြေတွေ အလိုလိုရပ်သွားသည်။ သူ့ဘက်သို့ ကိုယ်ကို လှည့်သည်။ သူ မှတ်နှာသော

www.burmeseclassic.com



တစ်ခဏလှည့်သည်။ လေဖြင့် လွင့်ကျလာသော ရွက်ဟောင်း အချို့ကို လမ်းပေါ်တွင် သူ မြင်သည်။

'အဲသလိုတော့ မပြောပါနဲ့ ကိုလတ်ရယ်၊ မိလှိုင် ပိုပြီး ရင်နာရတယ်၊ ကိုလတ်ကမေးလို့ အမှန်အတိုင်း မိလှိုင် ပြောတာပါ၊ အင်းပေါ့လေ၊ တစ်ချိန်က စိတ်ကူးနဲ့ ပတ်သက်လို့ မိလှိုင် ပြောပြမိရင်တော့ ကိုလတ်အဖို့ အနှောက်အယှက်တွေချည်း ဖြစ်မှာပါ၊ မပြောတော့ဘူး ကိုလတ်၊ မပြောတော့ဘူး'

'မဟုတ်တာပဲ လှိုင်၊ ပြောစရာရှိတာ ပြောရမှာပေါ့'

အထိတ်တလန့် သူ တားသည်။ မိလှိုင် ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

'နှစ်ယောက်စလုံး စိတ်မချမ်းသာစရာ စကားကို မပြောတာရော မကြားတာရော အကောင်းဆုံးပါ၊ ခုလဲ ကိုလတ် စိတ်ညစ်သွားပြီ မဟုတ်လား၊ ကိုလတ် စိတ်ညစ်မှန်းသိတော့ မိလှိုင်ကော စိတ်ချမ်းသာမှာတဲ့လား'

'အပြစ်ရှိတဲ့သူမှာ နေစရာနေရာ သိပ်ရှားသလား မသိပါဘူး၊ အဲဒါကြောင့် အစစအရာရာ မလုံမလဲ ဖြစ်နေတာနဲ့ တူပါတယ်၊ ဟင်း....ဟင်း'

ကိုယ့်ကိုယ်ကို လှောင်ရယ် ရယ်သံဖြင့် ပြောသည်။ သူ ခေါ်လှမ်းသည်။ မိလှိုင်သည် သက်ပြင်းတစ်ချက် မသိမသာရှိုက်ပြီး လမ်းအတိုင်း ခြေဦးတည့်၏။ သူ့ဘေးမှ ခပ်ဖြည်းဖြည်း လျှောက်လျက် လိုက်ပါလာသည်။ ကျဉ်းကျပ်စွာသော စိတ်မှ သက်သာရာ သက်သာကြောင်း သူ မေ့ပစ်သည်။ အသက်တစ်ချက် ရှူပစ်လိုက်သည်။ အဝေးဆုံးရှိ ခရေပင်တွေကို လှမ်းကြည့်သည်။ အလင်းပြောက်ကျားအောက်မှ ခရေရွက်တွေ ဖြ



လွှပ်နေသည်။ ရောင်မြန်ဖြင့် စိမ်းစိမ်းနက်နက်၊ လဲ့လဲ့လက်လျက်။

'ကိုလတ်ဆို'

မျက်လုံးချင်းဆုံတော့မှ ဟင် ဟု သူ ထူးသည်။

'စကား တစ်ခွန်း ပြောချင်တယ်၊ နားထောင်မလား'

'အင်း...'

'နားထောင်ပြီးရင် ချက်ချင်း မေ့ပစ်ရမယ်'

'ဘာဖြစ်လို့'

'မေ့ပစ်မှ နှစ်ယောက်စလုံး စိတ်ချမ်းသာမယ်၊ နှစ်ယောက်စလုံးရဲ့ ခုလို အေးချမ်းတဲ့ ဘဝကလေးလဲ မပျက်မစီး ရှိမယ်၊ အားလုံးအတွက်လဲ ကောင်းမယ်၊ မေ့ပစ်ပါမယ် ဆိုတဲ့ ကတိပေးမှလဲ မိလှိုင် ပြောလို့ ဖြစ်မယ်၊ ဒီစကားကို မပြောဘဲ မိလှိုင် မြိုထားရင်လဲ မိလှိုင့်ရင်ထဲမှာ အစိုင်အခဲကြီး ဖြစ်နေမယ်၊ မျိုသိပ်ထားရတဲ့ဒဏ် မခံနိုင်တော့ဘူး'

ကတိမှတစ်ပါး အခြားစကားမရှိဟု နားလည်လိုက်သည်။ ဘာပြောမှာပါလိမ့်ဟု တွေးတောကြည့်သည်။ နှုတ်ကျည်းစွာ အပြစ်ဆိုစကားကို စိတ်ရှိသမျှ ပြောရန် ကြံရွယ်ထားဟန် တူသည်။ မြိုမျိုသိပ် ဟူသော စကားလုံးတွေမှာ မကျေနပ်ခြင်းနှင့် တိုက်ရိုက် စပ်ဆိုင်သောအရာများ ဖြစ်သည်။ မြင်းထန်မည့် လက္ခဏာရှိသော စကားများကြောင့် ဆက်ဆံရေး မပြိုကွဲသွားရန် မေ့ပစ်ခြင်းဖြင့် အထိန်းအကွပ်ပြုလိုဟန်ဟု သဘောရ၏။

'ပြောလေ လှိုင်'

မိလှိုင့် အကြည့်ကို သူ တွေ့သည်။ အမျက်ကင်းသော မျက်လုံး။

www.burmeseclassic.com



'ကတိပေးအယ်နော်'

သူ ခေါင်းညိတ်ပြလိုက်သည်။ မိလှိုင်၏ နှုတ်ခမ်းထောင့်တွင်သာ အပြုံးငွေ့ငွေ့ ရှိတော့သည်။ ပြောမည့်စကားအတွက် မိလှိုင် အားယူနေဟန်တူသည်။ သူ နားစွင့်၍နေသည်။ ခေါင်းငုံ့၍ လမ်းလျှောက်ရင်း မိလှိုင့်အသံကို နား၌ကြိုလျက်ရှိသည်။ ပိန်းတန်းဖိနပ်ဦးနှင့် သဲကြိုးပေါ်တွင် တင်ခနေသော ဖုန်တွေကို မြင်သည်။ ကတ္တရာလမ်းတွင် နစ်မြုပ်နေသည့် ကျောက်စရစ်တုံးလေးတွေကို မြင်သည်။ လမ်းဘေး မြေသားပေါ်ရှိ မြက်ပင်တွေ တုံးတော့မည်။ အခြား တစ်ပါးသော သစ်ရွက်တွေကဲ့သို့ ဆောင်းလေကို ရဟန်မတူ။ မလှုပ်မရှား ထပ်မံ့ဝေ လာပြန်သော မြောက်အရပ်မှ လေပြည်သည် နှစ်ဦးကြားမှ ဖြတ်သန်းသွားသည်။ အတန်ငယ်စိမ့်လာသောကြောင့် တိုက်ပုံအင်္ကျီ ရင်ဖုံးစ နှစ်ဖက်ကို ဆွဲစေ့လိုက်သည်။

'ပြောလေ လှိုင်၊ အားနာမနေပါနဲ့'

ပြောရန် စိတ်ပိုင်းဖြတ်ပြီးဟန် မရှိ။ သူ့ထံသို့ မျက်နှာ မလှည့်၊ ရှေ့တူရူသို့ ခပ်ငေးငေး ကြည့်နေ၏။ မိလှိုင့်ဆံပင်တွေလေတွင် လွင့်လွင့်လှုပ်နေသည်။ မိလှိုင်၏ ခြေလှမ်းတို့သည် လှမ်းရင်းနှင့် နှေးလာ၏။ သူ့ ခြေလှမ်းတို့သည်လည်း မိလှိုင်၏နည်းတူ။ နှေးရာမှ ရုတ်တရက် ရပ်လိုက်သည်။ ငုံ့ငုံ့ငိုက်ငိုက် ပြုထားသော မိလှိုင်၏ ဦးခေါင်းသည် သူ့ဘက်သို့ လှည့်လာ၏။

'ကိုလတ်ကို မိလှိုင် ချစ်တယ်'

ရင်ထဲတွင် ကျင်သွားချေ၏။ နားထဲတွင် ပေါက်ကွဲ မြည်ဟိန်းသံ ကြားလိုက်ရ၏။

ခရေရွက်တွေ ဆတ်ဆတ်လှုပ်လျက် ရှိလေသည်။



(၄၇)

မေ့ပစ်ပါမည်ဟု ကတိပေးခဲ့ရသော်လည်း မမေ့၊ မည်သို့မျှ မမေ့၊ ထို့ပြင် တုန်လှုပ်ခြင်းကြီးစွာဖြင့် သတိရနေသည်။ ပြန်လည် တွေ့ဆုံကြသည်တွင် ရက်ပေါင်း လပေါင်းများစွာ ညစ်မှိုင်းနေသော စိတ်တွေကို ခဝါချပစ်ဘိသို့ ဖြူစင်လာခဲ့သည်။ စာနာခြင်းကင်းသူအဖြစ်နှင့် မျက်နှာချင်းဆိုင်ခဲ့ရသဖြင့် ရင်ထဲတွင် အခုအခံတွေ ဖြစ်ပေါ်နေခဲ့သည်။ ယခုသော် ထို အခုအခံတွေ ရင်ထဲ၌ မရှိတော့။ ချစ်လျက်ပင် ရှိသေးသည် ဟူသော စကားကို ကြားလိုက်ရသည့် အချိန်တွင် အသက်ရှူပေါက်တွေ ဆို့ကျဉ်းသွားသလား ထင်မှတ်မိချေ၏။

ရာပေါင်း များစွာသော ခြေလှမ်းတွေကို၊ စကားမဲ့စွာ လျှောက်လာမိခဲ့သည်။ စွေးထင်ထားသမျှနှင့် ဆန့်ကျင်ဘက် စကားကို မိလှိုင် ပြောခဲ့သည်။ အထစ်အငေ့ါမရှိသော စကားလုံးတို့သည် နားနှစ်ဖက်သို့ ချောမွေ့စွာ ဝင်လာသည်။ သို့တစေ သူ့သည်းပွတ်ကို အမြှာမြှာ ခွဲပစ်လိုက်သလောဟု ခံစားရသည်။ မိလှိုင်သည် နာနာဘာဝမဟုတ်။ မိလှိုင်၏စကားသည် နာနာဘာဝ၏ လိပ်ပြာလှန့်စကား မဟုတ်။ မိလှိုင်သည် ကဝေတစ္ဆေ မဟုတ်။ မိလှိုင်၏ စကားသည် ကဝေတစ္ဆေ၏ လိပ်ပြာနှုတ်စကား မဟုတ်။ သို့သော် ဖြည်းဖြည်း ချောက်ချားလာလေ၏။

ခရေတန်း ကုန်ဆုံးကာနီးတွင် သူ တစ်ခွန်းပြန်ပြောသည်။

'ကိုယ် ဝမ်းနည်းရတယ် လှိုင်'

ခရေတန်းမှ လွန်လာချိန်တွင် မိလှိုင် ပြောသည်။

'မေ့လိုက်တော့လေ ကိုလတ်'

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင့်အသံ တုန်နေသည်။ လေယူလေသိမ်းကား အနည်းငယ် မာ၏။

'ကောင်းပါပြီ လှိုင်'

'မနက်ဖြန် ကိုလတ်လာရင် တစ်လောက ကိုလတ် ဖတ်နေတဲ့ စာရေးဆရာ ကျော်အောင် ရေးတဲ့ 'နိဗ္ဗာန် ပျောက်ဆုံးခြင်း' ဝတ္ထုကို ယူလာခဲ့ပါလား၊ မိလှိုင် ဖတ်ချင်လို့'

မိလှိုင်၏ စကားအကူးအပြောင်းမှာ မြန်လွန်း၏။ ဝတ္ထုကို ဖတ်ချင်၍ မှာခြင်းလား၊ ဝတ္ထု ခေါင်းစဉ်ကြောင့် ဖတ်ချင်၍ မှာခြင်းလား မကွဲပြား၊ ထိုဝတ္ထု၏ ခေါင်းစဉ်ဖြင့် သူ ပြောလိုသည့် အဓိပ္ပာယ်ကို ပြောလိုက်ခြင်းလားဟုလည်း တွေးမရ။ မိလှိုင်၏ မျက်နှာရိပ် မျက်နှာကဲကို ရေရေလည်လည် မှန်း မရခဲ့။ ခရေတန်းသို့ ရောက်ကာစနှင့် မတူသည်ကိုကား သိနိုင်သည်။ ညှိုးသည်ဟုထင်ရသော မျက်နှာသည် ကားမှတ်တိုင်သို့ ရောက်လာချိန်၌ ပြုံးပြုံးရယ်ရယ် ဖြစ်လာ၏။ ဂရုစိုက်လွန်း၍ သာ ပကတိအတိုင်း မဟုတ်သေးသည်ကို သတိပြုမိလေ၏။

အဘယ်ကြောင့် မေ့ပစ်ရန် ကတိ တောင်းခဲ့ခြင်းကို ကြားကြားချင်း သိခဲ့သည်။ ထိုစကားကို ကြားသိပြီး မမေ့ပျောက်နိုင်ခဲ့လျှင် ဖြစ်ပေါ်လာမည့် အကျိုးဆက်တို့သည် မသင့်ဟု မိလှိုင် ယူဆထားဟန်ရှိ၏။ မှန်ကန်သော ကြောင်းကြမှုဟု သူသည်လည်း နားလည်သည်။ မေ့ပစ်ခြင်းဖြင့် စိတ်မချမ်းသာဖွယ်များ မပေါ်ပေါက်နိုင်ဟု ဆိုခဲ့သည်။ အားလုံးအတွက် ကောင်းမည်ဟု ထိုသဘောဖြင့် စကားပလ္လင်ခံခဲ့သည်။ ထိုစကားကို ယခုကဲ့သို့အခါမျိုးတွင် ပြောရန်မလျော်ဟုကား မိလှိုင် သဘောပေါက်ပြီး ဖြစ်သည်၊ မျိုသိပ်ခြင်းဖြင့် မစွမ်းသဖြင့် ပြောရသည်ဟု စကားပျိုးခဲ့သည်။ မည်မျှ



မည်မျှ ခွန်အားစိုက်ထုတ်ကာ ထိုစကားတစ်ခွန်းကို ပြောခဲ့ရကြောင်း သူ ချင့်တွက်နိုင်ခဲ့သည်။

အိပ်စက်စေတတ်သော ညကာလသည် အမြင့်၌သာ ရှိလေ၏၊ သူ့ အိပ်ခန်းတွင်းသို့ သန်းခေါင်ယံလွန်သည့်အထိ ထိုမည်သော ညကာလသည် ရောက်မလာတတ်သေး။

***

သူ့ အင်ကိုနှင့် ယောင်းမ ဆရာဝန် ဇနီးမောင်နှံက ယမန့်တာဝန်ကျ၍ ကြာကြာစကားမပြောနိုင်တော့ကြောင်း၊ ခွင့်ပြုစေလိုကြောင်းပြောကာ နှုတ်ဆက်ပြီး ထွက်သွားသည်။ ပထမဦးဆုံး တွေ့ဆုံခြင်း ဖြစ်သည်၊ နှစ်ဦးစလုံး ဖော်ရွေသည်။ ဆက်ဆံရေးတွင် ဖော်ရွေခြင်း၌ မြန်မာဆန်သည်။ သို့သော် စပ်စပ်စုစု မဟုတ်ကြ။

'အစ်ကိုရော ယောင်းမရော နှစ်ယောက်စလုံး ကနေဒါ သွားဖို့ စီစဉ်နေကြတယ်'

'ဟုတ်လား၊ ဘွဲ့လွန်ပညာတော်သင်လား'

ဇော်လတ် မေးသည်။

'ဟင့်အင်း၊ ဟိုမှာ အလုပ်လဲ လုပ် ပညာလဲ ဆက်သင်'

'အပြီးအပိုင်တော့ မဟုတ်ဘူးပေါ့'

'မဟုတ်တော့ မဟုတ်ဘူး၊ ဒါပေမယ့်....အနည်းဆုံး ဆယ်နှစ်တော့ နေကြမယ်တဲ့'

'ကောင်းတာပေါ့၊ ပညာတွေ ပြီး ကိုယ့်တိုင်းပြည် ကိုယ်ပြန် အမှုထမ်း၊ ပျော်စရာကြီးပဲ'

'ကိုလတ်ကော ပညာတော်သင်ခေါ်ရင် လျှောက်မည်ပါလား၊ မသွားချင်ဘူးလား'

ဇော်လတ် ပြုံးလေသည်။

www.burmeseclassic.com



'ဗြိတိသျှပြတိုက်ရယ်၊ အိန္ဒိယရုံးတော် စာကြည့်တိုက်ရယ်၊ အရှေ့တိုင်းနဲ့ အာဖရိကရေးရာ ကျောင်းတိုက်တွေမှာရှိတဲ့ မြန်မာစာအုပ်တွေ၊ ပေပုရပိုက်တွေ သွားကူးယူချင်တယ်၊ မြန်မာစာနဲ့ လေးနှစ်ကျောင်းတက်ခဲ့တာ အသိတစ်ခု အမြတ် ရခဲ့တယ်၊ ဘာလဲ ဆိုတော့ လေ့လာစရာ အဖောက်အထား တော်တော်များများ တိုင်းတစ်ပါးကို ရောက်နေတယ်ဆိုတာ ပဲ၊ ဒါပေမယ့် ကိုယ်အခု ကျောင်းစာတွေ တော်တော်မေ့ ကုန်ပြီ၊ ပျှင်းစောင်နာမည် ပြောပါဆိုရင်တောင် ခက်နေပြီ၊ လုပ်နေရတာ ဇယားတွေ ကိန်းဂဏန်းတွေ၊ ဒီအလုပ်ဝင်ရ မှန်း ဆယ်တန်း မအောင်ခင်ကသိရင် စီးပွားရေးတက္ကသိုလ် တက်ဖို့ မှန်းခဲ့တာပေါ့၊ အဲသလိုတွေ'

သူ ရယ်နေသည်၊ ဇော်လတ်ကို ပြောသည်၊

'မိလှိုင့် သူငယ်ချင်း တစ်ယောက် ရှိတယ်၊ မန္တလေး တက္ကသိုလ်မှာတုန်းက သူက ပါဠိအဓိက ယူတယ်၊ ကိုကျင်စွ တဲ့၊ ခုတော့ အရက်ဆိုင် မန်နေဂျာဖြစ်သွားပြီ၊ ကိုလတ်က အဲသဘောက် မဆိုးသေးပါဘူး'

ဇော်လတ်က အားပါးတရရယ်နေသည်၊ မိလှိုင်, ရယ်နေ သည်ကို သူကြည့်သည်၊ ဖွေးနု ကြည်စင်သော သွားလေးတွေ ပေါ်နေသည်။ ရယ်ပြီးမှ....

'ကိုလတ် အေးအေးဆေးဆေးပဲ မဟုတ်လား'

'ဗိုက်လဲ တင်းနေပြီ၊ လမ်းလဲ မလျှောက်နိုင်သေးတော့ မပြန်ချင်သေးဘူးလေ'

ဖြေပုံကြောင့် ပြုံးလေသည်၊

'ပြန်ဖို့ပြောတာ မဟုတ်ပါဘူး၊ သွားစရာ အချိန်းအချက် တွေများ ရှိနေသလားလို့ပါ၊ အလိုက်တသိ မိလှိုင် ပြော



တာပါ၊ စိတ် ကျဉ်းကျပ်နေမှာ စိုးလို့'

သူ ရယ်သည်၊

'လှိုင် ပြောပုံကို သဘောကျတယ်၊ ပြောပုံဆိုပုံက ငယ်ငယ် ကနဲ့ ဘာမှ မဆိုင်ဘူး၊ စကား ကြွယ်လိုက်တာ'

'ဪ....ဒါတော့ ကိုလတ်ရယ်၊ အရွယ်နဲ့အတွေ့အကြုံက သင်ပေးလာတာကိုး'

ခါတိုင်းကဲ့သို့ ကျိတ်၍ အနေရခက်မည့် အစား....

'ကိုယ့်ကို တိုက်ရိုက် ဆိုလိုတာပဲ မဟုတ်လား၊ ဟင်း.... ဟင်း....'

မိလှိုင် ပြုံးလေသည်၊

'မဟုတ်ပါဘူး၊ တည့်တည့်ကို ပြောတာပါ'

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူ ရယ် လိုက်ကြလေသည်။

'တကယ်ကွာ....၊ သေသေချာချာ ပြန်စဉ်းစားကြည့်ရင် ကိုလတ် သိပ်ဆိုးခဲ့တာပဲ'

ရယ်သံများကြားတွင် သူ မျက်နှာပူလာသည်၊

'ပြောခဲ့ပြီးပါပြီ လှိုင်ရယ်၊ လှိုင် အကြောင်းစုံ သိပြီးခဲ့ပြီ ပဲ၊ ဒီတော့... ကိုလတ် သိပ်ဆိုးတယ်လို့ သတိမရအောင် သေသေချာချာ ပြန်မစဉ်းစားကြည့်ပါနဲ့ လှိုင်ရယ်'

'ပါးလိုက်တာ သူ့ဘက်ကျတော့'

မိလှိုင် အကြမ်းကရားကို မ,ကာ သူ့ဘက်သို့ ရွှေ့ပေး၏။ ထို့နောက် သူ့ဖန်ခွက်ထဲသို့ ငှဲ့ထည့်ပေးသည်၊ မိလှိုင်ကို သူ ကြည့်သည်။

'အလုပ်တွေ လုပ်စရာရှိရင် လုပ်နော်၊ ကိုယ့်ကိုအားမနာနဲ့'

www.burmeseclassic.com

'အိမ်အလုပ်ကတော့ ဘာမှ မရှိတော့ပါဘူး၊ ရေမချိုး ရသေးလို့ ခြိုးစိစိဖြစ်နေတယ်'

'ဒါဖြင့် သွားချိုးလေ'

ညနေခင်းစားပွဲအောက်မှ အင်္ဂလိပ်မြန်မာ စာနယ်ဇင်းတွေ ကို သူ ဘေးရှိ ဆိုဖာပေါ်သို့ တင်သည်။ စာအုပ်စင်ထဲရှိ မိုးကုတ် ဝိပဿနာစာအုပ် သုံးလေးအုပ်ကို သွားယူကာ ပေးသည်။

'ဒါတွေက ဘာလုပ်ဖို့လဲ လှိုင်'

ပြုံး၍ ဖြေသည်။

'တရားကို နှလုံးသွင်းနိုင်အောင် ကိုလတ်ဖတ်ဖို့'

သူ ရယ်ပစ်လိုက်သည်။ ရယ်သံဖြင့်....

'ဒုတိယ အကြိမ်မြောက် ချုံခို တိုက်ခိုက်ခြင်း ခံလိုက်ရ ပြန်ပြီ'

'အကြိမ် တစ်ထောင်ထက်မနည်း တိုက်ခိုက်တာ ခံရမှာ မလွဲပါဘူး'

နှစ်ဦးရယ်သံအသည် တိုက်ညနေခင်းထဲတွင် လိုက်သံခတ်နေ၏။ ထိုင်ဦးနော်ဟု ပြောကာ မိလှိုင် ထွက်သွား၏။ မိလှိုင်ကို သူ လှမ်းကြည့်သည်။ အမြင်က သွေးဆောင်သဖြင့် တစ်ခဏတာ ဌာနြေမဲ့သွားသော မျက်လုံးကို ပြန်လည်ထိန်းချုပ်လိုက်သည်။ အာရုံလွှဲပစ်သည်။ ပြက္ခဒိန်များ၊ ပန်းချီကားများနှင့် ညနေခင်း အလှပြင်ပစ္စည်းများကို ကြည့်နေသည်။ မှန်ဗီရို၊ စားပွဲထက်၊ ပန်ကာ၊ မျက်နှာကြက်မီးလုံး၊ မြည်တွင်းဖြစ် အခင်း ကော်ဇော ကြမ်း၊ အခန်းထောင့်ရှိ စမီကာနှစ်လုံး၊ အလျားရှည် စာအုပ် ဗီရို၊ ဆေးစာအုပ်များ၊ ဝတ္ထုစာအုပ်များ၊ စာအုပ်ဗီရိုပေါ်ရှိ ပန်းအိုး၊ အကိုင်း စတီရီယိုကက်ဆက်၊ ကြည့်ရမ်းနှင့် ကြည့်



စရာတွေ ထပ်လာသည်။ ပျင်းရိရိဖြစ်လာ၏။ လက်ပတ်နာရီကို ကြည့်သည်။ မွန်းတည့် ဆယ့်နှစ်နာရီတိတိ။ စာနယ်ဇင်းတွေကို ယူကြည့်သည်။ တစ်ရွက်ချင်း လှန်နေမိသည်။ ဆောင်းပါး တွေ၊ ဝတ္ထုတွေ၊ ရုပ်ပြောင်တွေ၊ ကားကြော်ငြာ၊ အရက်ပုလင်း ကြော်ငြာ၊ ခုတင်ပုံတွေကိုပင် အာရုံမစွဲ။

'ပျင်းနေပြီ မဟုတ်လား'

ခန်းဆီးကိုဖယ်၍ ထွက်လာရင်း မေးသည်။

'ဟင့်အင်း'

မိလှိုင်က မျက်နှာချင်းဆိုင် ဆိုဖာတွင် ကိုယ်တစောင်း ထိုင်သည်။ ဆံပင်ကို တစ်ပတ်လျှိုထုံးသည်။ ပခုံးပြတ် အင်္ကျီ ရှားရှောင်၊ အဖြူပြောက်ကလေးများနှင့်၊ ပိုးသား ကဲ့သို့ ပျော့ပျောင်းအိအိ၊ အင်ဒိုနီးရှားပါတိတ်ထဘီ တစ်ပတ်ရစ်။ အိမ်နေအိမ်ဝတ်အင်္ကျီနှင့် ထဘီ၊ သနပ်ခါးရေကျဲကို မျက်နှာ ပေါ်တွင်၊ လည်တိုင်တွင်၊ ပခုံးနှင့် လက်မောင်းပေါ်တွင် တွေ့ ရသည်၊ မိလှိုင်၏ အသားအရေကို မြင်ရသည်မှာ စိတ်ခတ် အေးချမ်းလှသည်။

'ဘာဖြစ်လို့ အကြာကြီး စိုက်ပြီး ကြည့်နေရတာလဲ'

ရှက်ရွံ့သောမျက်နှာကို သူမြင်သည်၊ အဘယ်မျှ ကြာမြင့်စွာ ငေးကြည့်မိသည်ကို သတိမထားမိလိုက်။

'လှလို့'

'တော်စမ်းပါ'

'ပွဲနေပွဲထိုင်မှာ မြင်ရတဲ့ အလှမျိုး၊ အပြင်မှာ တွေ့ရတဲ့ အလှမျိုး မဟုတ်ဘူးလေ၊ လှလို့လှတယ်လို့ ရိုးရိုးသားသား ပြောတာပါ'

မိလှိုင်သည် ရှိုးဆဲ ရှက်ပြုံးဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကလေး ကိုယ် မမေ့ရဘူးနော်'

သူ ခေါင်းညိတ်ရင်း ပြုံးပြ၏။

'မမေ့ပါဘူး၊ ဒီစကားကို ရိုးရိုးသားသား ပြောတာပါလို့ ကိုယ်ပြောခဲ့ပါပကော'

'ဒါဖြင့်လဲ ကျေးဇူးတင်ပါတယ်၊ ရှမ်းထမင်းချဉ်သုပ်တွေ ရှိပါသေးတယ်၊ ထပ်စားပါဦးလား၊ ပြင်ပေးမယ်လေ'

'ခွဲကျေးရင်တော့ စားမယ်'

မျက်စောင်းတစ်ချက် ရောက်လာ၏။

'ခွဲကျွေးတဲ့သူတစ်ယောက် ရှိနေပြီးသားများ၊ မိလှိုင်က အပိုပဲဟာ'

'လှိုင့်ကို ကိုယ် စကားတစ်ခွန်း ပြောချင်တယ်'

'ပြောလေ'

'နားထောင်ပြီးရင် လှိုင် မေ့ပစ်လိုက်ပါမယ်လို့ ကတိပေးမှ ပြောတော့မယ်'

မိလှိုင် ရယ်သည်၊ ကြည်လဲ့သော မျက်လုံးအစုံသည် သူ့ထံသို့ စူးစူးစိုက်စိုက် ရောက်နေ၏၊ ထိုနောက်....

'သိပြီ၊ သူများပြောတာ လိုက်ပြောမလို့ မဟုတ်လား၊ လှိုင့်ကို ကိုယ်ချစ်တယ်၊ ဒီစကား မဟုတ်လား၊ တော်ပါ ကိုလတ် ရယ်၊ ကိုလတ်ဓာ မိလှိုင့်နောက် အမြဲတမ်း နောက်ကျနေတာများ'

ဟက်ဟက်ပက်ပက် သူရယ်သည်။

'ဒါ တတိယအကြိမ်မြောက်မေ့ပါ၊ ဟုတ်တယ်မဟုတ်လား'

ဆိုဖာနောက်မှီတွင် လက်မောင်းတင်ကာ ကိုယ်အထက်ပိုင်းကို လှည့်ပြီး....

'ဘာစကားပြောပြော ကိုလတ်ကို ထိနေတာချည်းပဲ'



'အတိတ်ကို မေ့ပစ်လိုက်မှ ကိုယ်သက်သာရာရမယ် ထင်တယ်'

'အကုန်မေ့ပစ်လို့တော့ မဖြစ်သေးဘူးလေ'

ကွယ်ဝှက်နေသောအနက်ကို သူသိသည်။

*

(၃၈)

'အမေ့ဆီမှာ မိလှိုင် ရေးလိုက်တဲ့စာ သိမ်းထားလား'

ငါးပိကြော် ကြော်နေရင်း သူ့ကို အမေ လှည့်ကြည့်သည်။ အံ့အားတသင့် ပြန်မေးသည်။

'ဝေ ပြောလိုက်လို့လား'

အံ့ဖွယ်စကား။ အလိုက်သင့်ဖြေမှ သင့်မည်ဟု စိတ်ကူးရ၍ ခေါင်းကိုသာ ညိတ်လိုက်သည်၊ အမေက ပြုံးခလသည်၊

'မင်းမိန်းမပဲ အမေ့အဝတ်သေတ္တာ အပေါ်အံ့ထဲမှာ ပြန်ထည့်ထားတယ်'

'သော့ကော အမေ့ဆီမှာလား'

'သော့မှ ခတ်မထားတာ'

မီးဖိုဆောင်မှ ထွက်ကာနီးတွင် ညကလဲ မင်းတို့လင်မယား ဘာတွေ ပွစိပွစိ ဖြစ်နေတာလဲဟု မေးသည်၊ ဩော်....ကျန်ခဲ့တဲ့ စနေရော ဟိုတစ်ပတ်ကရော ကျွန်တော် ပြန်မလာလို့ ဒေါကန်နေတာပါဟု ပြုံးဖြီးဖြီးနှင့် ဖြေသည်၊ အမေ စကားဆက်နေလျှင် ဝေတို့သားအမိ အညောင်ရှောင်ရာမှ ပြန်အလာနှင့် ဆုံနေမည်။ စိတ်ရောက်နေသော စာကို သွားယူရန် အမြန်ချက်ချင်း ထလိုက်သည်၊ အမေတို့ အိပ်ခန်းသို့ အကူးတွင် အိမ်ရှေ့သို့ လှမ်းကြည့်သည်။ ရင်တွေ နည်းနည်း ခုန်နေသည်။ အမေ့ သားရေသေတ္တာကို ခုတင် အောက်မှ ဆွဲထုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကလစ် နှစ်ဖက်နှိပ်ပြီး ဖွင့်သည်။ အဖုံးထဲတွင် စာရွက်ခေါက် တချို့ တွေ့ရ၏။ တစ်မိုက်သာသာ အံထဲသို့ လက်နှိုက်ကာ စမ်းသည်။ လက်ယာထောင့်တွင် စာအိတ်တစ်အိတ်ကို စမ်းမိသည်။ အသက်ရှူ မြန်လာ၏။ ဆွဲထုတ်ပြီး ကြည့်သောအခါ မိလှိုင့်စာ။ ရှပ်အင်္ကျီ ကြယ်သီး တစ်လုံးကို ဖြုတ်၍ အင်္ကျီနှင့် စပ်ကျယ်ကြားတွင် စာအိတ်ကို ထည့်သည်။ သေတ္တာကို ပြန်ပိတ်ပြီး ခုတင်အောက်သို့ တွန်းသွင်းသည်။

အိပ်ခန်းအတွင်းမှ အထွက်တွင် ငါးပိကြော်ရနံ့ကို ရသည်။ အိမ်ရှေ့ခန်းသို့ လှမ်းထွက်လိုက်၏။ ဖတ်စရာနေရာကို စိတ်ထဲတွင် တွေးမရ ဖြစ်နေသည်။ ထို့ပြင် ဝေပြန်လာမည်ကို စိုးနေ၏။ ဘယ်ကိုသွားရမည် မစဉ်းစားတတ်။ ခင်အေးတို့ အိမ်သို့ သွားရကောင်းမလား။ ထိုအိမ်သို့ ဝေတို့ ရောက်ချင် ရောက်နေမည်။ သက်ဖက်ရည်ဆိုင်သို့ သွားရကောင်းမလား၊ ထမင်းစားချိန်တွင် ဝေ လိုက်ရှာနှင့် ပက်ပင်းတိုးလျှင် ခက်ချိမ့်မည်။

တစ်နေရာကို သတိရ၍ စိတ်သက်သာလေ၏။

***

သည်းခြေကို ခြေမှလိုက်ဘီသို့ အတန်ကြာ ခံစားရလေသည်။

မိလှိုင်၏ မျက်နှာသည် စာပိုဒ်တိုင်းတွင် ထင်နေ၏။ မောရှိုက်သော စုပ်စွဲသံများကို ကြားရသကဲ့သို့ ရှိသည်။ ဒေါသစကားကို နား၌ ဆတ်ဆတ် ကြားသည်။ အနာတရ ဖြစ်ခါစတွင် ရင်ထဲရှိသမျှ သွန်ချလိုက်ဟန်တူသည်။ အကယ်၍ ယခုကဲ့သို့ ပြန်လည်တွေ့ဆုံခြင်းသာ မရှိခဲ့လျှင်၊ စိတ်ဖြေစရာ အနေအထားကို ပြန်လည်မရခဲ့လျှင် သည်းခြေ အရှည်အကြာ မျှတ



လောက်ချေ၏။ စာရောက်သည့်အချိန်က မဖတ်ခဲ့ရသည်မှာ တစ်မျိုးတော့ ကောင်းသည်ဟု အတွေးရလေ၏။

'မောင်ဇော်လတ်၊ မင်းတစ်ယောက်တည်းလား၊ ခုနတုန်းက ကျောင်းတံခါးဝမှာ မင့်မိန်းမ လာမေးတယ်၊ ငါက ခုန ဗောဓိညောင်ပင်အောက်မှာ ထိုင်နေတာ တွေ့တယ်လို့ ပြောလိုက်တယ်၊ ဒါဖြင့် နေပါစေတော့ရှားလို့ ပြောပြီး ပြန်သွားတယ်ကွ'

သူ့ပခုံးသည် ဆတ်ခနဲ တွန့်သွား၏။

'တပည့်တော်ကို လှမ်းကြည့်သေးလား ကိုရင်ကြီး'

ကိုရင်ကြီးက ကွမ်းမြုံ့ရင်း သက်နှံကို ပြင်ပြီးရုံ၏။ ထိုနောက်....

'ဆွမ်းချက်ရုံဘေးက လှမ်းကြည့်ပြီး ရှိပါတယ် ဘုရားတဲ့၊ ဘာလဲ၊ မင်းတို့ ကတောက်ကဆ ဖြစ်လာကြသလား'

ချွေးဆီပျံနေသော နဖူးကို လက်ဖဝါးဖြင့် ပွတ်ကာ ဆုတ်ရင်း....

'မဖြစ်ပါဘူး ကိုရင်ကြီးရာ'

ကိုရင်ကြီးက ကျိုးတိုးကျဲတဲ သွားပေါ်အောင် ပြုံးသည်။ မျှဉ်းဖြောက်များ တစ်နှစ်ထက်တစ်နှစ် များလာသည့် နဖူးကို တစ်ချက် တွန့်၏။

'မသိပါဘူးလကွာ၊ မင်းကို မင့်မိန်းမက လာမေး၊ ရှိတယ် ဆိုတော့ လှမ်းကြည့် ပြီးတော့ မင်းဆီလဲ မသွား၊ ဘာမှလဲ မမှာဘဲ ပြန့်ထွက်သွားတယ်ဆိုတော့....၊ ဘုန်းကြီးကျောင်းထဲ လာပြီး တူတူပုန်းကြတာလဲ မဟုတ်ဘူးလကွာ စကားစမြည် များပြီး မင်း ဒီဘက် ထွက်လာလို့ လိုက်လာတာလို့ ငါသင် တာပေါ့၊ သည်းညည်းခံကြကွာ သည်းညည်းခံကြ၊ သူ့ဘာ

www.burmeseclassic.com

www.burmeseclassic.com



က တိုတိုလေးဟ။ အသက်အရွယ်ကြီးလို့ ကိုယ်ကခဲ့ရင် သူ့ မျက်ရည် ကျမှာပဲ၊ သူကခဲ့လဲ ကိုယ် မျက်ရည်ကျမှာပဲ၊ အဲဒီ အချိန် မတိုင်ခင် မျက်ရည်ပေါက်ကြီးငယ် ကျအောင် မလုပ် ကြနဲ့၊ ဒါထက် မင်း ထမင်းစားပြီးပြီလား'

ကိုရင်ကြီးကို မညာချင်၍ သင့်သလို ဖြေလိုက်၏။

'မဆာသေးဘူး ကိုရင်ကြီးရဲ့'

သစ်ခေါက် သက်နီးအောက်မှ အကြောပြိုင်းပြိုင်း အရေ ခန်းနေသောလက်က သူ့လက်မောင်းကို လှမ်းကိုင်၏။

'မင်းရောက်နေတာ ဘုန်းကြီး ဆွမ်းခံထွက်ကာစ၊ ခု မွန်းတောင် လွဲရော့မယ်၊ ဘယ့်နှယ်မဆာရမှာလဲ၊ ကျောင်းမှာ ဆွမ်းကော ဆွမ်းဟင်းကော ပိုပါတယ်၊ ခုတစ်လော ဆွမ်းကလေး ကွမ်း ကလေး နည်းနည်းပြန်ဖြိုး မကြောင့်ကြရတော့ပါဘူး၊ သွား စားကွာ၊ ထပါဟာ ငါ့ကောင်ရ'

ရင်ထဲတွင် စိုးရိမ်မကင်း ဖြစ်နေ၍ ထမင်းဆာစ စိတ်က ပျောက်နေသည်။ ဝေ ဘာကြောင့် လိုက်လာပါလိမ့်။ လှမ်း မခေါ်။ လာမတွေ့။ ရှိ မရှိ လာကြည့်သွားပုံမျိုး။

စိတ်မောကြီးစွာ ချလိုက်သော သက်ပြင်းရှည်ကို ကိုရင် ကြီးက တအံ့တသြ သတိပြုမိဟန် တူချေ၏။

***

သေးငယ်လှသော အပြောင်းအလဲ တစ်ခုကိုပင် သတိထားနိုင် စွမ်းသော ဦးနှောက်သည် အမေ့ကိုလည်းကောင်း၊ ဝေ့ကို လည်းကောင်း မသိကျိုးကျွန် ပြု၍မရ။ ညစာ စားပြီးချိန်တွင် အမေနှင့် စကားပြောသည်။ အမေနှင့် ဝေတို့ သားအမိသ မီးဖိုဆောင်ထဲတွင် ရှိကြသည်၊ ကုန်စည်ဖြန့်ဖြူးခြင်းနှင့် လျှဉ်း၍ အဖေက ပြောသည်။ ခုနစ်နာရီ ထိုးကာနီးသောအခါ



စကားဖြတ်ပြီး တရားဝိုင်းသို့ သွားသည်။ တစ်အောင့်အကြာမှ ဧည့်ခန်းထဲသို့ အမေဝင်လာ၏။ အမူအရာ ပြောင်းနေသည် ကို သိသာစွာ မြင်၏။ ရွှေဆဝ့်နှောက်ဆင့်ပင် ဝေသည် အိပ် ပျော်နေသော သမီးကို ချီပွေ့ကာ ဝင်လာ၏။ ဝေ့ကို သူ လှမ်းကြည့်၏။ ဝေ့မျက်နှာသည် တည်တည်၊ ကြိမ်ပုခက်ထဲ တွင် သမီးကိုသိပ်သည်။ ခြင်ထောင်ချပေးပြီး ပုခက်ကိုအသာ လွှဲ၏၊ အမေက သူ့အပါးမှ ဖြတ်လျှောက်ကာ ရေဒီယိုကို ပိတ်လိုက်၏။ ထို့နောက် ခေါင်းရင်းဘက် ကြိမ်ကုလားထိုင် တွင် ထိုင်သည်။ လက်ထဲရှိ ကွမ်းသီးဖက် ဆေးမြေ့လိပ်ကို ပြာခံခွက်ထဲသို့ ချထား၏။

'သမီး၊ လာထိုင်လေ'

အမေ့ဘက်သို့သာ ဝေ ကြည့်၏။ ထို့နောက် သူ့ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်၊ ဝေ့ကိုသူကြည့်၏။ ဝေ့နှုတ် ခမ်းသည် စေ့စေ့တင်းလျက်ရှိ၏။ အမေ့အကြည့်သည် မပျော့ ပျောင်းစွာ တစ်ချက် ရောက်လာ၏။

'အမေ့အဝတ်သေတ္တာထဲက စာကော'

ထိတ်ထိတ်ပျာပျာ ဖြစ်ရလေသည်။ အတိအလင်း သဘော ပေါက်ပေပြီ၊ ထို့ကြောင့် ရှပ်အင်္ကျီ ကြယ်သီးတစ်လုံးကို ဖြုတ်ကာ စာကို ဆွဲထုတ်သည်။ ဝေ သူ့ကို တစ်ချက်မကြည့်။ အမေ လက်မလှမ်း၊ စာအိတ်ကို စားပွဲပေါ်သို့ တင်ပေးလိုက် သည်၊

'သမီး၊ ဒီစာကို အမေသိမ်းထားတယ်လို့ သူ့ကို သမီး ပြောခဲ့သလား'

ငုံ့ထားသော ဦးခေါင်းကို မော့ကာအမေ့ကိုကြည့်သည်။ ထို့နောက် ခေါင်းကို ခါ၏။

www.burmeseclassic.com

www.burmeseclassic.com



'အမေ့ကို မင်းလာပြောတော့ ဝေပြောလို့ သိတယ်ဆို' ခေါင်းထဲတွင် ထူပူသွား၏။ မည်သို့ ဖြေရမည်ကို စဉ်းစား မရ။

'ဖြေလေကွာ၊ မင်းကို အမေ မေးနေတာ'

မာကျော ပြတ်တောက်သော အသံ။ မျက်တောင်မခတ် ကြည့်နေသည်။ အထစ်ထစ် အငေါ့ငေါ့ အဖြေကို မလွဲမရှောင် နိုင် စရချေ၏။

'ကျ...ကျွန်တော် အဲသလိုပြော...ပြောတာ မဟုတ်ပါဘူး အမေ'

'အမေက ဝေမပြောလိုက်လို့လားလို့ မေးတာပါ'

လက်ရန်းနှစ်ဖက်တွင် တံတောင်တွေတင်ကာ အမေက....

'အမေ အဲသလိုမေးတော့ မင်း ခေါင်းညိတ်တယ်မဟုတ် လား'

'ကျွန်တော် ယောင်ပြီး ခေါင်းညိတ်လိုက်တာပါ အမေ'

သူ့ ဖြေအပြီးတွင် အမေ တစ်ခဏ စကားရပ်၏။ ပြီးမှ...

'ကောင်းပြီ၊ ဝေမပြောဘဲနဲ့ အမေကလဲ မပြောဘဲနဲ့ အမေ့ ဆီမှာ အဲဒီစာရှိနေတယ်လို့ မင်း ဘယ်လိုလုပ်ပြီး သိသလဲ'

ကျိုး၍ မလှုပ်မလှန့်သာအောင် ကျုံ့သကဲ့သို့ ကျုံ့နေ၏။ ထိုစဉ် ထိုစာ ရောက်လာခြင်း၊ အချိန်အခါနှင့် သင့်တင့် လျောက်ပတ်မှု မရှိတော့သောစာဟု ယူဆ၍ သိမ်းထားခြင်း၊ အမေဆေးရုံတက်စဉ်က ဝေ တွေ့ခြင်း၊ ဝေ့ကို ဖတ်စေခဲ့ခြင်း ယနေ့တိုင် အမေ မဖတ်ခဲ့ခြင်းတို့ကို အမေ ပြောပြသည်။

'အဲဒီဖောက်ထားတဲ့ လက်ရာဟာ ဝေ့လက်ရာပဲ၊ ဝေ မသိ ချင်ယောင် ဆောင်နေခဲ့ပါတယ်၊ မောင့်ကိုလဲ ဒါနဲ့ပတ်သက် လို့ တစ်ခွန်းမပြောခဲ့ပါဘူး၊ မောင်နဲ့ မရီရီလှိုင်တို့အကြောင်း



ကို ဒီစာထဲမှာ အပြည့်အစုံ သိခဲ့တယ်၊ ဒီစာက သူရေးဆိုက်လို့ ရေးတဲ့ စာတစ်စောင် အနေနဲ့ ဝေ ဘယ်လိုမှ သဘော မထားခဲ့ပါဘူး၊ ဒါပေမယ့်....မောင် ဒီစာ ဒီနေ့ယူဖတ်လိုက် တာကိုတော့ ဝေ စိတ်မကောင်းဖြစ်ရတယ်၊ ဝေပြောချင်တာ အများကြီး မဟုတ်ပါဘူး။ မေမေ့မေးခွန်း အတိုင်းပါပဲ၊ ဒီစာ မရီရီလှိုင် ရေးခဲ့တယ်ဆိုတာ မောင် ဘယ်လိုလုပ်ပြီး သိခဲ့သလဲ၊ ဖွင့်လိုက်တဲ့ ဒီစာဟာ ဒီအိမ်မှာ ကျန်ရှိရမယ်လို့ မောင် ဘယ်လိုနည်းနဲ့ သိခဲ့သလဲ၊ အဲဒါပါပဲ'

ရွှေ့လျှားလာသော တောင်နံရံကြီးနှစ်ခုသည် ကျောနှင့် ရင်သို့ ထိစပြုချေ၏။ ရှန်းဖယ်လွတ်မြောက်ဖွယ် မရှိ။ အဖြေ မရှိသော နေနည်းနှင့် ဆက်၍ နေရလျှင်လည်း သိသိညက်ညက် ကြေရန်သာ ကျန်ပေလိမ့်မည်။ လျှပ်တစ်ပြက် အဖိုးအကွယ် တွေကို တွေးတောကြည့်သည်။ သို့ရာတွင် ဉာဏ်ဖြတ်ထိုးသည့် တုန်လှုပ်စိတ်ကြောင့် အထမမြောက်သေး။ အင်းအဲနှင့် ဖြစ်နေ ပါက အခြေအနေတွေ ယခုထက် အဆင်းပျက်ချိမ့်မည်။ လျှာအလျှဉ်းသင့်ရာကို ကံအားလျော်စွာ ရလိုက်၏။

'အစိုးနဲ့ မစန်းသင်တို့ မန္တလေးသွားတုန်းက မိလှိုင်နဲ့တွေ့ သို့၊ အဲဒီစာ သူ့ဆီပြန်ပေးဖို့ မှာလို့၊ အစိုးတို့ ပြန်ပြောလို့ ကျွန်တော်သိတာပါ အမေ'

'ဟင်း....မင်းစကားကလဲ လိုပေါင်း တစ်ထောင် ထပ်နေ ပါလား'

စကားစဉ်မချောမွေ့သည်ကို အမေ ခန့်သည်။ ဘာကြောင့် မပြေပြစ်ရခြင်း အကြောင်းရင်းကို သိမြင်ပြီး လက္ခ ဏာဖြင့် ထေ့သည်ဟု နားလည်၏။

www.burmeseclassic.com

www.burmeseclassic.com



'တစ်လ နှစ်ခေါက်လောက် မန္တလေး တက်နေတဲ့ မောင်ခင်အေးနဲ့ မဆုံဖြစ်ကြတာ အံ့စရာပဲ၊ မင်းသက်သေက နီးနီးနားနားကလူ မဟုတ်ဘူးကိုး။ ကောင်းပြီလေ၊ မနက်ဖြန် မောင်စိုးတို့ဆီ အမေလိုက်ပြီး မေးမယ်၊ မေးရမလား'

နားထင်တွေ တင်းလာချေ၏။

'မေးပါ အမေ၊ သူတို့လင်မယား သက်သေခံပါလိမ့်မယ်၊ အမေတစ်ယောက်တည်း မလိုက်ခဲ့ပါနဲ့၊ ဝေ့ကိုပါ ခေါ်ခဲ့ပါ၊ အစိုးတို့က ဟုတ်ပါတယ်ပြောတာကို ဝေ့နားနဲ့ ဆက်ဆက် မကြားရရင် အမေက အဖွာအထေး လုပ်ပေးနေတယ်လို့ ဝေက ထင်ချင်ထင်ဦးမှာ'

ဝေက ပြုံးသည်။ ဝေ့အကြည့်သည် ပြက်ရယ်ကြည့်။

'အဲသလိုထင်ရအောင် အမေက လိမ်တတ်ညာတတ်တဲ့သူမှ မဟုတ်တာ။ ပြီးတော့...အဲဒီကိစ္စလေးအတွက် ဝေ အချိန်ကုန်လဲ မခံနိုင်ဘူး၊ အပင်ပန်းလဲ မခံနိုင်ဘူး။ အမေ သွားမေး မနေပါနဲ့၊ အချိန်ကုန်လူပန်း မခံပါနဲ့'

လေသံ ဆတ်သည်။ မာနဦးချိုဖြင့် အမှတ်မထင် ခတ်ခြင်း ခံလိုက်ရသည်၊ အကြောင်းပြခဲ့သရွေ့သာ သိထားသူအသွင်နှင့် နေရသည်၊ စာတစ်စောင်တွင် ဘာတွေများ ရေးထားပါ လိမ့်ဟု သာမန်သိလိုစိတ်နှင့် တောင်းဖတ်သည့်ပုံ ဖော်ထား ရသည်။

'နေစမ်းပါဦး၊ ကမ္ဘေကမ္ဘာက ဒီစာကို ခုမှ အလော တကြီး ဘာဖြစ်လို့ ဖတ်ချင်လာရတာလဲ'

ဝေ မေးသည်။ အမေက ဆေးလိပ် ကောက်ဖွာနေသည်။ အမေ့မျက်နှာပေါ်တွင် တင်းမာမှုတွေ သိသိသာသာ လျော့ လျက်ရှိ၏။



'ဩော်...သူ ဘာများ ဒေါကန်ပြီး ရေးထားသလဲလို့ သိချင်လို့ပါ'

'သိပြီးလဲ ဘာထူးမှာ မို့လို့'

'ဒီစာကို ပြန်တောင်းတာ ပြန်ပို့ပေးရမယ် မဟုတ်လား'

'ဟင့်အင်း၊ ပြန်ပို့မပေးရဘူး၊ လောလောဆယ် ဒီစာကို ပိုင်တဲ့သူဟာ အမေ၊ ဝေ့ကိုလဲ အမေ ခဏပေးဖတ်တာ၊ ခု မင်း မလိမ့်တစ်ပတ်တောင်းပြီး ဖတ်ပြီးပြီ၊ အမေ ဘယ်သူ့ ကိုမှ ပေးမထားနိုင်ဘူး၊ ရိုရိုလိုင့်ဆီကိုလဲ ပြန်ပို့စရာ မလို ပါဘူး'

ကြားဖြတ်ဝင်ပြောသော အမေ့ လေယူလေသိမ်းတို့သည် ယတိပြတ်။

'ဒီမယ်၊ အမေ့မူကို ပြောချင်တယ်၊ သမီးလဲ နားထောင်၊ တည်တည်တံ့တံ့နေ၊ တည်တည်တံ့တံ့ပြော၊ မင်းတို့မှာ အခွသားသမီးနဲ့။ ကိုယ့်ကိုယ်ကို ရှေ့တန်းမတင်နဲ့၊ ကလေးတွေ အတွက် ဦးထိပ်ထားပြီး အရာရာကို စဉ်းစား၊ ကိုယ့်လိုအင် ဆန္ဒတွေနောက် လိုက်နေရင် အဲဒီသားသမီးတွေကို လူ့ လောကထဲ ခေါ်ပြီး ဒုက္ခရောက်အောင် လုပ်ပေးလိုက်တာနဲ့ အတူတူပဲ၊ ဒီကလေးတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွား ရေးကို တစ်ဆင့်မြှင့်ပေးဖို့တာဝန် မင်းတို့ နှစ်ယောက်စလုံးမှာ ရှိတယ်၊ အဲဒါ သိထား၊ စိတ်ခတ်ထိခိုက်မှု တစ်ခုခုပါ သွားရင်ကို မကောင်းတော့ဘူး၊ ဘာလုပ်ချင် လုပ်ချင် ဒီ ကလေးမျက်နှာကို ငဲ့၊ အမေ ဒါပဲပြောချင်တယ်'

*

www.burmeseclassic.com



(၄၉)

လေ့လာရေးခရီး ထွက်သွားသော ညွှန်ကြားရေးမှူးကို နှစ်ပတ်မပြည့်မီ ပြန်ရောက်စေချင်သည်။ ထိုမျှသော ရက်ပိုင်းအတွင်း ထိုနေရာကို ယာယီ တာဝန်ယူထားသူ အရာရှိနှင့် အဆင်မပြေဖြစ်လာသည်။ သူ တစ်ယောက်တည်းသာ စိတ်ညစ်ရသည် မဟုတ်။ ဌာန တစ်ခုလုံးရှိ အရာရှိငယ်များ၊ အမှုထမ်းများ အားလုံးလိုလို နှာခေါင်းရှုံ့လာကြသည်။ ထိုအရာရှိသည် သည်ဌာန၏ လုပ်ငန်းခွင်ကို သဘောမပေါက်။ သဘောပေါက်ရန် မလေ့လာ။ မညီသူ့ကိုမျှ မမေး။ ထို့ကြောင့် ရောက်လာကာစတွင် သည်ဌာနအကြောင်း သိပြီးသား၊ ကျွမ်းကျင်ပြီးသားဟု ယူဆခဲ့ကြသည်။ တစ်ပတ်မပြည့်မီ ထိုအရာရှိ အကြောင်းကို တစ်ဌာနလုံးက နားလည်ကြ၏။ မသိသော်လည်း သိလေဟန်နှင့် သဟောက်သဟပြုသည်။ မျက်နှာထားက ပြတ်မတတ် တင်းထားသေးသည်။ တမင်ပြုလုပ်ထားသော ရှာဘင်းတင်း အမူအရာနှင့် ပြောဆိုဆက်ဆံသည်။ မြို့နယ်အတွင်းရှိ ရုံးခွဲများသို့ နေ့စဉ် စာရင်းသွားယူရသူ၊ ဝန်ကြီးများရုံးနှင့် စာရင်းဇယား အပို့အယူပြုလုပ်ရသူ၊ အခြား အစိုးရအဖွဲ့အစည်းများနှင့် နေ့စဉ် ဆက်သွယ်ရသူတို့ကို ဘာကိစ္စနဲ့ နေ့တိုင်း အပြင်ထွက်နေရတာလဲဟု ကြိမ်းမေး မေးသည်။ အကျိုးအကြောင်း ရှင်းပြသောအခါ ဘယ်သူ လုပ်ခိုင်းတာလဲ၊ ဒါလောက် နေ့တိုင်း ထွက်စရာ မလိုပါဘူး။ တစ်ပတ်တစ်ခါပဲ ထွက်ဟု ဆိုသည်။ အမိန့်အတိုင်း လိုက်နာကြရသည်။ တစ်လပြည့်ကာနီး အထက်က လစဉ် စာရင်းချုပ်များ တောင်းသောအခါ အရာရှိငယ်များကို ပေါ့လျော့ရကောင်းလားဟု ဆူသည်။ တစ်ဌာနလုံး နေ့မအိပ် ညမအိပ်နှင့် ပြီးစီးအောင် အလုပ် လုပ်ရ



သည်။ အချိန်ပို လုပ်ခအတွက်မူ ဒါလောက်လေး လုပ်ရတာ အခွင့်ကောင်း မယူချင်ကြပါနဲ့ဟု စကားပိတ်သည်။

သုံးလေးရက် ကြာသောအခါ အမိန့်ပေါင်းများစွာ ထွက်ပေါ်လာသည်။ စည်းကမ်းနှိုးဆော်စာ စာရွက်များ တစ်ဌာနလုံး အနှံ့ကပ်လျက်သား ဖြစ်လာ၏။ အပြင်လူ မဝင်ရ။ တာဝန်ရှိသူမှအပ ဤအခန်းတွင်းသို့ မဝင်ရ။ ဤအခန်းတွင်းသို့ အမိန့်မရဘဲ ဝင်လျှင် အရေးယူ ခံရမည်။ မသက်ဆိုင်သူများ ဤနေရာသို့ မလာရ။ ရုံးချိန်အတွင်း စာမဖတ်ရ။ ရုံးကိစ္စမှအပ တယ်လီဖုန်း အသုံးမပြုရ။ ဧည့်သည်များ ခေါ်မတွေ့ရ။ ရုံးချိန်အတွင်း စုဝေး စကားမပြောရ၊ ထမင်းစားချိန်မှအပ ထမင်းမစားရ။ သုံးပြီးလျှင် ရေပြန်ပိတ်ပါ။ ထမင်းချိုင့် ဆေးကြောရာတွင် စားကြွင်းစားကျန် မတင်ပါစေနှင့်။ သင့်ကြောင့် အလုပ်မပျက်ပါစေနှင့်။ ဖိနပ်ချွတ်ပြီး ဝင်ပါ။

ရုံးအုပ် တစ်ယောက်က ညည်းသည်။

'တစ်ဌာနလုံးက နံရံတွေ၊ မျက်နှာကြက်တွေ၊ ကြမ်းပြင်တွေလဲ သူ့ဆောင်ပုဒ်နဲ့ သတိပေး ဆိုင်းဘုတ်တွေအောက်မှာ ကွယ်ကုန်ပြီ၊ အီးပေါက်ချင်ရင် အိမ်သာထဲမှာ ပေါက်ပါ ဆိုတာပဲ ကျန်တော့တယ်၊ ဆိုင်းဘုတ်တွေ အားလုံးက တို့ကို ရည်ရွယ်တာချည်းပဲ၊ သူ့ အတွက်ကျတော့ တစ်ခု မပါဘူး'

အပြောင်အပြက်တို့ဖြင့် ရုံးအလုပ်ကို မညည်းစတမ်း ထမ်းဆောင်ခဲ့သူ အထက်တန်း စာရေးကြီးက....

'သူ့မျက်ခွက်ကို သေသေချာချာ ကြည့်၊ အနုမြူဗုံးပို့ စနက်တံတစ်ဖက် ပဝ်တစ်ဖက် ထိန်းပြီး ကိုင်ထားရလို့ တာဝန်ကြီးလွန်းလှတဲ့ မျက်ခွက်မျိုး။ နှုတ်ခမ်းမွေးက ဟစ်တလာဆီက ငှါးချပြီး ပုံတူကူးထားသေးတယ်၊ ပြောပုံ လုပ်ပုံကျတော့ ချာလီ

www.burmeseclassic.com

www.burmeseclassic.com



ချက်ပလင်ရဲ့ အကြောင်းကြောင်း သရုပ်ဆောင်ပုံထက်တောင် သူက သာသေးတယ်၊ ဘဝင်ကလဲ မြင့်တင့်တင့်နဲ့၊ ဟစ်တလာနဲ့ ချာလီချက်ပလင် စပ်ကျထားတဲ့ သားလေး ဟစ်ပလင်လို့ ခေါ်ဖို့ကောင်းတယ်၊ တကယ်ကွာ၊ ကြုံဖူးပါဘူး၊ ဖယောင်းစက္ကူမှာ လက်မှတ်ထိုးတာ ပြောင်းပြန် ထိုးသတဲ့၊ စက္ကူလှန်မှပြီး ဒင်းလက်မှတ် ပြောင်းပြန်ကြီး ဖြစ်နေတော့ ငါ့ကို ဖိပြောက်လိုက်သေးတယ်၊ သွားရော.... အရွက်ငါးရာကျော်'

သမ္ဘာရင့် လက်နှိပ်စက်စာရေးမ အပျိုကြီးက....

'တော်ကြာ ဒီလိုရေး၊ တော်ကြာ ဒီလိုမရေးနဲ့၊ ခုတစ်မျိုး ခုတစ်မျိုး၊ ကြည့်ရတာ ကြောင်တက်တက်ပဲ၊ စားပွဲမှာ လူမရှိရင် ဘေးကို မေးရော၊ ဘယ်သွားမှန်းမသိလို့ မသိဘူး ပြောရင် အမြင်ကပ်ကြီး စာအုပ်မှာ ရှာတယ်၊ မတွေ့ရင် ရှုံးလစ်တယ် ထင်ပြီး ဆူတယ်၊ အိမ်သာ တက်တာကို ဘေးလူ ချေးပါသေးပေါက် အကြောင်းကြားရမယ့် ပုံမျိုး၊ အာဏာ ပါဝါ ကာလဲ တယ် မြှချင်တယ်'

အငြိမ်းစားယူရန် တစ်နှစ်ကျော်သာ လိုတော့သော ရုံးလုလင် အဘိုးကြီးက....

'ဘကြီးအတွက်တော့ တစ်ခုကောင်းသကွ၊ တို့ဆရာတွန်းက တစ်နေ့လုံးမှ အလွန်ဆုံး လေးငါးဆယ်ခါ ငါ့ ခေါ်တာ၊ ခေါ်ရင်လဲ ပါးစပ်က လှမ်းခေါ်တာ၊ တစ်ခါမှ ခေါင်းလောင်းတီး မခေါ်ဘူး၊ သူ့ကျမှ ခရောက်ရောက်ချင်း မတီးလို့ ကြေးညိုကပ်နေတဲ့ ခေါင်းလောင်းကို ပြင်ခိုင်းတာက စတာပါပဲကွာ၊ တို့ဆရာ နိုင်ငံခြားမသွားခင်က ငါ တစ်နေ့ တစ်နေ့ ထိုင်နေရတာများလို့ ခါးတွေ၊ ဒူးတွေ ကိုက်နေတာပဲ၊ သူကျတော့ အခါလေးငါးခြောက်ဆယ် ခေါ်တော့ လှုပ်



လှုပ်ရှားရှားဖြစ်ပြီး ခါးကိုက် ဒူးကိုက် သက်သာလာတယ်ကွ၊ တော်ကြာ ကလင်၊ တော်ကြာ ကလင်၊ ဝင်သွားရင် ဘယ်သူ ရှိသလား၊ ရှိပါတယ် ငါဖြေရင် ပြီးပြန်ရော၊ လူဝင်မှုကြီးကြပ်ရေးကို ငါ ရောက်နေသလိုလို၊ သန်းခေါင်စာရင်း ဌာန ရောက်နေသလိုလို ငါဖြစ်နေတယ်၊ ဟား....ဟား'

စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ဘွဲ့နှင့် ဒီပလိုမာတစ်ခု ရခဲ့သော မိန်းမလှ အရာရှိသစ်က....

'တော်တော် စိတ်ပျက်စရာ ကောင်းတဲ့ သတ္တဝါကြီး၊ စာရေးကြီးပြောတဲ့ ဟစ်ပလင်ပေါ့၊ ဘာအကြောင်းမှ မရှိတဲ့ ကျွန်မကို ခဏခဏ ခေါ်တယ်၊ ဟိုစာရွက်ကိုင် ဒီစာရွက်ကိုင်၊ တစ်ခွန်း နှစ်ခွန်း မေးပြီး ဘယ်မှာနေလဲ၊ ဘာဖြစ်လို့ အိမ်ထောင် မပြုသေးလဲ၊ သမ္မတကကား ကြည့်ပြီးပြီလား၊ ဘာလား ညာလားနဲ့၊ လူကို စားမလို ဝါးမလိုကြည့်၊ ရှိတ်နေတာလေ၊ မက်စရာကောင်းတဲ့ပုံ၊ ဟင်း....ဟင်း....ပုပ်ကွကွ၊ ထိပ်ကလဲ ပြောင်သေး၊ တိုန္နန္နန္ ရှုတ်ခမ်းမွေးကို တန့်တန့်ပြီး ရိသဲ့သဲ့ စကား ပြောလို ပြောနဲ့၊ ကျွန်မ ခပ်တည်တည်နေလို့ အခုထရီဇာကို ရှိတ်နေတယ်၊ ထရီဇာ့လက်နဲ့ မကြာခင် တွေ့ပါလိမ့်မယ်'

သူကိုယ်တိုင် မကျေမချမ်းဖြင့် ပြောပြလိုက်သည်။

'ကျွန်တော့်ကိုတော့ မြင်မြင်ချင်း မေတ္တာထားပုံပဲဗျ၊ သိလား၊ကျွန်တော်လုပ်နေတဲ့ စာရင်းအင်းကိစ္စထက် အရေးကြီးတဲ့ တာဝန်ကို ပေးမယ်ပြောပြီး တယ်လီဖုန်း စောင့်ခိုင်းတယ်၊ ဘယ်သူက ဆက်တယ်၊ ဘာကိစ္စ၊ နေ့စွဲ၊နာရီ၊မိနစ်၊ စာအုပ်နဲ့ မှတ်ခိုင်းတယ်။ တယ်လီဖုန်း လက်ခံပုံစံ ဖယောင်းလှိမ့်ခိုင်းတယ်၊ အရွက်ငါးဆယ်လှိမ့်တာ နည်းတယ်ဆိုပြီး အရွက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရာငါးဆယ် လိမ့်ရသဗျ။ တစ်နေ့တစ်ရက်ကို မကုန်ပါဘူးဗျာ၊ ပြီးတော့....ဒီမှာ သူကိုင်ရတာ အလွန်ဆိုးနှစ်လ။ ဆရာနိုင်ငံခြားက ပြန်လာရင် သူ့ဌာန သူပြန်ရမယ့်ဥစ္စာ၊ တစ်ခါအလေ ဖုန်းလာတယ်။ သူ့ကို မေးတယ်၊ အစည်းအဝေး ရှိရှိမရှိရှိ ဆရာ အစည်းအဝေး သွားပါတယ်လို့ ဖြေခိုင်းထားသဗျ။ တချို့က သူနဲ့တိုက်ရိုက် ဖုန်းမပြောရတော့ မရှိပါဘူး၊ အစည်းအဝေးလဲ ဆိုရော ဖုန်းချသွားရော။ ဘယ်သူဆက်တယ်၊ ဘာကိစ္စ ဆိုတာ ဘာယ်လိုလုပ် မှတ်ချက်ပေးရမလဲ။ ဒါလဲ မမေးတော်ဝင်းရလားဆိုပြီး ကျွန်တော့်ကို ဟောက်ပြန်ရော။ မေးကို မေးရမယ်၊ ဖုန်းလက်ခံ စာရွက်မှာ မှတ်ချက်ပါရမယ်တဲ့၊ တစ်ယောက်တုန်းက ကျွန်တော့်ကို ဆဲရောဗျ။ အမိန့်ရှိပါ၊ ဆရာအစည်းအဝေး ခန်းထဲမှာမို့ပါ။ ကိစ္စကို ပြောပြပါလို့ ထပ်ခါ ထပ်ခါ ကျွန်တော် မေးရတာကိုး။ အဲဒီတော့ တစ်ဖက်က မင်းတို့ဆရာ ကြည်မောင်ခင်နဲ့ တွေ့မှပြီးမှာကို မင်းက ဘာကောင်မို့ သောက်စကား ရှည်နေရတာလဲတဲ့။ ဆဲလဲပြီးရော ဖုန်းချသွားရော၊ ဖုန်းလက်ခံ မှတ်ချက်မှာ မေး၍မဖြေ၊ မေးသောကြောင့်ဆဲသွားသည်လို့ ကျွန်တော် ရေးထားလိုက်တယ်၊ သူ အိမ်ပြန် အိပ်ရာက ပြန်ရောက်လို့ အဲဒါလဲတွေ့ရော ဆူပြန်ရော၊ အထက်လူကြီးတွေဆီ တင်ပြတဲ့အခါ ဒါ သိပ်ရိုင်းတာပဲတဲ့၊ ဖုန်းလက်ခံကို ဝန်ကြီးအဖွဲ့ တင်ရတယ်ဆိုတာ ရှိမှ မရှိတာ အလုပ်ထွက်ချင်စိတ်တောင် ပေါက်လာတယ်'

စားသောက်ဆိုင် စကားဝိုင်းမှာ ဝါးခနဲ ဝါးခနဲ ပွဲကျလျက်ရှိ၏။ အလုပ်ဝင်ကာစက အလုပ်ခွင်တွင် ဤသို့ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်တွေ တွေ့ကြုံရမည်ဟု မတွေးမိခဲ့စိတ်သဘောထား ကောင်းမွန်သော၊ ကိုယ်ကျင့်တရား မြင့်မား



သော၊ ရင့်ကျက် တည်ငြိမ်သော၊ ဉာဏ်ပညာ အမြော်အမြင်ကြီးသော၊ ချစ်ခင် ရှိသေဖွယ် ကောင်းသော လူတွေနှင့်သာ အတူတကွ အလုပ် လုပ်ရမည်ဟု ကျောင်းသားတွေး တွေးခဲ့သည်၊ လှေလာရေးခရီးထွက်သွားသောညွန်ကြားရေးမှူးကဲ့သို့ ပုဂ္ဂိုလ်မြတ်၏ လက်အောက်တွင် အလုပ် လုပ်ရ၍ ပျော်ရွှင်လျက်ရှိခဲ့၏။ ယခုမှ ယာယီတာဝန်ယူသူ လူပြက်လူကြီးနှင့် တွေ့ရသောအခါ အားလုံးနည်းတူ အလုပ်ခွင်တွင် မပျော်ပိုက်တော့။ ထိုသို့သော အမျိုးအစား တစ်မျိုးသည် လူ့လောကတွင် ရှိနေသေးပါတကားဟု သိလေသည်။ ထိုအတ္တဝါအမျိုးအစားသည် လူ့လောကတွင် အတော်များများသာ ရှိနေပါက ခက်ချေတော့မည်ဟု အောက်မေ့၏။

'ကိုဇော်လတ် ဖုန်းလာတယ်'

လက်နှိပ်စက်စာရေးမတစ်ဦး လာပြောသည်။ စားသောက်ဆိုင်မှ အထွက်တွင် 'ဟေး....ကိုဇော်လတ်၊ စောစောကလို မှတ်ချက်ကလေး ရေးထားဖို့ မမေ့နဲ့ဦးနော်'ဟု စာရေးကြီးက လှမ်းနောက်သည်။ ရယ်ပွဲကျသံကြောင့်ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်၊ 'မစ္စတာ ဟာစ်ပလင်ဆီကို လာတဲ့ ဖုန်းလား'ဟု သူ မေးသည်။ 'မစ္စတာ မဟုတ်ပါဘူး၊ ဒေါက်တာ ဟာစ်ပလင်ပါဗျ'ဟု သူ မေးသည်ကို မဖြေမီ အခေါ်အဝေါ် ပြင်ပေးရင်း ရယ်၏။ 'အင်း....အင်း....ကျွန်တော် မှားခေါ်တာ'ဟု သူ ပြောသည်၊ 'ဒေါက်တာ ဟာစ်ပလင်ဆီ လာတဲ့ဖုန်းမဟုတ်ဘူး၊ ရုံးခန်းထဲကဖုန်း၊ ခင်ဗျားဆီလာတဲ့ ဖုန်း၊ အမျိုးသမီးအသံ'ဟု လက်နှိပ်စက် စာရေးက ပြောသည်။

ရုံးခန်းသို့ ဝင်သောအခါ ထမင်းဝိုင်းဖွဲ့ကာ စားသောက်နေကြသူများက 'ဆရာဇော်လတ် ကဆုန်စိုင်းပြီး ဝင်လာ

www.burmeseclassic.com



တယ်၊ ဟာစ်ပလင်ဖုန်းမှတ်လို့နဲ့တူတယ်' '....ရှစ်ရက်ဗုဒ္ဓဟူးနေ့၊ အချိန် တစ်ထောင့်နှစ်ရာ့နှစ်ဆယ့်တစ်နာရီ၊ ဆယ့်လေးစက္ကန့်၊ ဖုန်းဆက်သူ ဟာစ်ပလင်ကတော်၊ကိစ္စ ညနေရုံးဆင်းရင် အထက်ဆင်စ တစ်စ ဝယ်ခဲ့ရန်' 'တစ်ဖက်မှ ဖုန်းပြောသူက ဒီက မေးလွန်း မြန်းလွန်းလို့ ဟောသလို ဟောသလို တစ်တစ်ခွခွ ဆဲရေးပါကြောင်း မှတ်ချက် ရေးထားနော်' နောက်ပြောင်သံတွေ ဆူညံသွား၏။ သူက ရောနှော ရယ်မောကာ စားပွဲပေါ်တွင် ချထားသော စကားပြောခွက်ကို ကောက်ယူနားထောင်ရင်း....

'အမိန့်ရှိပါ၊ ကျွန်တော် ဇော်လတ်ပါ'

တစ်ဖက်မှ အသံ မကြားရ၊ ထပ်မံမေးမည် ပြင်တော့မှ—

'ကိုသတ်၊ လိုင်ပါ'

'ဪ....စောင့်နေတာ ကြာပြီလား'

မဖြေ၊ မေးသာ မေး၏။

'စားသောက်ဆိုင်မှာ ဘယ်သူနဲ့သွားလို့ ဒီလောက် ကြာနေရတာလဲ'

သူက ခပ်မျှင်းမျှင်း ရယ်လိုက်သည်၊

'သူငယ်ချင်းတွေနဲ့ပါ'

မယုံမကြည် ရယ်သံကို သူ ကြား၏။

'ရုံးလဲ မလာတာကြာပြီ၊ ဖုန်းလဲ မဆက်ဘူး၊ ဘာဖြစ်နေတာလဲ'

'မလာတာ ရှစ်ရက်ပဲ ရှိပါသေးတယ်၊ ဖုန်းကလဲ ကိုယ့် မြောပူးသားပဲ၊ ဟာစ်ပလင်ကြောင့်၊ ရုံးကိစ္စမဟုတ်ဘဲ ဆက် မကောင်းဘူးလေ၊ အပြောအဆိုလဲ မခံချင်လို့၊ အဲဒါကြော ပါ'



ထမင်းဗိုင်းဆီမှ ရယ်သံ တိုးတိုး ထွက်လာ၏၊ 'ဗီနာမည်ကို အပြင်က လူတွေတောင်သိနေပြီပဲ၊ မြန်မျှားကြားရင် ဒေါ်သူပုန် ထသိုက်မယ့်ဖြစ်ခြင်း' 'သူ့ အခန်းဝမှာ အဲဗီနာမည် ရေးကပ်ထားရမယ်' အသံတွေ သဲ့သဲ့ကြားရ၏။

'တစ်ခါလာလဲ အဲဒါကြီးအကြောင်း၊ လှိုင်သာဆို မျိုးလုံးနဲ့ ရိုက်ပစ်မိမလား မသိဘူး'

'ကိုယ်လဲ အဲသလိုပဲလှိုင်၊ ဆရာလဲ ပြန်လာတော့မှာပါ၊ ဆယ်ရက်လောက်တော့ ဝင်ခံရဦးမယ်၊ အပြင်တာဝန် ကိုယ် မယူရတော့ ထွက်လာဖို့ မလွယ်ဘူးလေ၊ စနေတိုင်း အချိန်ပိုမရှိလဲ အချိန်ပိုခိုင်းနေတယ်၊ အလုပ်မရှိရင် ငြိမ်ငြိမ်ထိုင်နေတဲ့ လူကြီးတွေက သူ့ကို တယ်ကြိုးစားပါလား၊ တယ် အလုပ်လုပ်ပါလားလို့ ထင်အောင် အယောင်ပြ နေတာတွေလေ၊ ဒါကြောင့်ပါ'

'စနေ ရုံးဆင်း လာမလား'

'အချိန်ပိုရှိရင် ပြဿနာပဲ'

'ဒါဖြင့် တနင်္ဂနွေနေ့ ဆယ်နာရီလောက် အိမ်မှာ မနက်စာ လာစား၊ ဟုတ်လား'

ခေတ္တမျှ တွေ့သွားသည်။ မကြည်မလင် ဖြစ်လာနိုင်သည့် ဝေ့မျက်နှာကို ပြေး၍ မြင်လေ၏။ မကြန့်ကြာသင့်ဟု တွေးမိ၍....

'အင်း....လာမယ်လှိုင်'

စိတ်တွေ လေးလံလျက်ရှိသည်။

*

www.burmeseclassic.com

www.burmeseclassic.com



(၄၀)

သူ့နည်းတူ မိလှိုင်သည်လည်း ရင်ခုန်နေမည် ထင်၏။ ကျောနှင့် ဆိုဖာနှင့် ထိလိုက်သည်။ မိလှိုင်၏ ညာဘက်လက်သည် သူ့ပခုံးနှင့် ထိနေသည်။ ကိုယ်ချင်းထိလုလုနှင့် ရှိသည်။

'ချစ်တယ် လှိုင်'

ရှက်သွေးဖြင့် နီမြန်းမြန်း ဖြစ်နေသော မိလှိုင့်မျက်နှာသည် ပြုံးမည့် အသွင်နှင့်။

'လှိုင် မညာပါဘူး၊ လှိုင် ချစ်တယ် ကိုလတ်ရယ်— ဒါပေမယ့်....'

မဆက်သော စကားတွေကို မကြားသော်လည်း သိနေသည်။ သက်ပြင်းရှိုက်သံကို သူကြားသည်။ တစ်ကိုယ်လုံးရှိလည်ပတ်နေသော သွေးတို့သည် ရှိန်ရှိန်ပူရောသလား မှတ်သည်။

'စကားရှယ် ဝယ်ကတည်းက စွဲတဲ့အချစ်ပါ လှိုင်ရယ်'

သူ့ကို မိလှိုင်ကြည့်နေသည်။ ပြုံးရည်လဲ့သော မျက်လုံးအစုံ၊ စိုပြည်လှပသော နှုတ်ခမ်းနှင်းဆီ၊

'မောင့်ကို ပထမဆုံး တွေ့ခဲ့တဲ့သူက လှိုင်ပါ၊ ဒါပေမယ့်— ခုတော့ ဒုတိယလူ ဖြစ်နေတယ်'

ဝမ်းနည်း လှိုက်လှဲစွာ ဆိုလေသည်။

'လှိုင်...'

ကော့စင်းနေသော မျက်တောင်တွေ တစ်ဖျတ်ခတ်သည်။

'ခုတစ်ခါတော့ မကွဲကွာစေရတော့ဘူး လှိုင်'

မျက်ခုံးနှစ်ဖက်သည် သိသာရုံ ရေးရေးတွန့်၍ နေ၏။

'ရင်မောစရာကြီး မောင်ရယ်'



'မမောစေရတော့ပါဘူး လှိုင်၊ လှိုင့်ကို လက်တွဲ ဖြုတ်ပြီး မောင် မပြေးပါဘူး၊ လှိုင် ယုံပါ။ လှိုင် စိတ်ချမ်းသာရပါစေ့မယ်'

တစ်စုံတစ်ခုသော အတွေး၌ ငြိနေဟန် ရှိ၏။ လှိုင့် အပြုံးတွေ မဖြောင့်ဟု သူသိနေ၏။

'လှိုင်....'

'အင်'

နှုတ်ခမ်းမဟ ထူးသည်။

'မျက်နှာညှိုလှချည်လား လှိုင်ရယ်'

ပင့်သက်ကို ဖြည်းညင်းစွာ မှုတ်ထုတ်သည်။

'စိတ်နည်းနည်း မောသွားလို့ပါ မောင်ရယ်'

'မောင် သတ္တိရှိပါတယ်၊ ဖြောင့်လဲ ဖြတ်သားပါတယ်၊ လှိုင် ယုံမယ် မဟုတ်လား'

မိလှိုင်ဘက်သို့ ကိုယ်ကိုစောင်း၍ လှည့်လိုက်သည်။ ပြုံးလက်စအကြည့်နှင့် သူ့ကို ကြည့်နေ၏။

'ယုံတယ် မဟုတ်လားဟင်'

ခေါင်းကို ငြိမ့်ငြိမ့် ညိတ်ပြသည်။ လှိုင်ဟု တစ်ခွန်း ထပ်ခေါ်သည်။ မျက်နှာ ခပ်ငိုက်ငိုက်ထားရင်း ပြုံးသည်။ မျက်နှာ ချင်း နီး၍ လာသည်။

နှုတ်ခမ်းဆိုးဆေး ရနံ့သည် ဝင်သက်တိုင်းတွင် မျှောပါလာသည်။

***

သောကြာနေ့ညနေ ရုံးအဆင်းတွင် အစိုးကို မမျှော်လင့်ဘဲ လျက် တွေ့ရ၏။ အရေးတကြီးမျက်နှာဟု သိလိုက်သည်။ ထောက် ဖက်ရည်ဆိုင် တစ်ဆိုင်ကို သွားရအောင်ဟု အစိုးက ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက လာတာလားဟု သူမေးသည်။ ခေါင်းခါကာ ငါ အခုပဲ မြို့က မြန်ရောက်လာတာ၊ ရုံးအောက်မှာလာစောင့်နေတာ နာရီဝက်လောက်ရှိပြီဟု မသာယာသော မျက်နှာဖြင့် ပြောသည်။ ဘာများ ထူးလို့လဲဟု သူ မေးသည်။ ထိုနောက် မင်းဆီကို ငါလာမယ်လာမယ်နဲ့ မရောက်ဖြစ်ခဲ့ဘူး။ စကားပိတ်ထားစရာရှိလို့ဟု သူ ပြော၏။ ပိတ်မနေနဲ့၊ မနေ့က မင်းတို့အိမ် ငါရောက်လို့ မင်း လိမ်သမျှ အကုန် ပေါ်သွားပြီဟု အစိုးက ပြောသည်။ ဤတွင်မှ အသက်ရှူ ရပ်မတတ်ဖြစ်သွားချေ၏။ ဟင်....ဟုတ်လားဟု အထိတ်တလန့် မြည်မိလေသည်။ မင်းက တော်တော် အဟုတ်မဟုတ်တဲ့ ကောင်၊ တကယ်ဆို ငါ့ဆီလာပြီး စကား အတိုင်အဖောက်လုပ်ထားတော့ ဘာဖြစ်မှာမို့လို့လဲ။ ဒေကာကော မင်းအဘွားကြီးကကော အကြောင်းစုံ ပြောပြလိုက်ကြတယ်။ ငါက ဟုတ်လား၊ ဒီကောင် ကျုပ်တော်တို့ကိုတောင် တစ်ခွန်း တစ်ပါဒ မပြောခဲ့ဘူး ဘာဘူးနဲ့ ငါ ပြောရတာပေါ့။ တယ်မြီး ယုံမယ် မထင်ဘူး။ ကြည့်ထိန်းဖို့ ငါ့ကို တာဝန်ပေးလိုက်တယ်ကွ။ မင်းနှယ်ကွာ....တကယ်ပဲ၊ ငါ လခွီး၊ ခိုးလဲ စားမယ် ကြံဆေး၊ လည်ပင်းမှာလဲ ခြူဆွဲထား ဆေး ဆိုတာမျိုး ဖြစ်နေပြီဟု ငေါက်သည်။ အိမ်ကို လာမယ်ကြ လိုက် မလာဖြစ်လိုက်နဲ့၊ အဲသလို ဖြစ်သွားတာပဲ အစိုးဟု သူပြော သည်။ အိုကွာ၊ အိမ်ကိုမလာတာတောင်မှ ဒဿနိကဌာန လာရင် တစ်နေကုန် ငါ ရှိနေတတ်တာပဲ၊ လာလို့ မတွေ့ရင်တောင် တစ်ယောက်ယောက်မှာ။ နောက်နေ့လာရင် ငါစောင့်နေရမှာ ပေါ့ဟာ။ ခုတော့ မင်းမောကြောပဲ ဇော်လတ်၊ မင်းနဲ့ မိလှိုင် တွေ့လို့သာ အဲဒီစာအကြောင်း မင်း သိတယ်လို့ သိသွားကြ ပြီလေဟု အစိုးက အပြစ်တင်သံဖြင့် ပြော၏။ မိလှိုင် ရန်ကုန်



ရောက်...,ဟု သူစကား စစဦး ခင်အေး ပြောလိုက်လို့ ငါသိပြီးပါပြီ။ ရန်ကုန်ရောက်နေတယ်တဲ့၊ မင်းတို့ ပြန်ဆက်နေကြတယ်လားဟု အစိုးကို မေးပြော ပြောသည်။

'မောင်နှမလိုပါကွာ'

သူ လေအေးလေးနှင့် ဖြေသည်။ အစိုးက မေးစေ့နှင့်ပါး ချိတ်ကို လက်ဖဝါးနှင့်ပွတ်ရင်း....

'ခေါ်တော မောင်နှမလား'

'မဟုတ်ပါဘူးကွာ၊ မင်းပြောတဲ့ အဖြူရောင် အချစ်ပါ'

ပင်နီတိုက်ပုံကို ပခုံးတွင် တင်ကာ ချိတ်ကွင်းတွင် လက်သိုး လျှိုသည်။ ရယ်သံသဲ့သဲ့ ကြားရ၏။

'အဖြူရောင်အချစ်ပြီးရင် အပြာရောင်အချစ်ပေါ့၊ ပြီးရင် ခရမ်းရောင် အချစ်'

အစိုး၏ ပခုံးကို သူ ဖက်ကာ....

'မဟုတ်ပါဘူးကွာ၊ အင်း.... မနက်ဖြန် ငါ ရင်ဆိုင်ရမယ့် ဒုက္ခက မသေးပါလား'

စိတ်ပျက်ခြင်း ကြီးစွာဖြင့် သူ ညည်းညူလေ၏။

'ဒါ အကင်းကလေး ရှိသေးတာ၊ မယားနှစ်ယောက်ကြားမှာ ဗျာများရတဲ့ ဒုက္ခသည် အသစ်စက်စက်ကလေးကို မျက်စိအောက်တွင် မြင်ရတော့မှာပါလား၊ မြင်ရခဲဘိခြင်း၊ ငါ အင်မတန်မှ ကူဆိုလ်ထူးလို့၊ မင်းရော ခင်အေးရော ငါ ကြည့်ကြည့်ပြီး ရယ်ချင်တယ်၊ ကျောင်းတုန်းက ကုပ်ကုပ်ကုပ်ကုပ်နဲ့မခုတ်တတ်တဲ့ ကြောင်လေးတွေ၊ ခုတော့လဲရှုပ်လိုက်တာ၊ ဟိုကောင်လဲ မိရွှေသွယ် တမြန်နေ့က ချထားတာ မျက်ကွင်းတစ်ဖက် ညိုနေလေရဲ့၊ ရွှေသွားတစ်ချောင်း ပြန်စိုက် ထားရတယ်'

အံ့အားသင့်ရ၏။

www.burmeseclassic.com



'ငါ ရောက်တုန်းက အေးအေးဆေးဆေးပါ၊ ဘယ်လိုဖြစ်တာလဲ'

'နောက်မိန်းမ မီးဖွားပြီလေကွာ၊ ကုန်တင်ကားနဲ့ မန္တလေးကုန်တွေ ရန်ကုန် ပို့ရမယ်ဆိုပြီး အယောင်မြှသွားတာ မိသွယ်က ပါးလိုက်တာ လွှစ်လို့၊ သတင်းအရ လိုက်သွားတာကို၊ မီးနေခန်းထဲတွင် ကရာတေးနဲ့ အိုက်ကီဒိုပြိုင်ပွဲ စတော့တာပေါ့ကွာ၊ ခင်မအေး အမေ ဒေါ်တင်ရှိန်ကပါ သတင်းကြားပြီး ထပ်လိုက်သွားလို့၊ နို့မဟုတ်ရင် ကျော်မကောင်း ကြားမကောင်း၊ ဇယျဝတီမှာတော့ ခင်အေးသတင်းက ဟားစရာအစစ်ပဲ၊ မြို့ပြန်ရောက်တော့ ခင်အေးကို သူ့အမေက တံမြက်စည်းတစ်ချောင်း တုန်အောင် တီးတော့တာပဲ၊ မြို့မရောက်တာကြာလို့ ငါသွားတာ အဆင်သင့်သွားတယ်၊ လူနာသတင်းမေး သွားတဲ့သဘော ဖြစ်သွားတာပေါ့ကွာ'

စိတ်မသက်သာစရာ သတင်းပေတကား။

'သြော်…မွေးတောင် မွေးပြီးပြီကိုး၊ ငါ ရောက်တုန်းက ဒီကောင် မပြောတော့ ပြောတယ်၊ အင်း…ခင်အေးလဲ တကယ်ပြဿနာပဲ၊ ဟိုကောင်မလေးကို သူ တော်တော် ချစ်ပုံရတယ် အစိုး'

အစိုးက ရှုံးဆင်းပရိသတ်တွေကြားမှ တိုးဝှေ့သွားရင်း ရယ်နေသည်။

'ဒီကွ အားလုံးဟာ အချစ် ဆိုတဲ့ အရာက စတာပဲ ဇော်လတ်'

လေးလံ ညှင်းထိုင်းလာသော အတွေးများကြောင့် သူ အရှိန်းလျှော့လိုက်သည်။



'မင်း မတာဝိဇ္ဇာကျမ်းတင်ရင် အဲဒီအကြောင်း ပြုမှုပါလား'

'ကောင်းသားပဲ၊ ကျမ်းကိုးစာရင်းက ခင်အေးအတ္ထုပ္ပတ္တိနဲ့ မင်းရဲ့အတ္ထုပ္ပတ္တိ'

'ငါ မပါပါဘူးကွာ'

'ဟင်း…ပြဿနာ ပေါ်တော့မှ ငါ့ဆီ ပြေးမလာနဲ့'

လည်ပင်းကြောတွေ တင်းလာသည်အထိ အောက်နှုတ်ခမ်းကို သွားဖုံးပေါ်အောင် ဟသည်။ အံသွားချင်း ဖိကြိတ်လျက်ရှိ၏။ ပါးတွေ အရစ်အရစ် ထနေ၏။ ထိုနောက် နှုတ်ခမ်းကို စုလိုက်၏။ မျက်ခုံးနှစ်ဖက်က ဆတ်ခနဲ တွန့်တက်သွားသည်။ ထွက်သက်ကို ဝှူးခနဲ မှုတ်လိုက်သည်။

နေသောင့် နေသာ ဆောင်းညနေခင်းတွင် ချွေးပူတွေ စို့လာသည်။

***

နှလုံးသွေး အတန်ငယ် မြန်နေသည်ကို သိသည်။

အိမ်ထောင်ရေး ပြဿနာချက်တစ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မိပြီဟု နားလည်သည်။ အကြီးအကျယ်ဆုံး အမှားတစ်ခု မိမိတွင် စွဲကပ်နေသည်ဟု သဘောရ၏။ တည်ကြည်သော မျက်နှာထားနှင့်နေပင်နေရသော်လည်း ကိုယ့်ဦးနှောက်က ကိုယ့်ကို လှန့်နေလေ၏။ အလိုလို ကျဉ်းကျပ်နေမြန်၏။ အသက်ရှူ မဝချင်။ မျက်လုံးတွင်လည်းကောင်း၊ မျက်ခုံးတွင်လည်းကောင်း၊ နှုတ်ခမ်းတွင် လည်းကောင်း၊ အသံတွင် လည်းကောင်း ထိုအပြစ်သည် ကိုယ်ထင်ပြနေမည်ဟု ကြောင့်ကြလျက် ရှိသည်။ အိမ်ထောင်ရေး ရာဇဝတ်သားအဖြစ်နှင့် တိတ်တဆိတ်နေရခြင်းကို ပင်ပန်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်အထင်ကြောင့် ဖြစ်ကောင်း ဖြစ်မည်၊

ဝေ့အကြည့်သည် စူးစမ်းလွန်းလှသည်။ ခြေလှုပ်လက်လှုပ် ကိုပင် မလွတ်စတမ်း အကဲဖမ်းနေသည်။ စကားတွေကို ခွဲခြမ်း စိတ်ဖြာနေသည်ဟု ထင်သည်။ အမေသည်မူ ဝေ့နှယ် မစေ့စပ်လွန်း။ သို့ရာတွင် သူနှင့်ဂုတ်သက်၍ အမေ့တွင် စိတ် မကြည်လင်နေဟန် တွေ့ရ၏။ ထမင်းဝိုင်းတွင် စကားမစည်၊ အပြုံးအရယ်တွေ သိသိသာသာ ခေါင်းလျှက် ရှိလေသည်၊ အစိုးနှင့်တွေ့၍ မေးမြန်းပြောဆိုသည့် ကိစ္စကို အမေရော ဝေ ကပါ တစ်ခွန်းမဟ။ ကြန် မျှော်လင့်ထားသော စကား တွေကို အမြွက်မျှပင် မသမ်းခဲ့ကြ၊

မသိလိုက် မသိယောင်နှင့်နေကာ ဖတ်လက်စ ဝတ္ထုကို မြန်၍ဖတ်ရန် ပက်လက်ကုလားထိုင် ယူသည်၊ ခြေရင်း ပြတင်း ဘေးတွင် ကုလားထိုင် နေရာချလိုက်သည်။ ထိုအချိန်တွင် ကျောင်းသူ သုံးယောက်နှင့်အတူ ဝေ့ညီမတို့ ရောက်လာကြ သည်၊ ကျောင်းစာအုပ်တွေ ကိုယ်စီနှင့်၊ စာမေးရန် ရောက် လာဟန်တူသည်။ ဝတ္ထုစာအုပ်ကို ယူ၍ ထိုင်ထိုက်၏၊ ဝေ့ ညီမက ထမင်းစားပြီးပြီလား အစ်ကိုဟု လာမေး၏။ အေး.... နင်တို့ကော စားပြီးပြီလား၊ စာလာမေးတာလားဟု မေး လိုက်သည်၊ ဟုတ်ကဲ့ဟု ဖြေကာ သူ့ ကူမကို အစ်မ၏ လက်မှ ယူ၍ ချီထား၏။ ဧည့်သည် ရောက်လာသောကြောင့် အနေရ အထိုင်ရ အတန်မျှ အသက်ရှူ ချောင်လာသည်။ ကိုယ့်အဖြစ် ကိုယ် တွေးမိ၍ ဝမ်းထဲမှ ပြုံးမိ၏။ အဖြစ် ရှိသောကြောင့် မိဘက ဆူမိမည့်အချိန်တွင် ဧည့်သည် ရောက်၍ အဆူအရိုက်မှ လွတ်မြောက်ရပုံ၊ ဧည့်သည်ကို ကျေးဇူးတင်ရပုံ၊ ဝမ်းသာ



စိတ်အေးရပုံနှင့် မခြားနားလှ၊ ကလေးဘဝ၏ ထွက်ပေါက်ကို ရသကဲ့သို့ ဖြစ်နေလေသည်၊

ဝတ္ထုစာအုပ်ကြားတွင် ညှပ်ထားသော စက္ကူစုတ်ကို ဖယ် လိုက်သည်၊ လက်ဝဲစာမျက်နှာကို ကြည့်သည်၊ ဖတ်ပြီးသား။ တစ်ရွက်လှန်လိုက်သည်၊....တယ်ဆိုရင်ပဲ သိရောပေါ့စိုးအောင် ရာဟု စကားပြော တစ်ပိုင်းတစ်စကို တွေ့၏။ ဆက်၍ ဖတ် လိုက်သည်။ ........စိုင်းဇော်မြင့်က စိုးအောင်ကို အံကြိတ်ပြီး ကြည့်သည်၊ 'မင်းကို ဦးစက္ကူက ဘာမှာလိုက်သလဲ' စိုးအောင် က မထီတရီ ရယ်သည်။ ပုပ္ပား ရွှေပတ် အစီခံစီးကရက်ကို ခဲကာ မော်ဝစ်ဇာ ပြောင်းရှည်ပစ္စတိုကို ထုတ်၏၊ အသံတိတ် ကိရိယာကို တပ်ခနဲ တပ်သည်၊ 'ကျုပ် လိုချင်တာ ဇာလမ်ရဲ့ ခေါင်း၊ သူမောင်ရဲ့ခေါင်း' ဟု စိုးအောင် ဖြေသည်။ ငှက် ဆိုးထိုးသံနှင့် ရယ်သည်။ စိုင်းဇော်မြင့် ရယ်သည်၊ 'မင်းဟာ မင်း သွားဖြတ်၊ ဖြုတ်ပြီး ချေးတွင်းထဲ ပစ်ချ ပစ်ချ' ဟု စိုင်း ဇော်မြင့် ဖြေသည်။ ထိုစဉ် စိုင်းဇော်မြင့်၏ လက်မရှိ တပည့်နှစ်ယောက်က သံမဏိ တံခါးကို ကျောပေး၍ ကြည့် နေသည်။ 'စိုးအောင် မင်းရှာနေတဲ့ ဒီသတ္တဝါကို ဝရမ်း ဆီ တို့ခုပဲ ပို့လိုက်ပြီးပြီ၊ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွား တာ လေးဆယ့် ငါးမိနစ်လောက်ရှိပြီ' ဟေး မောင်ဖိုးထူးက ရယ်သွမ်းသံဖြင့် ပြောသည်။ 'မင့်ဘဝမှာ စင်သီယာတို့ မသလ္လာတို့ ရှိနေသေးချင်တယ်ဆိုရင် မင်း ခုပြန်ပါ စိုးအောင်၊ ဘေးမသီ ရန်မခ ပြန်သွားခွင့် ပေးပါမယ်' ဖလဲပင်နှင့် အိတ် နှစ်အိတ်တွင် လက်မချိတ်ရင်း အိကြာ ကျော်ထွန်းပြော သည်။ ကြည့်နေကြသည်။ အပြတ်ချမည့်ဟန်၊ ဖိုးဉာဏ်အေး

www.burmeseclassic.com

www.burmeseclassic.com



စိုးအောင် ရွေးရမည်။ လမ်း။ စထရွန်တီယံ အမှတ် ကိုးဆယ့် ခြောက်။ ထိုအခိုက် စိုင်းဇော်မြင့်က....

'.......ဆရာမက စစ်ကိုင်းကို မရောက်ဖူးလို့လားမသိဘူး၊ မန္တလေးလဲ ယယ်ယယ်တုန်းက တစ်ခေါက်လား ရောက်ဖူးတာ၊ ဒါကြောင့် ဆရာဇော်ဂျီရဲ့ ဒီကဗျာထဲက ကြက်နန်းဆိုတာ ရယ်၊ နံ့ကိုင်းဆိုတာရယ်ကို ဘုရားလို့သာ သိတာ၊ ဘယ်မှာ မှန်း မသိဘူးကွယ့်....'

ဝေ့အသံ နားထဲသို့ ဝင်လာသည်။ ပြတ်သွားသောအာရုံကို ပြန်ဆက်ကာ ဝတ္ထုဖတ်သည်။....မှောက်။ခေါက်။ ကြွသွားပြီ အိကြွာကျော်ထွန်း။မြွေးဝင်လာသူ မား မောင်ဖိုးထူး။သဲပတ္တူ ဖျင် ဟက်ခနဲ့ခွဲသည့် စိုးအောင့် တံတောင်သည် ကျရာတာဝန် မလစ်ဟင်း။ မား မောင်ဖိုးထူး နာရီ ခုနစ်ဆယ်ထက် မနည်း မှောက်လျက်နေဦးမည်။ နောက်တစ်ယောက်အတွက် အသင့်။ မရှိတော့။ စိုင်းဇော်မြင့် မရှိတော့။ သံမဏိ စကြိုတစ်လျှောက် တွင် ဝေးသွားသော ခြေပဲ့တင်သံ။ လိုက်ရန် ခြေလှမ်းပြင် သည်။ လက်ကနာရီသည် မီးနီသုံးပွင့် ပွင့်နေသည်။စိုးအောင် သိသည်။ စိုင်းဇော်မြင့် စကြိုတစ်လျှောက်ရှိ ရေဒီယို ဓာတ်ကြွ ခလုတ်တွေ ဖွင့်ရင်းပြေးသည်။ သံမဏိကိုထွင်းသော ဓာတ် ရောင်ခြည်၊ နာရီပိုင်းအတွင်း သေွးနီဥတွေ ပျက်ပြုန်းစေမည့် သေမင်း၊ နာရီပိုင်းအတွင်း ယမမင်းနေပြည်တော်ကို ရောက် စေမည့် အန္တရာယ်။ စိုးအောင့် အကျဉ်းအကျပ်....

'...ကြက်နန်းကို စုန့် စုန့်ပါတော့လား၊နံ့ကိုင်းကို စုန့် စုန့် ပါတော့လားတဲ့၊ ဆိုလိုချက်နဲ့ ရည်ရွယ်ချက်က တစ်ဆုဆုဆီ လေ့ဦးတိုက်ပါလားတဲ့၊ ကြက်နန်းကိုလိုလို နံ့ကိုင်းကိုလိုလို နဲ့ ဖြစ်နေတာကိုး။ မပြတ်မသား ဖြစ်နေတယ်ပေါ့ကွယ်၊ မင်း



တို့ နားလည်လား၊ အင်း....အဲသလို မဝေခွဲ မပြတ်သားတဲ့ ပဲ့နင်းကို အလို အိုပဲ့နင်းရယ် မင်းလူလှည့်စားလို့ ကဗျာဆရာ က ပြောတယ်လေ၊ဟိုလိုလို ဒီလိုလို မပြတ်သားတဲ့သူကို လူ လှည့်စားလို့ အပြစ်တင်သင့်တယ်လေ၊ လေ့နံ့နှစ်ဖက်နင်းတဲ့ သူတို့ ဘဝတွေကိုလဲ ခေါ်နိုင်တာပေါ့။ မပြတ်သားတာကိုကဗျာ ဆရာက မနှစ်သက်....'

နားထဲတွင် ဝေ၏ ကဗျာရှင်းလင်းချက်သည် ဆူးတွေဖြူး ထားသကဲ့သို့ ဖြစ်သွား၏။ ဝေ၏ ဖွင့်ဆိုချက်သည် ကဗျာ၏ အပသို့ ဖောက်ထွက်လာသည်ဟု သိလိုက်သည်။ ဝတ္ထုထဲက ဓာတ်လိုက်၊ ဓာတ်ရုံတွိုသည် ပဲ့နင်း၏ လှုင့်ပစ်ခြင်း ခံလိုက်ရ ချေသည်။

'ဒီနှစ် စာမေးပွဲမှာ ဒီကဗျာ မေးနိုင်သလား ဆရာမ'

ဝေ ရယ်သည်။ ကျောင်းသူ၏ အမေးကြောင့် ဟုတ်မှာန် မဟုတ်၊ တည့်တည့်စောင်းလိုက်သည်ကို အားရသွားဟန်နှင့် ရယ် သည် ထင်၏။ သူ့အထင် မလွဲ။

'ဒါတော့ ဆရာမ မပြောနိုင်ဘူးလေကွယ်၊ ဖတ်တော့ ထားရမယ်၊ မမေးလဲ မဖြေရုံပေါ့၊ ဒါပေတယ်လို့ ကိုယ့်ဘဝ အယူအဆ ကိုယ်ကျင့်တရားတို့ ဘာတို့မှာ အဲဒီပဲ့နင်းလိုမဖြစ် ဖို့ သတိပြုနိုင်ရင် အကျိုးမယုတ်ပါဘူး၊ ကဲ....နောက်တစ်ပုဒ် က ဆရာ မင်းသုဝဏ်ရဲ့...'

ခဏတွင် မနည်းပင် ငြိုသိပ်၍ နေရကြောင်းသိလိုက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



(၅၁)

'မဖြေတော့ဘူးလား လှိုင်'

အဘယ်မည်သော အတားအဆီးတို့သည် မိလှိုင့်ရင်တွင် ဖြစ်နေသည်ကို မှန်းဆမရ။

'လှိုင်ရယ် ဖြေလေ'

အဖြူရောင် နိုင်လွန်ဆွယ်တာ လက်နှစ်ဖက်ကို လက်မောင်း လယ်သို့ အသာပင့်တင်သည်။ ထို့နောက်....

'လက်ထပ်ဖို့ အစီအစဉ်ကို ခုကတည်းက ရက်သတ်ရတာ မစောလွန်းဘူးလား မောင်'

သူ ပြုံး၏၊ ခေါင်းခါကာ....

'ဟင့်အင်း၊ မစောပါဘူး။ နှစ်ပေါင်း ကုဋေငါးထောင် ကြာရင် နေစကြဝဠာကြီးတစ်ခုလုံး ပျက်သုဉ်း ကွယ်ပျောက် တော့မယ်၊ ဒီတော့....မြန်မှ၊ မဟုတ်ဘူးလား'

မိလှိုင် ရယ်လေ၏။ မျက်နှာသည် စောစောကလောက် မန္တမ်းလွန်းလှတော့။

'ဟုတ်သားပဲ၊ သက်ရှိသတ္တဝါ မှန်သမျှ ချုပ်ငြိမ်းဖို့ သိပ် မှ မဝေးတော့တာ'

နာရီကို ကြည့်နေရင်း မိလှိုင့်စကားဆုံးသည်နှင့်....

'အဖြေမလာသေးပဲ အဲဒီစကား ပြောလိုက်လို့ နှစ်ပေါင်း ကုဋေငါးထောင်ထဲကို ဆယ့်နှစ်စက္ကန့် ရောက်သွားပြီလှိုင်'

လမ်းသွားလမ်းလာ ပတ်ဝန်းကျင်ကြောင့် မိလှိုင်သည် ရယ်သံကို မနည်းနှိမ့်ထားရ၏။

'မောင် ကတ်သီးကတ်သတ် သိပ်ပြောတတ်တာပဲ'

နာရီကို မကြည့်။

'အဲဒါက ခုနစ်စက္ကန့်'



'လှိုင် တအား ရယ်ပစ်လိုက်မိမယ်'

'သွားပြန်ပြီ၊ ငါးဒသမ သုညရှစ်စက္ကန့်'

မိလှိုင် နှုတ်ခမ်းစေ့ကာ တဟင်းဟင်း ရယ်နေ၏။ သူ့ပခုံး ကို မိလှိုင်က ပခုံးဖြင့် အသာတိုက်သည်။ မိလှိုင့် မျက်လုံးအိမ် တွင် မျက်ရည်တွေ စို့တို့တို့။ မိလှိုင်၏ လက်ဖဝါးကို အသာ ဆုပ်ထားလိုက်လေသည်။ သူ့လက်ချောင်းတွေကြားသို့ မိလှိုင် လက်ချောင်းတွေ လျှို၏။

'မေးလိုက်တာ။ ဘာရေမေးလဲဟင်'

'အေဗွန်'

'ငယ်ငယ်တုန်းက ဒေါနုပန်းစိမ်တဲ့ အနံ့ဆီရနံ့တို့မကြိုက် တော့ဘူးလား'

'တစ်ခါတလေ လိမ်းသားပဲ'

'အဲဒီရနံ့ မောင် တစ်ခါမှ မရသေးဘူး'

'မောင် အိမ်ကို လာလည်တဲ့နေ့ လိမ်းထားမယ်'

သူ မျက်ခုံးတစ်ချက် တွန့်သည်။

'ဟုတ်မဟုတ်တော့ မသိဘူး လှိုင်ရဲ့၊ နွေဘက်မှာထက် ညဘက်မှာဆိုရင် အဲဒီရနံ့က တစ်မျိုး ပိုမွှေးတယ်တဲ့၊ ဟုတ် မဟုတ် သိချင်လိုက်တာ'

သူ့လက်ကို မိလှိုင် ပြင်းပြင်းတစ်ချက်ဖျစ်၏။ မျက်စောင်း ရောက်လာ၏။

'နောက်နှစ်ခါ ဒီအချိန်လောက်မှပဲ ဒေါနုစိမ်တဲ့ အနံ့သိ ကို လူးတော့မယ်'

'ဒါ အဖြေပေါ့၊ ဟုတ်လား

သုံးလေး ငါးလှမ်းရောက်မှ ခေါင်းညိတ်ပြီး ပြုံးသည်။ သူ့ပြန်၍ပြုံး၏၊ ရင်ထဲတွင် နွေးလာသည်၊ [illegible]

www.burmeseclassic.com



သွားသော ဆောင်းလေတို့ အအေး မသည်းတော့ဟု အောက်မေ့သည်။

'ဝေတို့ သားအမိအတွက် မောင် ဘယ်လို စီစဉ်မလဲ'

ကြံရွယ်ထားခြင်း မရှိသော အစီအစဉ်ကို ရုတ်တရက် မပြောတတ်။

'ဘယ်လို စီစဉ်စေချင်သလဲ လှိုင်'

မေးလိုက်ချိန်နှင့် မိလှိုင်မဖြေမီ အချိန်တို့တွင် စဉ်းစားနိုင်အား၍ ကျွဲ့လို့ဆိုလိုက်သည်။ မပြတ်မသား အခြေအနေကို မိလှိုင် လက်ခံနိုင်မည် မဟုတ်။ ပြတ်သားရမည် ဆိုသော် ဝေမည်သို့ ရှုမြင်မည်နည်း။ ဝေတွင် မည်မည်ရရ အပြစ်ပြစရာ မရှိ။ ဟင်းထမင်း အချက်ညံ့သည်၊ ထို့ကြောင့်၊ အင်္ကျီလုံချည် လျှော်ဖွပ်ရာတွင် မဖြူစင်၊ ထို့ကြောင့်၊ ငွေကြေး လက်ဖွာသည်၊ ထို့ကြောင့်၊ လင်ယောကျ်ားကို ဂရုမစိုက်၊ နှုတ်လျှာကြမ်းသည်၊ ပြူစူသည်၊ ဆူဆောင့်သည်၊ အိမ်ထောင်ရှင်မ မပီသ၊ ထို့ကြောင့်။ ပြုစုယုယမှုတွင် ကာယကံအရ၊ ဝစီကံအရ စိတ်တိုင်းကျ မဖြစ်၊ ထို့ကြောင့်၊ မည်သည့် ထို့ကြောင့်ကမျှ ယုတ္တိမရှိ။ ခြိမ်းသော ဝါးအပြားကို လုံးသော ဝါးဟု သိထိကြိုးနှင့် အပြစ်ရှာရန် စိတ်မလွယ်။ မမှန်သော စွဲချက်များတင်ကာ လမ်းခွဲပစ်ရမည်လော။ အမေနှင့် အမေတို့ ရှိသေးသည်။ စကားနည်း စိတ်ဆတ် သညာကြီးသော အမေ့ အစီအရင်က မည်သို့လာမည် မတွေးတတ်။ အိမ်မပြန်ဘဲနေ၊ မိလှိုင်နဲ့ လက်ထပ်၊ သတင်းစာထဲမှာ ကြော်ငြာ၊ ကိစ္စပြီးပြီပဲဟု စိတ်ကူးရ၏။ ဖြစ်ပါ့မလား၊ ဝေက စိတ်ထက်ပါဘိသနဲ့၊ ကျွန်မ သားချင်းတွေ ဘာတွေ ထပ်ပြီး ကြော်ငြာရင် ပြဿနာ။ မိလှိုင် အရှက်ကို အထိမခံချင်။ မိပြတ် ဖပြတ် ဆွေမျိုးပြတ်ဘဝတို



မိလှိုင် ခံယူနိုင်မည် မဟုတ်။ ခံယူဝံ့စေဦး၊ ထိုဘဝမျိုးသို့ မရောက်စေသင့်။ မိလှိုင်ကဲ့သို့ အမျိုးသမီး တစ်ယောက်တွင် လွတ်လပ်သူ၊ ပညာရည်တူ ချစ်သူ အလွယ်နှင့်ပင် ရနိုင်ပေါ လျက် ယခုသော် တစ်ဆင့်နိမ့်ရဦးမည်၊ ကလေးဖအေး မယားကြီးနှင့် မပြတ်မစဲသောကြောင့် အငယ်အနှောင်းဘဝ။ ထိုဘဝကို လူသိရှင်ကြား သိက္ခာအချခံရမည် ဆိုပါက နောက်ထပ် တစ်ဆင့် နိမ့်ရမည့် အနေမျိုး။

'မောင်နဲ့ လက်ထပ်လိုက်တဲ့အချိန်မှာ မိဘနဲ့ ရာသက်ပန် ပြတ်ရတဲ့ အဖြစ်ကိုတော့ လှိုင် မဖြစ်စေချင်ဘူး၊ ဒီစကားကို မောင် နားလည်မှာပါ၊ တိုက်ရိုက်ကြီး ပြောရမှာ ပါးစပ်က မထွက်ရက်ဘူး မောင်ရယ်'

'ဝေနဲ့ တရားဝင် ကွာရှင်းပေးဖို့ မဟုတ်လား လှိုင်'

သူ့ကို တစ်ကြည့်မျှ လှည့်ကြည့်သည်။ ကန်ရေပြင်သို့ ငေး၍နေ၏။ ထို့နောက်....

'ဟုတ်တယ် မောင်၊ ဒီပြဿနာကို ရှင်းဖို့ မောင့်မှာ သိပ်မရှုနိုင် မကယ်နိုင် ဖြစ်နေတယ် ဆိုရင်လဲ မိလှိုင် ထပ်လျော့ပါဦးမယ်'

နားဖြင့် ခံယူခြင်း အနက်ထက် အဆများစွာ အလေးအထား ဖျံ့သော စကား။ နှလုံးသည်းပွတ်ကို စွင်လိုက်သည့်စကား။ အသံဖြစ်ရာ အစိတ်အပိုင်း ဟှသမျှကို မိလှိုင့်စကားက ချုပ်နှောင်ထားဘိသို့ ခံစားရလေသည်။ ဖြေသင့်ချိန်ထက် မလွန်မီအောင်....

'ပြတ်သားရမှာပေါ့ လှိုင်၊ လှိုင် လျှော့ဖို့ မလိုပါဘူး'

မိလှိုင်သည် ငေးမြဲ မျက်နှာနှင့်....

'မောင့်ကို လှိုင် ချစ်နေမိလို့ မောင် ဗျာများရပြီ'

www.burmeseclassic.com

www.burmeseclassic.com



'မောင် အဲသလို မတွက်ပါဘူး၊ လှိုင် အဲသလို မတွေးပါနဲ့ကွယ်၊ မောင် လှိုင့်ကို ချစ်တဲ့ အချစ်ကို ပြောမပြတတ်ဘူး၊ သိလား၊ တစ်ခါတလေကျတော့ စဉ်းစားမိတယ်၊ လှိုင့်ကို မောင် ချစ်နေတာက ချစ်ရာထက် နှစ်ရာများ ကျနေပြီလား လို့'

မရှင်းသည်တော့ ဟုတ်ဟန်မတူ။

'ဘာကို ဆိုလိုတာလဲ မောင်'

သူ ခေါင်းငုံ့ကာ ကြည့်၏။

'မောင်နဲ့ လက်တွဲလိုက်ရလို့ ပတ်ဝန်းကျင်မှာ နစ်မွန်းစရာများ ဖြစ်လာမလားလို့ စိုးရိမ်တယ် လှိုင်'

မိလှိုင် သက်ပြင်းချ၏။ ထို့နောက် ခေါင်းခါသည်။

'မရှင်းမလင်းကြီးနဲ့ဆိုရင်....'

'မောင် နားလည်ပါတယ် လှိုင်၊ မောင် ကတိပေးပါတယ်၊ ပြတ်ပြတ်စဲစဲ ဖြစ်ရပါစေ့မယ်'

'ပြတ်ပြတ်စဲစဲ ဆိုတာဘာလဲ မသွားရ မလာရဘူး၊ မခေါ်ရဘူး၊ အဆက်အဆံ မရှိရဘူးလို့ လှိုင် ခါးခါးသီးသီး ပြောတာ မဟုတ်ပါဘူး၊ မောင့်သမီးကို မောင် ခေါ်ထားချင်လဲ ခေါ်ထား၊ လှိုင် ဒီလို စိတ်ကူးထားတယ်'

ခဏအရပ်တွင်....

'ပြောလေ လှိုင်'

'မောင့်လခကို မေတို့ သားအမိကို အကုန်ပေးလိုက်ပါ၊ မောင်နဲ့ လှိုင်နဲ့အတွက် လှိုင့်လခက လုံလောက်ပါတယ်၊ လိုရင် မေမေတို့ဆီက လှိုင် ပြောယူရင် ရပါတယ်၊ နေဖို့အတွက်လဲ ပြဿနာ မရှိလှပါဘူး၊ ခုနှစ်လပိုင်းလောက်ဆိုရင် မေမေတို့ ဓာမာရွတ်မှာ အိမ်ဆောက်တော့မယ်၊ ခုနေတဲ့အိမ်ကို မေ့မေ



တို့ပဲ ယူလိုက်မှာ၊ အစ်ကိုနဲ့ ယောင်းမ နိုင်ငံခြားသွားတဲ့အခါ အခွန်ထမ်းစရာ ရှိတာတွေ ဘာတွေကို လှိုင်တို့ ပေးလိုက်ရပဲ၊ ခု လှိုင်နေတဲ့ အိမ်ကို အစကတော့ ငှားမလား စိတ်ကူးထား ကြတယ်၊ အခုတော့ ငှားစရာ မလိုတော့ဘူးလေ၊ လှိုင်တို့ နေကြမယ်၊ မကောင်းဘူးလား'

လှိုင့်တွင် စီမံကိန်းတွေ များစွာ လျာထားထားကြောင်း သိလိုက်၏။

'အဲဒီ စိတ်ကူးတွေ ဘယ်တုန်းက စခဲ့တာလဲ ဟင် လှိုင်'

လက်ချင်း ဖြုတ်ရင်း....

'လှိုင့်ကို ရည်းစားစကား ထပ်ပြောတဲ့ နေ့က'

သူ ရယ်လိုက်၏။

'လှိုင် တော်တော်စွန့်စားရတာပဲနော်'

'ဘာကိုပြောတာလဲ မောင်'

'မောင့်အချစ်ကို ဒုတိယအကြိမ်မြောက် ပြန်လည်လက်ခံရ တာကို ပြောတာပါ'

တိုးတိုးညင်းညင်း ရယ်သည်။

'အစကို ပြန်တွေးကြည့်ရင် ခုလောက် အံ့ဩစရာမှ မဟုတ် တာ'

ကိုယ့်စကားကိုယ် သဘောကျစွာဖြင့် ဆက်၍ ရယ်လေသည်။

'မောင်က အဲဒီတုန်းက လှိုင် ဟောက်မှာ ကြောက်လို့ ရိပ်ဖမ်း သံဖမ်းလေး ရေးနေရတာ'

'မောင်ရေးတာ လှိုင်သိတယ်လေ၊ ဝေ့လည်ကြောင်ပတ်နဲ့ ရေးနေတာလို့၊ လှိုင်က စပြီး မောင့်ကို ချစ်တယ်လို့ ရေးပစ် လိုက်တာပေါ့၊ စိတ်မရှည်ဖော့ဘူး၊ မောင်ရေးတာတွေ မှာ

www.burmeseclassic.com

www.burmeseclassic.com



မိသေးရဲ့လား၊ ငယ်ငယ်က မြက်တွေခူးပြီး နွံကောင်အိမ်ဆောက်တာတွေ မီလှိုင် အမှတ်ရသေးရဲ့လားတဲ့၊ ငယ်ငယ်က ကိုလတ် ဘယ်လောက် စိတ်ကူးယဉ်သလဲ ဆိုရင်တဲ့၊ အဲဒီ မြက်အိမ်လေးထဲမှာ မီလှိုင်နဲ့ ကိုလတ် အတူ နေခဲ့ချင်တယ်တဲ့ ဟင်း...ဟင်း'

'အဲဒီစာတွေ ရှိသေးလား'

'ရှိတာပေါ့၊ မနေ့ညကတောင် ထုတ်ဖတ်သေးတယ်'

'မောင်လဲ သိမ်းထားပါတယ်၊ ဒီလို လှိုင်ရဲ့လှိုင့်ဆီကို အဲဒီတုန်းက ချစ်တယ်ဆိုတာ မရေးဝံ့တာ အကြောင်းရှိတယ်၊ လှိုင်နဲ့တာ အဆက်အသွယ် နည်းနည်းပြတ်နေတော့ မန္တလေး တက္ကသိုလ်မှာ လှိုင် ချစ်သူတွေ ဘာတွေနဲ့များလား ဆိုတာ တစ်ချက် သံသယဝင်နေတယ်လေ၊ မတော် ချစ်သူရှိနေပြီး သားဆိုရင် မောင် စကား အဖတ်တင်ရုံသက်သက် ဖြစ်သွားပြီး အခွင့်အမင်း ပျက်သွားမှာလဲ တစ်ချက်စိုးရိမ်တယ်၊ လှိုင် သိမှာပါ'

'လှိုင့်ဘဝမှာ ချစ်သူကာ မောင် တစ်ယောက် တည်းပါ၊ မန္တလေးတက္ကသိုလ်မှာတုန်းက စကားလိုက်ပြောတဲ့ သူတွေ တော့ အများကြီးပေါ့၊ ဘယ်သူ့မှ လှိုင် မချစ်ခဲ့ဘူး'

'မောင့်ကိုမှပဲ ချစ်မိတယ်ပေါ့'

မဖြေ၊ ပြုံးစေ့စေ့အမူအရာနှင့် နေသည်၊

'ကံဆိုးချင်လို့ မောင့်ကို ကြုံဖန်ပြီးချစ်မိတယ်ဆိုပါတော့—ဟုတ်လား လှိုင်'

မျက်ခုံးတွေ တွန့်ယောင်ယောင် ဖြစ်သွားသည်၊

'အင်...မောင်ကလဲ လှိုင် အဲ့သလို မတွက်ခဲ့ပါဘူးလို့ဆို သူ စကား ဖြေလိုက်၏၊



'စကားပမာ ပြောတာပါ၊မန္တလေး တက္ကသိုလ်မှာတုန်းက လှိုင့်ဆီက ကျွန်မမှာ ရည်းစားသနာ မရှိသေးပါရှင့် ဆိုတဲ့ စာ လစဉ်ရခဲ့ရင်တော့ မောင် ရေးပြီလား'

'ဩော်...အင်း...အင်း... ကောင်းပါတယ်၊ ကောင်းပါတယ်'

လမ်းမီးတိုင်တွေ အလင်းအား သာစပြုပေပြီ။ အဖေအား မာတ်ကို အပြီအသ ခံစားလာရသည်။ မှိုင်းမှိုင်းညိုပြာ မြေငွေ့ ရေငွေ့တွေကြားမှ ကျွန်းအစပ်ကို လှမ်း မြင်နေရသည်။

*

(၄၂)

သူတက်လာသောအခါ အဖေသည် သတင်းစာကို ပေါင်ပေါ်သို့ တင်သည်။ ပက်လက်ကုလားထိုင်ဖျင်နှင့် ကျော ခွာသည်။ စာကြည့်မျက်မှန်နောက်မှအဖေ မျက်လုံးအစုံသည် ပြုံးတုံ့တုံ့။ အင်း...မင်းကိုယ်မင်းတော့ လည်လှပြီပေါ့ကွာ၊ ဟုတ်လားဟု မေးလိုက်သကဲ့သို့ ရှိနေ၏။

'အဖေ ဒီနေ့ ဘယ်မှမသွားဘူးလား'

မိနပ်ချွတ်ပြီးမှ လှမ်းမေးလိုက်၏။

'မင်းလို သွားစရာ အိမ်များများမရှိတော့ ဘယ်မှ မသွားပါဘူးကွာ'

အရွှန်းအပြက် ပြောတတ်သော အဖေ့ လေ၊ တစ်ခုတစ်ခါပင် တွေ့ရခဲ့သော ထိုလေ့ ထိုစကားကြောင့် မျက်နှာ မပျက်အောင် ထိန်းထားရသည်။ လက်ဖက်မြုံ့ရင်း အဖေက ပြုံးချေ၏။

www.burmeseclassic.com

www.burmeseclassic.com



'အစည်းအဝေးတို့ တရားနာတို့ အဖေ မသွားဘူးလားတို့ မေးတာပါ'

'အေးပါကွ၊ မရှိလို့ အဖေ စောစောပြန်ပြန်ရောက်နေတာ ပေါ့'

ပြောပြီးတော့ အဖေ ပြုံးနေသည်။ ဆံဖြူတွေ ပြည့်နေသော ခေါင်းတုံးဆံတောက်ကို လက်ဖဝါးဖြင့်ပွတ်ကာ....

'ငါ့သားက လူချော့ပဲ၊ ဆယ်တန်း အောင်ပြီးကာစက တက္ကသိုလ်မပို့ဘဲ ရှမ်းရှင်မင်းသား ဝင်လုပ်ခိုင်းရင် ခုဆို တိုက်ဆယ်လုံးလောက် ဆောက်ပြီးပြီ'

အမေက အဖေ့ကို မျက်စောင်းထိုးသည်။ နှုတ်ခမ်း မဲ့ပြီး ပြောသည်။

'အင်း....မယားတွေလဲ မှိုလိုပေါက်နေမှာပေါ့'

လှမ်းသာတက်ခဲ့ရသည်။ ညှော်ခန်းထဲသို့ မည်သို့ရောက်လာမှန်း မသိလိုက်။ တဖောင်းဖောင်းရယ်နေခြင်းဖြင့် သက်သာရာ ရှာရသည်။ ခရီးဆောင်အိတ်ကို စားပွဲပေါ်သို့တင်ပြီး....

'သမီးရော အမေ'

'မနက်ကတည်းက အွားအေအိမ်မှာ'

'ဝေကော လိုက်သွားလား'

'ရှိတယ်လေ၊ မီးပူထိုးနေတယ်၊ အင်း....မိန်းမနဲ့ကလေးကို သတိရဖော် ရသေးတာပဲ'

အဖေ့ဝက ဝဖိုင့်သောခန္ဓာကိုယ်ကို ပက်လက်ကုလားထိုင်တွင် ထိုင်သားကျအောင် မြင်ထိုင်ရင်းနှင့် တဟားဟားရယ်၏။ ဂုဏ်ပြုပျက်လုရှ ဖြစ်သွားသည်ကို အမေတို့ ထင်ထင်ရှားရှား မြင်ကြပေလိမ့်မည်။

❋❋❋



အိပ်ခန်းဝတွင် ရပ်လိုက်သည်။

'ဟော....မောင်ပြန်လာပြီ'

ပြုံး၍ကြည့်သည်။ မီးပူခလုတ်ကိုလှမ်းပိတ်ပြီး ထိုင်ရာမှထ၏။ စားပွဲဝိုင်းပေါ်တွင် မီးပူမတိုက်ရသေးသော အင်္ကျီလုံချည်များ၊ စားပွဲဘေးရှိ သံမံတလင်းပေါ်တွင် နေရာထိုင် ဖျာတစ်ချပ်၊ ဖျာပေါ်တွင် မီးပူတိုက်ပြီးသား အထည်များ ခေါက်လျက် သား။

'ဆာလာပြီလား ဟင်....ထမင်းစားမလား၊ တစ်ခုခုအဆာ ပြေ စားမလား'

မျက်နှာချင်းဆိုင်ရပ်ရင်း မေးသည်၊ ဝေ့မျက်နှာကိုကြည့်နေလိုက်သည်။ ကြွင်နာမြဲ၊ ဂရုစိုက်မြဲ ဝေ့အပြုအမူ။ ဆံနွယ်မျှင်တွေ နဖူးနားထင်တွင် ကျနေသည်။ သနပ်ခါးတွေ ကွက်နေသည်။

'ဝေ ရေတောင် မချိုးရသေးဘူးနဲ့ တူတယ်'

ဝေ့ နှုတ်ခမ်းသည် ခပ်နွမ်းနွမ်း။

'အပေါ် အင်္ကျီ ချွတ်လေ'

အင်္ကျီချွတ်ရင်း....

'ဝေ ထမင်းစားမှပဲ မောင်လဲ စားတော့မယ်၊ တစ်ခုခု စားလိုက်ရင် ရင်ခံသွားမယ်'

သူလှမ်းပေးသော တိုက်ပုံအင်္ကျီကို လှမ်းယူသည်။

'အုန်းနို့ ကျောက်ကျော ကျိုထားတယ်၊ ဝေ လေးငါး ခြောက်ထည်လောက် မီးပူထိုးလိုက်ဦးမယ်၊ ဒါပြီးရင် ရေချိုး ဦးမှာနဲ့ ဘာနဲ့ဆို မောင်သိပ်ဆာလိမ့်မယ်၊ နည်းနည်းစားချင် စားထား'

ရှပ်အင်္ကျီ ကြယ်သီးဖြုတ်ကာ....

www.burmeseclassic.com

www.burmeseclassic.com



'နည်းနည်းပေးလေ၊ ဝေ ညကျမှ မီးပူဆက်ထိုး၊ မိုးချုပ်ရင် အေးလာလိမ့်မယ်'

တိုက်ပုံအင်္ကျီကို စားပွဲဝိုင်းပေါ်သို့ခေါက်ချိုးချ၍တင်ပြီး–

'မအေးပါဘူး၊ ဝေ ချွေးတောင်ထွက်နေတယ်၊ ဆောင်းတွင်းကလဲ ပြာသိုတောင် ကုန်မယ် မကြုံသေးဘူး၊ အိုက်နေပြီ၊ ရာသီဥတုတွေ ဖောက်ပြန်ကုန်ပြီနဲ့တူရဲ့၊ မိုးလဲ မိုးမပီ၊ ဆောင်းလဲ ဆောင်းနဲ့မတူ။ ကဲ....မောင်ထိုင်ဦး၊ သွားထည့်လိုက်မယ်'

အခွင့်သာ သာသလို တွယ်ထည့်လိုက်တာကိုးဟု မသိယောင်ပြုကာ နေရာ၏အိပ်ခန်းထဲမှ ထွက်သွားသော ဝေ နောက်ကျောကို လှမ်းကြည့်ပြီး သက်ပြင်းချမိသည်။ မီလှိုင်ထံမှောက်၌ ပေးခဲ့ပြီးပြီဖြစ်သော ကတိတွေကို စေမျှားကြားသာကြားရပါက ရင်ကွဲရချေလိမ့်မည်၊ တစ်သက်ကျေဖွယ်မရှိထိုက်သောအမှုက်ဒေါသကိုသူ ကေန် ရင်ဆိုင်ရပေလိမ့်မည်၊ အမှန်ပင် မသိမ်းဆည်းသင့်သော ရန် စကားတွေ ဝေ ပြောပေမည်။ မီလှိုင်အား ပေးခဲ့သည့် ကတိတွေကို အကောင်အထည်ဖော်ရန် မလွှယ်ကူလှသည်။

'ရေနွေးကြမ်းက မဆိုစလောက် အေးနေတယ်'

အချိုမန်းကန်ပြားထဲတွင် အုန်းနို့ကျောက်ကျော၊ ဖွန်းငယ်တပ်လျက်။ လက်တစ်ဖက်က လက်ဖက်ရည်ကြမ်း ဖန်ခွက်၊ ခုလိုင်ဘေး၍ မှန်တင်ခုံတွင် ချထားသည်။ "သိပ်အပူကြီးလဲ မောင် မသောက်ချင်ပါဘူး" ဟု အင်္ကျီလုံချည်လဲရင်း သူပြောသည်။ ဝေက မီးပူခလုတ်ဖွင့်ပြီးမှ....

"ဟုတ်တယ်၊ သိပ်အေးတဲ့အခါ ပူပူသောက်ရတာ ကိစ္စမရှိဘူး၊ ပူနေတဲ့အခါ အပူသောက်ရတာ မကောင်းဘူး



မောင် ဒီမှာထိုင်စား၊ ဝေ မီးပူထိုးလိုက်ဦးမယ်၊ ပြီးတော့ အတူတူ ရေချိုးတာပေါ့'

ပူနေတဲ့အခါဟူသော ဝေ့ အဓိပ္ပာယ်သည် နှစ်ခွ။ ကာလ၊ ရင်ထဲတွင်ပူနေသော အဖြစ်အပျက်များ၊ ဝေ့ မျက်နှာထားသည် နေရိုးနေစဉ်၊ ပြောရိုးပြောစဉ်၊ ထားရိုးထားစဉ်။ ထို့ကြောင့် ကြားရိုးကြားစဉ် သဘောမျိုး သူ့ဆောင်နေလိုက်၏။ မှန်တင်ခုံရှေ့က ကြိမ်ထိုင်ခုံရှိုင်းကိုဆွဲကာ ထိုင်၏၊ ကျောက်ကျောတစ်ဖတ် ဖဲ့စားသည်၊ ရေနွေးတစ်ကျိုက်ကျိုက်သည်။ ဝေသည် စားပွဲဝိုင်းကို နေရာပြန်ချကာ စားပွဲပေါ်ရှိ အထည်တွေကို ဖျာပေါ်တွင် ချ၏။

'မောင့် တိုက်ပုံကိုလဲ မီးပူထိုးပေးဦး'

'သိပါတယ်၊ ခေါက်ရိုးကျိုးရင် မဝတ်တတ်ဘူးဖြစ်နေပြီလား ကိုလူပျို့ရဲ့'

ရယ်သံစွက်၍ နောက်၏၊ တိုက်ပုံအင်္ကျီကို ဖြန့်ခင်းနေသူဝေ ကို ပြန်ပြုံးပြလိုက်၏၊ ပြောစရာစကားမရှိ။ အလိုက်အထိုက် အပြောင်အပြက် အဆိုခက်သည်။ ရှိုးဆိုတော့....လူတောထဲမှာဆိုတော့.... စသည်ဖြင့် အတည်စကား ဆို၍မဖြစ်၊ ဆူးတွေကြားသို့ ရောက်နေသော ခံတွင်းကို ကျောက်ကျော၊ ရေနွေးကြမ်းတို့နှင့်သာ အဆက်မပြတ်ထားရလေ၏၊ စကားမဆိုပြန်လျှင်လည်း ဝေ့ သံသယတွေ ပွိုသည်ထက် ပွိုလာနိုင်သေး၏။ ထို့ကြောင့်....

'အုန်းနို့ကျောက်ကျောက အတော်ပဲ၊ အချို အချိမ့် အနေတော် ဝေရဲ့'

'ဝေ လက်ဆ နည်းနည်းမွှားသွားတယ်'

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

‘ရေနည်းနည်းများလို့ ပျော့တော့တော့ဖြစ်သွားတယ်’

‘ဟင့်အင်း....အတော်ပါပဲ၊ မပျော့လှပါဘူး၊ရေနွေးကြမ်းက လက်ဖက်ခြောက်ကောင်းလှချည်လား’

‘ဖေဖေ့တပည့်တစ်ယောက် ရန်ကုန်က ဝယ်လာတာတဲ့၊ ရှမ်းရိုးမတဲ့၊ ပင်လောင်းခြောက်လို့ ပြောတယ်’

‘မွှေးတယ်၊ သင်းနေတာပဲ၊ လေးလဲ့ လေးတယ်၊ ခါး မကျန်ရစ်ခဲ့ဘူး’

မီးပူကို ထောင်ထားရာမှ လှမ်းယူသည်။ တိုက်ပုံအင်္ကျီ ကျောဘက်ကို စ၍ တိုက်သည်၊ ထိုအခိုက်အတန့်တွင် တစ်ခန်းလုံး တိတ်ဆိတ်လျက်ရှိ၏။ ဝေ့ထံမှ မျက်လုံးလွှဲကာနေ၏။ အစိမ်းနုရောင် အိပ်ခန်းနံရံ၊ အဝါနုနု မျက်နှာကြက်၊ လေးထောင့် စားပွဲ၊ စားပွဲပေါ်တွင် ရေဒီယိုကက်ဆက်တစ်လုံး၊ ပြတင်းခန်းဆီးအဖြူ၊ ပိတ်ခြင်ထောင်အဖြူ။ ရေညှိရောင် အိပ်ရာခင်း၊ မှန်တင်ခုံပေါ်ရှိ အလှပြင်ပစ္စည်းများ၊ ဟိုသည် ကြည့်ကာ မှန့်စားကာနေစဉ်....

‘မီးပူထိုးရတာ ခုနေပါတယ်အောက်မေ့တယ်’

ဘယ်ဘက်ရင်ဖုံးကို တိုက်နေရာမှ မီးပူအနှောင့်ကို ထောင်သည်။ သူ ကြည့်သည်။ ဖဲပြွတ်အိတ်ကို အပေါ်မှ စမ်း၏။ အိတ်ထောင့်သို့ လက်အရောက်၌ ရပ်လိုက်၏။ တစ်စုံတစ်ခု စမ်းမိဟန်တူသည်။ အိတ်အခြေဘက်မှ မြင့်ကာ အသာဆွဲသည်။ အိတ်နှုတ်ခမ်းကို လက်ချောင်းတွေဖြင့် ဟကာ တောက်လိုက်သည်။ နှာရှိအိတ်နှင့် ပုဇွန်းခေါင်းကြယ်သီးနှစ်လုံး၏ ကြားသို့ ထွက်ကျလာသည်။ ဖရုံစေ့ တစ်စေ့ နှင့် အခွံ တစ်ခြမ်း။ ပပဝင်းရုံတွင် မိလိုင်နှင့်အတူကြည့်ကြည့်နေ့က ဖရုံစေ့ လှော်ဝါးခဲ့သည်ကို ဝေ သိသွားပြီလားဟု လန့်၏။ ဖရုံစေ့ကို အိမ်



မှာ ဝယ်မစားဖူး၊ လမ်းမှာ ရုံးမှာ မစားဖူးဟု ဝေ သိသည်။ ရုပ်ရှင်ရုံတွင်သာ သူ စားလေ့ရှိသည်ကို ဝေ အသိ။

ဝေသည် ဖရုံစေ့ကိုတစ်ခါ အခွံတစ်ခြမ်းကိုတစ်ခါ လက်ညှိုးနှင့် လက်မ ဖွဖွညှပ်ကာ စားပွဲစွန်းတွင် တင်သည်။ အထူးတလည် ဂရုစိုက် နေရာရွှေ့ထားပုံမျိုး ပြုလေသည်။

အနွန်းနို့ကျောက်ကျောဖက်သည့် ဇွန်းပေါ်မှ သမံတလင်းပေါ်သို့ လျှောခနဲ ကျသွားလေ၏။

***

‘ကလေးတွေကော မမြင်ပါလား’

‘အမေတို့အိမ် သွားလည်နေကြတယ်’

အေးသွယ်သွယ် သူ့ကို ဖြေသည့်အချိန်တွင် ခင်အေးက စာရင်းရေးမှတ် တွက်ချက်နေရာမှ လှမ်းကြည့်သည်။ စာကြည့် မျက်မှန်ကိုချွတ်ပြီး သူ့ကို ပြုံး၏၊

‘မင်းကလဲ မြုပ်ချက်သားကောင်းလိုက်တာ၊ ခုမှပေါ်လာတော့တယ်’

သူ မဲ့ပြုံး ပြုံးသည်။

‘ဟ....အိမ်လည်တယ်ဆိုတာ မိုးလေဝသ ကြည့်ကြက်ပြီးမှ လာလို့ဖြစ်တာ ကိုယ့်လူ’

အေးသွယ်သွယ် ရယ်သည်။ ခင်အေးက ဖောင်တိန်ပိတ်၊ စာရင်းစာအုပ်သိမ်းပြီး....

‘ကြီးကျယ်လိုက်တာ ဇော်လတ်ရာ’

‘အဲသလို မပြောနဲ့ ခင်အေး၊ ငါက တစ်လ တစ်ခေါက် လောက်တော့ မင်းဆီ ရောက်သေးတယ်၊ မင်းသာ ငါ့ဆီကို တော့ လာရကောင်းမှန်း မသိတာ၊ သွားချင်တဲ့ဆီကိုတော့ သွားပြီး၊ အစိုးဆိုက တစ်ဆင့် ကြားရပါတယ်၊ နိုင်ငံလှည့်

www.burmeseclassic.com

www.burmeseclassic.com



မရွေး ရက်ရာဇာ ပြဿဒါး မတွက်ဘဲ ခြေစကြာဖြန့်လို့ ရွှေသွားတစ်ချောင်း ပြန်စိုက်လိုက်ရတယ်ဆိုတာ’

ခင်အေးသည် တဟားဟားနှင့် ရယ်၏။ အေးသွယ်သွယ်က တခိခိနှင့် ကျိတ်ရယ်လေသည်။

‘သူများကိုချည်း ပြောမနေနဲ့နော်၊ ကြားရပါတယ် သတင်းတွေ’

သူ ရှက်ကိုးရှက်ကန်း ရယ်ပစ်လိုက်သည်။

‘မိဝေမို့ လို့နော်၊ မိဝေက အင်မတန် မျိုသိပ်နိုင်လွန်းတယ်၊ သူ့အစား တစ်ခါတလေ ဗိုက်ထဲမှာ ကျလိကျလိ ဖြစ်လာတယ်’

စကားပြောင်းပစ်ရန် သူ စဉ်းစားသည်။ အေးသွယ်သွယ်၏ ဗိုက်ကို ကြည့်သည်။

‘ခြောက်လ ခုနစ်လဆိုတော့ ကျလိကျလိ ဖြစ်မယ်ဆို ဖြစ်မှာပေါ့၊ ကလေးက တိုးတာဝေ့တာတွေ ရှိမယ် မဟုတ်လား’

အေးသွယ်သွယ်သည် ရယ်ရင်း မျက်နှာလွှဲလိုက်သည်။ ခင်အေးကို သူ မေးသည်။

‘ကလေးအငယ်က ဘယ်အရွယ် ရောက်ပြီလဲ’

ခင်အေး ရိုပ်မိသည်။ မဖြေ။ အေးသွယ်သွယ်က....

‘နှစ်နှစ်နဲ့ ရှစ်လကျော်ပြီလေ’

အမေး အဖြေ လွဲမှားသွားလေဟန်၊ ပြန်မေးရမည့် အားတုံ့အားနာ ဖြစ်လေဟန်နှင့် အထစ်ထစ် အငေါ့ငေါ့ လေသံ စာမင်ပြုသည်။

‘မဟုတ်ဘူးလေ၊ ဟို.... ဟိုဒင်း.... ဟိုက ဟိုဒင်းတဲ့ ကလေး....’



‘ဟော့ကောင် ဇော်လတ်၊ တော်ကွာ၊ မင်း လာချွန်နေပြန်ပြီ’

အေးသွယ်သွယ်က သဘောပေါက်သွား၍၊ ပြုံးယယ်ရင်း မျက်ခုံးနှစ်ဖက် တွန့်သည်။ ခင်အေးကို နှုတ်ခမ်းစူပြသည်။ သူ တအားရယ်ပစ်သည်။

‘ဒီတစ်ခါ သတင်းကြားကြည့်၊ မိုး မီးနဲ့ တက်ရှိပြီမှတ်’

ပြောပြီးတော့ သူ့ကိုကြည့်၏။ သူ့ကြောင့် ပြဿနာ ဖြစ်လာမည် စိုး၍....

‘ဟာ....မိသွယ်ရယ်၊ မိုးကို မိုးတက်ရှိရင် ကျုပ်တို့ဘကြီးရဲ့ ကောက်ရိုးပုံလေးတော့ မီးလွတ်ရာ ရွှေ့ပါရစေဦး’

အေးသွယ်သွယ်က လျှော်မည့်အဝတ်တွေ ထည့်ထားသော ခန်ဇလုံကိုယူပြီး ဆင်းသွားသည်။ မိန်းမ ဖြစ်သူ မကြားနိုင်တော့မှ ခင်အေးက....

‘ငါ ရန်ကုန် ခုတစ်ပတ်ဆင်းရင် မင်းဆီဝင်မလို့၊ ပြောစရာ ရှိတယ်’

‘ငါလဲ ပြောစရာ ရှိတယ်ကွ’

‘ငါ ကြားပါတယ်၊ မိလှိုင့်စာကို အဘွားကြီးက ဝှက်ထားတာ မင်းက စပြောလို့ သိသလိုလိုနဲ့ လုပ်တဲ့ဟာလေ၊ အစိုးသာလို့ ငါ ပြောသွားပါတယ်၊ ဒီကောင့်ကို မင်းက စကားဆင်းမထားတော့ အိုးနင်း ခွက်နင်း ဖြစ်ကုန်ရော မဟုတ်လား’

‘ခင်အေး ထကွာ၊ ဒီမှာ ပြောရတာ မလွတ်လပ်ဘူး၊ ဟိုဘက်ဖက်ရည်ဆိုင် သွားရအောင်’

‘ကောင်းသားပဲ၊ သူ တက်လာမှ စကား ဖြတ်ထားရင် တစ်မျိုး ထင်မယ်’

www.burmeseclassic.com

www.burmeseclassic.com



ခင်အေးသည် ချိတ်ရှိ ရှပ်လက်တိုကို ယူဝတ်သည်။ စားပွဲပေါ်ရှိ ဖောင်တိန်ကို အိတ်၌ ချိတ်၏။ အံဆွဲထဲက လက်ပတ်နာရီကို ယူပတ်သည်၊ လုံချည်လဲရန် အဝတ်ဗီရို ဖွင့်နေခိုက် အေးသွယ်သွယ် အိမ်ပေါ်သို့ တက်လာ၏။ လုံချည်ထုတ်ယူကာ ဝတ်မည်အပြင်တွင်....

'ဒါက ဘယ်လဲ'

ခင်အေးက လေအေးအေးနှင့် ဖြေ၏၊

'လက်ဖက်ရည်ဆိုင်ပါ'

'အိမ်မှာ သောက်၊ သွယ် ဖျော်ပေးမယ်၊ လက်ဖက်ရည်သောက်ချင်တဲ့သူအတွက် လစ်ပတန် လက်ဖက်ခြောက်ရှိတယ်။ ကော်ဖီသောက်မယ့်သူအတွက် နက်စ်ကဖေးရှိတယ်၊ ကြိုက်ရာပြော၊ ဖျော်ပေးမယ်'

ဖြန့်ပြီးသား လုံချည်ကို ဖြန့်လျက်သား ကိုင်ထားကာ—

'မင်းအဝတ်လျော်နေတာ၊ နေပါစေကွာ၊ ပင်ပန်းလှပါတယ်၊ ဆိုင်မှာကျတော့ မုန့်ကလေး ပဲကလေးလဲ ဝါးရတာပေါ့'

'လိုချင်တဲ့ မုန့်ကို ပြော၊ ကားပြင်နေတဲ့ ကောင်လေးတွေ ခြံထဲမှာ ရှိသားပဲ၊ သူတို့ လွှတ်ဝယ်ခိုင်းမယ်'

စိတ်ညစ်သော မျက်နှာထားနှင့် ခင်အေး ပြန်ပြောသည်။

'တစ်နေ့ခင်းလုံး စာရင်းတွေ လုပ်နေရတာ ညောင်းချည်နေလို့ အညောင်းပြေ လမ်းလဲလျှောက်ရင်း သွားမယ့်ဟာကိုကွာ'

'ညောင်းရင် ခြံထဲ ဆင်းလျှောက်၊ နောက်ထပ် ရှင် ဆင်ခြေ မလဲနဲ့တော့၊ ဇော်လတ်ကိုတော့ မိသွယ် တောင်းပန်ပါတယ်၊ သူ ဉာဏ်ဆင်နေတာ၊ ဟိုဟာမ လွှတ်တဲ့ အထောက်



တော်နဲ့ လက်ဖက်ဆိုင်မှာ အချိန်းအချက်လုပ်မှာ ကျုပ် သိပြီးသား'

ခင်အေး သုန်သုန်မှုန်မှုန် ဖြစ်သွား၏။ လုံချည်ကို ကုလားထိုင်ပေါ်သို့ ပစ်တင်ပြီး စားပွဲရှိရာ လျှောက်လာ၏။ ကုလားထိုင်တွင် ပြန်ထိုင်သည်။ နဖူးတွန့်ကာ၊ စိန်းစိန်းကြည့်ကာ ခြေသံပြင်းပြင်း နင်းသွားသော အေးသွယ်သွယ်ကို မျက်စောင်းတစ်ချက် ခဲပြီး ကြည့်သည်။ လေသံ၌ လုံခြုံမှု ရှိနိုင်တော့မှ....

'မြင်လား၊ ငါ အကျယ်ချုပ်နဲ့ နေရတာ၊ မင်း သင်ခန်းစာယူကွာ ဇော်လတ်၊ အကြီးနဲ့အငယ်ကြားမှာ လင်ဖြစ်ရတဲ့ သူ့ရဲ့ဒုက္ခ၊ ဟိုက ကလေးက တော်တော် နေမကောင်းဖြစ်နေတယ်၊ လူကြုံနဲ့ ငွေပို့ဖို့တောင် ခက်နေတယ်။ ဒီကိစ္စတော့ မင်း ကူညီဦး၊ ငါ သူပြန်ထွက်သွားမှ ပြောပြမယ်၊ တစ်ခါတလေများ အရှင်လတ်လတ်နဲ့ အသက် ထွက်သွားချင်တယ်၊ စိတ်ညစ်ရလွန်းလို့'

***

ငါးတိုင်အား မီးက ပွင့်လာသည်။

ဝေသည် မျက်စိကျိန်းသဖြင့် မျက်တောင် မှေးထား၏။ စောင်ကို မေးအောက်သို့ ရောက်သည်အထိ ဆွဲတင်၏။ အိပ်ချင်မပြေသောအကြည့်နှင့် ဝေ ကိုကြည့်၏၊ ထို့နောက် ဝေ ဘက်သို့ ကိုယ်ကိုစောင်းသည်။ တံတောင်ထောက်ကာ သမီးကို လှမ်းကြည့်သည်။ သမီးသည် စောင်အထပ်ထပ်ဖြင့်၊ မျက်လုံးနှင့်နှာခေါင်းသာ ပေါ်နေသည်။ အိပ်မောကျလျက်ရှိသည်။ ဝေက အသံနိမ့်၍ မေး၏၊

'မောင် အိပ်ရေး မဝသေးဘူးထင်တယ်'

ခေါင်းအုံးတွင် ပါးပြန်ကပ်လိုက်သည်။ မဖြေ၊

www.burmeseclassic.com

www.burmeseclassic.com



'ဝေ....'

လေသံမျှဖြင့် ခေါ်သည်။ ဝေသည် ရီဝေဝေ မျက်လုံးကို ဖွင့်၍ ကြည့်သည်။ ထို့နောက် သူ့ဘက်သို့ ကိုယ်ကိုစောင်း၏။

'မောင့်ကို ပြောမယ်ဆိုတဲ့စကားဟာ ဘာလဲ ဟင်'

အေးလွန်း၍ နှုတ်ခမ်းတွင်း ခဲဟန်တူ၏။ ဝေ၏ ဝင်သက်ရှူသံကို ကြားရသည်။

'အိပ်ရာက နိုးကာစကြီးမှာ ဝေမပြောချင်ဘူး'

'ကိစ္စမရှိပါဘူးဝေရာ၊ ပြောမှာသာ ပြောပါ'

ချက်ချင်း မပြောသေး။ အအေးရိုက်သောကြောင့် သွေးနေသည့် နှုတ်ခမ်းကို လျှာဖျားဖြင့် ပွတ်နေ၏။ မျက်နှာထား မတင်းမာ၊ မပျော့ပျောင်း။

'မောင်နဲ့ ရီရီလှိုင်က ဘယ်လိုလဲ ဟင်'

ရင်ထဲတွင် နွေးခနဲ သွေးလန့်သွား၏။

'ဒီအတွက် သံသယရှင်းပါဝေ'

'ဝေ ကို မောင်မညာချင်ပါနဲ့'

'မညာပါဘူး ဝေရဲ့'

ဝေ မဲ့ပြုံး ပြုံးသည်။

'ကိုစိုးနဲ့ ဝေတို့ တွေ့ပြီးပါပြီ။ မောင်နဲ့ ရီရီလှိုင်နဲ့ တွေ့ခဲ့တာ စကားပြောခဲ့တာ ဝေ ကို မညာချင်ပါနဲ့'

'အမှန်အတိုင်းပြောရရင် ရန်ကုန်မှာ တစ်ခါတွေ့လိုက်သို စာအကြောင်း သိခဲ့တာအမှန်ပါ။ တွေ့တယ်ပြောရင် စကား တွေ့ ရှည်လှာ ရှုပ်လာမှာစိုးလို့ပါ၊ ခဏလေး တွေ့လိုက်တာပါ'

သူ စကားကို ရပ်လိုက်၏။ သူ့ကို ဝေကြည့်နေ၏။ အကြည့် ရှူးရှူး။ မျက်တောင်မှုခတ်ရဲ၊ မျက်လုံးမလွှဲဝံ့။



'ထားတော့၊ ဒါဖြင့် မရီရီလှိုင် အခု ဘယ်မှာလဲ၊ မန္တလေး မှာလား၊ ရန်ကုန်မှာလား'

အိလေးဆွဲကာ သမ်းလိုက်သည်။ သမ်းနေစဉ် အဖြေ စကား ရလိုက်သည်။

'မန္တလေးမှာ၊ သူ မဟာသိပ္ပံဆက်တက်နေတာပဲ၊ မန္တလေး မှာပေါ့'

'သေချာတယ်နော်'

'မောင်နဲ့တွေ့တုန်းက သူပြောလို့ သိလိုက်တာလေ'

ဝေသည် တစ်ခဏ တွေ၍နေ၏။

'အမှန်နော်'

'အင်း....'

'မောင် ဝေ ကို တကယ်ပြတ်နိုင်လား'

'ဝေ ဘာတွေပြောနေတာလဲကွာ'

'မဟုတ်ဘူး မောင်၊ ဘယ်သူနဲ့ဖြစ်ဖြစ် ဘယ်သူနဲ့ရယ်လို့ ဝေ ပြောတာမဟုတ်ဘူးနော်၊ ဝေ မပြတ်မသားကြီးနဲ့ စိတ်ဆင်းရဲ မခံနိုင်ဘူး မောင်၊ မရယ်နဲ့၊ ထကယ်ပြောနေတာ၊ လွှတ်လွှတ် ကျွတ်ကျွတ် စာရင်းရှင်းသွား၊ ဟာမနေနဲ့၊ တစ်ဖက်က မိန်းကလေးကိုလဲ စာနာတယ်၊ မယားကြီး ငုတ်တုတ်နဲ့ဆိုရင် လင်ခိုးမလို့ သူများအပြောအဆို ခံရမယ်လေ၊ အဲဒါပြောမလို့၊ ကဲ....အိပ်ရာက ထတော့လေ၊ လေးနာရီ ထိုးခါနီးနေပြီ။ ပျင်းမနေနဲ့၊ ကိုယ့်အထက်လူကြီးမြန်ရောက်ပြီ ဆိုပြီး အခွင့်အရေးယူမနေနဲ့၊ ရုံး သိပ်နောက်ကျနေမယ်၊ ထတော့'

မျက်နှာရိပ်မျက်နှာကဲ ချက်ချင်း ပြောင်းလဲသွားသည်။ ကြည်လင်စွာ ပြုံးသည်၊ မဆက်စေချင်သော စကားတို့ မဆက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းက ကောင်းမည်ဟု ယူဆ၏။ သူထိုင်လိုက်၏၊ ခြင်ထောင်ကို မပြီး အထွက်တွင် အပေါ်ထပ်မှဆင်းလာသောခြေသံ ကြားရ၏။ ချောင်းဟန့်သံကို မရှေးမနှောင်း ကြားရတော့မှ အဖေ နိုးနေနှင့်ကြောင်း သိ၏။ အောက်ထပ် မီးခလုတ်ဖွင့်သံ၊ ထမင်းစားခန်း မီးဖွင့်သံတို့ကို ကြား၏၊ သူတို့အိပ်ခန်းရှေ့မှဖြတ်ကာ မီးဖိုဆောင်ဘက်သို့ လျှောက်သွားသံကြားရသည်၊ မီးဖိုတံခါးဖွင့်သံနှင့် မီးခလုတ်ဖွင့်သံကြားချိန်တွင်အပေါ်ထပ်လှေကားမှ ခြေသံကို ကြားရလေ၏၊ အမေ နိုးနေပြီ။

ခြင်ထောင်အပြင်သို့ရောက်ခိုက် ဝေက အင်္ကျီစကို လှမ်းဆွဲသည်။ လှည့်ကြည့်သောအခါ တိုးတိုးပြော၏၊ မသဲကွဲ၍ ဘာလဲဟင် ဟု ခြင်ထောင်မကာ မေးသည်။ ဝေက ရှက်ပြုံးနှင့်....

'အနွေးထည်အင်္ကျီကို လှည့်ဝတ်လိုက်ဦး၊ ပြောင်းပြန်ကြီး ဝတ်ထားတာ ကြည့်ဦးမှပေါ့'

*

(၄၃)

အာရုံစိုက်၍ နားထောင်နေစဉ်အတွင်း မီလှိုင့် မျက်နှာကို သူ ကြည့်နေသည်။ သူ ပြောနေသည်ကို တစ်လုံးတစ်ပါဒ မကြားလိုက် မရှိရအောင် နားစွင့်လျက်ရှိ၏။ တစ်ခါတစ်ရံ ပြုံးသည်။ တစ်ခါတစ်ခါ ခေါင်းညိတ်သည်၊ တစ်ခါတလေ နှုတ်ခမ်းဟဟထားသည်။ ကိုရင်ကြီး၏ မေးခွန်းနှင့်အပြောကို ကြားသောအခါ ရယ်၏။ အမေနှင့် ဝေတို့ နှစ်ဖက်ညှပ်ကာ မေး[illegible]အပိုင်းသို့အရောက်တွင် မျက်လုံးအဝိုင်းသား၊ အဖေ၏ ထေ[illegible]တော စကားကို ပြန်ပြောရာ နှုတ်ခမ်းဖိပြီး ပြုံး၏ ရှုံ့ရော့လျှော် သက်သေခံပစ္စည်းကို ယူနည်းယူဟန် ထားပုံ



ခစ်ခစ် ရယ်လေ၏၊ ခင်အေးကို အေးသွယ်သွယ်က ခြေချုပ်ချုပုံကို ရယ်မဆုံးနိုင်အောင်ရှိသေး၏၊ စကားစပြတ်သွားချိန်၌ စာရေးမတစ်ဦး ဝင်လာသည်။ သူ့ကို နှုတ်ဆက်သည်။ မီလှိုင်နှင့် ပတ်သက်၍ ရုံးသုံးရုံးသား အတော်များများကို သူ သိကျွမ်းနေပေပြီ။ စာကြမ်းပြင်ခြင်း၊ လက်မှတ်ထိုးခြင်း ပြီးသောအခါ မီလှိုင်၏ အခန်းတွင်းမှ ထို စာရေးမ ပြန်ထွက်သွားသည်။

'ကိုစိုးတာ လှိုင်တို့ကို ဘယ်လိုသဘောထားလဲ ဟင်'

'သူက မထောက်လဲ မထောက်ခံ၊ ကန့်လဲ မကန့်ကွက်၊ ဒါပေမယ့် လှိုင့်ကို ပြောတယ်'

'ဘယ်လိုပြောလဲ'

စိတ်စောတကြီး မေးသည်။

'ဩော်....အရင်လူက နောက်လူဖြစ်ရလို့ လှိုင့်အတွက် စိတ်မကောင်းဘူး တဲ့'

မီလှိုင်သည် သူ့ကို နားသည်သူရှိပါတကားဟူသော အသိကြောင့်လား မသိ၊ မျက်နှာဝင်းလဲ့လဲ့နှင့်။

'နောက်ကော ဘာပြောသေးလဲ'

အစိုး၏ ဝေဖန်သော စကားများကို ပြော၍ မဖြစ်။ အားငယ်လျော့စိတ်ပျက်ဖွယ်ဖြစ်သွားမည် စိုးသည်။

'ပြောတော့ ပြောတာ အများကြီးပါပဲ၊ သူ လှိုင့်ကို သဘောပေါက်တယ်ဆိုတဲ့ စကားတွေပါပဲ၊ ခင်အေးကတော့ လှိုင့်ကို ချီးကျူးတယ်'

မီလှိုင့်မျက်လုံး ဝိုင်းဝိုင်းလက်လက်။

'ဟုတ်လား၊ ဘာဖြစ်လို့လဲ မောင်'

'သတ္တိရှိတယ်ပေါ့၊ ပြီးတော့ တော်ရုံအရှုံးနဲ့ မလျှော့ဘူးတဲ့'

www.burmeseclassic.com

www.burmeseclassic.com



‘အေးသွယ်ကတော့ နှာခေါင်းရှုံ့မှာပဲ’

အေးသွယ်သွယ့်အနေအထားကို အမှန်အတိုင်း မှန်းဆမိဟန်တူ၏။ သို့သော်...

‘ဟင့်အင်း၊ သနားတယ်တဲ့’

မိလှိုင်နှုတ်ခမ်း အနည်းငယ် တင်းသွား၏။

‘သနားတယ်ဆိုတဲ့ စကားက အဓိပ္ပာယ် တစ်မျိုးကြီးပဲ’

‘မဟုတ်ဘူးလေ၊ နှစ်နဲ့ချီပြီး မောင့်ကို လှိုင် ချစ်ခဲ့တာတွေ မျှော်လင့်ခဲ့တာတွေကို ရည်ရွယ်ပြီး သူပြောတာပါ’

‘ဩော်...ဒီလိုပြောတာလား၊ ဒါပေမယ့် ဝေကတော့ အဲသလို ဘယ်မြင်ပါမလဲနော်’

‘ဒါက သူ့အပိုင်းပဲ လှိုင်ရဲ့’

လေသံမာသွားမှန်း သူသိသည်။

‘ဝေ ဘာပြောလဲဟင်’

‘ကွာရှင်းချင်တဲ့နေ့ ကွာရှင်းကြတာပေါ့တဲ့’

‘မောင့်ကို တော်တော် မျက်နေမှာပဲနော်’

‘မောင် ပြောဖူးပါတယ် လှိုင်ရယ်၊ မောင် ပြတ်သားရမယ်လေ၊ မဟုတ်ဘူးလား’

‘မောင့်ကို စကားပြောသေးရဲ့လား’

‘ဟင့်အင်း’

အသက်ရှူလိုက်ပြီး သူပြော၏။

‘အမယ်လေး၊ ဒေါ်တွေကန်ပြီး စတိုခန်းကို သွားရှင်းတယ်၊ အဲဒီမှာ သူတို့သားအမိ သွားအိပ်ကြတယ်လေ’

မိလှိုင်က နှုတ်ခမ်းကို လက်ဝါးဖြင့် ကာကာ ရယ်နေ၏။

***



တယ်လီဖုန်းကို လှမ်းယူကာ ဟုတ်ကဲ့ဟု စကားစသည်။ အောက်ထပ်မှာ မင့်သူငယ်ချင်း မောင်စိုး ရောက်နေတယ်ဟု ဒေါ်လေး မမကြီး၏အသံ။ ဟုတ်ကဲ့၊ ကျွန်တော် ဆင်းလာခဲ့ပါမယ်ဟု ပြောကာ ဖုန်းပြန်ချသည်။ အင်္ကျီလုံချည် လဲလိုက်ပြီး တိုက်ပုံဝတ်သည်၊ ဘာကိစ္စပါလိမ့်ဟု တွေးသည်။ အချိန် အတော်ပင်လင့်နေသည်။ မြန်မာပိုင်းအစီအစဉ် ပြီးဆုံးသည့် တေးသံကို သဲ့သဲ့ကြားရ၏။ ဧည့်ခန်းထဲတွင် အစိုးကို မတွေ့ရ။ အိမ်ရှေ့ ဆင်ဝင်အောက်သို့ ကြည့်လိုက်၏။ မီးလုံးအလင်း ဖျော့ဖျော့အောက်တွင် အစိုးကို တွေ့ရသည်။ သံတံခါး ပိတ်လျက်။ ထို့ကြောင့် သူ ကမန်းကတန်း ပြေးဆင်းသည်။ လှေကားခြေရင်းရှိ ချိတ်မှ သော့ကိုယူကာ သော့ဖွင့်ပေးသည်။ အစိုးက မဝင်တော့ဘူးကွာ၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင် သွားရအောင်ဟု ပြော၏။ ထိုအချိန်တွင် ဒေါ်လေး မမလတ်က ဘုရားခန်းထဲမှ ထွက်လာသည်။ ဒေါ်လေး ကျွန်တော် ဒီနား ခဏသွားမလို့ဟု ပြောကာ သော့ကို လှမ်းပေးသည်။ သော့ကိုယူရင်း ကိုးနာရီကောင် ထိုးပြီးပြီ၊ သိပ်မကြာနဲ့နော်၊ အချိန်မရှိ အချိန်ရှိ ပြန်လို့ လမ်းမှာ စစ်လား ဆေးလားဆိုရင် မကောင်းဘူး။ စကားမပြောရတာ အကောင်းဆုံးပဲဟုမှာသည်။ ဟုတ်ကဲ့ဟု ပြောကာ ဆင်ဝင်အောက်သို့ဆင်းသည်။ ခြံတံခါးချက်ကို သေသေချာချာပြန်ထိုးခဲ့ဦးဟု လှမ်းမှာသည်၊ ဟုတ်ကဲ့ ဟုပြောကာ သုတ်သုတ်လျှောက်သည်။

ခြံတံခါး ချက်ထိုးရင်းနှင့်....

‘ဆောရီး သူငယ်ချင်းရာ၊ ငါက မင်းကို ဧည့်ခန်းထဲခေါ်ထားမယ်ထင်လို့၊ ခုတော့ အပြင်မှာ၊ အသွားကြီးတွေက ဒီလိုပဲ သူငယ်ချင်း၊ သူ့အသိ ကိုယ့်အသိကို တံခါးဖွင့်ပေးပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



မခေါ်ဘူး၊ ဘယ်သူ့ အသိလာတယ်လို့ ခေါ်တာက အရင်၊ ဆောက်လာမှ ဟုတ်ရင် ကိုယ့်ဘာသာကိုယ် တံခါးဖွင့်ပေးရတယ်၊ လူဆိုး သူဆိုး ပုံမှားမရှိက်အောင်တဲ့'

အစိုး စိတ်ကွက်ဟန်မရှိ။

'ဒါပေါ့ကွာ၊ ငါကလဲ ခုပါမှ နှစ်ခေါက်ရောက်ဖူးတော့ ဘယ်မှတ်မိမလဲ၊ ဒီအထဲ အပျိုကြီးတွေချည်းဆိုတော့ ကြံဖန်ပြ တက်တာပေါ့'

ဒေါ်လေး မမကြီး၊ ဒေါ်လေး မမလတ်၊ ဒေါ်လေး မမလေး၊ ဒေါ်လေး မမငယ်တို့ လေးယောက်စလုံးကို သူ မြင်ဖူးသည်။ မမငယ်သည်ပင် လေးဆယ်ကျော်၏။ အကြီးဆုံး အစ်မကြီးသည် ခြောက်ဆယ်နားသို့ နီးနေပေပြီ။ ငွေမိခင်နှင့် တစ်ဝမ်းကွဲ ညီအစ်မများ။ မပြောပလောက်သော ဇီဇာကြောင်မှု အနည်းငယ်ရှိကြသည်ကလွဲလျှင် စိတ်ရင်း သဘောကောင်းကြသည်။

'အဲဒီအပျိုကြီး အကြီးဆုံးနဲ့အငယ်ဆုံး ယှဉ်လိုက်မှအသက်အရွယ်ကွာနေတာကို သတိပြုမိတယ်၊ တစ်ယောက်ကြည့်လိုက်တစ်ယောက်ကြည့်လိုက်နဲ့ အငယ်ဆုံး အဘွားကြီးကနေ အကြီးဆုံးအဘွားကြီးအထိ ကြည့်၊ အသက်ကြီးသွားတယ် မထင်ရဘူး၊ ပုံစံက တစ်ပုံစံတည်းကွ၊ ထဘီ ခြေမျက်စိဖုံး ဝတ်တာရယ်၊ ဘီးစပတ်ထုံးတာရယ်၊ မဟာနဖူးရယ် တစ်ထေရာတည်း အမြဲရုပ်ရည်လို့ ထင်ရတယ်၊ မင်း တစ်ခါပြောဖူးတဲ့ ဟင်းချက်ကောင်းတာလဲ ဘူတယ်ဆိုတာတော့ ငါမှတ်မိနေတယ်'

'တစ်ယောက်က တစ်ခုခုလုပ်ရင် ကျန်တဲ့သူ အားလုံးက ..ကို လိုက်လုပ်တယ်၊ ငါရောက်စတုန်းက သိုးမွေးထိုးတဲ့ ..ဘ နောက် ဝတ္ထုဖတ်တဲ့ရောဂါ၊ နောက် စစ်တုရင်ထိုး

တာ၊ စိုက်မိစိုက်ရာပေါ့ကွာ၊ အခုတော့ မြင်တဲ့အတိုင်း ယောဂီရောင် ဆင်တူဝတ်တယ်၊ ကက်ဆက် တရားခွေတွေဖွင့်ပြီး နာတယ်၊ ကျန်ခဲ့တဲ့ တနင်္ဂနွေကစပြီး ဂမ္ဘီရလိုက်မှာ တရားသွားထိုင်နေကြတယ်'

'ဘယ်လိုလုပ်ပြီး ချမ်းသာနေတာလဲ'

'အနောက်ဘက်ကမ်းမှာ လယ်တွေ ချောင်းတွေ ရှိတယ်၊ သစ်ခွဲစက် တစ်လုံးကို မောင်ဝမ်းကွဲလက်ထဲထားပြီး တစ်လ ဘယ်လောက်ပေး ဆိုထားတယ်လေ၊ ဘဏ်ဘိုးကလဲ တစ်ဖက်ရှိတာကိုးကွ၊ အသိအကျွမ်းထဲက ပစ္စည်းလာထားတာဆိုရင် လဲ သုံးကျပ်တိုးနဲ့ ချေးတယ်'

စကားပြတ်သွားသည်။ ရှေ့မီးထိုး၍ ဝင်လာသောကားကို ရှောင်ပေးရသည်။ ထိုကား လွန်သွားသောအခါ အုတ်နီခင်း လမ်းအတိုင်း အရှေ့ဘက်သို့ လျှောက်သည်။ နီကြန်ကြန်မီးတိုင်အလင်းဖြင့် လမ်းသည် မှုန်ပျပျ။

'ဘယ်ဆိုင်သွားမလဲ'

'လှည်းတန်းထိပ် ထွက်ရအောင်'

'ဒါဖြင့် ဦးလေးချစ်ဆိုင်မှာပဲ ထိုင်ရအောင်၊ ခုမှသတိရတယ်....အဲ့အော်ပဲ၊ ရောင်နီဦးမှာ ငွေတာရီ ဝင်ဝယ်ရဦးမယ်၊ အရင်တစ်ပတ်ကမေ့သွားလို့ မိန်းမက စိတ်ကောက်သွားတယ်'

'ဘယ်သူလဲ'

အစိုးက ခပ်တည်တည်နှင့် နောက်သည်။

'ဟာ...မင်းကလဲကွာ'

'ငါ အကောင်းပြောတာပါ ဇော်လတ်ရဲ့ ဝေလ..ပြီ လားလို့ မေးတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'လှိုင်နဲ့ ငါနဲ့က အဲဒီအဆင့်ကိုမရောက်သေးပါဘူး သူငယ်ချင်းရာ'

'သေးဘူးဆိုတော့ တစ်နေ့နေ့မှာ ရောက်မယ်ဆိုတဲ့ သဘောပေါ့'

'အင်း....တစ်နေ့တော့ ဟုတ်မယ်၊ ခု မဟုတ်ပါဘူး'

'အဲဒီတစ်နေ့မှာ ဝေ့ကို မင်း ဘယ်လိုလုပ်မလဲ၊ ဘယ်လိုချောင်မှာ သွားထိုးထားမလဲ၊ ကြွက်တွင်းတို့ ကျီးသိုက်ထဲတို့ ဘယ်ကို ရွေးမလဲ ငါသိချင်တယ်'

အောင့်သည်း အောင့်သက်နှင့် ရယ်၍သာ နေလိုက်၏။ နိုင်လွန်ကတ္တရာလမ်းကျယ်ဘက်မှ ဥဒဟိုသွားလာလျက်ရှိသော ကားသံတွေ ကားမီးတွေကိုကြားမြင်သည်။ သူ ညည်းညည်း ညူညူ ပြောသည်။

'မြစ်တစ်မြစ်ထဲကို လူတစ်ယောက်ဟာ တစ်ပြိုင်နက် နှစ်ကြိမ် မဆင်းနိုင်ဘူးဆိုတာ ငါနားလည်ပါတယ်ကွာ၊ မြစ်နှစ်မြစ်ထဲကို လူတစ်ယောက်က တစ်ပြိုင်နက် တစ်ကြိမ်တည်းတောင်မှ မဆင်းနိုင်ဘူးပေါ့.... ဟုတ်လား၊ နေပါဦး....မင်း ဒီအချိန်ကြီး ထ,လာတာ အကြောင်းထူးများရှိလို့လား'

အစိုးက လက်ပေါ်တွင် ခေါက်ထားသော ဂျာကင်ကို ဝတ်သည်။

'စစ်ကိုင်းဆောင်က လာတာ၊ ညနေထဲက အဆောင်မှူးအိမ်မှာ ထမင်း စားသောက်ပြီး အာလူးဖုတ်ကြတယ်ကွာ၊ ငါ [illegible]နွှန်းရောင်ရယ် ဝဏ္ဏရယ် မြင့်သန်းရယ် ခေါက်တာ သန်းနိုင်ရယ်၊ ခုပဲ လှချင်းခွဲလာကြတာ'



ဘွဲ့လွန်ကျောင်းသား သုံးယောက်နှင့် အဆောင်မှူးဆရာ တစ်ယောက်၊ သူနှင့်ပတ်သက်၍ နှစ်ခါသုံးခါ တွေ့မြင်စကား ပြောဖူးသည်။

'မင်းဆီ ထွက်အလာ ဂါတ်တဲရှေ့မှာ မြစင်းရယ် ကျော်စိန်ရယ် တွေ့သေးတယ်၊ ခင်မောင်ဒင်ကြီးအိမ်သွားပြီး နှိပ်စက်မလို့တဲ့၊ အိတ်ထဲမှာလဲ အကြီးတစ်လုံးနဲ့၊ အတင်းခေါ်တာ မနည်းငြင်းပြီး လစ်လာခဲ့ရတာ၊ စိတ်ထဲလဲ နည်းနည်း ညစ်တစ်တစ်နဲ့၊ မသောက်ချင်လှဘူး'

သူ အံ့ဩသွားသည်။ စိတ်ညစ်ဖွယ် အကြောင်းအရာဟူ၍ အစိုးတွင် မရှိဟု ထင်မှတ်ခဲ့သည်။ ကျောင်းတက်ကာစက အစိုးတွင် အနည်းငယ် ကသီသည်။ အမေက အလယ်တန်းပြဆရာမ၊ အဖေက သစ်တောဌာန ရုံးအုပ်၊ မွေးချင်းငါးယောက်။ ဒုတိယနှစ်သို့ ရောက်သောအခါ ကျောင်းထွက်ရမည့် အခြေအနေ ရောက်လာ၏။ အစိုး၏မိခင် ဆုံးသည်။ နှစ်ဝက်ရောက်နေ၍ ကြံဖန်တက်မည်ဆိုကာ ဆက်တက်သည်၊ တတိယနှစ်ဘက်ရန် အခြေအနေမပေးတော့။ တတိယနှစ်ကျောင်းစရိတ်၊ စားစရိတ် ကို မစန်းသင်က တာဝန်ယူသည်။ သူ့ အဒေါ် ထားချင်းများ နှင့် ဖခင်ထံမှ အထောက်အပံ့ကို သူ မယူတော့။ မစန်းသင် မိဘများ ဖွင့်ထားသော အဆောင်တွင် စားနေစရိတ်ကို မစန်း သင်က တစ်ဖက်လှည့်မှ အုံ့ကိုပေးသည်။ သူ ဘွဲ့ရပြီး ကျူရှင် ဆရာ ဝင်လုပ်သည်။ ပြင်ပစိစ္စာ စာပေးစာယူသင်တန်းတစ်ခု တွင် အချိန်ပိုင်းဝင်သည်။

'မင်းစကားက ဆန်းလိုက်တာ၊ ဆိုပါဦး၊ စိတ်ညစ်စရာ ဆိုတာ၊ ဘာရမလဲ...ခင်အေးနဲ့ ငါ့ အတွေ့ပွတ္တိတင်[illegible] မင်း

www.burmeseclassic.com



အတ္တုပ္ပတ္တိကိုပါ ကျမ်းကိုးစာရင်းထဲ ထည့်ဖို့ လိုလာတဲ့ ပြဿနာလား’

အစိုးက နှုတ်ခမ်းစုကာ ဖုတ်တုတ်ပြုပြီး ခေါင်းခါ၏။

‘မဟုတ်ပါဘူးကွာ၊ မင်း ငါ့အိမ်အကြောင်း အသိဆုံးပါ၊ အဘိုးကြီးက ငါ နောက်ဆုံးနှစ်အရောက်မှာ နောက်အိမ် ထောင်ပြုတယ်လေကွာ၊ ငါရော ငါ့ညီတွေရော ညီမတွေရော စိတ်တော့ မကောင်းဘူးပေါ့၊ သူ့မိန်းမက သူ့ထက် နှစ်ဆယ့် ငါးနှစ်လောက် ငယ်တယ်၊ အပျို၊ အခု အဖေက သက်ပြည့် ပင်စင်ယူလိုက်ပြီ၊ မိန်းမက စက်ချုပ် စားချင်၊ ငါ့အောက်က ညီမက ကျောင်းဆရာမ ဝင်လုပ်နေရတယ်၊ အငယ်ဆုံးညီမက ခုမှ ရှစ်တန်း၊ ညီနှစ်ကောင်မှာ အကြီးက ဆယ်တန်း မနှစ်က ကျတယ်၊ သူ့အောက်ကကောင်က ဒီနှစ်ဆယ်တန်းတက်တယ်၊ ပင်စင် ရောင်းလို့မရသေးဘူး၊ ဝင်ငွေက လုံးလုံးလျားလျား ဆိုလို့ ညီမလေးနဲ့ မိထွေးပဲရှိတာ၊ မိထွေးက နှစ်ရာပြည့်အောင် ရတာမှမဟုတ်ဘဲ၊ ငါက ကြည့်ပြီး နိုင်သလောက် အထောက် အပံ့ လုပ်ရတာပေါ့ကွာ၊ ငါ့မိထွေးနဲ့ မစန်းသင်ကလဲ တယ် အစေးမကပ်ဘူး၊ မစန်းသင်က ထောက်ပံ့တာကို နည်းနည်း ပြောချင်လာတယ်၊ မိထွေးကြောင့်ဆိုတာ ငါ သိပါတယ်၊ မိထွေးက အဝတ်အစား ဘာဘာညာညာကအစ မစန်းသင်ကို ပြိုင်ဟိုင်တိုင်လုပ်သကွာ၊ စကားပြောရင် ခပ်စီးစီး၊ အဲဒီ ပြဿနာပဲ’

မည်သို့ပြန်ပြောရမည်မသိအောင် သူ တွေလျက်ရှိသည်။

‘ကောင်လေးတွေ ကောင်မလေးတွေနဲ့လဲ မိထွေးက တကျက်ကျက်ဖြစ်နေတယ်၊ ခက်တာပဲကွာ၊ အခမေ့ရှိတုန်းက မရှိ ရှိတာနဲ့ စားပြီး ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြတာ၊ မင်း



ကြုံရင် သွားလည်ကြည့်၊ မျက်နှာတွေအားလုံးက မှုန်နေကြ တာပဲ၊ သိမ္မတာလူကြမ်းအဖွဲ့က ဆရာချီးဘူးတို့ထက် သာသေး တယ်၊ စောင်တောင်တောင်တွေ၊ အဖေလဲ ခုမှ မှားမှန်း သိတယ်နဲ့တူတယ်၊ ပုတီးချည်း တအားစိပ်နေတော့တာ၊ ပုတီး စိပ်လေလေ သူ့မိန်းမက မကြည်လေလေပေါ့ကွာ’

သူ တစ်ခွန်းပြောသည်။

‘တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာ အနေအထားတွေ ပျက်စီးကုန်တာ ပိုလို့ နှမြောစရာကောင်း တယ်’

အစိုး ခေါင်းညိတ်သည်၊ ထို့နောက်....

‘အလိုလိုနေရင်း ကိုယ့်ကိုယ်ကို မကျေနပ်စိတ်တွေ၊ သူများ ကို မကျေနပ်တာတွေ၊ ဒေါသတွေ၊ နာတာတွေဖြစ်နေကြမှာ သေချာတယ်၊ အားငယ် ဝမ်းနည်းစိတ်တွေ ဖြစ်နေမှာကိုလဲ ငါ စာနာပြီး သိပါတယ်၊ ဒီလို ခယိုခယိုင်စိတ်ဓာတ်တွေနဲ့ သူတို့တွေ လူလားမြောက်ရရင် မကောင်းဘူးပေါ့ ဇော်လတ်ရာ’

အစိုး၏ ထိုစကားတစ်ခွန်းသည် ရင်ထဲသို့စွဲစွဲထင်ထင်ဝင်၍ လာလေ၏။

*

(၄၄)

သောကြာနေ့ နေလယ်လောက်တွင် ရှုံးသို့ အဖေရောက်လာ သည်။ ဝန်ကြီးများရုံးသို့ ရုံးကားဖြင့် လာခြင်းဟု အဖေ ပြော သည်။ ထိုညက ဒေါ်လေးတို့အိမ်တွင် တည်းသည်။ စနေနေ့ မနက်တွင် ရန်ကုန်မြို့ထဲသို့ အတူတူလာကြသည်။ ရွှေဒဂုံသို့ သွားသည်။ အဖေက မပြီးပြတ်သေးသော ကိစ္စအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကုန်သွယ်ရေးရုံးချုပ်သို့ သွားသည်။ တစ်နာရီခွဲတွင် ပြည်သူ့မှန်တိုက်ရှေ့တွင် ဆုံရန် အဖေချိန်းသည်။ မြို့သို့ အတူတူပြန်ရန်အတွက် ဖြစ်လေသည်။ ရုံးသို့ ရောက်ရောက်ချင်း မိလှိုင် ထံသို့ ဖုန်းဆက်သည်။ အဖေ ရောက်နေသည့်အကြောင်းကို မနေ့ညနေပိုင်းကပင် တွေ့ဆုံစဉ်က ပြောပြခဲ့သည်။ မြို့သို့ပြန်ရန် အဖေပြောသည့်အကြောင်း ပြောလိုက်၏။ ပြန်ရမည်ဖြစ်၍ သမ္မတရုံတွင် ရုပ်ရှင်ကြည့်ရန် အစီအစဉ်ရွှေ့ဆိုင်းကြောင်း သူပြောသည်။ မိလှိုင်က သူ၏ဖခင်သည် ယနေ့နံနက် မီးရထားဖြင့် ရောက်လာကြောင်း၊ ယနေ့ ရုပ်ရှင်ကြည့်ရန် တွေ့ဆုံရန် အစီအစဉ်ကို ရွှေ့မည့်စကား ယခုပင် ဖုန်းဆက်ဖို့စိတ်ကူးကြောင်း၊ တနင်္လာနေ့ကျမှ တွေ့ဆုံပြီး အစီအစဉ်ဆွဲမည့်အကြောင်း ပြန်ကြားသည်။ မိလှိုင် နှုတ်ခမ်းမစူတော့သည့်အတွက် အဆင်ပြေသွားသည်။

မြို့သို့ ကားဆိုက်သောအခါ မှောင်ရီမပျိုးသေး။ သို့သော် နေရောင် မရှိတော့။

လမ်းထဲသို့ဝင်ဝင်ချင်း ခြံအပြင်တွင် သမီးကို ချီကာ လမ်းလျှောက်နေသော ဝေ့ကို လှမ်းရှုမြင်၏။ ဝေသည် သူတို့သားအဖနှစ်ယောက်ကို မြင်သဖြင့် ခပ်သုတ်သုတ် လျှောက်လာ၏။ ချီထားသော သမီးကို တစ်စုံတစ်ရာပြောကာ သူလာရာသို့ လက်ညှိုးညွှန်ပြ၏။ အပါးသို့ရောက်သည်တွင် သူဆွဲလာသော စက္ကူသေတ္တာကို ကူ၍ ယူ၏။ သမီးကို သူလှမ်းချီသည်။ သူ့လက်ဝဲရှိ လက်ဆွဲအိတ်ကို ဝေ ယူ၏။ အဖေက မြေးပါးကို အသာအယာ ဆွဲလိမ်လိုက်၏။ ထို့နောက် သူတို့ရှေ့မှ လျှောက်သွားနှင့်၏။



'ကျန်ခဲ့တဲ့ အပတ်တုန်းက မောင် အာဖြစ်လို့ မပြန်တာလဲ၊ ရုံးမှာ အချိန်ပိုတွေ ဆင်းနေရလို့လား'

'ဒေါ်လေးတို့အားလုံး ကမ္ဘာ့ရလိုဏ်မှာ တရားသွားထိုင်ကြတယ်၊ မောင့်ကို အိမ်စောင့်ခိုင်းလို့ စောင့်ရတယ်လေ၊ ရွှေ့လဆန်းထဲ တစ်ခေါက် သွားကြည့်ဦးမယ် ပြောတယ်၊ ကျန်ခဲ့တဲ့ စနေ၊ တနင်္ဂနွေ မောင် အိမ်စောင့်ရတဲ့အကြောင်း အဖေ့ကို ဒေါ်လေးတို့ ပြောလိုက်ကြပါသေးတယ်'

ဝေက ခေါင်းညိတ်သည်။

'ထင်တော့ ထင်တယ်၊ တနင်္ဂနွေနေ့ကျတော့လဲ မောင့်ကို မျှော်နေမိသေးတယ်၊ ဒီနေ့တော့ မှအဖေနဲ့အတူ မောင် ပြန်လာမယ်လို့ အလိုလိုသိနေတယ်၊ အဲသလိုပဲ မောင်လာမှာကို စိတ်ထဲက သိနေတယ်၊ ဝေသိရင် မလွဲဘူး၊ တွေ့လား'

'ဝေ အကြားအမြင် ပေါက်နေပြီထင်တယ်၊ ကျောင်းဆရာမ မလုပ်နဲ့တော့'

လည်ပြန်အကြည့်ဖြင့် ဝေကကြည့်ကာ ပြုံး၏။

'သူများတကာအတွက်တော့ ဟောရင် မှန်မယ်မထင်ဘူး၊ ဝေ့အကြားအမြင်က မောင်တစ်ယောက်တည်းနဲ့ မတ်သက်ပြီးမှ မှန်မှာ၊ ဟင်း....ဟင်း'

ပြောရင်း ရယ်သည်။

***

'....ကိုလွန်းခင်ကြီးက ဝလာလိုက်တာ ဗိုက်ကိုရွဲလို့ မသန်းဌေးရယ်၊ ရီရီက မင်းကို သတိရတဲ့အကြောင်း စကား ပါးလိုက်သတဲ့၊ သူလဲ ကိုစွနဲ့ဆိုတော့ နာရီဝက်လောက် ကမန်းကတန်း စကားပြောကြရတာပဲ၊ စိတ်ကသာ အလည်ရောက်ပြီး လူကတော့ မရောက်တဲ့အကြောင်းလဲ ပြောသကွ၊ မေးပါတယ်အသား

www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ အိမ်ထောင်ကျသွားတာကို သတင်းစာထဲမှာ တွေ့တဲ့အကြောင်း၊ မြေး ရပြီလားတဲ့၊ ငါကလဲ တစ်ယောက်ရတဲ့အကြောင်း ပြောလိုက်ပါတယ်၊ အဲ....သူတို့သမီးကတော့ အိမ်ထောင်မကျသေးတဲ့အကြောင်း၊ အခု ရန်ကုန်....'

လက်ထဲက မဂ္ဂဇင်းစာအုပ်သည် ခုန်ထွက်သွားမတတ် တုန်လှုပ်သွားရလေ၏။ အဖေ စကား စဘင်လိုက်ကတည်းက ရင်တွေခုန်လာသည်။ မည်သူ့ကိုမျှ မကြည့်။ စကား မကြားလေဟန် နေရသည်။ မိလှိုင်၏ ဖခင်နှင့် ယနေ့ နံနက်က မြောက်ထပ်ရုံးရှေ့တွင် တွေ့ကြောင်း နှုတ်အဟာဒ်ပင် စိတ်အနေ မလွတ်လပ်တော့၊ မိလှိုင် ရန်ကုန်တွင်နေကြောင်း၊ အစ်ကို ဝမ်းကွဲတော်သူ ဆရာဝန်၏ အိမ်၌ နေကြောင်း၊ မိလှိုင် အလုပ်လုပ်ရာ ဌာနအမည်တို့ကို အဖေဆက်၍ ပြောသည်။ ထိုစကားကို လမ်းမှာ အဖေ မပြောခဲ့၊ မိသားစု အေးအေးလူလူ အနားယူသော ညဦးပိုင်းတွင်မှ ပြောသည်။ သာမန် ပြော ပြောပုံ၊ စကားစပ်မိ၍ သတိရတာ ပြောပုံမျိုး။

မျက်လုံးကို မဂ္ဂဇင်းစာရွက်များမှ မခွာဝံ့။ နားကို အစွမ်းကုန် စွင့်ထားရလေသည်။ လက်က စာရွက်တွေကို လျှောက်လှန်နေမိ၏။ တဖျပ်ဖျပ် မြန်သည့်အခါ မြန်လွန်းသည်။ ဝိုင်တွေးတွေးသော အတွေးနှင့် စိုးရိမ်စိတ်တို့ ကျရောက်လာခိုက်တွင် စာရွက်မလှန်၊ တစ်မျက်နှာ၊ တစ်နေရာတည်း ကြည့်နေမိသည်။ လက်ရှိအာ ဗိန္ဒော ခေတ်ရိုက်ယကြာအတွက် ဆရာ့ကို အားကိုးပါ၊ ရိုဖြူရိုနီအတွက် အာဠာဝက သက်စောင့်တော်ဆေး ကိုမှီဝဲကြလော့။ ဂုဏ်ထူးတွေ အများကြီး လိုချင်တဲ့ ချစ်တပည့်ကလေးတွေအတွက် ဂုဏ်ထူးထိပ်တင် ရွှေပန်းသျှင် စာပေးစာယူ သင်တန်း။ မြန်မာနိုင်ငံမှာ အကျော်ကြားဆုံး၊ လူသိ



အများဆုံး၊ အရောင်းရဆုံး၊ အတော်ဆုံး စာရေးဆရာကြီး၏ ဝတ္ထုသစ်ကြီး။ မောသလား၊ အနှောဒတ် ပန်းနာ အမြစ်ဖြတ်ဆေး။ အသည်းကွဲ၊ အချစ်၊ အညှိ၊ အခွံ၊ အပစ်၊ အခက်၊ လျှို့ဝှက်၊ အသတ်၊ သည်းဖို၊ တော်လှန်၊ ဘဝ၊ သိုင်း ရသစုံ ဝတ္ထုကြီး ထွက်ပြီ။ မလှီးမဖြတ် အပြီးပြတ်တဲ့ လိပ်ခေါင်း ပျောက်ဆေး ဒီမှာရှိတယ်။ ရောနှောသည်၊ စာတွေ၊ အရောင်တွေ၊ သင်္ကေတန့်တွေ ထွေးကာ ရောနေ၏။

***

အနောက်မြို့ပြင်တွင် ဒေသည် ဟူးဟူးတိုက်နေ၏။

ငှဲ့ဆံပင်တို့သည် ဖွာလျှားလွင့်၍ နေသည်။ ကြက်ဥနှစ်အရောင် အင်္ကျီလက်စက၏ လက်ဖျားတွေ ဖျပ်ဖျပ်ခတ်လျက်ရှိသည်။ မြေဝါရောင်ထဘီ၊ ထူထဲသော အထည်ဖြစ်၍ လေလှုပ်ရာသို့ များစွာ လိုက်မလှုပ်။ သို့သော် ဒူးအထက်တွင် ထဘီအပြင်ခေါက်သားကို လက်ဝါးဖြင့် ဖိထားသည်။ ဘယ်လက်ကမူ မျက်နှာတစ်ဖက်သို့ လွင့်လာသော ဆံပင်တွေကို သိမ်းနေသည်။

'ဝေမပြောတာ မောင် နားလည်မှာပါ'

'အင်း'

မောင် ဝေ့ကို ညာတဲ့အတွက် ဝေစိတ်မကောင်းဘူး'

'ဝေ သံသယတွေများပြီး စိတ်သောကရောက်နေမှာစိုးလို့ပါ၊ မိလှိုင် ရန်ကုန်မှာ ရောက်နေတာကိုလဲ အဲဒါကြောင့် မပြောခဲ့တာပါ ဝေရယ်၊ ဝေ မောင့်ကို ယုံပါ၊ သူနဲ့ မောင်နဲ့ အဲဒီတစ်ခါပဲ လမ်းမှာဆုံနဲ့ကြတာပါ'

ဝှေရယ်သံသည် ကွင်းပြင်တစ်လျှောက်က လေတိုးသံနှင့် ရောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဒီလိုလုပ်'

'ပြောပါ ဝေ'

'မောင် ဝေ့ကို ပြောသင့်တယ်ထင်တာတွေ အခု အကုန်ပြောထား၊ စကားချန်မထားနဲ့၊ ပေါ်လာမှ ဝေ စိတ်သောကရောက်မှာစိုးလို့ ဖုံးထားတာပါလို့ ခဏခဏ မပြောရအောင်၊ ဟုတ်လား...မကောင်းဘူးလား'

သူ ရယ်သည်။ သို့သော် အေးစက်လှစွာသော အသံ၊

'ဘာမှ မရှိပါဘူး မိန်းမရယ်၊ အလကား မဟုတ်တာတွေ တွေးတွေးပြီး စိတ်ဆင်းရဲမနေပါနဲ့ကွာ'

ဝေ ခေါင်းခါ၏၊ ခြေစုံရပ်၏။ အနောက်ဘက်သို့ မျက်နှာမူ၏။ နေလုံးက တိမ်သားတွေ ကာဆီးလျက် ရှိလေသည်။ လင်းသော အပြာရောင်သည် မြေပြင်အနှံ့ ကျနေ၏။

'မောင်....'

ခေါ်ဝေါ်တန် လေသံကြောင့် သူ့မျက်လုံးတွေ ဝိုင်း၍ သွားချေ၏။

'ဘာလဲ ဝေ'

'ချစ်သူ ဘဝတုန်းကလဲ မောင် ခဏခဏ ပြောဖူးတယ်၊ လင်မယားဘဝ ရောက်ပြီးတော့လဲ မောင် ပြောဖူးတယ်လေ၊ ဝေရယ်တဲ့ ဝေ့ မျက်နှာကြီးက သိပ်တည်လွန်း တင်းလွန်းတယ်တဲ့၊ လျော့ပါဦးတဲ့၊ ဟုတ်တယ် မဟုတ်လား၊ ခု အဲဒီ မိန်းမရဲ့ မျက်နှာက သိပ်လျော့လွန်း ပျော့ပျောင်းလွန်းတယ် မထင်ဘူးလား'

အဖြေ အပေးရ ခက်နေသည်၊ ထို့ကြောင့်....

'ဝေ ဘာပြောချင်လို့လဲ ဟင်'



ဝေက ရယ်လေသည်၊ သွေးရှိုးသားရိုး ရယ်သံဟု မထင်၊ ရယ်သံ မှေးမှိန်သွားတော့မှ....

'ဝေ မောင့်ကို သိပ်လိုက်လျောနေရလွန်းလို့ပါ၊ ဆိုပါတော့လေ၊ သိပ်မျက်နှာချိုသွေးနေပါတယ်၊ အဲဒါကလဲ သမီးကို ငဲ့ပြီး ဝေ့မာနကို ဝေ ချိုးနှိမ်ပစ်ရတာပါ၊ သမီးသာမရှိခဲ့ရင် ပြဿနာကြီးခဲ့ပြီးပြီ မောင်ရဲ့၊ သိလား....၊ တစ်ခုတော့ ပြောမယ်လေ၊ မောင်တို့ ရပ်တန့်ကရပ်ပါ၊ မရပ်ရင် ဘာလုပ်မယ် ထင်သလဲ၊ မောင့်ကို ဝေ လမ်းမခွဲပါဘူး၊ မောင်က ကွာတာကွက်တာတွေလဲ ဝေ ရင်မဆိုင်ရဲပါဘူး၊ မောင့်ကို ချစ်တာကိုး၊ ဒီတော့.... လှိုင့်ကို ဝေ စစ်ကြေညာရလိမ့်မယ်၊ မရီရီလှိုင်ကို ဝေ ဖြစ်တဲ့နည်းနဲ့ နည်းမျိုးစုံနဲ့ တိုက်ခိုက်ရပါလိမ့်မယ်၊ မောင်ရယ် ဝေရယ် သမီးရယ် လျှောက်နေကြတဲ့လမ်းမှာ ပိတ်ဆို့စရာလို့ ဝေ ထင်ထားတဲ့ မရီရီလှိုင့်ကို ဝေ ဖယ်ရှားပစ်ရပါလိမ့်မယ်'

နေရောင်ကို ကျောမခိုင်းမီ သူ့ကို တစ်ချက် မြှုံးပြုံးသည် ဘာ့လေသံ အနေအထားကြောင့်လား၊ မိလှိုင်ကို ထိခိုက်လာသောကြောင့်လားမသိ၊ သူ့မျက်နှာ တင်းသွား၏။ ယတိပြတ်ကားတစ်ခွန်းကို သူ အားယူ၍ ပြောလိုက်၏။

'မိလှိုင်နဲ့ မောင်နဲ့ ဘာမှ မဖြစ်ကြပါဘူး ဝေ'

'မောင် စိတ်မရှိပါနဲ့၊ ဝေ တိုက်ရိုက်ကြီး စွပ်စွဲရာကျသွားင်တော့ ခွင့်လွှတ်ပါ'

'ဟာ...ဝေကလဲ'

တောင်းပန်ခြင်းအမူပြုသည်ကို နားမခံသာသဖြင့် ခပ်ဆတ်ဆတ်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'မဟာနဲ့လေ၊ မောင့်ကိုတွင် မကပါဘူး၊ မောင့် သူငယ်ချင်းကို ထိခိုက်သွားမယ်ဆိုလဲ မောင့်ကို တောင်းပန်လိုက်ပါ တယ်'

'ဩော်ကွာ...ဝေကလဲ ရှိနေပြန်ပြီ'

'ဟင့်အင်း၊ ရှိနေတာ မဟုတ်ဘူး၊ တစ်ခုတော့ ပြောမယ် လေ၊ ဝေ့မှာလဲ မျက်လုံး တစ်ထောင် နား တစ်ထောင်မက ရှိတယ် ဆိုတာကို'

'ဝေ သိမ်ခြိမ်းခြောက်တာပဲ'

'မဟုတ်မပါဘူး၊ ဘယ် မိန်းကလေးရယ်လို့ ရည်ရွယ်ပြီး ပြောတာ မဟုတ်ပါဘူး၊ ဝေ့ အချစ်ကို လုရင် လုတဲ့သူဟာ ဝေ့ ရန်သူ၊ ပထမအဆင့် မေတ္တာရပ်ခံမယ်၊ ဒုတိယအဆင့် ရာဇသံပို့မယ်၊ တတိယအဆင့် သက်ဆိုင်ရာ လူကြီးမိဘတွေ တိုင်စာပို့မယ်၊ ဒါမှ မရပ်ရင် နောက်ဆုံး အဆင့်က...ဟဲ ဟဲ...ပါးပဲ၊ မါးအတွဲ...၊ ကွဲတာမှ ရှစ်စိတ်၊ ကိုးစိတ်၊ ပြီး—

*

(၄၅)

............တွေ ဖြစ်မလာစေချင်ရင်ပေါ့လေ၊ မောင် ဆင်ခြ ပေါ့၊ ဝေ ဘယ်သူ့ကိုမှ ရည်ရွယ်ပြောတာတော့ မဟုတ်ဘူ တကယ်လို့ မရိုးရိုးလိုင် ဆိုလဲ ဝေ အဲသလိုပဲ လုပ်မှာပဲ မော မရိုးရိုးလှိုင်ဆို အဆောက်အထားက သာပြီး ခိုင်လုံသေးတ ဟိုစာက မေမေ့ လက်ထဲမှာ၊ ဒါပေမယ့်... ဝေ မိန်းမခ စာနာစိတ် ရှိပါသေးတယ် မောင်၊ နားလည်အောင် ဆွေး ကြည့်မယ်၊ စိတ်ရှည်ရှည်နဲ့ အချိန်ပေးပြီး ပြောကြည့်ဦးမှာ ပြောမရမှ ခုနအဆင့်တွေ ရောက်လာမှာ၊ အဲဒီအဆင့် ဆ



ရင်တော့ ဘယ်ကောင်းတော့မှာလဲ၊ ဆံပင်ဆွဲ၊ ပါးရိုက် နား ရိုက်နဲ့........'

ဥညြသံသည် အိပ်ခန်းတွင်းသို့ သဲ့သဲ့ပျပျ ဝင်လာသည်။ သူ့နည်းတူ မိလှိုင်သည် ကြားဟန်တူ၏။ နားစွင့်သော မျက်လုံးကို မြင်လိုက်ရပြီးနောက် ဝေ့အသံတွေကွယ်ကာ မိလှိုင့် အသံ ရောက်လာ၏။

'ကြားလိုက်လားဟင် မောင်'

သူ ရင်ခုန်စွာ ခေါင်းညိတ်သည်။

'နေ့ဦးရောက်တော့မယ်နော်၊ ဥညြသံတောင် ကြားရပြီ'

မိလှိုင့် အိပ်ခန်းထဲမှ ထွက်ရန် ကိုယ်ကို ကြွသည်။ စကား မပြတ်ရန်....

'အသံကတော့ တကယ်သာယာပါတယ်၊ ဥညြကို မြင်ရ တော့ စိတ်ပျက်စရာနော်၊ မလှပလိုက်တဲ့ငှက်၊ သစ်ကိုင်းတွေ သစ်ရွက်တွေကွယ်ပြီး နားထောင်ရတာပဲ စိတ်ချမ်းသာတယ်'

'အဲဒါတော့ အဟုတ်ပဲ၊ မောင် ဘယ်သွားမလို့လဲ၊ အိမ် သာ လား'

သူ ခေါင်းခါသည်။

'အပြင်မှာ သွားနေရရင် ကောင်းမယ်ထင်တယ် လှိုင်၊ မတော်တဆ လှိုင့်အစ်ကိုနဲ့အစ်မ ဖြုန်းစားကြီး ရောက်လာရင် မကောင်းဘူး ထင်တယ်၊ အဲဒါကြောင့်ပါ'

ကြိမ်ပက်လက် ကုလားထိုင်ပေါ်တွင် မှီ၍ ထိုင်နေသော မိလှိုင်၏ ကိုယ်သည် တစ်ချက်မရွေ့၊ ပြုံး၏။

'မနက်ဖြန်မနက် ရှစ်နာရီမှ နှစ်ယောက်စလုံး ထဝင် ပြီးမယ်၊ မလာပါဘူး၊ လာတောင်မှ ဒီဘက်ခါးခါက ဘူရုံ ထမင်းစားခန်း ရောက်ပြီပဲ၊ တစ်ခုခု စားနေသို့ သဘောရဲ

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်ရုံပေါ့၊ မောင့်ကို လှိုင်က ဒီနေရာကို ခေါ်တာ လှိုင်တို့ လက်ထပ်ပြီးရင် အခန်းကို ဟောသလို ပြင်ထားမယ် လို့ တမင် ခေါ်ပြတာရှင့်၊ ပြီးတော့....မောင့်အိတ္ထာကိုလဲ ယုံလို့၊ လှိုင့်ကိုယ်လှိုင်လဲ ယုံလို့'

စိုးရိမ်စိတ်က ကျသွား၏။ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် စိတ်အေးစွာ ပြန်မှီရင်း အခန်းအပြင်အဆင်ကို ကြည့်သည်။ စေ့စေ့စပ်စပ် ကြည့်ပြီးမှ....

'အိမ်အပြင်အဆင် ဒီပလိုမာကို ဂျပန်မှာ သွားသင်ယူခဲ့သလား အောက်မေ့ရတယ်'

သဘောကျစွာ ရယ်၍ နေသည်။ မိလှိုင့်ကို သူကြည့်သည်။ ပျော်ရွှင်ဖျတ်လတ်လျက်ရှိ ။ ထူးထူးခြားခြား ဖြီးလိမ်းထားခြင်း မရှိ။ ဖြတ်ထားကာစ ဆံပင်သည် တံဟောင်ဆစ်သာသာမျှသာ ရှိသည်။ ဘလောက်စ်အင်္ကျီ၏ ရင်ညွန့်ပေါ်သို့ ဆံစတွေ ကျနေ၏။ ကြည့်နေခိုက်တွင် စားပွဲအံဆွဲကို ထိုင်နေရင်း လှမ်းဖွင့်သည်။ ကိုယ်သည်လက်ဝဲဘက်သို့ ယိမ်းသွား၏။ သနပ်ခါးထင်ထင် တင်ထားသောလက်က အံဆွဲဘက်တွင် လှုပ်ရှားရှာဖွေနေ၏။ ခါး၏ အနိမ့်ပိုင်းအလှတွေကို မကြည့်လျက် မြင်နေရ၏။ အဖြူဖျော့ဖျော့ယာဘီပိုးသားသည် အသားအရေပေါ်တွင် ခေါက်ခေါက်မာမာ မရှိ။ ခန္ဓာကိုယ် အချိုးအဆက်နှင့် လိုက်လျောညီထွေစွာ ရှိလေသည်။

'အင့်....စားမယ် မဟုတ်လား'

ဖြန့်ထားသော လက်ဝါးပေါ်တွင် ဆီးပြားထုပ်။ သူ ခေါင်းခါသည်။

'ဟင်း....အချဉ်တွေ'

'မစားဘူးလား'



'ဟင့်အင်း မကြိုက်ဘူး လှိုင်ရဲ့'

'ငယ်ငယ်တုန်းကတော့ မောင် သိပ်ကြိုက်ပြီး၊ မောင့်ဗိုချုန်ချုန်ထားတာတွေ၊ အပို့ ဝယ်ထားတာတွေ မောင်မှတ်မိသေးရဲ့လား'

ခပ်ရေးရေး မှတ်မိသယောင် ရှိ၏။ သို့သော် မှတ်မိသောအသွင်ကို မျက်ခုံးဖြင့် ပြလိုက်၏။

'ဒါပေမယ့်....ခုတော့ မောင် စားမှ မစားတော့တာ၊ မြင်တာနဲ့ပဲ သွားတွေ ကျိန်းနေပြီ'

'မစားဘူး ဆိုပါတော့'

'လှိုင်ပဲ စားလိုက်တော့လေ'

ဆန့်ထားသောလက်ကို အသာ ကွေးကာ အံဆွဲထဲသို့ ဖော်ထည့်သည်။ အမှန်းအဆ မသင့်သောကြောင့် စားပွဲပေါ်တွင် ဆီးပြားထုပ် တင်သွားသည်၊ ကိုယ်အလှုပ်တွင် ကျလာသော ဆံပင်တွေကို နားထင်အထက်မှ သပ်ကာ ဖယ်သည်။လည်တိုင်နှင့် ရင်ညွန့်ပေါ်ရှိ သနပ်ခါး စင်းကြောင်းတွေကို ထွေးသသည်။ကြည့်မိရာမှ တစ်ငေး ငေးမိသည်။သူ ငေးကြည့်နေသည်ကို မိလှိုင်မမြင်။ ထိုင်ရာမှထပြီး ခုတင်ဘေးရှိ ဗီရိုကို သွားဖွင့်သည်။ အံဝှက်သော့ဖွင့်ပြီး စက္ကူအိတ်တစ်အိတ် ထုတ်ယူသည်။ ထိုနောက် ဗီရိုတံခါးရှက်ကို ပြန်စေ့သည်။ သူ့မျက်လုံးသည် မိလှိုင်၏ နောက်နှင့်ရှေ့၊ မှန်ထဲမှတစ်ဆင့် သူ့ကို မိလှိုင်ကြည့်သည်။မိလှိုင်၏ မျက်လုံးသို့ အကြည့်ရောက်သောအခါ သူ့ရှက်အမ်းအမ်းနှင့်၊ သူ့မျက်လုံး ရောက်ရာများကို မိလှိုင်သည် မှန်မှ တစ်ဆင့် မြင်ခဲ့ပေလိမ့်မည်၊

'မောင် ဒီကို ခဏ'

www.burmeseclassic.com

www.burmeseclassic.com



သူ ထိုင်ရာမှ ထသည်။ ခုတင်ဘေးတွင် ရပ်၍ ကြည့်နေသည်၊ စက္ကူအိတ်ထဲမှ ဆွဲထုတ်လိုက်သော စက္ကူအထုပ်နှစ်ချပ်၊ ကျောဘက်မှ မျက်နှာဘက်သို့ ဖြန့်တာ လှမ်းပေးသည်၊ နှစ်ဆယ့်ငါးကျပ်တန် အခွန်တံဆိပ်ခေါင်း။ နှစ်ရွက်၊ ရေးမှတ်ထားခြင်း မပြုရသေး။

'လက်ထပ်စာချုပ် ရိုက်ဖို့လေ'

နှစ်လိုဖွယ် အပြုံးနှင့် ပြောပြသည်။ သူ ခေါင်းညိတ်ပြီး ပြုံးပြ၏။

'လှိုင်က စိတ်ကူးတွေနဲ့ ပျော်မနေ ကြည်နူးနေတာ မောင်ရဲ့'

မိလှိုင်၏ လက်မောင်းကို အားပေး ဖြေသိမ့်သော အဖျစ်ဖြင့် တစ်ချက် ဖျစ်ကာ ဆုပ်ကိုင်ထားလိုက်၏။ ချမ်းမြေ့ဖွယ် မျက်နှာသည် သူ့ဘက်သို့ လှည့်လာ၏။ သူ သက်ပြင်းရှည် ချသည်။ ထိုသက်ပြင်းသံကို မိလှိုင် စိုးရိမ်မကင်း ဖြစ်သွားပုံ ရသည်။

'မောင် ဘာဖြစ်သွားတာလဲဟင်၊ သက်ပြင်းမှုတ်တာ လှိုင် လန့်သွားမလား ထင်ရတယ်၊ ဝေက ဘာပြောလိုက်လို့လဲဟင်'

ခေါင်းကို ဦးစွာခါ၏။ ထို့နောက်မှ....

'ဝေ ဘာမှ မပြောပါဘူး လှိုင်၊ ဒီ စာချုပ်ပေါ်မှာ လက်မှတ်ထိုးဖို့ စောင့်ရတဲ့ ကာလက ကြာရှည်လွန်းလို့ပါ'

ထိုအခါ လှိုင်၏ အပြုံးသည် မချိလှစွာသော အပြုံးမျိုး။

'လှိုင့်ကို သိပ်ချစ်သလား မောင်'

'ပြောပြဖို့ ပြည့်စုံနိုင်တဲ့ မြန်မာစကားမရှိတာကို မောင် မကျေနပ်ခဲ့ပါဘူး လှိုင်'



စာချုပ်တံဆိပ်ခေါင်း စာရွက်ကို ခေါင်းအုံးပေါ်သို့ သူ လှမ်းတင်သည်။ မိလှိုင် အထိုင်တွင် သူပါ ထိုင်လိုက်သည်။ မျက်လုံးချင်း ဆုံသည်။ အတန်ကြာမျှ မျက်တောင်တွေ မခတ်မိကြ။ တခဏွှေ့ရွှေ့မျှသော အပူရှိန်ကို ခံစားလာရမှန်း သိလိုက်သည်။

မှန်းတည့်နေ၏ အလင်းသည် အိပ်ခန်းပြတင်းမှ တစ်ဆင့် အတွင်းသို့ ဝင်လာသည်။

***

မောင့်ကို သဒ္ဒါတရားမရှိဘူးပေါ့လေဟူသော စကားတစ်ခွန်းကို လှတ်ခနဲ ပြောမိသည်။ ထိုစကားသည် မိလှိုင်၏ အသည်းနှလုံးကို ထိပါးသွားဟန်တူ၏။ ဪ....တူသော ယှဉ်ကျူးမရ ညည်းညူသံတိုးတိုးကို သူ ကြားရ၏။ ထိုအချိန်တွင် သူ ကြိမ်ဘုလားထိုင်ရှိရာသို့ လျှောက်သွား၏။ ပြတင်းကို ကျောပေး၍ ထိုင်သည်။ လှိုင်းတွန့် လှုပ်ခတ်သော ခန်းဆီးကို အကြောင်းမဲ့ ငေးကြည့်ရင်း စိတ်ငြိမ်အောင် နေနေရ၏။

တချို့နေရာတွေမှာ စည်းကမ်းလေးတွေထားရတာ မောင် သဘောပေါက်ပါတယ်။ ကြည့်ပျော် ရှုပျော် အနေအထား တစ်ခု ရောက်အောင် အချိန်စောင့်နေရဦးမှာမို့ လှိုင် တားရတာပါ။ မောင်သာ လွတ်လွတ်လပ်လပ်နဲ့ဆိုရင် လှိုင် ဘာမဆို ခေါင်းညိတ်မှာပါ၊ ဒါကို မောင် တစ်မျိုးမြင်တယ်၊ မောင် တက်အပေါ်ထားတဲ့ သဘောထားတစ်ခုလုံးကို လျှော့ပြီး လိုက်လွန်းရာ မကျဘူးလား၊ ကောင်းပြီလေဟူသော မိလှိုင့်စကားကို ကြားရ၏။ စကားတစ်ခုက်တွင် သူ လှည့်ကြည့်သည်၊ မိလှိုင်သည် မှန်တင်ခုံရှေ့တွင် သူ့ကို ကျောခိုင်းလျက် ရပ်နေ၏။ ညှော်ခန်းသို့ထွက်ရန် စိတ်ကူးရသောကြောင့် သူ

www.burmeseclassic.com

ခြေစုံရပ်သည်။ ထိုစဉ် မြင်လိုက်ရသော မီးလှိုင့်ကို မီးလှိုင်မှ ဟုတ်ပါလေစဟု အံ့အားသင့်သွားသည်။ ထိုနောက် ထိတ်လန့်သွားသည်။ ထို့နောက် မီးလှိုင်ထံသို့ ကမန်းကတန်း ပြေးသွားသည်။ မဟုတ်ဘူး လှိုင်၊ အဲသလို မလုပ်နဲ့၊ အဲဒါ မောင့်ကို ရွဲ့တာနဲ့ အတူတူပဲ၊ ခုန မောင် နောက်လိုက် စလိုက်တာပါဟု တောင်းပန်သည်။ဆို့နစ်နေဟန်ဖြင့် စကားတစ်ခွန်းမပြန်။ ပြုံးမြဲအတိုင်း ပြုံးနေ၏။ မောင့်ကို စိတ်ညစ်အောင် မလုပ်ပါနဲ့ကွာ။ မောင် နောက်နောက်ပြောင်ပြောင် ပြောခွင့်မရှိဘူးလား လှိုင်ရယ်၊ လှိုင် အထင်မမှားနဲ့ လှိုင်ရယ်၊ ရော့ပါ....ဟု တုန်တုန်ယင်ယင် ပြောသည်၊

သူ့စကားကို နားထောင်မည့်နိမိတ် မြင်ရတော့မှ ပြတင်းပေါက်တွင် သူ သွားရျှရပ်နေ၏။ ဗီရိုဖွင့်သံကြား၏။ ရင်တွေခုန်နေသည်။ တုန်လှုပ်လျက်ရှိသည်၊ အဘယ် မည်သော အကြောင်းကြောင့် မောနေသည်ကို တွေးပင် တွေးမရ။

'ညှော်ခန်းထဲကို သွားရအောင် မောင်'

ရုတ်ခြည်း မကြည့်ရဲသေး။ မျက်နှာကို ဖြည်းဖြည်းလှည့်သည်။ မျက်ရည်လဲ့နေသည်ဟု ထင်ရသော မျက်လုံးအစုံဖြင့် သူ့ကိုကြည့်သည်။ ပြတင်းကို ကျောပေးကာ ခြေစတင်လှမ်းချိန်တွင် ခုတင်ပေါ်ရှိ စာချုပ်ဇာဆိပ်ခေါင်း စာရွက်နှစ်ရွက်ကို မီးလှိုင် ကောက်ယူ၏။ သူ သေသေချာချာ ကြည့်လိုက်၏။ လက်ရှည်၊ အထူရင်ဖုံးအင်္ကျီ၊ ရေညှိရောင်နောက်ခံ၊ အဖြူရောင် ပန်းပွင့်ငယ်များ။ သူ့ ဘက်သို့ မီးလှိုင်အလှည့်တွင် မြင်မြင်ချင်း မျက်နှာလွဲသည်၊ လည်တိုင်စပ်တိုင်အောင် ပုဇဉ်းခေါင်းကြယ်သီး စေ့တပ်လျက်။ အတန်မျှ ကြေကျိုးနေသော စာချုပ်နှစ်စောင်ကို ခေါင်းအုံးအောက်တွင် ထည့်ကာ....



'မောင် လူတော်ပါ၊ မျှသိပ် ထိန်းချုပ်နိုင်တဲ့ မောင့်ကို လှိုင် ချီးကျူးပါတယ်'

***

စိတ်ထဲမှာ ကြည်နူးစရာကောင်းလှပါတယ် လှိုင်ရယ်။ အဲဒီနေ့ဟာ ဘဝမှာ အငြိမ်းချမ်းဆုံးပါပဲ။ စိတ်လှုပ်ရှားလွန်းရတဲ့ နေ့ပါပဲ။ ပြီးတော့ လှိုင် တကယ်ဆိုးလိုက်တာ၊ မောင့်ကို အထင်မှားပြီး အရွဲ့တိုက်လိုက်တာ ခုထိ မျက်လုံးထဲကမထွက်ဘူး။ တော်တော်လည်း စိတ်ကြီးတဲ့ သူငယ်မပါကလား၊ အလှအပ ဆိုတဲ့ အရာတွေကို ထိတ်ထိတ်လန့်လန့်နဲ့ တွေ့မြင်ခဲ့ရတယ်ဆိုတာ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပါ လှိုင်၊ မောင့်နေရာကနေ လှိုင် မြင်လို့ရအောင် ဒီစာကို ရေးထားလိုက်တာပါ၊ ဆက်ဖတ်ကြည့်၊ အခန်းတစ်ခုလုံးက အပြာရောင် ရေးရေးနုနုလေး။ ဖြူဖွေးတဲ့ မျက်နှာကြက်၊ လှိုင့်ခုတင်ပေါ်က အိပ်ရာခင်းက ခရမ်းရောင်ဖျော့ဖျော့၊ ခေါင်းအုံးဖြူဖြူ ပြတင်းခန်းဆီးကဇာပန်းရောင်။ စားပွဲဝိုင်းလေးပေါ်မှာ စားပွဲခင်းက ချောကလက်ရောင်။ ကြွေပန်းအိုး ဖြူပုပုသေးသေးလေးထဲမှာ နှင်းဆီဖြူ တစ်ပွင့်တည်း၊ လှိုင့်ခုတင် ခေါင်းရင်းနံရံမှာ ပက်တိုင်းထောင်ရုပ်လေးတစ်ရုပ် ချိတ်ထားတယ်လေ။ ဇာခြင်ထောင် ပန်းရောင်ကို သပ်သပ်ရပ်ရပ်တင်ထားလို့၊ အလင်းရောင်က အခန်းထဲကို အနေတော် ဝင်နေတယ်လေ၊ လက်ထပ်ပြီးရင် အခန်းကို ဟောသလို ပြင်ဆင်ထားမယ်လို့ လှိုင်ပြောတယ် မဟုတ်လား၊ အခန်းအပြင်အဆင်ထဲမှာ သက်မဲ့အရာဝတ္ထုတွေတွင်မှ မဟုတ်ဘဲ အသက်ဝင်လှုပ်ရှားနေတဲ့ သောကြာနတ်မိမယ် ဗီးနပ်စ်ဆိုတာကိုပါ အပြင်အဆင်ထဲမှာ ထည့်သွင်း စဉ်းစားထားတာ ကိုး။ ကိုယ်လုံးပေါ် မှန်ရှေ့မှာဆိုတော့ ယှဉ်သက်မြင့် အလှပါပဲ။

www.burmeseclassic.com



ရုံးရောက်ခတော့မှ ဆက်ရေးမည်ဟု စိတ်ကူးသည်။ နောက်နှစ်ရွက်ဆိုလျှင် စာပြီးမည်။ ထို့ကြောင့် စာရေးစက္ကူ အလွတ်နှစ်ရွက်နှင့် ရေးပြီးသားသုံးရွက်ကို ဆွဲယူလိုက်သည်၊ လေးခေါက်ခေါက်ပြီး တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲသို့ ထည့်လိုက်၏။ ရုံးသို့ ရောက်သောအခါ အလုပ်တွေများနေသည်။ အလုပ်ပါးသောအခါ ရေးရန် မလွတ်လပ်။ ဆယ့်တစ်နာရီထိုးသောအချိန်တွင် လိုင့်ထံသို့ ဖုန်းဆက်မည်ဟု စိတ်ကူးရ၏။ အချိန်ပိုအလုပ်ဆင်းရမည်ဟု မှန်းမိသည်။ ကနေ့ စနေနေ့ဖက် အလုပ်ဆင်းနိုင်မည် မထင်ကြောင်း၊ ထို့ပြင် အိမ်မပြန်သည်မှာ နှစ်ပတ်ရှိ၍ ယခုတစ်ပတ်ပြန်မှ ဖြစ်မည့်အကြောင်း စာရေးထားကြောင်း၊ တနင်္လာနေ့ညနေ ရုံးဆင်းတော့မှ ပေးမည့်အကြောင်း ဖုန်းဆက်မည်၊ စနေနေ့တိုင်း နေရာအနှံ့ လျှောက်လည်၊ တစ်နေရာရာတွင် နေ့လယ်စာစား၊ ညနေစာစား သို့မဟုတ် ရုပ်ရှင်ကြည့်သော အလေ့အထ ယနေ့ ပျက်ရမည့်အတွက် အနေ မသာယာ။ မိလိုင်သည်လည်း သူ့နည်းတူ ရှိပေလိမ့်မည်။

တယ်လီဖုန်းဂဏန်းတစ်လုံး လှည့်ပြီးချိန်တွင် ရုံးအုပ်ကြီးက ဧည့်သည်ရောက်နေတယ်ဟု လာပြောသည်။ တံခါးဝသို့ သူကြည့်ရင်း ဒုတိယ ဂဏန်းကွက်ကို လှည့်သည်။ လက်ညှိုးက တန့်သွား၏။ ယိုးဒယားခြင်းဖြူကို ဆွဲထားသော လက်တစ်ဖက်။ ဘယ်ဘက်လက်က ခေါက်ထီး။ နို့သာရောင် ပခုံးချိတ်အိတ်ကို ဘယ်ဘက်ပခုံးတွင် ချိတ်လျက်။ ဆဌံ နေကာမျက်မှန်နှင့် ဝေ။ တယ်လီဖုန်းကို ချက်ချင်း ချထားကာ တံခါးဝသို့ လျှောက်သွား၏။

'ဝေ လာလေ'



ခြင်းကို လှမ်းယူရင်း ပြောသည်။ သူ့အသံတွေ အနည်းငယ် တုန်နေ၏။ သူ့စားပွဲရှိရာသို့ ဝေ့ကို ခေါ်လာသည်။ အခန်းထဲမှ ရုံးသူရုံးသားတွေက ဝေ့ကို ကြည့်နေကြသည်။ ဝေ ဘာကိစ္စနှင့် ရုတ်တရက် ရောက်လာပါလိမ့်ဟု ပူပန်တကြီး တွေးသည်။ ယောက်ယက်ခတ်နေသော စိတ်ကြောင့် ရုံးသူရုံးသားများနှင့် ဝေ့ကို မိတ်ဆက်ပေးရန်ပင် တစ်ခဏ မေ့လျော့နေမိ၏။

***

မျက်နှာချင်းဆိုင် စားပွဲရှိ အထက်တန်း စာရေးကြီးက "ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်၊ ရုံးကို မကြာမကြာ လာလာပေးတာ ကောင်းတာပေါ့။ ခုမှ ကိုဇော်လတ်ကို အိမ်ထောင်သည်မှန်း သိရတော့တယ်ဗျာ" ဟု နောက်၏။ ဒီရုံးမှာတော့ အားလုံး မောင်လို နှမလိုပါ၊ ကျွန်တော့်မျက်မြင်ပါပဲ၊ တခြားရုံးက တခြားသူတွေနဲ့ တော့သိမ်မသိဘူးဗျာဟု ရုံးအုပ်ကြီးက ပြက်လုံးထုတ်သည်။ လက်နှိပ်စက် စာရေးမအပျိုကြီးက ကိုဇော်လတ် အမျိုးသမီးက တကယ်လှတာပဲ။ ဝင်ဝင်လာချင်း ရုပ်ရှင်မင်းသမီးတစ်ယောက်လားလို့ ထင်တာ။ သူ့ကိုယ်သူ အိမ်ထောင်နဲ့လို့ မပြောခဲ့ပါဘူး၊ အံ့ရော....အံ့ရောဟု အတိုအထောင် လုပ်နေလေ၏။ ဝေက ပြုံးကာ ရယ်ကာနှင့် နေ၏။ [illegible]ရှိ အမျိုးသမီးက ဓါးလောက်လှတဲ့ ဇနီးရှိတာကို ကိုဇော်လတ်က ရုံးကို တစ်ခါမှ ခေါ်မလာဘူးဟု ပြော၏။ ရှုတ်နောက်ခသော စာရေးတစ်ယောက်က ဘယ်ခေါ်လာမလဲ မမရဲ့ သိတယ်မဟုတ်လားဟု ခပ်တည်တည်ရှိန်း၏။ သူ့စားပွဲ အေးရှိ စာရင်းအင်းတာဝန်ခံ အမျိုးသားက မျက်နှာ တည်တည်ထားကာ အရင်တစ်ခေါက် လာတုန်းကသော

www.burmeseclassic.com

www.burmeseclassic.com



မဝဘူးနော်၊ ကျွန်တော် မျက်လုံးမကောင်းလို့ နှုတ်မဆက်မိတာ စိတ်မရှိပါနဲ့ဟု ချောက်ချ၏။ ဝေသည် နှုတ်ခမ်းကို လက်ဝဝါးကွယ်ပြီး ရယ်နေ၏။ သို့ရာတွင် သူ့မျက်နှာထား ခက်လျက်ရှိသည်၊ မျက်နှာ နီနီမြန်းမြန်း ဖြင်လာတတ်သည်၊ သူ ကသိကအောင့်ဖြစ်မှုန်း သိလေလေ ဝိုင်း၍ နောက်ကြစကြလေလေ ဖြစ်၏။ ရယ်ပွဲ စည်လာသည်။

ထိုစဉ် အရာရှိ အမျိုးသမီး၏ စားပွဲပေါ်က တယ်လီဖုန်း ခေါင်းလောင်းသံမြည်သည်၊ အမျိုးသမီးက ဖုန်းကို ကောက်ယူနားထောင်၏။ ဟှယ်ကဲ့ ခဏကိုင်ထားပါဟု တစ်ဖက်ကိုပြန်ပြောသည်။ ထို့နောက် ကိုဇော်လတ်ဟု ခေါ်၏။ တယ်လီဖုန်းရှိရာ စားပွဲသို့မရောက်မီ ဟဲ....ဟဲ....ကနေ့ စနေနေ့လေ၊ လခထုတ်ပြီးစရက်ဆိုတော့ ဗိုလ်ချုပ်ဈေးမှာ တော်တော်စည်ကားဦးမယ်ဟု မကြားတကြား လှမ်းပြောသည်၊ သူ ခြေလှမ်းမှန်အောင်ကြိုးစားပြီး လျှောက်သွားရ၏။ ထင်သည်။ ဖုန်းကို ကောက်ယူချိန်တွင် ဝေနှင့် မျက်နှာချင်းဆိုင်။ မတ်တတ်ရပ်လျက်နှင့်ပင်....

'ဟုတ်ကဲ့....အမိန့်ရှိပါ'

သတ္တုသံဖြင့် ကြားရ၏။

'လှိုင်ပါ မောင်ရဲ့'

'ဩော်....ဟုတ်ကဲ့'

မိလှိုင့်ရယ်သံလွင်လွင်။ အမယ် မောင်က ဟုတ်ကဲ့တွေဘာတွေနဲ့၊ တယ်ပြီး လိမ္မာနေပါလား၊ ဘာလို့ ဖုန်းမဆက်တာလဲ၊ ဆို....ဒီနေ့ ဘယ်လျှောက်လည်မယ်ဆိုတာကိုဟု ပြောခြအသံဖြင့် ပြောသည်၊ မေးသည်၊ ဝေသည် စူးစူးစိုက်စိုက်ကြည့်လျက်ရှိသည်၊ ထို့ကြောင့် ရရာစိတ်ကူးဖြင့်....



'ဒီနေ့ နေ့တစ်ဝက်ဆိုတော့ ခင်ဗျားတို့ဆီ စာရင်းတွေပို့နိုင်မယ်မထင်ဘူး'

လှိုင်ရေ....ဒီမှာ ဝေရောက်နေတယ်၊ မောင့်အသံကို မှတ်မိနေတာပဲ၊ လှိုင် မေးတာ မောင် ဖြေနေကျပဲ။ ခု ရုံးအနားမှာ၊ ရိပ်မိလိုက်စမ်းပါဟု ရင်ထဲမှ မချင့်မရဲ ဆိုမိသည်၊ မိလှိုင် နားလည်ဟန်မတူ၊ မောင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ဘာစာရင်းလဲ၊ စကားကောင်း ပြောစမ်းပါ၊ နောက်မနေစမ်းပါနဲ့ဟု ပြောသည်။ မိလှိုင် သဘောပေါက်နိုင်ရန်....

'ကျွန်တော်ပြောတာ ခင်ဗျား သဘောမပေါက်ဘူးနဲ့တူတယ်၊ ဒီနေ့ ဘယ်လိုမှ ကျွန်တော်ခင်ဗျားဆီကို မလာနိုင်လို့ပြောပြတာပါ၊ တနင်္လာနေ့ကျမှ အဲဒီစာရင်းအားလုံးကို လာပို့ပါမယ်၊ ဒီနေ့တော့ မဖြစ်ကို မဖြစ်နိုင်လို့ပါ'

တထိတ်ထိတ် ခုန်နေသောရင်ကို မိလှိုင် မြင်နိုင်စေညီမဟုတ်၊ မိလှိုင် မရိပ်မိ၊ အခု စကားပြောနေတာ ဘယ်ကပါလဲဟုမေးသည်။

'ဟုတ်ပါတယ်၊ ခင်ဗျားဆက်တာ ဟုတ်ပါတယ်၊ ကျွန်တော် ဇော်လတ်ပါ'

တယ်လီဖုန်းလိုင်းတွေ မရောကြောင်း သူအဖြေပေးသည်၊ ထိုအခါ မိလှိုင်က မောင် ဘာတွေ လျှောက်ပြောနေတာလဲ၊ လှိုင်စိတ်ဆိုးမိလိမ့်မယ်။ပြော။ မောင် ဘယ်က စောင့်မလဲ၊ ဒါမှမဟုတ် လှိုင် စောပြီး ဆင်းလာရမလား၊ မောင့်ရုံး[illegible]က လာစောင့်ရမလားဟု ဒေါသသံဖြင့် ပြောသည်။ ဝေ သိသွားရင် ကောင်းမှာပဲ၊ အိမ်သာ သွားတက်လိုက်ရင် ကောင်းမှာပဲဟု တောင့်တသည်။ ဝေရောက်နေလို့ ဟူသော စကားကို ပြောလိုက်ချင်သည်။ မိလှိုင် အထင်လွဲစိတ်ကောက်

www.burmeseclassic.com

www.burmeseclassic.com



မည်၊နားမလည်မည်ကို ပြင်းပြစွာ စိုးရိမ်လာပြန်သည်၊ မိလှိုင် ရောက်လာလျှင် ခက်သည်ထက် ခက်ကုန်ပေဦးမည်။

'ဟာ မဖြစ်ဘူးဗျ၊ ခင်ဗျားလာလို့လဲမဖြစ်ဘူး၊ ခင်ဗျားလာတဲ့အချိန်မှာ ကျွန်တော်တို့ ရုံးပိတ်ပြီ ပြီးတော့....'

စကားဆုံးအောင် သည်းခံနိုင်ပုံ မပေ၊ မောင် ဘာလဲ၊ ဒါဘာစကားလဲ။ကောင်းပြီ လှိုင် ခုလာခဲ့မယ်ဟု ပြောသည်။ ဖုန်းကို ချပစ်မည်စိုး၍ စကား တစ်ဝက်တွင် သူဖြတ်ပြောသည်။

'မဟုတ်ဘူး၊ ကျွန်တော်ပြောတာက အဲဒီ စာရင်းတွေ တနင်္လာနေ့ ဆက်ဆက် လာပေးပါ့မယ်ဗျာ၊ ခုဟာက....'

ခဏတွေနေသည်။ မပြောလျှင် ပြဿနာ တက်တော့မည်။ ထို့ကြောင့်....

'ခုဟာက ကျွန်တော် အချိန်ပိုလဲ မဆင်းဘော့ဘူး၊ ပြီးတော့ ကျွန်တော့်မိန်းမလဲ ရုံးအဆင်း လာစောင့်နေတယ်၊ အဲဒါကြောင့် တောင်းပန်တာပါ'

မိလှိုင့်အသံသည် အတန်ကြာသည်အထိ မကြားရ၊နောက်မှ....

'ဪ ဝေရောက်နေသလား'

'အင်း'

ဒါဖြင့် မောင်နဲ့ ဒီနေ့ မတွေ့ရတော့ဘူးပေါ့ဟု ဝမ်းနည်းစွာ ညည်းပြော ပြော၏။ သူပြန်မပြော။ မောင်ရယ်ဟု ခေါ်၏။

'အင်း....'

သူ ဘာလာလုပ်တာလဲဟု မိလှိုင်မေးသည်။

'မသိဘူး၊ မပြောတတ်ဘူးခင်ဗျ'



သည်တွင်မှ မိလှိုင် အကဲခတ်မိပုံရ၏။

သူ ဖုန်းနားမှာ ရှိနေသလားဟု မေးသည်၊ သူ မျက်လုံးကို ဟိုသည်ရွှေ့ပြီး ဝေ့ထံသို့ မျက်နှာမူ၏။ဝေ့နှုတ်ခမ်းသည်စေ့စေ့နေကာမျက်မှန်အောက်က ဝေ့ မျက်လုံး အစုံသည် သူ့ဘက်သို့ တည့်တည့်။ အင်းလိုက်သည့်အချိန်တွင် တယ်လီဖုန်းကို ချမည်ပြင်သည်။ သို့သော် လှိုင်တော့ ဒီည အိပ်မရအောင် စိတ်အနှောင့်အယှက်ဖြစ်မှာ သေချာတယ်ဟု တိုးတိုးပြောသည်။ သူ ငိုင်နေသည်၊ မိလှိုင် မည်သို့မျှ မပြော။ သူ ဖုန်းကို ကိုင်သာ ကိုင်ထား၏။ ထို့နောက် မိလှိုင် ဖုန်းချသွားလေသည်၊ သူ ဖုန်းကို ပြန်ချထားလိုက်၏။ စားပွဲအနီးမှ ခြေမရွှေ့မီ....

'အေးဗျာ၊ ခုန ဖုန်းဆက်တာ ကိုကျော်အေးမဟုတ်လား၊ သူတို့ဌာနက လုပ်လိုက်ရင် အဲသလို အသည်းအသန်၊ မှုန်တွေ နေ့တုန်းက စာရင်းတွေ လာယူပါဆိုတော့ မယူဘဲနဲ့၊ ဒီနေ့ကျမှ ကပ်ပြီး....ဘယ် ခွကျတာပဲ'

စာရင်းအင်း တာဝန်ခံ အမျိုးသားက သူ့ကို လှမ်းပြောသည်။ထို့နောက် ပြုံးသည်။အေးဗျာ၊ တကယ်ပဲဟု သူ သဘောပေါက်စွာ ပြန်ပြောသည်။ ဖုန်းခေါ်ပေးသော အရာရှိအမျိုးသမီးက အင်းနေ့ော်ဟု အဓိပ္ပာယ်ရှိစွာ ဝင်ပြောသည်၊ စာရင်းအင်း အရာရှိက နှုတ်တည့်ရာအမည်တစ်ခုနှင့် အသက်ရှုစရာ ဇန်တီးသည်ဟု တစ်ခန်းလုံး နားလည်လိုက်သည်။

'ကိုဇော်လတ် နေမကောင်းဘူးလားဗျ'

ရုံးအုပ်က စပ်ဖြီးဖြီး မျက်နှာပေးနှင့်မေးသည်၊ ကောင်းပါတယ်၊ဘာဖြစ်လို့လဲဟု သူ မေးသည်။ဪ....ခင်ဗျားကြည့်ရတာ ခါတိုင်းနေ့တွေလို ရွှင်ရွှင်ပျပျမရှိလို့ပါဟု ဝေ့အတ်

www.burmeseclassic.com

www.burmeseclassic.com



သို့ မျက်လုံးစောင်းကြည့်ရင်း ပြောသည်။ အားလုံး၏ရယ်သံထဲတွင် သူ့ရယ်သံသည် အတိုးဆုံး။

***

အိပ်ရာမှ နိုးနိုးချင်း စာကို သတိရသည်။ တိုက်ပုံထဲမှ ဆွဲထုတ်လိုက်သည်။ ရေးပြီးသား သုံးရွက်၊ အလွတ်က နှစ်ရွက်။ ခေါက်ရိုးအတိုင်း ရှိသည်။ တွေ့မသွား၍ တော်သေးသည်ဟု စိတ်အေးရ၏။ စာခေါက်ကို ဗီရိုပေါ်ရှိ မဂ္ဂဇင်း စာအုပ်အောက်တွင် သွားထည့်ထားလိုက်သည်။ ထို့နောက် မျက်နှာသစ် ရေမိုးချိုးပြီး ထမင်းကြော်စား၏။ ထိုအချိန်တွင် ဝေ ဈေးမှ ပြန်ရောက်လာ၏။ မနက်စာ စားပြီးနောက် ခင်အေးတို့ အိမ်သို့ ခဏသွားသည်။ ထိုအိမ်မှ အစိုးတို့ မိသားစုအိမ်သို့သွားသည်။ သူ ပြန်လာသည့်အချိန်တွင် အဖေ၊ အမေနှင့် ဝေတို့ စကားပြောနေကြသည်။ ပြုံးပြုံးရယ်ရယ်နှင့်။ သူ ကိုလှမ်းမြင်သောအခါ စကားဝိုင်း ရပ်သွား၏။ သူ ကြားလိုက်ရသော စကားမှာ အမေက ဝက်ခေါက်နှင့် ဝက်အူချောင်းဝယ်ရန် ပြောသောစကား။ ညနေပိုင်းတွင် ဝေ့ညီမ နှစ်ယောက် ရောက်လာသည်။ ရန်ကုန်လိုက်ရန် ညလာအိပ်ခြင်းဟု သိရသည်။ ပလတ်စတစ်ခြင်း ကိုယ်စီနှင့်။ တနင်္လာနေ့ သူ ရုံးအသွား တစ်ခါတည်းလိုက်ရန်ဟု သိသည်။

'ဘာ ဝယ်စရာ ရှိလို့လဲ ဝေ'

'အခါတွင်းအတွက် ဘာလေးညာလေး လုပ်ရကောင်းမလားလို့၊ တခြားပစ္စည်းလဲ ညီမတွေက ဝယ်မလို့၊ ဘာလဲ ရန်ကုန် ခဏခဏ လိုက်တာ မကြိုက်ဘူးလား'

'ဟာ....ဝေကလဲ'



'ညီအစ်မ သုံးယောက်အင်အားနဲ့ သွားပြီး ရန်ဖြစ်မလို့ နေတာယ်နဲ့ တူတယ်'

'မဟုတ်တာတွေ ပြောဖြန်ပြီ'

'မသိဘူးလေ၊ ရန်ကုန်ကိုသွားတာ ပြည်ဝင်ခွင့်ဗီဇာ ယူများ ယူရမှာလားလို့ ဝေက လန့်နေတာ၊ ပစ္စည်းဝယ်စရာရှိလို့ ရန်ကုန်ဆင်းမှာကိုတောင် မောင် စိုးရိမ်နေပုံပဲ၊ မောင့်ဖို့ အင်္ကျီလုံချည်လဲ ဝယ်ရဦးမယ်၊ မောင့်ကို လှနေအောင် ဆင်ရဦးမယ်၊ သူများ ကြည့်လို့ကောင်းအောင် ချုပ်ပေးမှာတော့ မဟုတ်ဘူးနော်'

ဝေ့ စကားလုံးတိုင်းသည် ပစ်တိုင်းထိသော မြားကဲ့သို့ လာ၍ ထိနေလေ၏။ ထိလိုက်သည်နှင့်အမျှ စိတ်သည် မိလ္လိုင်ထံသို့ လွင့်လွင့်သွားလေ၏။

*

(၄၆)

စားသောက်ဆိုင်နှစ်[illegible]တူ။ ဥယျာဉ်တစ်ခုနှင့်သာ တူလေသည်။ စားသောက်သူတွေ မပြတ်သော်လည်း မများလှ။ တစ်စားပွဲနှင့် တစ်စားပွဲ ခပ်လှမ်းလှမ်း။ စားပွဲတိုင်းလိုလို သစ်ပင်ရိပ်များ အောက်တွင် ရှိလေသည်။ စားသောက်နေကြသူတွေထံမှ စကားပြောသံတို့သည် တစ်ဝိုင်းနှင့်တစ်ဝိုင်း မကူး။ တစ်ခါ တစ်ရံမှသာ ရယ်သံသဲ့သဲ့ကြားရသည်။ နေရာအခင်းအကျင်း သန့်ပြန့်သကဲ့သို့ လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက်သုပ်၊ ချင်းသုပ် စသော အသုပ်များ၊ မုန့်ဟင်းခါး စားသောက်ဖွယ်များ သန့်သည်။ အစပ်အဟပ်ကောင်းသည်။ လူသိနည်း[illegible] ထိုနေရာတွင် သူတို့ ထိုင်နေကျဖြစ်လာသည်။ ထို[illegible] ဖြစ်သော်လည်း ယနေ့တွင် သေ့ ခြောက်နေသ[illegible]

www.burmeseclassic.com

www.burmeseclassic.com



'စနေနေ့ညက လှိုင် အိပ်လို့မရဘူး၊ နောက်တော့လဲ ပြန်စဉ်းစားမိပါတယ်၊ မောင်က သူ့ယောကျ်ားပဲ၊ မောင့်ဆီကို သူလာတာ လှိုင်က မနာလိုဝန်တိုဖြစ်မိတာ ဖြစ်တဲ့သူ မတရားတာပဲလို့၊ မဟုတ်ဘူးလား၊ အမှန်တရားကို ဘယ်လိုပဲ စဉ်းစားမိတယ်ပဲထား၊ ခံတော့ ခံစားရတာပဲ မောင်ရဲ့။ မနေ့ညက အိပ်မရတာနဲ့ တွေးလိုက်တာ အစုံပဲ၊ ငါးပါးသီလ ယူရမှာတောင် ကြောက်လာတယ်၊ လှိုင်က သူမျာအိမ်ရာကို ဖြစ်မှားထားတာကိုး'

လှပသော စကားလုံးများ၊ တင်စားသော ဥပမာများ ကင်းမဲ့ရာ ပကတိစကား၊ အဖြစ်အပျက်၏ အစစ်အမှန် အတိုင်းကို စကားတန်ဆာ၊ နားတန်ဆာ ဖယ်ခွာပြီး ပြောသည်။ နားထဲတွင် ခါးသက်၍ နေပေသည်။

'မောင် ပြန်ပြီး စဉ်းစားဦးနော်၊ ဝေ့မှာ ဘာအပြစ်မှမရှိဘူး၊ ဝေ့ဆီကနေ လုယူရမယ့်အချစ်ကို စိတ်မရဲလှဘူး မောင်ရယ်၊ ပြီးတော့ သမီးကိုလဲ စဉ်းစားရမယ်၊ ဝေ့နေရာကနေ စာနာကြည့်တော့ လှိုင် စိတ်ထိခိုက်ရတယ်'

မိလှိုင်နှင့် လမ်းခွဲရမည့် သဘောသွားသာ ထိုစကား၏ အဓိပ္ပာယ်တွင် ယှဉ်တွဲမနေလျှင် ခေါင်းညိတ်သင့်သည်၊ ခေါင်းညိတ်မည်ဖြစ်သည်။

'မောင့်ကို အချိန်မရွေး စွန့်ခွာသွားနိုင်တယ် လှိုင်'

မာကျောပြတ်တောက်လွန်းမှန်း ကိုယ့်အသံ ကိုယ်သိသည်။ မိလှိုင်သည် နှုတ်ခမ်းဟတတနှင့် ကြည့်နေသည်။ ခေတ္တအကြာတွင် ပြုံး၏။ သို့သော် နွမ်းလျက်ရှိ၏။

'ဒီသဘောအထိ အနက်မကောက်သင့်ပါဘူး မောင်ရာ'

စီးကရက်ကို တွင်တွင်ဖွာရင်း ငြိမ်နေသည်၊



'နေ့ရာချင်းလဲကြည့်လို့ လှိုင်ခံစားရတာကို ပြောပြတာပါကွယ်၊ ပြီးတော့ လှိုင်ခံစားရတာမျိုး ဝေ့ကို မခံစားစေချင်ဘူး၊ အမှန်အတိုင်း လှိုင်ပြောနေတာပါ၊ မဲ့ပြုံးမပြုံးပါနဲ့မောင်ရယ်၊ လှိုင်နဲ့ မောင်နဲ့က ဝလုံးတန်းမတိုင်မီက တွေ့ခဲ့ကြတာပါ၊ လှိုင့်ဘဝမှာ ချစ်သူဆိုတာ မောင်တစ်ယောက်တည်း၊ လှိုင့်ဆီကနေ ဝေက မောင့်ကို လုသွားတယ်ပဲထား၊ အဆုံးရှုံးခံလိုက်ရလို့ လှိုင် အထီးခွေ့ ဘယ်မျှ ခံစားရတယ်ဆိုတာ လှိုင့်လောက် ဘယ်သူသိမလဲ၊ အခု ဝေက အဲဒါထက် ပြင်းပြင်းထန်ထန် ခံစားရမယ်၊ အဲဒီအတွေးကို မနေ့ညကမှ လှိုင်လေးနက်နက် တွေးမိတာပါ မောင်'

သူ့ ပြန်လည် မဆွေးနွေး၊ မပြောဆိုတော့၊ ပူလောင်သော မီးရှိန်၏ ဟပ်ခြင်းကို ခံရသကဲ့သို့ ရှိချေ၏။ စိတ်တွေ ရှုပ်ထွေးနယ် [illegible] စကားတို့တွင် လမ်းခွဲခြင်းအရိပ်နိမိတ်တွေကိုသာ လျှင် သွယ်ဝိုက်၍ မြင်နေရ၏။ ထိုအချက်မှလွဲ၍ စိုးရိမ်ခြင်း မရှိ။

'မောင် စကားပြောပါဦး၊ ငူတူတူကြီးနဲ့ ထိုင်နေတယ်'

လေးပင်စွာပင် ခေါင်းကို ယမ်းပြလိုက်လေသည်။

'လှိုင့်အဖို့ရာကတော့ မောင်နဲ့အတူတူ နေရရင် ပျော်နေတာပါပဲ၊ လှိုင် သိပ်စိတ်ချမ်းသာမှာ ပြောစရာမလိုပါဘူး၊ ဒါပေမယ့်လဲ ဝေတို့သားအမိကတော့ ရဲကျတာနဲ့အတူတူနေမှာပါပဲလေ'

ပြကတေ့အရှိတရားဟု နားဖြင့်ကား ကြား၏၊ သူ့ တစ်ခွန်း ပြောလိုက်သည်၊

'လှိုင့်ကို မောင် မျှော်လင့်ထားတာကို ဆုံးရှုံးလိုက်ရရင်ကော မောင့်အဖို့ ဝရဲတွင်းပါပဲလှိုင်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသော် မိလှိုင်ကိုကြည့်၏။ မျက်ရည် ဝိုင်းနေသော အကြည့်ကို သူ ယခုမှမြင်ရလေသည်။

'ကိုယ့်လိုအင်ဆန္ဒနဲ့ ကိုယ်သိတဲ့ အသိဉာဏ်က တောင်ဝင်ရိုးစွန်းနဲ့ မြောက် ဝင်ရိုးစွန်းလို ဖြစ်နေတယ် မောင်ရယ်၊ ဒီနေ့ တစ်နေ့လုံးလဲ ဒီအကျဉ်းအကျပ်ထဲကို လှိုင်ရောက်နေတယ်၊ ဒီအကျပ်အတည်းထဲက တစ်သက်လုံး ရုန်းမထွက်နိုင်အောင် ဖြစ်များ ဖြစ်သွားတော့မလား မသိဘူး'

မောသံအတိုမြီးစွာ ဆိုလေသည်၊ ထို့နောက် စကားမပြောမိကြ။ မိလှိုင်က သူ စောစောကပေးသော စာအိတ်ကို ခြင်းထဲမှယူကာ ဖွင့်ဖတ်၏။ အသေးစိတ် ဖတ်သည့်ဟန် မပေါ်လှ။ ဖတ်ပြီးသော် စာပါ အကြောင်းအရာများနှင့် ပတ်သက်၍ မပြော။

'မောင် နားမလည်ဘူး'

'ဘာကိုလဲ ဟင်'

'လှိုင် ဘာလို့ စိတ်ပြောင်းသွားတယ်ဆိုတာကို'

'မောင့်အပေါ် ထားတဲ့သဘောထား တစ်ဆံခြည်မပြောင်းလဲပါဘူး'

'မဟုတ်ဘူးလေ....ဒါကိုပြောတာ မဟုတ်ပါဘူး'

နားမလည်စွာ ကြည့်သော အကြည့်ကို သူမြင်သည်။

'မောင်ကတော့ မောင့်ကတိတွေကို ဘယ်တော့မှ မဖျက်ဆိမ်းဘူး၊ လက်ထပ်မယ့်ရက်အတွက်လဲ အသင့်၊ မောင်မှာ စရာပြဿနာတွေကို အမြန်ဆုံး ရှင်းပစ်မယ်၊ မောင့် ဘာစကားကိုမှ မောင် မပြင်ဆင်ဘူး၊ မဖြည့်စွက်ဘူး၊ လျှော့လဲမပစ်ဘူး ဒါပေမယ့် လှိုင်တော့ လှိုင့်သဘော'



'လှိုင် စေတ့်သားအမိကို စာနာထောက်ထားမိတာ မောင့်ကို နှိပ်စက်ရာ ကျသွားပြီလားဟင်'

ရင်ထဲတွင်သာ ကျေဖျက် ပျောက်ဆုံးသွားသော စကားတွေ မိလှိုင် မကြားနိုင်။

***

ဖုန်းဆက်စဉ်က အကြောင်းတွေ ပြန်ပြောကာ ရယ်စရာပြုံးကောင်းပြုံးမည်ဟု တွက်ခဲ့သည်။ သို့မဟုတ် အခန့်စကားတွေ ပြောကောင်း ပြောမည်ဟု မှန်းခဲ့သည်။ ထို့ပြင် စာကိုဖတ်ပြီး ရယ်မောကြကာ နေရလိမ့်မည်ဟု ထင်ခဲ့သည်။ သို့တစေ ဆင်တူယိုးမှားပင် ဖြစ်မလာခဲ့။ အကြောင်းအရာသစ်၊ စကားသစ်၊ ပြဿနာသစ်။ အရင်းအမြစ်ကို တွေးတောကြည့်သည်။ မရနိုင်ရအောင် စဉ်းစားသောအခါ ရတော့ရှ၏။ အဖြစ် အပြောင်းခဲ့သကဲ့သို့ အဖြေတွေ အတွဲကွဲ အပြားပြား။

တယ်လီဖုန်းသည် စရာစကြောင်းဟု စွဲမိ၏။ မရေမရာ ဇဝေဇဝါတွေ ပြန်ပြောခဲ့ရသည့်အတွက် သူ စိတ်မကောင်းခဲ့။ ထိုသို့ ဖြစ်ခဲ့ရကြောင်း ပြောမည်ကြံခဲ့သော်လည်း မပြောဖြစ်ခဲ့။ ထိုသို့ပြောခဲ့ရသည့် စကားများကြောင့် မိမိကိုယ်မိမိ သိမ်ငယ်သွားပြီဟု မိလှိုင်တွေးမိသလား မဆိုနိုင်။ ဖြစ်နိုင်ပါတယ်လေ။ ဝေရောက်နေတယ်ဆိုရင်ပဲ ငါက တရားမဝင်သူ ဖြစ်သွားပြီဟု မိလှိုင် တွေးကောင်းတွေးမည်။ ငါနဲ့ တွေ့ဆုံနေကျနေ့မှာ ဝေရောက်လာတော့ ငါ ဘေးဖယ်ထားတာ ခံရပြီဟု ယူဆနိုင်ဖွယ် ရှိလေသည်။ ငွေကြောင့် ငါ တစ်ရက် အဖယ်ခံလိုက်ရပြီ၊ လက်ရှိ တရားဝင်သူက ဝေ၊ ဝေအနားမှာ ရှိနေတာနဲ့ ငါ့ကို လှိုင်လို့တောင် သူ မခေါ်ရဲတော့ဘူး၊ ခုအနေအထားဟာ ငါက ဒုတိယပဲ၊ ဒုတိယဘဝနဲ့ အောက်ကျ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ တွေ့မြင်နေရတဲ့ အခွင့်အလမ်းကလေးကိုတောင် ငါ မရခဲ့ရဘူး။ နေ့နောက် ကောက်ကောက်ပါလို့၊ ငါက တော့ စိတ်မချမ်းမမြည့်နဲ့ ကျန်ရစ်ခဲ့ရတယ်ဟု မိလှိုင်တွေးမည် ထင်သည်။ စင်စစ် တွေးထိုက်သည်ဟု စိတ်လျှော့ပြီးမှ သိလေသည်။

မောစရာတ၀ စလေပြီဟု နားလည်လိုက်သည်။

*

(၅၃)

**အင်္ဂါနေ့**

ဆယ်ကျော်သက်သာဆိုရင် မာဒယာနတ် ဖမ်းစားတယ်လို့ ဗေဒင်က ဟောမှာပဲ။ သူ တစ်မျိုးပဲ။ ငါ ဖုန်းဆက်တယ်။ သူ မရှိဘူး။ ဖုန်းပြန်ဆက်ဖို့ မှာခဲ့တယ်။ လေးနာရီ ရှုံးသာ ဆင်းရော။ ဖုန်း ငါ့အတွက် မလာ။ မင်း စိတ်ချမ်းသာသလို ပြုပေတော့ လှိုင်ရေ၊ ခုအချိန်မှာ ငါ တစ်ခုပဲ သိတယ်။ မင်းကို မောင်ချစ်တယ်၊ မောင် သတ္တိရှိတယ်။ မင်းအတွက် အားလုံးကို စွန့်လွှတ်တော့မယ်၊ ချစ်စဖွယ်ကောင်းတဲ့ လှိုင်ကို မောင် အခါမလပ် မြင်နေတယ်၊ ရယ်တော့ ရယ်ချင် တယ် လှိုင်ရေ့၊ ကလေး တစ်ယောက် မအေရဲ့ အလှမ်း မဟုတ်လား၊ ဒါပေမယ့် ရယ်မရဘူး။

**ဗုဒ္ဓဟူးနေ့**

သတ္တိကောင်းတဲ့ လှိုင်။ သိပ်ချစ်တယ်ဆို။ တစ်ရက် မမြင် ရရင် ကမ္ဘာ မျှားသွာ ခြားတယ်ဆို၊ မောင့်သံ တစ်ရက် မကြားရင် လွမ်းရတယ်ဆို။ ခုတော့ကော လှိုင်။ နှစ် ချက်တောင်မှ အဆက်အသွယ်တွေ ဖြတ်နိုင် ရစ်ခဲ့ပြီပဲ မေးချင်တယ်။ မမေးရက်လို့၊ ဝေတို့ သားအမိကို သနား



ငဲ့ညှာတာလား၊ လှိုင့်ကိုယ်လှိုင် သနားတာလား။ တစ်ခုလဲ သတ္တ၀ါကို လက်တွဲရမှာ တွေးလို့ နောက်ဆုတ်နေတာ လား။ သက်တူရွယ်တူ လွတ်လွတ်လပ်လပ် ပညာရည်တူ ချစ်တဲ့သူကို လှိုင် တွေ့နေရင်လဲ ပြောပေါ့။ ခုတော့ အလိမ္မာ ဖက်လိုက်တာ။

**ကြာသပတေးနေ့**

အလုပ်ခွင်မှာ အမှားမှား အယွင်းယွင်းပဲ၊ ရုံးက လူတွေ မောင် မူမျက်ဘာ ရိပ်မိကြရုံတင် မကပါဘူး၊ တယ်လီဖုန်း တိုင်ကကြီးကို ကိုဇော်လတ် သွားမျှား ဖြတ်ထားသလား ဗျာတဲ့။ လှိုင့်ဖုန်းမလာလို့ ပြောကြတာ၊ ခင်အေး ရောက် လာတယ်။ ရင်ဖွင့်ပစ်လိုက်တယ်၊ နှစ်အိမ်ထောင့် တာဝန် ဘယ်လောက်ကြီးတယ် ဆိုတာ သူ ပြောတယ်၊ မောင် သူ့ တရားကြောင့် နောက်ဆုတ်လိမ့်မယ် မဟုတ်ဘူး။ ဘာ မဆို ရင်ဆိုင်ရတယ်၊ ရင်ဆိုင်မယ်။ လှိုင်နဲ့ပတ်သက်တဲ့ ဒုက္ခ မှန်သမျှကို မောင် လက်ယပ်ခေါ်ဝံ့တယ်။

**သောကြာနေ့**

သောကြာနေ့ဟူသာ ရေးထားသည်၊ ကော်ပီစာရွက်ပေါ် တွင် ရေးမှတ်ထားခြင်းမရှိ။ ရေးမှတ်လိုစိတ် ဝေးနေသည်။ အမည်ပေးမရသော စိတ်လှုပ်ရှားမှုတွေ ရင်၌ စုဝေးကာ ဖြစ်ပေါ်လာ၏။ စိတ်အငြိမ်အသက် မရှိသောကြောင့် နေ့စဉ် မှတ်တမ်းယောင်ယောင်၊ ရင်ကွဲသံယောင်ယောင် ရေးထွက်ပစ်ခဲ့သည်၊ သက်သာလေဟန် ရှိသော်လည်း နေ သားတကျ ပြန်မဖြစ်၊ တစ်နေ့တစ်နေ့ နားက တယ်လီ ဖုန်း ခေါင်းလောင်းသံသို့ ရောက်နေ၏။ ဓိလောဖြစ်လှ တာ၊ မဆက်ဘူးကွာ၊ နေပစေ။ အဖိုးလာတန်းက ပြော

www.burmeseclassic.com

www.burmeseclassic.com



သွားတာ သူ့မောင်ဝမ်းကွဲတွေ ဖြစ်ချင်ဖြစ်မယ်၊ ဆွေမျိုး မဟုတ်လဲ သူစိမ်းတစ်ရံဆံ ဖြစ်မယ်။ ထီးတစ်လက်တည်း နှစ်ယောက်ဆောင်းတာ မဟုတ်တော့ ချစ်သူတွေဘာတွေ ဟုတ်ချင်မှ ဟုတ်မယ်။ နီးနီးစပ်စပ် နေကာစ ဖြစ်ချင်ဖြစ်မယ်။ ငါ့ကို သူ ချစ်ရတာ လျှို့လျှို့ဝှက်ဝှက်။ နှစ်ဝက်သာသာ ခရီးအရောက်မှာ သူ အခြေအနေတွေကို စိတ်ပျက်စပြုပြီ ထင်တယ်။ ဝေ ရုံးကို ရောက်လာတဲ့နေ့က သူ သာမညဘဝလို့ တွက်ခဲ့ မြင်ခဲ့ပြီနဲ့ တူပါရဲ့လေ။ ဝေ ရောက်လာတာနဲ့ သူနဲ့ တွေ့ဆုံနေကျ အစီအစဉ်တွေ ငါ ဖျက်လိုဖျက်ရ၊ စကားတောင်မှ ခါတိုင်းလို ကျီစယ်ကလူ ကြည်ကြည်နူးနူး မပြောဘဲ နေလိုက်ရတော့ သူ ဝမ်းနည်းမှာပဲ။ သူ့ကို ဦးစားမပေးဘူး၊ အရေးတယူ မပြုဘူးလို့ တကယ်ယူဆသွားလို့သာ ဖြစ်မှာပါ။ ဝေ့ကိုရော၊ အဲဒီနေ့က ဝေ့ဘာသာဝေ စျေးသွားဝယ်၊ ဒီစနေ မောင် မပြန်ဘူး။ သွားစရာရှိတယ်လို့ ဘယ်လို ပြောဖြစ်ပါ့မလဲ။ ယမ်းပုံမီးကျ ပြဿနာတွေ ချက်ချင်း လောင်ကျွမ်းမှာပဲ။ ဝေ့ကို အဲသလို ရက်စက်ဖို့ ငါ့မှာ အင်အားမရှိတာ ငါအသိ။ ဒါဖြင့် လှိုင့်ကိုကော ရက်စက်ရမလား။ ဟင့်အင်း။အင်း... ဒုက္ခတကာထက် ကြီးတဲ့ ဒုက္ခပါလား....ဘုရား....ဘုရားဟု ဘုရား တ, မိလေ၏။

***

သည်သီတင်းပတ်တွင် ရှိမြဲ ရက်တို့ထက် ရက်တွေ ပို၍များပြားနေသည် ထင်၏။

ရင်ထဲတွင် သယ်ဆောင်ထားရသော ဝေဒနာ အစိုင်အခဲသည် အခါမလပ် ရှိနေ၏။ ရောက်ရှိရာတိုင်းတွင် လျော့ပါး



သည် မရှိ။ ရုံး၌ရှိစဉ်၊ အိမ်မှာ နေစဉ်၊ လမ်းတွင် လျှောက်စဉ် ထိုဝေဒနာသည် ပျံ့မြဲ၊ ပွားမြဲ၊

အရှိန်မြင့်စွာ မောင်းနေသော ကားသည် မြောက်အရပ်သို့ ဦးတည်လျက်ရှိ၏။ ခရီးတစ်ထွာရောက်တိုင်း၊ ခရီးတစ်လံရောက်တိုင်း မိလှိုင်နှင့် တစ်ထွာ အဝေးရောက်ခဲ့ပြီ၊ တစ်လံအဝေး ရောက်ခဲ့ပြီဟု ခံစားရ၏။ ရိုးပြတ်လယ်ကွင်းများ၊ ခင်တန်းများ၊ ကုန်းမြင့်များ၊ သစ်တောအုပ်များတွင် အလွမ်းငွေ့ကို မိလှိုင် လိမ်းကျံ မေးလေရော့သလားဟု အောက်မေ့၏။ ခရီးသည်တို့၏ စကားပြောသံကို မကြားသည်က များ၏။ စက်သံပင် တစ်ခါတလေ နားတွင်မဝင်။ ဆံပင်တွေ ဖွာဖွာထအောင် တိုက်ခတ် တိုးဝင်လာသော လေဖွေ့သံတွင် ဝေ့ စကားနှင့် မိလှိုင့် အသံချင်း ရောသကဲ့သို့ ကြားရ၏။

မြို့ နယ်နိမိတ်ကို မြင်သည့်အခါ မည်သို့-နေသင့်သည်ကို သတိရသည်။

***

"သမီးကို ဟိုမှာ အမြဲထားမှာလား ဝေ"

"နို့ဖြတ်တဲ့သဘောနဲ့ အမေတို့ အိမ်မှာ သွားထားတာပဲ မောင်ရဲ့၊ လေးရက်ရှိပြီ၊ နို့မှုန့်နို့ကို ပန်းကန်နဲ့ သောက်တယ်။ ညမှ တစ်ခါ နှစ်ခါ နို့တောင်းတာ။ ဝေ့ နို့က မကောင်းဘူးလေ။ ချဉ်ပြီး ဝမ်းပျက်မှာ စိုးရတယ်၊ ဝေ ထိန်းလဲ မထိန်းချင်ဘူး။ အစားပျက်သလို ငြီးနောက်နောက် ဖြစ်တဲ့အခါ ဖြစ်ဖြစ်နေတယ်"

သဘောပေါက်ဟန်ဖြင့် သူ ခေါင်းညိတ်သည်။ ပါက်မောင်းနှင့် ရင်ဘတ်ပေါ်ရှိ ရေစက်တွေကို မျက်နှာသုတ်ပဝါဖြင့် သုတ်ကာ အဖေနဲ့ အမေရောဟု မေး၏။ တုလုံးပွဲသွားကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ မနေ့က စတာ၊ ငါးရက်ဟောမယ်တဲ့၊ ဆယ်နာရီ ဆယ်နာရီခွဲလောက် တရားသိမ်းတယ်ဟု ဝေက ဖြေ၏၊ ဝေ့ကို စတင် မြင်ကတည်းက စိတ်အနေ ချောင်ချိသည်။ ပြုံးရယ် ရွှင်ပျသောမျက်နှာ၊ လှုပ်ရှားပြောဆိုပုံတွေ။ ချမ်းမြေ့ကြည်နူး ဖွယ် ဆမင်းဝိုင်းတွင် အနှောင့်အသွားလွှတ်သော စကားတွေ တိုသာ ဝေ ခဲပြောလေ၏။ ရေမိုးချိုးစဉ် မျက်နှာသုတ်ပဝါ၊ ရေလဲပိုင်းတို့ကို ရေချိုးခန်းသို့ ဝေ ယူလာ၏။ အင်္ကျီ၊ လုံချည်၊ စွပ်ကျယ်အင်္ကျီတို့ကို အိမ်ရှေ့ခန်း မှန်တင်ခုံပေါ်တွင် တင်ပေး ထား၏။ ထမင်း စားသောက်ပြီးမှ....

'မောင် ဗိုက်လေးနေရင် အိပ်ရာထဲ သွားလှဲနေလေ၊ ဝေ ပန်းကန်တွေ ဆေးတာ မကြာပါဘူး၊ မောင် သံပရာရည် သောက်မယ်နော်'

'ခုတော့ သောက်နိုင်မှာ မဟုတ်သေးဘူး၊ ကိုယ့်မိန်းမ လက်ရာကို တစ်ပတ်မှ နှစ်နပ် သုံးနပ် စားရတော့ မြိန်လို့ တအား စားပစ်လိုက်တယ်၊ တော်တော်ကြီးကိုကြာမှ သောက် လို့ ရမယ်'

အပြုံးနှုတ်ခမ်းနှင့် မျက်စောင်းအကြည့် သူ့ထံ ရောက် လာ၏။

'ဒီစကားတွေနဲ့ပဲ မိဝေ ကျေနပ်နေရတာ....ဟင်း....ဟင်း၊ ကဲ....ဖျော်ထားမယ်၊ သောက်ခါနီးမှ ရေခဲထည့်၊ အိပ်ခန်း ထဲကို ယူခဲ့မယ်၊ မောင် ရောက်ကတည်းက အိပ်ခန်းထဲမရောက် သေးဘူး၊ သွားလှဲနေ'

ဝေ့စကားက ထေ့သံစိုးစဉ်းနှင့်။ ရယ်ကျဲကျဲမျက်နှာဖြင့် နေလိုက်ရ၏၊ ဝေ့အပါးမှ ခွာကာ အိပ်ခန်းဘက်သို့ ခြေလှမ်းသည်။ အိပ်ခန်းရှေ့သို့ရောက်သောအခါ ဖတ်မည့် စာအုပ်ကို



သွားယူမည်စိတ်ကူး၏။ ဧည့်ခန်းစာအုပ်စင်ထဲမှ မောင်နေဝင်း ၏ ရေရှိုင်းမြေရှိုင်း ဝတ္ထုနှင့် သတင်းစာကိုယူပြီး အိပ်ခန်းဘက် သို့ ပြန်လျှောက်၏။

ခန်းဆီးကို မ ကာ အိပ်ခန်းတွင်းသို့ဝင်သည်၊သုံးလေးလှမ်း လှမ်းပြီးသောအခါ ရနံ့တစ်မျိုးကို ရှူရှိုက်ရလေသည်။ ကြိမ် ကုလားထိုင် အသစ်နှစ်လုံးကို ဦးစွာတွေ့ရ၏၊ အခန်း အပြင် အဆင်တွေ လုံးဝပြောင်းလဲနေသည်ဟု ထင်သည်။ အသက်ရှူ မှားချင်ချင်ဖြစ်လာ၏၊ ကြည့်ရင်းနှင့် တုန်တုန်ယင်ယင်ဖြစ် လာသည်။ ရင်ခုန်သံကို မီးဖိုဆောင်အတွင်းက ဝေပင် ကြား မည်လားဟု ထင်သည်။

အပြာနုရောင် အခန်းနံရံတွေ၊ ခုတင် ခေါင်းရင်းတွင် ပစ်တိုင်းထောင်ရှာ၊ ဇာခြင်ထောင်ပန်းရောင်အသစ်၊ စားပွဲဝိုင်း၊ ချောကလက်ရောင် စားပွဲခင်း၊ မီးလှိုင့်အိပ်ခန်း၏ အပြင်အဆင် တွေ၊ ကြွေပန်းအိုးအဖြူ၊ ပုပု သေးသေး၊ နှင်းဆီဖြူတစ်ပွင့်၊

အမြင်စုံသည်တွင် သူ ခြေစုံရပ်လျက်။ မလှုပ်၊ မည်မျှ ကြာသည်မသိ၊ သူ့အနီးသို့ ဝေ ရောက်လာသည်ကို မသိလိုက်၊ ဆူဝေသော ဦးနှောက်သည် ဖြူဖြူစင်စင်မရှိတော့။

'အခန်းကို ဝေ ပြင်ထားတာ၊ မောင် စိတ်ချမ်းသာအောင် လို့၊ အဲသလို ပြင်ဆင်ထားရင် မောင် စိတ်ရွှင်လန်းတယ်ဆိုလို့ သဘောကျတယ်မဟုတ်လား မောင်'

အသက်ရှူတစ်အောင့်ကြာမှ သူ ဝေ့ကို လှည့်ကြည့်သည်။ ဝေ သူ့ကို အကြည့်စူးစွာ ကြည့်နေ၏၊ ဝေသည် ယွန်းဗန်းကို ကိုင်ထားသည်၊ ဗန်းထဲတွင် ခွဲထားသော ရေခဲခွက်လုံး၊ သံပုရာ ရည် ဖန်ခွက်။ ပြောရမည့် စကားတို့သည် သူ့ရင်တွင် အရည်ပျော် အငွေ့ပြန် ခန်းခြောက်ကုန်ချေပြီ၊ လဲထားသော

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဝေ ဘက်သို့ တစ်ဖန် မူလေ၏။ ဝေ မျက်တောင် မခတ်။

ဝေ ပါးပေါ်သို့ ကြွေကျလာသော မျက်ရည်ဥသည် ယွန်းဗန်းထဲသို့ သက်ဆင်းခဲ့သည်။

*

(၄၈)

'လှိုင် မောင့်ကို ဘယ်လိုသဘောထားလဲ၊ အဲဒါ မောင် သိချင်တယ်'

နဖူး ရေးရေးတွန့်သွားသည်ကို သူ မြင်သည်။

'လှိုင် ရေးလိုက်တဲ့စာကို မောင် ဖတ်ပြီးပြီမဟုတ်လား'

'ဖတ်ပြီးပြီလေ၊ အဲဒီစာကြောင့် လှိုင့်ကို ခု မောင် လာတွေ့တာပေါ့'

'လှိုင် ရေးတာ ရှင်းရှင်းလေးပါ၊ ဝေ ကို လှိုင် မရက်စက်ချင်ဘူး၊ သမီးကိုလဲ လှိုင် ငဲ့တယ်၊ မောင့်ကို ချစ်တဲ့ အချစ်ကတော့ လျော့သွားတယ်မရှိပါဘူး၊ ဘယ်တော့မှ မရှိပါဘူး။ ဘဝပေါင်းများစွာအတွက် ဒီစကားကိုပဲ လှိုင် ပြောချင်ပါတယ်'

သူ ပြုံးသည်။ စိတ်နှလုံးငြိမ်းချမ်းသောအပြုံးကား မဟုတ်။

'အရင်က ရည်ရွယ်ထားတဲ့ အနာဂတ်ကတော့ မရှိတော့ဘူး ဆိုပါတော့၊ လှိုင့် စာကို ဖတ်ပြီး မောင် အဲသလိုပဲ နားလည် လိုက်တယ်'

ငုံ့ထားသော မျက်နှာကို မော့်ရင်း....

'ဟုတ်ပါတယ်၊ ဒါပေမယ့်....လှိုင့်ကို နားလည်မှု လွဲမှာစိုးလို့ စာအရှည်ကြီးရေးလိုက်တာပါ၊ လိုရင်းကတော့ အဲဒါပါ၊



မောင် သဘောပေါက်ပြီး လက်ခံတာမျိုးကို လှိုင် လိုချင်တယ် မောင်'

သူ နှုတ်ဆိတ်လျက်၊ နှစ်ဦးစလုံး စကားကင်းမဲ့စွာ ရပ်နေကြသည်။

'လွယ်တယ်နော် လှိုင်'

ပုံမှန်ထက်မြန်သော၊ ပြတ်သောလေသံကို မိလှိုင် စိတ်မချမ်းသာစွာ ကြားလိုက်ရဟန်တူ၏။

'ဘာကို ပြောတာလဲ မောင်'

'လက်ထပ်စာချုပ် ဝယ်ထားသူက လှိုင်၊ အဲဒီစာချုပ် မောင့်ကိုထုတ်ပြတာ လှိုင်၊ ခု အဲဒါတွေ ဖျက်သိမ်းဖို့ကျတော့လဲ လှိုင်၊ လွယ်လွယ်ကလေးတွေချည်းပဲလို့ ပြောတာပါ မရီရီ လှိုင်ရယ်'

မိလှိုင့်မျက်နှာသည် နီမြန်းလာသည်။

'တည်ဆောက်ဖို့ စဉ်းစားတုန်းကလဲ လွယ်လွယ်မဟုတ်ခဲ့ဘူး၊ ဖျက်သိမ်းဖို့ကျတော့လဲ လွယ်လွယ် မဟုတ်ဘူး မောင်'

မိလှိုင့် လေသံ ဆတ်သည်။ သူရယ်သည်။

'မလှောင်ပါနဲ့ မောင်ရယ်'

'မလှောင်ရဲပါဘူး၊ မသိဘူးဗျာ၊ ရှေးရှေးတုန်းက အပြစ်တွေကို ကျွန်တော် ဇော်လတ် ဝန်ခံ တောင်းပန်ခဲ့ပြီးသားပါ၊ အဲဒါကို မကျေပွဲအနေနဲ့ ကျွန်တော့်ကို ပြန်ပြီး လက်စားချေတာကို အသိနောက်ကျပြီး ရယ်မိတာပါ'

သူ ပခုံးကို လှမ်းကိုင်သည်။

'ထားတဲ့မေတ္တာတွေ စေတနာတွေကိုသွန်ပစ်လိုက်တာကမှ တစ်စက်စာ ကျန်ချင် ကျန်ဦးမယ်၊ မောင် အခုပြောလိုက်

www.burmeseclassic.com



တာက လှိုင် အလကား ဖြစ်ရပြီ၊ မောင် တကယ်ပဲ အဲသလို ထင်သလား’

သူ မဖြေချေ။

‘တစ်ချိန်က လှိုင် ခံစားရတာမျိုး ဝေ့ကို အခု မခံစားစေချင်ဘူးဆိုတဲ့ လှိုင့် စကားကို မောင် မယုံဘူးလား’

သူ ခေါင်းညိတ်လိုက်မိ၏။

‘သမီးကလေးကို ငဲ့တယ် ဆိုတာကော မောင် မယုံဘူးလား’

ခေါင်းညိတ် ပြီးပြီးချင်း အိမ်တံခါးဝသို့ သူ ခြေလှမ်း၏။ မိလှိုင် နှုတ်ခမ်းကို ကိုက်ထားသည်၊ ဖိကပ်ထားသော မိလှိုင့် နှုတ် ပွင့်လာသည်၊

‘မောင် နေဦး’

သူ့ ခြေအစုံ လှမ်းမြဲ လှမ်းနေသည်၊ မိလှိုင့် ခြေသံကို သူ ကြားရသည်။ အပြေးလာသံကြားပြီး မရှေးမနှောင်းပင် သူ့ ပခုံးပေါ်ကို မိလှိုင် လက်ဖဝါးနှစ်ဖက် လာ၍ ဆုပ်၏။ ထို နောက် ရပ်နေသော သူ့ ရှေ့တွင် မိလှိုင် ရပ်၏၊

‘မောင်ရယ် ...နေပါဦး၊ အဲသလို ထင်တာကိုတော့ လှိုင် စိတ်မကောင်းဘူး၊ မောင့်ကိုမြင်ရတာ စိတ်ဆင်းရဲလိုက်တာ၊ မောင် သိပ်သောကများရမှာကိုလဲ လှိုင်....အို....ကောင်းပြီလေ၊ ကောင်းပြီ၊ လှိုင့်စာကိုရော ခုနစကားတွေရော လှိုင် ပြန်ပြီး ရုပ်သိမ်းပါတယ်၊ ကျေနပ်နော်....’

*

(၄၉)

အချိန်ကုန်မြန်လှပြီ ရေနွေးကြမ်းငှဲ့သည်။ ကရားနှုတ်သီးမှ ထစ်စက်နှစ်စက်သာ ကျသည်။ ဆိုင်အတွင်းသို့လှည့်ကာ လက်



ဖက်ရှည်ကြမ်းလေး လုပ်ဝါဦးဖို့ ဟု ခင်အေး အော်ပြောသည်၊ ကက်ဆက်မှ သီချင်းသံကြောင့် ဆိုင်အလုပ်သမားက မကြား၊ တစ်ခါထပ်အော်တော့မှ ရောက်လာပြီး အကြမ်းအိုးယူသည်။

‘ငါ့သဘောကတော့ မိလှိုင်မှန်တယ်၊ မင်း မှားတယ် သူငယ်ချင်း’

စီးကရက်တိုကို သံပုံတလင်းပေါ်သို့ချကာ ဖိနပ်ဦးဖြင့် ဖိချေသည်။ ထို့နောက် ခေါင်းမော့သည်။ သူ့ နှုတ်ခမ်း အလှုပ် ခင်အေး ကြည့်နေ၏၊

‘သူပြောတာ ပြောသင့် ပြောထိုက်တာတွေကို ပြောတာ ငါ အဲဒီအချိန်ကတည်းက သိပါတယ်ကွာ၊ ဒါပေမယ့်....အာ ပြောမလဲ၊ ဟိုကွာ....သူ့စာဖတ်ရတဲ့အချိန်မှာ ငါခံစားရတယ်၊ လူချင်းတွေတော့လဲ ယိုရင်းအချုပ်က လမ်းခွဲစကားပဲ ဆိုပါတော့၊ ငါ့စိတ်ထဲမှာ သူနဲ့ လက်ထပ်ပြီး အတူအတူနေချင်တယ်၊ ကွဲသွားမှာ စိုးရိမ်နေတယ်၊ အဲဒါကိုက သောကကြီးတစ်ခုလို ဖြစ်လာတယ်၊ ဒီတော့ မှန်ထွန်ပြီး ပြောမိပြောရာ ပြောဆည့်လိုက်တယ် ထင်တာပဲ’

ခင်အေးသည် နှုတ်ခမ်းစေ့ကာ ရယ်၏။ ရုပ်လက်တိုအင်္ကျီ အပေါ်ကြယ်သီးနှစ်လုံးကို ဖြုတ်ရင်း....

‘ငါ ဖြစ်ခဲ့ဖူးပါတယ် ဇော်လတ်ရာ၊ လမ်းခွဲစကား ကြားလိုက်ရရင်ပဲ ခေါင်းပူပုန်ထတော့တာလေ၊ တဲ....ဟဲ... ဒိန်းဒိန်းနတ်က ဘင်ကို တဒိန်းဒိန်းထုပြီးတော့ ကြာလာသလားအောက်မေ့ရတယ်၊ တစ်ဖက်သားကို မခံချင်အောင် စကားတွေ ဆင်ပြီးပြော၊ လက်သည်းထိုး၊ ရိုး၊ သွားစောက် အာမနဲ့ တွင်တွင်ခေါ်၊ လမ်းမခွဲဖြစ်အောင် ဆွဲပြီး ငိုယိုဘက်ထိုင်

www.burmeseclassic.com



မဲဆွယ်နည်းတစ်မျိုးပေါ့ကွာ၊ အဲ.... တစ်ဖက်က ကိုင်း.... ယူမယ်....ယူမယ် မပြောမချင်း နားပူနားဆာ လုပ်တာလေ၊ ဟား....ဟား....အင်း....ခေါင်းလဲညိတ်ရော ခု မင်းအမြင်ပဲ၊ နှစ်အိမ်ထောင့်တာဝန်၊ ရှာလိုက် ဖွေလိုက်ရတာ လျှာကို ထွက်ရော၊ အမယ်....အစကတော့ ပျော်သလိုလို၊ ခုတော့ကွာ နှစ်ယောက်စလုံးကိုတောင် အမ်းလို့ရရင် အလိုက်ပေးပြီး ပြန်အမ်းပစ်ချင်ပါရဲ့'

သူ ရယ်နေလိုက်၏၊ ရေနွေးကြမ်းကရား ရောက်လာသော အခါ သူ ငှဲ့မည်ဟု လက်လှမ်း၏၊ ခင်အေးက ငှဲ့ပေး၏။ ပြီးမှ—

'အမှန်တော့ ဒုတိယမိန်းမ၊ အရပ်အခေါ် အငယ်ပေါ့ကွာ၊ အမျိုးသမီးအနေနဲ့ကလဲ အမျိုးသမီးလောကမှာ မျက်နှာ တော်တော်ငယ်ရှာပါတယ်၊ ယောကျ်ားအနေနဲ့လဲ မလွယ်ဘူး၊ အငယ်ကို မမြင်ဖူးတဲ့ ပတ်ဝန်းကျင်မှာ အငယ်နဲ့ တွဲလျှောက် ရတာ တယ်ပြီး ကျော့မလှဘူး၊ အငယ်ကို မြင်ဖူးနေတဲ့ ပတ် ဝန်းကျင်မှာကျတော့လဲ မျက်နှာမထားတတ်ဘူး၊ ကိုယ့်ကိုယ် ကိုလဲသိသိကွသိလား၊ရှိုးတိုးရှန့်တန့်လိုလို၊ရှက်တက်တက်လိုလို၊ မျက်နှာကြီးကို တင်းထားရမလိုလို၊ ပြုံးနေရမလိုလို၊ သွားဖြီး လေးနဲ့ နေရမလိုလိုနဲ့ တစ်ဒုက္ခ သူငယ်ချင်း....တစ်ဒုက္ခ'

စားပွဲစွန်းတွင် တင်ထားသော သောက်လက်စ ဆေးပေါ့ လိပ်ကို မီးညှိပြန်သည်။ သူက ရေနွေးကြမ်း တစ်ငုံ ငုံပြီး....

'မင်း ကောင်မလေးကို ယူမယ်ကြံတုန်းက ဒါတွေမတွေးခဲ့ဘူး ဆိုပါတော့'

မီးခိုးမှုတ်ထုတ်ပြီး....

'ဟ....ငါ့ကောင်ရ၊ ခု မင်းလိုပေါ့ကွ'



သူ အားရ ပါးရ ရယ်ပစ်လိုက်သည်။ သူ ရယ်နေစဉ် ခင်အေးက....

'ငါပြောမယ် မှတ်ထား၊ အိမ်ထောင်သည် ယောကျ်ား တစ်ယောက်က တခြားအမျိုးသမီးတစ်ယောက်ကို လက်ထပ် ဖြစ်သွားပြီဆိုရင် သိပ်ချစ်လွန်းတဲ့အချိန် မဟုတ်ဘူးလို့ မှတ်၊ သိပ်ချစ်လွန်းရင်လဲ လက်မထပ်ရက်ဘူး၊ မချစ်ရင်လဲ လက် ထပ်ဖို့ စိတ်မကူးဘူး၊ မချစ်တချစ် အခိုက်အတန့်ကလေးမှာမှ လက်ထပ်ပစ်မိတာ ကိုယ့်လူ၊ ဒါ ငါ့ကိုယ်တွေ့'

သူ ရယ်၍သာနေနိုင်သည်။ ခင်အေး၏ ရွှေသွားနှစ်ချောင်း သည် မီးချောင်းအရောင်ကြောင့် လက်နေ၏။

'ခုကျတော့ကော အငယ်ကို မင်း ချစ်တယ်ဆို၊ မိသွယ် ထက်တောင် တစ်ခါတလေ ချစ်သေးတယ်ဆို'

ခင်အေး ခေါင်းညိတ်၏။ ကားထားသော လက်ချောင်း တွေကို စားပွဲပေါ်မှ အသာကြွ၏။

'ငါ စိတ်မကောင်းဖြစ်ရတယ်လေ၊ ဪ....ဖြစ်ရလေခြင်း ပေါ့ကွာ၊ ငါ့ကြောင့်....ငါ့ကြောင့်၊ သူ အခုလို အငယ်ဘဝ မှာ နေရတယ် ဘာညာတွေးလေလေ စိတ်မချမ်းမသာဖြစ်ရ လေလေပဲ သူငယ်ချင်း၊ ငါကမှ နည်းနည်းစိတ်ချမ်းသာဦး မယ်၊ မင်းဆို ခုပဲ ချောက်ကျနေပြီ၊ ဝေကို ကွာပြီးမှ လှိုင်က လက်ထပ်မယ်တဲ့၊ ဝေ ကို ဘယ်လိုအကြောင်းပြပြီး ကွာမလဲ၊ မင်း ဝေ ကို မကွာနိုင်မှန်း မင်းကိုယ်မင်းလဲ သိနေတယ်မဟုတ် လား၊ မိလှိုင် ရေးတဲ့စာက ဖြစ်သင့်တဲ့ တကယ့် တရားလိုပဲ၊ မင်းက ဟိုပြောဒီပြော ပြောတော့ မိလှိုင် ဆုတ်နေလို့ ခြေ တစ်လှမ်းတိုးလာရော၊ မင်းဟာမင်း မရှူနိုင်မကယ်နိုင်ဖြစ်နေပြီ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ခင်အေး၏ အသံ၊ ကက်ဆက်သီချင်းသံနှင့် အတူ မှိုသီး မှိုးပေါက်သံတွေ နားလျှံလာချေ၏။

*

(၅၀)

'မင်းတို့ မေးကြည့်၊ တောဒီမယ် မင်းတို့ အမေ ရွှေတွင် ထိုင်နေတုန်း။ လွှတ်လပ်ရေးရပြီး ဒီမြို့မှာ အဖေတစ်ယောက်သာ ဘွဲ့ရကျောင်းသား၊ ဥပဒေဝိဇ္ဇာလဲဆက်တက်နေတယ်၊ ကျောင်းမှာ အသင်းအဖွဲ့တွေမှာ ဝင်ပြီးလှုပ်ရှားနေတော့ လူသိများတာပေါ့ကွာ၊ မင်းတို့အမေနဲ့ လက်ထပ်တဲ့အချိန်ထိ အမျိုးသမီးတွေ ဝိုင်းဝိုင်းလည်နေတုန်းပဲ၊ ပြန်တမ်းဝင်အရာရှိဆိုတာ အဲဒီခေတ်ကတော့ အတော်ဟုတ်တာကိုး၊ မင်း မေ့တဲ့အထဲလဲ အခြေအနေတွေကပေးနေတာ မင်းတို့အမေ အသိ တချို့ ဆိုပွဲတက်မယ်အမည်ခံရရင် တော်ပါပြီတဲ့၊ မင်းတို့ အမေကို တန်ပြရုံသာ ကွာမေးပါတဲ့၊ လျှော်ကြေး ငါးသောင်းပေးပါမယ်တဲ့၊ အဲဒီ ငါးသောင်းဆိုတာ နှိုဆီ အလုံးငါးသောင်းကျော် ခြောက်သောင်းဝယ်လို့ရတဲ့ဟာကွ၊ အဖေကမင့်အမေကို အကုန်ပြန်ပြောတာ၊ အမယ်....မရယ်နဲ့၊ သမီးက ဘာသဘောကျပြီး ပြုံးနေတာလဲ၊ ဘာဖြစ်လို့ အဲဒီ ကူလီကူမာတွေ အဖေစိတ်မဝင်စားခဲ့တာ ပြောပြမယ်၊ မသန်းမေ မင့်ပဲပြုတ်ထဲ ဆီနည်းနည်း ထပ်ထည့်ပေးစမ်းပါဦး၊ ခြောက်နေတော့ နံပြားနဲ့ မကပ်ဘူး ဖြစ်နေတယ်ကွ'

အမေက ထမည်အပြုတွင် ဝေက ဦးအောင်ထသည်။ ဆီပုလင်းသွားယူကာဆီဆမ်းပေးသည်။ ပဲပြုတ်ပန်းကန်ထဲရှိ ဇွန်းဖြင့် သမပေး၏။ ဆီပုလင်းသွားထားပြီး ခြေဖြန့်ရောက်မှ နံပြားနှင့်ပဲပြုတ်ဝါးရင်း အဖေ စကားဆက်သည်။



'မင်းကို သားသမီးတစ်ယောက်အနေနဲ့သာ အဖေချစ်တာ မဟုတ်လို့ကွ၊ ငါ့သားသမီးဖြစ်သလို ဒီနိုင်ငံသားတစ်ယောက်ပါလားဆိုတဲ့ အသိကြောင့်၊ သိလား။ မင်းကို အသိဉာဏ်နည်းအောင်၊ ပညာမတတ်အောင်၊ ဖရိုဖရဲစိတ်ဓာတ်နဲ့ လူဖြစ်အောင် ဖန်တီးရာကျရင် မင်း လူဖြစ်ရှုံးမယ်၊ မိဘရဲ့ ရင်အုပ်မကွာ ထိန်းသိမ်းပြုပြင်ခြင်း မခံရတဲ့ ကလေးဟာ ဖောက်သင့်သလောက် မဖောက်တာက များတယ်လေ၊ မိဘမဲ့ပြီး ချွန်တယ်ဆိုတာ တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက် ရှားလှပါတယ်၊ အဖေအရင်း အမေအရင်း ရှိနေပါလျက်နဲ့ ဘရုတ်သုတ်ဖြစ်ပြီး သားသမီးတွေ စိတ်တွေညစ်၊ စိတ်တွေလေ၊ ဖြစ်ချင်ရာဖြစ်မှာကို အဖေစိုးတယ်၊ လောလောဆယ် မောင်စိုးတို့မီသားစုကိုပဲ ကြည့်၊ မင်းကို အဲသလို မဖြစ်စေချင်ဘူး။ ဖြစ်တော့ကောတဲ့၊ အဖေ သားအနေနဲ့ အသုံးမကျတာထက် တိုင်းပြည်မှာ အသုံးမကျတဲ့ တိုင်းသူပြည်သားတစ်ယောက် အဖေဖန်တီးလိုက်တာပဲလို့ သဘောရတယ်လေကွာ၊ အဲအလို နည်းနည်းလေး ကြီးကြီးကျယ်ကျယ်တွေးမိလို့ မင်းရော မင်းအမေရော စိတ်အေးချမ်းသာနဲ့ ခုလို နေနိုင်ကြတာပေါ့ကွာ'

ပြောပြီးတော့ နံပြားနှစ်ချပ်ကို ကုန်အောင် စားသည်။ ပဲပြုတ်ကို ရေနွေးကြမ်းနှင့် မြည်းနေ၏။ ဝေက သမီးကို ကော်ဖီတိုက်ရင်း....

'တချို့စကားပုံတွေ ဆိုရိုးတွေက ခက်တယ် အဖေ၊ ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုး ဘာတို့ဆိုတာတွေ က....'

ရေနွေးကြမ်း ပန်းကန်လုံးကို နှုတ်ခမ်းမှခွာ....

www.burmeseclassic.com

www.burmeseclassic.com



'အဲသလိုပြောတဲ့သူရဲ့ နံပါတ်တစ်ထောင်မြောက် မိန်းမက တခြားယောကျ်ားတစ်ယောက်ကို မျက်စပစ်ပြတာလေးနဲ့ပဲ ပြောတဲ့လူ မနာလို တိုရှည်ဖြစ်မှာကို မြင်ကြည့်ပါလား၊ ငါးဖယ်ပျံနေပြီ။ စကားပုံတို့ ဆိုရိုးတို့ဆိုတာ ဘယ်သူကထုတ်လုပ်သလဲဆိုတာ အရင်ကြည့်ရတယ် သမီးရဲ့၊ အလံမရှိသောရထား၊ တံခွန်မရှိသော ဘုရား မတင့်တယ်သလို မိန်းမမှာလင်ယောကျ်ားမရှိရင် မတင့်တယ်ဘူးတဲ့၊ ယောကျ်ားဆိုတာ အလံပေါ့၊ တံခွန်ပေါ့၊ ယောကျ်ား တော်တော်များများက ဂနာငြိမ်မှ မငြိမ်တတ်တာ၊ အလံကို တံခွန်လို တလှုပ်လှုပ်တော့ နေနေသေးတာကိုး၊ အလံတိုင် တံခွန်တိုင်ကနေ ကြိုးပြတ်ပြီး လွင့်မသွားရင်ပဲ ချီးကျူးရမလိုကြီး ဟား....ဟား....'

ရယ်ရင်းနှင့်ပင် သူ့ကို လှည့်ကြည့်၏။ သူအနေရ ခက်ခဲနေမှန်း အဖေသိဟန်တူသည်။

'အိပ်ရာထ ပြီးကာ စ စောစောစီးစီး ကြီးမှာ အဖေဒီအကြောင်းတွေ ပြောရတာ တလွဲမထင်နဲ့။ ယေဝယ်က အကြောင်း စကားစပ်မိရင်း ပြောတာပါကွ'

***

မီလှိုင်ရယ်နေသည်။ အခန်းအဆင်အပြင်ကို ဝေ ပြင်ထားပုံသို့ စကားရောက်သောအခါ မီလှိုင်သည် ရယ်လွန်း၍ သီးပင်သီးလေ၏၊ အဖေနဲ့အမေက လှိုင့်ကို ဘယ်လိုဝေဖန်ကြလဲဟု မေးသည်၊ ဘာမှမပြောပါဘူး၊ မသိချင်ယောင်ဆောင်နေကြတယ်ဟု သူဖြေသည်၊ ဟိုနေ့က ရှုံးအောက်ဆင်ဝင်မှာ ကိုစိုးနဲ့ဆုံတုန်းက ကိုစိုး တစ်မျိုးပဲနော်၊ လှိုင့်ကို သိပ်ဟက်ဟက်ပက်ပက် မရှိလှဘူး။ ဝေမှာထားလို့ လာပို့တဲ့ ကိုယ်စန်ဆောင်အားဆေးပုလင်းကို မောင့်ကိုလှမ်းပေးပြီး ထွက်သွားတော့



လှိုင့်ကို နှုတ်ဆက်သွားဖော်တောင် မရဘူး။ မောင် စိတ်မကောင်းဖြစ်မှာစိုးလို့ လှိုင် အခုမှပြောတာပါဟုပြော၏၊ ဟာ.... သူက ဒီလိုပဲ၊ သူ့အခတွေနဲ့ သူမို့လား၊ တမင်လုပ်တာမဟုတ်မှန်း မောင်သိပါတယ်ဟု သူ ပြောသည်။ အဖေအလေးပြုသည်ဟု မီလှိုင် ထင်မြင်ထင်ဟန်တူ၏၊ ထိုသော် အစိုးအကြောင်း စကားဖြတ်သည်။

'ဝေ ဘယ်နှစ်လရှိပြီလဲဟင်'

မဖြေချင် ဖြေချင်နှင့် သူဖြေသည်၊

'ခုနှစ်လလား၊ ရှစ်လလား မသိဘူး၊ ဩော်....ဒါထက် အဒေါ်နဲ့ ဦးလေးတို့ ဘယ်တော့လောက် ဆင်းလာကြမှာလဲ၊ အိမ်ဆောက်ပစ္စည်းကော တော်တော်စုမိပြီလား'

စကားဦး ပြောင်းလိုက်ကြောင်း မီလှိုင် သိပုံမရချေ၊

ထိုသော်....

'မောင်လဲ ဘာလိုလိုနဲ့ ကလေးနှစ်ယောက်ဖခင် ဖြစ်တော့မှာပြီပဲ'

လိပ်ပြာမလုံ၊ အမှတ်မဲ့နေယောင်ဖြင့် နေ၏၊ တစ်စုံတစ်ရာကို ချက်ချင်း သတိရဟန်ဖြင့် မီလှိုင်ကိုကြည့်ပြီးနောက်—

'ပြောမယ် ပြောမယ်နဲ့ မောင် မေ့နေတယ်'

'ဘာလဲ မောင်'

'လှိုင် မန္တလေးကို ပြောင်းကာနီးတုန်းက မောင် ပြောခဲ့တဲ့ စကားလေ၊ ဘုရားရှိခိုးရင် လှိုင် ပြန်ပြောင်းလာဖို့ ဆုတောင်းမယ်ဆိုတာ မောင် တကယ်ဆုတောင်းခဲ့တာ လှိုင်လှိုင် မန္တလေးကို ပြောင်းသွားပြီးတော့ မောင့်ရင်ထဲမှာ နေတာပဲ၊ ကလေးချစ်ရဲ့ လှမ်းဆွတ်ကြည်နူးစရာလေ'

မီလှိုင် ပြုံးကာ....

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရှိခိုးရင်း ဆုတောင်းတာ ဘယ်နှစ်ညလောက် ဆုတောင်းခဲ့လဲ'

'လေးငါးဆယ်ခါလောက်ရှိတော့မယ်'

'လှိုင်တော့ တစ်ခါမှ ဆုမတောင်းမိခဲ့ဘူး၊ ဒါပေမယ့်.... မောင့်ကို သတိရတိုင်း အောက်မေ့တာ အမှန်ပဲ'

'သုံးနှစ်မှတစ်ခါ သတိရတယ် မဟုတ်လား'

'လှိုင် ဝန်ခံပါတယ်။ တစ်နှစ်မှ သုံးလေးခါလောက် သတိရပါတယ်၊ နေ့တိုင်းလိုလို သတိရတာက ဆယ်တန်းဖြေပြီးလို့ လာအလည်မှာ တွေ့ကြပြီးတဲ့နောက်'

သူ ကြည်နူးစွာ ပြန်လည်ကြည့်ပြီး ခေါင်းညိတ်သည်။

'အဲဒီညကိုတော့ ဘယ်အခါမှ မေ့လို့ရမယ် မထင်ပါဘူး၊ တိတ်ဆိတ်နေတဲ့ ညဦးပိုင်းရယ်၊ စိမ်းစိုနေတဲ့ သစ်ရိပ် ဝါးရိပ်တွေရယ်၊ ကြည်နေတဲ့ လရောင်ရယ်၊ လှိုင့်အလှရယ်၊ ပြောရင်းလဲ အခု မြင်နေတယ်၊ လှိုင့်ကို ချစ်တဲ့ အချစ်ဟာ အဲဒီညမှာ အပြည့်အစုံ ဖြစ်ခဲ့ပြီလေ'

မီလှိုင်သည် ရှက်နောက်နောက် မျက်နှာပေးကို တမင်ထားပြီးမှ....

'လှိုင့် အလှတဲ့....၊ လှိုင်က လှမှမလှတာ၊ မောင် ထင်လို့ ဖြစ်ပါလိမ့်မယ်'

'မောင်ထင်လို့ပဲ ထားပါတော့၊ ဒီအထင်က လှိုင့်ကိုချစ်တဲ့ အချစ်ကို ဖြစ်စေခဲ့ပြီတဲ့၊ ဒါဆို လုံလောက်ပြီလေ'

'ဒါဖြင့် အဲဒီလို မောင် အထင်ရောက်စေမယ့် လှိုင့်ကိုယ်ကို လှိုင် အပြစ်တင် လိုက်ရုံပေါ့။ ဘာပြုလို့ အပြစ်တင်ရတယ် ထင်လဲ၊ မောင် စိတ်မျှားနေရတာကို မြင်ရတာ လှိုင် စိတ်မောလွန်းလို့'



သူ ပြုံးသည်။

'စိတ်မောနေတယ်လို့ လှိုင် ထင်ရလောက်အောင် မောင် ပြုမူနေထိုင်တတ်တဲ့ မောင့်ကိုယ်မောင် အပြစ်တင်ရမှာပဲ'

မီလှိုင် မျက်ခုံးပင့်လိုက်၏။

'မောင် လှိုင့်ကို ချစ်တယ် ဆိုတာ သံသယ မရှိပါဘူး၊ ဒီအတွက် လှိုင် အားလုံးကို ရင်ဆိုင်တော့မယ်၊ မီအာရဲ့ ပစ်ပယ်ခြင်းကိုလဲ လှိုင် ရင်ဆိုင်မယ်၊ ပတ်ဝန်းကျင်က ပြောချင်တာပြော၊ ရင်ဆိုင်မယ်၊ ဆွေမျိုးတွေကိုလဲ ထည့်မစဉ်းစားတော့ဘူး၊ ပြီးတော့....မောင် ဝေနဲ့ ကွာချင်ကွာ၊ မကွာချင်နေ ဒါပေမယ့် လှိုင်နဲ့ လက်ထပ်ပြီးရင် ဝေ့ကိုလဲ မောင် လခ်ြဖြတ်ရမယ်၊ မောင့် သမီးကိုလဲ သီးသီးခြားခြား နေပစေ၊ လှိုင် မျက်စိ အရှုပ် မခံချင်ဘူး'

အမှတ်မထင် ကြားလိုက်ရသော ထိုစကားတို့သည် နားမှ တစ်ဆင့် ရင်ထဲသို့ အရှိန်ပြင်းစွာပြေး၍ ဆောင့်တွန်းလိုက်ချေ၏။ မဆိုစဖူး စကားကို ဆိုသူ၏ မျက်နှာမှာ ထူးထူးခြားခြား မရှိ။ မကြားစဖူး ကြားသူ၏ မျက်နှာကား ဖက်တိုင်း မဟုတ်တော့။ လျှပ်တစ်ပြက် သာသာမျှ ပြောင်းလဲသွားသော သူ့မျက်နှာကို မီလှိုင် မသိမဟုတ်၊ သိမည် ကောန် ဖြစ်လေ၏။

'မီလှိုင် ချစ်သူကံဆိုးခဲ့တဲ့ မိန်းကလေး တစ်ယောက်ပါ။ အိမ်ထောင်ရေးကံတော့ အဆိုးကြီး မကြုံချင်ဘူး၊ မောင့်ကို ဝေ ရောက်လာတုန်းက လှိုင် ပြေးလာမလို့၊ ရင်ဆိုင်ချင်း တွေ့ ချက်ချင်းစာရင်းရှင်းခိုင်းမလို့ မောင့်ကို စိတ်ဆိုးမိတယ်၊ အချိန်မကျသေးဘူးလေဆိုပြီး စိတ်ကို မနည်းချုပ်ခဲ့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



နားထဲတွင် ထစ်ချုန်းသော မိုးကြိုး၊ မိလှိုင်၏ စိတ်ဓာတ်တွေ ထိုမျှဖြစ်ပေါ်ခဲ့ပြီ၊ ပြောင်းလဲကြီးစွာ ပြောင်းလဲနေပြီကို နားဝါးထင်ထင် ကြားရ၏။

'မောင့်ကို ချစ်တဲ့အချစ်ကြောင့် မောင့်ကို ဒုတိယအကြိမ် မဆုံးရှုံးချင်တာကြောင့် မိန်းမဆိုး ဘဝကို ခံယူရမယ်ဆိုလဲ လှိုင် အသင့်ပဲ၊ လှိုင် သိပ်သတ္တိရှိနေပြီမောင်၊ မောင် အရင်က တော့ မျိုသိပ်နေခဲ့တာ များပါတယ်။ ခုတော့....ကျေနပ်တာ မကျေနပ်တာ၊ ဖြစ်စေချင်တာ မဖြစ်စေချင်တာ အကုန် ပြောမယ်၊ ဟုတ်လား'

သူ ခေါင်းညိတ်သည်။ ယောင်မှားညိတ် ညိတ်ခဲ့သည်ကိုကား မိလှိုင် သိမည် မဟုတ်။

'ပြီးတော့....'

စကားအစတွင် မိလှိုင် တန့်လျက်ရှိ၏။ ဆ နေဟန် တူ၏။

'ပြောလေ လှိုင်၊ ရင်ထဲရှိသမျှ အကုန်ပြောပါ'

မိလှိုင့် ပါးနှစ်ဖက်သည် နီနီမို့မို့။ ပြုံးရိပ်ကိုလည်း မြင်ရသည်။ ဆိုလျက်ရှိသော မျက်လုံးကို ဖယ်ပြီးမှ....

'အေးလေ၊ မောင့်ကို အပြစ်လဲ မတင်ချင်ပါဘူး၊ ယောကျ်ားတွေရဲ့ သဘာဝဟာ ဒီလိုပဲ ရှိမှာပါပဲ။ အမှန်အတိုင်း ပြောရရင် လှိုင် မနာလို ဝန်တိုစိတ်နဲ့ ရယ်ပစ်လိုက်ချင်တာပါပဲ၊ သိတယ်မဟုတ်လား၊ လှိုင့်ကို ငုံထားမတတ် ချစ်တယ်တဲ့၊ အတုမရှိတဲ့ အချစ်နဲ့ ချစ်တယ်တဲ့၊ အဲသလိုလဲ မောင် ပြောတယ်၊ ခု ဝေ မီးဖွားဖို့တောင် နီးနေပြီနော်'

ရှက်ဖြင်းသည်းစွာ မျက်နှာတွင် ဖြစ်ပေါ်လာသည်။ ခုန်နေဆောင်ချင်ကြောင့် စကားလုံးတွေ ရှာမတွေ့။ မိလှိုင်သည် ပြော



ပြီးသည့်နောက် မျှင်းမျှင်းရယ်လျက်ရှိ၏။ ထို့နောက် သူ့ မျက်နှာကို စေ့စေ့ကြည့်ကာ....

'မောင်က ကလေးဘဝတုန်းက သိပ်ကြိုက်တဲ့ ဆီးပြားထုပ်ကို အခု ကြိုက်မှ မကြိုက်တော့တာ၊ ဟင်း...ဟင်း....ဒါပေါ့လေ၊ ပြောင်းလဲရမှာပေါ့'

မိလှိုင့်ရယ်သံသည် သူ့စိတ်ကို နေစရာဟူ၍ အပ်နဖားမျှပင် မရှိစေခဲ့။

***

ရှေ့စကား နောက်စကား မယှဉ်တွဲလွန်း ဖြစ်မည်။ ထို့ကြောင့် ငြိမ်၍သာ နားထောင်နေလိုက်၏။

'စိတ်ကူးယဉ် ဘဝက ကုန်နေပြီ သူငယ်ချင်း၊ အသက်နှစ်ဆယ်ကျော်လို့မှ စိတ်ကူးယဉ်နေချင်သေးတယ်ဆိုရင် သိပ်တောက်သုံးမကျတော့ဘူး မှတ်၊ မင်း စဉ်းစားကြည့်လေ၊ ယူကြည့်၊ ခုတော့ မိလှိုင်က သိပ်ဟုတ်နေဝာပေါ့၊ အိမ်ထောင်သက် သုံးလေးနှစ်ရရင် သားတွဲလောင်း သမီးတွဲလောင်းနဲ့၊ အဲဒီတစ်ခါ နောက်တစ်ယောက် နုနုငယ်ငယ်လေးကို လိုချင်ပြန်ရော၊ ကလေးတစ်ယောက် နှစ်ယောက်လဲ ရရော၊ လာဦး နောက်တစ်ယောက်၊ အဲသလို ငါများယူပြရရင် မန္တလေးနန်းတော်နဲ့ ဆောင်းရာသီ နန်းတော်ကြီးဟာ ငါ့အတွက် မီးဖိုဆောင်လောက် ရှိမယ်၊ ယူပြီး ဘယ်သွားထားမလဲ၊ ဘင်္ဂလားပင်လယ်အော်ထဲ မျှောလို့ရတဲ့ ပစ္စည်းမှ မဟုတ်တာ၊ ဖွဲ့တစ်ဆုပ်နိုင်ရင်တောင် ဒီစိတ်ကူးဆိုတာ ရှိလို့ရတာပဲ'

သူ ရှက်ရှက်ရွံ့ရွံ့နှင့် ပြုံးသည်။ မင်း ပြောတဲ့ ခရမ်းရောင် အချစ်ဆိုတာ တို့နှစ်ယောက်အကြားမှာ မရှိတော့ဘူး အမှန်ပဲ သူငယ်ချင်း'ဟု အစချီကာ ခရမ်းရောင်အချစ်မှ လွန်မြောက်

www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့က အဖြစ်အပျက်ကို ပြန်ပြောင်း ပြောပြသည်။ အဲသလိုလဲ ရှိသေးတယ်ကွဟု စကား နိဂုံးချုပ်သည်။ စကားဆုံးသည်တွင် အစိုးက ရယ်၏။

ခုန ငါပြောတဲ့အထဲမှာပါတဲ့ စိတ်ကူးယဉ် ဘဝဆိုတာ ဒါမျိုးပေါ့ကွာ၊ ကဲ...ယူပြီးပြီ၊ မင်းက မိလှိုင်ကို အလှပြဗီရိုထဲက အရုပ်လို သဘောထားမှာလား။မိလှိုင်က အရုပ် မဟုတ်ဘူး၊ အလကား သဘာဝမကျတာတွေ မင်းပြောတယ်။ အခု မိလှိုင်က ခပ်ကြမ်းကြမ်းကလေးကိုင်လာတော့ မင်း မျက်လုံး ပြူးနေပြီ၊ ဝေရော ကလေးရော မင်း စခန်းပြတ် လမ်းပြတ် လုပ်ရမယ်ဆိုတော့ စိတ်ညစ်ပြန်ပြီတဲ့၊ ဒါ သူ ပြောခွင့်ရှိတယ်၊ သူ့အပိုင်းလေ၊ ရှင်းနေတာကို ရှုပ်အောင် ပြန်လုပ်တာက လဲလို့ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ တန်ဆောင်မုန်း ပွဲတော်ကို သွားမယ်၊ မန္တလေး လိုက်ချမယ်၊ စစ်ကိုင်းလိုက်ရမယ်ဆိုတာ မိလှိုင်မှာ ပြောရေးဆိုခွင့်ရှိလို့ ပြောတာပဲ။ လိုက်နိုင်ရင် လိုက်သွား၊ မလိုက်နိုင်ရင် မလိုက်နဲ့၊ လိုက်သွားတာ ဝေ သိလို့ ပြဿနာဖြစ်ရင် ပြဿနာရှင်း၊ ဒါပဲလေ’

ခပ်ပေါ့ပေါ့ လေသံ။ အစိုး၏ နဖူးကြောတွေ တွန့်နေ၏။

‘ငါ ဘာလုပ်ရမှန်းမသိလို့ မင်းဆီပြေးလာကာမှ မင်းက ဟောက်ပဲ ဟောက်နေတာ၊ အကြံလေး ဘာလေးတော့ မပေးဘူး’

သူ့စကားကြောင့် အစိုးက စိတ်ညစ်စွာ ပြုံးလေ၏။

‘ဟေ့ကောင် ဇော်လတ်၊ ငါဆိုရင် အဲဒီကိစ္စ ရှင်းစရာ ပြဿနာကို အစကတည်းက မစခဲ့ဘူး၊ ခုဟာက မင်းက တာဝန်ရှင်၊ ဖြစ်သင့်တာပြောရရင် မိလှိုင်ကိုဖြတ် မင်းကိုယ်



မင်း စဉ်းစားကြည့်၊ မိလှိုင်က သူ့ဟာသူ သတိတရရှိလို့ နောက်ဆုတ်ခဲ့တယ်၊ မင်းက စွဲချက်နဲ့ လက်ညှိုးငေါက်ငေါက် ဆိုတယ်၊ ဒီတော့ မိလှိုင်က ‘ကိုင်း ဒါဖြင့် ကောင်းပြီ’ ဆိုပြီး ရှေ့ကို တအားတိုးတယ်၊ တိုးတော့လဲ မင်း မရှုနိုင် မကယ်နိုင် ဖြစ်ပြန်ရော၊ ငါ့လိုခွေး၊ အကောင်းဆုံးက....တယ်....ငါမပြော လိုက်ချင်ဘူး၊ စကားက ရိုင်းလွန်းလို့’

သူ့ မျက်နှာငယ်ငယ်နှင့်....

‘ဆူကွာ ကြိုက်သလောက်ဆူ ဆဲတော့...ဆဲတော့’

နှစ်ယောက်စလုံး စကား မပြောမိကြ။ ကွမ်းတစ်ယာညက် ခန့်တွင်....

‘မင်းက သူငယ်ချင်းမှ ငယ်သူငယ်ချင်း အရင်းခေါက် ခေါက်ဖြစ်တဲ့ မိလှိုင်ကို ချစ်လွန်းလို့ ထင်ပါရဲ့၊ မယားငယ် ဘဝကို သွတ်သွင်းတော့မယ်၊ ဟုတ်လား ဇော်လတ်....၊ ဟင်....၊ငယ်သူငယ်ချင်းကို မယားငယ်အဖြစ် ထားဖို့ စိတ်ကူး နေတယ်၊ မိလှိုင် အဲဒီဘဝကို ရောက်ဖို့ ဇွတ်ဆွဲခေါ်နေတယ်၊ ကောင်းကွာ....ကောင်း....ကောင်း’

အဆိုးရွားဆုံး အဓိပ္ပာယ်သည် အနက် လျော့မျက်ခြင်း မရှိစွာ ရှူးရှူးခါးခါး စွဲထင်ချေ၏။

‘အချစ် မှန်သမျှ အားလုံးကို လက်ခံဖို့ လူဖြစ်လာကြတာ မဟုတ်ဘူး ဇော်လတ်၊ မင်းကို ချစ်လို့ သူ နစ်မွန်းရမယ်ဆိုတာ သူ မသိရင် မင်း လက်ခံ၊ သူနစ်မွန်းမှာကို မင်း မသိလို့ မင်း လက်ခံမိတယ်ဆိုလဲ ထား၊ ဒါတောင် စကားပမာ၊နှစ်ယောက် စလုံး သိသိကြီးနဲ့ ဆိုတော့ အတော် မကောင်းတဲ့ [illegible]ပဲ၊ မင်းကိုချစ်လို့၊ မင်းစိတ်ချမ်းသာအောင် သူ မျက်စိမှိတ်ရလို့ သူ့ဘဝ နစ်မွန်းမှာ၊ အဲဒါ မင်း လက်မခံသင့်ဘူး ဇော်လတ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့....သားသမီးချင်း စာနာကွာ.... အချိန် ရှိသေးတယ် ဇော်လတ်'

ဝမ်းနည်းဖွယ်ရာ စကားတွေကို ကြားနာရခြင်းနှင့်မခြား ရှိလေသည်။ အစိုးက စကားတွေ ဆက်ပြောသည်၊ အားလုံးအတွက် ကြေကွဲစရာ စကားတွေပါတကားဟု ရင့်နင့်တပန်း သိလေ၏။

*

(၅၁)

မိုးသည် ငယ်နုစွာပင် ရွာနေ၏။

လေပက်သောအခါမှာမူ ရထားပြတင်းထဲသို့ မိုးမှုန်တွေ ဝင်လာတတ်၏။ မျှားမကြာမီ မိုးစဲသွား၏။ မိုးကြွင်းတိမ်သားတွေ မတွေ့ထပ်လှ၊ ပျော်ဘွယ် ဘူတာသို့ မရောက်မီ မိုးတိမ်ကင်းစင်သော ကောင်းကင်ကို မြင်ရ၏။ ရထားဘီးနှင့် သံလမ်း၏ ချိုးကျက်မြည်သံသည် ဘူတာအလွန်တွင် မြန်လာ၏၊ နေရောင်ခြည်သည် မိလှိုင်၏ ပခုံးစွန်းပေါ်သို့ ကျနေသည်။ မန်ကျည်းပင် အုပ်အုပ်ဆိုင်းဆိုင်းတွေကို မြင်ရလေသည်။ အရှေ့တစ်လျှောက်တွင် မြူတွေ ရပ်ဆိုင်းလျက် ရှိသေးသည်။

'ကြက်ဥစားတာ ကြည့်စားနော်၊ မောင်က စိုးရိမ်လို့'

မျက်နှာချင်းဆိုင် ခုံမှာ ထိုင်လျက် အိပ်ပျော်လာသော အဘိုးကြီးနှင့် အဘွားကြီးတို့ အိပ်ပျော်ကောင်းတုန်းဖြစ်သည်၊ မိလှိုင်က သူ့ရင်ထဲသို့ ခပ်မှိုမှိုစောင်း၍နေရင်း မျက်နှာမော့သည်၊

'ဘာဖြစ်လို့လဲဟင်၊ မလှတ်လို့လား'

'ဟင့်အင်း၊ လတ်တာတော့ လတ်ပါတယ်၊ လှိုင် အရိုးစူးမှာစိုးလို့'



မိလှိုင့် ခန္ဓာကိုယ်သည် သိမ့်သိမ့်လှုပ်သည်။ နှုတ်ခမ်းကိုလက်ဖဝါးဖိကာ ကျိတ်၍ရယ်၏၊ ရထားပေါ်သို့ ရောက်ဇကကဲ့သို့ အနေမရှိန်းတော့၊ တစ်တွဲလုံးရှိ ခရီးသည် အတော်များများမှာ အိပ်သူအိပ်၊ ငိုက်သူငိုက်နှင့် ခရီးညောင်းညာလျက်ရှိကြသည်။ ကိုယ်မတ်မတ်ထိုင်သူပင် မရှိသလောက် ဖြစ်လာ၏၊

'မောင်တို့အကြောင်းကို လှိုင့်အဖေနဲ့အမေတို့ မရိပ်မိကြပါဘူးနော်'

'မရိပ်မိပါဘူး၊ ဘာဖြစ်လို့လဲ'

ဘာမှ မဖြစ်ပါဘူး၊ ရိပ်များရိပ်မိလို့လားလို့ မေးတာပါဟု သူဖြေလိုက်ရလေ၏၊ စင်စစ် ရထားပေါ်သို့ ရောက်သောအခါမှ စိတ်တွေ ပေါ့ပါးတော့သည်၊ သူရောက်သည့်နေ့က ညသည်တစ်ယောက်ကို တွေ့ရ၍ ဝမ်းသာအားရ အမူအရာတွေပြကြသည်၊ ဒုတိယနေ့တွင် ရောက်စနေ့ကကဲ့သို့ မရှိတော့ဟု ထင်သည်၊ မိလှိုင်၏ အမူအရာတွင် ငယ်သူငယ်ချင်း တစ်ယောက်၏ အမူအရာထက် ပိုနေသလားဟု သတိပေးမည့်စိတ်ဖြင့် တွေးသည်၊ သူ့ကိုယ်သူ အစစအရာရာ သတိထားပြီးနေသည်။ စစ်ကိုင်းသို့ သွားသောအခါ မိလှိုင်၏ အဒေါ်သားချင်းတွေပါ လိုက်လာကြသည်၊

နောက်ချန်၍ လျှောက်သော သူ့ကို မိလှိုင် တစ်ခါနှစ်ခါ စောင့်သည်၊ မိလှိုင် ရပ်၍စောင့်တိုင်း မိခင် ဒေါ်ရီရီကပါ ရပ်စောင့်သည်။ စစ်ကိုင်းတောင်ပေါ်မှ ပြန်အဆင်းတွင် ဒေါ်ရီရီ၏ မျက်နှာ မသိမသာ ပြောင်းလဲနေ၏။ ထိုအကြောင်းအလဲသည် မန္တလေးအိမ်သို့ ရောက်သောအခါ ပို၍ထင်ရှားလာ၏။ ညနေခန်းထဲတွင် နှစ်ယောက်အတူ စကားပြောနေသည်တွင် တစ်စုံတစ်ရာကိစ္စ ရှိလေဟန်ပြောကာ မိလှိုင်ကို

www.burmeseclassic.com



ခေါ်သွားအတ်သည်။ မနက်စာ ညစာထမင်းကို သူ့အတွက် တစ်ဝိုင်းသတ်သတ်ပြင်ကာ ဦးစွာကျွေးသည်။ မိလှိုင်၏ အဖေသည် လည်းကောင်း၊ အမေသည် လည်းကောင်း စိတ်အနှောင့်အယှက် ဖြစ်နေပုံ ပေါ်၏။ ပြုံးရယ်စကား၊ ညှော်စကားကို မလိုက်စေဘဲစွာ ပြောသည်ဟု သူ ထင်လာသည်။ ထိုအိမ်မှ ချက်ချင်းထွက်ကာ ပြန်သွားလိုစိတ် ပေါ်ပေါက်လာ၏။ မိလှိုင်နှင့် နှစ်ယောက်ချင်း စကားပြောရန် အခြေအနေတွေ ပါးရှားလာ၏။ မပြန်မီတစ်ရက်တွင် သူ့ကိုသာ ပြန်စေကြလိုဟန်ရှိ၏။ မိလှိုင်ကို တစ်ရက်နောက်ကျပြီး ပြန်ရန် ကြားကောင်းစေသော တစ်ခွန်းပြော၏။ သူ့ရှေ့တွင်မူ မိလှိုင် မည်သို့မျှ ပြန်မပြော။ သူ့ကွယ်ရာတွင် မည်သည့်စကားတွေ မည်သို့ ပြောသည်တော့ မသိ။ အတူတူပြန်ဖြစ်သည်။ ဘူတာသို့ လိုက်ပို့သော ဒေါ်ရီရီ၏ မျက်နှာ မသာယာ၊ ပထမအကြိမ် အလည်အပတ်ရောက်လာသူ မှန်ငြား၊ ထိုအကြိမ်၌ပင်လျှင် ရွှေညှော်သည် မဖြစ်တော့ပြီကို သူ ကောင်းစွာ နားလည်လိုက်၏။ မိလှိုင်သည် သူ့ မိဘ၏ အနေအထားကို မည်သို့မျှ မဖြစ်လေဟန်နှင့် နေ၏။

'မောင် ပျော်ရဲ့လား'

'ပျော်ပါတယ် လှိုင်'

'ပျော်တယ်သာ ပြောတယ် မောင် ငူတူတူကြီး'

'မနက်က အိပ်ရာ အစောကြီး ထရတယ် မဟုတ်လား၊ ငြိုးစီစီဖြစ်နေလို့ပါ'

သူ့ပခုံးတွင် မှီမှဲမှီကာ ပြတင်းမှ အပြင်သို့ ငေးကြည့်နေသည်၊ နှင်းမှုန်ထုထဲတွင် အရှေ့ရိုးမကို သဲ့သဲ့မြင်ရ၏။ အင်တာနီးကို ထွန်းလာ၏၊ ကန္တာရပင်တွေ မျက်လုံးတစ်မျှော်။ ဓေးပျစ်



လွင်ပြင်နှင့် ဝါးတောဝါဝါကို မြင်ရသည်။ ငှက်သိုက်ကိုဖြတ်သွားသည်။ ညောင်လွန်းတွင် ကတ္တရာလမ်းသည် အနောက်မှ အရှေ့သို့ ကူးဖြတ်သွား၏။

'လေထဲမှာ ဖုန်တွေပါလွန်းတယ်၊ မောင် တံခါးပိတ်ထားလိုက်ပါလား'

တံခါးပိတ်လိုက်ပြီး ထိုင်ခုံထောင့်တွင် သူကပ်သည်။ သူ့ရှေ့ရာသို့ မိလှိုင် လိုက်ရွေ့သည်။

'အိပ်ချင်အိပ်လေ၊ လှိုင် ပင်ပန်းနေပြီ'

'ရထားတလှုပ်လှုပ်နဲ့ အိပ်ရမှာဆော့ မဟုတ်ပါဘူး၊ မောင် အိပ်ချင် အိပ်'

'မောင်လဲ အိပ်ရမှာ မဟုတ်ဘူး၊ လှိုင် မှိန်းနေပါလား'

အင်း...ဟု ပြောကာ သူ့ပခုံးကို ပါးအပ်ထား၏။ အင်းလေ၊ သမီးပျိုရဲ့ မိဘပဲ၊ မတော်တဆ အတူသွား၊ အတူလာရင်း ငြိမျှား ငြိစွန်းသွားမလားလို့ စိုးရိမ်မှာပေါ့။ ငါ့ဘက်ကနေ ငါစဉ်းစားတော့ စိတ်မကြည်လင်စရာပေါ့။ သမီးရှင်အနေနဲ့ စဉ်းစားတော့ မသင့်လျော်တာပဲ။ ငါ့ဘက်ကနေကြည့်တော့ ဒီလိုမျက်နှာနေ မျက်နှာထား ထားစရာလားပေါ့။ မိဘအနေနဲ့ကတော့ ကြောင့်ကြစရာပေါ့။ တစ်ချိန်တုန်းက ချစ်သူဖြစ်ခဲ့တယ်ဆိုတာ သူ့အဖေမသိလို့သာ တော်သေးတာပေါ့၊ မသိဘူးဆိုတာ လှိုင့်နှုတ်က ဖွင့်ပြောပြခြင်း မပြုခြင်းနဲ့ချည်း ဆိုင်မယ် မထင်ဘူး။ လူကြီးဆိုတာ ငယ်ရာက ကြီးလာကြတာပဲ၊ အရိပ်အငွေ့လောက် မြင်ရုံနဲ့ သဘောပေါက်နိုင်တာပဲ၊ ငါနဲ့ဝေနဲ့ စေ့စပ်တယ်ဆိုတာ လှိုင်သိရဲ့ အချိန်၊ ငါနဲ့ဝေ လက်ထပ်တဲ့သတင်း လှိုင်သိတဲ့အချိန်က လှိုင် ဘယ်လောက် ဟန်ဆောင်နိုင်မှာလဲ။ ဘယ်လောက် ပိရိနိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်စွန်းတစ်စလောက်ပဲ မျက်စိ မျက်နှာပျက်၊ ရိပ်မိမှာပေါ့။ ရိပ်မိခဲ့လို့များ ငါ့အလည်လိုက်လာတာကို မနှစ်မမြို့ ဖြစ်ကြသလား မဆိုနိုင်ဘူးဟု တွေးတောမိချေ၏။

'မောင် ဆာသလားဟင်၊ ဆာရင် ထမင်းချိုင့်ထဲမှာ ကြက်သားကြော် ရှိတယ်လေ'

'မဆာပါဘူး၊ လှိုင် လိမ္မော်ရည် သောက်မလား'

'ဟင့်အင်း'

'လက်ဖက်စားမလား၊ ဝယ်လိုက်မယ်'

'ဟင့်အင်း'

'နွားနို့ ခဲရော'

'ဟင့်အင်း'

'မြေပဲယို နှမ်းပျစ်'

'ဟင့်အင်း....'

'မြေပဲလှော်ကော'

'မောင် စားချင်စား၊ လှိုင် မစားချင်တော့ဘူး'

'ကွာရမွှေကော'

'ဘာလဲ၊ ရုပ်ရှင်ကြည့်တုန်းကလို ဖရုံစေ့ သက်သေပါသွားချင်လို့လား၊ အထုပ်လိုက်ရော ရထားလက်မှတ်ရော တမင်ကို ထည့်ပေးလိုက်မယ်'

မိလှိုင်က မျက်လုံးမဖွင့်၊ မှီနေရင်း တိုးတိုးပြော၏။ ရထားသည် ဘယ်ညာ ယိမ်းနေ၏။ သူ ရယ်သည်။

'ရပါတယ်၊ အခန်းချင်းတူအောင် ပြင်ဆင်ထားတာကို ကြည့်ပြီးပြီပဲ လှိုင်ရဲ့၊ ဒါလောက်ကတော့ ကိစ္စမရှိပါဘူး၊ မဟုတ်ဘူးလား'



'ရှူး....တိုးတိုးပြောပါ မောင်ရဲ့၊ ကပ်လျက်ထိုင်နေတဲ့သူတွေ ကြားသွားပါဦးမယ်၊ အဲဒီ အခန်းအပြင်အဆင်က ဒီအတိုင်းပဲလား'

'အင်း'

'မောင်က ဘာဖြစ်လို့ အဲသလို ပြင်ဆင်ထားတာကိုမပြောသေးတာလဲ'

'ဘာကို မပြောတာလဲ'

'သြော်....မင်း ငါ့စာကို ဘာလို့ ယူဖတ်လဲ ဘာလဲလို့ မပြောတာကို'

'လှိုင် မန္တလေးက ထည့်လိုက်တဲ့ စာတုန်းက မောင် ထိပြီးပြီလေ၊ ကျောက်ကွင်းထဲ ထန်းခနဲ ပြေးဝင်လိုက်သလို ဖြစ်သွားမှာပေါ့'

မိလှိုင်၏ကိုယ်နှင့် ထိကပ်နေသောကြောင့် ရယ်လိုက်မှန်း သိရ၏။ ထို့နောက် မိလှိုင် စကားမဆက်။ ဆက်ပြီး ရန်ဆိုင်ရမယ့် ပြဿနာတွေက အများကြီးပဲ။ ငါ့အခုလို အလုပ်က ခွင့်ယူပြီး မိလှိုင့်နောက် လိုက်သွားတာ ဝေ သိသွားရင် ဒေါသူပုန်ဆမှာပဲ။ ဝေကလည်း အုံ့ဩစရာကောင်းမှနေတယ်၊ ဝေ့နေရာမှာ တခြား မိန်းမတစ်ယောက်ဆိုရင် မလွယ်ဘူး၊ ခင်အေးကိုပဲ ကြည့်၊ ရွှေသွားတစ်ချောင်းကျိုးတဲ့အထိ၊ ဝေ ငြိမ်သက်နေတာ အကောင်းမြင်သက်နေတာ ဟုတ်မယ်မထင်ဘူး။ မုန်တိုင်းကျခါနီး ငြိမ်နေတယ်ဆိုတာမျိုး ထင်ပါရဲ့၊ ဝေက လက်စောင်းထက်ထက်ရယ်။ လှိုင့်မိဘဆီ စာတွေရေးရက်ပြီး တိုင်များ တိုင်ထားပလား။ ဒါကြောင့်များ လှိုင့်မိဘ မျက်နှာညိုနေသလား၊ အမေ့ကို ဝေက တိုင်စာရေးပြောလို့ ငါနဲ့ လှိုင့်အကြောင်း စောင်းပါးရိပ်ခြည် ရေးလိုက်လို့လား၊

www.burmeseclassic.com



ပြဿနာတော့ အတွက်အထိပ်ရောက်ပြီထင်တယ်ဟု အတွေးတွေ ဝေနေ၏။

'အိပ်ချင်တယ်'

'အိပ်လေ၊ နေရာချင်း လဲလိုက်ဦး'

လူသွားလမ်းဘက်သို့ သူ ရွှေ့ထိုင်၏။ မိလှိုင်က ပြတင်းဘက်တွင် ခြေထားတာ သူ့ပေါင်ပေါ်တွင် ခေါင်းတင်၏။ နောက်မှီဘက်ကို ကျောကပ်ကာ ကျုံ့ကျုံ့ စောင်း၏။ ခေါင်းအုံးသာအောင် သူ အစွန်းသို့ရွှေ့၏။ ထို့နောက် အနောက်ဘက်ပြတင်းသို့ သူ ကြည့်၏။ ရထားသည် ဇေယျဝတီကို ဖြတ်သန်းနေ၏။ နေရောင်သည် အနောက်ဘက် ပြတင်းပေါက်ဘောင်ပေါ်သို့ ကျရှိနေပေပြီ။ တစ်နာရီသာသာခန့်တွင် ဝေတို့သားအမိရှိရာမြို့ကို ရထားဖြတ်သွားပေတော့မည်။ မိလှိုင်ကို ငုံ့ကြည့်လိုက်၏။ ချစ်မြတ်နိုးဖွယ်ရာ၊ သနားစဖွယ်ဟု ခံစားရသည်။ နှစ်ပေါင်းများစွာကပင် မြင်ခဲ့သည့်မျက်နှာ။ အနီးဆုံးမျက်နှာ။ ဇော်လတ်.... ငါ ခုနစ်တန်းရောက်ရင်လေ....။ ဇော်လတ်....ငါဆယ်တန်းရောက်ရင်လေ....။ ငါကြီးရင်လေ.... နင် ဘာလုပ်မလဲ ဇော်လတ်။ နင် ငါ့ကို တကယ်ခင်ရင် စားပါဟာ။ နင်သံ ငါသံတွေကို ကိုဇော်လတ်၊ ကိုလတ်၊ မောင် ခေါ်သံတွေကြားတွင် တမ်းတမ်းတတ ကြားယောင်လာ၏။ မိလှိုင်၏မျက်နှာကို ငေးငေးငိုက်ငိုက် ကြည့်နေမိစဉ် အစိုး၏ စကားတွေက နားဝ၌ တစ်ဖန် ပေါ်လာပြန်၏။

မိလှိုင် နိုးမည်စိုး၍ ပင့်သက်ကို ဖော့၍ မှုတ်ထုတ်လိုက်ရလေ၏။

*



(၅၂)

ပိန်သွားသောကြောင့် ဖြစ်မည်။ အမေ့ နားထင်ရိုးသည် ပေါ်နေ၏။ ညိုသော နှုတ်ခမ်းသည် ခပ်စုစု။ ကုပ်ထားသော မျက်မှောင်သည် ကောင်းစွာ မပြေသေး။ အမေ့ကို တစ်ချက်ကြည့်ပြီး အုတ်ကန်ပေါ်သို့ ဒန်ဖလားကို တင်သည်။ ဖလားထဲမှ ဆပ်ပြာခွက်ကို အုတ်ကန်ဘောင်ပေါ်တွင် ထား၏။ ရေလဲပိုင်းလုံချည်ကို ပခုံးပေါ်တွင် ခေါက်၍ တင်ထားမြဲ တင်ထား၏။

'သားက နည်းနည်း တရားလွန်လာပြီ၊ မင်း မန္တလေး လိုက်သွားတာ နှစ်ရက်လောက်မှာ အမေတို့ သိတာပဲ၊မင်းကို အမေတို့ အတင်းအကျပ် မပြောတာကို မင်း အခွင့်ကောင်း ယူတယ်၊ ကိုယ့်အသိနဲ့ကိုယ် မြင်မလားလို့ အချိန်ပေးထားခဲ့တာ၊ လှိုင်လှိုင်ကို မင်း ချစ်တာမဟုတ်ဘူး၊ နှစ်တာလို့ အမေတို့ မြင်တယ်၊ သူ့ရုပ်သူ့ရည်နဲ့ ပညာနဲ့ပဲကွယ်၊ တင့်တောင့် တင့်တယ် ဖြစ်စေချင်တယ်၊ ခုတော့ သူ့ခမျာ သူများမယားငယ် ဖြစ်ရမယ့် အဖြစ်၊ မရီတို့များ သိရင် ဘယ်လောက် ရင်ကျိုးလိုက်မလဲ၊ သမီးလေးဆိုလို့ ဒီတစ်ယောက်တည်း တခြားသားသမီးလဲ ရှိတာ မဟုတ်တော့ မင်းကို အမေတို့ ချစ်သလို ချစ်ကြမှာပဲ၊ သူများအငယ် ဖြစ်ရပြီဆိုရင် သေခန်းပြတ် ရှင်ခန်းပြတ် ဖြစ်ကြတော့မယ်'

သဲပွင့်တွေကို အကြောင်းမဲ့ ကြည့်နေမိ၏။

'လှိုင်လှိုင်က အပျိုလေး၊ ဘာမှ နားလည်တာ မဟုတ်သေးဘူး၊ သားက အိမ်ထောင်သည်၊ စည်းစောင့်သင့်တာက သား၊ အင်မတန်မှ ဣန္ဒြေသိက္ခာနဲ့ပြည့်စုံတဲ့ ဟိုမိန်းကလေးက အိမ်ကို

www.burmeseclassic.com



ခေါ်တဲ့အထိ အရှုးအမူး ဖြစ်နေပြီဆိုတော့ မင်းတို့ အဆင့်က ဘယ်လိုရှိရယ်လို့ အမှန်းရ ခက်နေတယ်'

အမေ့ စကားကို နားလည်သည်။ ခေါင်းကို ရှက်ရွံ့စွာ ငုံ့ထားရင်း....

'ကျွန်တော်တို့ အနေအထိုင် ဆန့်ရှင်းကြပါတယ် အမေ'

'ဒါဆိုလဲ နောက်ဆုတ်လိုက်ပေါ့'

'အဲသလို တွေးမိတာ အတော်ကြာပါပြီ အမေ၊ ကျွန်တော် အမှန်အတိုင်း ပြောတာပါ'

'အမေ လိုင်လိုင်နဲ့ တွေ့ပြီး စကား ပြောရရင် ကောင်းမလား'

အမေ့စကားကြောင့်လော၊ ဝေ့ဝိုက်စပြုသော ဆောင်းဦးလေကြောင့်လော မသိ။ ကြက်သီး တစ်ချက် စိမ့်သွားသည်။

'မိလိုင် သိပ်ရှက်သွားမယ်၊ မကောင်းပါဘူး၊ ကျွန်တော့် ဘာသာ စီစဉ်ပါ့မယ်'

အမေ တွေ၍ ရပ်နေ၏။ ထိုနောက် အုတ်ကန် အပါးမှ ခွာ၏။ တစ်လှမ်း နှစ်လှမ်း လှမ်းပြီး....

'ဒါဖြင့်လဲ ပြီးတာပဲ၊ ဝေက မြုံသာ မြုံနေတာ၊ စိတ်တော်တော် မကောင်းပုံမဲ၊ ချုံးကျသွားတာ မင်း မြင်မှာပေါ့၊ ပြီးတော့ မွေးကာနီး ဖွားကာနီး ဆိုတော့ မကောင်းဘူး ကွယ့်'

***

မေ့အသံသည် ဝတ္ထုကြောင်းတစ်ခုကို ပြောပြနေသော အသံမျိုး ဖြစ်သည်၊ အိမ်ရှေ့ နွယ်ပင်တွေပေါ်မှ သမီး လိမ့်ကျသည်ကို ဆတ်၍ ပြောသည်၊ ဘယ်အာက် တံတောင်ဆစ် ရောင်လာသောကြောင့် ဆေးရုံပို့သည်။ မာတ်မှန်ရိုက်ရသည်၊ အဆစ်လွဲ



သွားသဖြင့် ကျောက်ပတ်တီး စည်းပေးရသည်။ ထိုနေ့တွင် ရုံးသို့ ဖုန်းဆက်သည်၊ ရုံးမတက်၊ ခွင့်ယူထားသည်ဟု အကြောင်း ပြန်သည်၊ ဒေါ်လေးတို့အိမ်သို့ ဖုန်းဆက်သည်၊ အိမ်ပြန်မည် ဆိုပြီး ပြန်သွားကြောင်း၊ တစ်ပတ်ခန့် အိမ်ပြန်နေမည်ဆိုပြီး တစ်နေ့ကပင် ပြန်သွားကြောင်း ဒေါ်လေး မမလတ် ဖြေ သည်။ နောက်နေ့တွင် အဖေက မန္တလေးသို့ ဖုန်းဆက်ကြည့် မည် ဆို၏။ အဖေက ဒီကောင် မန္တလေး ရောက်နေတယ်၊ ကိုလွန်းခင်ရုံးကို ငါ ဆက်တာ၊ ကိုလွန်းခင်က ဘာဖြစ်လို့လဲ တဲ့။ မဟုတ်ပါဘူး၊ ကိုလွန်းခင်တို့ဆီ အလည်သွားမယ် ဆိုပြီး ပြောသွားတာ၊ ရောက်ပြီလားလို့ သိချင်လို့ပါ၊ သူ့ အမေက စိတ်ပူလို့ပါဗျာလို့ အဖေ ပြန်ပြောရတယ်ဟု ပြော၏။ ကိုလွန်းခင်လဲ လူပါးပဲ၊ မန္တလေးသွားတဲ့ ရထားက ထားဝယ် ကို မောင်းတာမှ မဟုတ်ဘဲ၊ ပြီးတော့ ကိုလွန်းခင်လား၊ မောင်ဇော်လတ် ခင်ဗျားတို့ဆီ ရောက်နေလားလို့ အဖေ အမေး တစ်ချက် မှားသွားတယ်။ မောင်ဇော်လတ် ခင်ဗျား တို့ဆီ ချောချောမောမော ရောက်နေပြီထင်တယ် ဆိုတာမျိုး မေးရမှာ။ ကိုလွန်းခင်က သားတော်မောင် မိန်းမနဲ့စိတ်ဆိုးပြီး အိမ်ပြေး လုပ်လာလို့ လားတဲ့။ မဟုတ်ပါဘူးလို့ ကြည့်ဖြေရ တာပေါ့ဟု အဖေ ပြောသည်။ မေ ပြောနေသည့် အချိန်တွင် သူ မန္တလေး သွားသည်ကို အားလုံး သိနှင့်ကြောင်း သူသိခဲ့ သည်၊ မန္တလေးမှ ပြန်ရောက်၍ အိမ်အပြန်တွင် ဒေါ်လေး မမလတ်က မင်း ဘယ်သဝေထိုးနေလဲဟု မေး၏၊ အိမ်က ပြန် လာတာပါဟု သူ ဖြေ၏၊ ဘယ်အိမ်ကလဲဟု ငေါ်ဇော်တော့ မေး၏၊ ထိုနေ့က ဖြိုးမုနေနဲ့ ဝေ မင်းကို ဖုန်းဆက်ပြီး ခေါ် တယ်။ ကလေး လက်ဆစ်လွဲလို့၊ ဆိုလား၊ မမလေးတောင်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီသွားတယ်။ ဒီခန္ဓ ပြန်ရောက်မလား မသိဘူးဟု ပြော၏။ နောက်နေ့ ရုံးတက်သောအခါ လစာမဲ့ ခွင့်သုံးရက် ယူပြီး ပြန်ရသည်။

'ဒေါ်လေး၊ မမလေးကော'

'မောင်နဲ့ လမ်းမှာတွင် လွဲကြတယ်နဲ့ တူတယ်'

'ဟုတ်လား၊ ဝေနဲ့မောင်နဲ့ အဲဒီပြဿနာတွေနဲ့ ပတ်သက်ပြီး အေးအေးဆေးဆေး စကားပြောဖို့ မောင် ခွင့်ယူလာပါတယ်၊ မောင် အစကနေ ခုအထိကို အကုန် ပြောပြပါ့မယ်၊ မထိမ်မချန် ပြောပြပါ့မယ်'

ထူးခြားခြင်း စိုးစဉ်းမျှ မရှိသော အကြည့်ဖြင့် သူ့ကို ဝေ ကြည့်လျက်....

***

သစ်ဝါးအဖျားအနားကို လေခတ်သံမှတစ်ပါး မည်သည်ကိုမျှ မကြားရ။ သူ စဉ်းစားနေချိန်၊ ဝေက နားစွင့်ထားချိန်တွင် နေရာဝန်းကျင် တစ်ခွင်လုံး တိတ်နေ၏။

'ဝေ....'

စကားစိမ်းပင် ပင်စည်တွင် လက်ဖဝါး ထောက်ကာ ရပ်နေရင်း သူ့ခေါ်သံကြောင့် မျက်လုံးဆုံ၏။ သူ နှုတ်ခမ်း မြင်ပြီး....

'ခုပြောမယ့်မောင့်စကားကို ဝေ မောင့်ဇနီး တစ်ယောက် အနေနဲ့ နားမထောင်ဘဲနဲ့ မောင့်သူငယ်ချင်း တစ်ယောက်ရဲ့ နားနဲ့ နားထောင်စေချင်တယ်၊ ဘယ့်နှယ်လဲ ဝေ'

ဝေ ပြုံး၏။ ခေါင်းညိတ်၍ တစ်ခါ ထပ်ပြုံးပြသည်။

'မောင် ဝန်ခံပါ့မယ်၊ လှိုင်နဲ့မောင်နဲ့ ပြန်ပြီးဆက်ခဲ့ကြ



တာ တစ်နှစ်ပဲ ဆိုပါတော့၊ ဒါပေမယ့် မောင်တို့နှစ်ယောက် စလုံး ချစ်သူ အဆင့်မှာပဲ ရှိခဲ့ကြပါတယ်'

ခေတ္တရပ်လိုက်၏။ ဝေ မေးသည်။

'ဝေတို့ အခန်းထဲက အပြင်အဆင်တွေကို ဝေ ဘာကြောင့် ပြင်တယ်ဆိုတာ မောင် သိပြီးသားပါနော်၊ ဝေ တောင်းပန် စရာရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ မရှိရှိလှိုင်ကို ပေးမယ့် မောင့်စာကိုမပေးခင် ဝေခိုးဖတ်မိတာကိုပါ၊ ဇနီးတစ်ယောက် အနေနဲ့ဆို တောင်းပန်စရာ မလိုဘူးလေ၊ သူငယ်ချင်း တစ် ယောက်အနေနဲ့ဆိုရင်တော့ အဲဒီ အပြုအမူအတွက် တောင်း ပန်ဖို့ လိုတယ်လေ'

'မောင် သိပါတယ်၊ မောင်တို့အခြေအနေကို ဝေ ယုံမယုံ မောင် ကြားချင်တယ်'

'မိန်းမပျိုတစ်ယောက်ရဲ့အိပ်ခန်းထဲကို မောင် ရောက်ခဲ့တယ်။ စာထဲက အချက်အလက်တွေအတိုင်းဆိုရင် မောင် သတိကြီး လှတဲ့သူလို့ ဝေ ချီးကျူးရမှာပဲ၊ ဝေ မောင့်ကို ယုံပါတယ်'

'ဒါဖြင့် မောင် ဆက်ပြောမယ်၊ လှိုင်က ဝေတို့ကိုငဲ့သွား တဲ့ အနေနဲ့ နောက်ဆုတ်ခဲ့ပါတယ်၊ နောက်မဆုတ်သာအောင် မောင် စကားတွေနဲ့ ချည်နှောင်ခဲ့မိတယ် ဝေ၊ ဒီတော့ သူ ရှေ့ကို တိုးလာတယ်လေ၊ ဒါပေမယ့်....တစ်ချိန်က လှိုင်ပြောခဲ့ တဲ့ စကားတွေက ခု မောင့် သွေးအေးတော့မှ အဖန်တလဲလဲ ပကတိအတိုင်းမြင်အောင် ဖန်တီးပေးလိုက်သလိုပဲ၊ အခု မောင် လှိုင့်ကို သနားတယ်'

ဆက်မည့်စကားကို ရုတ်တရက် ဖြတ်ချပစ်လိုက်သည်။ အင့် မသင့် ချိန်ကြည့်သည်၊

'ချစ်ကော ချစ်တာပဲလား'

www.burmeseclassic.com

www.burmeseclassic.com



ဝေ၏ မေးလိုက်သံသည် ငွေ့ငွေ့တုန်နေသည်။ သူ အသက်ကို မှန်မှန် ရှူသည်။ အကြင်းမထားလိုတော့သော အကြည့်ဖြင့် ဝေ့ကို တစ်ချက် ကြည့်၏။ ထိုနောက်....

'ချစ်တယ်'

ဝေ၏ မျက်လုံးအစုံသည် မြင်သာစွာပင် ဝိုင်းသွားချေ၏။ သို့သော် ဣန္ဒြေမပျက်အောင် ဝေ နေနိုင်စွမ်းရှိ၏။ သူ ဆက်၍ ပြောလေသည်။

'ဘကယ်လို့ မောင်ဟာ အိမ်ထောင်သည် မဟုတ်ခဲ့ရင် လိုင်ကို လက်ထပ်မှာပဲ၊ နောက်....ဝေ သည်းခံပါ၊ မောင့် အိမ်ထောင်ဖက်က တခြားတစ်ယောက်နဲ့ ဖောက်ပြားပြီးလိုက် သွားလို့ မောင် တစ်ခုလပ် ဖြစ်ခဲ့ရင်လဲ လိုင့်ကို မောင် လက်ထပ်မှာပဲ၊ အဆုံးစွန်ဆုံး သည်းခံပြီး နားထောင်ပါဦးဝေ၊ မောင် မုဆိုးဖိုဆိုလဲ မောင် သူ့ကို လက်ထပ်မှာပဲ၊ ဒါပေမယ့်...အဲသလို မဟုတ်တဲ့ ဘဝနဲ့ လိုင့်ကို မောင်ဘယ်တော့မှ လက်မထပ်ဘူး၊ ပြီးတော့...မောင့်မှာ မောင့်ကို သိပ်ချစ်တဲ့ မောင့်လိုသစ္စာမဖောက်မဟုတ်တဲ့၊အိုအောင် မင်းအောင် အတူ ပေါင်းရမှာဖြစ်တဲ့ ဝေ့ကို မောင် မစွန့်ခွာရက်ပါဘူး၊ ဝေ ယုံမလား မသိဘူး၊ မောင် ဘယ်တော့မှ လိုင့်ကို လက်မထပ် တော့ဘူး'

ဝေ ရယ်လိုက်သည်။ ဝေ ဘာကြောင့် ရယ်သည် မတွေး တတ်။ ရယ်သံ၏အသွေး အရောင်ကို အကဲဖမ်းမရ။

'ဒီစကားကို မောင် လျှာဖျားက ပြောတာလား၊ ရင်ထဲက ပြောတာလား ဟင်၊ မကွဲပြားလို့ ဝေ မေးတာပါ'

သူ မျက်ခုံး တွန့်သွား၏။



'အပြုအမူတွေကို ဝေ မြင်ရမှာပါ၊ အဲဒီတော့မှ ကွဲပြား သွားမှာပေါ့ ဝေ၊ ဒါပေမယ့် မောင် အချိန်ယူပါရစေ'

ဝေသည် သဘောတူသည် မတူသည် မပြော။

လိုလောက်တဲ့ အချိန်ကို ဝေပေးပါမယ်၊ ဘယ်လောက်လဲ၊ တစ်လလား'

သူ မဖြေ၊ ဝေ မေး၏။

ပြတ်တောက်လွန်းသော အသံကြောင့် ရုတ်တရက် အဖြေ မပေးမိသေး။

'အနှစ်တစ်ရာလား'

'နှစ်လ သုံးလတော့ အချိန် ယူရလိမ့်မယ် ဝေ၊ ဒီ တစ်ကြိမ် ဖြစ်သင့်ဖြစ်ထိုက်တဲ့ လမ်းကို မောင် ရွေးရမယ် မဟုတ်လား၊ အဲဒီအတွက် ရာဇဝင်လူဆိုး တစ်ကြိမ်ထပ်ဖြစ်ရ ဦးမေမပေါ့'

ဝေ့ ရယ်သံသည် ခြောက်သွေ့လှလေ၏။ ထိုနောက် စကား စိမ်းပင်အောက်မှထွက်သည်။ ဝေ့ဘေးမှ သူ လျှောက်၍ လိုက် ပါလာ၏။ ကုန်းမြင့်ကို လှမ်းတက်ရသောအခါ ဝေက သူ့ လက်မောင်းကို ကိုင်ထား၏။

'သုံးတန်းတုန်းက မောင်မှတ်မိလား၊ တခြား အတန်းကနေ မောင်တို့အတန်းက ဝေ့အဒေါ် အတန်းကို ပြောင်းလာတုန်း ကလေ၊ ဝေက အစွန်ဆုံးနေရာမှာ ထိုင်ချင်လို့ မောင့်ကို ပြောတော့ နေရာဖယ်မပေးချင်လို့ ဟိုဟာပြော ဒီဟာပြောနဲ့ လေးငါးရက် နေတော့မှ ဝေ ထိုင်ချင်တဲ့နေရာကို မောင် နေရာချင်း လဲပေးပြီး ထိုင်ခွင့်ပေးတော့တယ်'

❋

www.burmeseclassic.com



(၅၃)

လက်ဆွဲအိတ်ထဲမှ ထုတ်ယူနေစဉ် "လှိုင် အံ့ဩသွားမှာပဲ" ဟု သူ ပြော၏။ "ဘာလဲဟင်" ဟု မိလှိုင်က စိတ်ဝင်တစား မေး၏။ ရုတ်တရက် ထုတ်မယူသေး၊ စားပွဲပေါ်ရှိ စားသောက်ပြီးစ ပန်းကန်တွေကို ရွှေလှတ်ရာသို့ ရွှေ့၏။ ငရုတ်သီးမှုန့်၊ သတ္တုအုပ်၊ ချောက်သီးစိပ်ပန်းကန်၊ ငံပြာရည်ပုလင်းတို့ကို တစ်ဖက်သို့ ဖယ်ထား၏။ "မန္တလေးမှာတုန်းက မောင် ပေးလိုက်တဲ့ ခြသေ့ရုပ်ကလေးကို လှိုင် ထုတ်ပြတယ်မဟုတ်လား၊ အဲဒါကို ရုဏ်တုဂုဏ်ပြိုင်လုပ်မလို့" ဟု ပြောကာ ပလတ်စတစ်အိတ်ကို စားပွဲပေါ်သို့ တင်၏။ ကြိုတင်သိလိုက်သည့်သဘောနှင့် သြော် ဟု မိလှိုင် အသံပြုကာ ကြည့်၏။ မိန်းကလေးရုပ်၊ ဒုတိယတန်း ဖြေအပြီး မန္တလေးသို့ မပြောင်းမီ သူ့ကို အမှတ်တရပေးခဲ့သော လက်ဆောင်။ မိလှိုင် ယူ၍ကြည့်သည်။ ကြည်နူးစွာ ပြုံး၏။

'ဆယ့်ငါးနှစ် ကျော်ခဲ့ပြီနော်'

'အဲဒီကာလကို ပြန်တွေးရင် လွမ်းဆွတ်စရာ ကောင်းလိုက်တာ'

မိလှိုင်သည် ပြုံးသည်ဆိုရုံမျှ ပြုံး၏။ ငယ်ဘဝကို ပြန်လည် တမ်းတသော အပြုံးဟု ထင်ရ၏။

'လှိုင် မြို့ကို ဘာလို့မလာတော့တာလဲ၊ လှိုင် ငယ်ငယ်က နေခဲ့တဲ့ အိမ်မှာ နေကြတဲ့ အဒေါ်တွေနဲ့ ဆွေမျိုးချင်း မသင့်လို့လား'

'သင့်ပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ မေမေတောင် ဒေါ်လေး ဆီ လာစရာရှိသေးတယ်၊ အဲဒီအိမ်က လှိုင်တို့အိမ်လေး ... တော့ နည်းနည်းပါးပါးပြုပြင်ထားတာလေးဘာလေး



ရှိတယ်၊ မေမေတို့ အိမ်ဆောက်တော့ ငွေလိုတယ်၊ သူတို့ကို အပြီးရောင်းမယ်၊ လှိုင် အဲဒီအိမ်ကို မရောက်တာ မအားလပ်လို့ မရောက်ဖြစ်တာပါ၊ ဘာကြောင့်မှ မဟုတ်ပါဘူး၊ နည်းနည်းစိတ်မကောင်းဖြစ်ရတာလဲ ပါနေမလားတော့ မသိပါဘူး'

အဘယ့်ကြောင့် စိတ်မကောင်းဖြစ်ရခြင်းကို သူ နားလည် သည်။ စကားလမ်းကြောင်းလွှဲမည် စိတ်ကူး၏။

'လှိုင့် မေမေက မောင့်ကို သိပ်ကြည်ကြည်လင်လင်လင် မရှိလှဘူးနော်'

ကြာရှည်စွာ စဉ်းစားနေပြ၏။ ပြီးမှ မိလှိုင် ပြော၏။

'တစ်ချိန်က ဇာတ်ထုပ်ကို အမေ သိခဲ့တာကိုး မောင်ရဲ့ ပြန်များဖြစ်နေသလား ဘာလား ပူမှာပေါ့၊ လှိုင့်ကို ပြောင်ဖြင့်မေးတယ်၊ သမီးတို့ ဘယ်လိုလဲတဲ့၊ ရိုးရိုးမြွေမြွေ စင်စင်ပါလို့ လှိုင် လိမ်လိုက်ရတယ်၊ လှိုင့်စကားကို ယုံတော့ ယုံတယ်၊ ဒါပေမယ့် မိဘတစ်ယောက်အနေနဲ့ ကြောင့်ကြမှာပေါ့လေ၊ မေမေ့ ဒီအတွက် လှိုင် စိတ်အနှောင့်အယှက်မဖြစ်ပါဘူး၊ မေမေ့ နေရာမှာ လှိုင် နေရရင်လဲ ကိုယ့်သမီးအတွက် ကိုယ် ဒီလိုပဲ စိုးရိမ်မကင်းဖြစ်မှာပေါ့'

ဝေဒနာလေပွေသည် ရင်ထဲတွင် မွှေစပြုချေ၏။ စကား တုံ့ပြန်ပြောရန် ခက်လှ၏။ မှန်တာပေါ့ ဟုတ်တာပေါ့ ပြော၍ မရ၊ မဟုတ်သေးပါဘူးလေဟု ပြော၍မသင့်၊ မျက်လုံးချင်း ဆုံရန်ပင် အင်အားချည့်သည်။ လှိုင်သာ မောင်သမီးငယ်ရင် ခုကိစ္စကို မရအရ မောင်ဖျက်မယ်ဟု ပြောမည် ... ချစ်လှန်းတဲ့ ကျောင်းနေဖက် သူငယ်ချင်းကို မယားငယ် မယားနှောင်းဘဝသို့ မဖြစ်မနေ တွန်းပို့နေရဲ့သူဟု အစိုးပေး

www.burmeseclassic.com

www.burmeseclassic.com



အပ်သော ဘွဲ့အမည်ကို ထုတ်ဖော်ပြောပြမည် စိတ်ကူး၏။ မလျှော်ကန်သည်ချည်းသာ ဖြစ်တော့မည်ဟု ချိန်ဆမိ၏။

အစက နှစ်ယောက်စလုံး ရှေ့တိုးကြတယ်။ ဆင်ခြင်တုံတရား ဝင်လာလို့ ကျွန်မ နောက်ဆုတ်တယ်၊ လက်စားချေတာလား ဆိုတဲ့ မဟုတ်မမှန် စကားနဲ့ ရှင် စွဲချက်တင်တယ်။ ဒီတော့ ကျွန်မရှေ့ကို တိုးတယ်။ ခုကျပြန်တော့ ရှင် နောက်ဆုတ်နေပြီလား၊ ဒါမှမဟုတ် ကျွန်မကို နောက်ဆုတ်ခိုင်းနေတာလား၊ နောက်ဆုတ်ချင်စိတ် မပေါ်ပေါ်အောင် လှုံ့ဆော်တဲ့ စကားတွေ ရွေးပြီး ပြောနေတာလားဟု မီလှိုင် ပြောမည်ကို ကြောက်လန့်နေမိပြီ ထင်၏။

***

'ဒီအတိုင်းလို ခဏပဲ ကောင်းပါတယ်၊ ရေတက်ချိန် တက်၊ ရေကျချိန် ကျ၊ မင်းနဲ့ မီလှိုင်နဲ့ ဇာတ်လမ်းက ပြီးပြတ်သင့်နေပြီ ဇော်လတ်'

ချောင်းစပ် အုတ်ခုံပေါ်တွင် တင်ပါးလွှဲထိုင်နေသူ အစိုးက ပြောသည်။ ခင်အေးက ဆေးပေါ့လိပ်တိုကို ချောင်းထဲသို့ လှမ်းပစ်၏။ ထို့နောက်....

'မင်း ခုနပြောသလို ရာဇဝင်လူဆိုး ပြန်ပြီးဖြစ်ရမှာတော့ အမှန်ပဲ၊ ဒါပေမယ့် ဒီတစ်ကြိမ်ဖြစ်တဲ့ ရာဇဝင်လူဆိုး ကို အားလုံးက သာဓုခေါ်မှာပါ သူငယ်ချင်းရာ၊ မီလှိုင်က ခဏတော့ သာဓုခေါ်နိုင်မှာ မဟုတ်ပေဘူးပေါ့၊ သွေးအေးအေးနဲ့ လေးနှစ်မျိုး ငါးနှစ်မျိုး ကြာတဲ့အခါ မင်းကို သူ နားလည်မှာပါ။ အဲဒီတော့မှ သာဓုခေါ်နိုင်မှာပေါ့ ဇော်လတ်ရာ'

'ခင်အေးပြောတာ အမှန်ဘဲ ဇော်လတ်၊ လူကြီးတွေအားလုံးရော အသိုင်းအဝိုင်းရော မင်းအဖို့ရော ဝေအဖို့ရော မီလှိုင်



အဖို့ရော ကောင်းမယ့်ကိစ္စပဲ၊ ခုနေတော့ မီလှိုင်က သူရင်ဆိုင်ရမှာတွေကို စိတ်ကူးနဲ့ ရင်ဆိုင်ကြည့်နေတာ။ တကယ့်ဘဝကျတော့ ခု စိတ်မကူးမိတာတွေ သူတွေ့လာရလိမ့်မယ်၊ ခင်အေး ဆို လက်တွေ့ ပိုသိပါတယ်'

အစိုးက ခင်အေးကို လှမ်းကြည့်၏။ ချောင်းစပ် ကန်သင်းရိုးတွင် သူနှင့်အတူ ယှဉ်၍ ထိုင်နေသော ခင်အေးက အစိုးနှင့် တစ်သဘောတည်း ရှိဟန်မျက်နှာ ထား၏။

'ငါ့ကောင်မလေး လင်နောက် လိုက်သွားတုန်းက ထိပ် မြွေပေါက်သလို ခံရတာပေါ့ကွာ၊ မတွေ့ တွေ့အောင်ရှာပြီး သတ်မယ်ဖြတ်မယ် ငါ စိတ်ကူးခဲ့တာ၊ သူ လိုက်ပြေးတဲ့ကောင် လေးက မြေတိုင်းဌာနက သံကြိုးဆွဲကလေး၊ ဆင်းလဲ ဆင်းရဲ တယ်၊ ခြေတစ်ဖက်ကလဲ ခပ်ဆာဆာ၊ ငါ ဒေါသမဖြစ်ဘဲ နေနိုင်ပါ့မလဲ၊ သူ့ကို ငါ မန္တလေးတက္ကသိုလ်မှာ ထားတယ်၊ ထားတာမှ အပျိုစား၊ တစ်လတစ်လ ငါးရာကျော် ခြောက်ရာ။ အဝတ်အစားဆို အဆင်ဆန်းပေါ်သမျှ ဝယ်၊ ငါ မပိတ်ပင် ဘူး၊ မီသွယ်ဆို သူ့ဆယ်ပုံတစ်ပုံ မရခဲ့ဘူး၊ ဒါပေမယ့်....ငါ လိုက်ရှာလို့တွေ့တော့ ဘာပြောတယ် အောက်မေ့လဲ၊ ငါ့ကို မချစ်လို့ မဟုတ်ပါဘူးတဲ့၊ မင်းနှယ်....သူ့ကောင်လေးရှေ့ တွင် ဒီစကားကိုပြောတာနော်၊ ဒါပေမယ့်တဲ့....အိမ်ထောင် ရှင် ခင်ပွန်းတစ်ယောက်အနေနဲ့က ဆက်ပြီးပေါင်းလို့ မဖြစ် တော့ဘူးတဲ့၊ အငယ်အနှောင်းဘဝဟာ ပွဲမတိုးဘူးတဲ့၊ မတင့် တယ်တဲ့ မျက်နှာငယ်ဘဝမှာ ရွှေဘုံကို သူမမက်မောတော့ ဘူးတဲ့၊ သူ့ကောင်လေးကို မေးငေါ့ပြပြီး သူက ကျွန်မကို ရွှေဘုံပေါ်မှာ မထားနိုင်ပါဘူးတဲ့၊ ဒါပေမယ့် မိန်းမ တစ် ယောက်အနေနဲ့ လူဖြစ်လာရတဲ့ သူ့ဘဝကို မျက်နှာမငယ်စေ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးတဲ့၊ ခုအချိန်မှာ သူဟာ မိန်းမသားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ဂုဏ်သိက္ခာနဲ့ ကျေနပ် နှစ်သိမ့်မှုတွေကို ပြန်လည်ရရှိပါပြီတဲ့၊ ဂုဏ်မငယ် ပွဲတိုးတဲ့ အိမ်ထောင်ရှင် မိန်းမသားတစ်ဦးအဖြစ် သူ့ကိုယ်သူ ပြောင်းလဲပစ်လိုက်တာပါတဲ့၊ ပြီးတော့ ငါဆင်ထားတဲ့ လက်ဝတ်လက်စားတွေရော အဝတ်အစားတွေရော ပြန်ပေးတယ်ကွာ၊ မှန်လွန်းတော့ ငါ တစ်ခွန်းမပြောနိုင်ခဲ့ဘူး၊ သူပြောတာတွေ ဟုတ်တယ်၊ သူ့ကို လွှတ်လပ်ခွင့် ပေးပါတော့ဆိုတဲ့ စကားကို ငိုပြီးပြောတယ်၊ ငါ သဘောတူခဲ့ရပါတယ်ကွာ၊ ပစ္စည်းတွေအားလုံးလဲ ငါပြန်မယူခဲ့ပါဘူး၊ လက်ထဲမှာပါတဲ့ ပိုက်ဆံ ခုနစ်ရာကျော်ကိုလဲ လက်ဖွဲ့လိုက်တယ်၊ ကလေးကိုတော့ ငါပဲခေါ်ထားဖို့ သူ သဘောတူပါတယ်၊ သူပြောတာတွေဟာ မိန်းမတစ်ယောက်အနေနဲ့က အမှန်တွေချည်းပဲ'

ရှည်လျားစွာ ပြောပြရ၍ မောလေသလား၊ စိတ်အမောဖြင့် မောလေသလား တပ်အပ်မသိ၊ ခင်အေးသည် သက်ပြင်းရှည်ချလေ၏၊ အစိုးက ခင်အေးကိုကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် နေသည်၊ ထို့နောက်....

'ငှက်ကလေးတွေကို ချစ်လွန်းလို့ ရွှေလှောင်ချိုင့် ငွေလှောင်ချိုင့်နဲ့ မွေးသလိုပေါ့၊ မွေးတဲ့လူက ချစ်လို့၊ ငှက်ဖက်က နေကြည့်တော့ အကျဉ်းချခံထားရတာ၊ ဘယ်လိုလုပ် ပျော်နိုင်ပါ့မလဲ၊ အိမ်ထောင်ရေးကို ယောကျ်ားတွေ အစိုးပိုင်ဖော်တာနဲ့ မိန်းမတွေ အစိုးပိုင်ဖော်တာ သိပ်မတူလှဘူးကွ၊ အမျိုးသမီးတွေမှာက ကိုယ့်လင်ကိုယ့်သားနဲ့ ပျော်ပျော်ရွှင်ရွှင် နေနိုင်တယ်၊ မိဘမောင်ဘွား ပတ်ဝန်းကျင်အလယ်မှာ မျက်နှာငယ် နေချင်တယ်၊ ဆင်းရဲတာ ချမ်းသာတာအပထား၊ အိမ်



ထောင်ပြုလိုက်တဲ့အတွက် ခုနပြောသလို ပွဲမတိုး အရာမဝင်မှာကိုတော့ အမျိုးသမီးဘဝမှာ မလိုလားဆုံးပဲ'

ခင်အေးက လက်ထဲတွင်ဆုပ်ထားသော ကွမ်းယာကို စက္ကူထုပ်ဖြည်ကာ ပါးစပ်ထဲသို့ ထည့်မည်ပြုပြီး မထည့်၊ ပြောမည့်စကားကို မပြောမီ အလျှင်ရယ်၏၊ ရယ်သံနှင့်....

'ငါ့အသိုင်းအဝိုင်းမှာ ဝင်ဆံ့အောင် ကောင်မလေးကို ဟိုခေါ်ဒီခေါ် ခေါ်ရတယ်၊ တချို့ကတော့ ပျူပျူငှာငှာပါပဲ၊ တချို့ကျတော့ တစ်မျိုးကြီးကွ၊ အမျိုးသားဖိုင်းက ဒီလောက်မဟုတ်ဘူး၊ အမျိုးသမီးချင်း ဆက်ဆံရေးက တကယ့်ပြဿနာ၊ တချို့အိမ်တွေဆိုရင် သူ့ရှေ့ထားပြီး မိသွယ့်အကြောင်း မေးလို့မေး၊ မတွေ့ရတာကြာလို့ ကျွန်မတို့ သတိရတဲ့အကြောင်း ပြောလိုက်ပါဦး မှာလို့မှာ၊ မင်္ဂလာဆောင်တစ်ခုကဆိုရင် ဝင်သွားတာ ကောင်မလေးနဲ့ငါ၊ မအေးသွယ်သွယ်ကို ဘာလို့ခေါ်မလာသလဲလို့ ရန်တွေ့သံနဲ့ ပြောသကွာ၊ တချို့အမျိုးသမီးတွေက သူတို့အိမ် တို့နှစ်ယောက်သွားလည်တာကို သူတို့ယောကျ်ားကို ငါတို့က မယားငယ်ယူနည်း ကျူရှင်ပေးဖို့လာတယ်ထင်ပြီး လိုက်လိုက်လဲလဲ မရှိကြဘူး၊ ဒီဒဏ်တွေကို ကောင်မလေး မခံနိုင်တော့ဘူးပေါ့ကွာ၊ သည်းခံနိုင်သရွေ့တော့ သည်းခံခဲ့ရှာပါတယ်၊ ဒီနည်းကြီးနဲ့ တစ်ဘဝလုံး မျှောပစ်ဖို့တော့ သူဘယ်လာ သတ္တိရှိနိုင်ပါ့မလားကွာ၊ မဟုတ်ဘူးလား၊ သူ မှန်ပါတယ်၊ ခုတော့ မိရွှေသွယ်က ဘာပြောတယ်မှတ်လဲ၊ သိပြီလားတဲ့၊ တစ်နေ့ ဒီလိုဖြစ်မယ်မှန်း သူတွေးပြီးသားတဲ့၊ ကလေးကို သူ့သားသမီးလို ချစ်ဖော်ရတာပဲ ငါက ကျေးဇူးတင်နေရသေးတယ်၊ ဒီတစ်ပွဲနဲ့ ငါလဲ တစ်ဘဝစာလုံး လောက်သွားပြီ၊ ခံတော့ အတော်ခံလိုက်ရတယ်ဟေ့'

www.burmeseclassic.com

www.burmeseclassic.com



အစိုးနှင့်သူက ပြောပုံကို သဘောကျ၍ ရယ်လိုက်ကြလေသည်။ ရယ်သာ ရယ်နေရ၏။ ခင်အေး ကောင်မလေး၏စကားတွေက ဦးနှောက်ထဲသို့ အန္တပက္ခ ဝင်ရောက်လာလေ၏။ ခင်အေးနှင့် အစိုးတို့က သူ့ကို လှမ်းကြည့်ကြသည်။ သူ ပြော၏။

'ရှေ့ကို တစ်လှမ်းတိုးရတာ လွယ်သလောက် နောက်ကို နှစ်လှမ်းဆုတ်ဖို့ကျတော့ ခက်ခဲလိုက်တာ၊ နှစ်လှမ်းဆုတ်မှ မူလနေမြဲနေရာကို ပြန်ရောက်မှာကိုး'

အစိုးက ညည်းညူလိုက်သော သူ့ကို ပြုံး၏။ ထိုနောက် အားပါးတရ ရယ်၏။ ခင်အေးက ပြုံးတေ့တေ့ နှုတ်ခမ်းဖြင့်...

'နှစ်လှမ်း မဟုတ်ဘူး၊ ဆုတ်ရမှာ သုံးလှမ်း'

***

'နှံကောင်အိမ်ထဲမှာ မီးသွေး ထည့်ထားရင် နှံကောင်တွေ တကယ် လာနေတယ်လို့ လှိုင်ပြောတဲ့အတိုင်း မောင် ထင်ခဲ့တာ'

မိလှိုင် ပြုံး၏။ နှုတ်ခမ်းနှစ်လွှာကို အသာဖိကာ ပွတ်၏။ ခြောက်သွေ့ခြင်းမရှိသော နှုတ်ခမ်းသည် နီထွေးထွေး။

'ကလေး စကားကို ကလေး ယုံခဲ့တာတွေကို ပြန်စဉ်းစားမိရင် ရယ်စရာကြီး၊ ဒါပေမယ့် ဟိုတုန်းက ရယ်စရာ မထင်ခဲ့ဘူး၊ ခုန စကားကို ပြန်ကောက်ရဦးမယ်၊ မောင်က အဲဒီအကြောင်းကို ခုမှပြောတာကိုး။ သူ့ လှိုင့်ကို တော်တော် ဒေါကန်လိုသာ ပါးတွေ နားတွေ ရိုက်မယ် ဘာမယ် ပြောတာဖြစ်မှာပါ။ ပြီးပြီး အုံ့ဩစရာကောင်းတာက တစ်တန်းနှစ်တန်းထဲက သူနဲ့ လှိုင်နဲ့ မြင်တွေ့ဖူးခဲ့ကြတာကိုး၊ ရေးရေးတော့ ခပ်ချေးချေးပဲ၊ မြက်တွေခူးနေတုန်းက၊ သူက ငယ်ငယ်ကဘည်းက



မျက်နှာထားတင်းတင်း၊ သွားတာလာတာ ဟန်နဲ့ပန်နဲ့၊ သူ့ကို လှိုင် နှုတ်ဆက်တာ သူ ပြန်မနှုတ်ဆက်ဘူးဆိုတာ လှိုင် ခပ်ဝါးဝါးပဲ၊ မောင်ကတော့ မှတ်မိမှာပေါ့၊ နှစ်ယောက်စလုံးကို ကျိတ်ပိုးလုပ်နေတာကိုး'

ပြောပြီးသော် လှိုင်သည် အသံထွက်အောင်ပင် ရယ်နေ၏။ အိမ်သို့ ရောက်လာကာစကဲ့သို့ အနေမကျဉ်းကျပ်တော့။ တစ်အိမ်လုံးတွင် နှစ်ယောက်တည်း။ လိုက်လာစတွင် ခမ်းအမ်းအမ်းဖြစ်နေသည်။ မောင့်အဒေါ်တွေ ဘယ်အချိန် ပြန်ရောက်မလဲ ဟူသော မေးခွန်းကို သုံးလေးခါ မေးသည်။ မနက်ဖြန်မနက်ခြောက်နာရီ ခုနစ်နာရီကျမှ ဂမ္ဘီရလိုက်က ပြန်လာမှာ ဟူသော အဖြေကို ပေးရ၏။ စွန့်စားမှုကြီးတစ်ခုကို ပြုရသည်နှင့်မခြား ရှိလေ၏။ အလည်လာတာကို ခိုးရာလိုက်လာသလို ထိတ်ထိတ်ပျာပျာ ဖြစ်လိုက်တာ လှိုင်ရယ်ဟု သူ ပြောယူရ၏။ သူ့ကိုတွေ့ရင်း ဘယ်ယောကျ်ား မိတ်ဆွေရဲ့အိမ်ကိုမှ လှိုင် အလည်အပတ် ခုလို မလိုက်ဖူးတာကိုး မောင်ရဲ့ဟု ပြောသည်။ မနက်စာ အတူချက်စားပြီးမှ နေသားတကျ ရှိသာ၏။ စိုးရိမ်စိတ်တွေ ပပျောက်သွားဟန် တူသည်။

'တကယ်လို့ လှိုင်ပြောသလို ကျိတ်ပိုးဖြစ်ခဲ့တယ် ဆိုရင်လဲ အဲဒီတုန်းက ကလေးချစ်ပဲ လှိုင်ရဲ့၊ ကလေးချစ်ဆိုတာ အမြစ်ကင်းစင်တဲ့ အချစ်ပဲ'

'ဒါဖြင့် လူကြီး ဖြစ်လာတဲ့အခါ လူကြီးချစ်ကျတော့ အမြစ်မကင်းတော့ဘူးပေါ့ ဟုတ်လား'

သူ ရယ်သည်။ ခေါင်းမညိတ်၊ ခေါင်းမခါ။ မိလှိုင်၏ ဖြူလွဲလွဲ မျက်လုံးအိမ်နှင့် မျက်နက်ဝန်းကို မျက်တောင်တွေက ပိတ်ကွယ်ခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



'ဖြေလေ၊ လိုင်ပြောတာ ဟုတ်လား'

'အပြစ်ကင်းစင်တဲ့ လူကြီးချစ်ကို မေ့ပစ်ခဲ့ပြီ ထင်ပါတယ်'

မိလိုင့် ပါးမို့နှစ်ဖက်သည် ပြေပြေစုံ့လျက်ရှိနေ၏။စားပွဲပေါ်ရှိ လက်ပွေ့အိတ်ကို လဲယူရင်း....

'ဂုဏ်ဖော်လိုက်ရတာနော်'

'ထိန်းချုပ်နိုင်တဲ့ ယောကျ်ားလေး တစ်ယောက် အနေနဲ့ ဂုဏ်ဖော်ရတာ ဂုဏ်ယူစရာ ကောင်းပါတယ်'

မိလိုင်သည် လက်ပွေ့အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူ၏၊ မျက်လုံးကို အသာတို့ကာ ပြုံးလက်စနှင့် မေး၏။

'သမီးယော် ဘယ်နှစ်လ ရပြီလဲ ဟင်'

မထင်ထားသည့် မေးခွန်းဖြစ်သောကြောင့် သူ ရုတ်တရက် မဖြေနိုင်။

'နှစ်လ ပြည့်တော့မယ်'

အဖြေသည် အသံကြဲဇာ မပြည့်။ လက်ပွေ့အိတ်ထဲမှ သကြားလုံးကို သူ့အား လှမ်းပေး၏။ လိုင် စားပါဟု သူ ပြောသည်၊ ဒီမှာ ရှိသေးတယ်ဟု မိလိုင်ပြော၏။ သူ ယူ၏၊ လက်ပွေ့အိတ်ကို သေချာစွာ ဖွင့်ကာ ရှာ၏။ သကြားလုံး ရှိဟန်မတူတော့။

'မရှိဘူး မဟုတ်လား၊ ဒီသကြားလုံး လိုင် စားလေ'

ခေါင်းခါ၏။

'မောင် စားပါ၊ နှစ်ခုရှိရင် မောင်တစ်ခု လိုင် တစ်ခု၊ တစ်ခုပဲဆိုတော့ မောင် စား'

ပလတ်စတစ်ကို ခွာရင်း သူပြော၏။

'တစ်ယောက်တစ်ဝက်'

'ဟင့်အင်း မောင်စား၊ လိုင် မစားချင်လို့ပါ'



လက်ကာပြပြီး မိလိုင်ပြောသည်၊ သူ သကြားလုံးအတွင်း စက္ကူပတ်ကို ဖယ်သည်။ မိလိုင့် သို့ ကမ်း၏။ မိလိုင် ငြင်းသည်၊ ထို့ကြောင့် လျှာပေါ် တင်လိုက်၏။ တစ်မြို့နှစ်မြို့ မြို့ရသေးသည်၊

'စားချင်လိုက်တာ'

သူ မျက်လုံးဝိုင်းပြပြီး....

'ခုနတုန်းက မစားချင်ဘူးဆိုပြီး'

'ဟုတ်တယ်လေ၊ ခုမှ ခံတွင်းချဥ်လာလို့'

သူ စိတ်ရှုပ်သွား၏။

'ပြန်ယူပေးရမလား'

'မောင့်လက်ကို အချိုတွေ ပေကျန်လိမ့်မယ်'

'ဒါဖြင့် လိုင့်လက်နဲ့ယူ'

'လက်ကို အချိုတွေ ကပ်ကျန်ဦးမယ်'

***

အထဲက ဒူးရင်းသီးအနံ့ပဲနော်ဟု မိလိုင် ပြောသည်၊ ဒူးရင်းသီးအနံ့က မမွှေးပါဘူး။ နှုတ်ခမ်းနီက အေဗွန်တဲ့လား။ သိပ်မွှေးတဲ့ ရနံ့ပဲနော်ဟု သူပြောကာ ရယ်သည်။ မိလိုင်၏မှတ်ထုတ်လိုက်သော ထွက်သက်ဆည် သူ့ပါးပေါ်သို့ ရောက်လာတတ်သည်။ အိမ်ရှေ့က နွယ်ပင်တွေ၊ ကုလားမခြေလိမ်သရဲ၊ လေးငါးလီ ဆယ့်တစ်၊ အေဗွန်ရနံ့၊ ပြန်လည်တွေ့စ လသာသောည၊ ရွှေရောင်လည်ဆံမွေးနှင့်ခြသေ့ရုပ်၊ သနပ်ခါးရနံ့၊ အေဗွန်ရနံ့၊ သနပ်ခါးရနံ့၊

သူ့အပါးမှ မိလိုင်ပြန်ရန် ခြေစုံရပ်သောအခါ အပြင်တွင် နေရောင် မှိန်ပေပြီ။

❋

www.burmeseclassic.com

www.burmeseclassic.com



(၃၄)

စကားတစ်စမြို့သော သမီးကြီး၏အမူအရာတွေနှင့် သမီးငယ်၏ ချစ်စဖွယ်အပြုံးတို့သည် ဆေးရေးပန်းချီ ပီသကဲ့သို့ ပီလာ၏။ သူ သွားလိုရာသို့ မလိုက်ရလျှင် ငိုသော သမီးကြီး။ဖေဖေ ဟု ကန့်ကရ ခေါ်တတ်သော အခေါ်၊ဖေဖေမုန့်ဝယ်ခဲ့မှာသံ၊ သမီးငယ်၏ နို့တောင်းသော ငိုသံ၊ မိသားစု အသိုက်အမြုံ၏ ပမာဏသည် သဏ္ဌာန်ထင်းလာ၏။ ရင်သွေးနှစ်ယောက်၏ ဘဝကို မြင်လာသည်။ အနက်အရှိုင်းရှိစွာ မြင်လာလေ၏။ နောက်တစ်နေ့အတွက်၊ နောက်တစ်လ၊ နောက်တစ်နှစ်၊ နှစ်ပေါင်းများစွာကို တွေးမျှော်ကြည့်သည်၊ သမီးတို့နှစ်ယောက်၏ မျက်နှာသည် အလျှင်မြန်နှုန်း ကြီးစွာဖြင့် ဖြတ်သန်းနေသည်။ အမိအဖ၏ ချစ်ခြင်းသည် သမီးတို့၏ အသည်းနှလုံး အဆောက်အအုံပင်ဖြစ်သည်ဟု မြဲမြဲမြံမြံ သတိဝင်လေ၏။

'မောင့်ကို အချိန်ပေးခဲ့တာ သုံးလ ကျော်လာပြီ'

ဝေ့အသံသည် အမိန့်ဟု ခံစားရ၏။

'မောင် ကတိပေးပြီးတဲ့နောက် ဝေ့အသည်းကို အပ်နဲ့ဆွသလို တစ်ခါ ဆွခဲ့သေးတယ်နော်၊ ဒီအရုပ်ကို မောင် ဘာလို့ ယူသွားစရာလိုသလဲ၊ ငယ်ငယ်တုန်းကအကြောင်းတွေ ပြန်နှုးနေလေလေ ဒီဇာတ်ထုပ်သက်တမ်း ရှည်လေလေ နေမှာပေါ့။ ဝေကတော့ အဲဒီအရုပ်ပျောက်လို့ အိမ်လာတဲ့ ညီမတွေကို မေး ဟိုလူဒီလူမေးနဲ့၊ ဗီရိုများ ဖွင့်ယူသွားသလားလို့၊ဒီအရုပ်ဟာ မရှိရှိလိုင် လက်ဆောင်ပေးခဲ့တဲ့အရုပ်လို့ မောင်မပြောခင် ကတည်းက မေမေ ပြောလို့ ဝေ သိပြီးသား၊ မောင်ပြန်လာလို့ အရုပ်ပျောက်တဲ့ အကြောင်း ပြောမယ်လဲ ကြံရော၊ အရုပ်ဟာ ဗီရိုထဲ ပြန်ရောက်နေတယ်၊ သမီးအတွက် ဝယ်ပေးဖို့ အရုပ်ဆိုင်ကို အရုပ်နမူနာပြဖို့ ယူသွားပါတယ်တဲ့၊သဘာဝကျ၏ မကျ၏ မောင်မစဉ်းစားနိုင်ဘူး၊ ဖုံးဖို့ ကွယ်ဖို့ ဆင်ခြေပေးဖို့စကား ပြောဖို့လောတ်သာ တွေးတာကိုး၊ ဟုတ်တယ် မဟုတ်လား'

ဝေက အသံမှန်မှန်နှင့် ပြောသည်။ ဝေ၏ မျက်လုံးအစုံမှာ အကြည့် စူးစူးရဲရဲ၊

'မောင် ဝန်ခံထားပြီပဲဝေရာ၊ သူ ကြည့်ချင်တယ်ဆိုလို့ ဒီအရုပ်ကလေးကို မောင် ယူသွားတာပါ၊ပြီးတော့ ဝေ ပြောသလို ဇာတ်ရှည်ရာရှည်ကြောင်းအတွက် မဟုတ်ပါဘူး'

'ဟိုတုန်းက အကြောင်းတွေ ပြန်ပြော၊ ကြည်နူးကြ၊ ရယ်ကြ မောကြနဲ့၊ တစ်ရက်ထက်တစ်ရက် မခွဲနိုင် မခွာရက် ဖြစ်လာမယ်၊ မောင့်စိတ်ကို မောင်မနိုင်ရှင်လေ၊ မောင့်သဘောပဲလေ၊ ငယ်သူငယ်ချင်းကို အငယ်အဖြစ်နဲ့ မဖြစ်စေချင်ရင် လွယ်ပါတယ်၊ ဝေက မယားကြီးဘဝက နုတ်ထွက်စာ တင်လိုက်ရုံပါပဲ....ဟင်း....ဟင်း'

လှောင်ရယ်သံသည် တက်ဟက်ပက်ပက် ရှိလှချေ၏။

'မဟုတ်ပါဘူး၊ အခိုက်အတန့်တော့ မောင် လိုက်လျောရမှာတွေ ရှိသေးတယ်လေ'

ဝေ အံကြိတ်သည်။

'ကောင်းပါတယ်၊ လိုက်လျောပါ.... လိုက်လျောပါကလေး ဘယ်နှစ်ယောက်....'

***

'တစ်ခါတလေ ပြောချင်တာလေး ဘာလေးရှိလို့ ... တွေ့ရတယ်၊ ငါ့ဟာငါ ပြောချင်တဲ့စကား၊ နို့ ဆိုရင်ကို အဖော်ခေါ်ပြီး တောကြီးမျက်မည်းထဲ သွားရကြမလို ဖြစ်နေမှီ



www.burmeseclassic.com

www.burmeseclassic.com



မိလှိုင့် အကြောင်းက လွဲရင် ဘာမှ ပြောမရတော့သလို ဖြစ်နေပြီ၊ ဘာကွ….ယတိပြတ် ဆုံးဖြတ်ပြီးပြီ၊ လာ လာချေ သေးရဲ့၊ ဘာလဲ၊ ရွှေသုံးလှမ်းဆုတ်၊ ဒါမှမဟုတ် နောက် သုံးလှမ်းတိုး ဆိုတာမျိုးလား၊ ဒါထက်အရေးကြီးတဲ့ စကား တွေ မပြောရတော့ဘူး၊ ငါ့ သဘောကတော့ ရှင်းတယ် ဇော်လတ်၊ မသင့်ဘူးဆိုတာ အစကတည်းက အပြန်ပြန်အလှန် လှန်စဉ်းစား၊ မသင့်လျော်ရင် မလုပ်နဲ့၊ လုပ်မိပြီလား ခံ၊ ကိုယ့်ဒဏ် ကိုယ်ခံ၊ ပြီးတော့…. ခုမှ ဘာစာနာတာတွေ ညာ စာနာတွေ လုပ်မနေနဲ့၊ မိလှိုင်ကို ယူမလား၊ ယူ၊ မယူဘူးလား၊ မယူနဲ့၊ မယူဘူးဆိုပြီး ချစ်သူဘဝနဲ့ အရိုးထုတ်မှာလေး ဘာလေး စိတ်ကူးယဉ်မနေနဲ့၊ မိလှိုင်ကလူကွ၊ သူလဲ လင်နဲ့ သွားနဲ့ နေချင်မှာပေါ့၊ မင့်းဟာကကိုယ်ချင်းမစာ၊ ဘာခေါင်း ခါတာလဲ၊ ဖားတစ်ပိုင်းငါးတစ်ပိုင်း၊ တစ်ခါက မင့်မိန်းမ တီးလွှတ်လိုက်တာမျိုး၊ ငါက သဘောကျတယ်၊ မင်းမှ တကယ့် မဲ့နင်း၊ လူလှည့်စား၊ ငါလခွေး’

အစိုး စကားပြောနေစဉ် ယတိပြတ် ဆုံးဖြတ်လိုက်ပြီ အကြောင်း တစ်ခွန်းပြောသည်။ ခေါင်းတစ်ချက်ခါကာ ဖြေ ရှင်းရန် နှုတ်ခမ်းပြင်၏။ အစိုးက သူ့စကားစဉ် အပြတ်မခံ သည်မျှမက သူ့ကို ဒေါသဖြစ်တန်နှင့် ဝေါက်သည်။ သူ စိတ် မကွက်။ နောက်စေ့ကို လက်ဖဝါးဖြင့်ပွတ်ကာ….

‘ငါလဲ ခုတလော တော်တော်များများရဲ့ ဩဝါဒတွေ ခံယူနေရပါတယ် အစိုးရယ်၊ ဝေကလဲ စိန်မခေါ်ရုံတစ်မယ် ကျန်တော့တယ်၊ အဘိုးကြီးက လက်ညှိုးငေါက်ငေါက်နဲ့ မင်း ကောင်းကောင်းနေတဲ့ တစ်ခွန်းပဲ၊ အဘွားကြီးက သူ့ဆီမှာ ရှိတဲ့ မိလှိုင့်စာကို မိလှိုင့်မိဘဆီ သက်သေခံပစ္စည်းအနေနဲ့



ပို့လိုက်မယ်တဲ့၊ လက်ရှိအခြေအနေတွေလဲ ရေပြီး အကြောင်း ကြားမိလိမ့်မယ်တဲ့၊ ခင်အေးတို့ လင်မယားကလဲ နှစ်ယောက် ညီညွတ်ရေးရသွားပြီမဟုတ်လား၊ ငါ့ကို ဝိုင်းဘောကြသကွာ၊ ခု မင်းကလဲ မင်းအသိ၊ မိလှိုင်ကလဲ သူ့ဆီ ဖုန်းမဆက် သွား မတွေ့တာ နှစ်ပတ်ကျော်တော့ ဖုန်းထဲကနေ မေ့ဟိုင်း ချနေ တယ်၊ အေးပေါ့ အစိုးရ….မင်းကတော့ ရယ်နိုင်တာပေါ့’

‘အချိန်ကုန်၊ စိတ်လေ၊ မိသားစု ပြဿနာကက်နေရတာ တွေကို အချစ်စစ် အချစ်မှန်ရဲ့ အမွေအနှစ်လို့ သိမ်းရုံးမပြော လိုက်ပါနဲ့ ဇော်လတ်ရာ’

‘အေးပေါ့လေ၊ တစ်နေ့ မင်းလဲ ဒီပြဿနာမျိုး မတိုးဘူး လို့ မပြောနိုင်ပါဘူး၊ အဲဒီကျမှ မင်း စာနာတတ်လိမ့်မယ်’

အစိုးက မဲ့ပြုံး ပြုံး၏။

‘ငါ မစာနာလို့ပြောနေတာမှ မဟုတ်ဘဲ၊ အချစ်ဆိုတာ မှန်မြတ်တဲ့ တရားတစ်ခုပဲ၊ ဒါပေမယ့် တော်တော်များများ က အချစ်ကို နာမည်ဖျက်ထားကြလို့ အချစ်ခမျာ မျက်နှာမဖြူ ရရှာဘူး ဖြစ်နေတယ်၊ စည်းမဲ့ကမ်းမဲ့ ဗရမ်းဗတာပူချင်သလို ပူပြီးရင် ချစ်လို့ပါတို့၊ အချစ်ကြောင့်တို့နဲ့ ဖုံးကွယ်ပစ်ရော ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် လက်ပွန်းတတီးနေချင် တာကို အချစ်လို့ ကင်ပွန်းတပ်လို့ မရဘူး၊ တစ်ခုတော့ရှိတယ် ဇော်လတ်၊ သိပ်မှန်မြတ်တဲ့ တရားမို့လို့ ဒီတရားကိုချည်း ဆယ့်နှစ်ရာသီ စွဲစွဲမြဲမြဲ အားထုတ်ချင်တယ်လို့တော့ ဆင်ခြေ မလာနဲ့ကွာ၊ အခြား မှန်မြတ်တဲ့တရားတွေ အားထုတ်ဖို့ အများကြီးရှိသေးတယ်ဆိုတာလဲ မမေ့နဲ့’

စကားတွေ၊ အဓိပ္ပာယ်တွေ၊ မျက်နှာတွေ အားလုံးသည် ချည်ကျော်များသော ရက်ထည်ကဲ့သို့ ရှိနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



(၃၅)

လန်းဆန်းပေါ့ပါးနေ၏။ သမီးကြီးအတွက် ဖိနပ်၊ အင်္ကျီစ၊ ဘောင်းဘီ၊ ကစားစရာ၊ မုန့်၊ သမီးငယ်အတွက် အင်္ကျီစ၊ နို့ဘူး၊ နိုင်လွန် ပုခက်ပိုက်၊ အိမ်သား အားလုံးအတွက် ဒေါ်လေးတို့ ဝယ်ပေးလိုက်သော ပစ္စည်းတွေ။ခြင်းအမောက် ဆွဲလာရသော်လည်း လက်အံမသေနိုင်။ ဂိတ်တွင် စောင့်နေသော မြင်းလှည်းပေါ်သို့ တက်သည်။ ဈေးရှေ့သို့ ရောက်သောအခါ မြင်းလှည်းနောက်သို့ မလှမ်းမကမ်းမှ စက်ဘီးစီးလာသူ ခင်အေးကိုမြင်၏။ သူ လှမ်းခေါ်သည်။ ခင်အေး သူ့ကို မြင်သည်။ အမိနင်းလာကာ လှည်းအမြီးကို ကိုင်၏။

'မင်း တယ်စောပါလား၊ ဒီနေ့ ရုံးမတက်ဘူးလား'

'ညက ရုံးမှာ လုံခြုံရေးတာဝန် ကျတယ်ကွာ၊ ဒီနေ့ နားတယ်၊ နားတယ်ဆိုပေမယ့် သက်သာချောင်ချိရေးကိစ္စတွေ ရှိနေလို့ ရုံးက ဆယ်နာရီခွဲပြီးမှ ထွက်လာဖြစ်တာပါပဲ၊ မင်း ဈေးပြန်လား'

သူ့ အဖြေနှင့် အမေးကို ခင်အေး နားထောင်ပြီး ခေါင်းညိတ်၏။ စက်ဘီး နောက်ခုံပေါ်တွင်ရှိသော ဈေးခြင်းတောင်းကို သူ တစ်ခါလှမ်းကြည့်ပြီး....

'ဈေးဝယ်တင်ပဲလားကွ၊ ထမင်းဟင်းကော ကိုယ်တိုင် မချက်ဘူးလား'

'ချက်တာပေါ့ကွာ၊ အားရင် ထဘီတောင် လျှော်ပေးလိုက်သေးတယ်၊ မင်း ငါ့ကို အားကျနေပြီလား'

မြင်းလှည်းပေါ်ရှိ ခရီးသည်တွေက ခင်အေးစကားကြောင့် ပြုံးကြသည်။



'ငါ မိုးချုပ်ရင် မင်းဆီလာခဲ့မယ်၊ မင်း ခြေရှည်မနေနဲ့၊ အစိုးတို့လင်မယား တစ်နေ့က ရောက်နေကြတယ်၊ သူ့ မိတွေး ရဲ့ အစ်မ ဆုံးလို့ဆိုလား၊ ကိစ္စကပြီးသွားပါပြီ၊ ငါလဲမရောက်ဘူး၊ သူတို့လဲ ကိစ္စပြီးစီးမှ လာနိုင်ကြတော့တာ၊ ကဲကွာ၊ ငါ သွားမယ်'

သူ ခေါင်းညိတ်သည်။ ခင်အေး၏ စက်ဘီးက မြင်းလှည်းကို ကျော်တက်သွားသည်၊ တစ်ခု ကြိုတွေးထား၏၊ သူတို့နှင့် တွေ့လျှင် မိလှိုင်ဟူသော အမည်ကို မဟမိစေရ၊ မေးလျှင်မူ မိလှိုင်ထံသို့ သူမသွား။ တစ်လနီးနီး ရှိပြီဖြစ်ကြောင်း ပြောမြ မည်၊ အတန်တန်ဖုန်းဆက်ပြီး မှာသော်လည်း သူ လမ်းမဖြတ်ခဲ့ မည်၊ သည်နေ့ ဆယ်နာရီခန့်တွင် မိလှိုင် ကြောင်း ပြောပြလိုက်မည်။ သည်နေ့ ဆယ်နာရီခန့်တွင် မိလှိုင် ဖုန်းဆက်သေးကြောင်း၊ ရုံးဆင်းလျှင် စောင့်ပါ၊ သူလာမည် ဟု ဖုန်းထဲမှ ခပ်ဆတ်ဆတ်ပြောကြောင်း၊ သူ အင်းဟုသာ အဖြစ်စကား ဆိုခဲ့ကြောင်း ပြောပြမည်၊ အိမ်ကိုပြန်မှာလား ဟု မိလှိုင်မေးပုံ၊ မပြန်မဖြစ်ဘူး၊ အဘွားကြီးမှာထားတာတွေ သွားပို့မှ ဖြစ်မယ်ဟု သူဖြေပုံ၊ မိလှိုင်က ခနဲ့တဲ့တဲ့ရယ်ပုံတွေ ပြောပြမည်ဟု တွေး၏။

ဈေးကို လွန်လာသောအခါ မြင်းလှည်းကွေ့၏။ ထိုအကွေ့ တွင် အတွေးတွေ ရပ်သွား၏၊ ကျနေသည် မျက်လုံးအစုံကို နောက်ဆုံး အလင်းဖြင့် ကျိန်းကျိန်းစေ၏။

*

(၃၆)

ငြိမ်သက်အောင် ထိန်းပြုထားရသော စိတ်နှလုံးသည် အတော် အသင့်မျှ အလေ့ရလာ၏။ ဝတ္ထုတွေ ဖတ်သည်၊ အခြား စာ တွေဖတ်သည်။ အဆုံးမရှိသော တွေးစရာတွေ ရပ်တန့်မှု

www.burmeseclassic.com

www.burmeseclassic.com



မရှိသော ခံစားမှုတွေကို စာအုပ်စာတန်းတွေ ရုံးအလုပ်တွေဖြင့် ပိတ်ဆို့ပစ်သည်။ စာလုံးတွေ၊ အကြောင်းအရာတွေ၊ လူတွေ၊ ဇာတ်ကောင်တွေ၊ ဇာတ်လမ်းတွေကြားမှ မိလိုင်၏ ရယ်သံ၊ ချစ်နှုတ်ခမ်းနှင့် မခွဲရက်စရာ အမူအရာတွေက ရှန်းထလျက်ရှိသည်။ သူ့ရင်ထဲသို့ ပြေးဝင်တစ်လှည့်၊ ဝေးတစ်လှည့်။ နောက်ဆုတ်တော့မည်ဟူသော သူ့အဆုံးအဖြတ်ကို ကြားများကြား သိများသိလျှင် မိလိုင်အဖို့ သည်းခြေနောက်ချေလိမ့်တည့်။ အဘယ်အကြောင်းများကြောင့် စွန့်ခွာရန် ကြံစည်ခဲ့ရသည်ကိုမူ မိလိုင်သည် နားလည်မည်မဟုတ်။ ထိုရွေ့ထိုမျှသော ကာလတိုင်အောင် အနေဝေးဝေး သူနေခဲ့သည်ကို ဝေအား အသိပေးခဲ့သည်။ ဝေ မည်သို့မျှ စကားမဆို။ သို့ရာတွင် သူ့မျက်နှာရိပ် မျက်နှာကဲကိုမူ မျက်တောင်တခတ်စာ မလစ်လပ်အောင်ပင် ဝေ သတိထားနေသည်ဟု သူ ခံစားသိရှိသည်။

ဝေသည် စိတ်လှုပ်ရှားမှုကို အကုန်အစင် မဖော်ပြတတ်သော သူ။ မျိုသိပ်နိုင်စွမ်းသည် ဝေ့တွင် အံ့သြဖွယ်ကောင်းအောင် ရှိနေသည်ဟုလည်း သဘောပေါက်လာသည်။ ဝေ၏ စကားတို့သည် နှုတ်ဖျားမှသာ ဖြစ်ပေါ်တတ်သည် မဟုတ်။ မျက်ခုံးတစ်ပင့်၊ မျက်လုံးတစ်ချေ၊ နှုတ်ခမ်း တစ်လှုပ်တို့သည် ဘာသာစကားများ ဖြစ်လာကြသည်။ ဝေ၏ ခြေလှုပ် လက်လှုပ်ဟူသမျှသည် အနက်ပွားသော စကားများဟု နားလည်ရ၏။

'ဟုတ်တယ် ကိုခင်အေးရဲ့၊ မြန်မာ့အသံက အစီအစဉ်မှူးကို စာရေးမယ်လို့တောင် ဝေ စိတ်ကူးသေးတယ်၊ နေ့လယ်နေ့ထ ပူလိုက်တာ ပြင်းလို့၊ အဲဒီအချိန်မှာ စက်လဲပျော်ပါနိုင်



သီချင်းကြီးကို လွှင့်ပေးတယ်၊ အဲဒါက တော်သေးတယ်၊ ခုတစ်လော ကလေးနှစ်ယောက် ထိန်းရတာနဲ့ အိမ်မှုကိစ္စ များရတဲ့အထဲ အခုလာနေတဲ့ 'ပြန်လည်ဆုံဆည်းကြပါပြီ' သီချင်းက နေ့တိုင်း လာနေတယ်၊ စိတ်ကိုညစ်လာရော'

ခင်အေးသည် နှစ်ခွတွက်သော အဓိပ္ပာယ်ကို ဂရုပြုမိဟန်တူ၏။ ပြုံးထေ့ထေ့နှင့်နေသည်။

ဝေ့စကားနှင့် စပ်လျဉ်း၍ သူနှင့် ခင်အေးသည် နားမရှိသကဲ့သို့ နေလေ၏။

'ကိုခင်အေး လက်ဖက်သုပ် စားမလား၊ ဝေ သုပ်လိုက်မယ်'

ခင်အေး ခေါင်းခါပြ၏။ ထိုနောက်....

'အစိုးတို့အိမ်သွားမလားလို့ လာခေါ်တာ သိပ်နောက်ကျနေဦးမယ်၊ ဇော်လတ် သွားရအောင်'

သူ ကုလားထိုင်မှ ထကာ အင်္ကျီချိတ်ရှိရာသို့လျှောက်သွား၏။ ထိုစဉ် ခင်အေးက....

'အပြင်ထွက်လက်မှတ် မဝေ ထုတ်မပေးသေးလို့ ဒီကောင် ငြိမ်နေတာ၊ မပူပါနဲ့၊ အပြန်ကို ကိုယ်တိုယ်တိုင် အိမ်တိုင်ရာရောက် ပြန်ပို့ပေးပါ့မယ်'

ရှပ်အင်္ကျီကြယ်သီးတပ်ရင်း သူ ပြုံးနေ၏။ ဝေက....

'မပူပါဘူး၊ အကြံတူဉာဏ်တူ ဘဝတူတွေပဲဟာ၊ ဒီမြို့မှာ ဆိုရင်တော့ စိတ်မချစရာ အကြောင်း မရှိပါဘူး။ သူငယ်ချင်းတစ်တွေ တိုင်ပင်ကြဦးပေါ့၊ လက်ဖက်ရည်ဆိုင်မှာ နှီးနှောဖလှယ်ပွဲ ကျင်းပကြပေါ့၊ ဟုတ်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ခင်အေးသည် မျက်နှာရှုံ့လိုက်၏။ ခင်အေးကို သူကြည့်သည်။ သူ ရယ်ပစ်လိုက်သည်။

***

နောက်ထိုင်ခုံတွင် လက်ဖဝါး ထောက်ကာ ကိုယ်ကို ကိုင်း ပြီး....

'ဘာ.... မိလှိုင်ရောက်နေတယ် ဟုတ်လား'

ခင်အေးကမြင်းလှည်းကို လမ်းပေးသောအားဖြင့် ကတ္တရာလမ်း လက်ယာဘက်သို့ ကပ်ကာ နင်း၏။ လွှတ်တော့မှ ကတ္တရာလမ်းပေါ်သို့ ပြန်တက်၏။

'စောစောတုန်းက မင်းပြန်အလာ ငါနဲ့တွေ့တယ် မဟုတ်လား'

'အင်း'

'ဟင်းကျူချက်ရင်း မိန်းမကခရမ်းချဉ်သီးမေ့လို တစ်ခေါက် ပြန်လွှတ်လို့ ဈေးသွားရတယ်၊ မင်းနဲ့ တွေ့ပြီး တစ်နာရီခွဲ ကျော်ကျော်လောက် အကြာလို့ထင်တယ်၊ သူ ဘယ်ဘက် နောက်ဘက်စွန်းမှာ ထိုင်နေတာ၊ တူပါတယ်လို့ ထင်လို့ နောက်ချန်ပြီး မြင်းလှည်း ညာဘက်ကို ငါ ကွေ့လိုက်တယ်၊ မျက်နှာတစောင်းမြင်ရတော့ သူ ငါ့ကိုမြင်တယ်၊ ပြုံးပြုံး ရယ်ရယ် နှုတ်ဆက်တယ်၊ သူ့အဒေါ်တွေဆီကို လာတာတဲ့ မင်း ရောက်ပြီလားလို့ ငါ့ကို မေးတယ်။ ရောက်နေပြီ တွေ့တောင် တွေ့လိုက်သေးတယ်လို့ ငါ ပြောလိုက်တော့ ခေါင်း တဆတ်ဆတ် ညိတ်တယ်၊ အိမ်လည်လာပါဦးလို့ ငါ ပြော ပြီး မြင်းလှည်းကို ကျော်တက်လိုက်တယ်'

'အေးသွယ်သွယ်ကို မင်း ပြောပြသေးလား'



မီးသတ် အဆောက်အအုံ ရှေ့သို့ ရောက်သည်တွင် စက် ဘီး အရှိန်လျှော့ပြီး နင်းရင်း....

'ဟင့်အင်း'

သူ တွေနေသည်၊ ခင်အေးက လက်ဝဲဘက်သို့ကွေ့ပြီးမှ....

'ဘာကိစ္စနဲ့ ရောက်လာလဲ မသိဘူး'

'သူ့အဒေါ်တွေနဲ့ အိမ်ကိစ္စ စကားပြောစရာ ရှိတယ်ဆို တာတော့ ငါသိတယ်၊ သူ့အဘွားကြီး ပါလာလား'

'ငါ ကောင်းကောင်း မမှတ်မိဘူး။ ကြည့်လဲ မကြည့်မိ လိုက်ဘူးကွ'

'မိလှိုင်ဆိုတာတော့ သေချာပါတယ်နော်'

ခင်အေးမဖြေ၊ တစ်ခွန်းဆဲသည်၊ ပြီးမှ....

'မင်း နည်းနည်းကို ရှည်တယ်၊ ကောင်းတယ်၊ ခုနတုန်း က မိဝေက စန္ဒရားချစ်ဆွေသီချင်းနဲ့ တီးလိုတီး၊ မြန်မာ့အသံ နဲ့ ကိုင်ပေါက်လိုပေါက်နဲ့၊ နည်းတောင်နည်းသေးတယ်'

'မင်းက အိမ်ပေါ်တက်တက်ချင်း မိုးလေဝသ ကောင်းပါ တယ်နော်လို့ ချွန်တာကိုးကွ၊ မင်းထောင်တဲ့ ဩောင့်နဲ့ မင်းပါ တစ်ချက်ပြန်စူးသေးတယ်မဟုတ်လား၊ ရယ်မနေနဲ့မင်းတကယ့် ကောင်ကွာ၊ မင်းမလာခင် ငါက မေးစရာရှိတာ မေးတော့ နည်းနည်း ကျွမ်းတိုနေတယ်'

'ဘာမေးလို့လဲ'

'ဩြော်ကွာ၊ အဘွားကြီးက မိလှိုင်မိဘဆီ စာပို့မယ် ဘာ မယ်ဆိုတဲ့ကိစ္စ၊ ပို့မျှားပို့လိုက်ပြီလားလို့ ငါမေးတာပေါ့'

'သူက ဘာပြန်ဖြေလဲ'

'ဝေက မေးမေးဖြေဖြေ နှစ်ဖက်သွားမဟုတ်လား၊ အသွား က ရှေ့ရှုံ့နဲ့ မြည့်နေတာ၊ မေမေက မိန်းမလိုင်း မဟုတ်ဘူးတဲ့၊

www.burmeseclassic.com



မောင့်ကိုယ်မောင် ပြင်အောင် တမင်တကာ ပြောတာတဲ့၊ စာနာစိတ်ရှိတဲ့ သူတဲ့၊ မေမေ့မပြောနဲ့၊ သူတောင် အဲသလို မလုပ်ဘူးတဲ့၊ အဓိပ္ပာယ်က မီးလိုင်ကို လှမ်းပြီး ပစ်ခတ် တိုက်ခိုက်လိုက်တာပေါ့ကွာ၊ မင်းနှယ် ထမင်းမစားခင်က အဖြစ်ကမှ ပိုဆိုးတာ၊ အမေနဲ့ သူနဲ့ ထမင်းဝိုင်းပြင်နေတုန်း ငါက မီးဖိုဆောင်ထဲ ဝင်မယ်အလုပ်မှာ အမေက သူ့ချွေးမတော်ကို သင်တန်းပေးနေတာတွေ'

သူ ခဏနားသည်။ ခင်အေးက ရန်ကုန်မန္တလေး ကားလမ်းကို ဖြတ်၍နင်းသည်။ ကုန်းဆင်းတွင် ခြေနင်းလျှော့တာ....

'ဆိုစမ်းပါဦး'

ခင်အေးနောက်ကျောကို သူ့ပခုံးနှင့်ထိအောင် တိုးပြီး....

'ရှင့်ဟာရှင် ကျွေးနိုင်ရင် ဆယ်ယောက်ယူယူဆိုတဲ့ စကားလဲ မပြောရဘူးတဲ့၊ ရှေ့ပိုင်း ဘာတွေပြောတယ်ဆိုတာတော့ ငါ မကြားခဲ့ရဘူးလေ၊ ယောကျ်ားဆိုတာ အဲဒီစကားကြားရင် မကျွေးနိုင်တာမှန်နေရော အယောက်တစ်ရာ ယူချင်စိတ်ပေါက်လာမယ်တဲ့၊ ယောကျ်ားအားလုံးကို ပြောတာတော့ မဟုတ်ဘူးတဲ့၊ တော်တော်များများက သုံးထမ်းပိုး ကျတာတောင် အရှုသင်ချင်တုန်းတဲ့၊ မြင်းကို ဇောင်းထဲမှာ ချည်ထားရင်လဲ အညောင်းမိမယ်တဲ့။ လွှတ်ပေးလိုက်ရင်လဲ စကြဝဠာ ဟိုတက်ရောက်အောင် ကဆုန်စိုင်းသွားတတ်တယ်တဲ့၊ ထိန်းတတ်ရတယ်တဲ့၊ ထမင်းချက်၊ အဝတ်လျှော်၊ ကလေးထိန်း၊ အိပ်ရာပြင်တာလေးတွေနဲ့ အိမ်ထောင်ရေးပညာ ပြီးသွားတာ မဟုတ်ဘူးတဲ့'



လူသွားလူလာနည်းသော နေရာဖြစ်၍ ခင်အေးသည် သံကုန်ဟစ်၍ ရယ်ချသည်။

'မိန်းမဟူသည် လှေနဲ့မြင်းသာ ဘာညာနဲ့ စာဆိုရှိခဲ့တယ်၊ မင့်အဘွားကြီးလက်ထက်ကျမှ တို့တစ်တွေမြင်းဖြစ်ကုန်တော့တာကိုး၊ ဟား....ဟား....အင်း....ဆက်စမ်းပါဦး'

သူပါ ရော၍ ရယ်ရင်း....

'ယောကျ်ားတော်တော်များများဟာတဲ့ လှလှပပ နုနုနယ်နယ်လေးတွေ တွေ့ရင်တဲ့ ခေါ်တောကြည့်နဲ့ သမာဓိကြည့်သာ ကွာတယ်၊ ကြည့်ချင်ငေးချင်တဲ့ သဘာဝရှိတယ်၊ လှလိုက်တာ၊ ချစ်စရာကောင်းလိုက်တာပဲ ဘာပဲ နှုတ်ဆော့သူ ဆော့တယ်တဲ့၊ သိပ်လှတဲ့ ဥယျာဉ်ထဲရောက်ရင် ကြည့်တော့ ကြည့်ကြတာချည်းပဲတဲ့၊ ခူးချင် ပန်ချင်စိတ်နဲ့ ကြည့်တာရယ်၊ အလှအပရဲ့သဘောကိုကြည့်တာရယ်ကွာခြားသတဲ့ကွ၊ အဲသလောက်ကိုတော့ မိန်းမတစ်ယောက်အနေနဲ့ မသိချင်ယောင်ဆောင်တန်ဆောင်ရသတဲ့ကွ၊ ဟား....ဟား....ဒါဟာ မြင်းဇောင်းထဲမှာ မြင်းကို အညောင်းမမိအောင် ခြေဆန့် လက်ဆန့်ထုတ်ပြီး လျှောက်ခိုင်းတာမျိုးပေါ့တဲ့၊ ဟင်း....ဟင်း.... ငါ့လဲမြင်ရော အမေက ဟဲ့ကောင်လေး ဘာလာလုပ်တာလဲ၊ အပြင်သွား၊ ထမင်းပွဲပြင်ပြီးရင် ခေါ်မယ်တဲ့၊ အဲဒီ အမေ့စကားတွေ အဖေ့ကို ပြန်ပြောပြလိုက်ရင် ကောင်းမယ်'

ကုန်းမြင့်အဆင်းတွင် စက်ဘီးအရှိန်ပြင်းလာသည်။ ဈေးတိုးသံသည် မြွေတွန်သံကဲ့သို့ ဖြစ်နေ၏။

*

www.burmeseclassic.com

www.burmeseclassic.com



(၅၇)

ရယ်ပွဲသည် ရုတ်ခြည်း ရပ်သွား၏။

မျက်လုံးတွေအားလုံးက အိမ်ပေါက်သို့ တစ်လှမ်းချင်းတက်လာသူ မီလှိုင်ထံသို့ ရောက်နေ၏။ ခင်အေးက ထိုင်ရာမှထကာ နေရာပေး၏။ မီလှိုင်သည် ဧည့်ခန်းစားပွဲဝိုင်းသို့ လျှောက်လာသည်။ အစိုးက ပါးစပ်အဟောင်းသားနှင့် ဖြစ်နေ၏။ မစန်းသင်က သမင်လည်ပြန် တစ်ချက်ကြည့်ပြီး သူနှင့် ဝေတို့ကို ဖျတ်ခနဲ ကြည့်လေသည်။ မီလှိုင်သည် အားလုံးထံသို့ မျက်လုံးဝေ့၏။ သူ အံ့အားသင့်စွာ ငေးသာငေးနေမိ၏။ ဝေ့ကို မီလှိုင် ကြည့်ကာ ပြုံး၏။ ဝေသည် အံ့ဩမျက်နှာနှင့်ရှိနေရာမှ ပြုံး၍....

'လာ....ထိုင်ပါ'

အစိုးက မီလှိုင် ထိုင်ရန် နေရာထပေး၏။ မီလှိုင် အစိုးကို ပြုံးပြ၏။

'ဩော်....ကိုစိုး'

'ဟုတ်ကဲ့၊ နေကောင်းတယ်နော်၊ ထိုင်ပါ'

'ရပါတယ်၊ ထိုင်ပါ၊ ကျွန်မ ဒီမှာ ထိုင်ပါ့မယ်၊ ကိုခင်အေးလဲ ရောက်နေတာကိုး၊ ထိုင်ပါဦး'

'ဟုတ်ကဲ့'

'မအေးသွယ်သွယ်တို့ကော နေထိုင်ကောင်းကြတယ်နော်၊ ကျွန်မ မနေ့က အဲဒါ မမေးလိုက်မိဘူး'

ဟုတ်ကဲ့၊ နေကောင်းပါတယ်ဟု ခင်အေးက ဖြေပြီး မျက်လွှာချကာနေ၏။ ဝေက ခင်အေးကို လှမ်းကြည့်သည်။ သူ မီလှိုင်ကို ကြည့်ရာမှ မျက်နှာလွှဲကာ ဘုရားစင်သို့ ငေးကြည့်ကြည့်နေ၏။ ထိုအခြေအနေတွင် အစိုး တစ်ခွန်းဝင်ပြော၏။



'မရှိရှိလှိုင်၊ သူက မစန်းသင်၊ ကျွန်တော့် အမျိုးသမီးလေ'

မီလှိုင် မစန်းသင်ကို ပြုံးပြသည်။ အသားဖြူ မျက်နှာဝိုင်း မစန်းသင်၏ မျက်နှာမှာ နီရဲရဲ၊ ပျက်တက်တက်မျက်နှာကို မနည်းပင် ကာခြံဆည်ထားရဟန် ရှိ၏။ မီလှိုင်ကို ပြုံးပြကာ ခေါင်းတစ်ချက်ညိတ်ရသည်မှာပင် မစန်းသင်အဖို့ မပေနိုး နေပုံ ရချေ၏။

'လဟာပြင်ဈေးမှာ တစ်ခါဆုံဖူးတယ်လေ၊ ကျွန်မမှတ်မိပါတယ်'

မီလှိုင် ဖြေသည်။ ထိုအချိန်တွင် စားပွဲပေါ်ရှိ ကော်ဖီပန်းကန်တွေသို့ သူ့ အကြည့်ရောက်၏။ သောက်ပြီးသော ပန်းကန်တွေ။ မီလှိုင်အတွက် ကော်ဖီဖျော်ပေးပါဟု ဝေ့ကို ပြောရန်မှသင့်၊ သူကိုယ်တိုင် ထ၍ ဖျော်ပေးရန်နေနေသာသာ ကုလားထိုင်ပေါ်မှ မလှုပ်ရဲ။ မီလှိုင်ကို မြင်လိုက်သည်မှ အစပြုကာ ယခုတိုင် ရင်တွေခုန်နေ၏။ အံ့ဩခြင်းမက အံ့ဩစွာ အံ့ဩမိသည်။ ဘာလို့များ ရောက်လာပါလိမ့်။ ဝေနဲ့ မျက်နှာချင်းဆိုင် ဆုံဖို့ဆိုတာ လှိုင်စိတ်မကူးဘူး သိလားဟု ဆိုဖူးသော မီလှိုင်သည် ဘာအကြောင်းများကြောင့် ရောက်လာတာပါလိမ့်။ အားလုံး မျက်နှာတွေ ပျက်နေကြတာပဲ၊ အဖေနဲ့ အမေတို့ အပြင်သွားနေတန်းမို့ တော်ပါရဲ့။ အနေခက်လိုက်တာ... စီးကရက်ဘူးထဲရောက်နေတာမှ အသက်ရှူချောင်ဦးမယ်။ ဝေ့ ဆံပင်တွေထဲဝင်ပုန်းလို့ရရင် ပုန်းလိုက်ချင်တယ်။ မီလှိုင်နားကပ် နောက်ပိတ် ဝက်အူရစ်ထဲ ဝင်နေလို့ရရင် ဝင်နေချင်တယ်။ အနေအထိုင်ကျဉ်းမြောင်းလိုက်တာဟု ရင်ထဲမှ ညည်းညူမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စလေးတွေရှိလို့ ပြန်လိုက်ဦးမယ်၊ ပြန်တွေ့မှာလား၊ ဟုတ်ကဲ့ မရီရီလှိုင်၊ အလုပ်ကိစ္စ ချိန်းထားတာရှိလို့၊ ဦးလေးတို့ ဒေါ်လေးတို့ကော ဝေ၊ အပြင်သွားကြတယ်။ ဪ....မရီရီလှိုင် အေးအေးဆေးဆေးပဲလား။ ဟုတ်ကဲ့ ဆိုပါတော့။ ပြောစရာလေးလည်း နည်းနည်းရှိလို့။ ခုမှလာရတာ ဝေ။ လာဖို့ စိတ်ကူးတာ ကြာပါပြီ။ ။ဪ....လက်ဖက်စားပါဦး။ ဟင့်အင်း....လှိုင် မစားတော့ဘူး။ ဒါဖြင့် ခဏနေဦး။ ဝေ ကော်ဖီ သွားဖျော်ဦးမယ်။ ကျွန်မ ဗိုက်ပြည့်နေလို့ပါ။ ကျွန်တော်တို့ကိုလည်း ခွင့်ပြုပါဦး မရီရီလှိုင်။ ဟင်....ကိုစိုးတို့ပါ ပြန်တော့မှာလား။ လှိုင် ရောက်လာလို့ စကားဝိုင်း ပျက်သွားပြီထင်တယ်။ မဟုတ်ပါဘူးရှင့်၊ ဟိုဒင်း....ဝယ်စရာ နည်းနည်းရှိလို့။ ကျွန်တော်တို့ ရောက်ခနတာ ကြာပြီ ခင်ဗျ၊ စကားသံ၊ နှုတ်ဆက်သံ၊ အသက်မပါသော ရယ်သံ၊ ခြေရွှေ့သံ၊ ကုလားထိုင်ဖယ်သံများကို ကြားသည်။ ကြားသော်လည်း အသံသက်သက်သာလျှင် ထင်၏။ မျက်လုံး၊ မျက်နှာတွေ ကြည့်သည်။ ပြန်လည်ပြုံးပြ ခေါင်းညိတ်သည်။ လှုပ်ရှားရွေ့လျားနေသည့် သဏ္ဌာန်တွေကို မြင်သည်။ မြင်သော်လည်း အမြင်သက်သက်သာလျှင်ရှိ၏။ တစ်ပါး သူကိုမသိသော်လည်း သူ့ကိုယ်သူကား သိ၏။ သောကဖြင့် ဖန်တီးထားသော ယန္တရား ရုပ်သည် သူ။

BURMESE CLASSIC

'ဝေ လှိုင်နဲ့ ကိုဇော်လတ်အကြောင်း ကို သိတယ်နော်'

ဝေ ပြုံး၏။ ဝေ့အပြုံးသည် နေမှီးအသွင်၊

'တစ်ချိန်တစ်ခါက လှိုင်ခံစားခဲ့ရတာကို ဝေ သိလား'

'မရီရီလှိုင် ရေးတဲ့စာကို ဝေ ဖတ်ရပါတယ်'



'ပြန်ပြီး တွေ့တဲ့အခါ လှိုင် သူ့အပေါ် သံယောဇဉ်မပြတ်နိုင်ခဲ့ဘာ လှိုင်အမှားပါ၊ ဒါပေမယ့်....လှိုင် နောက်ဆုတ်ခဲ့ပါတယ်။ သူ့........'

သူ ရင်တွေ ခုန်လာ၏။ သူ့ကြောင့် နောက်မဆုတ်ဖြစ်ခဲ့ဟု ဆက်ပြောရန် စကားရှပ်သည်ဟု ထင်၏။ သို့သော်....

'ဘာဖြစ်လို့ လှိုင် နောက်ဆုတ်တယ်ဆိုတာ သူ သိပါတယ်၊ ပြောလဲ ပြောခဲ့ပါတယ်၊ ဝေ့ကို လှိုင်ခံစားရသလို မခံမား စေချင် လို့ပါ ဝေ၊ ဒါကို ဝေ ယုံချင်မှ ယုံပါ၊ အကြောင်းအမျိုးမျိုးကြောင့် လှိုင် ဆက်ပြီးမဆုတ်နိုင်ခဲ့ဘူးလေ၊ ဒါလဲ ဝေ သိပြီးသား ဖြစ်မှာပါ၊ ဒီနေ့တော့ ဒါတွေ လာပြောဖို့ လှိုင် ဆုံးဖြတ်ခဲ့တာပဲ'

ဝေသည် လက်ရန်းထိပ်တွင် တံတောင် ထောက်ထား၏။ လက်ဖဝါးတွင် မေးတင်ပြီး ကြည့်နေသည်။ ဝေ့အကြည့်သည် မျက်တောင်အခတ် နည်းလှလေ၏။

'မရီရီလှိုင်တို့ အခြေအနေမှန်ကို မရီရီလှိုင်တို့ နှစ်ယောက်သာ အသိဆုံးဖြစ်မှာပါ၊ နှစ်နာလောက်အောင် ငြိစွန်းပြီးရင် ဆက်မယှဉ်ရှိး ဆက်ဖြစ်အောင် ဆက်ကြပေါ့လေ၊ ဝေ ဒါပဲ ပြောစရာရှိတယ်'

ပွန်းနွေးသောသွေးကြောတွေထဲသို့ အရှက်ရည်လောင်းထည့်သည်ဟု ခံစားရ၏။ မိလှိုင်ကို သူ မျက်နှာချင်း ဆိုင်နေရသော် အကြည့်က မဝံ့စား၊ မိလှိုင်က လိပ်ပြာသန့်စင်စွာ ပြုံးသည်။

'လှိုင်တို့ နှစ်ယောက်စလုံး ဒီအထိတော့ စည်းမဖောက်ခဲ့ပါဘူး ဝေ'

ဝေသည် အောက်နှုတ်ခမ်းကို အထက်သို့ ခပ်ဖွဖွမ်းလှမ်း ဖိထားပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဒီအတွက် နှစ်ယောက်စလုံးကို ဝေ ချီးကျူးပါတယ်၊ ပြီးတော့ ကျေးဇူးလဲ တင်ပါတယ်၊ ဆက်ပါဦး မရီရီလှိုင်'

မိလှိုင်သည်ခံ စားမှုအလုံးစုံကို အလျှင်းမဖုံးကွယ်ထားနိုင်။

'အခုပဲ ကိုဇော်လတ်ဆီက အဖြေကို ကြားချင်တယ်'

သူ မိလှိုင်ကို ထိတ်လန့်စွာ ကြည့်သည်။ ဝေသည် ထိုင်ရာမှ ထ၏။ သမီးငယ်၏ပုခက်ကို လွှဲပြီး မူလနေရာတွင် ပြန်ထိုင်သည်။

'ဝေနဲ့ပဲ နေချင်တယ်ဆိုရင် လှိုင် ပြန်တဲ့အခါ ဒီမှာနေရစ်ခဲ့။ လှိုင်နဲ့နေဖို့ ရွေးတယ်ဆိုရင် လှိုင်အပြန်မှာ လှိုင့်နောက်ကို လိုက်ခဲ့'

အသက်ရှူ ရပ်သွားမည်လား အောက်မေ့၏။ မိလှိုင်၏ အကြည့်သည် မှေးမှိန်ခြင်း မရှိ။ ပိသပြတ်သားသောလေယူ လေသိမ်း သူ ငိုင်နေ၏။ ဒူးနှစ်ဖက်တွင် တံတောင်တင်ကာ ခါးညွတ်လိုက်၏။ လက်ဝါးနှစ်ဖက်ဖြင့်မျက်နှာကို ငုံ၍အသာ ပွတ်သည်၊ နားထင်မှ နောက်သို့ လက်ချောင်းရွှေ့ထိုးကာ သိမ်သည်။ ခေါင်းမော့လိုက်၏။ ခေါင်းထဲတွင် ရီဝေနေသည်။

'ဝေ သဘောတူလား'

ဝေ ခေါင်းညိတ်ကာ အဖြေပေးလိုက်သည်။ ထိုနောက်....

'အချိန်နဲ့အမျှ ခံစားရတဲ့ဒုက္ခကို ဝေလဲ မခံစားချင်ဘူး၊ မရီရီလှိုင်ကိုလဲ အဲသလိုပဲ ဖြစ်စေချင်တယ်'

မိလှိုင် ထိုင်ရာမှ ထ၏။ ထိုအခိုက် သမီးငယ်၏ ငိုသံကြားရသည်။ ပုခက် လှုပ်စပြုလာသည်။ သမီးငိုသံ ဆက်လာ၏။ ဝေကို လှည့်ကြည့်သည်။ ဝေ မလှုပ်။ ပုခက်ကို စောင်း၍ပင် မကြည့်။ ငိုသံ စူးလာ၏။ မိလှိုင်ကို သူ ကြည့်သည်။ ခြေစုံရပ်၍ နေ၏။ အာခေါင်ခြစ်၍ အော်ငိုသံ မြင့်လာလေသည်။ ဘူ



ကုလားထိုင်လက်တန်းကို လက်ထောက်ပြီး ကိုယ်ကို ကြွ၏။ ပုခက်ဆီသို့ လျှောက်သွားချိန်တွင်....

'ကိုလတ် မိလှိုင်သွားမယ်'

ခြေလှမ်းတွေ တုံ့သွား၏။ မိလှိုင်နောက်သို့ခြေဦးရွှေ့သည်။ သမီးပုခက် လှုပ်ယမ်း နေလှန်းသည်။ ငိုသံမှာ အသံပျောက် မတတ် ဖြစ်လာသည်။ သမီးကို ပွေ့ယူကာ ချီလိုက်၏။ အငို မစဲသော်လည်း အတန်လျော့သွားသည်။ မိလှိုင်ကို လှမ်းကြည့်သည်။ ဖိနပ်စီးနေသည်။ တစ်ဖက်သို့ လှည့်မည်အပြုတွင်....

'ဝေ....လှိုင် သွားတော့မယ်'

လှေကားခုံပေါ်မှ တစ်ထစ်ချင်းနင်းပြီး ဆင်းသွားသည်။ ခြံဝသို့ ခပ်မှန်မှန် လျှောက်နေသည်။ ခြံဝမှ ထွက်သွားသည်။ မိလှိုင့်လက်ကို သူ လှမ်းဆွဲသည်။ မျက်နှာချင်းဆိုင် ရပ်လိုက်သည်။ ပြောမည် နှုတ်ခမ်းပြင်ဆည်၊ သူ့လက်ကို မိလှိုင်ဆွဲကာ တအားပြေးသည်။ မြေပြင်နှင့် ခြေထောက်တွေ မထိ။ လေထဲတွင် အလျှင်မြန်ဆုံး ပြေးသည်။ အဝေးဆုံး နေရာသို့။

'သမီးကို ဝေ့ ပေးလေ'

အတွေးတွေ သူ့ ခြေစုံပေါ်၌ ပြန်လည်ရပ်၏။ သူ့ လက်ထဲမှ သမီးကို ဝေက လှမ်းယူကာ ပွေ့၏။ သမီး အငိုတိတ်စေရန် စူတ်သပ်သော ဝေ့အသံ၊ အိုးအိုးအေ ချော့မြူသံ သူကြား၏။ ဝေ့ဘက်သို့ ကိုယ်ကိုလှည့်သည်။ သမီးကို ခေါ်မြူ ချော့ယယ်သော ဝေ့အသံသည် စဉ်းငယ်မျှ တုန်တုန်ခါခါ။

*

www.burmeseclassic.com



(၅၈)

'မိလှိုင်ပါ'

တယ်လီဖုန်း ကိုင်ကာသာနေ၏။ ပြန်ပြောစရာစကားတွေ ခန်းလျက်ရှိသည်။

'သူငယ်ချင်း တစ်ယောက်လိုတောင် ကိုလတ် သဘော မထားနိုင်တော့ဘူးလား ဟင်'

'သတ္တုလိုက်သံ ရပ်သွားပြန်သည်။

'မိလှိုင် ပြောချင်တာ အကုန်ပြောပေါ့၊ ကိုယ် နားထောင်နေပါတယ်'

'မိလှိုင် အသင့်တော်ဆုံး လမ်းကို ရွေးရတာပါ၊ မိလှိုင် ကိုလတ်ကို ခွင့်လဲ ခွင့်လွှတ်တယ်၊ နားလဲ နားလည်တယ်၊ ကိုလတ်ကို အချစ်မပျက် အခင်မပျက် သံယောဇဉ် ထာဝရ ရှိနေမှာပဲ၊ အမြဲ ဂရုတစိုက်နဲ့ ရှိနေမယ်ဆိုတာလဲ ယုံပါ၊ လူတွေကို နားလည်အောင် မိလှိုင်ကြိုးစားပါတယ် ကိုလတ်ရယ်'

သူ့တွင် ပြောစရာတစ်ခွန်း ရှိသေးသည်။ထို့ကြောင့်....

'ညနေ ရုံးကို လာရမလား'

ချက်ချင်း မဖြေ။

'မေမေ ရောက်နေတယ်၊ ဒီမှာ အတော်ကြာကြာ နေဦးမယ်တဲ့၊ ကဲ....ဒါပဲနော် ကိုလတ်၊ စိတ်ရန့် ရှင်းပါ ကိုလတ်ရယ်'

တစ်ဖက်မှ တယ်လီဖုန်းချပြီးသည်ကို သိသော်လည်း သူ့လက်မှ တယ်လီဖုန်းကို မချဖြစ်သေး။



(၅၉)

စဉ်းစားခဲ့ဖို့ ကောင်းသည်။

မစန်းသင်၏ စကားကို ကြားခါစက မေ့မေ့ပျောက်ပျောက် နေခဲ့သင့်သည်။ "ပြောမယ်....ပြောမယ်နဲ့ မေ့နေခဲ့တယ်၊ မရီရီလှိုင်နဲ့ ရန်ကုန်ထဲမှာ တွေ့တယ်။ ကိုစိုးရယ် ကျွန်မရယ် သားကြီးရယ် ပပဝင်းမှာ ရုပ်ရှင်သွားကြည့်တုန်းက ရုံအောက်မှာ တွေ့တာ၊ ကျွန်မတို့က မမြင်ပါဘူး၊ သူကမြင်ပြီး လာနှုတ်ဆက်တာ၊ ဟိုအရင် ကိုဇော်လတ်တို့အိမ်မှာ တစ်ခါ ဆုံတယ်လေ၊ အဲဒီနောက် မတွေ့တာ သုံးလေးနှစ်ရှိပြီ။ လှလာတယ်၊ နည်းနည်းလည်း ဝလာတယ်၊ ရှုံထဲဝင်ခါနီး စကားပြောမိကြတယ်လေ၊ မေးပါတယ်။ ကိုဇော်လတ်ကိုရော ဝေ့တို့ရော၊ သူ ရန်ကုန်ကို ပြန်ရောက်နေပြီတဲ့။ အရှင်ဌာနမှာပဲတဲ့၊ ကိုဇော်လတ်ကို အလည်လာဖို့ သုံးလေးခါ စကားပါးလိုက်ပါရဲ့" ဟု မစန်းသင် ပြောသည်၊ ထေးငါးလက ဤအကြောင်းအရာကို အစိုးက ပြန်မပြောမိခဲ့၊ မေ့၍သော်လည်းကောင်း၊ အသိမပေးလို၍သော်လည်းကောင်း ဖြစ်ချေလိမ့်မည်၊ မိလှိုင်၏ ရုံးပတ်ဝန်းကျင်မှ ပြတ်သွားပြတ်လာပြုဖူးသောအကြိမ် မနည်းလှ၊ ရန်ကုန်သို့ပြန်ရောက်သည်ကို မသိခဲ့၊ သိပြီးသည့်တိုင် ခြေဦးတည်ရန် စိတ်မဝံ့၊

စိတ်ဝံ့၍ ရုံးပေါ်သို့ လှမ်းတက်သောအခါ စိတ်လေးနေပြန်၏။

လှေကားထစ်တွေပေါ်အောင်ရောက်ခဲ့ဖူးသော ထိုနေ့ကတစ်နည်းတစ်ဖုံ ခြောက်လှန့်သည်။ သူ့ကို မြင်ဖူးခဲ့ပြီးသော အမှုထမ်းတွေ မြင်မည်စိုးသည်၊ သို့သော် မျက်နှာကောင်းတွေ မတွေ့ရ၊ အနေအထားတွေက အစ ပြောင်းနေ၏။ အပိတ်

www.burmeseclassic.com

www.burmeseclassic.com



အကာ အစာနှင့်တွေ နေရာတိုင်းတွင်ဖြစ်နေ၏။ အခန်း ဝသို့ အရောက်တွင် လုံခြုံရေးတာဝန်ကျ အမှုထမ်းက သူ့ကို မေး၏။ ဒေါ်ရီရီလှိုင်နဲ့ တွေ့ချင်လို့ပါဟု ဖြေသည်။ အပေါ်ထပ်မှာပါဟု နေရာညွှန်သည်။

***

'ဘယ်သူလဲလို့၊ လာ....ထိုင်'

အံ့အားတသင့် နှုတ်ဆက်သော်လည်း လေသံတွေအေးစက်သည်ဟု သူ ခံစားရ၏။ သူ ပြုံးမည်စိတ်ကူး၏။ မိလှိုင်မျက်နှာချင်း မဆိုင်အားသေး။ ဖိုင်တွဲတွေကို ထုတ်၏။ တစ်ခုချင်းဖွင့်ကာ ရှာ၏။ ရှာရင်းနှင့် ခေါင်းလောင်းကို လှမ်းနှိပ်သည်။ ရုံးအကူ လူငယ်တစ်ဦးဝင်လာသည်။ ရုံးအုပ်ကြီးကိုခေါ်လိုက်ပါဟု မိလှိုင် ပြောသည်။ ရုံးအကူလူငယ် ထွက်သွားပြီး မကြာမီတွင် ရုံးအုပ် အမျိုးသားကြီးတစ်ယောက် ဝင်လာသည်။ မစ်စုဘူရှီကုမ္ပဏီကပို့လိုက်တဲ့ ကုတ်တေးရှင်းတွေ ကျွန်မ လိုချင်တယ်။ လာမယ့် ကြာသပတေးနေ့ အစည်းအဝေးမှာ တင်ရမယ်။ အဲဒါ မတင်ဖြစ်ရင် ကျွန်မတို့ ဘတ်ဂျက်မမီဘာမမီနဲ့ ဖြစ်ကုန်မယ်ဟု ပြောသည်။ ဟုတ်ကဲ့၊ ကျွန်တော် ရှာယူလာပါမယ်ဟု ဖြေကာ ထွက်သွားသည်။ ရုံးအုပ်ကြီးကို ပြောနေစဉ် ကြိုးစည်းဖိုင်တစ်ထပ်ကြီးကိုယူလာသူ အမျိုးသမီးတစ်ဦးက စားပွဲဘေးတွင် ရပ်နေ၏။ အမျိုးသမီးက မိလှိုင်ရှေ့သို့ ဖိုင်ထပ်ကို အသာချပေး၏။ ကြိုးစည်းတွေ ဖြေသည်။ လက်မှတ်တွေ ထိုးပေးသည်။ နောက်ဆုံးဖိုင်၏ နောက်ဆုံးအရွက်ကို လက်မှတ်ထိုးမည် ပြင်ပြီးမှ လက်တွန့်သွားသည်။ နှဖူးတစ်ချက် တွန့်ပြီး စာရွက်ကို ဆွဲထုတ်၏။ ကုန်ကျစရိတ်သိပ်များလွန်းနေတယ်။ ကျွန်မ လက်မှတ်မထိုးနိုင်ဘူး။ စနေနေ့



အစည်းအဝေးကျမှ ညွှန်မှူးချုပ်ကို ကျွန်မ တင်ပြရဦးမယ်၊ ပြီးတော့ ဦးခင်မောင်ချိုကို လက်မှတ်ထိုးခိုင်းဦး၊ သူ့လက်မှတ် ကျန်သေးတယ်ဟု ပြော၏။ ထိုအမျိုးသမီး ထွက်သွားသော် ခေါင်းလောင်းနှိပ်၏။ ရုံးအကူ လူငယ် ဝင်လာ၏။ ကော်ဖီတစ်ခွက် ယူပို့ပေးနော်။ နေဦး။ ပေါင်မုန့် ထောပတ်သုတ်တစ်ပွဲနဲ့ ဒူးယားတစ်ဘူးလည်း ယူလာခဲ့ဟု ပြော၏။

'ကိုလတ်ကို အားနာလိုက်တာ၊ အလုပ်က မြင်တဲ့အတိုင်းပဲ'

သူ ပြုံးလိုက်၏။ တယ်လီဖုန်း ခေါင်းလောင်းမြည်သံကြား၏။ အနီရောင်တယ်လီဖုန်းကို ကောက်ကိုင်ကာ စကားပြောသည်။

'အမိန့်ရှိပါရှင်....ဒေါ်ရီရီလှိုင်ပါ၊ ဩော်....တင်ပေးလိုက်ပြီးပါပြီ၊ လေးရက်လောက်တောင် ရှိပြီပဲ၊ ဟာ....မလိုပါဘူး၊ ရပါတယ်၊ ဖြစ်ပါတယ်ရှင်၊ အမယ်လေးလေး....ရှင်တို့လို ဆင်တလေးတွေကများ၊ ကျွန်မက ကြွက်လောက်ပါ၊ ပြောင်းပြန် ပြောတယ်၊ ဟင်း....ဟင်း'

နာရီကို ဓာတ်ပုံအင်္ကျီလက်ခေါက် ဖယ်ကာ ကြည့်သည်။ ဆယ်မိနစ်ကျော် ကြာသွားပေပြီ။ ထိုစဉ် မုန့်၊ ကော်ဖီနှင့် စီးကရက်ဘူးတို့ ရောက်လာ၏။

'....ကြည့်ပြီးသားကြီးပါ၊ အသစ်လဲမှ၊ အင်းလေ၊ ဟုတ်လား၊ မယူချင်ပါဘူး၊ သိတယ်....သိတယ်၊ ဩော်....ဟင်း....ဟင်း....မင်္ဂလာဒုံလေဆိပ်ကို လိုက်ပို့တုန်းက တွေ့လိုက်တယ်၊ ဇူးရစ်ကိုသွားတာလေ၊ ဟုတ်တယ်....ဟုတ်တယ်၊ သိပ်ဘောကောင်းတယ်၊ ကိုယ်ရေးအရာရှိပေါ့၊ ကျွန်မရုံးကိုလာနေကျပါ၊ ခင်ပါတယ်၊ ဘာဖြစ်လို့လဲ၊ ဒါဆို....'

www.burmeseclassic.com

www.burmeseclassic.com



မိလှိုင်ထံမှ မျက်လုံးလဲ့တောနေ၏၊ အခန်းကျယ်နံရံအားလုံးသည် အပြာနု၊ မျက်နှာကြက်မှာ ကျွန်းကွက်များ ဖိတ်ဖိတ်လက်နေ၏၊ အခင်းသည် ဂုန်လျှော်ကော်ဇောကြမ်း အုန်းနှံ့ရောင်။ ပြူတင်းမှာ နီညိုနှစ်ရောင်တရွက်ကာပ်မှန်ချပ်များ။ မိလှိုင်၏ စားပွဲမှာ ကြီးမားလှ၏၊ အခင်းမှန်အောက်တွင် ကျွန်းသား မျက်နှာပြင်သည် အရိပ်ထင်နေ၏၊ လက်ဝဲဘက်တွင် ရုံးတွင်းသုံး တယ်လီဖုန်း ဆင်စွယ်ရောင်၊ လက်ဝဲဘက်တွင် အပြင်သုံး တယ်လီဖုန်း နှင်းဆီနီရောင်။ အခန်းနံရံပတ်လည်တွင် အလျှိုမီနီယံ ဖိုင်တွဲတင်စင်များ၊ သံမဏိဗီရိုစီမံများ၊ အဲလက်ထရွန်နစ် မိတ္တူကူးစက်၊ ခမ်းနားသော အဆင်အပြင် အဆောင်အယောင်များ။

'........မယ်လေး၊ စိတ်ချပါ၊ ကျွန်မတို့ဌာနက တာဝန်ကျေပါတယ်'

သူ နာရီကြည့်လိုက်၏။ မိနစ်နှစ်ဆယ်၊

'ကော်ဖီ သောက်ပါဦး၊ ဆေးလိပ်၊ ဖောက်သောက်ပါ၊ ခဏနော်'

ကော်ဖီတစ်ငုံ ငုံလိုက်၏။ ထို့နောက် ပန်းကန် ပြန်ချထားသည်။ အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ပြီး တစ်လိပ်ယူ၏။ မီးညှိပြီးနောက် ဘူးကို အိတ်ထဲသို့ ပြန်ထည့်သည်၊ ဆေးလိပ်ဖွာရင်း မိလှိုင်ကိုကြည့်သည်၊ ဖိုင်တွဲတွေကို အရေးတကြီး ရှာနေသည်၊ စားပွဲရှိရာသို့ မိလှိုင် ရောက်လာသောအခါ စီးကရက်တိုနေပြီ၊ စားပွဲပေါ်သို့ သူကြည့်၏၊ ပြာခွက် တွေ့ရသည်၊ သူ့ရှေ့သို့ ယူ၏။ ထိုးချေပြီး မီးသတ်သည်၊ မိလှိုင်သည် ဖိုင်ကိုယူကာ အခန်းအပြင်သို့ ထွက်သွား၏၊ မိလှိုင်၏ လွယ်ရှားဟန်အားလုံး ရှေးနှင့်မတူတော့၊ တည်ငြိမ်အေးဆေးခြင်းမရှိ၊



ဖျတ်လတ်လွန်းသည်ဟု ထင်သည်၊ တယ်လီဖုန်း ပြောစဉ်က မိလှိုင့်အသံတွေ အခန်းနံရံတွင် ပဲ့တင်ကျန်နေသေးသည်ဟု အောက်မေ့၏။ ဧရာမ အရာရှိမကြီး ဖြစ်နေ၍ အပြောအဆို အမူအရာတွေ ပြောင်းလဲသွားဟန် တူ၏။

လက်ပတ်နာရီကို ကြည့်လိုက်၏။ အခန်းတွင်းသို့ သူရောက်နေသည်မှာ နာရီဝက် ကျော်ပေပြီ၊ ရုံးသို့ပြန်ရမည့် တာဝန်ရှိသည်၊ ထို့ကြောင့် ကုလားထိုင်မှ ထလိုက်၏။ ထိုအခိုက်တွင် ခြောက်'...ပြန်တော့မလား' ဟူသော မိလှိုင့်အမေးကို အခန်းတွင်း ပြန်ဝင်ရာ ခြေသံနှင့်အတူ ကြား၏။

'ရုံးကို ပြန်ရဦးမယ်'

'အလုပ်တွေများလို့၊ အားနာလိုက်တာ'

'ကိစ္စမရှိပါဘူး၊ ပြန်မယ်နော်'

'ဟုတ်ကဲ့...ဟုတ်ကဲ့'

ပြုံးယောင်ယောင် မျက်နှာဖြင့် မိလှိုင် ခေါင်းညိတ်၏၊ မိလှိုင့်လက်ထဲတွင် ကိုင်ထားသော သပြေ ဈေးမဂ္ဂဇင်းကို သူတွေ့သည်၊ သူပြုံးသည်၊ ထို့နောက် ကျောခိုင်းသည်၊

*

(၆၀)

သမီးကြီးက နွယ်ပင်တွေပေါ်တွင်ထိုင်ရင်း ညီမဖြစ်သူကိုခေါ်၏။ သမီးလေးက မမကြီး အရှုပ်ဖေးဟု အော်ပြော၏၊ သူ ဝရံတာဘောင်တွင် လက်ထောက်ပြီး ကြည့်နေသည်၊ အစိမ်းအသစ် တိုးလာသော နွယ်တွေ။

'ဟဲ့....သမီးကြီး ဖြေဖြေလေး၊ အဲဒီအရှုပ် ဗိုက်ထဲက ဘာလို့ ယူသွားတာလဲ၊ လာ...လာ....ပြန်ထား'

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးတွင်ရပ်ရင်း ဝေက လှမ်းပြောသည်။ သမီးကြီး လက်ထဲတွင် မီးလှိုင်ပေးခဲ့သော တစ်ချိန်က အရုပ်ကလေး။ ဝေ့အသံကြောင့် သမီးကြီးက သူ့ကိုကြည့်နေ၏။ သမီးလေးက တောင်းမြဲ တောင်းနေ၏။ ဝေ့ကို သူ လှည့်ကြည့်ပြီး ပြုံးသည်။

'သမီးယူသွားတာ မဟုတ်ပါဘူးဝေရယ်၊ မောင် သူတို့စားဖို့ ထုတ်ပေးလိုက်တာပါ။ သူတို့ကစားပါစေ၊ မဟုတ်ဘူးလား'

ငြိမ်းကျော်

BURMESE CLASSIC

www.burmeseclassic.com